

# နပိုလီယံ

နှင့်

# သူ၏စစ်သူကြီးများ

## ဘောင်းထိုက်













ပန်းချီ - ဝဏ္ဏဟန်









| | | |
|---|---|---|
| စာမူခွင့်ပြုချက် | – | ၁၈/ ၉၉(၈) |
| အဖုံးခွင့်ပြုချက် | – | ၂၆/ ၉၉(၁၁) |
| အတွင်းပုံနှိပ်သူ | – | ညွန့်ညွန့်အော့ဖ်ဆက်<br>မြန်မာနိုင်ငံရဲတပ်ဖွဲ့တိုင်းရုံး၊<br>ကမ်းနားလမ်း၊ ကျောက်တံတားမြို့နယ်၊<br>ရန်ကုန်မြို့။ |
| မျက်နှာဖုံးပုံနှိပ် | – | ဦးတိုးဝင်း<br>နေလရောင်အော့ဖ်ဆက်<br>(၉၆/ခ)၊ ၁၁ လမ်း၊ ရန်ကုန်မြို့။ |
| အတွင်းဖလင် | – | ငြိမ်းအေး |
| ထုတ်ဝေသူ | – | ဦးမောင်ကလေး<br>သောကြာစာပေတိုက်<br>အမှတ်– ၁၅၊ ဩဘာလမ်း၊<br>ကျောက်မြောင်း၊ ရန်ကုန်မြို့။ |
| အဖုံးပန်းချီ | – | ဝဏ္ဏဟန် |
| ဒီဇိုင်း | – | သန်းမြင့်အောင် |
| အကြိမ် | – | ပထမအကြိမ်၊ |
| ထုတ်ဝေသည့်လ | – | ၂၀၀၁ ခုနှစ်၊ ဖေဖော်ဝါရီလ |
| စာအုပ်ချုပ် | – | ပပစိုးနှင့်အဖွဲ့ |
| တန်ဖိုး | – | ၂၀၀၀ ကျပ် |
| အုပ်ရေ | – | |

K 2600

# နပိုလီယံနှင့် သူ၏စစ်သူကြီးများ

# NAPOLEON AND HIS MARSHALS

## BY A.G. MACDONELL

ဒုတိယဗိုလ်မှူးကြီး သောင်းထိုက် (အငြိမ်းစား)

(မြန်မာပြန်)

# မာတိကာ


နိုင်ငံတော်ကာကွယ်ရေးတက္ကသိုလ် ကျောင်းအုပ်ကြီး၏အမှာ ၁

မြန်မာပြန်သူ၏အမှာ ၃

**အခန်း(၁)**

၁။ နပိုလီယံနှင့် သူ၏စစ်သူကြီးများ ၇

**အခန်း(၂)**

၂။ ပြည်ထောင်စုဘက်တော်သား ဝါရင့်စစ်သည်ကြီးများ ၂၂

**အခန်း(၃)**

၃။ အီဂျစ် ၂၉

**အခန်း(၄)**

၄။ မာဆေးနားနှင့် ဆူဗိုရော့ ၄၃

**အခန်း(၅)**

၅။ အာကာသိမ်းပြီ ၅၁

**အခန်း(၆)**

၆။ မာရင်ဂိုး ၆၁

**အခန်း(၇)**

၇။ တပ်တော်မဟာဖွဲ့စည်းပြီ ၆၆

**အခန်း(၈)**

၈။ ဩစတာလစ်တိုက်ပွဲ ၇၅

**အခန်း(၉)**

၉။ ယေနာနှင့် ဩစတဒ်တိုက်ပွဲများ ၈၈

**အခန်း(၁၀)**

၁၀။ အိုင်လောနှင့် ဖရိဒ်လဲင်းတိုက်ပွဲများ ၁၀၁

**အခန်း(၁၁)**

၁၁။ စပိန်ပထမအောင်ပွဲများ ၁၁၁

**အခန်း(၁၂)**

၁၂။ အက္ကပန်း၊ အက္ကလင်နှင့် ဝါဂရမတိုက်ပွဲ ၁၂၀

**အခန်း(၁၃)**

၁၃။ တိုရေဗေဒရပ်စ်ခံစစ်ကြောင်း ၁၄၀

**အခန်း(၁၄)**

၁၄။ ပြောက်ကျားစစ် (အဆက်) ၁၄၅

**အခန်း(၁၅)**

၁၅။ မော်စကို ၁၅၀

**အခန်း(၁၆)**

၁၆။ လိုက်ပဖစ် ၁၇၆

**အခန်း(၁၇)**

၁၇။ ထွက်တော်မူနန်းကခွာတယ် ၁၉၃

**အခန်း(၁၈)**

၁၈။ သိန်းငှက်ကြီး နော်တာဒိန်းသို့ ရောက်လာလေပြီ ၂၀၈

**အခန်း(၁၉)**

၁၉။ လိုက်ကာချ ဇာတ်သိမ်းပြီ ၂၂၆

# ပုံမာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁။ | နပိုလီယံနှင့် သူ၏စစ်သူကြီးများ | အဖွင့် |
| | (ဒဗိုး၊ နပိုလီယံ၊ ဘာသီယာနှင့် မြူရတ်အား | |
| | အခြားစစ်သူကြီးများနှင့်အတူ ဘာလင်တွင်တွေ့ရစဉ်) | ၅ |
| ၂။ | အီတလီတပ်တော်မှူး ဗိုလ်ချုပ်ကြီး နပိုလီယံ (၂၈)နှစ်အား | |
| | (၁၇၉၇)ခုနှစ်တွင် မီလန်၌ တွေ့ရစဉ် | ၁၃ |
| ၃။ | စစ်သူကြီး ဩဂျရိုး၏ နာမည်ရ | |
| | ကတ်စတီလီယွန်တိုက်ပွဲ (၁၇၉၆) | ၁၇ |
| ၄။ | စစ်သူကြီး လိန်းစ်၏ နာမည်ရ | |
| | လိုဒီတံတားတိုက်ပွဲ (၁၇၉၆) | ၁၉ |
| ၅။ | နပိုလီယံမှ စစ်သူကြီးရာထူး တိုးပေးခဲ့သည့် | |
| | စစ်သည်ဟောင်း စီရုရား | ၂၄ |
| ၆။ | စစ်သူကြီး မွန်ဆေ | ၂၇ |
| ၇။ | နပိုလီယံ၏ သစ္စာအရှိဆုံး စစ်သူကြီး ဒဗိုး | ၃၃ |
| ၈။ | အီဂျစ်ရောက် ဗိုလ်ချုပ်ကြီးနပိုလီယံ (၂၉)နှစ်အား | |
| | (၁၇၉၈) ခုနှစ်တွင် တွေ့ရပုံ | ၃၆ |
| ၉။ | နာမည်ကျော် မြင်းတပ်ဗိုလ်ချုပ်ကြီး မြူရတ်နှင့် | |
| | အဘူကာတိုက်ပွဲ (၁၇၉၉) | ၃၉ |
| ၁၀။ | ကောင်စစ်ချုပ် နပိုလီယံ၏တပ်တော် ဂရိဒ်စိန်ဘားနတ် | |
| | တောင်ကြားအား ဖြတ်ကျော်ပြီး တွေ့ရစဉ် | ၆၄ |
| ၁၁။ | ဧကရာဇ်ဘုရင် နပိုလီယံဘိုနာပတ် (၃၆)နှစ် (၁၈၀၄) | ၇၃ |
| ၁၂။ | အမ်းတိုက်ပွဲအပြီး ဩစတြီးယားဗိုလ်ချုပ်ကြီး "မက်" | |
| | နပိုလီယံထံ လက်နက်ချစဉ် | ၇၈ |
| ၁၃။ | ဩစတာလစ်တိုက်ပွဲ (၁၈၀၅)တွင် ဧကရာဇ်ဘုရင် | |
| | နပိုလီယံ၏ စစ်မြေပြင်အနီးကပ်ကွပ်ကဲမှုမြင်ကွင်း | ၈၄ |
| ၁၄။ | ဩစတာလစ်တိုက်ပွဲ တပ်ဖြန့်ခွဲမှုပြမြေပုံ | ၈၆ |
| ၁၅။ | ယေနာတိုက်ပွဲအပြီး နပိုလီယံနှင့် စစ်သူကြီးများ | |
| | ဘာလင်မြို့တွင်း ဘရင်ဒဲန်ဘူးဂိတ်မှ | |
| | ဝင်ရောက်လာစဉ် (၁၈၀၆) | ၉၇ |

၁၆။ ခားမင်းသား စစ်သူကြီး ဩဂျရိုး ၁၀၀
၁၇။ အိုင်လောတိုက်ပွဲ (၁၈၀၇)တွင် နပိုလီယံ၏ ညာတောင်ပံ
တပ်များ ရုရှားတပ်တော်အား ချေမှုန်းတိုက်ခိုက်စဉ် ၁၀၃
၁၈။ ဖရိဒ်လင်းတိုက်ပွဲပြမြေပုံ (၁၈၀၇) ၁၀၈
၁၉။ စပိန်တိုက်ပွဲပြမြေပုံ (၁၈၀၈) ၁၁၆
၂၀။ ပြင်သစ်တပ်တော်ကြီး ဒန်ြုဗ်မြစ်ကိုဖြတ်ကူးစဉ် လိုကာကျွန်း
(၁၈၀၉) ၁၂၇
၂၁။ ပျော်ပျော်နေတတ်သူ စစ်သူကြီး အော်ဒီနော့ ၁၃၇
၂၂။ စစ်သူကြီး စိန့်စီယာ ၁၅၇
၂၃။ မော်စကိုတိုက်ပွဲပြမြေပုံ (၁၈၁၂) ၁၆၇
၂၄။ မော်စကိုသူရဲကောင်း စစ်သူကြီး နေး ၁၇၀
၂၅။ လိုက်ပဇစ်တိုက်ပွဲများတွင် ကျဆုံးခဲ့သူ
စစ်သူကြီးဘက်ဆီယာ ၁၈၂
၂၆။ လိုက်ပဇစ်တိုက်ပွဲပြ မြေပုံ (၁၈၁၃) ၁၈၆
၂၇။ နပိုလီယံ၏ အချစ်ဆုံးငယ်သူငယ်ချင်းနှင့်
အကြီးကျယ်ဆုံးသစ္စာဖောက်ခဲ့သူ စစ်သူကြီး မာမွန့် ၂၀၁
၂၈။ နပိုလီယံ အယ်လ်ဘာမှ ဂိုက်ဖာဂျူရန်တွင် ကမ်းတက်စဉ်
(၁၈၁၅) ၂၁၃
၂၉။ ပြည်ထောင်စု စစ်သည်ဟောင်းမှ နပိုလီယံ၏
စစ်သူကြီးဖြစ်လာခဲ့သူ ဂရောက်ချီ ၂၁၈
၃၀။ နပိုလီယံ၏ စစ်ဦးစီးချုပ် ဘာသီယာ ၂၂၀
၃၁။ ဝါတာလူးတိုက်ပွဲပြ မြေပုံ (၁၈၁၅) ၂၂၂
၃၂။ နပိုလီယံ၏စစ်သူကြီးဘဝမှ ပြင်သစ်နိုင်ငံတော်၏
စစ်သူကြီးချုပ်အထိ ဖြစ်လာခဲ့သူ ဆို့လ်တ် ၂၄၀

## စာရေးသူ ဒုတိယဗိုလ်မှူးကြီးသောင်းထိုက်(ငြိမ်း)၏ အတ္ထုပ္ပတ္တိအကျဉ်း

၁။ မွေးနေ့ - ၁၂-၁၂-၁၉၂၇။
စလေမြို့၊ မကွေးခရိုင်။

၂။ မိဘ - ဦးဘရှင်
(တိရစ္ဆာန်ဆေးကု အင်စပက်တော်)
ဒေါ်မြင့်

၃။ ပညာအရည်အချင်း - ဘီအေ၊ အာအလ် (ရန်ကုန်)
ဒီဂျေ ဘာလင်(ဂျီဒီအာ)

၄။ တာဝန်ထမ်းဆောင်ခဲ့သောဌာနများ

(က) ကာကွယ်ရေးဝန်ကြီးဌာန- ဗိုလ်ကြီး၊ ဗိုလ်မှူး၊ ဒုမှူးကြီး၊ ဒု တပ်ရင်းမှူး ခလရ ၁၈၊ တပ်ရင်းမှူး ခလရ ၈၉ နှင့် ဟင်္သာတခရိုင်၊ မြစ်ကြီးနား ခရိုင်များတွင် စစ်ဆင်ရေးများ ပါဝင်ဆင်နွှဲခဲ့။ ဂျပန်ခေတ် စစ်တက္ကသိုလ် မင်္ဂလာဒုံ စတုတ္ထပတ် ဗိုလ်သင်တန်း တက်ရောက်ခဲ့၍ ကျောင်းဆင်း ဒုဗိုလ်ရာထူးဖြင့် သရက်၊ မင်းတုန်း၊ အောင်လံ တိုက်နယ်မြေတွင် ဖက်ဆစ်တော်လှန်ရေးတွင် ပါဝင်တိုက်ခိုက်ခဲ့။ မြေပြင်ပစ် အမြောက်တပ်ရင်း (၂) (မိတ္ထီလာ) နှင့် ချယ်ရီ စစ်ဆင်ရေး၊ ဘုရင့်နောင် စစ်ဆင်ရေးများ ပါဝင်ဆင်နွှဲခဲ့။

(ခ) အလုပ်သမားဝန်ကြီးဌာန- (အထူးအရာရှိ) အလုပ်သမားရေးရာ ညွှန်ကြားရေးမှူးချုပ်သူရ ဦးထွန်းတင် (နောက်ပိုင်းဝန်ကြီးချုပ်)နှင့် ဂျနီဗာ၊ ဆွစ်ဇာလန် အိုင်အယ်လ်အို ညီလာခံသို့ ၁၉၆၃၊ ၆၄ ခုနှစ် များတွင် တက်ရောက်ခဲ့။

(ဂ) ပြန်ကြားရေးဝန်ကြီးဌာန- (အထူးအရာရှိ) သတင်းစာသင်တန်းကျောင်းအုပ်ကြီး။

(ဃ) နိုင်ငံခြားရေးဝန်ကြီးဌာန- ညွှန်ကြားရေးမှူးချုပ်အဖြစ် နိုင်ငံရေး

ရာ ဌာနကြီးနှင့် အပြည်ပြည်ဆိုင်ရာ အဖွဲ့ အစည်း များ ဌာ န ကြီး တွင် တာဝန် ထမ်းဆောင်စဉ် သမ္မတကြီး ဦးနေဝင်း၏ (၅)နိုင်ငံ ချစ်ကြည်ရေး ခရီး (မလေးရှား၊ စင်ကာပူ၊ အင်ဒိုနီးရှား၊ ဩစတြေးလျ၊ နယူးဇီလန်)နိုင်ငံများတွင် လှည့်လည်သွားရောက်ခဲ့။

၅။ ဘွဲ့ထူး၊ ဂုဏ်ထူး– လွတ်လပ်ရေးမော်ကွန်းဝင် ဒုတိယအဆင့်၊ နိုင်ငံ့ဂုဏ်ရည် ပထမအဆင့်။

၆။ တက်ရောက်ခဲ့သော သင်တန်းများ–

(က) စတုတ္ထပတ် အရာရှိသင်တန်း မင်္ဂလာဒုံ စစ်တက္ကသိုလ် (၁၉၉၄)

(ခ) The Royal Military Academy Sandhurst - the UK.

(ဂ) School of Artillery, Larkhill Salisbury Plains - the UK.

(ဃ) Young Officers' Gunnery Course Larkhill - the UK.

(င) The Command and General Staff College, Fort Leavenworth, USA.

(စ) Journalism Course - College of Solidarity, Berlin, the GDR

၇။ ရေးသားထုတ်ဝေပြီး စာအုပ်များ– ပူးတွဲ

၈။ အိမ်ထောင်ရေးအခြေအနေ– ဇနီးဒေါ်သောင်းသောင်းလေး၊ သမီးကြီး၊ ဦးမြင့်သိန်းကျော်–ဒေါ်ခင်မူမူထိုက် မိသားစုနှင့် ၄၊ ၁၆၊ သဘာဝရိပ်ငြိမ်၊ အောင်ဓမ္မရိပ်သာလမ်း၊ (၁၂) ရပ်ကွက်၊ လှိုင်မြို့နယ် တွင်နေထိုင်

အဓိကအားဖြင့်
ရတနာသုံးပါးကိုးစွ
စာရေး၊ စာဖတ် အချိန်ပြည့်လုပ်ဆောင်နေပါသည်။

## စာရေးသူ ထုတ်ဝေပြီး အခြားစာအုပ်များ

၁။ ဂျာမန်ဗိုလ်ချုပ်များ ပြောသော ဒုတိယကမ္ဘာစစ်သမိုင်း (၁၉၇၇)
၂။ ဝင်စတန်ချာချီ လူငယ်ဘဝ (၁၉၈၀) (The Young Winston Churchill)
၃။ မဟာဗျူဟာ (၁၉၈၁) (Strategy By. B.H. Liddle Hart)
၄။ ခေတ်သိပ္ပံနှင့် နာမ်လောက (Psychic Discoveries Behind the Iron Curtain by Shila Ostranda and Lynn Shroeder)
၅။ အထူးကွန်မန်ဒို (၁၉၈၂) (Commando Extraordinary)
၆။ စိတ်တန်ခိုးနှင့် သိပ္ပံစမ်းသပ်မှုများ
၇။ ဂျပန်ခေတ် စစ်တက္ကသိုလ်နှင့်
ဗြိတိန် ဆင်းဟတ်စ် ဘုရင့် စစ်တက္ကသိုလ် (၁၉၈၅)
၈။ ဖို့တ်လီဗင်ဝပ်သ် အမေရိကန် စစ်ဦးစီးတက္ကသိုလ် (၁၉၈၇)
၉။ ပထဝီနိုင်ငံရေး (ပထမအကြိမ် ၁၉၉၁)
၁၀။ အာရှမှာ လိုနေသော အလုပ်များနှင့်
သက္ကရာဇ် ၂၀၀၀ အထိ စီးပွားရေး ဟောကိန်း (၁၉၉၄)
၁၁။ အမှန်တရားမြတ်နိုးခြင်း (၁၉၉၄)
၁၂။ ပထဝီနိုင်ငံရေး (ဒုတိယအကြိမ် ၁၉၉၅)
၁၃။ ကမ္ဘာ့ထိပ်သီးခေါင်းဆောင်ကြီးများ (ပထမအကြိမ် ၁၉၉၇)
၁၄။ မဟာဗျူဟာ (ဒုတိယအကြိမ် ၂၀၀၀)
၁၅။ ကမ္ဘာ့ထိပ်သီးခေါင်းဆောင်ကြီးများ (ဒုတိယအကြိမ် ၂၀၀၀)
၁၆။ စိတ်တန်ခိုးနှင့် သိပ္ပံစမ်းသပ်မှုများ (ဒုတိယအကြိမ် ၂၀၀၀)

# နိုင်ငံတော်ကာကွယ်ရေးတက္ကသိုလ် ကျောင်းအုပ်ကြီး၏အမှာ

ဤစာအုပ်ကို ဘာသာပြန်ဆိုပြုစုခဲ့သော ဒုတိယဗိုလ်မှူးကြီး သောင်းထိုက် (အငြိမ်းစား)သည် ကျွန်တော်၏ လက်ဦးဆရာဖြစ်ခဲ့ဖူးကြောင်းနှင့် ဆရာသည် စာပေလောကတွင် ကျော်ကြားပြီးသည့်အလျောက် စာဖတ်ပရိသတ်နှင့် အထူးအထွေ မိတ်ဆက်ပေးရန် မလိုအပ်ကြောင်းကို ဆရာ၏ "ချာချီ၊ ရူးစဗဲ့၊ စတာလင် သူတို့တိုက်ခဲ့သောစစ်နှင့် သူတို့ရှာခဲ့သော ငြိမ်းချမ်းရေး"စာအုပ်တွင် အမှာရေးသားခဲ့ခြင်းအား ပြန်လည်ရည်ညွှန်း တင်ပြလိုပါသည်။

ယင်းသို့ တင်ပြရခြင်းမှာ ဆရာ၏ စာပေအတွေ့အကြုံ၊ ဘဝအတွေ့အကြုံများ အထူးသဖြင့် ဆရာသည် အခြားစာပေပညာရှင်များ စိတ်ဝင်စားမှုနည်းပါးပြီး ခက်ခဲနက်နဲလှသော စစ်မဟာဗျူဟာနယ်ပယ်နှင့် နိုင်ငံရေးပထဝီဝင်နယ်ပယ်များ၌ နှံ့စပ်ကျွမ်းကျင်လှ၍ အတွေးအမြင် ရင့်ကျက်မှုအရ ကျွန်တော်တို့အနေဖြင့် ယနေ့ထက်တိုင် ဆရာ၏ စစ်စာပေအရိပ်အာဝါသအောက်တွင် ခိုလှုံနေရသောကြောင့်ပင် ဖြစ်ပေသည်။

ယခု ဘာသာပြန်ဆိုရေးသားပြုစုခဲ့သော "နပိုလီယံနှင့် သူ၏စစ်သူကြီးများ"စာအုပ်မှာ အခြားစာအုပ်များနှင့်မတူ၊ တစ်မူထူးခြားသည်ဟု ဆိုချင်ပါသည်။ နပိုလီယံသည် စစ်ဘုရင်အဖြစ် ကမ္ဘာတစ်ဝန်းလုံး ကျော်ကြားသူဖြစ်ရာ ၎င်းနှင့်ပတ်သက်၍ စာရေးဆရာများစွာမှ စာအုပ်ပေါင်းများစွာ ဘာသာပြန်ဆိုထုတ်ဝေခဲ့ဖူးပေပြီ။ သို့သော် ထိုသို့ထုတ်ဝေခဲ့ပြီးသည့်စာအုပ်များမှာ နပိုလီယံ၏ အတ္ထုပ္ပတ္တိနှင့် သမိုင်းကြောင်းဆိုင်ရာများ၊ သူ၏ သူရဲကောင်းဆန်ဆန် စွမ်းဆောင်ရည်များကို ဖော်ပြသည့် အမျိုးအစားများသာ ဖြစ်ကြ၏။

ဤစာအုပ်မှာမူ ထိုသို့သော အမျိုးအစားများတွင် ပါဝင်ခြင်းမရှိပေ။ အဘယ်ကြောင့်ဆိုသော် ဤစာအုပ်တွင် စစ်မဟာဗျူဟာပိုင်း တော်လှန်ပြောင်းလဲမှု၊ စရိုက်မျိုးစုံရှိသော စစ်သူကြီးများကို အခြေအနေ အချိန်အခါနှင့်အညီ တာဝန်ခွဲဝေပေးအပ်နိုင်သည့် နပိုလီယံ၏ ခေါင်းဆောင်မှုတို့အပြင် စစ်ဘက်ခေါင်းဆောင်အဆင့်ဆင့်တို့၏ အထက်ခေါင်းဆောင်အပေါ် သစ္စာစောင့်သိမှု၊ သစ္စာမဲ့မှုတို့နှင့် ၎င်းတို့၏ အကျိုးဆက်များ၊ စစ်ခေါင်းဆောင်များနှင့် စစ်သည်တော်တို့၏ ဘဝခံစားချက်အထွေထွေ စသည့် သုတ၊ ရသ စုံလင်စွာ ဖတ်ရှုခံစားနိုင်မည်ဖြစ်သောကြောင့်ပင်တည်း။

သို့ဖြစ်ရာ ဆရာ၏ "နပိုလီယံနှင့် သူ၏စစ်သူကြီးများ" စာအုပ်သည် တစ်မူထူးခြား၍ စာဖတ်ပရိသတ်အား စစ်မဟာဗျူဟာ၊ ခေါင်းဆောင်မှုနှင့် သုတ၊ ရသ စုံလင်စွာ ပေးစွမ်းနိုင်သောကြောင့် ဆရာ၏ အခြားစာအုပ်များကဲ့သို့ပင် ဧကန်မုချ အောင်မြင်မှုရရှိနိုင်မည်ဟု သုံးသပ်တင်ပြလိုပါသည်။ ဤစာအုပ်သည် စစ်ပညာစာပေကဏ္ဍအတွက် လည်းကောင်း၊ ရသစာပေကဏ္ဍအတွက် လည်းကောင်း၊ သုတစာပေကဏ္ဍအတွက် လည်းကောင်း ထင်ရှားသော မှတ်တိုင်တစ်ခုအဖြစ် စိုက်ထူနိုင်လိမ့်မည်ဟု ယုံကြည်မိပါကြောင်း။

ဗိုလ်မှူးချုပ် စန်းအောင်

# နပိုလီယံနှင့် သူ၏စစ်သူကြီးများစာအုပ်
# မြန်မာပြန်သူ၏အမှာ


၁၉၅၁ ခုနှစ်က စာရေးသူ နိုင်ငံတော်၏ကျေးဇူးကြောင့် ဗြိတိန်ဆဲင်းဟတ်စ် ဘုရင့်စစ်တက္ကသိုလ် (The Royal Military Academy Sandhurst-RMAS) တွင် တက်ရောက်၍ စစ်ပညာနှင့် ခေတ်သစ်ဘာသာရပ်ပညာများကို လေ့လာဆည်းပူးခဲ့ပါသည်။ ဗြိတိန်သို့ သင်္ဘောဖြင့် သွားရရာ လမ်းတွင် တစ်လတိတိကြာပါသည်။ လမ်းတွင်ဖတ်ရှုရန် စာရေးသူ စာအုပ်အနည်းငယ် ယူဆောင်သွားခဲ့၍ ယင်းစာအုပ်များအနက် Emil Ludwig ရေးသားသည့် Napoleon စာအုပ် တစ်အုပ်ပါ ပါသည်။ ယင်းစာအုပ်ဖြင့်ပင် နပိုလီယံကိုစွဲလမ်းသွား၍ သူ့အကြောင်း စာအုပ်များကို စာရေးသူ လက်လှမ်းမီသရွေ့ ရှာဖွေဖတ်ရှုခဲ့ပါသည်။ ဘုရင့်စစ်တက္ကသိုလ်တွင် စစ်သမိုင်းဘာသာရပ်၌ နပိုလီယံ၏တိုက်ပွဲစဉ်များကို စာရေးသူ လေ့လာခဲ့ရ၍ ယင်းလေ့လာခဲ့သည့်စာအုပ်များအနက် (A.G. Mac Donell)ရေးသားသည့် နပိုလီယံနှင့် သူ၏စစ်သူကြီးများစာအုပ်ကို အထူးပင်နှစ်ခြိုက်ခဲ့ပါသည်။

ယခင်က နပိုလီယံကိုသာ ကျွန်တော်တို့သိခဲ့ပြီး သူ့အကြောင်းစာအုပ်များ လေ့လာခဲ့ဖူးပါသည်။ ယခု နပိုလီယံနှင့် သူ၏စစ်သူကြီးများအကြောင်း ဖတ်ရှုရတော့မှ နပိုလီယံ ဤမျှလျှမ်းလျှမ်းတောက် အောင်မြင်ခဲ့ရခြင်းမှာ သူ၏စစ်သူကြီးများ စွမ်းပကားကြောင့် သူတို့လုပ်ဆောင်ချက်များကြောင့်လည်း နပိုလီယံ ဤမျှအောင်မြင်ခဲ့ရကြောင်း စာရေးသူ သိခွင့်ရခဲ့ပါသည်။ စာအုပ်ကောင်းဖတ်ရတိုင်း ကျွန်တော်သိသမျှ မြန်မာစာဖတ်ပရိသတ်အား မျှဝေခံစားစေလိုသော စေတနာကြောင့် နပိုလီယံနှင့် သူ၏စစ်သူကြီးများစာအုပ်ကို မြန်မာပြန်ဆိုရခြင်း ဖြစ်ပါသည်။

စာရေးသူ စာရေးနိုင်အောင် ဝန်းကျင်ဖန်တီးပေးသော ချစ်ဇနီးဒေါ်သောင်းသောင်းမီလေးနှင့်တကွ သားသမီးအားလုံးအပြင် စာမူချောကူးပေးသည့် သမီးခင်ဖြူဖြူထိုက်နှင့် မြေးငယ် မောင်မြတ်မင်း(ပုံ့ပုံ့)တို့အား လည်းကောင်း၊ စာအုပ်ထုတ်ဝေပေးသည့် နိုင်ငံတော်ကာကွယ်ရေးတက္ကသိုလ် ကျောင်းအုပ်ကြီးနှင့်တကွ တာဝန်ရှိသူအားလုံးကို လည်းကောင်း အထူးကျေးဇူးတင်ရှိပါကြောင်း လေးစားစွာ အစီရင်ခံအပ်ပါသည်။

မြန်မာပြန်ဆိုရာတွင် လည်းကောင်း၊ စာရေးသားရာတွင်သော် လည်းကောင်း အမှားများ၊ ချွတ်ယွင်းချက်များ ပါသွားပါလျှင် စာရေးသူ၏တာဝန်သာ ဖြစ်ပါသည်။

ဒုတိယဗိုလ်မှူးကြီးသောင်းထိုက် (အငြိမ်းစား)
နိုင်ငံ့ဂုဏ်ရည်ပထမအဆင့်
၁၉၉၆၊ နိုဝင်ဘာလ (၁၈)ရက်။



နပိုလီယံနှင့် သူ၏စစ်သူကြီးများ

## အခန်း (၁)

# နပိုလီယံနှင့် သူ၏စစ်သူကြီးများ

**၁၇၉၆ ခုနှစ်တွင် နပိုလီယံဘိုနာပတ် အီတလီကြောင်းရှိ ပြင်သစ်တပ်မတော်ကို အုပ်ချုပ်ကွပ်ကဲတိုက်ခိုက်သည့်အချိန်မှစ၍ ခေတ်သစ်စစ်ပွဲ စတင်သည်**ဟု စစ်သုတေသီအများက ယူဆကြလေသည်။ ပြင်သစ်တော်လှန်ရေးမတိုင်မီ ၁၈ ရာစုနှစ်တပ်တော်များ၊ တိုက်နည်းဗျူဟာများမှာ ပုံပန်းတကျ ရှေ့နောက်ဘယ်ညာညို၍ စစ်ရေးပြကွင်းတွင် စစ်ရေးပြပြုလုပ်သကဲ့သို့ ညီညီညာညာပြုလုပ်ကြရခြင်းဖြစ်၏။ ဘောင်အလွန်ကျဉ်းမြောင်း၍ ပုံစံကို အဓိကထားခဲ့ကြ၏။ မိုးဘရား (ဗြိတိသျှ)၊ တူရိန်း(ပြင်သစ်)နှင့် ဖရက်ဒရစ်ဘုရင်ကြီး(ပရပ်ရှား ဂျာမနီ) တို့မှာ ခြွင်းချက်များဖြစ်၍ ကျန်ဥရောပတစ်တိုက်လုံး တိုက်နည်းခိုက်နည်းများမှာ ပုံစံတကျချီတက်၍ ပုံစံမပျက် တိုက်ခိုက်ခဲ့ကြခြင်း ဖြစ်လေသည်။ နပိုလီယံ စစ်မြေပြင်ရောက်လာပြီး အီတလီကြောင်းရှိ ပြင်သစ်တပ်တော်ကို ကွပ်ကဲသည့်အချိန်မှစပြီး စစ်ပညာတစ်ရပ်လုံးကို တော်လှန်ပစ်ခဲ့၍ တိုက်နည်းခိုက်နည်းများပါလုံးဝပြောင်းလဲသွားခဲ့လေသည်။

၁၇၉၆ ခုနှစ် လတ်လ ၂၆ ရက်နေ့တွင် အီတလီတပ်တော် ဝါရင့်ဗိုလ်ချုပ်ကြီးများသည် နိစ်ဒ်မြို့တော်တွင် တပ်စွဲထားသော ပြင်သစ်တပ်တော်ဌာနချုပ်တွင် နောက်ရောက်လာမည့် စစ်သေနာပတိ ဗိုလ်ချုပ်ကြီးနပိုလီယံကို စောင့်မျှော်နေကြ၏။ နိုင်ငံရေးကြိုးဆွဲမှု သြဇာအာဏာသုံး၍ တက်လာသူဟုယူဆပြီး နပို

လီယံအား မည်သူကမျှ အထင်မကြီး။ ပြီးတော့ အမြောက်တပ်ကလာသူက ခြေလျင်စစ်ပညာ ဘာနားလည်သနည်း။ လက်ရှိစစ်သေနာပတိ ရှေရာ[၁] မှာ အသက် ၆၁ နှစ်ရှိပြီ။ ၁၇၉၃-၉၄ ခုနှစ်များ၌ ဖလင်းဒါးစစ်မြေတွင် အတွေ့အကြုံများစွာ ရှိခဲ့သူဖြစ်၏။ သို့သော် လက်ရှိပြင်သစ်၏ရန်သူ ဩစတြီးယား၊ ဆာဒီနီးယား တပ်ပေါင်းစုကို မဖြိုနိုင်ဘဲ အီတလီကြောင်းချီ ပြင်သစ်တပ်တော်ကို ၂၇နှစ်သား နပိုလီယံ အား လွှဲပြောင်းပေးရန် အသင့်ဖြစ်နေ၏။ တပ်မမှူးသုံးဦးမှာလည်း အတွေ့အကြုံ ရင့်ကျက်ပြီးပုဂ္ဂိုလ်များ ဖြစ်၏။ စီရုရား[၂] မှာ မြို့စားကြီးဖြစ်၍ ၅၄ နှစ်ရှိပြီ။ ၁၃ နှစ်သားမှစ၍ စစ်ထဲဝင်လာသူဖြစ်၏။[၃] ပြင်သစ်တော်လှန်ရေး ဖြစ်လာသောအခါ စီရုရားသည် စစ်သက် ၃၄ နှစ်ရှိပြီဖြစ်ပြီး ဗိုလ်မှူးဖြစ်နေပြီ။ တက်ကြွသည့် ပြည်ထောင်စုဘက်တော်သား[၃] ဖြစ်၍ တော်လှန်ရေးဖြစ်ပြီးမကြာမီ တပ်မမှူးအထိ တိုးမြှင့်ခန့်ထားခြင်း ခံခဲ့ရ၏။ တကယ့်စစ်သားဟောင်းကြီးဖြစ်ပြီး ရဲရင့်သော်လည်း အလွန်တိကျ အလွန်သေချာ၊ အလွန်နေးကွေးလေးလံသူဖြစ်၏။ စစ်တိုက်ရာ၌ စစ်ရေးပြပုံစံများအတိုင်း ညာညီ၊ ဘယ်ညီ၊ ချီတက်တိုက်ခိုက်တတ် သူတည်း။ တည်ကြည်ရိုးသား၍ ရဲဘော်များ စားဝတ်နေရေးကို အမြဲဂရုစိုက် လုပ်ဆောင်ပေးသူ ဖြစ်သော်လည်း လူရိုးလူအ မိုက်မဲသည့်ပဲဟောင်း (စစ်သား ဟောင်း)ကြီးတစ်ဦးသာ ဖြစ်၏။

ဩဂျရိုး[၄] မှာ လူတစ်မျိုး ဖြစ်လေသည်။ အလွန်ရဲရင့်ပြီး အလွန်မိန်းမ လိုက်စားသည့် တပ်မမှူးတည်း။ ပါရီပန်းရံဆရာတစ်ဦး၏သားဖြစ်၍ မြို့စား ကြီးတစ်ဦး၏ လက်ပါးစေအဖြစ် စတင်အမှုထမ်းခဲ့ပြီး မြို့စားကြီး၏ အပျိုတော် တစ်ဦးကို သွေးဆောင်ဖြားယောင်းမှုဖြင့် အလုပ်ပြုတ်ခဲ့၏။ ဟိုတယ်တစ်ခုတွင် စားပွဲထိုးလုပ်နေစဉ် အမျိုးသမီးစားပွဲထိုးတစ်ဦးကို လုည့်စားပေါင်းဖော်မိသဖြင့် ဩဂျရိုးအလုပ်မှ ထွက်ခဲ့ရပြန်၏။ ဘာဂန်ဒီမြင်းတပ်တွင် ဝင်ရောက်အမှုထမ်းရာ စည်းကမ်းပျက်သဖြင့် တပ်မှ အထုတ်ခံရပြန်လေသည်။ ပိုယိမ်းမြို့စားကြီး[၅] ၏ မြင်းတပ်တွင် ဝင်ရောက်ခဲ့ပြီး အတွေ့အကြုံများလာပြီဖြစ်သည့် ဩဂျရိုးသည် အတော်အတန် စည်းကမ်းတကျ နေတတ်လာပြီဟု ယူဆရ၏။ သန်မာထွားကျိုင်း လှ၍ သတ္တိကောင်းသောကြောင့် တပ်တွင်ထင်ရှားလာပြီး ဘုရင့်မြင်းတပ်တစ်ခုလုံး တွင် ဓားခုတ်အကောင်းဆုံးသူအဖြစ် ထင်ရှားခဲ့၏။ တစ်နေ့တွင် စိန်ဂျော့ဂျက် အမည်ရှိ ဓားခုတ်ဆရာတစ်ဦး ကော်ဖီဆိုင်တွင် ထိုင်နေစဉ် ဆိုင်ရှေ့မှ ဩဂျရိုး ဖြတ်လျှောက်သွား၏။ စိန်ဂျော့ဂျက်က ဩဂျရိုးကိုကြည့်ပြီး "ပြင်သစ်တစ်နိုင်ငံ

---

၁။ Scherer
၂။ Serurier
၃။ Republican
၄။ Augereau
၅။ Marquis De Poyanne

လုံးမှာကို ဓားခုတ်မှာတော့ ဗိုလ်မထားသူတစ်ဦးပဲပေါ့"ဟု ချီးကျူးပြောလိုက်၏။ ကော်ဖီဆိုင်ထဲထိုင်နေသော မြင်းတပ်ကြီး[၁]မှ တပ်ကြပ်ကြီးတစ်ဦးက ဩဂျူရီးကို မျက်စိနောက်လာ၍ ဓားချင်းယှဉ်ခုတ်ရန် စိန်ခေါ်လိုက်လေသည်။ ဓားချင်းယှဉ်ခုတ်ပွဲမှာ မကြာလိုက်ပါ။ ဩဂျူရီးလက်ချက်ဖြင့် တပ်ကြပ်ကြီး ဇီဝိန်ချုပ်ခဲ့ရ၏။ တပ်ကြပ်ကြီးသေဆုံးပြီး မကြာမီ ပြင်သစ်ရဲတပ်ဖွဲ့မှ ဓားခုတ်ချန်ပီယံတစ်ဦးက ဩဂျူရီးအား ဓားချင်းယှဉ်ခုတ်ရန် စိန်ခေါ်ပြန်၏။ ဓားမခုတ်မီ ရဲကြီးက ဩဂျူရီးအား မေး၏။ "မင်းအလောင်းကို မြို့မှာမြှုပ်ရမလား၊ တောထဲမှာမြှုပ်ရမလား" ဩဂျူရီးက "တောထဲမှာပေါ့ကွာ"ဟု ဖြေ၏။ "အေး... ဒီလိုဆို မနေ့က ငါသတ်ခဲ့တဲ့ တပ်ကြပ်နှစ်ယောက် အလောင်းဘေးမှာ မင်းကိုသင်္ဂြိုဟ်ပေးမယ်"ဟု ရဲကြီးက ပြော၏။ ဓားချင်းယှဉ်ခုတ်ကြရာ ရဲကြီးရင်ညွန့်ကို ဩဂျူရီးက ဓားဖြင့် ထိုးသွင်းလိုက်ကာ "တောထဲမှာဆိုတာ မင်းကိုမြှုပ်မှာကို ပြောတာကွ"ဟုပြောရင်း ဓားခုတ်ပွဲကို အဆုံးသတ်ခဲ့လေသည်။

ဩဂျူရီးသည် မြင်းတပ်တွင် ကံဇာတာပါဟန်မတူ။ မကြာမီ စစ်ရေးပြပွဲ၌ အရာရှိငယ်တစ်ဦးက ဩဂျူရီးအား သူ့ကြိမ်တုတ်ဖြင့် မထိတထိ ရိုက်ဆုံးမရာ မြင်းတပ်သားကြီး ဩဂျူရီးက အရာရှိငယ်အား ဓားဖြင့် ပွဲချင်းပြီးထိုးသတ်၍ မြင်းတပ်မှ ထွက်ပြေးခဲ့ရပြန်၏။ ဆွစ်ဇာလန်ရောက်လာပြီး ဩဂျူရီးတစ်ယောက် နာရီကုန်သည် ဖြစ်လာလေသည်။ ဆွစ်ဇာလန်မှာ ကမ္ဘာကျော်နာရီများ ထုတ်လုပ်သည့် နိုင်ငံဖြစ်သည်။ ထို့ကြောင့် နာရီကုန်သည်လုပ်၍ ကြီးပွားလမ်းရှာရမည်။ နာရီများ လှည့်လည်ရောင်းချရင်း ဩဂျူရီး ကွန်စတန်တီနိုပယ်မြို့တော် ရောက်လာ၏။ ထိုမှတစ်ဆင့် ရုရှနိုင်ငံ အိုဒက်ဆာသို့ ရောက်သောအခါ (ရုရှတူရကီ) စစ်ဖြစ်နေသည်နှင့် ကြုံရပြီး ရုရှတပ်၌ ဩဂျူရီးဝင်ရောက်အမှုထမ်းပြန်၏။ ရုရှတပ်တော်၌လည်း ဩဂျူရီးမပျော်။ ရုရှများမှာ လူရိုင်းများဖြစ်သည်ဟု ဩဂျူရီးက ဆို၏။ ရုရှတပ်မှ ထွက်ပြေးခဲ့ပြီး ပရပ်ရှားရောက်လာ၏။ သူ၏ ခံ့ညားထွားကျိုင်းလှသော ကိုယ်ကာယနှင့် အခြေခံစစ်ပညာတတ်ပြီး ဓားခုတ်ကောင်းမှုတို့ကြောင့် ပရပ်ရှားကိုယ်ရံတော်တပ်တွင် ဝင်ရောက်အမှုထမ်းခွင့် ရခဲ့လေသည်။ ကံဆိုးချင်တော့ သူပရပ်ရှားကိုယ်ရံတော်တပ် ဝင်ရောက်ပြီး မကြာမီမှာပင် ပြင်သစ်လူမျိုးများအား ကိုယ်ရံတော်တပ်အပါအဝင် ပရပ်ရှားတပ်မတော်တွင် ရာထူးတိုးမပေးရဟု ဖရက်ဒရစ်ဘုရင်ကြီးက အမိန့်ထုတ်လိုက်၏။ သည်အမိန့်ကို ဩဂျူရီး မကြိုက်။ သို့သော် ပရပ်ရှားတပ်က ထွက်လို့မလွယ်။ ပရပ်ရှားတပ်ပြေးအတွက် ပြစ်ဒဏ်မှာ သေဒဏ်ဖြစ်၏။ တပ်ပြေးများ ဖမ်းမိသူကိုလည်း အကြီးအကျယ်

၁။ Heavy Cavalry Regiment

ဆုပေး၍ ပရပ်ရှားတပ်မှ ထွက်ပြေးရဲသူ အလွန်ရှား၏။ သြဂျူရိုးပါပဲ။ ပြေးမဲ့ပြေး ရင် ကြီးကြီးကျယ်ကျယ်ကြံ၍ပြေးမှ သူ့လိုပရပ်ရှား စစ်စည်းကမ်းမကြိုက်သူများ အား စည်းရုံးပြီး လူ ၆၀ ကို ခေါင်းဆောင်ကာ သြဂျူရိုးသည် ပရပ်ရှားမှ ထွက်ပြေးခဲ့ပြန်၏။ သြဂျူရိုးသည် ဆက်ဖုံနီရောက်သည်အထိ ဓားကို လက်ကမချ တော့ပေ။ စစ်လောကကို သြဂျူရိုး စိတ်ပျက်သွားပုံရ၏။ ဆက်ဖုံနီတွင် အက သင်တန်းဆရာလုပ်၍ အသက်မွေး၏။ မကြာမီ သြဂျူရိုး ခေါမတိုင်း အေသင် မြို့တော်ရောက်လာကာ ခေါမသူချောချောလေးနှင့် ရည်ငံပြီး အမျိုးသမီးအား လစ္စဘွန်းသို့ ခိုးပြေးခဲ့၏။

ထိုအချိန်၌ ပြင်သစ်တော်လှန်ရေး စနေပြီ။ ပေါ်တူဂီအစိုးရက သြဂျူရိုး အား တော်လှန်ရေးသမား ဖြစ်သည်ယူဆကာ ဖမ်းဆီးထား၏။ အေသင်သူက မတရားမှုကို ခေါင်းငုံ့ငြိမ်ခံနေသူမဟုတ်။ လစ္စဘွန်းတွင် ဆိုက်ကပ်ထားသော ပြင်သစ်သင်္ဘောပေါ်တက်၍ ပြင်သစ်လူမျိုးတစ်ဦး မတရားဖမ်းဆီးချုပ်နှောင်ခြင်း ခံနေရကြောင်း၊ ပြင်သစ်အစိုးရအား တင်ပြပေးပါရန် သင်္ဘောကပ္ပတိန်အား အမျိုးသမီးက တောင်းပန်ပြောဆို၏။ တော်လှန်ရေးအချိန်မို့ ပြင်သစ်လူမျိုးတိုင်း သွေးကြွနေသည် ထင်ရ၏။ သင်္ဘောကပ္ပတိန်က ပြင်သစ်ပြန်၍ အစိုးရကို တင်ပြရန် စောင့်မနေတော့။ ပေါ်တူဂီအစိုးရက မတရားဖမ်းဆီးထားသော ပြင်သစ် အမျိုးသားအား ချက်ချင်းလွှတ်ပေးရမည်၊ မလွှတ်ပါက ပြင်သစ်အစိုးရကိုယ်စား မိမိက ပေါ်တူဂီနိုင်ငံအား စစ်ကြေညာမည်ဟု ကပ္ပတိန်က အော်ဟစ်တောင်းဆိုရာ ပေါ်တူဂီအစိုးရမင်းများက မောင်မင်းကြီးသား သြဂျူရိုးအား လွှတ်ပေးလိုက်ရ လေသည်။ ပြင်သစ်သင်္ဘောနှင့် သြဂျူရိုး ပြင်သစ်ပြည်ပြန်ရောက်လာပါပြီ။ ၁၇၉၂ ခုနှစ်၌ ပြင်သစ်အပျော်တမ်း တပ်ရင်းတစ်ခုတွင် သြဂျူရိုး ဝင်ရောက်စစ်မှုထမ်းရာ သတ္တိကောင်း၍ ဓားခုတ်ကျင်လည်ခြင်းကြောင့် တပ်ရင်းက အများသဘောတူ သြဂျူရိုးအား တပ်ရင်းမှူးအဖြစ် ရွေးကောက်တင်မြှောက်လိုက်ကြ၏။

သြဂျူရိုး စန်းထလာပါပြီ။ တော်လှန်ရေးကာလတွင် မကြာမီ ဓားမင်းသား သြဂျူရိုး တပ်မမှူးဖြစ်လာ၏။ ယခု အီတလီတပ်တော် တစ်ခုလုံးတွင် သြဂျူရိုး သည် စစ်နည်းဗျူဟာအကျွမ်းကျင်ဆုံးဖြစ်၏။ သူ့တပ်မသည် အမြဲအသင့်ဖြစ်နေ၍ အမြဲအချိန်မီ တိုက်ပွဲဝင်နိုင်ပြီး သူ့လက်ထဲတွင် အမြဲအရန်တပ်များ အသင့်ရှိ၏။ သည်လို တပ်မမှူးမျိုးကို စစ်သေနာပတိတိုင်းက လက်စွဲထားရမည်မဟုတ်လော။ သူ့ရဲဘော်များ စားဝတ်နေရေး သာရေးနာရေးကို အမြဲဂရုစိုက်၍ ရဲဘော်များက သြဂျူရိုးအား ချစ်ခင်လေးစားကြ၏။ နပိုလီယံ အီတလီတပ်တော် သေနာပတိ ဖြစ်တော့မည်ဟု စတင်သတင်းကြားရစဉ်က သြဂျူရိုးက အော်ဟစ်ရယ်မော၍ (တပ်တော်တစ်ခုလုံးတွင် သြဂျူရိုးမှာ အရယ်အသန်ဆုံးဟု နာမည်ရ၏။) "နပို

လီယံဟာ လေက်မလေး... လူပုကွလေး[၁]ပါကွာ"ဟု ပြောခဲ့၏။ နပိုလီယံ အီတလီတပ်တော်သို့ ရောက်လာ၍ သူ့အရည်အချင်းများကို တွေ့မြင်ရသည်နှင့် တပ်တော်ဗိုလ်ချုပ်ကြီးအား မိမိသစ္စာရှိစွာ အမှုထမ်းဆောင်မည်ဖြစ်ကြောင်း စာရေးသား ဝန်ခံချက်ပေးရာ၌ ဩဂျရိုးသည် ပထမဆုံးတပ်မှူးကြီး ဖြစ်လေသည်။

အီတလီတပ်တော် ဒုတိယတပ်မမှူးမှာ **အင်ဒရေမာဆေးနား**[၂] ဖြစ်လေသည်။ နပိုလီယံ၏ စစ်သူကြီးများအနက် ဒုတိယအထူးချွန်ဆုံးသူတည်း။ (**အထူးချွန်ဆုံးမှာ ဒဗိုး**[၃]ဖြစ်သည်ဟု အများကယူဆကြ၏။) ၁၇၅၈ ခုနှစ်တွင် အီတလီနိုင်ငံ နိစ် (NICE)၌ မာဆေးနားကို မွေးဖွားပြီး ၁၃ နှစ်သား၌ အိမ်မှထွက်ပြေး၍ သင်္ဘောသားအဖြစ် အမှုထမ်း၏။ မြေထဲပင်လယ်တစ်လျှောက် အနှံ့ရောက်ခဲ့၍ ၁၇ နှစ်သားအရွယ်တွင် သင်္ဘောမှ ကုန်းပေါ်ဆင်းကာ အီတလီတပ်တော်၌ စစ်မှုထမ်းပြီး တပ်ခွဲအရာခံဗိုလ်ရာထူးအထိ တိုးတက်လာခဲ့သည်။ ၁၄ နှစ် စစ်မှုထမ်းပြီး တပ်ခွဲအရာခံဗိုလ်သာရခဲ့ကာ နောက်ထပ်တိုးတက်လမ်း မမြင်တော့သဖြင့် မာဆေးနားသည် တပ်မှထွက်ကာ သစ်သီးစုံဆိုင်ဖွင့်၏။ အပြင်ပန်းသာ သစ်သီးရောင်းသော်လည်း မာဆေးနားသည် ဆဗွိုင်နှင့် အီတလီကြား မှောင်ခိုကုန်ကူးခဲ့လေသည်။ ဆဗွိုင်နှင့် အီတလီကြား တောင်ကြားလမ်းသေး လမ်းမြောင်၊ လမ်းသွယ်အားလုံးကို မာဆေးနား အလွတ်ရနေပြီး ယင်းတို့သည် တစ်နေ့ ပြင်သစ်နိုင်ငံအတွက် တန်ဖိုးဖြတ်မရသော ဗဟုသုတများ ဖြစ်လာလိမ့်မည်။ ၁၇၉၂ ခုနှစ်၌ ပြင်သစ်တော်လှန်ရေးတပ်ရင်းတစ်ခုတွင် ဝင်ရောက်စစ်မှုထမ်း၍ ၁၇၉၅ ခုနှစ်၌ အီတလီကြောင်းချီ ပြင်သစ်တပ်တော်၌ မာဆေးနား တပ်မမှူးဖြစ်လာခဲ့လေသည်။ မာဆေးနားသည် အသားညို၍ပိန်ပြီး နှာခေါင်းကြီးသူဖြစ်၏။ စကားနည်းပြီး အလွန်ငြိမ်သက်သူ ဖြစ်လေသည်။ သူများအကြောင်း မကောင်းဘယ်တော့မှ မပြောဘဲ အလွန် သူ့စိတ်သူထိန်းနိုင်သူဖြစ်၏။ သူစိတ်ဆိုးသည်ကို တွေ့ရခဲ၏။ သာမန်အချိန်များ၌ မာဆေးနားမှာ လူပျင်းကြီး၊ လူရိုးကြီး၊ လူထိုင်းကြီးဟု ထင်ရသော်လည်း တိုက်ပွဲ၌ကား အလွန်လျင်မြန်ဖျတ်လတ်၍ အလွန်လည်းသတ္တိပြောင်မြောက်သူ ဖြစ်လေသည်။ လောကတွင် သူအကြိုက်နှစ်သက်ဆုံး နှစ်မျိုးကား မိန်းမနှင့် ငွေ ဖြစ်၏။ မာဆေးနားသည် မိန်းမအားလုံးကို ကြိုက်နှစ်သက်၍ တစ်ချိန်တည်းတွင် သူ့မိန်းမကိုလည်း အလွန်မြတ်နိုးသူဖြစ်သည်ဟု သူ့အကြောင်းသိသူတစ်ဦးက ရေးသားခဲ့ဖူး၏။ ငွေရှာကောင်း၍ စုဆောင်းတတ်သူဖြစ်ရာ သူသေဆုံးချိန်၌ မာဆေးနားသည် ငွေဖရန့် သန်း ၄၀ ကျန်ရစ်ခဲ့သည်ဟုသိရ၏။

---

၁။ Hopo' my Thumb
၂။ Andre Massena
၃။ Davout

၁၇၉၆ ခုနှစ်မှစပြီး ဩဂျရီးနှင့် မာဆေးနားတို့သည် ရင်းနှီးသွားကြပြီး အသက်ထက်ဆုံး မိတ်ဆွေရင်းချာ ဖြစ်သွားကြလေသည်။ ၁၇၉၆ ခုနှစ် မတ်လ၌ တပ်တော်မှူးအသစ်အား နိစ်ဌာနချုပ်၌ စောင့်နေကြသူများတည်း။

၁၇၉၆ ခုနှစ် မတ်လ ၂၇ ရက်နေ့၌ အမြောက်တပ်မှ ဗိုလ်ချုပ်ကြီးဖြစ်လာသူ ၂၇ နှစ်သား နပိုလီယံဘိုနာပတ် အီတလီတပ်တော်ဌာနချုပ်သို့ ရောက်လာလေသည်။ သူနှင့်အတူ သူ့မိတ်ဆွေရင်းချာ ရဲဘော်အချို့ ပါလာ၏။ ရဲဘော်အချို့အပြင် သူ့မြင်းလှည်းကြီးမှာ သမိုင်းစာအုပ်အပြည့်နှင့် ဖြစ်လေသည်။ မတ်လ ၂၇ ရက်နေ့၌ အီတလီတပ်တော်မှူးတာဝန်ကို နပိုလီယံ စတင်ထမ်းဆောင်ပြီး ၁၇၉၆ ခုနှစ် ဧပြီလ ၁၂ ရက်နေ့တွင် မွန်တီနော်တီ[၁]၌ ခေတ်သစ်စစ်ပွဲကြီး၏ ပထမဆုံးအမြောက်သံများကို ကမ္ဘာက စတင်ကြားကြရပြီ ဖြစ်လေသည်။ နပိုလီယံနှင့် ပါရီမှ နိစ်သို့ ပါလာသူများအနက် သုံးဦးအကြောင်းကို ပြောပြရမည်။ ဦးစီးအရာရှိ **အက်လီဇင်ဒါဘာသီယာ၊** မြင်းတပ်မှူးကလေး **ယာအိုချင်မြူရတ်နှင့်** နပိုလီယံ၏ မိတ်ဆွေရင်း (သူ့လိုပင် အမြောက်တပ်အရာရှိဟောင်း) **မာမွန့်**[၂]တို့ ဖြစ်လေသည်။

ဘာသီယာဖခင်မှာ ပဥ္စမလူဝီ (၁၅ ကြိမ်)မြောက် လူဝီဘုရင်လက်ထက်တော်တွင် နာမည်ကြီး အင်ဂျင်နီယာဖြစ်၍ ကာကွယ်ရေးဝန်ကြီးဌာန၊ မရိန်းနှင့် နိုင်ငံခြားရေးရုံးတို့ကို ဆောက်လုပ်ခဲ့သူ အင်ဂျင်နီယာကြီး ဖြစ်လေသည်။ ဘာသီယာကိုယ်တိုင်မှာလည်း အင်ဂျင်နီယာတစ်ဦးဖြစ်၍ အမေရိကန်လွတ်မြောက်ရေးစစ်ပွဲတွင် အမေရိကန်များဘက်မှ ဗြိတိသျှတို့အား ဝင်တိုက်ခိုက်ခဲ့ပြီး ဗိုလ်မှူးကြီးအဆင့်ဖြင့် အမေရိကန်စစ်မျက်နှာမှ ပြန်လာသူတစ်ဦးဖြစ်၏။ ပြင်သစ်နိုင်ငံပြန်ရောက်သောအခါ ဆဋ္ဌမလူဝီဘုရင်က ဘာသီယာအား ဗိုလ်ချုပ်အဆင့်ရာထူးတိုးပေး၍ ဗာဆိုင်းနန်းတော်၌ ကိုယ်ရံတော်တပ်ဖွဲ့ကို ဦးဆောင်ခဲ့ရ၏။ ပြင်သစ်တော်လှန်ရေးသမားများက ဘာသီယာကို သဘောမကျသော်လည်း ဦးစီးတာဝန်များ အထူးကျွမ်းကျင်သောကြောင့် ဘာသီယာသည် တပ်တော်အသီးသီးတွင် ဦးစီးချုပ်တာဝန် ဆက်လက်ထမ်းဆောင်ခဲ့ရလေသည်။ ဘာသီယာမှာ ခေါင်းအကြီးကြီးနှင့် ထူးထူးခြားခြား အရုပ်ဆိုးသူဖြစ်သော်လည်း အဝတ်အစား ပြောင်ပြောင်လက်လက် ဝတ်စားတတ်၏။ ဦးစီးတာဝန်ကို အထူးကျွမ်းကျင်၍ မည်သည့်တပ်မတော်တွင်မျှ အက်လီဇင်ဒါဘာသီယာထက်တော်သည့်ဦးစီးအရာရှိ မရှိနိုင်ဟု ပြောစမှတ်ပြုရသူ ဖြစ်လေသည်။ အသေးစိတ်ဦးစီးတာဝန်များကို

၁။ Montenotte

၂။ Alexander Berthier, Jaochim Murat And Mermont



အီတလီတပ်တော်မှူး ဗိုလ်ချုပ်ကြီး နပိုလီယံ (၂၈)နှစ်အား (၁၇၉၇)ခုနှစ်တွင်
မီလန်၌ တွေ့ရစဉ်

စိတ်ရှည်လက်ရှည် လုပ်နိုင်သူဖြစ်၍ အလွန်မှတ်ဉာဏ်ကောင်း၏။ အလုပ်ခွဲကောင်းသည့်နေရာ၌ ပြိုင်ဘက်ကင်းသလောက်ဖြစ်၏။ တိုက်ပွဲစဉ်တစ်ခု၌ ဘာသိယာသည် ၁၃ နေ့၊ ၁၃ ည တစ်ဆက်တည်း လုံးဝမအိပ်ဘဲ အလုပ်လုပ်ခဲ့ဖူး၏။ စစ်မြေပြင်မှ ပြင်သစ်တပ်များ အင်အား၊ အုပ်ချုပ်သူတပ်မှူးအမည်၊ မည်သည့်တပ်ဘယ်နေရာရောက်နေသည်ကို နပိုလီယံအား အချိန်မရွေး ဘာသိယာက ပြောပြနိုင်လေသည်။ သူ့ဆရာ အလိုရှိသည့်အခါတိုင်း ဘာသိယာအား ယူနီဖောင်းဝတ်ပြီး အဆင်သင့်တွေ့ရသည်။ သည့်ထက်ကောင်းသည့် ဦးစီးအရာရှိ ဘယ်မှာရှိနိုင်သေးသနည်း။

ယာအိုချင်မြူရတ်က သူ့ဘာသာ တစ်ဘာသာ။ ဂါစကွန်နယ်သားမှ ဂါစကွန်နယ်သားအစစ်။ ဘုန်းကြီးတရားဟောဆရာ ဖြစ်လာစေရန် မိဘကရည်စူးခဲ့သော်လည်း မြူရတ်သည် အသက် ၂၀ အရွယ်တွင် အိမ်မှထွက်ပြေး၍ မြင်းတပ်တစ်ခု၌ ဝင်ရောက်စစ်မှုထမ်းခဲ့၏။ ၁၇၉၆ ခုနှစ်မတိုင်မီ မြူရတ်သည် နပိုလီယံဘိုနာပတ်အတွက် အရေးကြီးလှသည့် တာဝန်တစ်ခုကို ထူးထူးခြားခြားကျေပွန်အောင် ထမ်းဆောင်ခဲ့မှုကြောင့် တစ်နေ့တွင် ဥရောပ၌ ဘုရင်တစ်ဆူဖြစ်လာခဲ့သူ ဖြစ်လေသည်။

၁၇၉၅ ခုနှစ် ဗင်ဒေမယ်ယာ[၁] ညတွင် မြူရတ် သူ့မြင်းတပ်နှင့် သယ်ဆောင်လာသော အမြောက်များဖြင့် နပိုလီယံသည် တော်လှန်ရေးသမားများကို ဖြိုခွင်းအောင်ပွဲခံနိုင်ခဲ့ခြင်း ဖြစ်၏။ ထိုညက နပိုလီယံနှင့် တော်လှန်သူများ အင်အားချင်း ပြိုင်လျက်ရှိရာ အမြောက်ရှိသူက နိုင်မည်ကိုသိသဖြင့် နှစ်ဖက်စလုံးက အမြောက်များ အပူတပြင်းရှာနေကြလေသည်။ အမြောက်အလက် ၄၀ ရှိသည့်နေရာကို နပိုလီယံက မှတ်မိပြီး မြင်းတပ်မှူးငယ်မြူရတ်အား ညသန်းခေါင်ယံတွင် အမြောက်များကို သွားရောက်ယူခိုင်းခဲ့ခြင်း ဖြစ်လေသည်။ နပိုလီယံနှင့်အဖွဲ့ ထိုညက ၅ နာရီမျှ အသက်မရှူနိုင်ဘဲ စောင့်နေကြရ၏။ မြူရတ်၏ မြင်းတပ်အမြောက်များနှင့် ကဆုန်စိုင်းလာကြပြီး နောက်တစ်နေ့နံနက် ၆ နာရီခွဲတွင် နပိုလီယံ အောင်ပွဲခံနိုင်ခဲ့ခြင်း ဖြစ်လေသည်။ ၁၇၉၆ ခုနှစ် နပိုလီယံ အီတလီတပ်တော် အုပ်ချုပ်ရန် ပါရီမှ ထွက်ခွာခါနီးတွင် မြင်းတပ်မှူးမြူရတ် နပိုလီယံထံ အမောတကော ရောက်လာပြီး ဤသို့အဆိုပြု၏။ "ဗိုလ်ချုပ်ကြီးခင်ဗျား... ဗိုလ်ချုပ်ကြီးမှာ ဗိုလ်မှူးကြီးအဆင့် ကိုယ်ရံတော်[၂] မရှိသေးပါဘူး၊ ကျွန်တော် ဗိုလ်ချုပ်ရဲ့ ကိုယ်ရံတော် ဗိုလ်မှူးကြီးအဆင့်နဲ့ အီတလီတပ်တော်ကို လိုက်ပါဖို့ အဆိုပြုပါတယ်ခင်ဗျား" နပိုလီယံက ဤကဲ့သို့ ရဲရဲဝံ့ဝံ့ အဆိုပြုလာသည်ကို

---

၁။ Vendemiare ၂။ Colonel A.D. C

ပြုး၍လက်ခံလိုက်လေသည်။ ၁၈၀၄ ခုနှစ်တွင် ဧကရာဇ် ဘုရင်နပိုလီယံက စစ်သူကြီးရာထူးများ တီထွင်ခန့်အပ်ရာ၌ အီတလီတိုက်ပွဲစဉ်တွင် ပါဝင်ခဲ့သည့် အောက်ပါ ၅ ဦးမှာ စစ်သူကြီး ဖြစ်လာကြလေသည်။

(က) မာဆေးနား၊

(ခ) ဘာသီယာ၊

(ဂ) မြူရတ်၊

(ဃ) ဩဂျရိုး၊

(င) စီရူရား။

ဆဋ္ဌမမြောက်စစ်သူကြီးမှာ **လီန်းစ်**[၁] ဖြစ်၏။ ဩဂျရိုးတပ်မတွင် တပ်မဟာမှူးတစ်ဦး ဖြစ်လေသည်။ အီတလီတိုက်ပွဲစဉ် ဒီဂိုတိုက်ပွဲ[၂]၌ နာမည်ရလာသူဖြစ်၏။ ဂျိုင်းလီန်းစ်မှာလည်း ဂါစကွန်နယ်သားပင်ဖြစ်၏။ အပွန်စိတ်ထက်၍ စကားများပြီး အဆဲလည်းသန်သူဖြစ်လေသည်။ လူပုံခပ်သေးသေးဖြစ်၍ သပ်သပ်ရပ်ရပ် ဝတ်စားတတ်သူဖြစ်လေသည်။ နပိုလီယံ ဆံပင်တိုတိုညှပ်ခိုင်းသည်ကို မညှပ်ဘဲ ဆံပင်ပခုံးထောက်နှင့် တောက်လျှောက်တိုက်ခိုက်လာသူဖြစ်၏။ ၁၇၉၆ ခုနှစ် ဧပြီလ ၁၁ ရက်နေ့၌ ပြင်သစ်တပ်တော်သည် ဩစတြီးယား၊ ဆာဒီနီးယား တပ်ပေါင်းစုရှေ့တွင် ဖြန့်လျက် နေရာယူထားသလို ဖြစ်နေ၏။ ရန်သူတပ်ပေါင်းစုက ပြင်သစ်တပ်တော်အတွင်း သပ်ရိုက်တော့မည့်အသွင် ဖြစ်လေသည်။ နပိုလီယံက သူ့တပ်တော်နှင့် ၉၆ နာရီအတွင်း တရစပ် ချီတက်စစ်ကစားတိုက်ခိုက်ရာ ဩစတြီးယားနှင့် ဆာဒီနီးယားတို့က အညံ့ခံလိုက်ရကာ အီတလီမြောက်ပိုင်းတစ်ခုလုံး နပိုလီယံတပ်တော်က ရလိုက်ပြီ ဖြစ်လေသည်။ ဩဂျရိုး၏တပ်မသည် မုန်တိုင်းတပ်များ တာဝန်ထမ်းဆောင်ခဲ့၍ ကတ်စတီလီယွန်[၃] တိုက်ပွဲ၌ ဩဂျရိုး၏ အစွမ်းအစကို ပြင်သစ်တပ်တော်တစ်ခုလုံး ကောင်းကောင်းသိကြရလေသည်။

ဩစတြီးယားစစ်သူကြီး ဝမ်ဆာ[၄] သည် စစ်သည် ၅၀၀၀၀ နှင့် ဘရင်နာတောင်ကြားလမ်းမှ ချီတက်လာပြီဖြစ်၏။ ပြင်သစ်တပ်များ ဝန်းရံထားသည့် မင်ကြူအာ[၅] မြို့ကလည်း လက်နက်မချသေး။ ထို့ကြောင့် ဝမ်ဆာကို ရင်ဆိုင်ရစဉ် မင်ကြူအာမှ ရန်သူက ပြင်သစ်များအား နောက်ကျောမှ တိုက်မည့် အန္တရာယ်ရှိနေလေသည်။ နပိုလီယံ တွေဝေသွား၏။ စစ်ကောင်စီ[၆] အစည်းအဝေး ခေါ်ယူဆွေးနွေးရာ စစ်ကောင်စီဝင်များက မင်ကြူအာအား ဝန်းရံထားခြင်းကို ရုပ်သိမ်း၍

---

၁။ Lannes

၂။ Dego

၃။ Castiglione

၄။ Wurmser

၅။ Mantua

၆။ Council of War


မီလန်အထိ ဆုတ်ပေးရန် အကြံပေး၏။ ဩဂျရိုးတစ်ဦးတည်းကသာ ဆက်တိုက်ရန် နပိုလီယံအား အကြံပေးခဲ့လေသည်။ "ဆက်ပြီးတိုက်ကြည့်ပါဦး။ မနိုင်တော့မှ ဆုတ်ဖို့ စဉ်းစားတန် စဉ်းစားတာပေါ့"ဟု ဩဂျရိုးက အကြံပြု၏။ "ညာတောင်ပံကို ဘာနဲ့စစ်ကူပေးမလဲ" ဗိုလ်ချုပ်တစ်ဦးက မေး၏။ ဩဂျရိုးကအဖြေကို ဤကဲ့သို့ လွယ်လွယ်ပင် ပေးလိုက်လေသည်။ "လှံစွပ်နဲ့ပေါ့ ငါ့လူရ"။ ထို့နောက် ဩဂျရိုးက နပိုလီယံဘက် လှည့်လိုက်၍ "ကျွန်တော်တို့တပ်တွေကို နက်ဖြန် ဩစတြီးယားတပ်တွေက တိုက်တော့မယ်၊ သူတို့တပ် ၂၀၀၀၀ ဟာ နောက်တစ်နာရီဆို ကျွန်တော်တို့ဆီ ရောက်လာတော့မှာ၊ ကျွန်တော်က ဒါကိုမပူဘူး။ ဗိုလ်ချုပ်ကြီး နည်းနည်းလေး ပိုပြီး တည်တည်ငြိမ်ငြိမ် နေလိုက်စမ်းပါ၊ ဒီမှာပဲ နေပြီး တိုက်ပါ။ အောင်ပွဲခံနိုင်ဖို့ ကျွန်တော်တာဝန်ယူပါတယ်" ဩဂျရိုးက ပြုံးလိုက်(သူ့သရော်ပြုံးမှာ နာမည်ကြီးလှ၏။)ပြီးတော့ "ကျွန်တော်တို့ရှုံးတော့လဲ ကျွန်တော်က အရင်ကျဆုံးမှာမဟုတ်လား၊ ဒီတော့ ဘယ်လိုတွက်တွက် ကျွန်တော်က မှန်တာပဲမဟုတ်လား" နပိုလီယံက ဩဂျရိုး အကြံဉာဏ်ကို လက်ခံလိုက်ပြီး ၅ ရက် စစ်ကစားလိုက်၊ စစ်ဆင်လိုက် တိုက်ခိုက်ခဲ့ရာ ဩစတြီးယားတပ်ဖွဲ့နှစ်ခု၊ တစ်ခုပြီးတစ်ခု စစ်ရှုံး၍ နောက်ဆုတ်ပြေးကြရလေသည်။ ကတ်စတီလီယွန်တိုက်ပွဲ နောက်ဆုံးအဆင့်၌ ဩဂျရိုးက သူ့အရန်တပ်များနှင့် ရှုပ်ရှုပ်ချွံချွံတိုက်ခိုက်ခဲ့၍ ပြင်သစ်တပ်တော် အနိုင်ရခဲ့ခြင်းဖြစ်၏။ သည်ပွဲမှာ ဩဂျရိုးပွဲ ...။

ပြင်သစ်များ အောင်ပွဲခံလိုက်ကြပြီး နောက်နှစ်ပေါင်းများစွာ ကြာသည့်အထိ အခြားဗိုလ်ချုပ်များက ဩဂျရိုးမကောင်းကြောင်း နပိုလီယံထံ လာရောက်တိုင်ကြားကြရာ နပိုလီယံက "အေး... ဒါပေမဲ့ သူ ကတ်စတီလီယွန်မှာ တို့တွေအတွက် ဘယ်လိုတိုက်ခဲ့တယ်ဆိုတာ ပြန်သတိရကြဦးကွ"ဟု ပြောလေ့ရှိ၏။ ဩဂျရိုးသည် ရက်ရက်စက်စက်တိုက်သလို နိုင်ပြီးမြို့ရွာများကို ဖြုံခါပြာခါကျအောင် လုယူဖျက်ဆီးရာ၌လည်း နာမည်ရ၏။ "သူ့တပ်တွေ လုယူထားတဲ့ပစ္စည်းထည့်တဲ့ ရထားကြီးတွေကလဲ နာမည်ကြီးပါပေ့။ သူ့ဓားထက်သလို သူ့ရထားကြီးတွေကလဲ သွက်ပါပေ့"ဟု တစ်ဦးက ရေးခဲ့၏။ သူအုပ်ချုပ်ပုံ လုပ်ပုံကိုင်ပုံ မကြိုက်၍ ပုန်ကန်မည်မကြံနှင့်။ ကြိုးစင်နှင့် လက်မရှိ့အဖွဲ့က သူပုန်များအတွက် အမြဲအရန်သင့် ဖြစ်နေ၏။

ရီဗိုလီ[၁] တိုက်ပွဲတွင် မာဆေးနား နာမည်ရခဲ့လေသည်။ အီတလီတိုက်ပွဲစဉ်တွင် နောက်ဆုံးတိုက်ပွဲဖြစ်ပြီး (ထိုတိုက်ပွဲစဉ်၌) အကြီးအကျယ်ဆုံး ပြင်သစ်တို့အောင်ပွဲလည်းဖြစ်၏။ စုစည်းချီတက်လာကြသော ဩစတြီးယားစစ်ကြောင်း

---

၁။ Rivoli



၆၊ ၇ ရက်၌ ရိဗိုလီတောင်ကုန်းမှ ပြင်သစ်များက တိုက်ခိုက်အနိုင်ယူလိုက်ပြီး ယင်းစစ်ပွဲပြင်မှာပင် နပိုလီယံက မာဆေးနားအား ချီးကျူး ထောပနာပြုခဲ့လေသည်။

ယခင်က ဆံပင်ညှပ်သမားဖြစ်ခဲ့သူ **ဗိုလ်ကြီးဘက်ဆေးယား**[၁] ကလည်း **သူ့စည်းသူ့ဟန်ဖြင့် စွန့်စားခဲ့၍** စစ်မြေပြင်မှာပင် ဗိုလ်မှူးအဆင့်သို့ နပိုလီယံက တိုးမြှင့်ပေးခဲ့လေသည်။ ရီဗိုလီတိုက်ပွဲတွင် ခြေလျင်တပ်များကို ဦးဆောင်တိုက်သူမှာ တပ်မဟာမှူး လိန်းစ်ဖြစ်၏။ လိုဒီတံတား ဟိုဘက်ထိပ်မှ ရန်သူအမြောက်က တည့်တည့်ကြီး ချိန်ပစ်နေရာ တံတားမှ ဖြတ်ကူးရန် ပထမတက်လာသော ပြင်သစ်များအားလုံး လဲပြိုကျဆုံးကြရ၏။ ဒုတိယအသုတ်ကို လိန်းစ်နှင့် ဘာသီယာ ဦးဆောင်ပြီး တိုက်ကြတော့မှ တံတားကို ပြင်သစ်များ ရလိုက်လေသည်။ အာကိုကာတံတား[၂] ကိုလည်း လိန်းစ်ပင် ဇွတ်တရွတ်တက်တိုက်ခိုက် သိမ်းပိုက်လိုက်ခြင်းဖြစ်၏။ ယင်းတိုက်ပွဲအပြီး တိုက်ပွဲမှရလိုက်သော ရန်သူ့အလံတော်တစ်ခုနှင့်အတူ စာတစ်စောင်ကို နပိုလီယံကိုယ်တိုင် ရေးသားကာ တပ်မဟာမှူး လိန်းစ်ထံ ပေးပို့လိုက်လေသည်။

> "အာကိုကာမှာ သူနိုင်ကိုယ်နိုင် အကြိတ်အနယ် တိုက်နေရစဉ်မှာ ဘယ်ဘက်ကနိုင်မည် ဘယ်သူမျှမပြောနိုင်ဘူး။ ဒီလိုအခြေအနေမှာ တိုက်ပွဲခေါင်းဆောင်နေတဲ့သူတွေက စံနမူနာပြ ရှုပ်ရှုပ်ချွံချွံ ဝင်တိုက်ပြနိုင်မှ အောင်ပွဲခံနိုင်မှာပဲ။" "ဒီတုန်းက မင်းဟာ ဒဏ်ရာ ၃ ကြိမ်ရပြီး ဆေးရုံပေါ်ရောက်နေရာက သေမြေကြီး ရှင်ရွှေထီးဆိုပြီး ဆေးရုံကဆင်းပြီး တိုက်ပွဲကို ဦးဆောင်တိုက်ခဲ့တယ်။" "မင်းဒဏ်ရာတွေက သွေးတွေကျလို့ ချောင်းကို ပထမဆုံးဖြတ်ကူးသူဟာ မင်းပဲ၊ ဒီတော့ ဒီရန်သူ့အလံကို မင်းပဲပိုင်ဆိုင်သင့်တယ်၊ မင်းပဲ ဂုဏ်ယူစွာနဲ့ သိမ်းဆည်းထားထိုက်တယ်"

လိန်းစ်မှာ သတ္တိကောင်းရုံတင် မဟုတ်သေး၊ တန်ဖိုးပွတ္တိဉာဏ်လည်း ထက်မြက်သူဖြစ်၏။ သူခေါင်းအေးအေးနှင့် လုပ်ဆောင်ခဲ့ပုံ သာဓကတစ်ရပ်ကို ဖော်ပြလိုက်ပါသည်။ ၁၇၉၇ ခုနှစ်၌ မင်ကြူးအာမြို့ ပြင်သစ်တို့လက်ကျရောက်ပြီး စစ်ပြေငြိမ်းရေးစာချုပ်အတိုင်း ပုပ်ရဟန်းမင်းကြီးတပ်များ လိုက်နာလုပ်ဆောင်ရေးအတွက် ပုပ်ရဟန်းမင်းကြီးအား အကြောင်းကြားရန် တပ်မဟာမှူးလိန်းစ် မြင်းစီး၍ ရှေ့ဆုံးမှ ချီတက်လာခဲ့၏။ သူ့နောက်တွင် မြင်းသည်တော် ၁၂ ဦးသာပါ၏။ အင်ကိုနာ[၃] အနီးတွင် ကျောက်ဆောင်ကြီးတစ်ခုရှိ၍ လမ်းတစ်ဆစ်ချိုးအကွေ့တွင် ဖြစ်ရာ ကျောက်ဆောင်ကြီးကိုလည်း လိန်းစ်ကျော်လွန်ရော ပုပ်ရဟန်းမင်းကြီး၏

---

၁။ Besserres

၂။ Bridge of Arcoca

၃။ Ancona



အရာရှိက အမိန့်ပေးလိုက်၏ "ဓားတွေထုတ်လိုက်"။ "ဘယ်သူလဲကွ ဓားထုတ်ရဲတာ။ ချက်ချင်း ဓားအိမ်ထဲပြန်သွင်းလိုက်" လိန်းစ်က အမိန့်ပေးလိုက်ခြင်းဖြစ်၏။ "ကောင်းပါပြီခင်ဗျား"ဟု အရာရှိက ခေါင်းညိတ်နာခံပြီး သူထုတ်ပြီးဓားကို ဓားအိမ်ထဲ ပြန်သွင်းလိုက်၏။ သူ့လူများကလည်း သူ့လိုပင် ဓားတွေ ဓားအိမ်အတွင်း ပြန်သွင်းကြကုန်၏။ လိန်းစ်က ဆက်အမိန့်ပေးပြန်၏။ "အားလုံး မြင်းအောက်ကို ဆင်းလိုက်ကြစမ်း" အရာရှိက "ကောင်းပါပြီခင်ဗျာ"ဟုဆိုကာ မြင်းစစ်သည် ၃၀၀ စလုံး မြင်းများပေါ်မှ ဆင်းပြီးကြလေပြီ။ "ကိုင်း... ငါ့နောက်ကလိုက်ခဲ့ကြ"ဟု အမိန့်ပေးကာ လိန်းစ်နှင့် ရဲဘော်မြင်းစစ်သည် ၁၂ ဦးက ပုပ်ရဟန်းမင်းကြီး၏ မြင်းစစ်သည် ၃၀၀ ကို ပြင်သစ်တပ်မဟာဌာနချုပ်သို့ ဖမ်းဆီးခေါ်ဆောင်ခဲ့၏။ နောက်ပိုင်းတွင် ဓားတည်းတို့လို သူရဲကောင်းထွက်သည့် ဂါစကွန်နယ်သား လိန်းစ်က ဤသို့ပြောခဲ့၏။ "ငါသာကြောက်နေရင် ရန်သူတစ်ယောက်ယောက်က သေနတ်နဲ့ပစ်တော့မှာပေါ့၊ ဒါကြောင့် ဟန်ကိုယ့်ဖို့ လုပ်လိုက်ရတာပဲပေါ့"

မင်ကြူအာရပြီး နပိုလီယံသည် တစ်ရက်ကလေးမှ အနားမနေ။ သည်တစ်ခါ သူ့ရည်မှန်းချက်မှာ သာမန်မြို့တစ်မြို့ခံတပ်တစ်ခုမဟုတ်။ ပြင်သစ်နိုင်ငံကို အံတုနေသည့် ရန်သူမြို့တော် ဗီယာနာမှာ နပိုလီယံ၏ ရည်မှန်းချက်ဖြစ်သည်။ နပိုလီယံ၏ အီတလီတပ်တော်အတွက် စစ်ကူတပ်မတစ်ခု ရောက်လာ၏။ တပ်မမှူးမှာ ဘာနာဒုတ်[၁]ဖြစ်၏။ ဘာနာဒုတ်မှာလည်း ဂါစကွန်နယ်သားပင်ဖြစ်၏။ နပိုလီယံ ဗီယာနာမြို့တော်ကို ရည်မှန်းစစ်ဆင်နေစဉ် သူအစိုးရိမ်ဆုံး အချက်တစ်ချက်ရှိ၏။ မြောက်ပိုင်းတွင် စစ်ဆင်နေသော ပြင်သစ်တို့၏ ရိုင်းတပ်တော်[၂](ဂျာမနီနိုင်ငံကို ဖြတ်စီးဆင်းသည့် ရိုင်းမြစ်ဒေသတွင် စစ်ဆင်၍ ရိုင်းတပ်တော်ဟု ခေါ်ခြင်းဖြစ်၏။)က မြောက်ပိုင်းမှ လှုပ်ရှားပေးဖို့လို၏။ ရိုင်းတပ်တော်က မလှုပ်ရှားလျှင် ဩစတြီးယားတပ်များက မိမိ(နပိုလီယံ)ဘက်သို့ စစ်ကူအလုံးအရင်းနှင့် ပို့မည်ကို နပိုလီယံ အစိုးရိမ်ဆုံး ဖြစ်လေသည်။ သူ့အခြေချစခန်းနှင့်ရော ပြင်သစ်နိုင်ငံနှင့်ပါ မိုင်ပေါင်းများစွာ ဝေးကွာနေရာ ရန်သူက အလုံးအရင်းနှင့် မိမိဆက်သွယ်ရေးလမ်းကြောင်းများ ဖြတ်တောက်စစ်ဆင်လျှင် မိမိ အီတလီတပ်တော် အခက်ကြုံတော့မည်။ ထို့ကြောင့် ရိုင်းတပ်တော်က လှုပ်ရှားပေးရန် ဖြစ်နိုင်လျှင် စစ်ဆင်ရေးလုပ်ပေးရန် နပိုလီယံက ပါရီရှိ အုပ်ချုပ်ရေးဒါရိုက်တာအဖွဲ့သို့ ဆက်သားများစေလွှတ် အကြောင်းကြား၏။ သူ ပထမ ရသည့်သတင်းမှာ ကျေနပ်ဖွယ်မရှိ။ ရိုင်းတပ်တော်က စစ်ဆင်ရေး လောလောဆယ် မလုပ်နိုင်သေး။ နပိုလီယံ ဒုတိယကြားရသည့် သတင်းမှာ ပို၍ မကျေနပ်

၁။ Bernadotte ၂။ Army of Rhine

ဖွယ်ကောင်းသေး၏။ ၁၂၀၀၀၀ အင်အားရှိသည့် ရိုင်းတပ်တော်မှူးအဖြစ် ဩဂျရိုး အား ခန့်အပ်လိုက်သည့်သတင်း ဖြစ်လေသည်။

၁၇၉၆ ခုနှစ် နပိုလီယံတိုက်ပွဲများက ဥရောပတစ်တိုက်လုံးကို အခြေမှ ကိုင်လှုပ်လိုက်လေသည်။ ၂၇ နှစ်သာ ဗိုလ်ချုပ်နပိုလီယံက နိစ်မှစ၍ တိုက်လာရာ ဩစတြီးယားနိုင်ငံ ဗီယာနာမြို့တော်နှင့် ၆၅ မိုင်သာလိုတော့၏။ မကြာမီ ပြင်သစ် သုံးရောင်ခြယ်အလံသည် ဥရောပ၊ အာရှနှင့် အာဖရိကတိုက်တွင်ပါ တလူလူ လွှင့်ထူတော့မည်ကို မည်သူမျှ ထိစဉ်က မရိပ်မိကြသေးပေ။ အီတလီတိုက်ပွဲစဉ်က စစ်ပညာတစ်ရပ်လုံးကိုလည်း တော်လှန်ပစ်လိုက်၏။ စစ်ရေးပြကွင်း စစ်ရေးပြပုံ မျိုး ဘယ်ညီညာညီ ချီတက်တိုက်ခိုက်ပုံမျိုးအစား တရစပ် ချီတက်စစ်ကစားတိုက် ခြင်းများ ပေါ်ပေါက်လာလေပြီ။ အမြဲတမ်းတပ်တော်များ ပေါ်ပေါက်လာပြီး လှုပ်ရှားစစ်ကစားတိုက်နိုင်သူက အရေးသာမည်။ စစ်ဦးစီးအဖွဲ့များ အရေးပါလာပြီး ချီတက်ရာ၌ မည်သည့်တပ်မကို မည်သည့်လမ်းကြောင်းပေးမည်၊ မည်သည့် နှုန်းဖြင့် မည်သို့ချီတက်စေမည်၊ ဦးစီးအရာရှိများက ချီတက်မှုဦးစီးဇယားများ ရေးဆွဲစီစဉ်ပေးရ၏။ ရိက္ခာ သယ်ယူပို့ဆောင်ရေး စီစဉ်ပေးရ၏။ စစ်ပညာမှာ အသက်မွေးဝမ်းကျောင်းပညာ ဖြစ်လာလေပြီ။ ကာနော[၁] တို့လို အရပ်သားများက ထိုးတို့ လက်ကိုင်တုတ်တို့ မြှောက်ရမ်း၍ စစ်တပ်ကို ဦးဆောင်မှုမျိုး ခေတ်ကုန်ပြီ။

---

၁။ Carnot (ပြင်သစ်တော်လှန်ရေး ခေါင်းဆောင်တစ်ဦး၊ နောက်ပိုင်း စစ်ဝန်ကြီး)

## အခန်း (၂)

# ပြည်ထောင်စုဘက်တော်သား ဝါရင့်စစ်သည်ကြီးများ

၁၇၉၆ ခုနှစ်က ဗိုလ်ချုပ်ကြီး နပိုလီယံဘိုနာပတ် စစ်ပညာတစ်ရပ်လုံးကို တော်လှန်ပစ်သည်ဆိုရာ၌ တရစပ် ချီတက်၍ လှုပ်ရှားစစ်ဆင်ပြီး စစ်ခေါင်းဆောင် လိုအင်ဆန္ဒကို သူ့တပ်တော်တစ်ခုလုံးက လိုက်နာလုပ်ဆောင်စေခြင်းသာ ဖြစ်လေသည်။ တပ်မကြီးစနစ်[၁] သုံး၍ တပ်တော်ပြန်လည်ဖွဲ့စည်းခြင်း၊ အမြောက်များ အားလုံး တစ်မျိုးတစ်စားတည်း တူညီအောင် ပြုလုပ်ခြင်း၊ မှန်ကူကွက်ပုံသဏ္ဌာန် စစ်ဆင်နည်း[၂]၊ အမြောက်များဖြင့် စုပြုံပစ်ခတ်စစ်ဆင်နည်း၊ အဆုံးအဖြတ်ပေးနိုင်သည့် တိုက်ပွဲကို အနိုင်တိုက်ခြင်း[၃]၊ မြင်းတပ်ကို ရှေ့ကာတပ်[၄] အဖြစ် အသုံးပြုခြင်းများမှာ နောက်ပိုင်းကျမှ စစ်ဘုရင် နပိုလီယံ တီထွင်ခဲ့ခြင်းများ ဖြစ်လေသည်။ ၁၇၉၆ ခုနှစ်တွင် အီတလီတပ်တော်ဖြင့် နပိုလီယံအောင်ပွဲခံနိုင်ခဲ့ခြင်းမှာ ယခင် တပ်ဟောင်းကို လှုပ်ရှားစစ်နည်းသစ်ဖြင့် အသုံးပြုအောင်ပွဲခံခဲ့ခြင်းဖြစ်၏။ ထို့ကြောင့် တပ်ဟောင်းမှ ပဲဟောင်းကြီးများကိုလည်း သူကောင်းပြုရမည်။ စစ်သူကြီးရာထူးများ တီထွင်ခန့်အပ်ရာ၌ ၆ ဦးမှာ ယခင်စစ်သည်ဟောင်းကြီးများဖြစ်သည်ကို တွေ့ရမည်။ ၎င်းတို့သည် စစ်မြေပြင်၌ လျှမ်းလျှမ်းတောက် အောင်မြင်ခဲ့သူများမဟုတ်။ ဩဂျရိုး၊ မြူရတ်တို့လို သတ္တိပြောင်မြောက်သူများဟုလည်း မဆိုနိုင်။ သူတို့အား စစ်သူကြီးရာထူး တိုးပေးလိုက်ခြင်းက နပိုလီယံ၏ နိုင်ငံရေး

---

၁။ Corps System

၂။ Lozenge Formation

၃။ Pivotal Battle

၄။ Cavalry Screen

အမြော်အမြင်ကြီးမှုကို ပြသခဲ့ပေ၏။ လက်ရှိပြင်သစ်တပ်မတော်တွင် ရှေးလူဝီဘုရင်များခေတ်က စစ်သည်ဟောင်းကြီးများ၊ ပြည်ထောင်စုဘက်တော်သား စစ်သည်ကြီးများနှင့် နောက်ပေါက်တကကယ့်တော်လှန်ရေး စစ်သည်များဟု သုံးမျိုးကွဲနေသည်ကို တွေ့ရမည်။ ယင်းသုံးမျိုးစလုံးကို ပူးပေါင်းစုစည်းလိုက်၍ သူက ပဲဟောင်း၊ သူက ပဲသစ်၊ သူက တော်လှန်ရေးသမား၊ သူက ဘုရင့်စစ်သည်ဟောင်း သွေးကွဲနေစရာမလို၊ ယင်းတို့သုံးမျိုးစလုံးသည် ပြင်သစ်နိုင်ငံတော်ကို ကိုယ်စားပြုရမည်။ ယင်းမှာ နပိုလီယံ နိုင်ငံရေးအမြော်အမြင်ကြီးမှုပင်ဖြစ်၏။ ထို့ကြောင့် ပထမဆုံးစစ်သူကြီးရာထူးများ တီထွင်ခန့်အပ်ရာ၌ အောက်ပါပုဂ္ဂိုလ်ကြီး ၆ ဦး ပါဝင်လာလေသည်။

(က) ကဲလားမဲင်း[၁]

(ခ) ဂျော်ဒန်[၂]

(ဂ) လီဖေဗား[၃]

(ဃ) ပဲရစ်နွန်[၄]

(င) မွန်ဆေ[၅]နှင့်

(စ) စီရုရား[၆]

တို့ဖြစ်ပြီး စီရုရာအကြောင်းကို ပထမအခန်း၌ အနည်းငယ်ဖော်ပြခဲ့ပြီးဖြစ်၏။ ပဲရစ်နွန်ကို ၁၇၅၄ ခုနှစ်တွင် ဖွားမြင်၏။ ဘုရင့်ကိုယ်ရံတော်တပ်တွင် အမှုထမ်းဆောင်ခဲ့၍ ပြင်သစ်တော်လှန်ရေး ဖြစ်လာသောအခါ ပဲရစ်နွန်ပြည်ထောင်စုဘက်တော်သား ဖြစ်လာ၏။ ၁၇၉၄–၉၅ ခုနှစ်များ၌ ပိုင်ရဲနီး[၇]တွင် တပ်မမှူးအဖြစ် စွမ်းစွမ်းတမံ စစ်မှုထမ်းခဲ့သော်လည်း အီတလီမြောက်ပိုင်း နိုဗီတိုက်ပွဲ[၈]တွင် ရုရှဗိုလ်ချုပ်ကြီး ဆူဗိုရော့[၉]နှင့် ရင်ဆိုင်ရာ၌မူ ပဲရစ်နွန်လုပ်ဆောင်ချက်မှာ လုံးဝအားရဖွယ်မရှိပါ။ သို့သော် ကံဆိုသည်မှာ အလွန်ဆန်းကြယ်၏။ ထိုစဉ် ပဲရစ်နွန်သည် ပြင်သစ်တပ်တော်ဘယ်တောင်ပံတွင်ဖြစ်လေသည်။ တိုက်ပွဲစပြီး မကြာမီပင် ပဲရစ်နွန်သည် ရုရှတပ်များအား ရင်မဆိုင်တော့ဘဲ လက်နက်ချရန် ဆုံးဖြတ်ခဲ့၏။ လက်နက်ချချင်းချလျှင် အလျင်ဆုံး လက်နက်ချလိုက်ဖို့လို၏။ ထို့ကြောင့် ပဲရစ်နွန်နှင့် သူ့သူငယ်ချင်း မြင်းတပ်မှ ဂရောက်ချီ[၁၀] (ဝါတာလူးစစ်ပွဲ၌ နာမည်

---

၁။ Keller Mann

၂။ Jourdan

၃။ Lefe Bre

၄။ Perignon

၅။ Moncey

၆။ Serurier

၇။ Pyrenees

၈။ Battle of Novi

၉။ Suvorov

၁၀။ Grouchy



ပျက်သူ ဘာသာပြန်သူ)တို့သည် သူတို့တပ်များကို နောက်ပိုင်းပြန်လွှတ်လိုက်၍ သူတို့နှစ်ဦး စားသောက်ဆိုင်နောက်ပိုင်းတွင် ရုရှတပ်များကို စောင့်ဆိုင်းနေကြ၏။ ရုရှတပ်များ ရောက်လာပါစေ ချက်ချင်းလက်နက်ချလိုက်ကြမည်။ ကံကြမ္မာလှည့်ကွက်ဆိုသည်မှာ ဒါမျိုးကို ခေါ်မည်ထင်သည်။ ဩစတြီးယားရှေ့ပြေးမြင်းတပ် (ဩစတြီးယားနှင့် ရုရှတို့မှာ မဟာမိတ်များဖြစ်၏။)က စားသောက်ဆိုင်နောက်ပိုင်းတွင် ကုတ်ချောင်းကုတ်ချောင်း လုပ်နေကြသော ပဲရစ်နွန်နှင့် ဂရောက်ချီအား သူတို့ကို ချုံခိုတိုက်မည့် တပ်များထင်မှတ်ကာ ဝင်ရောက်ပမ်းဆီး၍ ဗိုလ်ချုပ်နှစ်ဦးစလုံး (သူတို့လက်နက်ချရန် စောင့်နေကြောင်းကို ရန်သူရှေ့ပြေးတပ်အား ရှင်းမပြလိုက်ရမီ) ဒဏ်ရာရကာ လဲပြိုကျခဲ့ရလေပြီ။ မိမိတပ်များ ဆုတ်ခွာဖို့ အချိန်ရအောင် ဗိုလ်ချုပ်နှစ်ဦးက ရန်သူကို နောက်ချန်တိုက်ခိုက်ကြခြင်း၊ ဗိုလ်ချုပ်နှစ်ဦးစလုံး ဒဏ်ရာအကြီးအကျယ်ရလိုက်ခြင်းသတင်းများ တောမီးပမာ ပျံ့နှံ့သွားခဲ့၏။ ထို့ကြောင့် ကံကြမ္မာလှည့်ကွက်ကြောင့် ပဲရစ်နွန်နှင့် ဂရောက်ချီတို့ သိက္ခာတက်ခဲ့ကြရပြန်ပြီ။

လီဖေဗားမှာ စစ်သူကြီးအဆင့်အထိ ရာထူးတစ်ဆင့်ပြီးတစ်ဆင့် တိုးမြှင့်ရရှိခဲ့သော်လည်း သူသည် တကယ့်အရာခံဗိုလ်ပုံစံမျိုးဖြစ်ပြီး သေတပန်သက်တဆုံး အရာခံဗိုလ်ဂိုက်သာ ဖမ်းခဲ့သူဖြစ်၏။ ၁၈ နှစ်သားအရွယ်တွင် ပြင်သစ်ကိုယ်ရံတော်တပ်တွင် ဝင်ရောက်အမှုထမ်းပြီး ၁၅ နှစ်ကြာသောအခါ အရာခံဗိုလ်(ပထမတန်း) ရာထူးရနေပြီ ဖြစ်လေသည်။ မိုဆယ်နှင့် ရိုင်းဒေသ[၁]စစ်ဆင်ရေးများတွင် ပါဝင်ခဲ့သော်လည်း လီဖေဗားတစ်ယောက် ပေါ်ပေါ်ထင်ထင်မရှိခဲ့ချေ။ သို့သော် စစ်သူကြီးရာထူးအထိ တိုးတက်ရခဲ့သည်သာဖြစ်၏။


ကဲလားမင်းကို ၁၇၃၅ ခုနှစ်တွင် မွေးဖွား၍ မိဘမျိုးရိုးမှာ ထင်ရှားသည့် ကုန်သည်များဖြစ်၏။ ၁၇၃၅ ခုနှစ်တွင် စစ်ထဲဝင်ပြီး ၇ နှစ်စစ်ပွဲ (၁၇၅၆–၆၃)တွင် ပါဝင်တိုက်ခိုက်ခဲ့ဖူး၏။ ဗာလ်မီတိုက်ပွဲ[၂]၌ ကဲလားမင်း နာမည်ရခဲ့ခြင်းဖြစ်လေသည်။ သို့သော် ကဲလားမင်း နာမည်ရသည်မှာ သူတော်လို့မဟုတ်၊ ကျော်စောထင်ရှားစေမည့် ကံဇာတာက သူ့ကို လာခလုတ်တိုက်မိခြင်း ဖြစ်လေသည်။ ယင်းတိုက်ပွဲ၌ ပြင်သစ်တပ်မှူးကြီးမှာ (နောက်ပိုင်း ရန်သူထံ လက်နက်ချ၍ နာမည်ကြီးခဲ့သူ) ဒူမိုရီ[၃]ဖြစ်၏။ ရန်သူများ ချီတက်လာသောအခါ ဒူမိုရီသည် သူ့တပ်များနှင့် အာဂုန်[၄]သစ်တောများ၊ တောင်ကြားများမှ ခုခံလျှင် မြေအနေအထားအရ သူတို့ကသာ တစ်ပန်းသာနေပြီဖြစ်လေသည်။ သို့သော် ဒူမိုရီသည်

၁။ Moselle And Rhine
၂။ Cannonade of Valmy
၃။ Dumourie
၄။ Argonne

သူ့တပ်များကို အာဂုန်မှ ဆုတ်ခွာစေပြီး တောင်ကုန်းလေးပေါ်ရှိ ဗာလ်မိစက်ရုံဝင်း အတွင်းနှင့် ဝန်းကျင်တွင် နေရာယူထားစေ၏။ အာဂုန်သစ်တောကို ကျော်ပေး ထားပြီး ပါရီမြို့တော်ဘက် မျက်နှာမူ နေရာယူထားကြခြင်းဖြစ်လေသည်။ ဘယ်လို တွက်တွက် စစ်နည်းဗျူဟာအရ အဆိုးဆုံးနေရာကို ယူထားခြင်းဖြစ်တော့၏။ ဒူမိုရီဗာလ်မိ၌ နေရာယူထားခြင်းနှင့်ပတ်သက်ပြီး နပိုလီယံက ဤသို့မှတ်ချက်ချ ခဲ့၏။ "ငါဟာ အရဲရင့်ဆုံးဗိုလ်ချုပ်ပါ။ ဒါပေမဲ့ ဒီလိုနေရာမျိုးမှာတော့ ငါ့တပ်တွေ မစွဲရဲဘူးဟေ့" ကဲလာမဲင်းက ဗာလ်မီတောင်ကုန်းပေါ်မှ တပ်များကို ကွပ်ကဲရ လေသည်။ တောင်ကုန်းနောက်ဆွယ်တွင် ဒူမိုရီက သူ့အရန်တပ်များနှင့် စောင့်နေ ၏။ ပရပ်ရှားတပ်များက တောင်ကုန်းကို တက်တိုက်ကြရာ ပရပ်ရှားတပ်မှူး သည်လည်း ဒူမိုရီကဲ့သို့ မိုက်မဲသူပင်ဖြစ်ရမည်။ ဆက်တိုက်လျှင် နိုင်တော့မည် ဖြစ်ပါလျက် သူ့တပ်များကို ပြန်လည်ဆုတ်ခွာမိန့်ပေးကာ ပရပ်ရှားတပ်များ စနစ်တကျ ဆုတ်ခွာခဲ့ကြလေသည်။ ဗာလ်မိတိုက်ပွဲနှင့်ပတ်သက်၍ သမိုင်းဆရာ လော့ဒ်အက်တန်[၁] က ဤသို့ မှတ်တမ်းတင်ခဲ့ပါသည်။ လူ ၃၆၀၀၀၊ အမြောက် အလက် ၄၀ မျှဖြင့် ပြင်သစ်တို့သည် (ဗာလ်မိမှ) ထိုခေတ်က အကောင်းဆုံး စနစ်အကျဆုံးတပ်များကို တွန်းလှန်ဟန့်ထားထားနိုင်ခဲ့ကြ၏။ လက်နက်သာလို့ မဟုတ်၊ စစ်နည်းဗျူဟာသာ၍လည်းမဟုတ်၊ ပြင်သစ်တို့ကမဆုတ်ဘဲ ကြံ့ကြံ့ခံ တိုက်ကြသောကြောင့်သာ ဖြစ်၏။ ပရပ်ရှား၊ ဩစတြီးယားတပ်များက ပြင်သစ် ပြည်ကို ဝင်ရောက်တိုက်ခိုက်မည့်ဘေးမှ ကင်းဝေးခဲ့ရပြီး ပြင်သစ်ပြည်ထောင်စု တပ်များ နယ်ပယ်ချဲ့ထွင်ရန် (ဗာလ်မိက) အခွင့်အလမ်း ဖွင့်ပေးလိုက်ခြင်းဖြစ်၏။ ထို့ကြောင့် ဗာလ်မိမှာ တိုက်ပွဲအနေနှင့် ဘာမှမပြောပလောက်။ တက်လာသော ရန်သူကို ဗာလ်မိတောင်ကုန်းမှ ပြင်သစ်များက အမြောက်နှင့် လှမ်းပစ်ခတ်ခဲ့ခြင်း သာဖြစ်၏။ သို့သော် ယင်းတိုက်ပွဲအကျိုးဆက်မှာ ကြီးကျယ်လှပေသည်။ ဗာလ်မိ တောင်ကုန်းပေါ်မှ တပ်များကို အုပ်ချုပ်ရသူ ကဲလာမဲင်းသည်လည်း တစ်ဟုန်ထိုး နာမည်တက်လာပြီး စစ်သူကြီးအဆင့်အထိ ကြီးမြင့်လာရလေသည်။

**မွန်ဆေ** မှာ ရှေ့နေတစ်ယောက်၏သားဖြစ်၍ သူသည်လည်း ဥပဒေ ဝန်ထမ်းဖြစ်လာရန် ရည်မှန်းခဲ့သူဖြစ်လေသည်။ သို့သော် အိမ်မှထွက်ပြေးခဲ့၍ မွန်ဆေသည် ကွန်တီခြေလျင်တပ်ရင်းကြီး[၂]၌ ဝင်ရောက်စစ်မှုထမ်းခဲ့လေသည်။ မိဘများက ငွေနှင့်ဝယ်ယူရွေးထုတ်၍ မွန်ဆေအား ဥပဒေဆက်လက်သင်ယူစေ ၏။ မွန်ဆေသည် အိမ်မှ ထပ်မံထွက်ပြေးကာ စစ်ထဲဝင်ပြန်၏။ အိမ်မှ ဒုတိယမှို မွန်ဆေကို ရွေးထုတ်ရပြန်၏။ တတိယအကြိမ် ထွက်ပြေးကာ တပ်ထဲဝင်သော

၁။ Lord Acton ၂။ Infantry Regiment



အခါ မွန်ဆေမိဘများက လက်လျှော့လိုက်၍ မွန်ဆေ ခြေလျင်စစ်သည်ကြီးဖြစ်လာပါပြီ။ ပြင်သစ်တော်လှန်ရေး၌ မွန်ဆေသည် ပြည်ထောင်စုဘက်တော်သားဖြစ်လာ၍ ၁၇၈၂–၉၃ ခုနှစ်များတွင် ပိုင်ရဲနီးတိုက်ပွဲများ၌ ပါဝင်ဆင်နွှဲခဲ့လေသည်။ အလွန်ရိုးသား၍ အလွန်နှေးကွေးလေးလံသည့် ပြည်ထောင်စုဘက်တော်သားကြီးအား နပိုလီယံက စစ်သူကြီးရာထူးဖြင့် ချီးမြှင့် သူကောင်းမြှောက်ခဲ့ခြင်းဖြစ်၏။

**ဂျော်ဒန်** သည် စစ်မှုထမ်းသက် ရှည်လျား၍ အတွေ့အကြုံများသူ ဖြစ်လေသည်။ ဆရာဝန်တစ်ဦးသားဖြစ်၍ အမေရိကန် လွတ်လပ်ရေးတိုက်ပွဲတွင် အမေရိကန်များဘက်မှ ဗြိတိသျှတို့အား ဝင်ရောက်တိုက်ခိုက်ခဲ့၏။ အမေရိကန်မှ ပြန်လာပြီး ဖက်ရှင်မယ်တစ်ဦးနှင့် လက်ထပ်ကာ အထည်ကုန်သည် လုပ်ခဲ့၏။ ပြင်သစ်တော်လှန်ရေးတွင် ပြည်ထောင်စုဘက်မှ ဝင်ရောက်စစ်မှုထမ်းပြီး တပ်မမှူးရာထူးအထိ တိုးတက်ခဲ့ရ၏။ ဖလူးရပ်[1] တိုက်ပွဲ၌ ဂျော်ဒန်နာမည်ရခဲ့ပြီး ယင်းမှာ သူ၏ အကြီးကျယ်ဆုံးတိုက်ပွဲ ဖြစ်တော့၏။ ဂျော်ဒန်သည်လည်း ကံအလွန်ကောင်းသူဟု ဆိုရမည်။ ဖလူးရပ်တိုက်ပွဲ၌ ပြင်သစ်စစ်ဝန်ကြီး ကာနော့[2] ဂျော်ဒန်တပ်မသို့ ရောက်လာပြီး ဂျော်ဒန်ရေးဆွဲထားသော တိုက်ပွဲစီမံချက်များကို ကာနော့က ပယ်ဖျက်ပစ်ပြီး ကာနော့ကိုယ်တိုင် ယင်းတိုက်ပွဲကို ဦးဆောင်တိုက်ခိုက်ခဲ့၏။ ကာနော့သည် သူ့အရပ်ဝတ်အရပ်စားဖြင့်ပင် ဓားဖျားတွင် သူ့ဦးထုပ်ချိတ်မြှောက်ကိုင်ကာ ဦးဆောင်တိုက်ခိုက်ခဲ့၍ အောင်နိုင်ခဲ့ခြင်းဖြစ်လေသည်။ ရန်သူကို အောင်ပွဲခံနိုင်လိုက်၍ တပ်မမှူးကြီး ဂျော်ဒန် နာမည်ရခဲ့၏။ ပြည်ထောင်စုစစ်သည်ကြီးများအား စစ်သူကြီးခန့်အပ် သူကောင်းပြု၍ ပြင်သစ်စစ်သည်များ စည်းလုံးညီညွတ်မှုကို နပိုလီယံက မရရအောင် လုပ်ယူခဲ့ခြင်း ဖြစ်လေသည်။

---

၁။ Flgurus ၂။ Carnot

## အခန်း (၃)

## အီဂျစ် (EGYPT)

၁၇၉၈ ခုနှစ်နှင့် ကော့ဇ်ဘုရင်နပိုလီယံ စစ်သူကြီး[၁] များ ခန့်အပ်သည့် ၁၈၀၄ ခုနှစ်အကြားတွင် ဖြစ်ရပ်လေးခု ဖြစ်ပျက်ခဲ့၍ ယင်းတို့တွင် စစ်သူကြီး အများစု ပါဝင်ပတ်သက်ခဲ့လေသည်။ ယင်းဖြစ်ရပ်များမှာ နပိုလီယံ အီဂျစ်ကို ချီတက်တိုက်ခိုက်ခြင်း၊ မာဆေးနား ဆွစ်ဇာလန်စစ်မြေမှ ပြင်သစ်ပြည်ကို ကာကွယ် ခြင်း၊ အုပ်ချုပ်ကွပ်ကဲမှုအဖွဲ့ကို အာဏာသိမ်းဖျက်ပစ်၍ နပိုလီယံ ပထမကောင်စစ် အရာရှိချုပ်[၂]ဖြစ်လာခြင်းနှင့် နောက်ဆုံးဖြစ်ရပ်မှာ မရင်ဂိုး[၃] တိုက်ပွဲစဉ် ဖြစ်လေ သည်။ **မရင်ဂိုးကို နပိုလီယံက သူ့ဘဝတွင် အရေးအကြီးဆုံးတိုက်ပွဲစဉ်ဟုယူဆ၏။** သူ့ဘဝကို သူကိုယ်တိုင် ပြန်ပြောသောအခါများတွင် မရင်ဂိုးမတိုင်မီက... မရင်ဂိုးပြီးဖြစ်ရပ်များ... စသည်ဖြင့် နပိုလီယံက ပြောလေ့ရှိလေသည်။ထို့ကြောင့် ယင်းဖြစ်ရပ်လေးခုကို အစဉ်အတိုင်း ဖော်ပြသွားမည် ဖြစ်လေသည်။ ၁၇၉၈ ခုနှစ် ၌ အင်္ဂလိပ်အစိုးရကရော နပိုလီယံဘိုနာပတ်ကပါ ရန်သူမျှော်လင့်ရာကို ရွေးချယ် တိုက်ခိုက်ရန် ဆုံးဖြတ်ခဲ့ကြလေသည်။ အင်္ဂလိပ်က အီတလီတွင် စစ်ဆင်ပြီး နပိုလီယံက အီဂျစ်ကို ဝင်တိုက်ခိုက်ခဲ့၏။ နယ်ဆင်က သူ့ရေတပ်ကို မြေထဲ ပင်လယ်သို့ခေါ်ဆောင်ခဲ့၍ နပိုလီယံက သူ့တပ်တော်ကို ပြင်သစ်ရေတပ်အကူ အညီဖြင့် အဘူကာပင်လယ်ကွေ့[၄]သို့ ဦးဆောင်ချီတက်ခဲ့လေသည်။ နပိုလီယံနှင့်

---

၁။ Marshal
၂။ The First Consul
၃။ Marengo
၄။ Aboukir Bay

အတူ အီတလီတပ်တော်မှာ ဘာသီယား၊ မြူရတ်၊ လိန်းစ်နှင့် မာမွန့်တို့ ပါလာ၏။ ထို့ပြင် ယခုစစ်ဆင်ရေး၌ ကျွန်ုပ်တို့ လူဝီနီကိုလတ်စ်ဒဗိုး[၁] ကို စတင်တွေ့ကြရမည်ဖြစ်ပေသည်။ ဒဗိုးသည် ၁၈၀၄ ခုနှစ် စစ်သူကြီးရာထူးများ စတင်ခန့်အပ်ရာ၌ စစ်သူကြီးဖြစ်လာပြီး နပိုလီယံ၏ စစ်သူကြီးများအနက် အရည်အချင်းအရှိဆုံး အပြောင်မြောက်ဆုံး သစ္စာအရှိဆုံးသူဟု စစ်သုတေသီအများစုက ယူဆခဲ့ကြလေသည်။ မာဆေးနားနှင့် ဒဗိုးတို့နှစ်ဦးစလုံးမှာ အပြိုင်နာမည်တက်လာသူများဖြစ်၍ အချို့စစ်သမိုင်းဆရာများက မာဆေးနားကို ပို၍အသားပေးရေးကြ၏။ သုတေသီအချို့ကလည်း မာဆေးနာအား ပို၍သိဒ္ဓိတင်ကြ၏။ ၁၇၉၉ ခုနှစ်၌ ဇူးရစ်တွင် စစ်ဆင်ပြီး မာဆေးနားက ပြင်သစ်နိုင်ငံကို ကာကွယ်ခဲ့၍ ယင်းတိုက်ပွဲမှာ ပြင်သစ်နိုင်ငံ ကာကွယ်ရေးတွင် အရေးအပါဆုံးတိုက်ပွဲ ဖြစ်ခြင်းကြောင့် ယင်းတိုက်ပွဲတွင် အောင်ပွဲခံနိုင်ခဲ့သော မာဆေးနားကို အချို့သမိုင်းဆရာများက ပို၍အသားပေးခဲ့ကြခြင်း ဖြစ်ပေမည်။ သို့သော် မာဆေးနားသည် ၁၈၁၀ ခုနှစ်တွင် ဘူဆာကိုတောင်ကုန်း၌ အင်္ဂလိပ်တပ်များကို အရှုံးကြီးရှုံးခဲ့ရ၏။

ဒဗိုးသည် ဇူးရစ်ကဲ့သို့ အရေးပါသောအောင်ပွဲကြီး မခံခဲ့နိုင်စေကာမူ ဘူဆာကိုကဲ့သို့လည်း ရန်သူအား ရှုံးပွဲမရှိခဲ့ဖူး၍ အချို့ သုတေသီများက ဒဗိုးအား ပို၍နေရာပေးလိုကြ၏။ နာမည်ကျော်ကြားလှသည့် ပြင်သစ်စစ်သမိုင်းဆရာနှစ်ဦး အမြင်မှာ အရေးကြီး၍ ဤနေရာတွင် ဖော်ပြရပေမည်။ **ဒဗိုးသည် နပိုလီယံ၏ စစ်သူကြီးများအနက် စစ်ပညာအတော်ဆုံးဖြစ်ကြောင်း** သမိုင်းဆရာနှစ်ဦးစလုံးက အဆုံးအဖြတ်ပေးကြ၏။ "နပိုလီယံကျောင်းထွက်ဟု ဆိုနိုင်သူ ဒဗိုးတစ်ဦးသာရှိ၏[၂]"ဟု လည်းကောင်း၊ "နပိုလီယံ၏ တစ်ဦးတည်းသောတပည့်[၃]"ဟု လည်းကောင်း သမိုင်းဆရာတစ်ဦးက ရေးသားခဲ့လေသည်။ "ဒဗိုးမှာ နပိုလီယံကို နားလည်သူတစ်ဦးတည်းသောသူဖြစ်၍ နပိုလီယံကလည်း စစ်ဆင်ရေးကြီးများကို သူနှင့်သာ တိုင်ပင်လေ့ရှိ၏"ဟု နောက်တစ်ဦးက ရေးသားခဲ့ပါသည်။ "ဒဗိုးတစ်ဦးတည်းသာလျှင် နပိုလီယံ၏ အထက်တန်းစစ်ပညာများကို နားလည်လေသည်"ဟုလည်း အဆိုပါသမိုင်းဆရာက ဆက်လက်ရေးသားခဲ့သေး၏။ ဒဗိုးအား ၁၇၇၀ ခုနှစ်၌ ယုံးနယ်ဩဇာမြို့[၄]၌ မွေးဖွားခဲ့၍ ထင်ရှားသည့် စစ်မျိုးစစ်နွယ်ဝင်ဖြစ်လေသည်။ "ဒဗိုးမိသားစုမှ သားရတနာတစ်ဦးမွေးဖွားတိုင်း ဓားအိမ်မှ ဓားထုတ်လိုက်ဘိသကဲ့သို့ရှိ၏"ဟု သမိုင်းဆရာတစ်ဦးက ရေးသားခဲ့လေသည်။ပြင်သစ်

---

၁။ Louis Nicolas Davout
၂။ The only member of the Napoleonic School
၃။ The only Pupil that Napoleon Had
၄။ Auxerre, Yonne

တော်လှန်ရေးမတိုင်မီက ဗိုးသည် ဒုဗိုလ်ဖြစ်နေပြီ။ သတ္တိအလွန်ကောင်း၏။ ထို့စဉ်ကပင် တော်လှန်သောအတွေးအခေါ်များကို ဗိုးက လက်ခံပြီးသူသည် တော်လှန်သည့် အတွေးအခေါ်များကို ကြိုက်နှစ်သက်ကြောင်း၊ လက်ကမ်းကြိုဆိုကြောင်း၊ အရာရှိရိပ်သာထဲတွင် အတိအလင်း ဗိုးက ကြေညာခဲ့၍ ဘုရင့်တပ်မတော်အရာရှိအများစုနှင့် ပြဿနာပေါ်ခဲ့ဖူး၏။ ပြင်သစ်တော်လှန်ရေး ဖြစ်လာသောအခါ သူကဲ့သို့ တော်လှန်ရေးကြိုဆိုသည့် အရာရှိတစ်စုကို ဗိုးဦးဆောင်ကာ ပါရီသို့ ကိုယ်စားလှယ်အဖွဲ့တစ်ဖွဲ့ သွားရောက်ခဲ့၏။ ယင်းအဖွဲ့တွင်ပါဝင်သူ တပ်ကြပ်တစ်ဦးမှာ ဗစ်တာ[၁]ဖြစ်၍ နောင်တွင် ဗိုးကဲ့သို့ပင် စစ်သူကြီးဖြစ်လာခဲ့သူ ဖြစ်လေသည်။ ဗိုး ပါရီမှ မိမိတပ်ပြန်ရောက်သောအခါ တော်လှန်ရေးသမားများနှင့် ဆက်သွယ်သည့်ပြစ်မှုကြောင့် ဗိုး ၆ ပတ်အချုပ်ခံရ၍ ရာထူးမှနုတ်ထွက်ပေးခဲ့ရလေသည်။ တော်လှန်ရေးသမားများ အာဏာရလာသောအခါ ဗိုးကို ဒုဗိုလ်မှူးကြီးအဆင့်နှင့် တပ်ရင်းကြီးတစ်ခုတွင် တွေ့ကြရ၏။ သို့သော် ဒုတိယမ္ပိ ဗိုး ရာထူးမှနုတ်ထွက်ရပြန်၏။ သည်တစ်ခါ နုတ်ထွက်ရခြင်းမှာ ဘုရင့်တပ်မတော်မျိုးနွယ်မှ ဆင်းသက်လာသူဖြစ်သောကြောင့်တည်း။ ထို့ကြောင့် နှစ်ဖက်စလုံးမှာ ဗိုးကို ဝိုင်းပယ်ထားကြသောကြောင့် သူ့နောင်ရေးမှာ အလွန်မှေးမှိန်သည်ထင်ရဖွယ်ရှိ၏။ သို့သော် တော်လှန်ရေးကာလမဟုတ်လော။ ဘာမှမဖြစ်နိုင်တာမရှိ။ အားလုံးဖြစ်နိုင်၏။ နေ့ချင်းညချင်း ဗိုလ်ချုပ်ကြီးလည်း ဖြစ်နိုင်၏။ နောက်တစ်နေ့တွင် ယင်းဗိုလ်ချုပ်ကြီး ခေါင်းဖြတ်စက်တွင် ခေါင်းဖြတ်အသတ်ခံရနိုင်၏။ မကြာမီ ဗိုး မိုဆယ်တပ်တော်[၂]၌ ဗိုလ်မှူးချုပ်ရာထူး ရလာ၏။ ထို့နောက် ရိုင်းတပ်တော်သို့ ပြောင်းရွှေ့အမှုထမ်းရပြီး နပိုလီယံ အီဂျစ်သို့ ချီတက်လာသောအခါ ဗိုးပါ အီဂျစ်တပ်တော်သို့ ရောက်လာကာ ပထမဆုံးအကြိမ် နပိုလီယံလက်အောက်တွင် စစ်မှုထမ်းဆောင်ခွင့်ရခဲ့ခြင်းဖြစ်လေသည်။ ဗိုးမှာ လူဆန်းတစ်ဦးဖြစ်၏။ သံမဏိစည်းကမ်း လိုက်နာသူတစ်ဦးဖြစ်ပြီး သူ့ဟာသူ ခပ်တည်တည်ကြီး နေတတ်၏။ အလွန်ခေါင်းမာပြီး အလွန်ရိုးဖြောင့်၏။ လာဘ်စားခြင်း၊ မရိုးမဖြောင့် ကောက်ကျစ်စဉ်းလဲခြင်း လုံးဝမရှိ။ ရဲဘော်များ စားဝတ်နေရေးကို အထူးဂရုစိုက်ပြီး သူ့ရဲဘော်အားလုံးက ဗိုးအား အထူးလေးစားချစ်ခင်ကြ၏။ ချစ်ကြောက်ရိုသေဖြစ်လေသည်။ အရာရှိများကမူ ဗိုးကို မုန်းတီးကြ၏။ သူ့ဗိုလ်ချုပ်ဘဝက ဗိုလ်မှူးကြီးများကို အညှာမပေးဘဲ တာဝန်ပေးခိုင်းစေခဲ့ပြီး ဗိုး စစ်သူကြီးဖြစ်လာသောအခါ ဗိုလ်ချုပ်များ မသက်သာတော့ချေ။ ထို့ကြောင့် အရာရှိများက ဗိုးအား ရွံ့ကြောက်ကြီးဖြစ်နေ၏။ သူ့ဘဝတွင်

---

၁။ Victor ၂။ Army of The Moselle

အရင်းနှီးဆုံးသူများမှာ သူ့လိုပင် စစ်မြေပြင်၌ ရှုပ်ရှုပ်ချွံချွံ တိုက်ခိုက်ခဲ့ကြသူများ ဖြစ်၏။ မာစိုးနှင့် ဒဗိုး အထူးရင်းနှီး၍ မာစိုး[၁]သည် ကိုဘလင်အနီးတိုက်ပွဲ၌ ဒဏ်ရာအကြီးအကျယ်ရပြီး ထိုဒဏ်ရာနှင့်ပင် ကွယ်လွန်ခဲ့ရ၏။ ဒီဆိုင်း[၂]မှာ မာရင်ဂိုတိုက်ပွဲတွင် ကျဆုံးခဲ့၍ လီကလက်[၃]က ၁၈၀၂ ခုနှစ်တွင် ကွယ်လွန်ပြီး နှစ်ဦးစလုံးမှာ ဒဗိုး၏ ရဲဘော်သူငယ်ချင်းများဖြစ်၏။ မွန်ဘရွန်း[၄]မှာ မုတ်ဆိတ်နှင့် အလွန်ရဲရင့်သည်။ မြင်းတပ်ဗိုလ်ချုပ်ဖြစ်ပြီး ဘိုရိုဒီနိုတိုက်ပွဲ[၅]တွင် ကျဆုံး၏။ ဒဗိုးနှင့် အလွန်ရင်းနှီးသူပင်ဖြစ်လေသည်။ ဒဗိုးနှင့် အရင်းနှီးဆုံးမှာ စစ်သူကြီး အော်ဒီနော့[၆]ဖြစ်၍ ငယ်သူငယ်ချင်းဖြစ်၏။ အရင်းနှီးဆုံးသူငယ်ချင်းနှင့် နောက်ဆုံးခွဲခွာပြီးသွားကြပုံကိုလည်း စာဖတ်သူ တွေ့မြင်ရဦးမည်ဖြစ်ပေ၏။ ဒဗိုးတစ်သက်လုံး ပြိုင်ဘက်ရန်သူများမှာ မြူရတ်၊ ဘာနာဒုတ်နှင့် စစ်ဦးစီးချုပ် ဘာသီယာတို့ဖြစ်လေသည်။ ဒဗိုး အချစ်ဆုံး အလေးစားဆုံးမှာ နပိုလီယံနှင့် ဒဗိုး၏ချစ်ဇနီးသည်တို့ဖြစ်၏။ သူ့ဇနီးသည်ထံရေးသည့် စာများမှာ အလွန်အသက်ပါ၍ ဒဗိုး သူ့ဇနီးသည်ကို မည်မျှချစ်သည်ကို သက်သေခံနေလေသည်။

၁၇၉၈ ခုနှစ် ဇူလိုင်လ(၁)ရက်နေ့တွင် နပိုလီယံ၏ရှေ့ပြေးတပ်များသည် မာရဘောက်[၇]တွင် ကမ်းတက်ခဲ့ကြပြီး အက်လီဇင်ဒရီးယားမြို့တော်ကို သိမ်းပိုက်လိုက်ကြ၏။ အက်လီဇင်ဒရီးယားမှ နပိုလီယံတပ်တော်သည် နိုင်းမြစ်ဝှမ်းသို့ ချီတက်ခဲ့ကြလေသည်။ တိုက်ပွဲတိုင်းတွင် အီဂျစ်တပ်များကို အောင်နိုင်ခဲ့ပြီး မကြာမီ ကိုင်ရိုမြို့တော်ကိုပါ သိမ်းပိုက်နိုင်၍ အရှေ့ဘက်၊ တောင်ဘက်သို့ တပ်များ စေလွှတ်ကာ အီဂျစ်တစ်နိုင်ငံလုံးကို သိမ်းပိုက်နိုင်ခဲ့ပြီဖြစ်လေသည်။ နပိုလီယံတပ်များက အီဂျစ်ကို တိုက်ခိုက်အောင်ပွဲခံနေစဉ် ပြင်သစ်ရေတပ်ကို နယ်ဆင်၏ ဗြိတိသျှရေတပ်က အစိတ်စိတ်အမြွှာမြွှာဖြစ်အောင် ဖြိုခွဲဖျက်ဆီးပစ်နိုင်ခဲ့လေသည်။ အဘူကာပင်လယ်ကွေ့တွင် ထားခဲ့သော ပြင်သစ်ရေတပ်ကို နယ်ဆင်က ဖျက်ဆီးပစ်လိုက်ကြောင်းသတင်းကို ပြင်သစ်တပ်များရရှိပြီး ၉ ရက်မြောက်နေ့၌ ကိုင်ရိုမြို့တော်တွင် နပိုလီယံ အီဂျစ်အင်စတီကျူ[၈]ကို ဖွဲ့စည်းခဲ့၏။ ဥက္ကဋ္ဌမှာ နာမည်ကျော်ကြားလှသည့် သင်္ချာပါရဂူ မွန်ဂေ[၉]ဖြစ်၍ နပိုလီယံ ဒုဥက္ကဋ္ဌနေရာမှာသာ နေ၏။ အီဂျစ်တွင် နပိုလီယံသည် သိပ္ပံပညာရှင်များ၏ သင်္ချာပါမောက္ခများအား အလုပ်အများဆုံးပေးခဲ့လေသည်။ ပြင်သစ်တပ်မတော်

---

၁။ Merceau
၂။ Desaix
၃။ Leclerc
၄။ Mont Brun
၅။ Borodino
၆။ Marshal Audinot
၇။ Marabout
၈။ Institute of Egypt
၉။ Monge



နပိုလီယံအပေါ် သစ္စာအရှိဆုံးစစ်သူကြီး ဒဝိုး

ဆောင်မှုနှင့်များ အမျိုးအစားကောင်းလာရန်၊ ခြစ်(ဘီယာ)ချက်နည်း ပိုမိုကောင်းမွန်စေရန်၊ ကိုင်ရိုမြို့တွင် အသုံးပြုရန် ရေအားနှင့် စက်များ အသုံးပြုမည်လော၊ သို့မဟုတ် လေရဟတ်စက်များက ပိုသင့်တော်မည်လော၊ ယမ်းဘီလူးစက်ရုံများ၊ လက်နက်စက်ရုံများ တည်ဆောက်ရေးအားလည်း လေ့လာ၍ ပညာရှင်များက စာတမ်းများ တင်ကြရ၏။ အီဂျစ်ပိရမစ်များ ရှေးဟောင်းရုပ်တုများကို တိုင်းတာလေ့လာစေပြီး အီဂျစ်အရုပ်စာပေ[၁]များကိုပါ ပါမောက္ခများကလေ့လာ၍ အဓိပ္ပာယ်ဖော်ဆောင်ပေးရ၏။ အီဂျစ်ရောက် ပြင်သစ်တပ် ၄၀၀၀၀ ကို နယ်ဆင်က ပြင်သစ်နှင့် အဆက်ဖြတ်ထားလိုက်ပြီ ဖြစ်သော်လည်း နပိုလီယံ၏ ရှေးဟောင်းယဉ်ကျေးမှုလေ့လာရေးမှာ မည်သို့မျှ အရှိန်အဟုန် လျော့မသွားပါ။ မနုသီဟ (SPHINX) ရုပ်ထုကြီးကို အသေးစိတ်တိုင်းတာခဲ့ပြီး ရိုဆက်တာကျောက်[၂]ကို အဓိပ္ပာယ်ဖော်ဆောင်စေ၏။ အီဂျစ်နိုင်ငံကို မြေတိုင်းစေပြီး မြေအမျိုးအစားများ လေ့လာခြင်း၊ နိုင်းမြစ်ရေလျှံသည့်နေရာများ လေ့လာစေခြင်းများ ပြုလုပ်ခဲ့လေသည်။ နပိုလီယံက မနားတမ်း ရှေးဟောင်းလေ့လာမှုများ၊ သိပ္ပံလေ့လာချက်များ ပြုလုပ်နေသောလည်း သူ့ဗိုလ်ချုပ်များရော စစ်သည်များကပါ ညည်းညူလှပြီ။ ပြင်သစ်မှ စာမလာ သတင်းမကြားရသည်မှာလည်းကြာလှပြီ။ ပျော်ရွှင်မှု ကြိုက်နှစ်သက်သည့် ပြင်သစ်စစ်သည်များအတွက် အီဂျစ်မှာ ဘာပျော်စရာမှမရှိ၊ ခြောက်ခန်းလှသည့်အပြင် ရောဂါဘယကလည်း ထူပြောလှ၏။ အမှတ် ၃၂ ခြေလျင်တပ်ရင်းကြီးမှ ရဲဘော်တစ်ဦးက လုံခွပ်ကို ငါးမျှားချိတ်လုပ်ကာ ရေထဲမျှောပါလာသည့် အီဂျစ်စစ်သည်အလောင်းများကို ဆယ်ယူသည်မှအစပြု၍ အီဂျစ်အလောင်းဆယ်ယူခြင်းမှာ ပြင်သစ်စစ်သည်တို့ အပြင်းဖြေကစားနည်းတစ်နည်း ဖြစ်လာ၏။ အလောင်းများကို ဖုတ်ကြဉ်းသင်္ဂြိုဟ်ရန် ဆယ်ယူခြင်းတော့မဟုတ်။ အီဂျစ်စစ်သည်များသည် သူတို့ပိုင်ဆိုင်သည့် ရွှေငွေ ကျောက်မျက်ရတနာများကို စစ်မြေပြင်ယူသွားလေ့ရှိရာ အလောင်းများမှ ရွှေစငွေစများ၊ ကျောက်မျက်ရတနာများ ရတတ်သဖြင့် ဤကဲ့သို့ အလောင်းဆယ်ယူကြခြင်း ဖြစ်လေသည်။ သို့သော် အလောင်းဆိုသည်ကလည်း တိုက်ပွဲဖြစ်မှရ၏။ တိုက်ပွဲများပြီးသွားသော် အလောင်းမရနိုင်တော့။ ဆေးရုံများတွင် ပြင်သစ်စစ်သည်များနှင့် ပြည့်နေပြီ။ ရောဂါက စုံနံ့သာမြိုင်နေ၏။ အသားဝါရောဂါ၊ စကာဗီ (သွေးအားနည်း)ရောဂါ၊ ဆင်ရေထူရောဂါ (ဆင်ခြေထောက်ရောဂါ)၊ ကုဋ္ဌနူနာရောဂါ၊ မေးခိုင်ရောဂါ၊ မျက်စိရောဂါမျိုးစုံတို့အပြင် ကူးစက်တတ်သော ပုလိပ်ရောဂါမှာ အဆိုးဆုံးဖြစ်၏။ အစားကောင်းအသောက်ကောင်း ကြိုက်တတ်သူ ပြင်သစ်စစ်သည်ကြီးများအတွက် အီဂျစ်တွင်

---

၁။ Hieroglyphics ၂။ Rosetta Stone

ကုလားအုပ်သားနှင့် သောက်ရေ မည်းညစ်ညစ်သာ ရနိုင်သည်။ စစ်သည်များသာ မက ဗိုလ်ချုပ်များကပါ အီဂျစ်ကို စိတ်ကုန်နေပြီ။ လိန်းစ်က သူ့ဦးထုပ်မှ သုံးရောင်ခြယ်ဖဲကြိုးကို ဖြုတ်ပစ်ကာ သဲထဲတွင် ခြေနှင့်နင်းချေပြီး အီဂျစ်ကို ဆဲရေးတိုင်းထွာ၏။ မြူရတ်လည်း စိတ်ပျက်လှပြီဖြစ်၍ ဗိုလ်ချုပ်များစုပြီး နပိုလီယံအား အရေးဆိုရန် လိုလားနေ၏။ အရာရှိများစုပြီး ပုန်ကန်ကြမည်ဆိုလျှင်တောင် မြူရတ်ပါဝင်ရန် ဝန်မလေးတော့ပြီ။ တွေ့ကရာ မြင်ကရာ စိတ်တိုနေပြီဖြစ်သော စစ်ဗိုလ်များသည် နိုင်းမြစ်နံဘေးတွင် မကြာခဏ အချင်းချင်းချိန်း၍ သတ်ပုတ်ပွဲများ ကျင်းပကြ၏။ ဓားချင်းယှဉ်ခုတ်ကြ၏။ သေနတ်ချိန်းပြိုင်ပစ်ကြ၏။

နပိုလီယံအား အလွန်သစ္စာရှိပါသည်ဆိုသော စစ်ဦးစီးချုပ် ဘာသီယာကိုယ်တိုင် အီဂျစ်ကို အတော်စိတ်နာနေပြီ။ အာဖရိက၊ အာရှ၊ ပိရမစ်၊ နိုင်း... ဘာမှ ဘာသီယာ မကြားချင်တော့။ အစားအသောက်ပေါများပြီး လှပဖွယ်ယက်ဖွယ် ပေါကြွယ်လှသည့် အီတလီနှင့် တခြားစီပါတကား။ ဘာသီယာက အီဂျစ်တွင် ရောက်နေစဉ် သူ့ပြိုင်ဘက်တော်ကြီး မာဆေးနားတစ်ယောက် အီတလီတွင် ထင်တိုင်းကြဲနေတော့မည်။ သူတစ်ယောက်တည်း ပြိုင်ဘက်မရှိ လှယက်နေတော့မည်ကို ဘာသီယာ တွေးတောလေ အိပ်မပျော်လေဖြစ်နေ၏။ နပိုလီယံကို အမြဲကပ်၍ ပြင်သစ်ပြန်ပို့ရန် ဘာသီယာက အသနားခံ နားပူခဲ့ရာ တစ်နေ့တွင် နပိုလီယံက သူ့ဦးစီးချုပ်အား ပြင်သစ်ပြန်နိုင်ရန် သူ့နိုင်ငံကူးလက်မှတ်ကို ဘာသီယာအား ပြန်ပေးလိုက်၏။ သို့သော် မကြာမီ နပိုလီယံသည် နောက်ထပ်တိုက်ပွဲများ တိုက်တော့မည်။ အာရှကိုကူး၍ စစ်ဆင်မည်ကို သိလာသောအခါ ဘာသီယာ နပိုလီယံကို တစ်ယောက်တည်း မထားခဲ့ရက်တော့။ သူ့နိုင်ငံကူးလက်မှတ်ကို နပိုလီယံအား ပြန်ပေးလိုက်ကာ နောက်စစ်ဆင်ရေးများတွင် ဘာသီယာသည် စစ်ဦးစီးချုပ်အဖြစ် ကျိုးကျိုးနွံနွံ ဆက်လက် တာဝန်ထမ်းဆောင်သည်ကို တွေ့ရပါသည်။ နပိုလီယံသည် အာရှကူး၍တိုက်ရန် အကြံများကို လက်လျှော့လိုက်၏။ အီဂျစ်မှ ပုန်ကန်မှုများ နှိမ်နင်းရဦးမည်။ နောက်ပိုင်း ငြိမ်သွားသည်နှင့် ပြင်သစ်ပြန်ရန် လုံးပမ်းမည်။ ဆီးရီးယားနိုင်ငံမှဖြတ်၍ ဘော့ဖရပ်ရေလက်ကြားမှ ပြင်သစ်ပြန်ရန် နပိုလီယံ ဆုံးဖြတ်ခဲ့လေသည်။ ဆောင်းတွင်းကြီး၌ သဲကန္တာရမိုင် ၃၀၀ ကို ဖြတ်ကာ ဂါဇာကမ်းမြောင်ဒေသသို့ ပြင်သစ်တပ်တော် ရောက်လာ၏။ ၁၇၉၉ ခုနှစ် မတ်လထဲ၌ ဂျဖာ[1] မြို့တော်ကို သိမ်းပိုက်ကာ နပိုလီယံတပ်တော် မြောက်ဘက်သို့ ဆက်လက်ချီတက်ခဲ့ကြ၏။ စိန့်ဂျိုင်းဒီအေကာ[2] တိုက်ပွဲကို ဖော်ပြရမည်။ အင်္ဂလိပ်ရေတပ် တပ်မှူးဆစ်နေစမစ်[3] က မြို့ကို စနစ်တကျ ခံတပ်များ

---

၁။ Jaffa




အီဂျစ်ရောက် ဗိုလ်ချုပ်ကြီး နပိုလီယံ (၂၉)နှစ်အား (၁၇၉၈)ခုနှစ်တွင်
တွေ့ရပုံ

ပြုလုပ်ခုခံရာ နပိုလီယံတပ်များ မည်မျှရှုပ်ရှပ်ချုံချုံ တိုက်ခိုက်ကြစေကာမူ မြို့ကို မကပ်နိုင် ဖြစ်နေ၏။ လိန်းစ်ကိုယ်တိုင် ဦးစီး၍ သက်စွန့်ကြိုးပမ်း တိုက်သော်လည်း မြို့အခုအခံကောင်းလှသောကြောင့် မရခဲ့ချေ။ လိန်းစ်သာ ဒဏ်ရာရခဲ့လေသည်။ အခြားတစ်ဦးသာဆိုလျှင် ယင်းဒဏ်ရာနှင့်ပင် သေနိုင်လောက်၏။ သို့သော် လိန်းစ်၏ အရိုးတည်ဆောက်ပုံမှာ ဆန်းကြယ်လှ၏။ မည်သူမဆို အရိုးကို ကျည်ဆန်ထိမှန်လျှင် အရိုးကျေမွသွားပြီးမသေတောင် မစွမ်းမသန် ဖြစ်သွားရမည်။ သို့သော် လိန်းစ်အရိုးများမှာ ကျည်ဆန်မှန်၍ ကျိုးမသွား။ အရိုးက အနည်းငယ်သာ ချိုင့်သွား၍ ကျည်ဆန်ကကွေ့ပြီး အခြားနေရာမှ ထွက်သွား၏။ သို့မဟုတ် တစ်နေရာရာတွင် ကျည်ဆန်ရပ်နေတော့၏။ နောက်ဆုံး မြို့သိမ်းတိုက်ပွဲ၌ လိန်းစ် နားထင်ကို ကျည်ဆန်မှန်ပြီး လဲကျသွားရာ သေပြီဟု မြင်လိုက်ရသည့်သူတိုင်းက ယူဆလိုက်၏။ သို့သော် သစ္စာရှိသော ဗိုလ်ကြီးတစ်ယောက်က သူ့လူ ၅ ဦးနှင့် ရှေ့သို့တက်ကာ လိန်းစ်ကို ဆွဲယူ၏။ (လိန်းစ်က ထိုဗိုလ်ကြီးကို ဘယ်တော့မှ မမေ့။ စစ်ထဲကထွက်ပြီးကြသောအခါ ဗိုလ်ကြီးအား ဟိုတယ်တစ်ခု ထောင်ပေးထားကာ မကြာခဏ သူ့ထံ လိန်းစ်သွားရောက်လည်ပတ် ရေးဟောင်းနှောင်းဖြစ်များ ပြောကြ၏။) လိန်းစ် နားသယ်အရိုးများမှ ကျည်ဆန်သည် ကွေ့ပတ်ပြီး ဦးခေါင်းနောက်စေ့နားတွင် ရပ်နေတော့၏။ ကျည်ဆန်ကို အလွယ်တကူ ထုတ်ယူ၍ လိန်းစ် မကြာမီ ပြန်၍ထူထူထောင်ထောင် ဖြစ်လာလေသည်။ အခြားမည်သူမဆို နားထင်ကို ကျည်သင့်လျှင် သေမည်မုချ။ လိန်းစ်အရိုးများက ထူးဆန်းလှ၏။ လည်ပင်းအနည်းငယ်ခိုင်သလို ဖြစ်သွားရုံမှအပ လိန်းစ်သည် လူကောင်းပကတိ ပြန်ဖြစ်လာလေသည်။ အဘူကာတိုက်ပွဲ၌လည်း ရန်သူက အနီးကပ်ပစ်လိုက်ရာ လိန်းစ်၏ပေါင်ရိုးကို မှန်ပြန်၏။ သူ့အရိုးများက လိန်းစ်ကို ကာကွယ်လိုက်ပြန်ပြီ။ အရိုးကို ကျည်က ကွေ့ပတ်သွားပြီး ခြေသလုံးနောက်ပိုင်းတွင် ရပ်သွား၏။ လိန်းစ် သေနေ့မစေ့သေးဟု ဆိုရမည်။ ကွန်စတန်တီနိုပယ်မှဖြတ်၍ ပါရီပြန်ရန် အကြံကို နပိုလီယံက လက်လျှော့လိုက်၍ သူ့တပ်ကိုခေါ်ကာ ကိုင်ရိုသို့ ရောက်လာခဲ့ကြပြန်ပြီ။ ဆစ်နေစမစ်ကျေးဇူးကြောင့် ဥရောပ အနည်းငယ်အသက်ရှူပေါက်ရသွားပြန်ပြီ။

နပိုလီယံ ဆီးရီးယားမှ တပ်ပြန်ခေါ်လာပြီး မကြာမီ (၁၇၉၉ ခုနှစ်နွေကာလ၌) တူရကီက နပိုလီယံတပ်များအား လာစမ်း၏။ အဘူကာပင်လယ်ကွေ့၌ တူရကီက စစ်သည် ၁၀၀၀၀ ရေကြောင်းမှ လာရောက်ချထားလိုက်၏။ သို့သော် တူရကီများမှာ စစ်ပညာတော်လှန်ရေးကြီး ဖြစ်ခဲ့သည်ကို မသိသား

---

၁။ St Jean D' Acre ၂။ Sidney Smiths

ဆိုးဝါးလှ၏။ သူတို့တပ်များ အဘူကာ[၁]ဒေသ၌ ချထားပြီး လေးရက်ရှိသောအခါ တူရကီတပ်သား တစ်ဦးတလေမျှ အဘူကာ၌ မကျန်တော့ချေ။ သေသူသေ ကျသူကျ ရေနစ်သူနစ် ကျန်သူများအား နပိုလီယံတပ်များက ဖမ်းဆီးသွားကြ၏။ လိန်းစ်က ညာတောင်ပံမှ လျှပ်တစ်ပြက်တိုက်ပြီး မြူရတ်က သူ့မြင်းတပ်နှင့် ဘယ်တောင်ပံမှ မုန်တိုင်းဆင်သလို တိုက်ခိုက် ချေမှုန်းခဲ့ကြခြင်းဖြစ်၏။ မြူရတ် မြင်းတပ်ကို ရုပ်ရှင်ရိုက်ထားဖို့ကောင်း၏။ မြင်းတပ်ဟု အလွယ်ဆိုလိုက်ရသော်လည်း သူ့မြင်းတပ်တွင် ကုလားအုတ်များပါ အမြောက်အမြားပါသောကြောင့်တည်း။ ကာလံဒေသံနှင့်ကိုက်ညီအောင် လုပ်ဆောင်တတ်သူများအကြီးအကျယ် အောင်ပွဲခံနိုင်သည်မှာ မဆန်းပါ။ မြူရတ်မြင်းတပ်နှင့် ဒုန်းစိုင်းတိုက်သည်ကို ပထမဆုံးအကြိမ် တွေ့ကြရခြင်းဖြစ်၏။ နောင်ဒါမျိုး မကြာခဏကြုံကြရမည်။ ဂါစကွန်နယ်သား မြင်းတပ်မှူးကြီးတိုက်ပုံကို ကြည့်ကြပါစို့။ သူ့မြင်း၊ ကုလားအုတ်တပ်ရှေ့ဆုံးမှ ဓားတဝင့်ဝင့်ဖြင့် မြင်းဒုန်းစိုင်းတိုက်နေသူ မှာ မြူရတ်ဖြစ်၏။ သူ့ဓားကို ဤသို့ စာတမ်းထိုးထားလိုက်သေး၏။ **"ဂုဏ်သိက္ခာနှင့် ယမင်းပျိုများ"**[၂]

နောက်ကျကျန်သူ ရန်သူတူရကီစစ်သည်များအား မြင်းတပ်မှူးကြီးမြူရတ်က တစ်ဦးချင်းတိုက်ရန် စိန်ခေါ်လိုက်ချေသေး၏။ ယင်းတိုက်ပွဲ၌ ဘယ်နေရာက ပစ်လိုက်သည်မသိ မြူရတ်မေးရိုးကို ပစ္စတိုကျည် ထိမှန်ခဲ့လေသည်။ တိုက်ပွဲပြီးသောအခါ နပိုလီယံဘိုနာပတ်ကိုယ်တိုင် မြင်းစီး၍ မြူရတ်ထံလိုက်လာပြီး ဤသို့မေးခဲ့၏။ "ဒီတိုက်ပွဲမှာ တို့ချည်းပဲတိုက်ပြီး အောင်ပွဲခံမယ်လို့ မြင်းတပ်က သစ္စာဆိုထားသလားကွဲ့" စစ်သေနာပတိက မြင်းတပ်ကို ဤသို့အသားပေးသွားသည်ကို ညာတောင်ပံမှတိုက်ရသည့် လိန်းစ်က မကျေနိုင်မချမ်းနိုင် ဖြစ်နေ၏။

အဘူကာပင်လယ်ကွေ့တိုက်ပွဲအပြီး ဖြစ်ပျက်ခဲ့သည့် ထူးဆန်းထွေလာ ဖြစ်ရပ်များကို ဖော်ပြရဦးမည်။ တပ်တစ်တပ်နှင့် အရန်အဖြစ်နေခဲ့ရသည့် ဒဗိုးက တိုက်ပွဲပြီးသွားပြီး သူ့တပ်တိုက်ပွဲတွင် ပါဝင်ဆင်နွှဲခြင်းမပြုလိုက်ရသည်ကို မကျေနပ်နိုင်ဘဲ စစ်သေနာပတိ နပိုလီယံနှင့် တွေ့ခွင့်တောင်းကာ ဒဗိုးက အရေးဆိုတော့၏။ ဒဗိုးအား နပိုလီယံက တွေ့ခွင့်ပေးလိုက်ပြီး သူတို့နှစ်ဦးချင်း တွေ့ဆုံခြင်းဖြစ်၍ ဒဗိုးက ဘာတွေပြောပြီး စိတ်ပညာပါရဂူကြီး နပိုလီယံက ဘာတွေဖြေလိုက်သည်မည်သူမျှမသိကြရပါ။ သို့သော် ထိုအချိန်မှစ၍ ဒဗိုးသည် နပိုလီယံအပေါ် သစ္စာအရှိဆုံး တပ်မှူးကြီး ဖြစ်လာခဲ့လေသည်။ ဒဗိုးသည် နပိုလီယံအပေါ် သစ္စာရှိရုံတင်သာမက ထိုအချိန်မှစ၍ နပိုလီယံသည် သူ့အတွက် စံဖြစ်လာလေပြီ။ ဒဗိုး

၁။ Aboukir ၂။ Honneur et Dames



ဘာလုပ်လုပ် နပိုလီယံကို စံထားလုပ်၏။ အလုပ်ကြိုးစားပုံ။ သူ့အလုပ်ဖြစ်သည့် စစ်ပညာကို အပတ်တကုတ် ကြိုးစားရှာမှီးပုံ။ စမတ်ကျကျ ဝတ်စား နေထိုင်ပုံ၊– ဘာလုပ်လုပ် အားစိုက်ခွန်စိုက် အကောင်းဆုံးဖြစ်အောင် ကြိုးစားရာတွင် နပိုလီယံ သည် ဒမိုး၏ စံဖြစ်လာခဲ့ချေပြီ။ ဒါတွေတင်မကသေး တစ်ခါတစ်ခါတွင် အလွန် ယှဉ်ကျေးဖွယ်ရာရှိ၍ တစ်ခါတစ်ခါကျတော့ ဝုန်းခနဲ ဒိုင်းခနဲ (တမင်)ထလုပ်သည့် ညဥ်လေးကအစ ဒမိုးသည် နပိုလီယံထံမှ အမွေခံထားလိုက်လေသည်။

ထိုတိုက်ပွဲ၌ လိန်းစ်ပါ ခြေထောက်၌ ဒဏ်ရာရ၍ ဆေးရုံတက်ရ၏။ ဆေးရုံ၌ မြူရတ်နှင့် ခုတင်ချင်းယှဉ်၍ နေရသဖြင့် လိန်းစ်သည် မကျေနိုင်မချမ်းနိုင် ဖြစ်နေလေသည်။ လိန်းစ် စိတ်မချမ်းသာစရာ နောက်ထပ်သတင်းတစ်ခု ပါရီမှ ရောက်လာချေသေး၏။ လွန်ခဲ့သည့် ၁၄ လက သူ့နောက်ဆံတတင်းတင်းဖြင့် ခွဲခွာလာရသည့် သည်းမြည္ဘာချစ်ဇနီးသည်က သန်မာထွားကျိုင်းလှသည့် သား ယောကျ်ားကလေးတစ်ဦး မီးရှူးသန့်စင်ဖွားမြင်သည် ဟူသတတ်။ အဘုကာ လျှပ်တစ်ပြက်တိုက်ပွဲဖြင့် နပိုလီယံသည် အီဂျစ်တွင် အခြေခိုင်အောင်လုပ်နိုင်သည် ကား မှန်၏။ သို့သော် ယင်းတိုက်ပွဲအပြီး မကြာမီမှာပင် ဆစ်နေစမစ်က နပို လီယံထံ သတင်းစာအဟောင်းအချို့ ပေးလိုက်သဖြင့် နပိုလီယံနှင့် သူ့တပ်မှူး ကြီးများ အဘုကာအောင်ပွဲအရသာကို မခံစားနိုင်ကြတော့ချေ။ စစ်အကျဉ်းသား ချင်း လဲလှယ်ကြရာ၌ နပိုလီယံထံ ပြန်ရောက်လာမည့် ပြင်သစ်စစ်သည်များအား ဆစ်နေစမစ်က ဖရင်ဖတ်ထုတ်သတင်းစာအချို့[၁] ပို့ပေးလိုက်ခြင်း ဖြစ်လေသည်။ နပိုလီယံအဖို့ ပြင်သစ်နှင့် ပါရီမှ သတင်းမရသည်မှာ ကြာပြီဖြစ်သည်မို့ ဘာသိ ယာနှင့်အတူ ဆစ်နေစမစ်ပို့လိုက်သည့် သတင်းစာများကို လေးနာရီကြာမျှ အခန်း အောင်း လှေလာဖတ်ရှုကြ၏။ သတင်းစာများဖတ်အပြီး နပိုလီယံက သူ့ရေတပ် တပ်မှူးကြီး ဗိုလ်မှူးကြီး ဂင်တိုမီ[၂]ကို အမြန်အခေါ်ခိုင်းလိုက်၏။ သင်္ဘောများ အမြန်ဆောက်ပေးရမည်။ အမြန်ဆုံးလိုချင်သည်။ ဂင်တိုမီ ဆောက်လုပ်ပေးသည့် မြူရွန်နှင့် ကာရေသင်္ဘော[၃] နှစ်စီးဖြင့် နပိုလီယံ အီဂျစ်မှ ပြင်သစ်သို့ ပြန်လာ လေသည်။ သူနှင့်အတူ တပ်မှူးကြီး အနည်းငယ်သာပါ၏။ ဘာသီယာ၊ လိန်းစ်၊ မြူရတ်၊ မားမွန့်နှင့် ဘက်ဆီယာတို့အပြင် သိပ္ပံပညာရှင် အနည်းငယ်နှင့်အတူ နပိုလီယံ ပြင်သစ်ပြည်တော်ပြန်ခရီး နှင်ခဲ့လေသည်။ ညကြီးသန်းခေါင်တွင် ထွက်လာကြခြင်းဖြစ်၍ သူတို့သင်္ဘောပေါ်ရောက်စက ခပ်လှမ်းလှမ်းတွင် မီးမှိတ် ထားသည့် စစ်သင်္ဘောတစ်စင်း မြင်နေရ၍ စိတ်မချမ်းသာကြ။ ဆစ်နေစမစ်၏

---

၁။ Journal De Francfort

၂။ Admiral Genteaume

၃။ Muiron And Carrere

အင်္ဂလိပ်စစ်သင်္ဘောပဲ ဖြစ်ရမည်။ သို့သော် နပိုလီယံကံက ကောင်းဆဲဖြစ်၏။ လေလေးသုတ်လာပြီး ရောင်နီသန်းလာသည့်အခါ ဘာစစ်သင်္ဘောကိုမျှ မမြင်ကြရတော့ချေ။ လမ်းကြောင်းကို နပိုလီယံကိုယ်တိုင် ရွေးချယ်ခဲ့၏။ အင်္ဂလိပ်စစ်သင်္ဘောများလက်ထဲသို့ ဘယ်နည်းနှင့်မှ အကျမခံ။ လိုအပ်က သူ့အရာရှိများနှင့် ကမ်းတက်ကာ မြူနစ်မှ ဂျီဘရောလ်တာအထိ ကြည်းကြောင်းချီတက်တိုက်ခိုက် ဖောက်ထွက်သွားမည်။ ထို့ကြောင့် ၂၁ ရက်တိုင်တိုင် ပြင်သစ်ဖရီဂိတ်[၁] သင်္ဘောငယ်နှစ်စင်းသည် အာဖရိကကမ်းခြေမှ ရေဆန်လေဆန် ခုတ်မောင်းလာကြ၏။ သုံးပတ်ကြာသောအခါ ကိပ်ဘွန်း[၂]သို့ ရောက်လာကြပြီ။ သည်က ရှေ့ခရီးမှာ အစိုးရိမ်ရဆုံး ဖြစ်လေသည်။ ကိပ်ဘွန်းမာဆာလာ[၃] ဒေသတွင် အင်္ဂလိပ်ရေတပ်မှ ခရူဇာစစ်သင်္ဘောများ များပြားလှ၍ အာရှမိုင်းနားဘက်မှ လေကောင်းသည့်ညတွင်မှ ပြင်သစ်ဖရီဂိတ်သင်္ဘောနှစ်စင်းသည် မီးအားလုံးမှိတ်ကာ အရှေ့မြောက်သို့ ထွက်လာခဲ့ကြ၏။ အားလုံး ဘိုနာပတ်၏ ကံကြမ္မာကို အားကိုးလာခဲ့ကြခြင်း ဖြစ်လေသည်။ တစ်လမ်းလုံး မီးထိန်ထိန်လင်းနေသည့် ဗြိတိသျှခရူဇာသင်္ဘောများကို မြင်ခဲ့ကြရ၍ နံနက်ရောင်နီလာသောအခါ အင်္ဂလိပ်သင်္ဘောများဘေးရန်မှ လွတ်မြောက်ခဲ့ကြ၍ ကာသေ့ချ်နှင့် ရင်ပေါင်တန်းနေရာသို့ ရောက်လာခဲ့ကြလေပြီ။ ထိုနေရာမှ မြောက်ဘက်သို့ တည့်တည့်ကြီးခုတ်မောင်းလာကြရာ မကြာမီ (ကော်ဆီကာကျွန်း) အဂျေဆီယို[၄]သို့ ဆိုက်ကပ်နိုင်ခဲ့ကြလေသည်။ အဂျေဆီယိုတွင် နပိုလီယံတို့လူသိုက် နိုဗီတိုက်ပွဲသတင်း ကြားကြရပါပြီ။ ၁၇၉၉ ခုနှစ် ဩဂုတ်လ ၁၅ ရက်နေ့တွင် ရုရှဗိုလ်ချုပ်ကြီး ဆုဗိုရော့က အီတလီမြောက်ပိုင်း နိုဗီမြို့တွင် ပြင်သစ်စစ်တပ်များကို အောင်ပွဲခံလိုက်နိုင်ပြီ ဖြစ်လေသည်။ (ပြင်သစ်ဗိုလ်ချုပ်ကြီး)ဂျောဘတ် ကျဆုံးပြီဖြစ်၍ ပဲရစ်နွန်နှင့် ဂရောက်ချီတို့[၅]က ရန်သူထံ လက်နက်ချအညံ့ခံလိုက်ကြသည့် အမင်္ဂလာသတင်းကြီးကို နပိုလီယံကြားလိုက်ရပြီဖြစ်ပေသည်။ လောလောဆယ် ဘာမှမတတ်နိုင်သေး။ ထို့ကြောင့် နပိုလီယံနှင့် အဖွဲ့သည် လေးရက်မျှ ကော်ဆီကာကျွန်းတောင်များတွင် အမဲလိုက်တောကောင် ပစ်ခတ်ခဲ့ကြပြီးမှ ကော်ဆီကာမှ ပြင်သစ်သို့ နောက်ဆုံးခရီးတစ်ထောက်ကို စတင်ခဲ့ကြလေသည်။ သူတို့ ပြင်သစ်ကမ်းခြေကို မြင်နေရပြီဖြစ်သော်လည်း သူတို့ဖရီးဂိတ်သင်္ဘောငယ်နှစ်စင်းနှင့် ပြင်သစ်အကြားတွင် စစ်သင်္ဘော ၁၂ စင်းရှိနေ၏။ ရုရှစစ်သင်္ဘောများ ဖြစ်နိုင်၏။ ထို့ကြောင့် အရှေ့မြောက်သို့ ခုတ်မောင်းလာကြရာ ညနေရောက်သောအခါ မြူမှုန်မြူခိုးများအောက်တွင်

---

၁။ Frigate
၂။ Cape Bon
၃။ Marsala
၄။ Ajaecio
၅။ Joubert, Perignon And Grouchm

ရုရှစစ်သင်္ဘောများ ပျောက်ကွယ်သွားချေပြီ။ သူတို့ကိုလည်း ရုရှများက မြင်နိုင်ဖွယ် မရှိတော့။ နပိုလီယံကံက တောက်ပြောင်ဆဲဖြစ်ချေသည်တကား။ ပင်လယ်ခရီး ၃၄ ရက်မြောက်နေ့တွင် ဖရီးဂိတ်နှစ်စင်းသည် ပြင်သစ်နိုင်ငံ ဖရီဂျူတွင် ဆိုက်ကပ်နိုင်ကြပြီ ဖြစ်သည်။ အီဂျစ်တွင် ကျန်ခဲ့သော ပြင်သစ်တပ်တော်မှာ နှစ်ပိုင်းကွဲသွား၏။ ဗိုလ်ချုပ်ကြီး မိနော[၁]က ဘိုနာပတ်အုပ်စု[၂]ကို ဦးဆောင်ပြီး ဗိုလ်ချုပ်ကြီး ကလက်ဘာ[၃]က ဘိုနာပတ်ဆန့်ကျင်သူများအား ဦးဆောင်ခဲ့လေသည်။ ကလက်ဘာကလည်း မကြာမီ အီဂျစ်အကြမ်းဖက်သမားတစ်ဦး လက်ချက်ဖြင့် ကွယ်လွန်ခဲ့လေသည်။ မှတ်မှတ်ရရ မရင်ဂိုတိုက်ပွဲဖြစ်သည့်နေ့တွင် ကလက်ဘာ ကွယ်လွန်ခဲ့ရခြင်း ဖြစ်လေသည်။ ဒဗိုးမှာ နပိုလီယံအပေါ် သစ္စာရှိသူပီပီ ဗိုလ်ချုပ် မိနော အုပ်စုတွင် ပါဝင်ခဲ့လေသည်။ နပိုလီယံအပေါ် သစ္စာရှိလှသော ဗိုလ်ချုပ်မိနော အုပ်စုသို့ ဒဗိုးဝင်ရောက်လိုက်ခြင်းဖြစ်၏။ မိနောမှာ ခပ်ကြောင်ကြောင်လူစား ဖြစ်လေသည်။ မူဆလင်အမျိုးသမီးတစ်ဦးကို လူသိရှင်ကြား လက်ထပ်လိုက်ကာ ဗိုလ်ချုပ်ကြီးမိနောကိုယ်တိုင် မူဆလင်ဘာသာသို့ ကူးပြောင်းလိုက်ကြောင်း ပြင်သစ်တပ်များ ကြားသိလိုက်ကြရ၏။ မိနော ကြောင်သည်က အရေးမကြီး၊ နပိုလီယံ ဘိုနာပတ်အပေါ် သစ္စာရှိဖို့သာ လိုသည်။ ထို့ကြောင့် ဒဗိုး မိနောအုပ်စုတွင် ပါဝင်လိုက်ခြင်းဖြစ်လေသည်။

---

၁။ Menou
၂။ Bournapartists
၃။ Kleber

# အခန်း (၄)

## မာဆေးနားနှင့် ဆူပိုရော့

၁၇၉၉ ခုနှစ်စက ပြင်သစ်ပြည်ထောင်စုပြိုကွဲရန် နည်းနည်းသာလိုတော့လေသည်။ ပြင်သစ်နှင့် မဟာမိတ်ဆို၍ ပြောပလောက်အောင်မရှိတော့ဘဲ ရန်သူများကသာ ဝိုင်းဝိုင်းလည်နေသည့် အခြေအနေဖြစ်၏။ အင်္ဂလိပ်နှင့် ရုရှက မဟာမိတ်များ ဖြစ်သွားပြီး အင်တာဝပ်နှင့် ဟော်လန်ကို ဝင်တိုက်ရန် အစီအစဉ်များ လုပ်နေကြပြီ။ ပေါ်တူဂီကလည်း ပြင်သစ်၏ ရန်သူဖြစ်သွားပြီး နေပေါလ်စ်[၁] ကလည်း ပြင်သစ်အား တော်လှန်ရန် ဟန်တပြင်ပြင်ဖြစ်နေ၏။ ပိမောင့်[၂]ဘုရားရှိခိုးကျောင်းများ၊ နန်းတော်နှင့် ပြတိုက်များ၊ အိမ်ကြီးအိမ်ကောင်းများ အားလုံးကို ဂျောဘတ်နှင့် ဂရောက်ချီတို့က ဖြူကာပျာကာကျအောင် လုယက်ထားကြပြီ။ ပိမောင့်ဘဏ္ဍာတိုက်မှ ၃ လအတွင်း ပြင်သစ်တပ်တော်က ဖရင့်ဒင်္ဂါး ၁၀ သန်းကျော် ထုတ်ယူထားပြီးဖြစ်၍ ယခုပိမောင့်ကလည်း ပြင်သစ်ကို အတိအလင်း ပုန်ကန်ခြားနားနေလေပြီ။ ၁၇၉၉ ခုနှစ် မတ်လ ၁၂ ရက်နေ့၌ သြစတြီးယားဧကရာဇ်ဘုရင်က ပြင်သစ်ပြည်ထောင်စုအား စစ်ကြေညာလိုက်ပြီး နှစ်ပတ်အတွင်း အာချ်ဂျူချာစ်[၃]က ပြင်သစ်ဗိုလ်ချုပ်ကြီးဂျော်ဒန်အား စတော့ကက်[၄]၌ အောင်ပွဲခံလိုက်ပြန်ပြီ။ ပြင်သစ်တပ်များသည် တောမည်း[၅]မှဖြတ်ကာ ရိုင်းမြစ်အထိ ဆုတ်

---

၁။ Naples
၂။ Piedmont
၃။ Archduke Charles
၄။ Stockach
၅။ Black Forest

ပေးကြရ၏။ ရုရှတပ်တော်တစ်ခုကို အင်္ဂလိပ်တို့က လက်နက်ပစ္စည်းတပ်ဆင်ပေးပြီး ကော်ဆာကော့ဗ်[၁] ဦးဆောင်ကာ ရိုင်းမြစ်ဘက်သို့ ချီတက်လာကြလေသည်။ အာချ်ဂျူချာစ်နှင့် ရုရှတပ်တော်တို့ လက်တွဲကြမည်။ နောက်ထပ် ရုရှတပ်တော်တစ်ခုက အီတလီမြောက်ပိုင်းသို့ ချီတက်လာပြီး ပိမောင့်သူပုန်များကို ကူညီအားပေးကာ နေပေါလ်စ်ကို (ပြင်သစ်များအား ပုန်ကန်ရန်) မြှောက်ထိုးပင့်ကော်လုပ်မည်။ ယင်းတပ်တော်မှူးကား နာမည်ကြီး ဆူဗိုရော့တည်း။ ဆူဗိုရော့မှာ နာမည်တစ်လုံးနှင့်သူဖြစ်၏။ မြို့တွေဖျက်ဆီးလုယက်သူ၊ တူရကီနှင့် ပိုလန်ကမြွေပွေးလိုကြောက်ရသူ၊ ဇာဘုရင်၏ လက်သုံးတော်ရှုံးပွဲမရှိ တိုက်တိုင်းအောင် ရုရှဗိုလ်ချုပ်ကြီး ဖြစ်ပေ၏။ ပြင်သစ်ပြည်ထောင်စုတပ်သားများ နေရာတကာတွင် ရန်သူပတ်လည်ဝိုင်းနေပြီ။ ပြင်သစ်တို့ အဒစ်စစ်ကြောင်း[၂]မှ ဆုတ်ပေးကြရပြီး မကြာမီ မင်ဆီယို[၃]မှ ဆုတ်ကြရပြန်ပြီ။ တော်လှန်ရေးပြီးခါစက ပြင်သစ်တို့ ကျားကုတ်ကျားခဲတိုက်ယူရသည့် မင်တျူအာမြို့ပါ ရန်သူ့လက် ပြန်ကျသွားခဲ့လေသည်။ တျူရင်၊ မီလန် ကျသွားပြီး ပြင်သစ်ဗိုလ်ချုပ်ကြီး မိုရိုး[၄](ဟိုမင်လင်ဒန်တိုက်ပွဲ အောင်ပွဲရဗိုလ်ချုပ်ကြီး) ပါဂီနီအာအထိ ဆုတ်ပေးရ၍ စီရူးရားနှင့် ပြင်သစ် ၃၀၀၀ ကို ရန်သူတို့က လက်ရဖမ်းမိလိုက်၏။ မက်ဒိုနယ်ကနေပေါ်စ်မှ မိုရိုးကိုစစ်ကူပေးရန် ချီတက်လာစဉ် ထရက်ဘီယာ[၅]၌ ဆူဗိုရော့နှင့် တွေ့ဆုံတိုက်ခိုက်ရာ ပြင်သစ်တို့ တပ်လန်လာပြီး ဂီနိုအာသို့ဆုတ်ကာ မိုရိုးလူများနှင့် ပူးပေါင်းထားကြရ၏။ ဩဂုတ်လ ၁၅ ရက်နေ့၌ နိုဗီတွင် (အထက်တစ်နေရာတွင် ဖော်ပြခဲ့သည့်အတိုင်း) ဆူဗိုရော့က ဩစတြီးယားရုရှား ပူးပေါင်းတပ်တော်နှင့် ပြင်သစ်များအား အောင်ပွဲခံလိုက်၏။ ပြင်သစ်တပ်တော်မှူး ဂျောဘတ်ကျဆုံး၍ ပဲရစ်နှုန်းနှင့် ဂရောက်ချီတို့က ဆောလျင်စွာ လက်နက်ချအညံ့ခံကြ၏။ ဗိုလ်ချုပ်ကြီးစိန်စီယာက ကြံ့ကြံ့ခံ စည်းကမ်းထိန်းပေး၍သာ ပြင်သစ်တပ်တော်တစ်ခုလုံးပြုတ်ပြုတ်မပြုန်းခဲ့ခြင်း ဖြစ်တော့၏။ ၁၇၉၉ ဇူလိုင်လ အခြေအနေမှာ ဖော်ပြခဲ့သည့်အတိုင်း ပြင်သစ်တပ်များ အရှုံးမီးဝိုင်းအခြေအနေ ဖြစ်တော့၏။

ရိုင်းတပ်တော်မှာ အရှုံးကြီးရှုံးခဲ့၍ စိတ်ဓာတ်ကျနေပြီး ရိုင်းမြစ်ပြန်ရောက်နေပြီ။ အီတလီတပ်တော်ဟူ၍မရှိတော့။ ပြိုကွဲသွားပြီ။ အီတလီမြောက်ပိုင်းတစ်ခုလုံး၊ ရောမမြို့တော်၊ နေပေါလ်စ် အားလုံးကျသွားပြီ။ အင်္ဂလိပ်ရုရှတပ်များ ဖလင်ဒါတွင် ရောက်နေကြပြီ။ မြောက်ဘက်၊ အရှေ့ဘက်၊ တောင်ဘက် အရပ်သုံးမျက်နှာမှ ရန်သူတပ်တော်များ ပြင်သစ်ပြည်သို့ ချီတက်လာကြပြီဖြစ်၏။

---

၁။ Korsakov
၂။ Adige
၃။ Mincio
၄။ Moreau
၅။ Trebbia

ထိုစဉ်၌ ဗိုလ်ချုပ်ကြီး နပိုလီယံဘိုနာပတ်သည် သူ့လူ ၄၀၀၀၀ နှင့် အီဂျစ်တွင် ပိတ်မိနေ၏။ ပြင်သစ်သို့ နပိုလီယံ မပြန်နိုင်အောင် နယ်ဆင်၏ အင်္ဂလိပ်ရေတပ်က ပိတ်ဆို့ထားလေသည်။ ဥရောပတစ်ခုလုံးတွင် ပြင်သစ်တပ်တော်တစ်ခုတည်းသာ ကျန်တော့လေသည်။ ဗိုလ်ချုပ်ကြီး မာဆေးနားဦးစီးသည့် ဆွစ်ဇာလန်တပ်တော်[၁] ဖြစ်သည်။ တစ်ကြိမ်က မှောင်ခိုသမား မာဆေးနားတစ်ဦးတည်းသာ ပြင်သစ်ကို ကာကွယ်နေရလေသည်။ ဆွစ်ဇာလန်မြောက်ပိုင်း အရှေ့နှင့်တောင်ပိုင်း နယ်ခြားတွင် မာဆေးနားတပ်တော်က ဖြန့်လျက် နေရာယူထားရ၏။ မာဆေးနားတပ်တော်က ဆွစ်ဇာလန်ကို ထိန်းထားနိုင်သမျှ အာချ်ဂျူချုတ်က ရိုင်းမြစ်ကို မဖြတ်ရဲ။ ဆူဗိုရော့ကိုယ်တိုင်ပင် ပြင်သစ်နိုင်ငံတွင်းသို့ ဝင်မတိုက်ရဲသေး။ မာဆေးနားက သူ့တပ်များနှင့် ရုရှတပ်တော် ဆက်သွယ်ရေးလမ်းကြောင်းများ ဖြတ်တောက်ပစ်မည့် အန္တရာယ်ရှိနေ၏။ ထို့ကြောင့် ပြင်သစ်ပြည်ထောင်စုကာကွယ်ရေးမှာ မာဆေးနားအပေါ် မူတည်နေ၏။ မာဆေးနားမှာ ပြင်သစ်ကာကွယ်ရေးအတွက် တစ်ဦးတည်းသော ဗိုလ်ချုပ်ကြီး ဖြစ်နေပြီ။ မာဆေးနားတပ်တော်မှာ ပြင်သစ်ပြည်ထောင်စု ကာကွယ်ရေးအတွက် တစ်ခုတည်းသောတပ်တော် ဖြစ်စေကာမူ အခြေအနေအရ သူက တစ်ပန်းသာနေသောအချက်များ ရှိနေ၏။ သူခံစစ်ယူထားသည့် ဆွစ်ဇာလန်နိုင်ငံမှာ တောင်ထူထပ်လှ၍ ခံစစ်တိုက်၍ အကောင်းဆုံး မြေအနေအထား ဖြစ်နေ၏။ သူ့ရဲဘော်များမှာလည်း စစ်ရည်ဝပြီးသား တောင်ပေါ်တိုက်ပွဲ ကျွမ်းကျင်သူများ ဖြစ်ကြသည်။ အားလုံးစိတ်ချရသော ဝါရင့်စစ်သည်များသာဖြစ်၏။ အကောင်းဆုံးအချက်ကား တပ်တော်တစ်ခုလုံးတွင် အရာရှိများမှာ အားအကိုးရဆုံး၊ အရည်အချင်းအရှိဆုံးသူများ ဖြစ်၏။ ၁၈ ရာစုနှစ်တွင် အရည်အချင်းအပြည့်ဝဆုံး အရာရှိများ ဦးစီးသော တပ်တော်ကို ပြပါဆိုလျှင် မာဆေးနား၏ ဆွစ်ဇာလန်တပ်တော်ကို ပြရမည်။

**အော့ဒီနော့** မှာ ဦးစီးချုပ်ဖြစ်၏။ အလွန်အရည်အချင်းပြည့်ဝ၊ အလွန်ခေါင်းမာ သတ္တိကောင်းသူတည်း။ **ဆူချေး**[၂] မှာ တပ်မဟာမှူးတစ်ဦးဖြစ်၏။ နောက်ပိုင်း၌ နပိုလီယံ၏ အရည်အချင်းအရှိဆုံး စစ်သူကြီးတစ်ဦးဖြစ်လာမည့်သူ ဖြစ်ပေ၏။ အရာရှိငယ်တစ်ဦးမှာ **မော်တီယာ** ဖြစ်၍ မကြာမီ စစ်သူကြီးဖြစ်လာမည့်သူ ဖြစ်သည်။ အရေးအကြီးဆုံး စစ်သည်ကြီးနှစ်ဦးကို နောက်ဆုံးမှ ဖော်ပြမည်။ **မိချယ်နေး** နှင့် **နီကိုလတ်စ်ဂျိုင်းဒီဒိုးဆိုလ်တ်**[၃] တို့ ဖြစ်၏။

---

၁။ Army of Switzerland

၂။ Suchet

၃။ Michel Ney And Nicholas Jean.De.Dieu Soult

မိချယ်နေးမှာ လော်ရိန်းပြည်နယ်သား ရဲဘော်ဟောင်းတစ်ဦးသားဖြစ်၏။ တော်လှန်ရေးမစမီကတည်းက နေးတစ်ယောက် မြင်းတပ်ရဲဘော်ဖြစ်နေပြီး တော်လှန်ရေးဖြစ်ပြီးသောအခါ မြင်းတပ်မှာပင် ဗိုလ်ကြီးအဆင့်ရရှိရပြီး ဖြစ်လေသည်။ ဗာလ်မီ[၁] တိုက်ပွဲမှာ နေး၏ပွဲဦးထွက်တိုက်ပွဲဖြစ်ပြီး ဟော်လန်၊ ဘယ်ဂျီယံ ဖြတ်၍ ရိုင်းမြစ်အထိ တိုက်ခဲ့သော တိုက်ပွဲတိုင်းတွင် နေးမှာ ရှေ့ပြေးတပ်ခေါင်းဆောင် ဖြစ်လေသည်။ မျက်လုံးပြာပြာ ဆံပင်နီကြောင်ကြောင်နှင့် နေးမှာ အလွန်သတ္တိကောင်းသည့် ပထမတန်းစား ဓားခုတ်သမား၊ မြင်းစီးချန်ပီယံ တစ်ဦးဖြစ်၏။ သူ့ဘဝ ရည်မှန်းချက်မှာ စစ်ဘက်ဂုဏ်သိက္ခာ[၂] ကြီးကြီးမားမား ရရှိရေးပင်ဖြစ်လေသည်။

**ဆို့လ်တ်**မှာ လူတစ်မျိုးဟု ဆိုရမည်။ ဖခင်မှာ ကျေးရွာလေးတစ်ခုမှ အရာရှိငယ်တစ်ဦးဖြစ်၏။ ၁၆ နှစ်သားအရွယ်တွင် ဘုရင့်ကြည်းတပ်တွင် ဝင်ရောက် အမှုထမ်းဆောင်၏။ ဆို့လ်တ်မှာ စစ်သားကောင်းတစ်ဦး ဖြစ်ပုံရလေသည်။ စစ်ထဲဝင်ပြီး မကြာမီ တပ်ကြပ်ကြီးဖြစ်လာ၏။ ရည်မှန်းချက်ကြီးမားသူဖြစ်၏။ သို့သော် သူ့ရည်မှန်းချက်များမှာ တစ်ခုပြီးတစ်ခု ပြောင်းလာသည်ကို တွေ့ရ၏။ ဆို့လ်တ်၏ ပထမရည်မှန်းချက်မှာ စစ်သားကောင်းတစ်ဦးဖြစ်ရန် ဖြစ်လေသည်။ တပ်ကြပ်ကြီးရာထူးရပြီးကာမှ ရွာသို့ခွင့်ဖြင့်ပြန်လာစဉ် ဆို့လ်တ်ဘဝရည်မှန်းချက် ပြောင်းသွားလေပြီ။ ပေါင်မုန့်ဖိုတစ်လုံးပိုင်ဆိုင်ပြီး ပြင်သစ်နိုင်ငံတွင် အကောင်းဆုံး ပေါင်မုန့်ဖုတ်သမားတစ်ဦး ဖြစ်လာရမည်။ သို့သော် သူ့မိဘဆွေမျိုးများကဖျောင်းဖျပြီး ဆို့လ်တ်အား သူ့တပ်သို့ ပြန်ပို့လိုက်ကြလေသည်။ သူ့အတွက်ရော ပြင်သစ်တပ်မတော်တွင်ပါ ကံကောင်းသည်ဆိုရမည်။ ကံကောင်းထောက်မ၍ ဆို့လ်တ်တစ်ယောက် ပေါင်မုန့်ဖုတ်သမားအဖြစ် ဇာတ်မသိမ်းခဲ့ရခြင်းဖြစ်၏။ တော်လှန်ရေးကာလတွင် အခြားအရာရှိများကဲ့သို့ပင် ဆို့လ်တ်သည် ရာထူးကြီးများတိုးတက်ရလာပြီး ဇူးရစ်တိုက်ပွဲစဉ်မတိုင်မီ ဖလင်းဒါး၊ ရိုင်းနယ်များတွင် စစ်အတွေ့အကြုံ အတော်များခဲ့ပြီ ဖြစ်လေသည်။ ဆို့လ်တ်သည် နပိုလီယံဘိုနာပတ်နှင့် မာရင်ဂိုတိုက်ပွဲပြီးမှ တွေ့ရတော့၏။

၁၇၉၉ ခုနှစ်၌ ဩစတြီးယား ရုရှမဟာမိတ်များ လုပ်ဆောင်နိုင်သည့် တစ်ခုတည်းသောနည်းလမ်းမှာ သူတို့တပ်တော်များပူးပေါင်းပြီး မာဆေးနား၏ ဆွစ်ဇာလန်တပ်တော်ကို ချေမှုန်းရန်ဖြစ်လေသည်။ ဤကဲ့သို့ လုပ်ဆောင်နိုင်ရန်လည်း အခြေအနေက ပေးနေ၏။ ဆွစ်ဇာလန်ခံစစ်အနေအထားမှာ အရှေ့ဘက်

သို့ ငေါထွက်နေသည့် အင်္ဂစွန်း[၁] လို ဖြစ်နေလေသည်။ အင်္ဂစွန်းခံစစ်သဘောမှာ မိမိဘက်က ရန်သူ့ဆက်သွယ်ရေးလမ်းကြောင်းများကို ခြိမ်းခြောက်နိုင်သလို ရန်သူကလည်း သုံးဘက်သုံးတန်မှ အင်္ဂစွန်းကို ဝိုင်းတိုက်နိုင်မည့် အန္တရာယ်ရှိလေသည်။ အထူးသဖြင့် ရန်သူက ခံစစ်ဆင်နေသူများထက် အဆမတန် အင်အားသာသည့်အခါ ယင်းနည်းဗျူဟာမျိုးသုံး၍ သုံးဘက်သုံးတန်မှ ဝိုင်းတိုက်နိုင်လေသည်။ ဩစတြီးယား ရုရှမဟာမိတ်များက ရန်သူပြင်သစ်များထက် အဆမတန် အင်အားသာနေသည့်အလျောက် သုံးဘက်မှသာမက အရပ်(၄)မျက်နှာမှ တစ်ပြိုင်တည်း ထိုးစစ်ကြီးဆင်နွှဲခဲ့လေသည်။ မြောက်ဘက်မှလည်းကောင်း၊ အရှေ့မြောက်ဘက်မှ ရိုင်းမြစ်ကိုဖြတ်၍လည်းကောင်း၊ အရှေ့ဘက်မှ စစ်နှစ်ကြောင်းထိုး၍လည်းကောင်း၊ တောင်ဘက်မှလည်းကောင်း တစ်ချိန်တည်း တစ်ပြိုင်တည်း တိုက်နိုင်ခဲ့ကြခြင်းဖြစ်၏။ ကံကောင်းထောက်မ၍ အီတလီစစ်မျက်နှာမှ ဆူဗိုရော့ အီတလီစစ်မျက်နှာ ရောက်မလာသေး။ အရှေ့ဘက်မှ ရန်သူစစ်ကြောင်းတစ်ကြောင်းက ဂရီဆုံ[၂] ကို ရလိုက်ပြီး ရိုင်းမြစ်ကို အထက်ပိုင်းမှဖြတ်ကာ ဇူးရစ်ကို သိမ်းပိုက်လိုက်လေ၏။ အီတလီမှ ဆူဗိုရော့တပ်တော်ကိုပါ ခေါ်ယူလိုက်ပြီး မြောက်ပိုင်းမှ အာချ်ဂျူချာစ်တပ်တော်ကိုပါ ဆွစ်ဇာလန်စစ်မျက်နှာသို့ ခေါ်ယူလိုက်လျှင် မာဆေးနားတပ်တော် ထွက်ပေါက်မရှိတော့။ ချိန်ကိုက်လုပ်နိုင်ရန်တော့လို၏။ ဤကဲ့သို့ ခြိမ်းခြောက်နေသည့် အန္တရာယ်က ကြီးမားလှသဖြင့် ခေါင်းအေးအေးမထားတတ်သည့် တပ်မှူးဖြစ်လျှင် သူ့တပ်တော်ကို ဆွစ်ဇာလန်မှ အမြန်ပြန်ဆုတ်တော့မည်မှချဖြစ်၏။ ပြင်သစ်အတွက် ကံကောင်းသည်မှာ မာဆေးနားမှာ ဤကဲ့သို့ တပ်တော်မှူးမဟုတ်။ မာဆေးနားလို အေးဆေးတည်ငြိမ်သည့် တပ်မှူး ရှာမှရှားလှ၏။ အခြေအနေတစ်ရပ်လုံးကို ခြုံငုံသုံးသပ်နိုင်သူ ဖြစ်လေသည်။ ပြင်သစ်နိုင်ငံ၊ ဖလင်ဒါး၊ ရိုင်း၊ နိစ်သို့ လာသည့် ကမ်းခြေလမ်းအားလုံး ကာကွယ်ရေးမှာ သူ့တာဝန်ဟု မာဆေးနားက ယူဆလိုက်၏။ သူကြံ့ကြံ့ခံနိုင်မှဖြစ်မည်။ မြေအခြေအနေက သူ့ဘက်မှဖြစ်၏။ ဆွစ်ဇာလန်တောင်များ၊ တောင်ကြားလမ်းများကို အခွင့်ကောင်းယူရမည်။ ပြင်သစ်သို့ ပြန်ဆုတ်လိုက်ပါက သူ့တပ်တော်ကို ရန်သူလက်မှ ကယ်တင်ရာရောက်နိုင်သော်လည်း တကယ်တမ်း ပြင်သစ်ကို ကာကွယ်နိုင်မည်မဟုတ်၊ ထို့ကြောင့် ဘာကြီးဖြစ်သွားသွား ဇူးရစ်အပြင်ဘက်မှ ခံစစ်ဆင်နိုင်ရန် မာဆေးနား ဆုံးဖြတ်လိုက်လေသည်။ သေချာတွက်ချက်ပြုလုပ်သည့် စွန့်စားမှုမျိုးတည်း။ ဇူးရစ်နှင့် မျက်နှာချင်းဆိုင်နေရာ သူ့ဘယ်တောင်ပံတွင် မာဆေးနားက သူ့တပ်တော်ကို အင်အားစုစည်းထားလိုက်၏။ ရုရှဗိုလ်ချုပ်

---

၁။ Bastion or Salient ၂။ Grisons

ကိုဆာကော့စ်နှင့် ရင်ဆိုင်ရန်ဖြစ်လေသည်။ ဆိုလ်တ်က အလယ်တွင်ဖြစ်၏။ ဗူးရစ်ကန်ကြီး၏ အလယ်တည့်တည့်တွင် နေရာယူထား၏။ ဩစတြီးယား ရုရှ မဟာမိတ်များက တိုက်ပွဲစလျှင်စချင်း မဟာဗျူဟာအမှားတစ်ခု ကျူးလွန်လိုက်၏။ မာဆေးနားကို ပိတ်မိနေပြီ။ သူ့တပ်တော်ကို အောင်နိုင်လိုက်ပြီဟု တွက်လိုက်ကြ၏။ ရန်သူကို လျှော့တွက်သည့် မဟာဗျူဟာအမှားတည်း။ ထို့ကြောင့် မြောက်ပိုင်းမှ တပ် ၅၀၀၀၀ နှင့် အာချ်ဂျူချာလစ်ကို တောင်ဘက်သို့ ဆင်းလာရန် ညွှန်ကြားရမည့်အစား ချာလစ်တပ်များ ညာဘက်ချိုး၍ နိုသလန်ကို ဦးတည်ချီတက်ရန် ဩစတြီးယားအာဏာပိုင်များက အမိန့်ပေးခဲ့ကြ၏။ အင်္ဂလိပ် ရုရှတပ်များက နိုသလန်ရောက်လာသောအခါ ရိုင်းဒေသတစ်ခုလုံးတွင် ထိုးစစ်ဆင်နိုင်ရန်ဖြစ်လေသည်။ အာချ်ဂျူချာလစ်၏တပ်တော် မိမိရှေ့မှ ဖြတ်သွားသည်ကို မာဆေးနားက အသာကြည့်နေလိုက်၏။ မိမိခံစစ်နေရာမှ ထွက်လာရန်မလိုသေး။ ယခုစစ်ဆင်ရေး၌ အရေးပါသူလေးဦးကို ဖော်ပြရဦးမည်။

**အာချ်ဂျူချာလစ်** မှာ အရည်အချင်းရှိသည့် နည်းဗျူဟာသမားတစ်ဦးဖြစ်ပါသည်။ သတိအလွန်ထားပြီး စွန့်စားမှုများစွာ မလုပ်လိုသူတည်း။ သူ့အထက် ဗီယင်နာမြို့တော်မှ စည်းစိမ်ရှင် မိုက်မဲသည့် နိုင်ငံရေးသမားကြီးများက ကြိုးကိုင်နေ၍ အာချ်ဂျူချာလစ် သိပ်မလှုပ်သာချေ။ ယခုစစ်ဆင်ရေး၌ သူ့အခရာနေရာတွင် ရှိနေပါလျက် အာချ်ဂျူ ဘာမှမလုပ်လိုက်ရဘဲ စစ်ဆင်ရေးပြီးသွားခဲ့ရ၏။

နောက်အရေးပါသူကား ရုရှဗိုလ်ချုပ် **ကိုဆာကော့စ်**ဖြစ်လေသည်။ ကြွားဝါတတ်ပြီး မိုက်မဲ၏။ ကက်သရိုင်းဘုရင်မကြီး အချစ်တော်ဖြစ်၍ နေရာရနေသူဖြစ်ပြီး အစားကျူးလွန်းသူ ဖြစ်၍ လောင်းကစားဝါသနာပါသူတစ်ဦး ဖြစ်လေသည်။ နောက်တစ်ဦးမှာ **ဆူဗိုရော** ဖြစ်လေသည်။ တစ်ခါတစ်ရံ ကလေးငယ်နှင့်တူသည့် တကယ့် ရုရှတောသူတောင်သား စစ်သားကြီးဖြစ်လေသည်။ ပင်ပန်းဆင်းရဲခံနိုင်၍ တစ်ခါတစ်ရံ လူပျက်လိုလည်း ပြုမူတတ်၏။ ဘိုင်ရွန်[၁] က ဆူဗိုရောအား ဤသို့ သရုပ်ဖော်ခဲ့ဖူးလေသည်။ သူရဲကောင်း လူပြက်၊ လူတစ်ပိုင်း၊ တိရစ္ဆာန်တစ်ပိုင်း၊ ညစ်ပတ်ပေရေနေသူ။ ဆူဗိုရော့မှာ စစ်ကို တကယ်မြတ်နိုးကိုးကွယ်သူဖြစ်ပြီး စိတ်တိုသည့်အခါ သံသေးသံကျောင်နှင့် အော်တတ်၏။ တစ်ကိုယ်ကောင်းဆန်ပြီး အယူသည်းတတ်သူလည်း ဖြစ်ပေသည်။ စစ်တိုက်ရာ၌ မြေပုံကို အားကိုးသလို အောင်ပွဲဆင်နိုင်ရန် စိတ်ပါလက်ပါ ဆုတောင်းသူလည်း ဖြစ်လေသည်။ ဆူဗိုရော့ နည်းဗျူဟာမှာ လွယ်ပါသည်။ ရန်သူ့ထံ ချီတက်ပြီး တိုက်ခိုက်ပါဟူသတည်း။ သူ့အောင်ပွဲများမှာ သွေးထွက်သံယိုများလှ၍လည်းကောင်း၊ သူ့တပ်များ လုယက်

---

၁။ Byron

ဖျက်ဆီးခြင်းကြောင့် လည်းကောင်း၊ ဝါဆောမြို့တော်တွင်း အရပ်သားများအား ရက်ရက်စက်စက် အမြောက်အမြား သတ်ဖြတ်ခဲ့ခြင်းကြောင့်လည်းကောင်း ဆူဗိုရော့အား ဥရောပတစ်ခွင်လုံးက သရဲသဘက်သဖွယ် သဘောထားကြ၏။ သူကိုယ်တိုင်ကလည်း အရုပ်ဆိုးလှ၍ သရဲသဘက်နာမည်နှင့် လိုက်ဖက်နေလေသည်။ ဘုရင့်နန်းတော်မှ အရုပ်ဆိုးလှသူကို အပြင်ပို့လို၍ တတိယမြောက် ပီတာဇာဘုရင်ကြီးက ဆူဗိုရော့အား ဗိုလ်ကြီးအဆင့်မှ ဗိုလ်မှူးကြီးအဆင့် တိုးမြှင့်၍ 'ပ'ထုတ်လိုက်သည်ဟု ပြောလေသည်။ ယခု သရဲသဘက် ဆူဗိုရော့ အီတလီမှ ဆွစ်ဇာလန် စစ်မြေသို့ ရောက်လာတော့မည်။ သူ့နာမည်ကြားရုံနှင့် ဥရောပတစ်ခွင် ဖိန့်ဖိန့်တုန်နေသော်လည်း မဖြုံသူကား မာဆေးနားတည်း။ မာဆေးနားမှာ စစ်ပရိယာယ်ကြွယ်ဝလှ၍ ဇူးရစ်အပြင်နားမှ အခြေအနေအရပ်ရပ်ကို အေးဆေးတည်ငြိမ်စွာ စောင့်ကြည့်လျက်ရှိလေသည်။

၁၇၉၉ ခုနှစ် စက်တင်ဘာလ ၈ ရက်နေ့တွင် ဆူဗိုရော့ အီတလီမှ ထွက်ခွာလာလေသည်။ ဇူးရစ်၌ ကိုဆာကော့နှင့် လက်တွဲကာ မာဆေးနားကို ဖြိုခွင်းရမည်။ ၂၄ ရက်နေ့၌ ဆူဗိုရော့တပ်တော် အေရိုလို[၁]သို့ ရောက်လာလေသည်။ အေရိုလိုမှာ တောင်ကြားလမ်း အောက်ခြေတွင်ရှိသော မြို့လေးတည်း။ ထိုနေရာမှစ၍ ရုရှတပ်တော် အခက်အခဲများစတင်တွေ့ရလေပြီ။ တောင်ကြားခံစစ်ကို ဦးစီးသူမှာ ပြင်သစ်တပ်မှူး လီကုဗ်[၂]ဖြစ်လေသည်။ တောင်ပေါ်တိုက်ပွဲတွင် ပါရဂူတစ်ဆူတည်း။ တောင်ပေါ်တိုက်ပွဲကျွမ်းကျင်သူများက ဖွဲ့နပဲကောင်းကောင်း ခုခံနေသည့်အပြင် ရုရှအများစုမှာ စတက်ပ်[၃]လွင်ပြင်သားများ ဖြစ်ခြင်းကြောင့် တောင်ပေါ်တိုက်နည်းခိုက်နည်းတွင် ပြင်သစ်တပ်များကို မတုနိုင်ချေ။ မြေအနေအထားကပါ ခံစစ်ဆင်နေသူများကို ကူညီနေသကဲ့သို့ရှိ၏။ ဆူဗိုရော့ကလည်း ကိုဆာကော့နှင့် လက်တွဲနိုင်ရန် သူ့တပ်များအား အတင်းမောင်းနှင်ချီတက်ခဲ့လေသည်။ မူအိုတာရောက်လျှင် ကိုဆာကော့ပို့ထားသည့် ရိက္ခာများက ရုရှတပ်များကို စောင့်ကြိုနေမည်ဟု မျှော်လင့်ချက်ပေး၍ ချီတက်တိုက်ခိုက်ခဲ့ရာ မူအိုတာသို့ ရုရှရှေ့ပြေးတပ်များ ရောက်လာပြီဖြစ်သော်လည်း ဘာရိက္ခာမှမတွေ့ရ။ ကိုဆာကော့တပ်မှာ ဇူးရစ်အနောက်ဘက်သို့ တဖြည်းဖြည်း ဖြန့်ထုတ်လာသည်ကို မာဆေးနားက အသာစောင့်ကြည့်နေ၏။ ဘယ်အချိန်မှာတိုက်လျှင် အကောင်းဆုံးဖြစ်မလဲ။ ကိုဆာကော့တပ်အများစု ဇူးရစ်အနောက်ဘက်ရောက်လာ၍ ဇူးရစ်ကန်ကြီးကို နောက်ကျောပေးထားသည့် အနေအထားရောက်လာပြီ။ ဒါတင်မက

၁။ Alrolo
၂။ Lecourbe
၃။ Steppe

သေး ရုရှတပ်တော်တစ်ခုလုံး ဆက်သွယ်ရေးလမ်းကြောင်းသည် မြို့တော်၏ လမ်းကျဉ်းများ လမ်းသွယ်များကို ဖြတ်ရသည့် ပုလင်းခေါင်းကျဉ်းနေရာတွင် ရောက်နေပေပြီ။ မာဆေးနားမတိုက်သေး။ လီကုဗ်ထံမှ သတင်းများက မာဆေးနားထံ အဆက်မပြတ်ရောက်နေ၏။ ဆူဗိုရော့တပ်များ ဘယ်နေရာရောက်နေပြီ၊ ဘယ်မှာစခန်းချသည်၊ ရန်သူရိက္ခာ၊ စိတ်ဓာတ်အခြေအနေ မာဆေးနား အားလုံး သိနေရ၏။ သူ့အတွက်အကောင်းဆုံးအချိန် ကိုဆာကော့တပ်များအတွက် အခက်အခဲအများဆုံးဖြစ်မည့်အချိန်ကို ရွေး၍ မာဆေးနားက သူ့တပ်တော်ကို အင်အားစုစည်းပြီး တိုက်ခိုက်ခဲ့လေသည်။ မာဆေးနားက ကိုဆာကော့တပ်အများစု ရောက်န် ကြီးကျောပေးအနေအထားရောက်သောအခါ ဝင်တိုက်ပြီး အော်ဒီနော့က တစ်ချိန်တည်းတွင် ရုရှညာတောင်ပံကို နောက်ကျောမှ ထိုးစစ်ဆင်တိုက်ခိုက်ခဲ့လေသည်။ နှစ်ရက်မျှ ကက်သရင်းချစ်သူ ကိုဆာကော့ အလူးအလဲခံလိုက်ရပြီး အော်ဒီနော့ တပ်များဘက်မှ ခက်ခက်ခဲခဲ ဖောက်ထွက်ကာ ဆွစ်ဇာလန်မှ တစ်ချိုးတည်း လစ်ရတော့၏။ မာဆေးနားက ရုရှစစ်သည် ၈၀၀၀၊ အမြောက်အလက်ပေါင်း ၁၀၀ ရုရှတပ် ရိက္ခာ၊ ရွှေ၊ ငွေဘဏ္ဍာအားလုံး ရလိုက်လေသည်။ ထွက်ပြေးသော ကိုဆာကော့နောက်တွင် အမြောက်တစ်လက်မှ ပါမသွားချေ။ တစ်နေ့တည်းမှာပင် ဆိုလ်တ်က ဩစတြီးယားတပ်မှူး ဟော့ဇာ[၁] တပ်များအား ဆွစ်ဇာလန်နယ်ခြားမှ တိုက်ထုတ်လိုက်၏။ ပြင်သစ်တပ်မှူး မိုလီတာ[၂]ကလည်း သူ့ရှေ့မှ ရုရှတပ်မကြီးအား တိုက်ခိုက်အောင်ပွဲခံလိုက်နိုင်လေသည်။ ရန်သူဝိုင်းပတ်ရေးတပ်များ ပြိုကွဲသွားပြီ။ တောင်ပိုင်းမှ ရန်သူများ ဘာမှမတတ်နိုင်တော့။ အသာတပ်ခေါက်ပြန်ကြရ၏။ ဆူဗိုရော့၏ မဟာမိတ်များ အရှုံးကြီးရှုံးလိုက်ရချေပြီ။ ဆူဗိုရော့ နောက်ကျောမှ လီကုဗ်တပ်များက အမြဲအနှောင့်အယှက်ပေးနေ၏။ အောင်ပွဲရ မာဆေးနားက ယခု သူ့စစ်နံ့တွင် ရောက်နေပြီ။ ထို့ကြောင့် ဆူဗိုရော့သည် အမြောက်များ၊ စစ်ရထားများ၊ ဝန်စည်စလယ်များအားလုံး ဆွစ်ဇာလန်စစ်မြေ၌ ထားခဲ့ကာ သူ့လူ ၁၅၀၀၀ အား ဂရိဆုံသို့ အသော့မောင်းနှင် ဆုတ်ခွာခဲ့ရလေပြီ။ တိုက်တိုင်းအောင် ဆူဗိုရော့ မာဆေးနားနှင့် ရင်ဆိုင်ရသောအခါ အရှုံးကြီးရှုံး၍ ဆွစ်ဇာလန်မှ တပ်ခေါက်လာရချေပြီ။ မာဆေးနားအောင်ပွဲကား တကယ့်အောင်ပွဲတည်း။ ပြင်သစ်ပြည်ထောင်စုကို ကယ်တင်လိုက်နိုင်သည့်အပြင် ရိုင်းမြစ်ကြောင်းတစ်လျှောက်ပါ ပြင်သစ်တပ်တော်များအတွက် လုံခြုံသွားပေပြီ။

၁။ Hotze ၂။ Molitor

## အခန်း (၅)

## အာဏာသိမ်းပြီ (THE GREAT COUP)

နပိုလီယံဘိုနာပတ် အီဂျစ်တွင် ပိတ်မိနေသော ၁၇၉၉ ခုနှစ် နွေကာလ တစ်ခုလုံး ပါရီနှင့် ပြင်သစ်နိုင်ငံတစ်ဝှန်းလုံးတွင် ကောလာဟလအမျိုးမျိုး ပျံ့နှံ့လျက်ရှိလေသည်။ ပြင်သစ်အစိုးရသည် အဘက်ဘက်မှ သိက္ခာကျနေပြီဖြစ်၍ မည်သူကမျှ အစိုးရကို အယုံအကြည်မရှိတော့။ လူတိုင်းက အပြောင်းအလဲအလို ရှိနေပြီ။ အပြောင်းအလဲတစ်ခုခု တစ်နည်းတစ်ဖုံဖြစ်လာတော့မည်ကိုလည်း လူတိုင်းက အလိုလိုသိနေကြ၏။ ဘယ်လိုပြောင်းလဲလာမည်၊ မည်သူတွေ အာဏာရလာမည်၊ မည်သို့ အပြောင်းအလဲဖြစ်လာမည်ကိုတော့ မည်သူမျှမသိကြချေ။ ဘုရင်လိုလားသူများက ခြေရှုပ်လာကြ၏။ နေရာတကာတွင် သူတို့ခြေသွက်နေကြ၍ ဘိုဘွန်ဘုရင်များ[၁] ပြန်လည်နန်းတင်ပေးရန် အင်ဂိန်မြို့စားကြီး[၂]ပါရီတွင် ရောက်နေပြီဟု ဘုရင့်ဂိုဏ်းသားများက လံကြွတ်သတင်း လွှင့်နေကြ၏။ အရင်းအမြစ်မှ တော်လှန်ပစ်လိုသော ဂျက္ကိုဘင်[၃]များကလည်း ကလဗ်တစ်ခု ပါရီတွင် ဖွဲ့စည်းထားကာ မကြာခဏ ကလဗ်တွင် ခေါင်းချင်းရိုက် တိုင်ပင်ဆွေးနွေးကြ၏။ ဓားဘုရင် ဗိုလ်ချုပ်ကြီး ဖောက်ချေ[၄]ကလည်း တရားလွန်ဖြစ်လာလျှင် ဘုရင့်ဂိုဏ်းသားရော ဂျက္ကိုဘင်လက်သစ်များကိုပါ ဖမ်းဆီးအရေးယူနေ၏။ တယ်ရီရောင်းနှင့် ဘုန်းတော်ကြီး ဆေးယီး[၅]တို့က အဖွဲ့အမျိုးမျိုး ဂိုဏ်းအမျိုးမျိုးနှင့် ဆွေးနွေး

---

၁။ Bourbons
၂။ Duke of Enghien
၃။ Jacobins
၄။ Fouche
၅။ Talleyrand and Abbe Sieyes

ညှိနှိုင်း၍ သတင်းစုနေကြ၏။ ဘယ်သူက အင်အားအသာဆုံးလဲ၊ ဘယ်သူ့ဓားက အထက်ဆုံးလဲ။ နယ်များတွင် အခြေအနေပိုဆိုးနေ၏။ သတင်းအမျိုးမျိုးပျံ့နေ၍ တောကြောင်များ လက်ခမောင်းခတ်နေကြပြီ။ ဘယ်နေရာမှာမှ လုံခြုံမှုမရှိတော့။ အစိုးရဘဏ္ဍာတိုက်တွင် ငွေမရှိတော့ဘဲ လူတိုင်းက အစိုးရကို အယုံအကြည်မဲ့နေပြီ။ စစ်မြေပြင်ရောက်နေသော ပြင်သစ်တပ်တော်တိုင်းလိုလိုကလည်း တစ်ရှုံးတည်းရှုံးနေကြ၍ လူတိုင်းက အစိုးရသစ်မျှော်နေကြချိန်ဖြစ်လေသည်။ ယုံကြည်ချက်အပြည့်နှင့် ခြေအသွက်ဆုံးလှမ်းနေသူမှာ ဘုန်းတော်ကြီး ဆေးယီးဖြစ်၏။ နောက်အစိုးရသစ်တွင် သူ့ထက်အလားအလာကောင်းသူ မည်သူရှိသေးသနည်း။ သူသာလျှင် အာဏာအပိုင်ဆုံးသူ ဖြစ်လာရမည်။ သို့သော် ဆေးယီးကို ပလ္လင်ထက်တင်ပေးမည့် ဓားထက်ထက်လို၏။ ဆေးယီး ပလ္လင်ပေါ်တက်ထိုင်နိုင်ရန် ငြိမ်းလို၏။ ပါရီတွင် ဓားတွေ တစ်လက်လက်ဖြစ်နေသော်လည်း တကယ့်လူကို ရွေးနိုင်ဖို့လို၏။ လူရွေးမှားသွားလျှင် အခက်။ တပည့်အမွေးမှားက ကိုယ်ပါ ခေါင်းပြုတ်သွားနိုင်သည့်ခေတ် ဖြစ်လေသည်။ ထို့ကြောင့် ဆေးယီးသည် နောက်ပိုင်းမှ ခြေပုန်းခုတ်ကာ ဓားအထက်ဆုံး စိတ်လည်းအချရဆုံးသူ ရှာနေချိန်ဖြစ်လေသည်။ ဩဂျရိုးနှင့် ဂျော်ဒန်ကို သုံး၍မရ။ သူတို့က ဂျာမနီဘင်များနှင့် နီးစပ်လွန်း၏။ ပါရီစစ်ဘုရင်ခံ လာဖေဗားမှာ စိုင်ကော်၍ ခြံပေါ်(အခရာနေရာတွင်) ရောက်နေသော်လည်း ခပ်တုံးတုံးဖြစ်၏။ မာဆေးနားက ဆွစ်ဇာလန်တွင်ရောက်နေ၍ အလုပ်ရှုပ်နေပြီး နပိုလီယံကလည်း အီဂျစ်တွင် ရှေးဟောင်းအရုပ်စာပေများမနုဿဗေဒတို့နှင့် အလုပ်များနေချိန် ဖြစ်လေသည်။ ဘာနာဒုတ်မှာ စစ်ဝန်ကြီးဖြစ်၍ သင့်တော်သူတစ်ဦးဖြစ်သော်လည်း သူ့ကို ဆေးယီးက သိပ်မယုံ၊ ကိုယ်မွေးသည့်မျောက် ကိုယ့်ပြန်ခြောက်နေမှ အခက်။ ဘာနာဒုတ်မှာလည်း ဂါစကွန်နယ်သားဖြစ်၏။ တော်လှန်ရေးဖြစ်လာသည့်အခါ ဘာနာဒုတ် ၂၆ နှစ်ရှိပြီဖြစ်ပြီး တပ်ရင်းအရာခံဗိုလ်ရာထူး ရနေပြီး နောက်ပိုင်းတွင် ဘုရင်တစ်ဆူအထိ တက်ဖြစ်လာသူတည်း။ သူကလည်း လူဆန်းတစ်ဦးဖြစ်၏။ သတ္တိကောင်းပြီး အလွန်ပရိယာယ်ကြွယ်ဝ၍ စကားပြောလိုသည့်အခါ ဖောင်လောက်အောင်ပြောနေ၍ သူ့စိတ်အလိုမကျသည့်အခါ တုံဏှိဘာဝေနေတတ်သူဖြစ်၏။ သူနှင့် လုပ်ဖော်ကိုင်ဖက် ဗိုလ်ချုပ်တစ်ဦး[၁]က ဘာနာဒုတ်နှင့်ပတ်သက်၍ ဤသို့ပြောခဲ့ဖူး၏။ "သူအသုံးဝင်မယ်ထင်ရင် လျက်ဆားဖြူးလုပ်တတ်တဲ့ အလွန်ကောက်ကျစ် အလွန်ကြောက်စရာကောင်းတဲ့လူမျိုးပဲ" တစ်ချိန်တည်းတွင် မရင်ဂိုးသူရဲကောင်း ဗိုလ်ချုပ်ကြီး ဒဆိုင်းက ဘာနာဒုတ်ကို ဤသို့ ချီးကျူးခန်းဖွင့်ခဲ့ရပြန်သည်။ "အလွန်

---

၁။ General Cafferelli

တက်ကြွ လုံ့လဝီရိယကောင်းပြီး အလွန်စိတ်ချယုံကြည်ရသူဖြစ်ပါတယ်။ အလွန်လည်း လေးစားထိုက်ပါတယ်"။ ဒဆိုင်းက ဤသို့လည်း ဆက်လက်ပြောခဲ့သေး၏။ **"သူ(ဘာနာဒုတ်)က လူကြိုက်တော့ သိပ်မများဘူး၊ အကြောင်းကတော့ နည်းနည်းချောင်နေတယ်လို့ လူတွေက ယူဆကြလို့ပဲ"** ထို့ကြောင့် ဘာနာဒုတ်မှာ အကဲစတ်ရခက်သူဖြစ်၏။ စစ်သူကြီးအချင်းချင်း မည်သူ့ကို အမုန်းတီးဆုံးမဲခွဲလျှင် လူတိုင်းက ဘာနာဒုတ်ကို အစက်ဆုပ်ဆုံးဖြစ်သည်မှာ သေချာ၏။ သူ့လက်အောက်ငယ်သားများ တပ်သားများကမူ ဘာနာဒုတ်ကို အလွန်လေးစားကြည်ညိုကြလေသည်။ အရာရှိငယ်များ တပ်သားများက ဘာနာဒုတ်ကို အလွန်လေးစားကြသည်ကို တွေ့ရပါသည်။ ဘာနာဒုတ်သည် ငယ်သားများအပေါ် အလွန်ကြင်နာကိုယ်ချင်းစာနာတတ်၍ ဒုက္ခရောက်နေသူ၊ အထူးသဖြင့် ဒဏ်ရာရနေသူများအား အထူးဂရုစိုက် ကြည့်ရှုသူဖြစ်လေသည်။ အထူးသဖြင့် မိမိတပ်က အောင်နိုင်ပြီးနယ်များတွင် အရပ်သားများ၊ စစ်အကျဉ်းသားများအား မျှမျှတတကြင်နာစွာ ဆက်ဆံသူဖြစ်လေသည်။ ဘာနာဒုတ်သည် ဗိုလ်ချုပ်ကြီး ဂျော်ဒန်လက်အောက်၌ အမှုထမ်းဆောင်ဖူး၍ ရိုင်းလင်းဒေသသည် ဗိုလ်ချုပ်နေး၊ ဆိုလ်တ်တို့ထံမှ နမူနာယူခဲ့သည်ဟု ယူဆရ၏။ နောက်ပိုင်း ဗိုလ်ချုပ်ကြီး နပိုလီယံဘိုနာပတ်၏ အီတလီတပ်တော်သို့ ဘာနာဒုတ်နှင့် သူ့တပ်မ ပြောင်းရွှေ့အမှုထမ်းရလေသည်။ ဘာနာဒုတ် တပ်မမှာ အလွန်စည်းကမ်းကောင်း၊ အလွန်စမတ်ကျနေ၏။ အဝတ်အစား လက်နက်လူသူကအစ ပြောင်ပြောင်လက်လက် ဖြစ်နေ၍ နပိုလီယံတပ်တော်နှင့် တခြားစီဖြစ်နေတော့၏။ နပိုလီယံတပ်များမှာ တစ်ချိန်လုံးချီတက် တစ်ချိန်လုံး တိုက်နေကြသူများဖြစ်ရာ ဘာနာဒုတ် လူများနှင့်စာလျှင် ညစ်ပတ်ပေရေနေကြလေသည်။ ဘာနာဒုတ်လူများကို "လူကြီးလူကောင်းတပ်မှ သူများ"[၁] နပိုလီယံတပ်သားများအား "နိုင်ငံသားတပ်တော်သားများ"[၂]ဟု ရဲဘော်များက ခေါ်ကြ၏။ ထို့ကြောင့် နပိုလီယံ၏ ရဲဘော်များနှင့် ဘာနာဒုတ်တပ်မှ ရဲဘော်များ တွေ့ကြကတည်းက မပြေလည်ကြချေ။ ဘာနာဒုတ်သည် ၁၇၉၇ ခုနှစ် စက်တင်ဘာလထဲတွင် နပိုလီယံနှင့် ပထမဆုံးအကြိမ် စတင်တွေ့ခြင်းဖြစ်ပြီး စတွေ့ကတည်းက တစ်ဦးနှင့်တစ်ဦး ခပ်တန်းတန်းဆက်ဆံကြ၏။ သူတို့နှစ်ဦး ဘယ်တော့မှ ရင်းရင်းနှီးနှီးမရှိကြချေ။ မှန်တန်းသာ ဆက်ဆံကြလေသည်။ ဘာနာဒုတ်က နပိုလီယံ ပြင်သစ်ပြည်ထောင်စုအပေါ် သစ္စာရှိပါသည်ဟု မယုံကြည်နိုင်ဘဲ နပိုလီယံကလည်း "လူကြီးလူကောင်းတပ်"ကို တပ်မမှူးကအစ ကြည့်မရခဲ့ချေ။ နပိုလီယံ၏ ဦးစီးချုပ် ဘာသီယာကလည်း ဘာနာဒုတ်ကို

---

၁။ Gentelmen's Army ၂။ Citizens Army

ကြည့်မရ။ အပြန်အလှန် မုန်းတီးကြခြင်း ဖြစ်မည်ထင်ရ၏။ ဂါစကွန်နယ်သား ဘာနာဒုတ်က လအနည်းငယ်အတွင်း ဘာသီယာအား နှစ်ကြိမ်တိုင်တိုင် နှစ်ယောက်ချင်းချရအောင် ချဲခဲ့သောဟူ၏။ ကာနစ်တောင်တန်း[၁]များမှ ဩစတြီးယားမြို့တော် ဗီယာနာအထိ ဘာနာဒုတ်တပ်များရှေ့မှ ရှေ့ပြေးမြင်းတပ်မှူးမှာ မြူရတ်ဖြစ်လေသည်။ ဂါစကွန်နှစ်ဦး တွေ့ကြပြီ။ လူကြီးလူကောင်းတပ်မှူး ဘာနာဒုတ်သည် အီတလီတပ်တော်လူဟောင်းကြီး မြူရတ်ထံမှ ပညာအတော် ရလိုက်လေသည်။

တစ်ကြိမ်တွင် ထရီယက်စ်[၂]မြို့တော်ကို မြင်းတပ်ဗိုလ်ချုပ် ဒူဂူအာ[၃] အတင်းဒုန်းစိုင်း ချီတက်ခဲ့လေသည်။ ဤကဲ့သို့ မြင်းတပ်နှင့် ဒုန်းစိုင်းချီတက်ရာ၌ မြူရတ်ကို မည်သူမျှ လိုက်၍မမီချေ။ ထရီယက်စ်သို့ မြူရက်မြင်းတပ်ရောက်ရှိပြီး စိတ်တိုင်းကျ လုယက်ပြီး ထွက်ခွာသွားတော့မှ ဗိုလ်ချုပ် ဒူဂူအာတို့မြင်းတပ် ထရီယက်စ်သို့ ရောက်လာလေသည်။ မြို့တော်မှာ ဗလာဖြစ်နေပြီး လုစရာယက်စရာ ဘာမျှမကျန်တော့။ အီတလီတိုက်ပွဲစဉ် မပြီးစီးခင်မှာပင် ဘာနာဒုတ်လူများနှင့် အီတလီတပ်တော် လူဟောင်းများ မကြာခဏ ပြဿနာပေါ်ကြရ၏။

လေးဘတ်[၄] ရောက်ကြသောအခါ မာဆေးနားတပ်မှ ခေတ္တတပ်မမှူးတာဝန်ထမ်းဆောင်ရသူ ဘရွန်း[၅]က ဘာနာဒုတ်တပ်မမှ ဦးစီးချုပ်ထံသွား၍ တပ်မအတွင်း မွန်စီယာ[၆] ဟူသည့်အသုံးအနှုန်း မသုံးရန် သွားပြော၏။ ဦးစီးချုပ်က ငြင်းဆိုလိုက်ပြီး နှစ်ယောက်ချင်း ဓားချင်းယှဉ်ခုတ်ရန် အသင့်ရှိကြောင်းပြော၏။ တပ်သားချင်းပါ စကားများရန်ဖြစ်ကြပြီးနောက် ၁၂ နာရီအတွင်း နှစ်ယောက်ချင်း ဓားချင်းယှဉ်ခုတ် သေနတ်ချင်းပြိုင်ပစ်ကြရာ လူ ၅၀ သေပြီး ၃၀၀ ကျော် ဒဏ်ရာရကြသောဟူ၏။ လေးဘက်အရေးအခင်းပြီး မာဆေးနားနှင့် ဘာနာဒုတ်မှာ ကမ္ဘာရန် ဖြစ်သွားကြလေသည်။ နပိုလီယံနှင့် ဘာနာဒုတ် အပြိုင်ကြဲကြရတော့မည်။

ဘာနာဒုတ်က ပါရီပြန်ပြီး ခေါပုန်းခုတ်ရာ သူမကြာမီ စစ်ဝန်ကြီးဖြစ်တော့မည်ဟု သတင်းများထွက်လာ၏။ နပိုလီယံကလည်း ဇနီးသည် ဂျိုဆက်ဖိန်းအကူအညီနှင့် ဩဇာအာဏာရှိသူများ ပြန်ကပ်ကာ ဘာနာဒုတ်ရှေ့မှောက်၌ သူ့(နပိုလီယံ၏)တပ်မမှူးများဖြစ်သည့် မာဆေးနား၊ ဂျောဘတ်နှင့် ဩဂျရိုးတို့

---

၁။ Carnic Alps

၂။ Trieste

၃။ Genral Dugua

၄။ Laybach

၅။ Brune

၆။ Monsignor = ပြင်သစ်ဘာသာနှင့် ယှဉ်ကျေးသည့်အသုံးအနှုန်း (မစ္စတာဟူသည့် အသုံးအနှုန်း)

မည်မျှတော်ကြောင်း မဟာဗျူဟာအမြင်ရှိကြောင်း သိဒ္ဓိတင်တော့၏။ ဘာနာဒုတ် မည်သို့ခံစားရမည်နည်း။ အထူးသဖြင့် ဩဂျရိုးမှာ နည်းဗျူဟာတွင် တော်၍ အလွန်သတ္တိကောင်းသည်မှန်သော်လည်း ဘာမဟာဗျူဟာအမြင်မှ ရှိသူမဟုတ်သည်ကို တပ်တော်တစ်ခုလုံးမှ အရာရှိများက သိကြ၏။ ယခု ဘာနာဒုတ်ရှေ့မှာထား၍ နပိုလီယံက အခြားသူ့တပ်မမှူးများ မည်မျှတော်ကြောင်းကို အပ်ကြောင်းထပ်အောင် ပြောနေလေပြီ။ ဘာနာဒုတ်က သူ့တပ်မကို သူအလွန်ဂုဏ်ယူ၏။ လေးနှစ်တာမျှ သူပြုစုပျိုးထောင်ခဲ့သည့် လူကြီးလူကောင်းတပ်မက စည်းကမ်းကောင်း၏။ဝတ်စားဆင်ယင်မှုတွင် အခြားအီတလီတပ်တော်မှ သူများနှင့် ဘယ်လိုမှ မယှဉ်နိုင်၊ သူ့လူများက ဘရုတ်မကျ။ နပိုလီယံက ဘာနာဒုတ်တပ်မကို ဖျက်ပစ်လိုက်ကာ တစ်ဦးစီ တစ်တပ်စီ အီတလီတပ်တော် အခြားတပ်များနှင့် ရောမွှေလိုက်၏။ ယင်းလုပ်ရပ်ကို ဘာနာဒုတ်က ဘယ်တော့မှမကျေ။ ယခု လူကြီးလူကောင်းတပ်မ မရှိတော့ပြီ။ ဘာနာဒုတ်က သူမကျေနပ်ကြောင်း စစ်သေနာပတိ နပိုလီယံအားပြော၏။ နပိုလီယံ၏အဖြေမှာ ဘာနာဒုတ်အား အိုင်အိုနီယံကျွန်းများ[၁] တပ်မှူးကြီးအဖြစ် ခန့်အပ်လိုက်လေသည်။ ဂါစကွန်နယ်သား ဘာနာဒုတ်ကလည်း ငြိမ်ခံမည့်လူစားမဟုတ်။ ပါရီမှ အာဏာရှိ နိုင်ငံရေးသမားကြီးများထံ အခစားဝင်လိုက်ရာ (နပိုလီယံမကြာသေးမီကမှ လက်လွှတ်လိုက်သော) အီတလီတပ်တော်မှူး ရာထူးကို ဘာနာဒုတ် ရလိုက်လေသည်။

နပိုလီယံက သူအုပ်ချုပ်ခဲ့သည့် တပ်တော်တွင် ဘာနာဒုတ်က သေနာပတိ လုပ်တော့မည်ကို မည်သို့မျှမခံနိုင်။ ထို့ကြောင့် အမျိုးမျိုး ခြေပုန်းခုတ်ကြိုးဆွဲလိုက်ရာ ဘာနာဒုတ် အီတလီတပ်တော်မှူးအမိန့် ပျယ်ပြယ်သွား၍ ဩစတြီးယားနိုင်ငံ ဗီယာနာမြို့တော်သို့ ဘာနာဒုတ် ပြင်သစ်သံအမတ်ကြီးအဖြစ် ခန့်အပ်ခြင်း ခံခဲ့ရလေသည်။ အဆောင်အယောင် ဟန်ပန်လေသံကောင်းသည့် နေရာဖြစ်ပါ၏။ အထူးအာဏာကုန် လွှဲအပ်ခြင်းခံရသော သံအမတ်ကြီးဖြစ်သည်။ သို့သော် ပါရီ၌ ဘာနာဒုတ် ခြေမရှုပ်နိုင်တော့ပါ။ ပိုဝေးသည့် တစ်ကျွန်းမြေ၌ ကြက်မီးပါတီများ တက်၊ အရက်ကလေးတမြမြနှင့် နေရတော့သည်။ သံအမတ်ကြီး ဘာနာဒုတ် အလုပ်မှာ လွယ်ကူသည်မဟုတ်ပါ။ တော်လှန်ရေးကာလတွင် ဩစတြီးယားမင်းသမီး မေရီအင်တွိုင်နက်အား တော်လှန်ရေးသမားများက ခေါင်းဖြတ်စက်တွင်တင်ကာ ခေါင်းဖြတ်သတ်ထားကြသည် မဟုတ်လော။ ထိုအချိန်မှစ၍ ဩစတြီးယားမြို့တော် ဗီယာနာ၌ ပြင်သစ်သံအမတ်ကြီးနေရာ လစ်လပ်လျက်

---

၁။ Ionian Islands

ရှိရာ ယခု နပိုလီယံကောင်းမှုကြောင့် ဂါစကွန်နယ်သား ဘာနာဒုတ် ဗီယာနာ မြို့တော်တွင် ပြင်သစ်ပြည်၏ အာဏာကုန်လွှဲအပ်ခြင်းခံရသော သံအမတ်ကြီး ဖြစ်လာခဲ့ချေပြီ။ ဘာနာဒုတ်မှာ သူရည်မွန်လိုသည့်အခါ အလွန်ရည်ရည်မွန်မွန် ရှိသူဖြစ်ရာ အလွန်သိမ်မွေ့လှသည့် နေရာ၌ပင် အတော်ပေါ်ပြူလာ ဖြစ်လာချေ ပြီ။ သို့သော် ကြာရှည်မခံပါ။ ဗီယာနာတွင် ပြင်သစ်ဘုရင် ဆွေတော်မျိုး အများ အပြား ရောက်နေကြပြီး ဘိုဘွန်ဘုရင်များ အာဏာပြန်ရရေးကို အမျှော်လင့် ကြီး မျှော်လင့်၍ အမျိုးမျိုး ခြေပုန်းခုတ်နေကြသူများ ဖြစ်လေသည်။ မကြာမီ လူထုနှင့် ပြင်သစ်သံရုံး ပြဿနာပေါ်ပြီး ဘာနာဒုတ်ကိုယ်တိုင် လေ့ကားထိပ်မှ ဓားကိုင်စွဲ၍ သူ့သံရုံးကို ကာကွယ်ခဲ့ရ၏။ ဗီယာနာရှိ ပြင်သစ်သံရုံး ပိတ်လိုက် ရကာ ဘာနာဒုတ် ပါရီသို့ ပြန်ရောက်လာပြီ။

ထိုအချိန်တွင် နပိုလီယံ အီဂျစ်သို့ရောက်နေ၍ ဆစ်နေစမစ်နှင့် ဗြိတိသျှ ရေတပ်က နပိုလီယံနှင့် သူ့တပ်တော် ပြင်သစ်သို့မပြန်နိုင်အောင် ပိတ်ဆို့ထား ချိန်ဖြစ်လေသည်။ ဘာနာဒုတ်အတွက် အခွင့်ကောင်းဖြစ်၏။ သူ့ပြိုင်ဘက် နပို လီယံ ပါရီတွင်မရှိစဉ် ဘာနာဒုတ်နှင့် သူ့ဘက်တော်သားများ အမျိုးမျိုးကုလားဖန် ထိုးလိုက်ကြရာ ၁၇၉၉ ခုနှစ်၌ ဘာနာဒုတ် စစ်ဝန်ကြီး ဖြစ်လာခဲ့ချေပြီ။ သူ အလိုချင်ဆုံးနေရာကို ဘာနာဒုတ်ရပါပြီ။ စစ်ဝန်ကြီးဖြစ်စဉ် ဘာနာဒုတ်က အမိန့် အမျိုးမျိုးထုတ်၍ ဆွစ်ဇာလန်ရောက်နေသော မာဆေးနားအား အာဏာပြ၏။ မာဆေးနားကလည်း အကြောင်းအမျိုးမျိုးပြကာ ဘာနာဒုတ် အမိန့်များကို တစ်ခုမှ မနာခံခဲ့ချေ။ ကံကောင်းထောက်မ၍ မာဆေးနားတပ်တော်မှာ ထိုစဉ် ပြင်သစ် ပြည်ထောင်စု၏ တစ်ခုတည်းသော အောင်ပွဲရတပ်တော်မဟုတ်လော။ ယင်းအခြေ အနေတွင် ဘုန်းတော်ကြီး ဆေးယီးက ဘာနာဒုတ်အား သူအသုံးပြုမည့်ဓားအဖြစ် ရွေးချယ်လိုက်လေသည်။ ဘာနာဒုတ်ကို ယုံကြည်၍တော့မဟုတ်။ အခြားသင့်တော် သူ ရှာမရဘဲ အချိန်တဖြည်းဖြည်း ကုန်လာသောကြောင့် ဘာနာဒုတ်အား ရွေးချယ် လိုက်ရခြင်း ဖြစ်လေသည်။ ဆေးယီးက ဘာနာဒုတ်အား သူ့အကြံအစည်များ ပြောပြသောအခါ ဘာနာဒုတ်တွေဝေသွားလေသည်။ ဤကဲ့သို့ ကျဉ်းထဲကျပ်ထဲ တစ်ခုခုကို ပိုင်ပိုင်နိုင်နိုင် ဆုံးဖြတ်ရမည်ရှိသောအခါ ဘာနာဒုတ် အမြဲရွေးချယ် သည့် လမ်းစဉ်မှာ ခြံစည်းရိုးပေါ် ခွထိုင်သည့်လမ်းစဉ် ဖြစ်လေသည်။ ဘာနာဒုတ် မဟန်မှန်း ဆေးယီးသိသွားပြီ။ ဘာနာဒုတ်ကလည်း အချိန်ဆွဲ၍မရတော့မှန်း သိသောအခါ စစ်ဝန်ကြီးအဖြစ်မှ နုတ်ထွက်မည်ခြိမ်းခြောက်၏။ မည်သူကမျှ မတားသောအခါ ဘာနာဒုတ် တကယ်စစ်ဝန်ကြီးအဖြစ်မှ နုတ်ထွက်ပေးလိုက် ရ၏။

ဆေးယီး နောက်ထပ်ရွေးချယ်သောစားမှာ ဗိုလ်ချုပ်ကြီး မော်ရိုး[၁]ဖြစ်လေသည်။ မော်ရိုးမှာ ဩဂျရိုး ဂျော်ဒန်တို့ကဲ့သို့ ဂျက်ကိုဘင်များနှင့် မနီးစပ်။ နာမည်တစ်လုံးနှင့်သူဖြစ်၍ အောက်တိုဘာလ ၁၃ ရက်နေ့ ညနေတွင် ဆေးယီးနှင့် မော်ရိုးတို့ လက်ဆင့်ဘာက်တွင် ညစာစားရင်း ဖြစ်စုတ်ရင်း ဝိုင်သောက်ရင်း အာဏာသိမ်းရန် အကြံထုတ်ကြ၏။ သူတို့ညစာစားခိုက် တပည့်တစ်ဦးက တိုးတိုးတိတ်တိတ် ဝင်သတင်းပို့ခဲ့လေသည်။ "နပိုလီယံဘိုနာပတ် ပြန်လာပြီ။ ဖရီဂျူးတွင် ကမ်းတက်ပြီး အီဂျစ်မှ သူ့လူယုံအနည်းငယ်နှင့် ပြင့်သစ်သို့ ပြန်ရောက်လာလေပြီ"၊ "ဘုန်းတော်ကြီးဆေးယီး အဲဒါကမှ ဘုန်းတော်ကြီးအတွက် အသုံးတော်ခံမယ့် ဓားပဲ။ အာဏာသိမ်းပွဲမှာ သူက ကျွန်တော့်ထက်တော်လိမ့်မယ်။ သူ့ကိုပဲ သုံးပေတော့"ဟု မော်ရိုးက ဆေးယီးအား အကြံဉာဏ်ပေးကာ ညစာစားပွဲမှ မော်ရိုးထွက်ခွာလာခဲ့လေသည်။

အောက်တိုဘာလ ၁၆ ရက်နေ့မှ ၂၀ ရက်နေ့အထိ ပါရီ၌ သတင်းအမျိုးမျိုးထွက်နေစဉ် နပိုလီယံသည် လက်နှစ်ဖက်နောက်ပစ်ကာ အီဂျစ်အရုပ်စာပေ၊ စဖိင့်မနုဿဗေဒ၊ ဆူးအက်တူးမြောင်းဖောက်လုပ်ရေး ပြဿနာများကို သိပ္ပံပညာရှင်များ၊ အတွေးအခေါ်ပညာရှင်များ သူ့လူယုံများ ဆွေးနွေး ငြင်းခုံနေခဲ့၏။ နိုင်ငံရေးတစ်လုံးမှမပါ၊ အာဏာသိမ်းရေး တစ်စွန်းတစ်စမှမဟ။ နိုင်ငံရေးသမားများ၊ အကြံအစည်သမားများက နပိုလီယံနှင့် ဂျိုဆက်ဖိင်းအိမ်တွင် ဝိုင်းဝိုင်းလည်နေ၏။ ဂျိုဆက်ဖိင်းနေအိမ်ရှိသည့်လမ်းကို ယခင်က ချန်တီရိုန်း[၂]ဟု ခေါ်၍ ယခု အောင်ပွဲလမ်း[၃]ဟု အမည်ပြောင်းထားလိုက်ကြပြီး အောင်ပွဲလမ်းတွင် နိုင်ငံရေးသမားများ ခြေရှုပ်ကြပြန်ပြီ။ အောက်တိုဘာ ၃၀ ရက်နေ့တွင် နပိုလီယံသည် သူ့မျက်နှာဖုံးကို ခွာချလိုက်၍ ဘုန်းတော်ကြီး ဆေးယီးတို့လူစုနှင့် ပေါင်းလိုက်၏။ ဂျိုးဆက်ဖိင်းနေအိမ်တွင် ယခု လူများ များပန်းခပ်နေပြီ။ နိုင်ငံရေးသမားအမျိုးမျိုး၊ ပါတီရောင်စုံမှ ပုဂ္ဂိုလ်များအပြင် အဘူကာတိုက်ပွဲမှ ဒဏ်ရာဖြင့် ယခုအထိ ချိုင်းထောက်ကြီးဖြင့် လမ်းလျှောက်နေရသော သူ့နောက်တွင် ခြေလျင်တပ်များရှိသည့် ဗိုလ်ချုပ်လိန်းစ်၊ မြူရတ်၊ ပါးချိတ်တွင် ပစ္စတိုဒဏ်ရာနှင့် မြင်းတပ်မှူးကြီး မြူရတ် တစ်ချိန်က ပါရီတစ်နေရာမှ အမြောက်အလက် ၄၀ နပိုလီယံအား မြင်းလှည်းများ ဒုန်းစိုင်းယူပေးခဲ့သည့် မြူရတ်။ ဘာသီယာ။ အကျည်းတန်သော်လည်း ဦးစီးတာဝန်များ အရည်ကျိုသောက်နေသူ နပိုလီယံ၏ စစ်ဦးစီးချုပ် ဘာသီယာ...။ နပိုလီယံ၏ ငယ်သူငယ်ချင်း မာမွန့်၊ အမြောက်

---

၁။ Morrau

၂။ Rue Chantirone

၃။ Rue De La Victorie

တပ်မှူးကြီး မာမွန့်… အားလုံး အားကိုးလောက်သည့် ဝါရင့်စစ်ဗိုလ်ချုပ်ကြီးများ ဂျိုဆက်ဖိုင်းနှင့် နပိုလီယံနံဘေးတွင် တွေ့ရမည်။ သူတို့အားလုံးတွင် ဘာနာဒုတ်နှင့်မတူညီသည့် အချက်တစ်ချက်ရှိ၏။ ဖော်ပြခဲ့သူအားလုံးသည် ရေထဲမိုးထဲကျလျှင် ဘာမှ နောင့်နှေးတွေးတောနေကြမည့်သူများမဟုတ်။ ခြစည်းရိုးခွထိုင်ကြမည့်သူများမဟုတ်။ တုံးဆိုတိုက် ကျားဆိုကိုက်မည့်သူများတည်း။ လမ်းမအလယ် တိုက်ကြခိုက်ကြရတော့မည်ဆိုလျှင် သူတို့ရှေ့ဆုံးက ထွက်လိမ့်မည်။ စီရုရှာနှင့်မက်ဒိုနယ် ပါပါသေး၏။ အားလုံး စိတ်ချယုံကြည်ရသူများ ဖြစ်လေသည်။ ဩဂျရိုးနှင့် ဂျော်ဒန်ရှိနေ၏။ ဂျက္ကိုဘင်ဘက်တော်သားများ…။

စိတ်မချရသူများမှာ မော်ရိုးနှင့် လဖေးဗား၊ လဖေးဗားမှာ ဩဇာရှိ၍မဟုတ်။ သူ့တွင် ဦးနှောက်လည်းမရှိ။ သို့သော် သူသည် အချက်အချာနေရာတွင် ရောက်နေ၏။ ပါရီစစ်ဘုရင်ခံကြီးမှာ မည်သည့်အာဏာသိမ်းပွဲတွင်မဆို သော့ချက်နေရာမှ ပါဝင်ရမည်မဟုတ်လော။ ထို့ကြောင့် လဖေးဗားကိုလည်း နပိုလီယံနှင့် ဂျိုဇက်ဖိုင်းတို့က အောင်ပွဲလမ်း သူတို့နေအိမ်သို့ ဖိတ်ကြား၍ သူ့နားလည်နိုင်သမျှ ပြောပြကာ ချွေးသိပ်ထားရ၏။ သူ့ကို များများပြောလို့မရ။ သူ့ဦးနှောက်က အချက်အလက်များများကို မှတ်သားထားနိုင်ခြင်းမရှိ။ သို့သော် အရေးကြီးသည်မှာ ဘာနာဒုတ်၊ သူဘာလုပ်သလဲ၊ သူဘယ်ဘက်လိုက်မလဲ၊ ခြစည်းရိုးဘယ်ဘက်ကို ခုန်ချမလဲ၊ ခုန်ရောခုန်မှာလား၊ ခြစည်းရိုးပေါ်မှာပဲ ဟိုမပါသည်မပါနေမှာလား၊ အကဲခတ်ရခက်လှ၏။ ဘာနာဒုတ်ကို နိုင်ငံရေးမှ ချဉ်းကပ်မရသော် အမျိုးသမီးဘက်မှလှည့်ရမည်။ ဘာနာဒုတ် သူ့ဇနီးသူ အလွန်ချစ်သည်ကို လူတိုင်းသိ၏။ သူ့ဇနီးသည် ဒဆိုင်ရီကလာရီ[၁] မှာ တစ်ချိန်က ဂျိုးဆက်ဘိုနာပတ် (နပိုလီယံအစ်ကို)နှင့် ချစ်ဖူးသူ၊ ထို့ပြင် ဒဆိုင်ရီအား နပိုလီယံကိုယ်တိုင်ကလည်း ချစ်ခဲ့ဖူး၏။ ဂျိုးဆက်က ဒဆိုင်ရီနှင့်မရဘဲ သူ့ညီမ ဂျူလီနှင့် ရသွား၍ ဒဆိုင်ရီ၏ ခင်ပွန်း ဘာနာဒုတ်မှာ နပိုလီယံဘိုနာပတ်၏ ဆွေတော်မျိုးတော်စာရင်းဝင်ပင် မဟုတ်လော။ ထို့ကြောင့် ဂျူလီ၊ ဒဆိုင်ရီတို့နှင့် ဘာနာဒုတ်အား နပိုလီယံ၊ ဂျိုဆက်ဖိုင်းတို့က မကြာခဏ အိမ်သို့ဖိတ်ကြား၍ ကျွေးမွေးစည်းရုံးကြ၏။ တောနယ်သို့ ပျော်ပွဲစားထွက်၍ ဆွေးနွေးကြည့်ကြ၏။ သို့သော် ဘာနာဒုတ်က နားမဝင်၊ သူအကြိုက်နှစ်သက်ဆုံး၊ အမြတ်နိုးဆုံး ခြစည်းရိုးပေါ်မှ လုံးဝမခွာ။ ထို့ကြောင့် ဘာနာဒုတ်မပါဘဲ သည်ပွဲနွှဲရတော့မည်။ ဘရူမဲယား ၁၈ ရက်နေ့ (နိုဝင်ဘာလ ၉ ရက်နေ့) ၁၇၉၉ ခုနှစ်တွင် ပါရီလမ်းမကြီးများပေါ်တွင် ခြေလျင်စစ်သည်များ ခြေချင်းလိမ်နေ၏။ နပိုလီယံ ဂျိုးဆက်ဖိုင်းတို့အိမ်တွင်လည်း စစ်ဗိုလ်ချုပ်များ စစ်သည်များ ဥဒဟိုဝင်ထွက်နေကြ၏။ ဘာတွေဖြစ်နေသနည်း။ သိရ

၁။ Desiree Clary

အောင် စုံစမ်းဦးမှ၊ ပါရီစစ်ဘုရင်ခံကြီး ဘာမှမသိရသေး။ ထို့ကြောင့် ထိုနေ့နံနက်က ဗိုလ်ချုပ်လဖေးဗား ဓားကြီးချိတ်ပြီး နပိုလီယံတို့အိမ်သို့ ရောက်လာ၏။ နပိုလီယံက "ပါရီစစ်ဘုရင်ခံကြီး ကြွပါ"ဟု လဖေးဗားအား ညွှတ်ခံပြီ အီဂျစ် ပိရမစ်တိုက်ပွဲမှ ရလာသောဓားကို လဖေးဗားအား နပိုလီယံက လက်ဆောင်အဖြစ်ပေးကာ ထွေရာလေးပါးစကားများဖြင့် ညွှတ်ခံ၏။ လဖေးဗားက တစ်ခုခုဖြစ်နေကြောင်း နားလည်ပါသည်။ သူ ဒါလောက်မထုံသေးပါ။ ထို့ကြောင့် ယခုလိုတိုင်းပြည်အရေးကြုံနေစဉ် နပိုလီယံသာ ပြင်သစ်ကို ကယ်တင်မည့်သူဖြစ်ကြောင်း လဖေဗားက နပိုလီယံအားပြောပြ၏။ ပို၍သေချာစေရန် လဖေးဗားအား နပိုလီယံက မိမိအနားမှာ ထိုနေ့တစ်နေ့လုံး ညွှတ်ခံထားခဲ့၏။ လဖေးဗားမှာ သူ့ညာလက်ရုံးသဖွယ် နပိုလီယံက သူ့နံဘေးမှ တစ်ဖဝါးမှ မခွာစေရ။ ထို့ကြောင့် ထိုနေ့က အာဏာသိမ်းပွဲကြီး ပါရီစစ်ဘုရင်ခံကြီး ဘာမှမသိလိုက်ရဘဲ ပြီးစီးသွားခဲ့လေပြီ။

မြူရတ်က သူ့မြင်းတပ်နှင့် ဘိုဘုန်းနန်းတော်[၁] ကို သိမ်းထားလိုက်ပြီ။ မာမွန့်က သူ့အမြောက်များနှင့် အသင့်ရှိနေ၏။ ဘယ်ကိုစုပြီး ပစ်ထည့်လိုက်ရမလဲ။ တူလဲရီ[၂]တွင် အုပ်ချုပ်ကွပ်ကဲနေသူမှာ လိန်းစ်ဖြစ်သည်။ ချိုင်းထောက်ကြီးနှင့် ထော့နင်းသွားရင်း အုပ်ချုပ်ကွပ်ကဲနေခြင်းဖြစ်၏။ နံနက်ကမှ နပိုလီယံထံ ရောက်လာပြီး သူ့ကိုခိုင်းလိုရာခိုင်းပါဆိုသော မောရိုးကို နပိုလီယံက လူ ၃၀၀ ပေးလိုက်၍ လင်္ဂဆင်ဘောက်ကို မော်ရိုးက သူ့လူ ၃၀၀ နှင့် ဝန်းရံထားလိုက်၏။ မက်ဒေါ်နယ်က ဗာဆိုင်းတွင် ဂျက်ကိုဘင်များအား စောင့်ကြည့်နေ၏။ စီးရှုရာအား ပထမပွိုင့် ဒီဇူအာ[၃]သို့ စေလွှတ်ထား၍ နောက်ပိုင်း စိန့်ကလောက်[၄] သို့ ရောက်လာလေသည်။ တူလဲရီသို့ ဂျော်ဒန်ရောက်လာသောအခါ နပိုလီယံက ရဲဘော်ဟောင်းတစ်ဦးအား နှုတ်ဆက်သကဲ့သို့ ဂျော်ဒန်အား သူ့အနားခေါ်ထားလိုက်၏။ ထို့နောက် ဩဂျရိုး နပိုလီယံထံ ရောက်လာပြန်၏။ ဩဂျရိုးက မီးစင်ကြည့်ကတတ်သူ ဖြစ်လေသည်။ တစ်ချိန်လုံး သူ နပိုလီယံဘက်တော်သားဖြစ်ကြောင်း အများကြားလောက်အောင်ပြောပြီး တစ်ချိန်လုံး နပိုလီယံအနားမှ မခွာတော့။ အခက်အခဲသုံးခု ကျန်သေး၏။ လူကြီးများကောင်စီ[၅]၊ စိန်ကလောက်ရှိ ပြည်သူ့ကိုယ်စားလှယ် ၃၀၀ နှင့် ဘာနာဒုတ်တို့ဖြစ်၏။ နောက်တစ်နေ့နံနက်တွင် စိန်ကလောက်၌ ပြည်သူ့ကိုယ်စားလှယ်များက ဓားမြှောင်များထုတ်ကာ နပိုလီယံထံ ဝိုင်းလာကြ၏။ နပိုလီယံ ဘာမှ အမိန့်မပေးလိုက်ရမီ သူ့နံဘေးတွင်ရှိသော လဖေးဗားက ဓားလွတ်ဆွဲထုတ်ပြီးသား ဖြစ်နေပြီ။ စစ်သားဟောင်းကြီးများ၏ တစ်သက်လုံး လေ့ကျင့်ထားသော စစ်လေ့ကျင့်ရေးမှာ အရေးကြုံ

---

၁။ Palais Bourbon
၂။ Tuileries
၃။ Point De Jour
၄။ St Cloud
၅။ Council of the Ancients

လျှင် အလိုလို မိမိကိုယ်ဇာတ်ကိုကာကွယ်ပြီးဖြစ်နေ၏။ ထို့ကြောင့် လဖေးဗား ဓားလွတ်ကိုင်ထားပြီး မြူရတ်က ချက်ချင်း သူ့တပ်ကို အမိန့်ပေးလိုက်ကာ လွှတ်တော်ထဲ ဝင်လာခဲ့လေပြီ။ စစ်ဘင်ခရာတီးစေလျက် "ရှေ့နေများ၊ အမြတ်ကြီးစားများ"[၁] အား လွှတ်တော်အဆောက်အအုံထဲမှ တစ်ခါတည်း မြူရတ်၏တပ်များက မောင်းထုတ်ကြ၏။ လွှတ်တော်အမတ်များက ဆောင်ပုဒ်များ ကြွေးကြော်သံများအော်၍ ရှေ့တက်လာကြသေးသော်လည်း မြူရတ်က အပြတ်သားဆုံး အမိန့်ပေးလိုက်၏။ "ငါ့လူများ ဒီအဖျက်သမား ပိုးမွှား[၂]တွေကို ပြတင်းက ပစ်ချလိုက်ကြစမ်း" ကိုယ်စားလှယ်တော်ကြီးများအားလုံး လွှတ်တော်အဆောက်အအုံမှ ထွက်ခွာသွားကြရလေပြီ။ ထို့ကြောင့် မိုင်ရေဘို[၃] တစ်ချိန်က ဟောကိန်းထုတ်ခဲ့သည်ဟူသတတ်။ "ပြည်သူ့ကိုယ်စားလှယ်တွေလဲ တစ်နေ့ကျတော့ လှံစွပ်တွေနဲ့ မောင်းအထုတ်ခံကြရဦးမှာပါပဲ"။ ထိုနေ့ညတွင် ပြည်ထောင်စုဘက်တော်သားများ ဂျက္ကိုဘင်များ အားလုံး လွှတ်ရာကျွတ်ရာ ထွက်ပြေးကြကုန်၏။

သြဂျရိုးကတော့ ထွက်မပြေး။ သူပြောသည်ကို သူ့ဟာသူ ယုံကြည်နေပုံရ၏။ သူသည် နပိုလီယံနောက်မှ တစ်ချိန်လုံးရှိပါသည်တဲ့။ ဂျော်ဒန်က သူ့မိတ်ဆွေတစ်ဦးအိမ်တွင် သွား၍ပုန်းနေ၏။ ဘာနာဒုတ်က ဆီနက်[၄] ဒေသ တောထဲတွင် သွား၍ခိုနေ၏။ သူ့ဖနီး ဒဆိုင်ရီက ယောကျ်ားလေးလိုဝတ်ဆင်ထားပြီး ဗိုလ်ချုပ်ကြီး ဘာနာဒုတ်အနီးတွင်ပင် ရှိနေလေသည်။ ၁၇၉၉ ခုနှစ် နိုဝင်ဘာလ ၁၁ ရက်နေ့၌ စိန်ကလောက်တွင် အစိုးရသစ်ဖွဲ့စည်းလိုက်ကြ၏။ ကောင်စစ်အရာရှိချုပ် သုံးဦးကို အက္ခရာစဉ်အတိုင်း ဤသို့ဖော်ပြထား၏။ ဘိုနာပတ်၊ ဒူးကိုစ်[၅]နှင့် ဆေးယီးတို့ ဖြစ်လေသည်။ လွတ်လပ်မှု၊ ညီမျှမှုနှင့် ကိုယ်စားလှယ်စနစ်အပေါ် အခြေပြုထားသော ခွဲခြားမရနိုင်သည့် တစ်ခုတည်းသော ပြည်ထောင်စုကြီး[၆]ကို သစ္စာစောင့်သိကြမည်ဖြစ်ကြောင်း ကောင်စစ်ဝန်ချုပ်သုံးဦးက သစ္စာဆိုခဲ့ကြလေသည်။ ဘုန်းတော်ကြီး ဆေးယီး၏ဓားက သူ့အစွမ်းပြလိုက်ပါပြီ။ အာဏာသိမ်းပြီး တစ်လတိတိရှိသည့်အခါ ဘိုနာပတ်က ပထမကောင်စစ်ဝန်ချုပ်ဖြစ်လာ၍ သူ့ရဲဘော်နှစ်ဦးမှာ (ဒူးကိုစ်နှင့် ဆေးယီးမဟုတ်တော့ဘဲ) ကမ်ဘာဆေရီနှင့် လီဘရွန်[၇]တို့ ဖြစ်ကြလေသတည်း။

---

၁။ Attorneys and Profiteers'
၂။ Blighters
၃။ Mirabeau
၄။ Senart
၅။ Ducos
၆။ The Republic One and Indivisible, Founded on Liberty, Equality and the Representative System
၇။ Cambaceres and Lebrum

# အခန်း (၆)

# မာရင်ဂိုး

၁၇၉၉ ခုနှစ်မကုန်ဆုံးမီခြောက်ပတ်နှင့် ၁၈၀၀ ခုနှစ် ပထမလေးလကို ပထမကောင်စစ်ဝန်ချုပ် (THE FIRST CONSUL)နပိုလီယံ၏ အလုပ်အရှုပ်ဆုံးအချိန် တစ်ချိန်ဟု ခေါ်ဆိုနိုင်၏။ အဘက်ဘက်မှ ပျက်စီးယိုယွင်းနေသော ပြင်သစ်ပြည်ကြီးအား ပြန်လည်ထူထောင်ရမည်။ တည်ဆောက်မှုအသစ်များ ပြုလုပ်ရမည်။ ထို့ကြောင့် ယင်းကာလအတွင်း နပိုလီယံသည် နေ့စဉ် (တစ်ပတ် ၇ရက်) ၁၆ နာရီမှ ၁၈ နာရီအထိ အလုပ်လုပ်ခဲ့၏။ ဤကဲ့သို့ နပိုလီယံက မိမိပြည်တွင်းရေးကို အားသွန်ခွန်စိုက် လုပ်ဆောင်နေစဉ် ပြင်သစ်နိုင်ငံ၏ ရန်သူများက ပြင်သစ်ပြည်ကို ဝိုင်းဝန်းတိုက်ခိုက်ရန် လုပ်ဆောင်နေကြလေသည်။ ထို့ကြောင့် တပ်မတော်ကောင်းကောင်းတစ်ခု ထူထောင်ရန်လိုလာ၏။ မြန်မြန်လုပ်ဆောင်ရမည်။ ရန်သူသည် နှစ်ဖက်ညှပ်၍ ပြင်သစ်နိုင်ငံဘက် ချီတက်လာနေကြလေသည်။ တစ်ဖက်မှ ရိုင်းမြစ်အနီး ရောက်လာကြပြီဖြစ်၍ အီတလီစစ်မျက်နှာ၌လည်း ရန်သူကသာ အရေးသာနေလေသည်။ နပိုလီယံက သူ့အရန်တပ်တော်[၁] နေရာကို ရွေးချယ်လိုက်၏။ ဒီဂျုံး[၂]မှာ စစ်မျက်နှာနှစ်ခုစလုံးသို့ အလွယ်တကူ စစ်ကူပို့နိုင်သည့် နေရာဖြစ်ခြင်းကြောင့် ဒီဂျုံးတွင် ပြင်သစ်အရန်တပ်တော်ထားရမည်။ နောင်တွင် စစ်သူကြီးဖြစ်လာမည့် အရာရှိကြီးသုံးဦးကို ယင်းလများအတွင်း နပိုလီယံက စစ်ဆင်ရေးများတွင် သုံးထားရ၏။

---

၁။ Army of Reserve ၂။ Dijon

ဘရွန်အား စစ်သည် ၆၀၀၀၀ နှင့် အနောက်ဘက်သို့ စေလွှတ်၍ ဗင်ဒီ[၁] ဘုရင်လိုလားသူ သူပုန်များအား နှိမ်နင်းစေ၏။ နောက်တစ်ဦးမှာ မာဆေးနား ဖြစ်၍ ဆိုလ်တ်က သူ၏လက်ထောက်ဖြစ်၏။ ချီတက်လာမည့်ရန်သူများကို ဂျီနိုအာ[၂]တောင်ကြားလမ်းမှ ဟန့်တားထားရန်ဖြစ်လေသည်။ ဂျီနိုအာကို ရန်သူ နှစ်ဖက်ဝိုင်းထား၏။ ကြည်းကြောင်းမှာ ပြင်သစ်များထက် အဆမတန် အင်အား များသော သြစတြီးယားတပ်တော်ဖြစ်၍ ရေကြောင်းမှ ဂျီနိုအာပင်လယ်ကွေ့မှ ဖြတ်၍ ပြင်သစ်တပ်များအတွက် ပို့လာသည့် ရိက္ခာများနှင့် အဆက်အသွယ် အားလုံးကို လောဒ်ကိသ်၏ ဗြိတိသျှစစ်သင်္ဘောများက ဖြတ်တောက်ပစ်ရန် စောင့် ကြပ်လျက်ရှိလေသည်။ ဂျီနိုအာမြို့တွင်း၌ အီတလီတပ်တော် အကြွင်းအကျန်များ နှင့် မြို့လူထုမှာ ရိက္ခာပြတ်လျက် အားလုံး စိတ်ဓာတ်ကျနေကြပြီဖြစ်သော်လည်း မာဆေးနားက အနိုင်မခံ အရှုံးမပေးရှိသည့် ရိက္ခာအနည်းငယ်ကို ခြိုးခြံချွေတာ၍ စနစ်တကျ ဝေငှပေးပြီး အဘက်ဘက်မှ ခံစစ်ကို လုံခြုံအောင်ပြုလုပ်ထား၏။ နပိုလီယံက မာဆေးနားအား ပေးထားသည့်တာဝန်မှာ သူ(နပိုလီယံ) တည်ထောင် နေသည့် တပ်မတော် လူသူလက်နက် တပ်ဆင်မပြီးမချင်း ရန်သူသြစတြီးယား တပ်တော်အား ထိန်းထားရန်ဖြစ်လေသည်။ တိုက်ပွဲစဉ်အစမှာပင် ဆိုလ်တ်ဒဏ်ရာ ရ၍ ရန်သူကဖမ်းမိသွား၏။

ဂျီနိုအာမှ မာဆေးနားတပ်တော် အနေအထားမှာ မနစ်က ဆွစ်ဇာလန်တွင် ရန်သူဝိုင်းနေစဉ်ကနှင့် တူညီသည်ဆိုရမည်။ ပြင်သစ်နယ်ခြားကို ဆူချေ၏ တပ်တော်က ကာကွယ်ထားပြီး အင်အားလျော့နည်းနေ၍ အတွေ့အကြုံနုနယ် သူများဖြစ်ခြင်းကြောင့် ရန်သူက အချိန်မရွေးတိုက်ခိုက်ချေမှုန်းနိုင်၏။ သို့သော် မာဆေးနားတပ်များ ဂျီနိုအာတွင် ရှိနေသေးသရွေ့ ရန်သူက ပြင်သစ်နယ်ခြားအထိ မချီတက်ရဲသေး။ မာဆေးနားက ရန်သူဆက်သွယ်ရေးလမ်းကြောင်းကို အချိန် မရွေး ဖြတ်တောက်ပစ်မည့် အန္တရာယ်ရှိနေ၏။ ထို့ကြောင့် ပြင်သစ်နယ်ခြားနှင့် ပြင်သစ်ပြည်တွင်း ရန်သူဝင်ရောက်မတိုက်မီ ဂျီနိုအာကို တိုက်ခိုက်သိမ်းပိုက်နိုင်မှ ဖြစ်မည်။ ကောင်စစ်ချုပ် နပိုလီယံ သူ့တပ်တော်အသစ်နှင့် စစ်ကူလာမည်ကို မာဆေးနားတို့လူစု နေ့စဉ်မျှော်လင့်နေရသော်လည်း လီဂူရီယန်တောင်တန်း[၃]များ ဘက်မှ အမြောက်သံများ မကြားရသေးပေ။ မကြာမီကောင်စစ်ချုပ် သတင်း ကြားရပါပြီ။ သတင်းလာပို့သူမှာ မြင်းတပ်ဗိုလ်ကြီး ဖရန်ဆက်ချီ[၄]ဖြစ်၏။ ည ကြီးသန်းခေါင် ကမ်းနားမှကပ်၍ လှေလှော်လာပြီး အင်္ဂလိပ်စစ်သင်္ဘောများအား

၁။ Vendee

၂။ Genoa

၃။ Ligurion Hills

၄။ Franceschi

ရှောင်ကွင်းနိုင်ခဲ့၏။ ဂီနိုအာကမ်းနား ရောက်ခါနီးတွင် ရန်သူက ဖရန်ဆက်ချီ လေ့ကိုမြင်၍ အမြောက်များ သေနတ်များနှင့် လှမ်းပစ်ရာ ဖရန်ဆက်ချီသည် သူ့ခါးလွတ်ကိုကိုက်၍ ဂီနိုအာပြင်သစ်တပ်များရှိရာသို့ လက်ပစ်ကူးလာခဲ့လေသည်။ သူယူလာသည့်သတင်းများမှာ ပြင်သစ်နိုင်ငံတော်အတွက် သတင်းကောင်းများ ဖြစ်ပါ၏။ သို့သော် မာဆေးနားတို့ မျှော်လင့်နေသည့်သတင်းမဟုတ်ချေ။

ရိုင်းတပ်တော်က ဘီဘေရတ်[၁]တွင် ရန်သူများကို အောင်နိုင်လိုက်ပြီး ကောင်စစ်ချုပ်နပိုလီယံသည် လီဂူရီယန်တောင်တန်းများဖြတ်၍ ဂီနိုအာသို့ စစ်ကူမလာတော့ဘဲ ဂရိတ်စိန့်ဘာနဒ် တောင်ကြားမှဖြတ်၍ ဂီနိုအာအရှေ့ဘက် အတော်ဝေးသည့် လွန်ဘာဒီလွင်ပြင်တွင် ရောက်နေပြီဖြစ်ကြောင်း ဖရန်ဆက်ချီက မာဆေးနားအား သတင်းပို့ခဲ့လေသည်။ ကောင်စစ်ချုပ်သည် ဩစတြီးယားတပ်တော်နှင့် ဗီယာနာမြို့တော်အကြား မာရင်ဂိုရွာငယ်လေးတွင် ရောက်နေပြီဖြစ်လေသည်။ ဩစတြီးယားတပ်တော်၏ ဆက်သွယ်ရေးလမ်းကြောင်းကို ဖြတ်တောက်ထားနိုင်ပြီဖြစ်၏။ သို့သော် နပိုလီယံက ရန်သူကိုအထင်သေးပြီး သူ့တပ်မများအား အလွန်အမင်းဖြန့်ထားမိရာ ရန်သူက ပြင်သစ်တပ်များအား ဖိတိုက်တော့၏။ လိန်းစ်၊ ဗစ်တာ၊ မာမွန့်တို့ ဦးဆောင်ပြီး ရန်သူကို ထိန်းထားစဉ် နပိုလီယံက ရှေ့သို့ချီတက်သွားသည့် ဒဆိုင်တပ်အား အမြန်ပြန်လာရန် ခေါ်ယူရ၏။ ပြင်သစ်တို့ တန်ပြန်ထိုးစစ်မှာ စစ်သမိုင်းတစ်လျှောက်လုံး ခြေလျင်မြင်းတပ်၊ အမြောက်တပ်တို့ ပူးပေါင်းစစ်ဆင်ရေး၌ စံပြတိုက်ပွဲသစ် ဖြစ်တော့၏။ မာရင်ဂိုတိုက်ပွဲတွင် အမြောက်တပ်မှူး မာမွန့် အစွမ်းပြခွင့်ရခဲ့လေသည်။ တစ်နေ့လုံး သူ့အမြောက်များနှင့် ရှေ့တန်းတွင်တိုက်ခိုက်ခဲ့ရာ သူ့တွင် အမြောက် ၅ လက်သာကျန်တော့၏။ အရန်အမြောက် ၅ လက်ကိုပါ ရှေ့တန်းခေါ်ယူလိုက်၍ ဒဆိုင်းတပ်နှင့် ပူးပေါင်းမိသောအခါ မာမွန့်တွင် အမြောက် ၁၈ လက်ရှိလာ၏။ ရန်သူစစ်ကူများ ရောက်လာ၍ ဒဆိုင်းလူများ စတင်ဆုတ်ခွာရစဉ် မာမွန့်က သူ့အမြောက်လေးလက်ကို ရှေ့တန်းခြေလျင်တပ်များနေရာအထိ ခေါ်ယူလိုက်၍ ကိုက် ၅၀ အကွာမှ ရန်သူတို့ တည့်တည့်ကြီးချိန်ပစ်ရာ ရန်သူတို့ အတုံးအရုံးကျဆုံး၍ ဆုတ်ခွာကြရ၏။ တစ်ချိန်တည်းတွင် ဒဆိုင်းက သူ့လူများအား အော်ဟစ်စုရုံး၍ ရှေ့သို့ ချီတက်လာပြီး မြင်းတပ်မှူး ကဲလာမဲင်းကပါ နံဘေးမှ ဩစတြီးယားစစ်နံကို ဝင်တိုက်ရာ ပိုမိုအင်အားများသည့် ဩစတြီးယားများ တပ်လန်ကာ နောက်ဆုတ်ပြေးကြရတော့၏။

---

၁။ Biberach



ကောင်စစ်ချုပ် နပိုလီယံ၏တပ်တော် ဂရိဒ်စိန်ဘားနတ် တောင်ကြားအား
ဖြတ်ကျော်ပြီး တွေ့ရစဉ်

ဤကဲ့သို့ ခြေလျင်မြင်းတပ် အမြောက်တပ်တို့ ချိန်ကိုက် ဟန်ချက်ညီညီ တိုက်ခိုက်နိုင်သောကြောင့် မာရင်ဂိုးတိုက်ပွဲတွင် ပြင်သစ်တို့ အောင်ပွဲခံနိုင်ခဲ့ခြင်း ဖြစ်လေသည်။ ပြင်သစ်တန်ပြန်ထိုးစစ် တစ်မိနစ်စော လုပ်မိလျှင်လည်းကောင်း၊ ၃ မိနစ် နောက်ကျသွားလျှင်လည်းကောင်း အောင်နိုင်ဖို့ခဲယဉ်းမည်ဖြစ်ကြောင်း စစ်သမိုင်းဆရာတစ်ဦးက ရေးသားခဲ့ပါသည်။ မာရင်ဂိုးတိုက်ပွဲ အောင်နိုင်လိုက်သဖြင့် မြောက်ပိုင်း အီတလီတစ်ခုလုံး ပြင်သစ်တို့က ပိုင်လိုက်နိုင်ပြီဖြစ်၏။ မာရင်ဂိုးတိုက်ပွဲအပြီး ပြင်သစ်စစ်ဦးစီးချုပ် ဘာသီယာက သြစတြီးယားဗိုလ်ချုပ် တစ်ဦးအား ဤသို့ပြောခဲ့၏။ "ခင်ဗျားတို့ ဖြေနိုင်တာက အခုအောင်ပွဲခံလိုက်တဲ့ သူက ကမ္ဘာမှာကို အတော်ဆုံးစစ်ဗိုလ်ချုပ် ဖြစ်တယ်ဆိုတဲ့ အချက်ပါပဲ" ထိုအခါ သြစတြီးယားဗိုလ်ချုပ်က ဤသို့ပြန်ပြောခဲ့လေသည်။ "မာရင်ဂိုးတိုက်ပွဲကို ဒီစစ်မြေပြင်မှာ ခင်ဗျားတို့နိုင်လိုက်ကြတာ မဟုတ်ပါဘူး။ ဂီနိုအာခံစစ်ကြောင့် ခင်ဗျားတို့ ဒီမှာအောင်ပွဲခံနိုင်တာ ဖြစ်ပါတယ်"

## အခန်း (၇)

# တပ်တော်မဟာ ဖွဲ့စည်းပြီ

## MAKING THE GRANDE ARMEE

အမိန်းငြိမ်းချမ်းရေးစာချုပ်[၁] ကို ၁၈၀၂ ခုနှစ် မေလထဲတွင် ချုပ်ဆိုနိုင်ခဲ့ကြ၏။ နပိုလီယံဘိုနာပတ်သည် ညီညွတ်ပြီး တစည်းတလုံးတည်းရှိသော ပြင်သစ်နိုင်ငံ ပြန်လည်ထူထောင်ရေးကို ဧောက်(ဧောက်)ချ လုပ်ဆောင်နိုင်ပြီဖြစ်ပြီး စစ်မြေမှ ပြန်လည်ရောက်ရှိနေကြသော သူ့ဗိုလ်ချုပ်အသီးသီးသည်လည်း "စူလတန်ဘိုနာပတ်"[၂] အား မကောင်းကြံကြရန် အချိန်ရရှိလာကြပြီဖြစ်လေသည်။ အကြောင်းမှုကား နပိုလီယံသည် သူများရှေ့ရောက်လွန်းနေပြီဖြစ်၏။ ရှေ့ရောက်လွန်းသူသည် ပစ်မှတ်ကြီးလာမည်မှာ မုချ။ သူများတွေ ငြင်းခုံနေကြစဉ် နပိုလီယံသည် မှန်မှန်နေ့စဉ် တစ်နေ့ ၁၈ နာရီအလုပ်လုပ်နေ၍ သူလုပ်သမျှမှာလည်း ခရီးရောက်လှ၏။ ပြည်ထောင်စုသားများ ဘုရင့်ဘက်တော်သားများ၊ တော်လှန်ရေးသမားများ စသည် ပြန့်ကျဲနေကြရန် မလိုတော့။ အားလုံးသည် ပြင်သစ်နိုင်ငံသားများဖြစ်၍ ပြင်သစ်နိုင်ငံ စည်းလုံးညီညွတ်ရေး ပြန်လည်ထူထောင်ရေးအတွက် ဝိုင်းဝန်းလုပ်ကြရမည်ဟု နပိုလီယံကဆို၏။ နိုင်ငံတော်အစိုးရနှင့် ရဟန်းမင်းကြီးတို့ သဘောတူညီချက်ကွန်ကိုဒတ်[၃] ရေးထိုးလိုက်ကြသည်ကို အချို့က ဘဝင်မကျ။ သည်ဘာသာရေးကို တော်လှန်ရင်း လူအတွေအများအပြား သွေးမြေကျရပြီမဟုတ်လော၊ ယခု ဘာ

---

၁။ Treaty of Amiens

၂။ Sultan Bonaparte

၃။ Concordat

ကြောင့် သည်ဘာသာရေးနှင့် ပြန်ပေါင်းထုတ်ချင်ရသနည်း။ အချို့က ကွန်ကိုဒတ်စာချုပ်ကို သဘောမကျသော်လည်း ဘုရင်ကိုဘာသာ အရိုးစွဲနေသော ပြင်သစ်လူထုကမူ နိုင်ငံတော်အစိုးရနှင့် ရဟန်းမင်းကြီး ပြေလည်သွားသည်ကို အထူးပျော်ရွှင်ဝမ်းမြောက်နေကြ၏။ ကွန်ကိုဒတ်ကြောင့် ပထမကောင်စစ်ချုပ် နပိုလီယံ ပိုပြီး ပေါ်ပြူလာဖြစ်သွားပြန်ပြီ။ ဘုန်းတော်ကြီးဆေးယီး ခြေရှုပ်ပြန်ပြီ။ အစိုးရကို သဘောမကျသူအချို့ ရှိလာပြီဖြစ်၍ ဆေးယီး ဓားထက်ထက်ရှာနေပြီ။ ပလွှင်ပေါ် ထိုင်ဖူးသူဖြစ်၍ ပလွှင်အရသာကို သိနေသော ဆေးယီးအဖို့ ဓားတွေက ပိုများနေ၏။ စစ်ပြေငြိမ်းထားပြီဖြစ်၍ ပါရီတွင် ဗိုလ်ချုပ်တွေ မှိုလိုပေါက်နေ၏။

ပါရီတွင် ရိုင်းတပ်တော်တစ်ခုလုံးရှိနေ၍ မကျေမချမ်းဖြစ်နေသော ဗိုလ်ချုပ်များ ခေါင်းဆောင်မှာ မော်ရိုးဖြစ်လေသည်။ သူ့နောက်တွင် ဩဒီနော့လီကုစ်နှင့် စိန်စီယာတို့ရှိ၏။ ဂျက္ကိုဘင်များကလည်း တစ်စခန်းထကြ၏။ ထုံးစံအတိုင်း သူတို့နှင့် အလွမ်းသင့်သူများမှာ ဩဂျရိုးနှင့် ဂျော်ဒန်တို့ဖြစ်၏။ ဘာရွန်းနှင့် မက်ဒေါ်နယ်ပါ -ဂျက္ကိုဘင်ဘက်တော်သားများ ဖြစ်နေကြပြီ။ အီတလီတပ်တော်နှင့် အီဂျစ်တပ်တော်မှ ဗိုလ်ချုပ်များကမူ နပိုလီယံဘိုနာပတ်အပေါ် သစ္စာရှိကြလေသည်။ လိန်းစ်နှင့် မာဆေးနားကမူ နပိုလီယံအား မကျေနပ်ကြ။ လိန်းစ် နပိုလီယံအပေါ် မကျေနပ်သည်မှာ ထူးဆန်းနေ၏။ မာဆေးနားကောင်စစ်ချုပ် နပိုလီယံအပေါ် မကျေနပ်သည်မှာ အကြောင်းလုံလောက်ပါသည်။ အီတလီတပ်တော်ကို ပြန်လည်ဖွဲ့စည်းသောအခါ စစ်သည် ၆၀၀၀၀၊ မြင်းတပ် ၁၀၀၀၀ နှင့် မာမွန့် ပြန်လည်ပြုပြင်ဖွဲ့စည်းထားသည့် အမြောက် ၁၆၀ အပြင် မြို့သိမ်းအမြောက်ကြီး ၁၂၀ ပါဝင်လေရာ အလွန်အင်အားတောင့်တင်းသည့် တပ်တော်ဖြစ်လာ၏။ မိမိ စွမ်းစွမ်းတမံ အမှုထမ်းဆောင်ခဲ့ဖူးသည့် တပ်တော်ဖြစ်၍ မာဆေးနားက မိမိသာ စစ်သေနာပတိဖြစ်လာမည် မျှော်မှန်းသော်လည်း သူ အရှိန်အဝါ အတော်ကြီးမားပြီး ကောင်စစ်ချုပ်နှင့် ခြေရာတိုင်းလာသည်ကို ကြိုတင်မြင်သည့် နပိုလီယံက အီတလီတပ်တော်ကို မာဆေးနားအား မပေးဘဲ ဘာရွန်းကို ပေးလိုက်၏။ ထို့ကြောင့် မာဆေးနားက ပါရီပြန်လာ၍ နပိုလီယံဆန့်ကျင်နေသည့် ရိုင်းတပ်တော် ဗိုလ်ချုပ်များနှင့် ပူးပေါင်းလိုက်လေသည်။

ဘာရွန်းက ထိုစဉ်က ၃၄ နှစ်သာရှိသေး၏။ ဖခင်မှာ ဥပဒေသမားတစ်ဦးဖြစ်၍ ဘာရွန်းမိဘများက သူ့ဖခင်ခြေရာနင်း၍ ဘာရွန်းကို ဥပဒေလေ့လာစေလိုသော်လည်း ဘာရွန်းက စာရေးဆရာဖြစ်လိုသူဖြစ်၏။ ၁၇၈၈ ခုနှစ် ဥပဒေသင်တန်းသားဘဝမှာပင် ဘာရွန်းက ခရီးသွားစာအုပ်တစ်အုပ် ထုတ်ဝေလိုက်၏။ လူကြိုက်တော့ မများလှ။ တော်လှန်ရေးပြီးသောအခါ သူ့စာအုပ်များထုတ်ရန် ပိုမိုခက်ခဲ

လာသောကြောင့် ဘရွန်းသည် သူပိုင်သတင်းစာတစ်စောင် ထုတ်ဝေရန်နှင့် သူ့စာအုပ်များ ထုတ်ဝေရန် ပုံနှိပ်တိုက်တစ်ခု ထောင်ထားလိုက်လေသည်။ ဘရွန်းသည် ကဗျာလည်းစပ်သေးသည့်အပြင် စစ်ဘက်စာစောင်ငယ်ပါ ထုတ်ဝေလိုက်လေသည်။ ပါရီမှ တော်ဝင်ဇာတ်အဖွဲ့ မင်းသမီးကြီး ဂါဖော့[၁]က ဘရွန်း၏စစ်စာစောင်ကို ဤသို့ဝေဖန်ခဲ့၏။ "လူတွေက ငှက်တောင် ကလောင်ကိုင်ပြီး တိုက်ကြခိုက်ကြတဲ့အခါ ရှင်လဲ ဗိုလ်ချုပ်တစ်ယောက် ဖြစ်လာကောင်းပါရဲ့" ဘရွန်းက ဤသို့ဝေဖန်ခံရသည်ကို ဆတ်ဆတ်ခါနာပြီး ဒန်တွန်[၂] (ဘရွန်းစစ်စာစောင်ရေးသည်မှာ ဒန်တွန်အတွက်ဖြစ်၏။) အကူအညီနှင့် စစ်ထဲဝင်ဗိုလ်မှူးရာထူးရလာပြီး နောက်တစ်နှစ်အတွင်း ဘရွန်းဗိုလ်ချုပ်ဖြစ်လာလေသည်။ ဘရွန်းသည် ဆွစ်ဇာလန်နှင့် အီတလီတွင် စစ်မှုထမ်းဖူးပြီး ၁၇၉၉ ခုနှစ်၌ဘရွန်းဇာတာဆန်း ထလာလေပြီ။ ဟော်လန်နိုင်ငံ၌ ပြည်ထောင်စုတပ်တော်ကို ဘရွန်းဦးစီးပြီး စစ်ဆင်ရာ သူ့ရန်သူမှာ စစ်ရေးစစ်ရာ၌ သူမတူအောင် ညံ့ဖျင်းသောအင်္ဂလိပ်လူမျိုး ယောက်မြို့စားကြီး[၃]ဖြစ်နေ၏။ ထို့ကြောင့် ဘရွန်းက အင်္ဂလိပ်တပ်များကို ဘာဂင်နှင့် ကတ်စ်ထရီ[၄]ကမ်းတိုက်ပွဲများ၌ အောင်ပွဲခံလိုက်နိုင်၏။ ဘရွန်းသည် စာတော့ဖတ်ပါ၏။ သို့သော် ဖတ်သမျှ နည်းနည်းသာမှတ်မိသူတည်း။ ထို့ကြောင့် သူ့ဦးနှောက်မှာ ကပေါက်ချိ ကပေါက်ချာ စာအုပ်များစီစဉ်ထားသည့် စာကြည့်တိုက်နှင့်တူသည်ဟု မာမွန့်က ပြောဖူး၏။ ဘရွန်းသည် သတ္တိကြောင်ပြီး အားကိုးလောက်သူမဟုတ်ကြောင်း ရိုးသားမှုရှိသည့် လူဖျင်းတစ်ဦးသာဖြစ်သည်ဟု မာမွန့်က ပြောခဲ့လေသည်။ ဘရွန်းဦးစီးတာဝန်ကို မနိုင်သည်မှာတော့ သေချာ၏။ အီတလီတပ်တော်မှူး ပြန်လာပြီး တပ်မသုံးခုကို တစ်ချိန်တည်း တစ်ပြိုင်တည်း လမ်းကြောင်းတစ်ခုတည်းမှ ချီတက်ရန် သတ်မှတ်ပေးမိသောကြောင့် တပ်အချင်းချင်း များယွင်းကုန်ပြီး မည်သူမှ ချီတက်မရဖြစ်ကာ ညအချိန်ကျမှ တစ်တပ်ချင်း စတင်ချီတက်နိုင်ကြသည်ဆို၏။ ထို့ကြောင့် ညအချိန်ရှုပ်ရှုပ်ထွေးထွေး ချီတက်ကြရပြီဆိုလျှင် ဘရွန်းချီတက်နည်းသစ်[၅]ဟု ပြောစမှတ်ပြုလာ၏။ နပိုလီယံက ဘရွန်းချွတ်ယွင်းချက်များကို အစတွင် သည်းခံနေသေး၏။ နောက်မကြာမီပင် ဘရွန်းကို တပ်တော်မှူးအဖြစ် သုံးမရမှန်းသိသောအခါ ဗိုလ်ချုပ်ကြီးဘရွန်းအား ကွန်စတန်တီနိုပယ်မြို့တော်သို့ သံအမတ်ကြီးအဖြစ် နပိုလီယံက စေလွှတ်လိုက်လေသည်။

---

၁။ Masemoiseue Gerfault, Palais Royal
၂။ Danton
၃။ Duke of York
၄။ Borghen And Kastricum
၅။ Mercher A La Brune

၁၇၉၉ ခုနှစ်ကကဲ့သို့ နပိုလီယံအား ဆန့်ကျင်မှုအားလုံး၏ အခရာမှာ ဘာနာဒုတ်ပင်ဖြစ်လေသည်။ ၁၇၉၉ ခုနှစ်က အပြစ်များကို နပိုလီယံက ခွင့်လွှတ်လိုက်ပြီး ဘာနာဒုတ်အား ဗင်ဒီ[၁] သို့ စေလွှတ်လိုက်၏။ ဘာနာဒုတ်က ပါရီသို့ ခွင့်နှင့်ပြန်ရောက်လာသည့်အခါ မဒမ်ဒီစတီ[၂] နှင့် ခေါင်းချင်းရိုက်ကာ နပိုလီယံအား မည်သို့ချိုးရမည် တိုင်ပင်ကြ၏။ မဒမ်က ဘာနာဒုတ်အား တကယ်အထင်ကြီးနေ၏။ "ဘာနာဒုတ်သာလျှင် သည်ခေတ်မှာ တကယ့်သူရဲကောင်းဖြစ်ကြောင်း" ဒီစတီးက ပြောခဲ့လေသည်။ ဘာနာဒုတ်သည် အမျိုးသမီးစာဝ်ဦးအိမ်၌ လောဒ်ဟော်လန်လေဒီ ဟော်လန်တို့အပြင် ဂျိမ်းစ်ဖောက်စ်[၃] (အင်္ဂလိပ်လူမျိုး နိုင်ငံရေးသမားများ)နှင့်ပါ ချိန်းတွေ့ခဲ့လေသည်။ ယင်းတွေ့ဆုံပွဲ၌ ဘရွန်းပါပါ၏။ ယင်းလျှို့ဝှက်စည်းဝေးပွဲကြောင့် ပြင်သစ်ဗိုလ်ချုပ်ကြီးနှစ်ဦးသည် ပထမကောင်စစ်ချုပ်ကို တော်လှန်ရန် စည်းဝေးနေပြီဖြစ်ကြောင်း ကောလာဟလများ အင်္ဂလန်တွင် ပျံ့နှံ့ခဲ့လေသည်။ ဒမိုးနှင့် ဒဆိုင်းတို့လည်း အီဂျစ်မှ ပြန်ရောက်လာကြပြီး နပိုလီယံက ဒမိုး သူ့အပေါ် သစ္စာရှိကြောင်းသိ၏။ ထို့ကြောင့် ဒမိုးအား စစ်ရဲချုပ် ခန့်အပ်လိုက်လေသည်။ ဒမိုးက ပါရီရှိ ဘာနာဒုတ်နေအိမ်ကို အပေါ်စီးမှ ကပ်မြင်ရသော အခန်းကို ငှားထားပြီး ဘာနာဒုတ် လုပ်ပုံကိုင်ပုံအားလုံးကို မျက်ခြည်မပြတ်စောင့်ကြည့်စေခဲ့လေသည်။ ထိုအချိန်မှစ၍ ဒမိုးနှင့် ဘာနာဒုတ်တို့ ကမ္ဘာ့ရန်ဖြစ်ခဲ့လေသည်။ သည်တစ်ခါလည်း ဘုန်းတော်ကြီး ဆေးယီး ကံမကောင်းခဲ့ချေ။ ဘာနာဒုတ်၏ စစ်ဦးစီးချုပ်ဟောင်းအမိန့်အရ ရေးသားထားသော အစိုးရဆန့်ကျင်ရေး၊ လှုံ့ဆော်ရေးပိုစတာများ၊ စာတန်းများ အစိုးရဘက်က မိသွားပြီး နပိုလီယံ (အစတွင် ဘာနာဒုတ်အားပစ်သတ်ရန် စိတ်ကူးသေးသော်လည်း) သည်းခံပြီး ဘာနာဒုတ်အား အမေရိကန်နိုင်ငံ ဝါရှင်တန်မြို့တော်သို့ သံအမတ်အဖြစ် စေလွှတ်လိုက်လေသည်။ မော်ရိုးကိုလည်း အမေရိကန်သို့ ပြည်နှင်ဒဏ်ပေးလိုက်ပြီး ဘာနာဒုတ်အား စစ်တပ်မှ အနားယူစေလိုက်လေသည်။

၁၈၀၃ ခုနှစ် မေလ ၁၈ ရက်နေ့တွင် ဗြိတိသျှအစိုးရက ပြင်သစ်နိုင်ငံအား စစ်ကြေညာလိုက်၏။ ကောင်စစ်ချုပ် နပိုလီယံ စစ်ဘက်ပြန်လှည့်ရပြန်ပြီ။ တပ်တော်ကြီး ထူထောင်ရဦးမည်။ သည်တစ်ခါ ၁၈၀၀ ခုနှစ်ကကဲ့သို့ အလောသုံးဆယ် ထူထောင်ရသည့် တပ်တော်မျိုးမဟုတ်။ တကယ့် တပ်မတော်ကြီးဖြစ်ရမည်။ တပ်တော်လေ့ကျင့်ရေး နယ်မြေများမှာ ပြင်သစ်အရှေ့မြောက်ပိုင်းဖြစ်၍ ရည်မှန်းချက်မှာ အင်္ဂလန်ဖြစ်ရမည်။ အင်္ဂလန်ကို ကမ်းတက်တိုက်ခိုက်

---

၁။ Vendee
၂။ Madame De Stael
၃။ Lord And Lady Holland And James Fox

သိမ်းပိုက်ရမည်။ တကယ်လှုပ်ရှားစစ်ကစားနိုင်သည့် တပ်တော်ဖြစ်ရမည်။ ဝါရင့်လူပြိုဖြစ်ပြီး သုံးမရတော့သည့် စစ်သားစစ်ဗိုလ်များကို နပိုလီယံက နောက်ဖွဲ့စည်းသည့် တပ်တော်တွင် အသုံးမပြုတော့။ ငယ်ငယ်ရွယ်ရွယ် ဗိုလ်ချုပ်များလည်း အများအပြားရှိရာ လူဟောင်းများပစ်ပယ်ရာ၌ နပိုလီယံသည် သုံးမရသူမှန်သမျှကို ရက်ရက်စက်စက် ပယ်ထုတ်ပစ်၏။ လေ့ကျင့်ရေး စီမံချက်များ၊ သင်တန်းဇယားများ အသေးစိတ်ရေးဆွဲစေ၍ အပြင်းအထန် လေ့ကျင့်ပေးခဲ့လေသည်။ တပ်တော်၏ တရားဝင်အမည်မှာ ပင်လယ်ကမ်းရိုးတန်းတပ်တော်[၁] ဖြစ်ပြီး တပ်မကြီး (CORPS) ခုနစ်ခု၊ မြင်းတပ်ကြီး[၂] တပ်မ ၆ ခုနှင့် ဘုရင့်ကိုယ်ရံတော် တပ်မတစ်ခုတို့ ပါဝင်၏။ တပ်တော်ညာတောင်ပံမှာ ဟင်နိုဗာတွင်ရှိ၍ ဘယ်တောင်ပံမှာ တောင်ဘက် မိုင် ၇၀၀ အကွာ ဘရက်စ်[၃]တွင် ရှိလေသည်။ လူပေါင်းတစ်သိန်း ကိုးသောင်းပါဝင်လေသည်။ ဟင်နိုဗာရှိတပ်မကြီး အမှတ် ၁ တပ်မှူးကြီးမှာ ဘာနာဒုတ်ဖြစ်၏။ နပိုလီယံနှင့် ဘာနာဒုတ်တို့ ယာယီပြေလည်သွားကြပြီ။ နှစ်ဦးချင်း အကြာကြီးတွေ့ဆုံစကားပြောလိုက်ကြ၍ သူတို့နှစ်ဦး ဆက်ဆံရေးနှင့်ပတ်သက်၍ ဘာနာဒုတ်က သူ့အမျိုးသမီးမိတ်ဆွေတစ်ဦး[၄]အား ဤသို့ပြောခဲ့၏။ "ကျွန်တော် သူ့ကို (နပိုလီယံကို) ချစ်ခင်လေးစားမယ်လို့ ကတိမပေးခဲ့ပါဘူး။ သစ္စာရှိရှိ ပူးပေါင်းဆောင်ရွက်မယ်လို့ပဲ ပြောခဲ့ပါတယ်။ ဒီကတိအတိုင်း ကျွန်တော် လုပ်ဆောင်သွားမှာပါ" ဘာနာဒုတ်သည် စစ်အေးချိန် တပ်မကြီးအုပ်ချုပ်ရေးတွင် ဝါသနာပါသူမဟုတ်ပါ။ လေ့ကျင့်ရေးကိုလည်း စိတ်မဝင်စား၊ သူ့လူတွေ သူ့ကို ချစ်ခင်လေးစားလာအောင်၊ ဟင်နိုဗာ အရပ်သူအရပ်သားများကပါ သူ့ကိုချစ်ခင်လာအောင်သာ ဂရုစိုက်နေထိုင်ခဲ့လေသည်။

မာရင်ဂိုးတွင် အမြောက်များနှင့် ခွန့်ခွန့်စားစား တိုက်ခိုက်ခဲ့ဖူးသူ မာမွန့်က ယူထရက်ချ်[၅]တွင် ဌာနချုပ်ထားရှိသော အမှတ် (၂)တပ်မကြီးကို အုပ်ချုပ်ရ၏။ မာမွန့်အနေနှင့် ပထမဆုံးအကြိမ် တပ်မကြီးတစ်ခု အုပ်ချုပ်ရခြင်းဖြစ်၍ သူ့တပ်မသုံးခုကို တနင်္ဂနွေနေ့တိုင်း စစ်ရေးပြလုပ်စေ၏။ ဖလက်ရှင်းနှင့် ဒန်းကတ်[၆]ကြားတွင်ရှိသည့် အမှတ်(၃)တပ်မကြီးတွင် တပ်မှူးကြီးမှာ ဒဗိုးဖြစ်၏။ ဘရူတ်တွင် တပ်မကြီးဌာနချုပ် ထားရှိလေသည်။ ဒဗိုးသည် နပိုလီယံချမှတ်ပေးသည့် စစ်ရေးပြလေ့ကျင့်ရေး အစီအစဉ်များကို တိတိကျကျလိုက်နာ၍ သူ့တပ်မ

---

၁။ Army of the Coasts of the Oceans
၂။ Heavy Cavalry
၃။ Brest
၄။ Madame De Recamier
၅။ Utretch
၆။ Flushing And Dunkirk

ကြီးကို လေ့ကျင့်ပေးခဲ့လေသည်။ ဒဗိုး၏ နောက်တာဝန်တစ်ရပ်မှာ သူ့တပ်မကြီး နယ်မြေအတွင်း ရောက်လာသည့် ရန်သူအင်္ဂလိပ်စပိုင်များကို ခြေမြန်လက်မြန် ဖမ်းဆီး၍ ကြိုးပေးသတ်ခြင်း ဖြစ်လေသည်။ စပိုင်များကလည်း သူ့နယ်မြေတွင် ခြေအရှုပ်ဆုံးဖြစ်လေသည်။

အမှတ် (၄)တပ်မကြီးဌာနချုပ်မှာ ကိုလုန်းတွင်ဖြစ်၍ တပ်မကြီးမှူးမှာ ဆိုလ်တ်ဖြစ်၏။ ဆိုလ်တ်သည် သူ့တပ်မကြီးကို အကောင်းဆုံးဖြစ်လာအောင် လေ့ကျင့်ပေးခဲ့သူ ဖြစ်လေသည်။ တစ်ပတ်ကို သုံးကြိမ် တပ်မကြီးအလိုက် စစ်ကစားခြင်းများ ပြုလုပ်ပေးပြီး သူကိုယ်တိုင် စစ်ကစားခြင်းများကို ဦးဆောင်ပြုလုပ်ခဲ့၏။ အချို့ လေ့ကျင့်ခန်းများကို ၁၂ နာရီကြာမျှ တောက်လျှောက်ပြုလုပ်စေခဲ့လေသည်။

အမှတ် (၄)တပ်မကြီးမှာ အရာရှိငယ်များအတွက် လေ့ကျင့်ရေးကျောင်းကြီးသဖွယ်ဖြစ်နေ၏။ (ဂျပန်ခေတ် ပဲခူးတွင်ထားရှိသော စံပြတပ်ရင်းနှင့် နှိုင်းယှဉ်နိုင်ပေလိမ့်မည်။)

နောက် ၁၂ နှစ်အတောအတွင်း ဆိုလ်တ်တပ်မကြီးမှ အရာရှိငယ်များသည် အခြားပြင်သစ်တပ်မ၊ တပ်မကြီးများတွင် တာဝန်ကြီးများ ထမ်းဆောင်ခဲ့ကြရလေသည်။

ကိုလုန်းအနီးရှိ အမှတ်(၅)တပ်မကြီးကို လိန်းစ် အုပ်ချုပ်ရ၏။ ဆေးယီးနှင့် ခွာပြလာပြီး နပိုလီယံထံ ပြန်လည်ချဉ်းကပ်လာသော လိန်းစ်ကို နပိုလီယံက သံတမန်ရေးရာတွင် သုံးကြည့်၏။ ပေါ်တူဂီနှင့် ပြင်သစ်ကြားနေရေးစာချုပ် ချုပ်နိုင်အောင် လိန်းစ်အား လစ္စဘွန်းသို့ နပိုလီယံ စေလွှတ်ခဲ့၏။

လိန်းစ်သည် ပေါ်တူဂီ-ပြင်သစ် ကြားနေရေးစာချုပ် အောင်မြင်စွာချုပ်ဆိုနိုင်ခဲ့၏။ သို့သော် သူ့အား ခွင့်ပြုထားသော ငွေပမာဏထက် သုံးသိန်းပိုသုံးစွဲထားမိ၏။ ထိုအချက်ကိုသိသော မြူရတ်က လိန်းစ်ငွေများ ပိုသုံးထားကြောင်း နပိုလီယံအား တိုင်ကြားခဲ့လေသည်။ နပိုလီယံက ဤကဲ့သို့ စည်းမဲ့ကမ်းမဲ့သုံးစွဲမှုမျိုးကို (ကျိုးဆက်ဖိင်းမှလွဲ၍) မည်သူ့ကိုမှ ခွင့်မပြုနိုင်။ ထို့ကြောင့် ငွေအကျေပြန်ဆပ်လျှင်ဆပ်၊ မဆပ်နိုင်က လိန်းစ်အား တပ်မှထုတ်ပစ်မည်ဟု လိန်းစ်အား အကြောင်းကြားခဲ့လေသည်။ ဩဂျရိုးက လိန်းစ်အား အတိုးမရှိ ငွေသုံးသိန်းချေးငှားခဲ့သဖြင့် လိန်းစ်က သူပိုသုံးထားသည်များကို အကျေဆပ်နိုင်ခဲ့လေသည်။

မွန်တရူး[၁၈] တွင်ရှိသည့် အမှတ်(၆) တပ်မကြီးမှူးမှာ နေးဖြစ်လေသည်။ နိုင်းတပ်တော်အရာရှိများနှင့် ပေါင်းသင်းနေသူ နေးအား မိမိဘက်ပြန်ပါလာအောင်

---

၁၈ Montreuil

နပိုလီယံက ဂျိုးဆက်ဖိင်းအား တာဝန်ပေးခဲ့လေသည်။ ဂျိုးဆက်ဖိင်းက နေးအား ဖျောင်းဖျသိမ်းသွင်းသည့်အပြင် နေးကို မျိုးရိုးကောင်းသည့် အမျိုးသမီးတစ်ဦးနှင့် အိမ်ထောင်ချပေးလိုက်သေး၏။ သို့နှင့် နေး နပိုလီယံ၏ တပ်မကြီးမှူးဖြစ်လာခြင်း ဖြစ်လေသည်။ နေးသည် မူလက မြင်းတပ်နည်းဗျူဟာများသာ ကျွမ်းကျွမ်းကျင်ကျင် သိသူဖြစ်၏။ ကံအားလျော်စွာ ဆွစ်လူမျိုးကြေးစား စစ်သည်ဂျိုမိနီသည် တပ်မကြီး ၆ သို့ ရောက်လာ၍ ဂျိုမိနီ[၁] ထံမှ နေးသည် စစ်ပညာများ သင်ယူနိုင်ခဲ့လေသည်။ နေးသည် စစ်ဘက်ဂုဏ်သိက္ခာကြီးမြင့်ရေးသည် နေး၏ တစ်ခုတည်းသော ဘဝရည်မှန်းချက် ဖြစ်တော့၏။

ဘရက်စ်တွင်ရှိသည့် အမှတ်(၇) တပ်မကြီးမှူးမှာ ဩဂျရိုးဖြစ်လေသည်။ ဘုရင့်သက်တော်စောင့် တပ်မမှူးမှာ ဘက်ဆေးယားဖြစ်၏။ ဂျင်းဘတစ်ဘက်ဆေးယား[၂]မှာ ငယ်စဉ်က ဆံပင်ညှပ်သမားဖြစ်၏။ လူဝီ ၁၆ လက်ထက် ၁၇၉၂ ခုနှစ်တွင် သက်တော်စောင့်တပ်သို့ ဝင်ခဲ့ပြီး တော်လှန်ရေးဖြစ်လာသောအခါ ဘက်ဆေးယားကို ပိုင်ရဲနီးတပ်တော်တွင် တွေ့ကြရ၏။ တော်လှန်ရေးဘက်တော်သားဖြစ်နေပြီ။ ထို့နောက် ဘက်ဆီးယား အီတလီတပ်တော်သို့ ဗိုလ်ကြီးအဆင့် ပြောင်းရွှေ့စစ်မှုထမ်းရလေသည်။ ယခု ဘက်ဆေးယားက ဘုရင့်သက်တော်စောင့် တပ်မမှူးဖြစ်နေပြီ။ အရန်မြင်းတပ် တပ်မှူးကြီးမှာ မြူရတ်ဖြစ်၏။ ၁၇၉၅ ခုနှစ်က အရေးကြုံနေစဉ် နပိုလီယံအတွက် အမြောက်အလက် ၄၀ ကို ညကြီးသန်းခေါင် မြင်းဒုန်းစိုင်းသွားယူပေးသည့် မြူရတ်ကို နပိုလီယံက ဘယ်တော့မှမမေ့၊ ယခု မြူရတ်မှာ ဆွေတော်မျိုးတော်ဝင်ဖြစ်နေပြီ။ ကာရိုလိုင်းဘိုနာပတ်ကို လက်ထပ်ယူလိုက်သဖြင့် မြူရတ်မှာ ပထမကောင်စစ်ချုပ် နပိုလီယံဘိုနာပတ်၏ ရွှေယောက်ဖဖြစ်နေပြီ။ ပင်လယ်ကမ်းရိုးတန်းတပ်တော်လောက် မြင်းတပ်နာမည်ကြီးစစ်ဗိုလ်များ များပြားသည်ကို အခြားဘယ်မှာမှ မတွေ့နိုင်။ မြင်းတပ်အရာရှိများအနက် အထင်ရှားဆုံးလေးဦးမှာ လဆာလ်၊ ကိုးဘတ်၊ စိန်ကရိုင်း[၃]နှင့် မွန်ဘရွန်တို့ဖြစ်လေသည်။ လဆာလ်မှာ မြင်းတပ်စစ်သည်အားလုံး၏ အသည်းကျော်ဖြစ်၏။ အလွန်သတ္တိကောင်း အလွန်မြင်းစီးကျွမ်းကျင်သူ ဖြစ်လေသည်။ လဆာလ်မှာ အပေါ့စားမြင်းတပ်[၄]မှူးဖြစ်ပြီး ကိုးဘတ်က ဟတ်ဆာမြင်းတပ်မှူးဖြစ်ကာ စိန်ကရိုင်းက ဒရက်ဂွန်းတပ်မှူး ဖြစ်လေသည်။ မုတ်ဆိတ်နက်ကြီးနှင့် မွန်ဘရွန်မှာလည်း နာမည်ကြီး မြင်းစစ်သည်ကြီး ဖြစ်လေသည်။

---

၁။ Jomini ၂။ Jean Baptiste Bessieres
၃။ Lasalle, Colbert, Sainte-Croix And Mont Brun
၄။ Light Cavalry



၁၈၀၄ ခုနှစ် ဒီဇင်ဘာလ ၂ ရက်နေ့တွင် နပိုလီယံ နော့တာဒိန်းဘုရားရှိခိုးကျောင်းကြီးတွင် သူ့သရဖူ သူဆောင်း၍ ဧကရာဇ်ဘုရင်အဖြစ် ခံယူလိုက်၏။ ဘုရားရှိခိုးကျောင်းအတွင်း ခြေ့သည်တော် ဝါရင့်ဗိုလ်ချုပ်ကြီး ၆၀ အတွက် အထူးနေရာစီစဉ်ထားခြင်းမရှိ။ မာဆေးနားကစ၍ ဘုန်းကြီးငယ်တစ်ဦးကို ဘေးတွန်းဖယ်လိုက်၍ သူ့နေရာဝင်ထိုင်လိုက်၏။ အခြားဗိုလ်ချုပ်ကြီးများကလည်း သူ့နည်းသူ့ဟန်နှင့် နေရာဝင်ယူကြရာ နန်းတက်ပွဲအနည်းငယ် ရှုတ်ရှတ်သဲသဲဖြစ်သွားသည်မှအပ အားလုံး ချောချောမောမော ပြီးစီးသွားပါသည်။ ၁၈၀၄ ခုနှစ် မေလ ၁၉ ရက်နေ့တွင် ဝါရင့်ဗိုလ်ချုပ်ကြီး ၁၈ ဦးအား စစ်သူကြီးရာထူးသို့ ဧကရာဇ်ဘုရင် နပိုလီယံက တိုးမြှင့်ခန့်ထားခဲ့လေသည်။ သမ္မတပြည်ထောင်စုခေတ် ဝါရင့်ဗိုလ်ချုပ်ကြီး ၆ ဦး စစ်သူကြီးရာထူးရခဲ့ပြီး အောက်ပါတို့ဖြစ်၏။

မွန်ဆေ
ဂျော်ဒန်
ကဲလာမဲင်း
လီဖေဗား
ပဲရစ်နွန်နှင့်
စီရုရားတို့ ဖြစ်ကြ၏။

အောက်ပါ ၆ ဦးမှာ အီတလီတပ်တော်မှ ဖြစ်၏။
ဘာသီယာ
မြူရတ်
မာဆေးနား
ဩဂျရိုး
လိန်းစ်နှင့်
ဘက်ဆီယာတို့ဖြစ်၏။

အောက်ပါ ၃ ဦးမှာ ရိုင်းတပ်တော်မှ ဖြစ်လေသည်။
ဆို့လ်တ်
ဗော်တီယာ
နေး

နောက်ဆုံး ၃ ဦးမှာ
ဘရွန်း
ဒဗိုးနှင့်
ဘာနာဒုတ်တို့တည်း။

# အခန်း (၈)

# ဩစတာလစ်တိုက်ပွဲ

စစ်သူကြီးရာထူးတိုးမြှင့်ပေးသည့် အမိန့်စာထွက်လာသောအခါ မကျေနပ်မှုများ၊ တိုးတိုးတိတ်တိတ် အတင်းပြောသံများ ထွက်လာ၏။ မာဆေးနားအား မိတ်ဆွေတစ်ဦးက ရာထူးတိုးမြှင့်ရ၍ ချီးကျူးစကားပြောရာ "၁၄ ယောက်ထဲက တစ်ယောက်ပါကွာ"ဟု မာဆေးနားက ပြန်ပြောခဲ့၏။ လဖေးမားမာရှယ် ယူနီဖောင်းဝတ်သည့်နေ့က တစ်ဦးက "လှလိုက်တဲ့အကျႌ"ဟု ချီးကျူးလိုက်ရာ လဖေးမားက "လှမှာပေါ့ ဒီအကျႌရအောင် ငါကြိုးစားခဲ့ရတာ ၃၅ နှစ်ရှိပြီပဲ"ဟု ပြန်ပြောသည်ဆို၏။ မာမွန့်က အထူးမကျေမနပ် ဖြစ်နေ၏။ သူသည် နပိုလီယံ၏ တပ်တော်မဟာတပ်မကြီးမှူး ၇ ဦးအနက် သူတစ်ဦးသာ ပရိုမိုးရှင်းမရဘဲ ကျန်ခဲ့၏။ နပိုလီယံက လူငယ်များကို ရာထူးကြီးများပေး၍ ချီးမြှောက်လေ့ရှိသော်လည်း မာမွန့်မှာ အသက်ငယ်ရွယ်လွန်းပြီး ထိုစဉ် အသက် ၃၀ သာရှိသေး၍ စစ်သူကြီးရာထူး တိုးမြှင့်မပေးခဲ့ခြင်း ဖြစ်လေသည်။

ဆူချေး၊ မက်ဒေါ်နယ်၊ အော်ဒီနော့၊ စိန်စီယာတို့အားလုံး ရာထူးတိုးမရ၍ မကျေနပ်ကြ။ စိန်စီယာကတော့ ဖြေနိုင်ပါလိမ့်မည်။ ဗိုလ်ချုပ်များစု၍ နပိုလီယံ ဧကရာဇ်ဘုရင်ဘွဲ့ခံယူရန် စာတင်ကြစဉ်က စိန်စီယာက လက်မှတ်မထိုးခဲ့။ ထို့ပြင် နန်းတက်ပွဲသို့ စိန်စီယာတက်ရောက်ခဲ့ခြင်း မရှိချေ။ သို့သော် မကျေနပ်မှုများ၊ အတင်းပြောမှုများ ကြာကြာလုပ်နေရန် အချိန်မရှိ။ ရန်သူက နီးကပ်လှပြီ။ ဩစတြီးယားတပ်တော်က ဒန့်ြုပ်မြစ်ဝှမ်းမှတက်လာပြီး ရုရှားများလည်း အနောက်

ဘက်သို့ ချီတက်လာကြပြီဖြစ်၏။ ပရပ်ရှားများကလည်း စစ်ပြင်နေကြ၍ တောမဲ တစ်လျှောက် ကင်းထောက်နေကြသည့်သတင်းများ ထွက်နေ၏။ ၁၈၁၅ ခုနှစ် ဩဂုတ်လကုန်တွင် သေချာစွာ လေ့ကျင့်ထားသည့် တပ်တော်မဟာနှင့် အင်္ဂလန် ကမ်းတက် တိုက်ရေးကို စွန့်လွှတ်လိုက်ကာ အရှေ့ဘက်သို့ တရစပ် ချီတက် လျက် ရှိလေပြီ။ ပြင်သစ်၊ ဟော်လန်၊ ဂျာမနီကို ဖြတ်၍ တစ်နေ့ ၁၆ မိုင်နှုန်း နှင့် တပ်တော်စုရပ်နေရာသို့ ချီတက်လျက်ရှိ၏။ ဧကရာဇ်ဘုရင် စစ်ဌာနချုပ်မှ စစ်ချီအမိန့်ထုတ်ပြန်ပြီး တစ်လတိတိရှိသောအခါ တပ်မကြီးခုနစ်ခု၊ ဘုရင့်ကိုယ်ရံ တော်တပ်၊ မြင်းတပ်များအားလုံး သူတို့အတွက် သတ်မှတ်ထားသော စုရပ်နေရာ များသို့ ရောက်ရှိကြပေပြီ။ နပိုလီယံ၏ စစ်ဦးစီးချုပ် ဘာသီယာနှင့် သူ့စစ်ဦး အဖွဲ့၏ စွမ်းပကားတည်း။ တပ်ချင်း မမှားစေရ။ လမ်းမလုရ၊ သူ့တပ်နှင့်သူ၊ စက်ရုပ်ကြီးပမာ ချီတက်လာကြရာ တပ်တစ်ခုနှင့်တစ်ခု ဖြတ်ခြင်း၊ ကျော်ခြင်း မရှိဘဲ၊ သုံးရက်ခြား လေးရက်ခြား သူတို့အတွက် သတ်မှတ်ပေးထားသော နေရာများသို့ ဝင်ရောက်လာနိုင်ခဲ့ခြင်း ဖြစ်လေသည်။ တပ်တော်တစ်ခုလုံး စုရပ် နေရာတွင် တာစူနေကြပြီ။

မြောက်ဘက်ဆုံးတွင် ဘာနာဒုတ်တပ်မကြီးဖြစ်၍ ဝါဇ်ဘက်[၁]တွင်ဖြစ်ပြီး အလယ်တပ်များမှာ ရိုင်းမြစ်ကြောင်းအထိဖြစ်၍ တောင်ဘက်ဆုံးမှ ဩဂျရိုးတပ်မ ကြီးမှာ ဘောလ်[၂]တွင် ဖြစ်လေသည်။ လခြမ်းပုံသဏ္ဌာန် အရှေ့ဘက် မျက်နှာပြုနေ သည့် တပ်တော်မဟာ ဖြစ်လေသည်။ ချီတက်ဗယားများဆွဲ၍ လက်တွေ့ချီတက် နိုင်ခြင်းမှာ ဘာဆေးယားအတွက် လုပ်ရိုးလုပ်စဉ် ဦးစီးတာဝန်ဖြစ်၏။ ဘာမှ အခက်အခဲမရှိ။ ရာသီဥတုကလည်း ကောင်းဆဲ၊ မိမိနိုင်ငံဖြတ်၍ ချီတက်ခြင်း ဖြစ်၍ လမ်းအားလုံးကောင်းကောင်းသိနေသည့်အပြင် တပ်များကလည်း စည်းကမ်း အလွန်ကောင်းလှ၏။ အထူးသဖြင့် ဒဗိုးနှင့် ဆိုလ်တ်တပ်မကြီးများမှာ စံပြဖြစ် နေ၏။

ဒဗိုးတပ်မကြီးတွင် တပ်ပြေးလုံးဝမရှိ။ ဆိုလ်တ်တပ်မကြီးတွင် ၉၀ ခန့် သာရှိ၏။ တပ်မကြီးတစ်ခု (တပ်မသုံးခု)အနေဖြင့် ယင်းအရေအတွက်မှာ ဘာမျှ မပြောပလောက်။ မာမွန့်တပ်မကြီးတွင်မူ စည်းကမ်းပျက်မှုများ တွေ့ရ၏။ သူ့ တပ်မကြီးက ခြွင်းချက်ဖြစ်လေသည်။ တပ်မကြီးတွင် ဒတ်ချ်စစ်သည် အမြောက် အမြားပါ၍ သူတို့တွေ အစုလိုက်အပြုံလိုက် ထွက်ပြေးကြခြင်းဖြစ်၏။ ထို့ပြင် မာမွန့်တပ်တွင် အမြောက်တပ် မြင်းအမြောက်အမြား ပါရှိရာ အင်္ဂလန်ပို့ရန် ပြင်ဆင်၍ သင်္ဘောများပေါ် တင်ထားပြီးဖြစ်နေ၏။ ယခု အင်္ဂလန်မဟုတ်တော့ဘဲ

၁။ Wurzbugg ၂။ Bale

အရှေ့ဘက် ချီတက်ရမည်ဆိုသောအခါ မြင်းထိန်းစစ်သည် ဒတ်ချ်များ စိတ်ဓာတ် ကျ၍ ထွက်ပြေးကြခြင်း ဖြစ်လေသည်။ သို့သော် တပ်မှူးကြီးမာမွန့်ကတော့ စိတ်ဓာတ်မကျပါ။ "စစ်ဆင်လို့ အလွန်ကောင်းတဲ့နိုင်ငံ၊ တပ်တွေက လိုတာ အကုန်ရ အရပ်သားတွေလဲ နေ့စဉ် ထမင်းနှစ်နပ်စားဖို့လိုတာ သူတို့သိကြပါ ကြောင်း" မာမွန့်က ရေးသားခဲ့လေသည်။

ဩစတြီးယားဗိုလ်ချုပ်ကြီး မက်[၁]၊ အုမ်း[၂]တွင် ရှိနေကြောင်း ကြားသိရ ပါပြီ။ ဩစတြီးယား ဆက်သွယ်ရေးလမ်းကြောင်းများမှာ တောင်ဘက် ရုရှား တပ်များဘက်သို့လည်းကောင်း၊ အရှေ့ဘက် ဗီယာနာမြို့တော်ဘက်သို့လည်း ကောင်း ဦးတည်လျက်ရှိ၏။ နပိုလီယံ အုမ်းတွင် စစ်ကစားပုံမှာ အနုပညာတစ်ရပ် ကဲ့သို့ အဘက်ဘက်မှ ညီညွတ်လှပလှပေသည်။ မြောက်ဘက်မှ ဘာနာဒုတ်နှင့် မာမွန့်တို့ကို တောင်ဘက်သို့ဆွဲချလိုက်ကာ အလယ်မှ ရိုင်းလန်းတပ်မကြီးကို မြောက်ဘက်သို့ ချီတက်စေ၍ မြောက်ဘက်တောင်ပံတပ်များနှင့် တွေ့ဆုံရန်နေရာ ကို သတ်မှတ်ပေးလိုက်၏။ ဘာနာဒုတ်၊ မာမွန့်နှင့် ရိုင်းလန်းတပ်များ မူလနေရာ များတွင် ကွက်လပ်ဖြစ်သွားရာ ယင်းနေရာများရှေ့မှ မြင်းတပ်များကို ယပ်တောင် ပုံသဏ္ဌာန် ဖြန့်၍ ချထားလိုက်၏။ ဘာနာဒုတ်၊ မာမွန့်တို့ တောင်ဘက်သို့ ဆင်းလာသော်လည်း မြောက်ဘက်အစွန်တွင် ဩဂျရိုး၏ တပ်မကြီး ရှိသေး၏။ ထို့ကြောင့် စစ်ချီမိန့်ထွက်ပြီး ၄၅ ရက်အတွင်း စစ်ဘုရင် နပိုလီယံသည် သူ့ တပ်တော်မဟာ လူ ၁၅၀၀၀၀ ဖြင့် ဩစတြီးယား ဗိုလ်ချုပ်ကြီးမက်၏ မြောက် ဘက်တောင်ပံကို ဝန်းရံထားပြီး ဖြစ်နေလေပြီ။ မိမိ မည်သို့စစ်ကစားနေသည်ကို ရန်သူမသိစေရန် မြင်းတပ်များက ကာဆီးထားလိုက်လေသည်။ စစ်သားဟောင်း ကြီး မက်သည် နပိုလီယံတပ်များ အနောက်မြောက်ဘက် မိုင် ၄၀၀ အကွာတွင် တပ်ချနေကြောင်းသိ၏။ သူတို့ ဘယ်နေ့က စတင်ချီတက်ကြသည်ကိုလည်း မက် သိ၏။ စာအုပ်ကြီးများအရ ရှေးဟောင်းချီတက်နည်းများအရ နပိုလီယံ တပ်များ ယူနန်စီ၊ မက်တင်ဇင်၊ လက်ဆင်ဘောက်တွင် ရှိဦးမည်ဟု မက်က တွက်ထား၏။ ထို့ကြောင့် မြူရတ်၏ မြင်းတပ်များကို တွေ့နေရသော်လည်း မက်က ဘာမှမှုစရာမလိုဟု သဘောထားကာ သူ့လူ ၃၀၀၀၀ နှင့် အုမ်းတွင် တပ်ချနားလျက်ရှိလေသည်။

ဘာနာဒုတ်၏ အစွန်တပ်များ ဒန့်ဖြုဗ်မြစ်ကို အင်ဂိုစတတ်[၃]တွင် ဖြတ်ကူး ကြသည်ဟု ကြားသိရတော့မှ မက် မျက်လုံးပြူးရပြီ။ ရန်သူတပ်များက သူ့

---

၁။ Mack

၂။ Ulm

၃။ Ingolstadt



(မက်)တပ်များနှင့် ဗီယင်နာကြားနေရာတွင် ရောက်နေကြပါပကော။ ဤအဖြစ်မျိုး ဩစတြီးယားတပ်များ နောင်တွင် မကြာခဏ ကြုံတွေ့ရဦးမည်။

နပိုလီယံတပ်များ လှုပ်ရှားမှုတို့ကို ရန်သူ ဘယ်တော့မှ ကြိုတင်မသိကြရ။ ပြင်သစ်တပ်များ သူတို့ဆက်သွယ်ရေးလမ်းကြောင်းကို ဖြတ်တောက်တော့မှသာ နပိုလီယံ ဘယ်ရောက်နေပြီ ဩစတြီးယားတို့ သိကြရ၏။ ကျော်ချမ်းပြမှန်းသိသူများတည်း။ ယခုလည်း အယ်ချင်ဂင်[၁]တွင် အနည်းငယ်သာ တိုက်လိုက်ကြရပြီး ဩစတြီးယားတပ် ၃၀၀၀၀ နပိုလီယံတွင် လက်နက်ချကြရတော့၏။ အင်ချင်ဂင်တိုက်ပွဲတွင် စစ်သူကြီးနေး နာမည်ရလိုက်လေသည်။ နေး၏ အမှတ်(၆)တပ်မကြီးကို လိန်းစ်၏ တပ်မကြီးနှင့် ခေတ္တပူးပေါင်းလိုက်၍ ပူးပေါင်းတပ်ကို စစ်သူကြီး မြူရတ်က ဦးစီးရ၏။ မြူရတ်က ကာရီလိုင်းဘိုနာပတ်၏ ခင်ပွန်း၊ ကေရာဗ်ဘုရင် နပိုလီယံ၏ ရွှေယောက်ဖဖြစ်သောကြောင့်တည်း။ နေးရော လိန်းစ်ပါ လုံးဝမကျေနပ်။ မြူရတ်က ခြေကျင်အကြောင်း ဘာနားလည်သနည်း။ အမှတ်(၆) တပ်မကြီး ဒန့်ဖြုန်းဘေးတွင် နေရာချထားသည်ကို နေးက သဘောမကျဘဲ မြူရတ်အား ပြန်ပြော၏။ မြူရတ်က "ခင်ဗျား ဘာမှပူမနေပါနဲ့ ကျွန်တော်က ရန်သူနဲ့ရင်ဆိုင်ရတော့မှ စီမံချက်လုပ်တတ်တဲ့လူဗျ"ဟု ဆို၏။ နပိုလီယံ ရှေ့တန်းရောက်လာပြီး တပ်အနေအထားများကြည့်လိုက်ရာ နေးမှန်ပြီး မြူရတ်မှားနေကြောင်း ချက်ချင်းသိလိုက်၏။ ယင်းအခြေအနေကို ပြန်လည်အဖတ်ဆည်ရန် တစ်ခုတည်းသောနည်းလမ်းမှာ ဒန့်ဖြုန်းမြစ်ကို ဖြတ်ကူးထားသော အင်ချင်ဂင်တံတားကို တက်ရောက်သိမ်းပိုက်ပြီး တံတားတစ်ဖက်မှတောင်ကုန်းကို သိမ်းနိုင်မှဖြစ်မည်။ ယင်းတိုက်ပွဲကို နေးဦးစီးရမည်။ နေးက သူ့ဌာနချုပ်မှ ထွက်လာ၏။ စစ်သူကြီး အဝတ်အစားအပြည့်အစုံနှင့် နေးက မြူရတ်လက်ကို ဆွဲကိုင်လိုက်ကာ "လာပါဦးမင်းသားရဲ့ ရန်သူ့ရှေ့မှောက်မှာ စီမံချက်တွေ လုပ်ပြစမ်းပါဦး"ဟု ပြောလိုက်သေး၏။ အင်ချင်ဂင်တံတားတိုက်ပွဲမှာ နေး၏ပွဲ။ နေးကိုယ်တိုင် စစ်သူကြီး ယူနီဖောင်းအပြည့်အစုံဝတ်၍ သူရဲကောင်းတံဆိပ်ကြီး[၂]လည်မှာဆွဲလျက် ရှေ့ဆုံးမှ တိုက်ခိုက်ခဲ့ခြင်း ဖြစ်လေသည်။ ဆံပင်နီကြောင်ကြောင်က လေထဲမှာ ပျံဝဲနေပြီး နေး ရှေ့ဆုံးမှ ချီတက် (သူ့လူများက နေးအား ခေါင်းနီကြီး[၃]ဟု ချစ်စနိုးခေါ်ကြ၏။) တိုက်ခိုက်ခဲ့ရာ အင်ချင်ဂင်တံတားနှင့် တံတားတစ်ဖက်မှ တောင်ကုန်းကို ပြင်သစ်တို့ရလိုက်လေပြီ။ ယင်းတိုက်ပွဲစချိန်တွင် နပိုလီယံသည် သူ့မြင်းကြီးစီးကာ ဩစတြီးယား အမြောက်များရှိသည့်နေရာတွင်

---

၁။ Elchingen ၃။ Le Rougeaud
၂။ Star of the Legion of Honour

ရောက်နေသဖြင့် လိန်းစ်က နပိုလီယံမြင်းဇက်ကို အတင်းဆွဲကာ နပိုလီယံအား အမြောက်မရှိရာသို့ ဆွဲခေါ်သွားရ၏။ လိန်းစ်က နပိုလီယံကိုလည်း ကြောက်သူ မဟုတ်ချေ။ နပိုလီယံအား ဤသို့လုပ်ရဲသူမှာ လိန်းစ်တစ်ဦးတည်းသာ ရှိလေသည်။ တိုက်ပွဲစဉ် ပထမဆင့်ပြီးပါပြီ။ ပထမဆင့်တွင် ဩစတြီးယားတပ်တော်ကို အောင်ပွဲခံလိုက်နိုင်ပြီ။ ဒုတိယဆင့်နှင့် တတိယဆင့်တို့ ကျန်သေး၏။ ဒုတိယဆင့်ရန်သူမှာ ဩစတြီးယား + ရုရှား ပူးပေါင်းတပ်တော်ဖြစ်၍ ဗီယာနာမြို့တော်အနီးတွင် ရှိသည်ဟု သိကြရ၏။

တတိယအဆင့်မှာ အရှေ့ဘက်တွင်ရှိသော ရုရှားအရန်တပ်တော်တည်း။ ပထမဆင့်ပြီးလျှင်ပြီးချင်း တစ်နာရီမျှ အချိန်ဖြုန်းမနေ၊ တပ်တော်မဟာ လမ်းမကြီးများပေါ် ပြန်ရောက်ပြီး အရှေ့ဘက်သို့ ချီတက်နေကြပြီ။ ရာသီဥတုက ဆိုးရွားလာပြီ။ နပိုလီယံ၏ တပ်တော်မဟာသည် ၇ ပတ်တိတိ တောက်လျှောက်ချီတက်ခဲ့လေသည်။ ရာသီဥတုဆိုးဝါးပြီး ရိက္ခာလည်း ရှားရခက်၏။ ၇ပတ်ချီတက်ကြရာ မိုင် ၅၀၀ မျှ ခရီးပေါက်ခဲ့၏။ ရိက္ခာများ ရှားပါးလွန်း၍ တစ်ခါတွင် ဩဒီနေ့တပ်များမှလူများ ဓားလွတ်ကိုင်စွဲ၍ ရိက္ခာရှာဖွေလုယက်ကြရာ လူ ၅၀ ထိုသည့် "ရိက္ခာတိုက်ပွဲ"တွင် ကျဆုံးကြရ၏။ တပ်မှထွက်ပြေးခြင်းများ ရှိသော်လည်း ပြင်သစ်စစ်သည်များသည် တိုက်ပွဲဖြစ်သံကြားလျှင် နီးရာတပ်သို့ဝင်ကာ ရန်သူကို တိုက်ခိုက်ခဲ့ကြသည်သာဖြစ်၏။ နပိုလီယံက စစ်သူကြီးနေးအား အင်စဘရွတ်နှင့် ကိုင်ရှိသို့ စေလွှတ်လိုက်၏။ ယင်းနေရာများမှ ဩစတြီးယားဗိုလ်ချုပ်ကြီး အတ်ချ်ဂျူ(မင်းသားကြီး)ချာစ်[၁] ကို ထိန်းထားရမည်။

ဘားနာဒုတ်က မြူနစ်ကို သိမ်းပိုက်၍ ဆော့ဆဘက်သို့ ဆက်လက်ချီတက်၏။ မာမွန့်အား အနောက်တောင်ဘက် ဂရတ်ဇ်[၂]သို့ သွားဟုသူ ချီတက်စေသည်။ တပ်တော်မဟာကို ရန်သူက ဟန်ဂေရီတောင်ပိုင်းမှ တိုက်မည့်ရန်ကို ကာကွယ်ရန်နှင့် အီတလီမှချီတက်လာသော မာဆေးနား၏ တပ် ၅၀၀၀၀ နှင့် အဆက်အသွယ်ယူရန် ဖြစ်လေသည်။ ရန်သူ ဗီယာနာမှ ဆုတ်ခွာသွားပြီ။ ဗီယာနာတွင် နပိုလီယံတပ်များ အချိန်ဖြုန်းမနေ။ တပ်မကြီးများ ဆက်လက်ချီတက်ခဲ့ကြ၏။ ဒဗိုးက အရှေ့ဘက် ပရက်စဘက်[၃]သို့လည်းကောင်း၊ ဘားနာဒုတ်က မြောက်ဘက် အစ်ဂလော[၄]ဘက်သို့ လည်းကောင်း ချီတက်ပြီး ဆိုလ်တ် + လိန်းစ်၊ မြင်းတပ်နှင့် အရန်တပ်များက မိုရာဗီးယားနယ်ထဲ ဩစတြီးယား + ရုရှား ပူးပေါင်းတပ်နောက်သို့ လိုက်ကြ၏။ ရုရှားအရန်တပ်တော်၊ မင်းသားကြီး ချာစ်တပ်များနှင့် မပူး

---

၁။ Arch Duke Charles
၂။ Gratz
၃။ Pressburg
၄။ Iglau

ပေါင်းမိ ဩစတြီးယား + ရုရှားတပ်တော်ကို ချေမှုန်းနိုင်ဖို့လို၏။ သို့သော် မြောက်ဘက်သို့ ဆက်လက်ချီတက်နိုင်ရန် ဒန်ညူဗ်မြစ်ကို ဖြတ်ရမည်။ ယင်းနေရာတစ်ဝိုက်တွင် စပစ်[၁] ဒေသရှိ သစ်သားတံတားကြီးတစ်ခုသာ ရှိ၏။ တံတားကို မိုင်းထောင်ထားပြီး တစ်ဖက်တွင် ဩစတြီးယားခြေလျင် အင်ဂျင်နီယာ၊ အမြောက်ပူးပေါင်းတပ်က စောင့်ကြပ်လျက်ရှိလေသည်။ ရန်သူချဉ်းကပ်လာသည်နှင့် တံတားကို ဖောက်ခွဲပစ်လိုက်မည်။ တံတားအသစ်တည်ဆောက်၍ မြစ်ကိုဖြတ်ကူးလျှင် ရက်သတ္တပတ်များစွာ ကုန်ပြီး ရန်သူများ ရုရှားအရန်တပ်တော်၊ မင်းသားကြီးချာစ်တပ်တော်များနှင့် ပေါင်းမိတော့မည်။ ဤပြဿနာကို ဂါစကွန်စစ်သူကြီးနှစ်ဦး မြူရတ်နှင့် လိန်းစ်တို့က ဖြေရှင်းလိုက်ကြ၏။ မတည့်အတူနေဖြစ်၍ နှစ်ယောက်သား တစ်ကြိမ်တစ်ခါ ပူးပေါင်းဖြေရှင်းလိုက်ကြခြင်း ဖြစ်လေသည်။ စစ်သူကြီးနှစ်ဦး သူတို့တွင်ရှိသော အကောင်းဆုံးစစ်သူကြီးယူနီဖောင်း ထုတ်ဝတ်ဆင်လိုက်ကြ၏။ ဦးထုပ်တွင် ငှက်တောင်များ တဖြတ်ဖြတ် လေတွင်လွင့်လျက် မော်ရိုကိုသားရေအနီ မြင်းစီးဖိနပ်များ၊ ရွှေနားကွပ်မြင်းစီးဘောင်းဘီများနှင့် အရိုးတွင် စိန်စီထားသည့် ဓားလွတ်များ ချိတ်ဆွဲလျက် စစ်သူကြီးနှစ်ဦး အေးအေးဆေးဆေး မြင်းစီး၍ ဩစတြီးယားတပ်ဘက် လာခဲ့ကြ။ ဘာအစောင့်မှမပါ။ စစ်သူကြီးနှစ်ဦးတည်း ဘွဲ့ထူးဂုဏ်ထူး တံဆိပ်အားလုံးတပ်ဆင်ကာ မြင်းစီးလာခဲ့ကြခြင်း ဖြစ်၏။ စစ်ဖြစ်နေဆဲ၊ တိုက်ခိုက်နေကြဆဲ ဘုရားပွဲလာသလို စစ်သူကြီးနှစ်ဦးတည်း သူတို့ဘက်လာနေ၍ ဩစတြီးယားများ ကြောင်ကြည့်နေကြ၏။ ဒါမျိုး တစ်ခါမှ မကြုံစဖူး။ ဩစတြီးယားတပ်များ အနီးရောက်လာသည်အထိ မည်သူကမျှ ပစ်ခတ်ခြင်းမပြု။ စစ်သူကြီးရာထူးတံဆိပ်များ မြင်ရသောအခါ မည်သူမည်ဝါ သေသေချာချာ မြင်ရစေရန် ဩစတြီးယားတပ်သားများ ရှေ့တိုးကြည့်ကြ၏။ ဩစတြီးယားတပ်မှူးမှာ မင်းသားကြီး ဩစပတ်[၂]ဖြစ်၏။ ခပ်ထုံထုံထိုင်းထိုင်း စစ်သားဟောင်းကြီး ဖြစ်ပေသည်။ ဩစပတ်ပါ ရှေ့တိုးလာ၏။ မည်သူများဖြစ်ကြောင်း ဘာကြောင့်လာကြောင်း မင်းသားကြီးကမေးမြန်းရာ ဂါစကွန်စစ်သူကြီးနှစ်ဦးက အံ့ဩသလို ပခုံးတွန့်ပြလိုက်ပြီး "ခင်ဗျားမကြားသေးဘူးလား၊ စစ်ပြေငြိမ်းရေးစာချုပ် ခုလေးတင်လက်မှတ်ထိုးပြီးပြီလေ။ ဒီစာချုပ်အရ ဒီတံတားက ကျုပ်တို့ဘက်ကပါတယ်" မင်းသားကြီးက သံသယဖြစ်နေ၏။ သူတွေဝေနေခိုက် ဩဒီနော့ခေါင်းဆောင်ပြီး ပြင်သစ်တပ်များဘက်မှ တံတားတွင်ထောင်ထားသည့် မိုင်းစနက်တံများကို ဖြတ်ကာ ရေထဲပစ်ချကြ၏။ ဩစတြီးယားမင်းသားကြီးက တံတားမှဆုတ်ခွာရန် သဘောတူလိုက်လေသည်။ ထိုစဉ် ဩစတြီးယား

၁။ Spitz ၂။ Prince Auersperg

တပ်ကြပ်တစ်ဦးက ဩဒီနော့လူများကိုမြင်ပြီး စစ်သူကြီးနှစ်ဦးအား ပစ်ခတ်ရန် သူ့လူများအား အမိန့်ပေး၏။ မြူရတ်က အပြုံးမပျက် "ဪ–ဒါနာမည်ကြီးလှတဲ့ ဩစတြီးယားတပ်မတော် စစ်စည်းကမ်းတဲ့လား၊ ဗိုလ်ချုပ်တစ်ဦးအမိန့်ကို တပ်ကြပ်က ပြင်ဆင်နိုင်ခွင့်ရှိသကိုး" ဤကဲ့သို့သရော်သည်ကို ဩစတြီးယား ဗိုလ်ချုပ် မင်းသားကြီးက အသည်းခိုက်အောင်နာသွားပြီး တပ်ကြပ်အား ချက်ချင်း ဖမ်းဆီးထားလိုက်၏။ ဩစတြီးယား အမြောက်တပ်သားတစ်ဦးက ဩဒီနော့တပ်သားများကိုမြင်ပြီး အမြောက်နှင့်ပစ်ရန် ကျည်ထိုးရာလိန်းစ်က အမြောက်ပြောင်းပေါ် ထိုင်ချလိုက်၍ အမြောက်ချိန်မရတော့။ မြူရတ်က ရန်သူများ သံသယပျောက်သွားစေရန် "သူတို့လား... သူတို့ချီတက်နေကြတာမဟုတ်ဘူး ကိုယ့်လူတို့ရဲ့၊ အေးလွန်းလို့ အချမ်းပြေအောင် လှုပ်ရှားနေကြတာပါ"ဟု ပြော၏။ ဩစတြီးယားမင်းသားကြီးနှင့် ရန်သူများ တွေဝေနေကြစဉ် ဩဒီနော့နှင့် သူ့လူများ တံတားထိပ်ရောက်လာပြီး မိုင်းများ၊ စနက်တံများအားလုံး ဖြုတ်ပစ်ကာ ဩစတြီးယားတပ်များအား လက်နက်ချရန် အမိန့်ပေးခဲ့၏။ စပစ်သစ်သားတံတားကြီးကို ပြင်သစ်တို့ရလိုက်ပြီး ထိုနေ့က မြူရတ်နှင့် လိန်းစ်တို့ ဗီယာနာမြို့တော်ပြန်၍ အတူညစာစားလိုက်ကြသော ဟူ၏။ တံတားကို ပြင်သစ်တို့ရလိုက်ကြ၍ ယင်းမှာ တကယ့်အောင်ပွဲဖြစ်သော်လည်း နပိုလီယံတပ်များ အခြေအနေမှာ အလွန်အမင်း ဖြန့်ထားနေရ၏။ မာဆေးနားတပ်များ ရောက်ချိန်တန်သော်လည်း ရောက်မလာသေးပေ။ နပိုလီယံက ဘရွန်း (BRUNN)တွင် ရောက်နေ၍ သူနှင့် လူ ၄၀၀၀၀ သာရှိပြီး သူ့တပ်များ အရှေ့မြောက်ဘက်တွင် ဩစတြီးယားနှင့် ရုရှားကေရာ့စ် ဘုရင်တပ်များ ရှိနေ၏။ လူ ၉၀၀၀၀ ရှိပြီး မကြာမီ အရှေ့ဘက် ဘီနစ်ဆင်[၁] သူ့တပ်တော်နှင့်ရောက်လာပြီး ဩစတြီးယားတပ်တော်နှင့် ပေါင်းမိတော့မည်။ မင်းသားကြီးချာစ်တပ်များပါ ထည့်တွက်၍ ရန်သူက ပြင်သစ်တပ်များထက် အဆမတန် အင်အားသာနေပြီ။

မြူရတ်ရော ဆိုလ်တ်ကပါ နောက်သို့ဆုတ်လို၏။ သို့သော် နောက်ဆုတ်ရန်အကြံကို နပိုလီယံအား မပေးရဲကြ။ ထို့ကြောင့် တပ်များ ခွာစစ်[၂]ဆင်ရန် နပိုလီယံအား အကြံရေးရန် လိန်းစ်အား ဆိုလ်တ်နှင့် မြူရတ်တို့က မြှောက်ပေးကြ၏။ လိန်းစ်က နပိုလီယံကို မကြောက်သည်ကို သူတို့သိထားကြ၏။ လိန်းစ်ကပါ နောက်ဆုတ်ရန်အကြံကို သဘောတူပြီး နပိုလီယံအား အကြံပေးရာ နပိုလီယံ အံ့ဩသွားပြီး "လိန်းစ် ငါ့ကို နောက်ဆုတ်ဖို့အကြံပေးတာ ဒါ ပထမဆုံးအကြိမ်ပဲဟေ့"ဟု ပြော၏။ ဆိုလ်တ်ကပါ ဟုတ်မှန်ကြောင်း နောက်ဆုတ်ရန်

---

၁။ Bennigsen ၂။ Withdrawal

အကြံပေးသည်မှာ ထူးခြားပြီး နားလည်ရန်ခက်ခဲကြောင်း ဝင်ပြော၍ အဆင်းဘီး တပ်ပေးလိုက်၏။ လိန်းစ်က ဒေါပွပြီး နပိုလီယံရှေ့မှာပင် ဆို့လ်တ်အား တစ် ယောက်ချင်းတိုက်ရန် စိန်ခေါ်လိုက်၏။ ဆို့လ်တ်က ယင်းစိန်ခေါ်ချက်ကို ဥပေက္ခာ ရှုခဲ့လေသည်။ ဩစတြီးယားနှင့် ရုရှကေရာဇ်ဘုရင်များ လုပ်ဆောင်သင့်သည့် နည်းလမ်းမှာ စစ်ကူလာမည့် ကင်နလ်ဆင်နှင့် မင်းသားကြီးချာစ်ကို စောင့်နေရန် သာ ရှိလေသည်။ သည်လောက်အင်အားသာလွန်နေသည့်အပြင် သူတို့လက်အောက် တွင် ဝါရင့်ဗိုလ်ချုပ်ကြီး ကူတူဆော့ရှိသေးသည် မဟုတ်လော။ သို့သော် ဂုဏ် သိက္ခာဆိုသည်ကား အရှိန်အားကြီးလှသည်တကား။ ဩစတြီးယားကေရာဇ်ဘုရင် နောက်တွင် ဟပ်စဘော့ဂ်[၁] မျိုးဆက်ရှိ၍ ရုရှကေရာဇ်ဘုရင်က ရိုမာနော့ဗ်[၂] မျိုးဆက် ဂုဏ်သိက္ခာကို စောင့်ထိန်းရမည်။ ယခု သူတို့ရင်ဆိုင်နေရသူမှာ သူ့သရဖူ သူ ဆောင်း၍ ကေရာဇ်ဘုရင်ဘွဲ့ခံယူထားသော်လည်း သာမန်ဆင်းရဲသားမျိုးနွယ်ဝင် ကော်ဆီကာကျွန်းသား တပ်ကြပ်တစ်ဦးသာ မဟုတ်လော။ ထို့ကြောင့် ဂုဏ်သိက္ခာ ကို စောင့်ထိန်းသောအားဖြင့် နပိုလီယံအား ဩစတာလစ်ရွာငယ်လေးနေရာမှ ခုခံတိုက်ခိုက်ရန် ဩစတြီးယားနှင့် ရုရှကေရာဇ်ဘုရင်နှစ်ပါးက ဆုံးဖြတ်ခဲ့ကြ လေသည်။ (ဩစတာလစ်မှာ မိုရာဗီယာပြည်နယ်မှ ရွာငယ်လေးသာဖြစ်၏။)

နပိုလီယံစစ်သူကြီးများက အရေးအကြောင်းရှိလာလျှင် အားကိုးရပါသည်။ ဘာနာဒုတ်က အစ်ဂလောမှ ဩစတာလစ်စစ်မြေသို့ ရောက်လာပြီး ဒဗိုး၏ တပ်မကြီးက ၄၄ နာရီအတွင်း (ပရက်စဘာဂ်မှ)မိုင် ၇၀ ခရီးပြင်းနှင်၍ ဩစတာ လစ်၌ ညာတောင်ပံမှ တာဝန်ယူခဲ့လေသည်။ သံမဏိစည်းမျဉ်းနှင့် အပြင်းအထန် လေ့ကျင့်ထားသည့်အကျိုးတည်း။ ၁၈၀၅ ခုနှစ် ဒီဇင်ဘာလ ၂ ရက်နေ့ ဩစတာ လစ်တိုက်ပွဲ၌ ရုရှ–ဩစတြီးယားစစ်သည် ၃၀၀၀၀ ကျဆုံးရ၍ အမြောက်အားလုံး နှင့် ဝန်စည်စလည်အားလုံးလိုလိုကို နပိုလီယံ၏တပ်တော်မဟာက ရရှိလိုက်လေ သည်။ တတိယမဟာမိတ်တပ်ပေါင်းစု[၃] လည်း ပြိုကွဲခဲ့ရလေပြီ။ ယင်းတိုက်ပွဲ၌ လိန်းစ်က ဘယ်တောင်ပံကဖြစ်၏။ တိုက်ပွဲမစမီလေးမှာပင် လိန်းစ်က ဆို့လ်တ် အား နောက်တစ်ကြိမ် စိန်ခေါ်လိုက်သေး၏။ ဆို့လ်တ်က နကမှုတ်။ ဒဗိုးက ညာတောင်ပံဖြစ်လေသည်။ ၄၄ နာရီမျှ မရပ်မနား ခရီးပြင်းနှင်လာခဲ့ရသော တပ်မကြီးဖြစ်သော်လည်း ရန်သူဖိတိုက်ခြင်းကို စနစ်တကျခုခံ၍ ဖြည်းဖြည်းချင်း သာ ခွာစစ်ဆင်နွှဲ၍ အချိန်ဆွဲခုခံပေး၏။ ဤသို့ ကြံ့ကြံ့ခံထားခြင်းဖြင့် အချိန်ကျ ရောက်ပါက နပိုလီယံက တန်ပြန်ထိုးစစ်ဆင်နွှဲမည်ကို ဒဗိုးက သိရှိပြီးဖြစ်လေ

---

၁။ Hapsburg
၂။ Romanov
၃။ The Third Coalition




သည်။ နပိုလီယံက အလယ်စစ်မျက်နှာမှ ဆို့လ်တ်အား ရှေ့ကတောင်ကုန်းကို ညွှန်ပြကာ မေးလိုက်၏။ "အဲဒီတောင်ထိပ်ရောက်အောင် ဘယ်လောက်ကြာမလဲ ဟေ့" "မိနစ် ၂၀ ပေါ့ချင်ဗျာ" "အေး... ဒီလိုဆို တို့ နောက် ၁၅ မိနစ် စောင့်နိုင်သေးတယ်"ဟု နပိုလီယံက သူ့နာရီကြည့်၍ ပြောလိုက်၏။ ဒဗိုးက ၁၅ မိနစ် ကြံ့ကြံ့ခံခွာစစ်ဆင်နေစဉ် ဩစတြီးယားနှင့် ရုရှတပ်တော်က ဒဗိုးတပ်မကြီးအား မဲတိုက်ကြ၏။ တောင်ကုန်းကွယ်နေသော ဆို့လ်တ်၏အလယ်မှ တပ်မကြီးကို သူတို့မမြင်ကြရသေး။ နပိုလီယံက လက်မြှောက်အချက်ပေးလိုက်သည်နှင့် တောင်ကုန်းအကွယ် အလယ်စစ်မျက်နှာမှ ဆို့လ်တ်၊ အော်ဒီနော့၊ ဘာနာဒုတ်တို့ ရေလှိုင်းကြီးများပမာ ရှေ့သို့လိမ့်တက်ခဲ့ကြလေပြီ။ တက်ဆီယာနှင့် ကိုယ်ရံတော်တပ်မက အရန်ဖြစ်၏။ (ဆို့လ်တ်ပြောသလို) ၁၅ မိနစ်အတွင်းမှာပင် တောင်ကုန်းကို သိမ်းပိုက်မိကြပြီ။ ကမ္ဘာ့စစ်သမိုင်းတွင် ဒုတိယမြောက် ဂန္တဝင်နည်းဗျူဟာ အောင်ပွဲဟု စစ်သမိုင်းဆရာများက ဩစတာလစ်ကို ကင်ပွန်းတပ်ကြ၏။ (ဟန်နီဘော၏ ကန္နီ[၁]တိုက်ပွဲမှာ ပထမဆုံးဂန္တဝင်အောင်ပွဲတည်း။)

စစ်ဘုရင် နပိုလီယံက နာရီ မိနစ်နှင့်တွက်၍ စီမံချက်ချပေးပြီး စစ်ဦးစီးချုပ် ဘာသီယာက နပိုလီယံအမိန့်များကို တပ်များသို့ အချိန်မီစစ်မိန့်များအဖြစ် ပို့ပေး၍ နပိုလီယံ၏ စစ်သူကြီးများက အမိန့်အတိုင်း မဖြစ်ဖြစ်အောင် အကောင်အထည်ဖော်လိုက်သည့် အောင်ပွဲတည်း။ ဤကဲ့သို့ ခြိမ့်ခြိမ့်သဲ အောင်ပွဲခံနိုင်နေဆဲမှာပင် နပိုလီယံ၏ စစ်သူကြီးများသည် အချင်းချင်းခတ်ကြဆဲ၊ စောင်းမြောင်းကြဆဲ၊ ပြူစူကြဆဲ ဖြစ်၏။ ဘာနာဒုတ်သည် လိုက်စစ်[၂]ဆင်ရာ၌ စွမ်းစွမ်းတမံ မလုပ်ဆောင်ဟု ဒဗိုးက စွပ်စွဲ၏။ ဘာသီယာက တမင် သူ့တပ်ကို (လိုက်စစ်ဆင်နိုင်ရန်) မြင်းတပ်များ တွဲဖက်မပေးဟု ဘာနာဒုတ်က စစ်ဦးစီးချုပ် ဘာသီယာအား အပြစ်ဖို့၏။ ဒဗိုးသည် စစ်မြေသို့ တမင်နောက်ကျမှ ရောက်လာသည်ဟု ဆို့လ်တ်က အပြစ်တင်ပြီး မြူရတ်က လိန်းစ် လုပ်ပုံကိုင်ပုံမဟုတ်ဟု နပိုလီယံအားတိုင်ကြားခဲ့လေသည်။ တိုက်ပွဲအပြီး ဧကရာဇ်ဘုရင် စစ်ဌာနချုပ်မှ ပြန်တမ်းထုတ်ပြန်ရာ၌ လိန်းစ်၏ တပ်မကြီးသည် စစ်ရေးပြမှာကဲ့သို့ ရှေ့သို့ချီတက်ခဲ့သည်ဟုသာ ဖော်ပြထား၍ လိန်းစ် ဒေါပွတော့၏။ အလယ်မှ တန်ပြန်ထိုးစစ်ဆင်နိုင်အောင် သူ့တပ်မကြီးက ဘယ်တောင်ပံမှ ထိန်းထားခဲ့သည်မဟုတ်လော။ ယခု နပိုလီယံက သူ့တပ်မကြီးစွမ်းဆောင်မှုကို အသိအမှတ်မပြုသလို ပြန်တမ်းထုတ်ခဲ့သဖြင့် လိန်းစ်သည် နပိုလီယံကိုပင် ပန်ကြားခြင်းမပြုဘဲ ဩစတာလစ်စစ်မြေမှ ပါရီအရောက် တစ်ချိုးတည်း ပြန်ချလာ၏။ နပိုလီယံက လိန်းစ်နောက်သို့

---

၁။ Cannae ၂။ Pursuit



England
Prussia
Gd Duché
de Varsovie
Confederation
of the Rhein
Austria
Ottoman
Empire
Italy
Spain

မြင်းသည်ကျော် မြူရတ်ကို စေလွှတ်အခေါ်ခိုင်းသော်လည်း မြူရတ်ပင် လိန်းစ်ကို မမီတော့။ လိန်းစ်က ပါရီမှ သူ့မွေးဇာတိ ဂတ်စကိုနီနယ် လက်တိုး^၁ ရွာလေးအထိ ပြန်သွားပြီး ရွာ၌ သူ့ငယ်ပေါင်းကြီးဖော်များနှင့် အချိန်အတော်ကြာ အပန်းဖြေ အနားယူခဲ့သည် ဟူသတတ်။ တိုက်ပွဲစဉ် ဒုတိယအဆင့်မှာလည်း တကယ့် ခြိမ့်ခြိမ့်သဲအောင်ပွဲကြီးပင် ဖြစ်၏။ ယခု တတိယအဆင့်သို့ရောက်ပေဦးတော့မည်၊ ရုရှအရန်တပ်များက နောက်ဆုံး အဆုံးအဖြတ်ပေးနိုင်ဦးမည်လော။ တတိယ အဆင့် မတိုက်လိုက်ရတော့ပါ။ ရုရှအရန်တပ်များက သူတို့ ဘာမှမတတ်နိုင်တော့ ဟု ဆုံးဖြတ်ပြီး အရှေ့ဘက် ဦးတည်ချီတက်ကာ ရုရှသို့ ပြန်ကြလေပြီ။ ကေရာဖ် ဘုရင် နပိုလီယံလည်း သူ့စစ်သူကြီးများခြံရံကာ ဗီယာနာမြို့တော်သို့ ပြန်လာခဲ့ လေသည်။

ဩစတာလစ်တိုက်ပွဲဖြစ်သည့်နေ့က နပိုလီယံသည် ၃၆ နှစ်၊ ဘာသီယာ က ၅၂ နှစ်၊ ဘာနာဒုတ် ၄၂ နှစ်၊ ဒဗိုး ၃၅ နှစ်၊ ဆိုလ်တ် ၃၆ နှစ်၊ လိန်းစ် လည်း ၃၆ နှစ်၊ ဘက်ဆီယာ ၃၇ နှစ်၊ မြူရတ် ၃၈ နှစ်၊ မော်တီယာ ၃၇ နှစ် ဖြစ်သဖြင့် ပျမ်းမျှအသက်မှာ ၃၉ နှစ်ဖြစ်၏။ ရုရှဗိုလ်ချုပ်ကြီး ကူတူဆော့ဗ်မှာ ၆၀ နှစ်ရှိပြီ။

---

၁။ Lectoure, Gascony

## အခန်း (၉)

# ယေနာနှင့် ဩစတဒ်တိုက်ပွဲများ

ဩစတာလစ်တိုက်ပွဲအပြီး ကေရာဇ်ဘုရင် နပိုလီယံ အောင်နိုင်လိုက်သည့် နိုင်ငံနယ်ပယ်များမှာ များလှစွာ၏။ တိုင်းနိုင်ငံများ၊ မြို့တော်ကြီးများ၊ နယ်ပယ်များ ပိုင်ဆိုင်နေပြီဖြစ်၍ ကေရာဇ်ဘုရင်ကို သစ္စာခံသော ဘုရင်များ၊ မြို့စားကြီးများ၊ နယ်စားကြီးများ ခန့်ထားနိုင်ပြီဖြစ်လေသည်။ ဘွဲ့ထူးခံ ဂုဏ်ထူးခံ ဆွေတော်မျိုးတော် အုပ်ချုပ်သူလူတန်းစားတစ်ရပ် ထူထောင်ရမည်။ သို့မှ ဥရောပရှိ မင်းဆွေမင်းမျိုးများ၊ မြို့စားနယ်စားကြီးများနှင့် တန်းတူရည်တူ ပေါင်းသင်းဆက်ဆံနိုင်လာမည်။ လူနေမှုစနစ်ကြီးက ဒါမျိုးတောင်းဆိုနေလျှင် ဒါမျိုးဖန်တီးပေးရမည်။ စစ်နိုင် ပြင်သစ်စစ်သူကြီးများက ဗီယာနာမြို့တော် ရှန်ဘရွန်းနန်းတော်ကြီး[၁]၌ မင်းဆွေမင်းမျိုးများ၊ နယ်စားပယ်စားကြီးများနှင့် ပခုံးချင်းယှဉ်ဆက်ဆံနေသော်လည်း ဂုဏ်သိက္ခာ၊ ဘွဲ့ထူးဂုဏ်ထူးကိုသာ ပဓာနထားကြသော ဥရောပမင်းဆွေမင်းမျိုးများက စစ်နိုင်ပြင်သစ်စစ်သူကြီးများအား တူသည်တန်သည်မထင်ကြ။ မချစ်သော်လည်း အောင့်ကာနမ်းနေကြရခြင်း ဖြစ်၏။ ထို့ကြောင့် သူ့ဆွေမျိုးသားချင်းများ၊ စစ်သူကြီးများမှ သင့်တော်သူများအား ဘုရင်တွေ၊ မင်းသားတွေ၊ မြို့စားနယ်စားတွေခန့်ထားရန် နပိုလီယံ ဆုံးဖြတ်ခဲ့လေသည်။ ဤကဲ့သို့ ဘွဲ့ထူးရာထူးရာခံများ ခွဲဝေပေးရသည့် နောက်တစ်ကြောင်းရှိသေး၏။ မိမိခန့်ထားသည့် ဘုရင်များ၊ မင်းဆွေမင်းမျိုးများက တိုးတက်ရရှိလာသော အခွင့်အရေးများ

---

၁။ Schenbrunn

ဆက်လက်တည်မြဲစေရန် လိုလားမည်၊ လက်ရှိစနစ်ကြီး တည်မြဲအောင် ကြိုးစားကြမည်။ ဤနည်းဖြင့် မိမိအောင်နိုင်ပြီး နယ်ပယ်များ၊ တိုင်းနိုင်ငံများကို စည်းလုံးခိုင်မာအောင် လုပ်ဆောင်ရာလည်းရောက်၏။ နပိုလီယံ၏အစ်ကို ဂျိုးဆက်ဘိုနာပတ်က နေပေါ်လ်ဘုရင် ဖြစ်လာ၏။ ဂျိုးဆက်ပြီး မြူရတ်ကို ချီးမြှင့်ရမည်။ မြူရတ်က ကာရိုလိုင်းဘိုနာပတ် နပိုလီယံ၏နှမတော်၏ ကြင်ယာတော်မဟုတ်လော။ ထို့ကြောင့် မြူရတ်က ရိုင်းလင်းနယ်ပယ်တစ်ခုဖြစ်သည့် ဘာ့ဂ်နှင့် ကလီဗ်စ်မြို့စားကြီး[၁]ဖြစ်လာ၏။ ကာရိုလိုင်း မြို့စားကြီးကတော်ဖြစ်လာပြီ။ ဘာသီယာက နယူ့ဖ်ချေတယ်မင်းသား[၂]ဖြစ်လာ၏။ ၁၈၀၆ ခုနှစ် ဇွန်လ ၅ ရက်နေ့၌ နပိုလီယံက မင်းသားနှစ်ပါး ထပ်မံခန့်ထားခဲ့၏။ တေလီရောင်[၃]နှင့် ဘာနာဒုတ်တို့တည်း။

တေလီရောင် မင်းသားဖြစ်လာသည်ကို မည်သူကမှ မနာလိုမဖြစ်။ သူက နိုင်ငံရေးသမား အလွန်ကျင်လည်ပါးနပ်သည့် နိုင်ငံရေးသမား။ သူနှင့် စကားစမြည်ပြောနေစဉ် တစ်စုံတစ်ယောက်က တေလီရောင်ကို နောက်က ဖင်ပိတ်ကန်လျှင်တောင် နိုင်ငံရေးသမားကြီးက မျက်နှာပျက်သွားမည်မဟုတ်ဟု လိန်းစ်က ပြောဖူး၏။ ပြီးတော့ သူက အရပ်သား။ အရပ်သားရာထူးတိုးပေးခြင်းကို စစ်သားများက ဘာမှ မနာလိုဖြစ်စရာမရှိ။ သို့သော် ဘာနာဒုတ် မင်းသားဖြစ်လာမည်ကို အခြားစစ်သူကြီးများက မကျေနပ်ကြ။ ပွစိပွစိ ဖြစ်ကုန်၏။ မြူရတ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များကို လွှတ်တော်ခန်းမမှ မောင်းထုတ်ပြီး လိန်းစ်က ကြူလေရီကို ထိန်းထားစဉ် ဘာနာဒုတ် သူ့အိမ်မှာသူ နပ်နေသည်မဟုတ်လော။ မာဆေးနားဂီနိုအာတွင် ကြံကြံ့ခံနေစဉ်က ဘာနာဒုတ် ပါရီတွင် မဒမ်ဒီစတီးနှင့် ခေါင်းချင်းရိုက်၍ ကောင်စစ်ချုပ် နပိုလီယံအား မကောင်းကြံနေသည်မဟုတ်လော။ တပ်မကြီးမှူး ခြောက်ဦးကို တပ်တော်မဟာဖြစ်လာအောင် နပိုလီယံကြိုးပမ်းနေစဉ်က ဘာနာဒုတ်သည် နပိုလီယံ ဆန့်ကျင်ရေးသားလုပ်ခဲ့သည် မဟုတ်လော။ နပိုလီယံ ဆန့်ကျင်ရေးအကြံအစည် ၅ ခုတွင် ဘာနာဒုတ်အမည်ကို တွေ့ခဲ့ကြရသည်မဟုတ်လော။ အနီဘာနာဒုတ်ကို ယခု ဘာကြောင့် ပွန်တီကော်ဗို[၄]မင်းသားခန့်အပ်ရသနည်း။ ဒဗိုးက အထူးသဖြင့် မကျေနပ်၊ ထိုအချိန်မှစ၍ ဘာနာဒုတ်အား ဒဗိုးက "သနားစဖွယ် ပွန်တီကော်ဗို"[၅]ဟု ခေါ်ခဲ့၏။ နပိုလီယံ ဘာနာဒုတ်အား မင်းသားခန့်အပ်ခြင်းမှာ နိုင်ငံရေးဖြစ်၏။ ပြည်ထောင်စုဗိုလ်ချုပ်များအနက် ဘာနာဒုတ်နှင့် အခြားတစ်ဦးနှစ်ဦးသာ ကျန်တော့သည်မဟုတ်လော။

---

၁။ Grand Duke of Berg And Cleves

၂။ Prince of NeyfChatel

၃။ Talle Yrand

၄။ Ponte-Corvo

၅။ Le Miserable Ponte Corvo

ရောဘတ်၊ ဒဆိုင်းနှင့် ကလက်ဘာတို့ ကျဆုံးသေဆုံးကုန်ပြီ။ မော်ရိုနှင့် ဒူးမော်ရီတို့က ပြည်နှင်ဒဏ် ခံနေကြရ၏။ ထို့ကြောင့် ကျန်နေသည့် ဘာနာဒုတ် အား မင်းသားခန့်အပ်လိုက်ခြင်းဖြင့် ပြည်ထောင်စုအစွဲရှိသူအားလုံးကို စည်းရုံး သိမ်းသွင်းလိုက်ခြင်းဖြစ်၏။ ထို့ပြင် ဘာနာဒုတ်လည်း မိမိကို ကြည်ညိုသစ္စာ စောင့်သိလာနိုင်၏။ သို့သော် စစ်သူကြီးများ မကျေနပ်မှုကို အသာချထားကြ ဦး။ အလုပ်ပေါ်နေပြန်ပြီ။ ပရပ်ရှားက ပြင်သစ်နိုင်ငံကို ၁၈၀၆ ခုနှစ် စက်တင် ဘာလထဲ၌ စစ်ကြေညာလိုက်လေပြီ။ နပိုလီယံစစ်များမတိုင်မီက ပရပ်ရှားမှာ ဥရောပတစ်ခွင်လုံးမှာပင် စစ်ရေးစစ်ရာတွင် နာမည်အကျော်ကြားဆုံးဖြစ်၏။ ဖရက်ဒရစ်ဘုရင်ကြီးနှင့် ၇ နှစ်စစ်ပွဲတွင် ပရပ်ရှားကို လူတိုင်းလေးစားကြရ၏။ ယခု ပရပ်ရှားက ပြင်သစ်ကို စစ်ကြေညာလိုက်ပြီ။ ၁၈၀၆ ခုနှစ် အောက်တိုဘာ လထဲတွင် ပရပ်ရှားစစ်သည် ၁၅၀၀၀၀ သည် ဝိုင်မာတွင် စုစည်းနေကြ၏။ ထိုအချိန်တွင် ပြင်သစ်တပ်တော်မဟာသည် ဂျာမနီတောင်ပိုင်း၌ အနားယူလျက် ရှိ၏။ ယခု တိုက်ပွဲစဉ်တွင် နပိုလီယံ၏ နာမည်ကြီးမှန်ကူကွက်ပုံ စစ်ဆင်နည်း[၁] ကို ကျွန်ုပ်တို့ စတင်တွေ့ကြရမည်ဖြစ်၏။ ပုံသဏ္ဌာန်ဖြင့် ရှင်းပြပါမည်။ ရှေ့ဆုံး မှ ယပ်တောင်ပုံသဏ္ဌာန် မြင်းတပ်များက ဖြန့်လျက်ချီတက်ကြ၏။ မြင်းတပ် တာဝန်မှာ ရန်သူသတင်းစုဆောင်းရန်နှင့် ရန်သူက မိမိသတင်းမရရှိရန်ဖြစ်၏။ မြင်းတပ်နောက်မှ မှန်ကူကွက်ပုံသဏ္ဌာန်တပ်များ လေးစုခွဲလျက် ချီတက်ကြရ၏။ စစ်မျက်နှာ မိုင် ၆၀ မှ ၇၀ အထိ ဖြန့်ထားသောတပ်များဖြစ်၏။ မြေအခြေအနေ လမ်းအခြေအနေအပေါ် မူတည်၍ တပ်ဖြန့်ကြခြင်းဖြစ်၏။

ဤစစ်ဆင်နည်း၏ အကောင်းဆုံးအချက်မှာ ရန်သူ မည်သည့်ဘက်မှ ပေါ်သည်ဖြစ်စေ မိမိက အမြဲအရန်သင့်ဖြစ်နေခြင်းဖြစ်လေသည်။ အကယ်၍ ရန်သူ မြောက်ဘက်မှာရှိသည်ထင်ပြီး ချီတက်နေစဉ် မိမိမြင်းတပ်က ရန်သူ ဘယ်ဘက်မှာရှိကြောင်း သတင်းပို့လျှင် တပ်အားလုံး ဘယ်ဘက်လှည့်လိုက်၍ ဘယ်တောင်ပံတပ်က ရှေ့ဆောင်တပ်ဖြစ်လာပြီး မူလဦးဆောင်တပ်က ညာတောင် ပံဖြစ်လာကာ မူလညာတောင်ပံက အရန်တပ်နှင့် မူလအရန်တပ်က ဘယ်တောင်ပံ ဖြစ်လာလေသည်။ ဤနည်းအားဖြင့် ရန်သူ မည်သည့်ဘက်ကပေါ်ပေါ် မိမိတို့က ချက်ချင်းတုံ့ပြန်နိုင်၏။ ၁၈၀၆ ခုနှစ် စက်တင်ဘာလ ၂၈ ရက်နေ့တွင် ဧကရာဇ် နပိုလီယံ ပါရီမှ မိန့်ဇ်[၂]သို့ ရောက်လာပြီး တပ်တော်မဟာကို ဦးစီးခဲ့လေသည်။ ဤနေရာတွင် တစ်စုံတစ်ခုသောအကြောင်းကြောင့် ဧကရာဇ်ဘုရင် နပိုလီယံ

---

၁။ Lozenge Formation Also Battalion Carre

၂။ Mainz

တာဝန်ခွဲဝေပေးပုံ ချွတ်ယွင်းသည်ကို တွေ့ကြရ၏။ တပ်တော်ကို ပထမ ဘာသီယာနှင့် လွှဲပေးထားပြီး မကြာမီ မြူရတ်အား ခေတ္တတပ်တော်မှူးတာဝန် ပေးခဲ့ပြန်၏။ ထို့ကြောင့် ထိုရက်များအတွင်းက ဘာသီယာကတစ်မျိုး၊ မြူရတ်က တစ်ဖုံ တပ်တော်မဟာအတွက် အမိန့်များ ထုတ်ပြန်ခဲ့ကြသည်ကို တွေ့ရလေသည်။

နပိုလီယံက မိမိသတိလစ်ဟင်း လုပ်ဆောင်မိသည်ကို ချက်ချင်းသိရှိပြီး မိန့်ခွဲတွင် တစ်ထိုင်တည်း အလုပ်စတင်လုပ်တော့၏။ မိန့်ခွဲတွင် နပိုလီယံ အလုပ်လုပ်ပုံမှာ သူ့ဘဝတစ်လျှောက်လုံးမှာပင် တစ်ဆက်တည်း အများဆုံး အလုပ်လုပ်ခဲ့ခြင်းဖြစ်လေသည်။ ပါရီမှ ရထားကြီးနှင့်လာခဲ့ပြီး ၃၆ နာရီမျှ ရထားထဲတွင် အလုပ်လုပ်ခဲ့သည်ဖြစ်ပါလျက် စက်တင်ဘာလ ၂၉ ရက်နေ့ နေ့လယ်မှစ၍ အမိန့်များ နှုတ်မှချပေးပြီး ဆက်တိုက်အလုပ်လုပ်ခဲ့ရာ အောက်တိုဘာလ ၂ ရက်နေ့ နံနက်အထိ ဆက်တိုက်လုပ်ခဲ့ခြင်း ဖြစ်လေသည်။ ကြားထဲတွင် တစ်နာရီနှစ်နာရီမျှသာ ခေတ္တအပန်းဖြေအနားယူပြီး တောက်လျှောက်မထတမ်း အလုပ်လုပ်ခဲ့ခြင်း ဖြစ်တော့၏။ ဤကဲ့သို့ မနားတမ်းလုပ်ဆောင်ခဲ့ခြင်းကြောင့် ဖြစ်မည်။ ယနာတိုက်ပွဲစဉ် ပထမလေးရက်တွင် တပ်မကြီးမှူးများ အမိန့်သုံးခု၍ အမိန့်တစ်ခုနှင့်တစ်ခု ဆန့်ကျင်နေသည်ကို တွေ့ကြရ၏။ အောက်တိုဘာလ ၅ ရက်နေ့ကျတော့မှ အမိန့်များ ရှင်းရှင်းလင်းလင်း ဖြစ်သွားတော့၏။ လိန်းစ်လည်း သူ့တပ်မကြီးသို့ ပြန်ရောက်လာပြီး လဖေးဗားထံမှ လွှဲယူပြီးပြီ။ ယခင်က ဘာမှမဖြစ်ခဲ့သလို လိန်းစ် သူ့တပ်မကြီးသူ အုပ်ချုပ်ကွပ်ကဲနေပါပြီ။ လဖေးဗားလည်း ခံသာအောင် နပိုလီယံက လဖေးဗားကို သူ့အနားတွင်ထား၍ ကိုယ်ရံတော်တပ်မကို အုပ်ချုပ်ရန် လိုလားကြောင်း စာရေးပေးခဲ့၍ လဖေးဗားကလည်း ဝမ်းမြောက်ဝမ်းသာပင် တပ်မကြီးမှူးဘဝမှ ကိုယ်ရံတော်တပ်မကို လာ၍အုပ်ချုပ်၏။ လိန်းစ်က သူ့စစ်ဦးစီးချုပ်အဖြစ် ဗစ်တာ[၁] ကို ရွေးချယ်ခဲ့လေသည်။ ဗစ်တာမှာ တိုလုံ[၂] တွင် နပိုလီယံနှင့်အတူ နေဖူးပြီး လိန်းစ်နှင့်အတူ မွန်တီကဲလ်နှင့် မရင်ဂိုတိုက်ပွဲတွင် ပါဝင်ခဲ့ဖူးသူဖြစ်လေသည်။ နပိုလီယံက စစ်သူကြီးများ ခန့်အပ်လိုက်သောအခါ စစ်သူကြီးရာထူး တိုးမရ၍ မာမွန့်နှင့် ဗစ်တာမှာ တပ်တော်တစ်ခုလုံးတွင် မကျေနပ်ဆုံး ဗိုလ်ချုပ်ကြီးများ၊ စိတ်အဆိုးဆုံး ဗိုလ်ချုပ်ကြီးများဟု တပ်သားများက သိထားကြ၏။ အောက်တိုဘာလ ၈ ရက်နေ့တွင် တပ်တော်မဟာ စတင်ချီတက်လေပြီ။ စစ်သည် ၁၉၀၀၀၀ သည် တစ်နေ့ ၁၈ မိုင်မှ မိုင် ၂၀ အထိ ချီတက်ခဲ့ကြခြင်းဖြစ်၏။ လိန်းစ် တပ်မကြီးသည် ၅ ရက်အတွင်း ၃ ကြိမ် တိုက်ပွဲ

၁။ Victor ၂။ Toulon

ဖြစ်ပွားခဲ့ပြီး တစ်နေ့ ပျမ်းမျှ ၁၇ မိုင် ပေါက်ခဲ့လေသည်။ ဒဗိုးတပ်မကြီးက ၄၈ နာရီအတွင်း ၅၄ မိုင်ပေါက်ခဲ့၏။ အောက်တိုဘာ ၁၃ ရက်နေ့၌ နပိုလီယံ၏ တပ်တော်မဟာသည် ပရပ်ရှားများ၏ ဘယ်တောင်ပံကို ဝန်းရံပြီးဖြစ်နေ၏။ မနှစ်က ဩစတြီးယားဗိုလ်ချုပ်ကြီး မက်၏ တပ်တော်ကို ဝန်းရံလိုက်ပုံမျိုးတည်း။ တိုက်ပွဲမစမီ သေနတ်တစ်ချက်မှ ပစ်ဖောက်ရခြင်းမပြုမီ အပြင်းအထန် ချီတက်မှုဖြင့် (အုမ်းမှာကဲ့သို့) အောင်ပွဲခံလိုက်နိုင်ခြင်းဖြစ်၏။ ချီတက်ခြင်းဖြင့် မိမိက နေရာကောင်းနေရာမှန် ရနေသဖြင့် မိမိဘက်က တော်ရုံတန်ရုံ အမှားများပြုလုပ်မိစေကာမူ နောက်ဆုံးတွင် မိမိကသာ အောင်ပွဲခံခဲ့သည့် သာဓကတစ်ရပ်ဖြစ်၏။

နပိုလီယံကိုယ်တိုင်က ယေနာတိုက်ပွဲစဉ် မစမီက ရန်သူနေရာ အတိအကျနှင့် အင်အားကို မသိခဲ့ချေ။ သူ့ရှေ့တွင် ရန်သူရှိနေမှန်းတော့သိ၏။ ထို့ကြောင့် နောက်တစ်နေ့ (အောက်တိုဘာလ ၁၄ ရက်နေ့) နံနက်တွင် တိုက်ရန်ဆုံးဖြတ်လိုက်လေသည်။ ၁၃ ရက် တစ်ညလုံး လိန်းစ်တပ်မကြီးနှင့် ဘုရင့်သက်တော်စောင့်တပ်မတို့သည် ယေနာအနီး လင်ဂရာဖင်ဘက် တောင်ကုန်း[၁]သို့ ချီတက်၍ တောင်ကုန်းထက်၌ နေရာယူကြ၏။ နေရာကကျဉ်းပြီး လူများနေ၍ လူချင်းထပ်မျှ နေရာယူထားကြရ၏။ ရှေ့လူနောက်ကျောပိုးအိပ်နှင့် နောက်လူရင်ဘတ်ထိပြီး ရပ်လျက်နေရာယူထားကြရခြင်း ဖြစ်တော့၏။ ဤမျှ သိပ်သည်းသည့် လူထုကို ရန်သူသာသိသွားပါက အမြောက်နှင့်ဖြိုခွင်းလျှင် မည်သို့မျှလှုပ်ရှားနိုင်ခြင်းမပြုမီ အမြောက်အမြား ကျဆုံးကြရတော့မည်။ သို့သော် ကံကြမ္မာကား ဆန်းကြယ်လှ၏။ နပိုလီယံ၏ ကြယ်တာရာက တောက်ပဆဲတည်း။ အောက်တိုဘာလ ၁၉ ရက်နေ့ နံနက်က ဆီးနှင်းများ ထူထပ်စွာကျနေရာ ဘာမှ သဲကွဲစွာမမြင်ကြရ။ ထို့ကြောင့် ပြင်သစ်တပ်များ လွတ်လပ်စွာနေရာယူ ဖြန့်ခွဲနိုင်ကြ၏။ နေးကလည်း အမှားလုပ်မိသေး၏။ အမှတ် ၆ (နေး၏)တပ်မကြီးသည် အလယ်မှ လိန်းစ်နှင့် ညာတောင်ပံ ဆို့လ်တ်ကြားတွင် ဝင်နေရာယူရန် ဖြစ်လေသည်။ နေး သူ့အမိန့်ကို ဖတ်ပုံမရ။ အမှတ် ၆ တပ်မကြီးသည် ဆီးနှင်းထူထပ်နေစဉ် တစ်ညလုံးချီတက်ခဲ့ရပြီး နံနက်လင်းသောအခါ ရှေ့ပြေး ကိုလ်ဘတ်၏ တပ်သည် လိန်းစ်နောက်တွင် ရောက်နေ၏။ နေးကိုယ်တိုင်က ညက နပိုလီယံ၊ လိန်းစ်၊ ဘာသီယာတို့နှင့်အတူ ကင်းထောက်နေကြပြီး နံနက်တွင် လင်ဂရာဖင်းဘက် တောင်တန်းအနီးမှ သူ့တပ်မကြီးကို စောင့်နေ၏။ နံနက် ၉ နာရီထိုးသည်အထိ သူ့တပ်မကြီးက ရောက်မလာသေး။ လိန်းစ်တစ်ယောက်တည်းတိုက်ပြီး သူပဲ အောင်သေအောင်သား စားရတော့မည်လော။ ဒါကို နေး ကြည့်မနေနိုင်။

[၁]။ LandgraFenberg Plateau

ထို့ကြောင့် ကိုလ်ဘတ်ကို တွေ့ရသည်နှင့် ရှေ့ပြေးတပ်ကို အတင်း ရှေ့သို့တက်စေ၏။ နေးကိုယ်တိုင် ကိုလ်ဘတ်၏ ရှေ့ပြေးတပ်နှင့် ဝင်ရောက်ခဲ့သည့် နေရာမှာ လိမ်းစ်နှင့် ဩဂျရိုး ကြားနေရာဖြစ်နေ၏။ လိမ်းစ်နှင့် ဆိုလ်တ်ကြားမဟုတ်။ နေး၏ လူများက နေရာအမှားတွင်သာ ဝင်ရောက်နေရာယူမိကြသည်မဟုတ်သေး၊ သူများ ရှေ့ ရောက်လွန်းနေပြီ။ နေမြင့်လာ၍ သဲသဲကွဲကွဲမြင်ရသည်နှင့် နေး၊ ကိုလ်ဘင် တို့ရှေ့တွင် ပရပ်ရှား ခြေလျင်တပ်များ တွေ့ရပါပြီ။ နေးက ကိုလ်ဘင်အား ပခုံးတွန့်ပြလိုက်ပြီး "ဝိုင်တော့ ဖောက်ပြီးပြီကွ၊ သောက်ကြတော့မှပဲ" နှစ်ယောက်သား ဦးဆောင်ပြီး ရှေ့ပြေးမြင်းတပ်နှင့် ရန်သူကို တိုက်ခိုက်ကြရာ ရန်သူရှုံသွားမှ မိမိတို့တပ်နေရာသို့ ပြန်ဝင်ခဲ့ကြနိုင်လေသည်။ သတ်မှတ်ထားသည့်နေရာသို့ အမှတ် ၆ တပ်မကြီး ရောက်လာသော်လည်း တပ်မကြီးမှူးကို မတွေ့ကြရ။ အချိန်အတော်ကြာစောင့်ပြီး ရှိနိုင်သည့်နေရာများတွင် ရှာဖွေကြစေရာလည်း ဘယ်မှာမှမတွေ့။ နေး၏ ကိုယ်ရံတော်တစ်ဦးက သတိရပြီး ရှေ့တန်းတွင် သွားကြည့်တော့မှ သူတို့တပ်မကြီးမှူး နေးကို တွေ့ရပါပြီ။ နေ့လယ်တစ်နာရီ တွင် ညာတောင်ပံမှ ဆိုလ်တ်သည် ရန်သူဘယ်တောင်ပံကို ဝိုင်းမိနေပြီ။ နေး၏ ခြေလျင်ကလည်း ရှေ့တန်းသို့ အားလုံးရောက်လာပြီး မြူရတ်၏မြင်းတပ်ကလည်း ဘုရင့်ကိုယ်ရံတော်တပ်နောက်တွင် အားလုံးနေရာယူပြီးပြီ။ ဩဂျရိုးကလည်း ရန်သူတပ်များကို ဘယ်တောင်ပံ၌ ထိန်းထားနိုင်ပြီ။ နပိုလီယံပြောနေကျအတိုင်း "တိုက်ပွဲမှည့်နေပြီ"[၁] ပြင်သစ်တပ်တော်မဟာအားလုံး ရှေ့သို့ ချီတက်တိုက်ခိုက်ကြရာ သုံးနာရီထိုးသောအခါ စစ်မြေပြင်တွင် ပရပ်ရှားတပ်ရင်းတစ်ခုမှ မရှိတော့။

နပိုလီယံစီမံချက်အရ ယေနာတွင် စစ်မျက်နှာကျဉ်းကျဉ်းနှင့် အောင်ပွဲခံနိုင်ရုံသာမဟုတ်။ သူတို့ကို အောင်ပွဲခံနိုင်ရုံဖြင့် မကျေနပ်နိုင်။ သူတို့အားလုံး ထိုနေ့မှာပင် ချေမှုန်းနိုင်ရမည်။ စီမံချက်အရ ဘာနာဒုတ်တပ်မကြီးက ရန်သူ ဘယ်တောင်ပံကိုပတ်၍ ဒုံဘတ်[၂]ကိုဖြတ်ကာ ဝန်းရံထားစဉ် ဒဗိုးတပ်မကြီးက သူတို့ကို ကျော်လွန်ပြီး နောင်ဘက်[၃]ကို ဖြတ်၍ ရန်သူဘယ်နှင့် နောက်မှ ဝန်းရံချေမှုန်းရန် ဖြစ်လေသည်။ ထို့ကြောင့် ယေနာတောင်ကုန်းတွင် စစ်ရှုံးလာသော ရန်သူသည် လတ်ဆတ်လန်းဆန်းနေသည့် ပြင်သစ်စစ်သည် ၅၀၀၀၀ နှင့် ရင်ဆိုင်ရလိမ့်မည်။ ဒဗိုးအား နပိုလီယံပေးလိုက်သည့် အမိန့်တွင် "နောင်ဘက်က သွား၊ ဘာနာဒုတ်လဲ အဲဒီမှာရှိတယ်ဆိုရင် အတူတူချီတက်ကြပေါ့။ ဒါပေမဲ့ ဘာနာဒုတ်က ဒုံဘက်မှာရှိဖို့များတယ်" ဘာနာဒုတ်က ယင်းအမိန့်ကို ဖတ်လိုက်ရ

---

၁။ The Battle Was Ripe (ခူးဖို့အချိန်တန်ပြီဟု ဆိုလိုသည်။)
၂။ Donburg ၃။ Naum Burg

၏။ သို့သော် သူ့ပေးထားသည့်အမိန့်အတိုင်း ဒုံဘက်သို့သာ ဆက်လက်ချီတက်ခဲ့၏။ ရန်သူအဓိကတပ်များ ယေနာတွင်ရှိမည်ဟု နပိုလီယံ မျှော်မှန်းထားသော်လည်း အဓိကတပ်များသည် ယေနာတွင်မရှိ။ ပရပ်ရှားဘုရင်နှင့် ဘရန်စဝစ်မြို့စားကြီး[၁] ၏ တပ်များသည် အရှေ့မြောက်ဘက်သို့ ချီတက်သွားကြ၍ ဒဗိုးက မြောက်ဘက်မှ ရန်သူအကြွင်းအကျန်ကို ချေမှုန်းရန် ရောက်လာသောအခါ သူ့တပ် ၂၇၀၀၀ သည် ရန်သူအကြွင်းအကျန်မဟုတ်ဘဲ ပရပ်ရှားအဓိကတပ် ၆၀၀၀၀ နှင့် ရင်ဆိုင်ရလေပြီ။ ရန်သူအင်အား နည်းသည်များသည် တွက်နေရန်အချိန်မဟုတ်၊ ရင်ဆိုင်တွေ့မှတော့ တိုက်ရတော့မည်။ ထိုနေ့တစ်နေ့လုံး ဒဗိုးနှင့် သူ့တပ်မမှူးသုံးဦးသည် သြစတဒ်ရွာလေးအနီးတွင် အင်အားကြီးမားလှသည့် ပရပ်ရှားတပ်များကို ကြံ့ကြံ့ခံတိုက်ကြ၏။ ဒဗိုး၏ တပ်မမှူးသုံးဦးကို ရဲဘော်များက "မသေနိုင်သူသုံးဦး"[၂] ဟု ခေါ်နေကြပြီဖြစ်၍ ယင်းတို့မှာ ဂူဒင်၊ ဖရိုင်ယင့်နှင့် မိုရန်[၃] တို့ ဖြစ်လေသည်။ ဒဗိုးက သူ့မြင်းကြီးစီးပြီး တပ်တစ်တပ်မှ နောက်တစ်တပ်ကူး၍ ကွပ်ကဲနေ၏။ မျက်နှာမှာ ယမ်းငွေ့များနှင့် နက်မှောင်နေပြီး သူ့ယူနီဖောင်းတွင် သွေးစသွေးနများနှင့် ဦးထုပ်လည်းမရှိတော့၊ ရန်သူကျည်မှန်၍ ကျွတ်ကျန်ခဲ့ပြီ။ ဒဗိုးက ဘာနာဒုတ်ကို တစ်နေ့လုံးမျှော်နေမိ၏။ ဘာနာဒုတ် အမြောက်သံများ ကြားရမလား၊ သူ့ခြေလျင်တပ်များ မြင်ရတော့မလား။ ဘာနဒုတ် အရိပ်အယောင်ကိုမျှ မမြင်ကြရ။ ဘာနာဒုတ် ဒုံဘက်သို့ ဆက်လက်သွားသည်မှာ မှန်သည်ဟု အချို့ စစ်မဟာဗျူဟာဆရာများက ရေးကြ၏။ ဘာနာဒုတ်သည် ဒဗိုးထံမှ အကူအညီတောင်းခံခြင်းမရရှိဟု ဆိုသူများလည်း ရှိ၏။ နပိုလီယံအမိန့်ကို တစ်သဝေမတိမ်း လိုက်နာသည်မှာ မှန်သည်ဟု ပြောသူများလည်းရှိ၏။ သို့သော်... သို့သော် အရေးကြီးသည်မှာ အောက်တိုဘာ ၁၄ ရက်နေ့၌ ဘာနာဒုတ်သည် သြစတဒ်၌ တိုက်ခိုက်နေသံများကို ကြားရသလော။ အကယ်၍ တိုက်ပွဲဖြစ်နေမှန်းမသိ၍ ဒုံဘက်သို့ ဆက်လက်ချီတက်သည်ဆိုလျှင် ဘာနာဒုတ် မှန်ပါသည်။ တိုက်ပွဲကြီး (၇ မိုင်အကွာတွင်) ဖြစ်နေမှန်းသိလျက် အမြောက်သံများ တရစပ်ကြားနေရပါလျက် ဒဗိုး သူ့ဟာသူ သေချင်သေပစေဟု သွားရောက်မကူညီခြင်းဖြစ်လျှင် ဘာနာဒုတ် မှားသည်ဆိုရချိမ့်မည်။ ၄ နာရီတွင် ဘာနာဒုတ် အပိုလ်ဒါ[၄] သို့ ရောက်လာ၏။ ၆ နာရီချီတက်ပြီး ၈ မိုင်သာ ခရီးပေါက်ခဲ့ခြင်းဖြစ်၏။ အပိုလ်ဒါမှာ သြစတဒ်နှင့် ၆ မိုင်ခွဲသာ ဝေးလေသည်။ အမြောက်သံကလည်း အခြေအနေအမျိုးမျိုးပေါ် မူတည်နေ၏။ တစ်ခါတစ်ရံ အမြောက်ကြီး

---

၁။ Duke of Brunswick
၂။ The Three Immortals
၃။ Gudin, Friant and Morand
၄။ Apolda

ပစ်ခတ်သံကို မိုင် ၁၀၀ ကျော်ကပင် ကြားရ၏။ သို့သော် လေမသင့်ဘဲ ဆီးနှင်းထူထပ်သော် ၁၀ မိုင်အကွာကပင် အမြောက်သံကို မကြားရဘဲလည်း ရှိတတ်၏။ မည်သို့ဖြစ်စေ ဘာနာဒုတ်သည် ယေနာတိုက်ပွဲမှာရော ဩစတဒ်တိုက်ပွဲမှာပါ ပါဝင်ခဲ့ခြင်းမရှိချေ။ ယင်းနေ့ ၄ နာရီခွဲအချိန်၌ ဘာနာဒုတ်အား သူ့ဦးစီးအရာရှိများ၊ ကိုယ်ရံတော်များ ခြံရံလျက် ဆားလ်မြစ်[၁]နံဘေး ကုန်းမြင့်တစ်ခုတွင် မိမိမြင်ခဲ့ရကြောင်း ဒဗိုး၏ ကိုယ်ရံတော်တစ်ဦးက ပြောပြ၏။ ယင်းနေရာသည် ဩစတဒ်တိုက်ပွဲ ဖြစ်ပွားရာနေရာနှင့် လေးမိုင်ခွဲသာ ဝေးလေသည်။ ဘာနာဒုတ်က ရန်သူကို လိုက်စစ်ဆင်ရန် ဒဗိုးက သူ့ကိုယ်ရံတော်ကို စေလွှတ်လိုက်ခြင်းဖြစ်၏။ ဒဗိုးတပ်မကြီးမှာ စစ်ပန်းနေပြီဖြစ်ပြီး သူ့မြင်းတပ် သုံးပုံတစ်ပုံမှာ တိုက်ပွဲတွင် ကျဆုံးခဲ့ကြရပြီ ဖြစ်၏။ ဘာနာဒုတ်က "မင်းစစ်သူကြီးကို ပြောလိုက်ပါ။ မကြောက်ပါနဲ့လို့။ ငါ အဲဒီရောက်လာမှာပါ"ဟု ပြောလိုက်သေး၏။ တိုက်ပွဲသတင်းများ နပိုလီယံကြားရသောအခါ ဘာနာဒုတ်အား ဒေါပွခဲ့၏။ နပိုလီယံကိုယ်တိုင် မှားခဲ့သည်ကို သူ့စစ်သူကြီး (ဒဗိုး)က အဖတ်ဆယ်ခဲ့ရသည့် တိုက်ပွဲတည်း။ နပိုလီယံက ဩစတဒ်တိုက်ပွဲအား ယေနာတိုက်ပွဲ၏ ညာတောင်ပံတိုက်ပွဲဟုသာ သဘောထား၏။ ဧကရာဇ်ဘုရင် စစ်ဌာနချုပ်မှ ထုတ်ပြန်သည့် ပြန်တမ်း၌ ဒဗိုးက (ယေနာတိုက်ပွဲ၏) ညာတောင်ပံကို ထိန်းထားကြောင်း ဖော်ပြထားပြီး ဘာနာဒုတ်က ဩစတဒ်တွင် လာရောက်၍ ဒဗိုးအားမကူညီသဖြင့် ဧကရာဇ်ဘုရင် နပိုလီယံက အပြစ်ဆိုထား၏။ တိုက်ပွဲကြီးတစ်ပွဲဖြစ်ပါလျက် ပါရီတွင် နပိုလီယံအမိန့်ဖြင့် တည်ဆောက်ခဲ့သော အောင်ပွဲအထိမ်းအမှတ် ဂိတ်ဝကြီး[၂]၌ ဩစတဒ်တိုက်ပွဲကို ကမ္ပည်းထိုး မော်ကွန်းတင်ခဲ့ခြင်း မရှိချေ။ တိုက်ပွဲကြီးဖြစ်ပါလျက် ကမ္ပည်းထိုးခြင်း မခံရသည်မှာ ဩစတဒ်တိုက်ပွဲတစ်ပွဲသာ ရှိလေသည်။ ဒဗိုးအနေနှင့် နပိုလီယံမှ ချီးကျူးထောပနာပြုခြင်း မခံရစေကာမူ ယေနာဩစတဒ်တိုက်ပွဲများ ပြီးသည့်အချိန်မှစ၍ ဒဗိုးအား ပြင်သစ်တပ်တော်မဟာတစ်ခုလုံးက မော့ကြည့်ခဲ့ကြရလေပြီ။ ဒဗိုးမှာ နေးကဲ့သို့ နည်းဗျူဟာကျွမ်းကျင်ပြီး မာဆေးနားကဲ့သို့ ခွဲနပဲကောင်း၍ မြူရတ် လိန်းစ်တို့ကဲ့သို့ သတ္တိပြောင်မြောက်ကြောင်း ပြင်သစ်တပ်တော်မဟာတစ်ခုလုံးက အသိအမှတ်ပြုခဲ့ကြပြီဖြစ်လေသည်။ ၁၈၀၆ ခုနှစ် အောက်တိုဘာလ ၁၄ ရက်နေ့မှစပြီး ဒဗိုးကို မုန်းတီးသူများ ရှိသေးသော်လည်း လူတိုင်းက သူ့အား လေးစားလာကြရပြီဖြစ်လေသည်။ နပိုလီယံသည် ယေနာတိုက်ပွဲ၌ ရန်သူနေရာအင်အားတို့ကို အတိအကျမသိခဲ့ရသော်လည်း ယေနာ ဩစတဒ်တိုက်ပွဲများအပြီး နပိုလီယံလုပ်ဆောင်ချက်

---

၁။ Suag ၂။ Arc De Triomphe

များမှာ စစ်သုတေသီတိုင်း အထူးနမူနာယူထိုက်လှ၏။ သေချာစွာ လေ့လာသင့်သည့် လုပ်ဆောင်ချက်များတည်း။ ယေနာတိုက်ပွဲတွင် ဒဗိုး၊ ဘာနာဒုတ်တို့နှင့် ရန်သူအား အပြတ်ချေမှုန်းရန် စီစဉ်ခဲ့သော်လည်း ရန်သူအမိကအင်အားမှာ လွတ်မြောက်သွားခဲ့ရ၏။ ၁၈၀၀ ခုနှစ် မရင်ဂိုးတိုက်ပွဲအပြီးတွင် ပြင်သစ်တပ်များ စစ်ပန်းနေပြီဖြစ်၍ လိုက်စစ်မဆင်လိုက်ရ။ ဩစတာလစ်တိုက်ပွဲအပြီးတွင်လည်း ပြင်သစ်တပ်များသည် ရှိင်းမြစ်နှင့် မိုင် ၅၀၀ ဝေးကွာနေပြီး မုန်တိုင်းကျမည် စိုးရိမ်ရ၍ လိုက်စစ်ဆင်ခြင်း မပြုနိုင်ခဲ့ချေ။

ယေနာတိုက်ပွဲအပြီးတွင်ကား ပြင်သစ်တပ်များမှာ လန်းဆန်းဆဲဖြစ်၍ လမ်းအခြေအနေကလည်း ကောင်းနေ၏။ ထို့ကြောင့် ယေနာဩစတဒ်တိုက်ပွဲပြီးစ ညနေမှစ၍ နပိုလီယံသည် စစ်သမိုင်းတစ်လျှောက်လုံးမှာပင် အကြီးကျယ်ဆုံး အအောင်မြင်ဆုံး "လိုက်စစ်"ဆင်နွှဲခဲ့လေသည်။ ယင်းလိုက်စစ်ကို စစ်သူကြီး သုံးဦးလိုက်စစ်[၁] ဟုလည်း ခေါ်ကြ၏။ အကြောင်းမှုကား ဩစတဒ်မှ မြောက်ဘက်သို့ ရန်သူကို လိုက်စစ်ဆင်ရာ၌ စစ်သူကြီးသုံးဦးဖြစ်သော မြူရတ်၊ ဘာနာဒုတ်နှင့် ဆိုလ်တ်တို့သည် တစ်ဦးနှင့်တစ်ဦး အပြိုင်အဆိုင် သေသေကျေကျေ လိုက်စစ်ဆင်နွှဲခဲ့ကြသောကြောင့်တည်း။ သူတို့သုံးဦးသာ နာမည်ထွက်ခဲ့သော်လည်း စင်စစ် စစ်သူကြီးအများအပြား လိုက်စစ်တွင် ပါဝင်ဆင်နွှဲခဲ့ကြလေသည်။ နေးက သူ့ခြေလျင်တပ်ဖြင့် ဝိုင်မာသို့ အပြင်းချီတက်ခဲ့၏။ ဝိုင်မာသို့ နေးတပ်များရောက်လာသောအခါ မြူရတ်တို့ ဝိုင်မာသို့ အရင်ရောက်နှင့်နေ၍ မြူရတ်က မြို့စားကြီး နန်းတော်တွင် အပန်းဖြေလျက်ရှိလေပြီ။ နေးက စားသောက်ဆိုင်တစ်ခုမှာ သာနေရပြီး နှစ်ယောက်သား စကားများခဲ့ရသေး၏။ နောက်တစ်နေ့တွင် နေးတပ်များက အာဖတ်သို့ ချီတက်ခဲ့ကြ၏။ အာဖတ်တွင်လည်း မြူရတ်တို့က အလျင်ရောက်နှင့်နေ၏။ သို့သော် ရန်သူခြေလျင်တပ် ၁၄၀၀၀ မြို့တွင်း၌ရှိသေး၍ မြူရတ်တို့ မြို့ကိုပတ်ကာ မြင်းများဒုန်းစိုင်းစီးရင်း နေးတို့ကို စောင့်နေသည်ဆို၏။ အာဖတ်မြို့တွင်းတပ်ကို ပရပ်ရှားစစ်သူကြီး မိုလင်ဒေါ့ဖ်[၂] က ဦးဆောင်လေသည်။ နေးတို့ရောက်လာပြီး မိုလင်ဒေါ့ဖ် လက်နက်ချသောအခါ မြူရတ်က သူတို့ကြောင့် (မြူရတ်တို့မြင်းတပ်ကြောင့်) မိုလင်ဒေါ့ဖ် လက်နက်ချကြောင်း အသားယူ၏။ မြူရတ်မြင်းတပ် မြောက်ဘက်သို့ ဆက်လက်ချီတက်ခဲ့ကြပြန်ပြီး နေးတို့ မဂ်ဒေးဘူးရောက်သောအခါ မြူရတ်မြင်းတပ်များ မဂ်ဒေဘူးကိုပတ်လျက် ဒုန်းစိုင်းနေသည်ကို တွေ့ရပြန်ပြီ။ နေးက မဂ်ဒေဘူးကို ဝန်းရံထားလိုက်၏။ မြူရတ်နှင့် မြင်းတပ်များက ဆက်လက်ချီတက်သွားကြလေသည်။

---

၁။ Pursuit of The Three Marshals ၂။ Mollen Dorf



နေးတွင် မြို့သိမ်းအမြောက်ကြီးများ[၁] မပါ။ မြို့ကို အချိန်အကြာကြီး ဝန်းရံထား၍လည်းမဖြစ်။ စားနပ်ရိက္ခာ ပြဿနာပေါ်မည်။ ထို့ကြောင့် မိမိတပ်များတွင် မြို့သိမ်းအမြောက်ကြီးများ ပါလေဟန် မကြာမီလက်နက်မချပါက အမြောက်ကြီးများနှင့် မြို့ကို စိစိညက်ညက်ကျေအောင် ပစ်ခတ်တော့မည့်အကြောင်း အင်ဒေဘူးမြို့တွင်းမှ ခံစစ်ဆင်နေသော တပ်မှူးထံအကြောင်းကြားရာ မြို့ကိုဝန်းရံထားပြီး ၁၈ ရက်ရှိသောအခါ မင်ဒေဘူးမြို့မှ ပရပ်ရှားစစ်သည် ၂၂၀၀၀ စစ်သူကြီးနေးထံ လက်နက်ချအပ်ကြလေသည်။ လိန်းစ်က ဘာလင်သို့ ချီတက်၍ စပင်ဒေါ ဘုရင်ခံ[၂] အား ကြိမ်းမောင်းခြိမ်းခြောက်ရာ ဘုရင်ခံက လိန်းစ်ကိုလန့်ပြီး လက်နက်ချလိုက်၏။ ဘာနာဒုတ်က ဟာလာသို့ အပြင်းချီတက်၏။ သူ့တပ်မကြီးက လန်းဆန်းလျက်ရှိသဖြင့် ဟာလာ[၃] သို့ ရောက်ရှိသိမ်းပိုက်ပြီး အလ်ဘာမြစ်ကိုဖြတ်၍ လိန်းစ်နှင့် ပူးပေါင်းကာ အရှေ့မြောက် စတက်တင်[၄] ဘက်သို့ ဆက်လက်ချီတက်ခဲ့ကြလေသည်။ ဖွန်ဟိုဟင်လိုဟာ[၅] သည် ကြွင်းကျန်သည့် ပရပ်ရှားတပ်များကို ဦးစီးဆုတ်ခွာလာရာ ပရင်စလော[၆] ရောက်သောအခါ မြူရတ်မြင်းတပ်များက မီလာပြီး ပရပ်ရှားစစ်သည် ၁၀၀၀၀ ပြင်သစ်အပေါ်စားမြင်းတပ်ထံ လက်နက်ချအပ်ခဲ့ကြလေသည်။ မြင်းတပ်မှ နာမည်ကြီးလဆာလ်က စတက်တင်ခံတပ်တောင်ကုန်းအထိ ချီတက်လာ၍ ရထားလွတ်တစ်စင်းကို တောင်ကုန်းပေါ်တင်ထားပြီး မြို့သိမ်းအမြောက်ကြီးနှင့် စတက်တင်မြို့ကို ချိန်ထားပြီဖြစ်ကြောင်း မြို့ကြေမွမသွားစေရန် လက်နက်ချရန် အကြောင်းကြားရာ အသက် ၈၀ ရှိပြီဖြစ်သော စတက်တင်ဘုရင်ခံက မြင်းတပ်မှူး လာဆာလ်ထံ လက်နက်ချအပ်ခဲ့လေသည်။ ထိုနေရာမှ လိုက်စစ်သည် အနောက်ဘက်သို့ ဆက်လက်ချီတက်ကြ၏။ အနောက်ဘက် လိုက်စစ်တွင် စစ်သူကြီးဆို့လ်တ်ကို တွေ့ကြရသည်။ ယခုအထိ ဆို့လ်တ်သည် ရက်သတ္တပတ်များစွာ နေ့စဉ် တစ်နေ့ ၁၆ မိုင်နှုန်းဖြင့် ချီတက်လာခဲ့ခြင်းဖြစ်၏။ ယခု ဆို့လ်တ်တပ်များက ပရပ်ရှားဗိုလ်ချုပ်ကြီး ဘလူးချားနှင့် ဗိုင်မာမြို့စားကြီးတို့တပ်အား လူဘက်[၇] အထိ လိုက်လံလေသည်။ လူဘက်မှာ ဒိန်းမတ်နှင့် ဂျာမနီနယ်ခြားဖြစ်၍ ယင်းနေရာမှလွန်၍ ဆုတ်ခွာမဖြစ်နိုင်တော့ချေ။ မော်တီယာက အနောက်ဘက် ဖရင်မှ အပြင်းချီတက်ခဲ့၏။ ဒဗိုးဦးစီးပြီး စစ်နိုင်သူများက ဘာလင်မြို့တော်ကို ဝင်ရောက်ခဲ့ကြလေသည်။ ဩစတဒ်တိုက်ပွဲတွင် စွမ်းစွမ်းတမံ တိုက်ခိုက်ခဲ့သောကြောင့် ဒဗိုးအား ဘာလင်မြို့တော်ကို ဦးဆောင်ဝင်ရောက်

---

၁။ Siege Guns
၂။ Spandau
၃။ Haller
၄။ Stettin
၅။ Von Hoaenlohe
၆။ Princlau
၇။ Lubeck

ရန် ဧကရာဇ်ဘုရင် နပိုလီယံ ခွင့်ပြုခဲ့ခြင်း ဖြစ်လေသည်။ ဘာလင်မှ ဒဗိုးတပ်မကြီးသည် မြောက်ဘက် ချီတက်ပြီး ကူစထရင်[၁]ကို သိမ်းပိုက်၍ အရှေ့ဘက်ပိုဆင်[၂]သို့ ချီတက်ကာ ယင်းနေရာမှ ပိုလန်နိုင်ငံ ဝါဆောမြို့တော်အထိ ချီတက်ခဲ့၏။ လိန်းစ်က အရှေ့ဘက် သွန်း[၃]အထိ ချီတက်၍ လိန်းစ်နောက်က ဩဂျရိုးတပ်မကြီး လိုက်လာလေသည်။ နိုဝင်ဘာလ ၆ ရက်နေ့၌ ဘလူးချားက လူဘက်တွင် လက်နက်ချလိုက်လေသည်။ မဟာဖရက်ဒရစ်ဘုရင်ကြီး ပြုစုပျိုးထောင်ဖွဲ့စည်းခဲ့သော ပရပ်ရှားတပ်မတော်ကြီး မရှိတော့ချေ။ လူ၊ အမြောက်၊ မြင်းတစ်ကောင်တစ်မြီးမှ မကျန်တော့။ ၂၃ ရက်အတွင်း ဧကရာဇ်ဘုရင် နပိုလီယံ၏ တပ်တော်မဟာက ချေမှုန်းဖျက်ဆီးပစ်လိုက်ခြင်း ဖြစ်တော့၏။ ခုခံမည့်ရန်သူမကျန်တော့၍ တိုက်ပွဲစဉ် ပြီးစီးပါပြီဖြစ်ကြောင်း မြူရတ်က စစ်ဘုရင် နပိုလီယံထံ အစီရင်ခံခဲ့လေသည်။ ထူးဆန်းသည့် ဖြစ်ရပ်တစ်ခုကို ဖော်ပြရဦးမည်။ ပရပ်ရှား ကိုယ်ရံတော် တပ်တစ်ခုလုံးကို ဓားဘုရင် ဩဂျရိုးက ဖမ်းမိလိုက်၏။ လွန်ခဲ့သည့် နှစ်ပေါင်း ၂၀ ကျော်က မိမိ ကိုယ်ရံတော်တပ်သားအဖြစ် စစ်မှုထမ်းဖူးသည့် ရပ်ရှားကိုယ်ရံတော်တပ် ဖြစ်တော့၏။ တပ်ရင်းမှူး၊ ဒုတပ်ရင်းမှူး၊ တပ်ရင်းအရာခံဗိုလ်တို့မှာ ကိုယ်ရံတော်တပ်သား ဩဂျရိုးစစ်မှုထမ်းစဉ်က သူများပင်ဖြစ်၏။ တစ်ကြိမ်က မိမိတို့တပ်သားတစ်ဦးက ယခု သူရဲကောင်းတံဆိပ်များတပ်ဆင်ထားသည့် ပြင်သစ်စစ်သူကြီးအဖြစ် တွေ့နေရ၍ တပ်ရင်းမှူးကြီးနှင့် သူ့ရဲဘော်များ အံ့ဩနေကြ၏။ ဩဂျရိုးက အရာခံဗိုလ်ကြီးအား ငွေ ၂၅ ကျပ်တိတိပေး၍ သူနှင့် စစ်မှုထမ်းဖူးသူ တွေ့သမျှရဲဘော်များအား တစ်ဦး ငွေ ၂ ကျပ်စီ စစ်သူကြီးဩဂျရိုးက ဆုချသောဟူ၏။ ဤနည်းဖြင့် ပရပ်ရှားတပ်မတော်ကြီး ပြိုကွဲခဲ့ရချေပြီ။ နပိုလီယံက ပေါ့စဒမ်ရှိ မဟာဖရက်ဒရစ်ဘုရင်ကြီး၏ သချိုင်းဂူမှဓားကို ထုတ်ယူလိုက်လေသည်။ ပြင်သစ်က ပရပ်ရှားကို စစ်နိုင်လိုက်သည့် အကောင်းဆုံးသကေတ ပြယုဂ်တည်း။ ယေနာတိုက်ပွဲနေ့က ဧကရာဇ်ဘုရင် နပိုလီယံက ၃၇ နှစ်၊ ဘာသီယာက ၅၃ နှစ်၊ ဘာနာဒုတ် ၄၃ နှစ်၊ ဒဗိုး ၃၆ နှစ်၊ ဆို့လ်တ်၊ လိန်းစ်နှင့် နေးတို့က ၃၇ နှစ်၊ ဘက်ဆီယာနှင့် မော်လီယာက ၃၈ နှစ်၊ မြူရတ်က ၃၉ နှစ်ဖြစ်ပြီး ပရပ်ရှား ဗိုလ်ချုပ်ကြီး ဘရစ်စဝစ် မြို့စားကြီးက ၇၁ နှစ်၊ မိုဟင်လိုက်ဟာက ၆၁ နှစ်နှင့် ဗိုလ်ချုပ်ကြီး ဘလူးချားက ၆၄ နှစ်၊ မိုလင်ဒေါ့က ၈၄ နှစ်ရှိပြီတည်း။

---

၁။ Kustrin  
၂။ Posen  
၃။ Thorn



## အခန်း (၁၀)

# အိုင်လောနှင့် ဖရိဒ်လဲင်း တိုက်ပွဲများ

**(EYLAU AND FRIEDLAND)**

ဟက်ပ်စ်ဘက်နှင့် ရိုမာနော့ဗ်မင်းဆက်များသည် ဩစတာလစ်တွင် အရှုံးကြီးရှုံးခဲ့၍ ဟိုဟင်ဇိုလန်မင်းဆက်သည် ယေနာတွင် ရေတိမ်နစ်ခဲ့ရပြီ။

ယခု ရိုမာနော့ဗ် အဆက်အနွယ်များက တစ်စခန်းထလာပြီ။ ၁၈၀၇ ခုနှစ် နွေဦး နွေကာလများတွင် စစ်ဆင်နိုင်ရန် ရုရှားများ လူသူစုရုံးနေကြ၏။

နပိုလီယံသည် ရာသီဥတုကို ကြောက်နေသူမဟုတ်။ စစ်ဆင်ရေး၌ ရာသီဥတုမရွေး စစ်ဆင်ခဲ့သည့် ဗိုလ်ချုပ်ကြီးကို ပြပါဆိုလျှင် နပိုလီယံကိုပြရမည်။ ၁၈၀၆ ခုနှစ် ဆောင်းတွင်းကြီးမှာပင် သူ့တပ်တော်မဟာနှင့် ပိုလန်ပြည်ထဲ ချီတက်ခဲ့၏။ ရိုမာနော့ဗ်များကို ထပ်မံနှိမ်နင်းရမည်။

နိဝင်ဘာလကုန်တွင် နပိုလီယံတပ်များသည် ရုရှားတပ်များနှင့် ဝါဆော အနောက် မိုင် ၃၀ အကွာနေရာတွင် ရင်ဆိုင်တွေ့နေရပြီ။

တပ်မကြီးများကို ဦးစီးသူများမှာ လိန်းစ်၊ ဒဗိုး၊ ဆို့လ်တ်၊ ဩဂျရိုး၊ ဘာနာဒုတ်နှင့် နေးတို့ဖြစ်ပြီး ပိုဆင်အရှေ့ဘက်ရောက်သည်နှင့် ရာသီဥတုမြေ အခြေအနေပါ ဆိုးဝါးလာသည်နှင့် ရင်ဆိုင်ကြရ၏။ ရိက္ခာလည်း ရှားပါးသည် ထက် ရှားပါးလာပြီ။

ရွေ့ပြောင်းတပ်ကို စစ်သူကြီးမြူရတ် အုပ်ချုပ်ရ၏။ သူ့မြင်းတပ်များအပြင် ဆို့လ်တ်၏ ခြေလျင်တပ်များ ပါဝင်၏။ ရာသီဥတုဆိုးဝါးလွန်းသဖြင့် မြူရတ်က

နည်းဗျူဟာတစ်ရပ် တီထွင်အသုံးပြု၏။ ခြေလျင်တပ်များက သူ့မြင်းတပ်ရှေ့က ချီတက်စေ၍ မြင်းတပ်ကို ခြေလျင်က အကာအကွယ်ပေးရမည်။

ဆို့လ်တ်က ယင်းအစီအစဉ်ကို လုံးဝမကျေနပ်။ ဟေးစ်ဘာဂ်[၁] တွင် ဆို့လ်တ် မြူရတ်ကို သင်ခန်းစာ ကောင်းကောင်းပေးနိုင်ပြီ။

ဟေးစ်ဘာဂ်တွင် မြူရတ်၏ မြင်းတပ်ကို ရုရှားတပ်များက ခြေမှုန်းပစ်လိုက် ပြီး လာဆာလ်မြူရတ်နှင့် ဆို့လ်တ်တို့သည် ဆို့လ်တ်၏ ခြေလျင်တပ်အလယ်တွင် ဝင်နေကြရ၏။ ခြေလျင်တပ်က စနစ်တကျ ဖြည်းဖြည်းချင်း ခွာစစ်ဆင်လာရာ မြူရတ်က ခြေလျင်စစ်သည်များကို အော်ဟစ်အားပေးရင်း လိုက်လာ၏။

ဆို့လ်တ်က မြူရတ်ကိုကြည့်၍ "ဘယ့်နှယ်တုံး မင်းသားရဲ့ ခြေလျင်နှင့် မြင်းတပ် ဘယ်သူက ပိုအားကိုးရသတုံး"ဟု ခနဲ့တော့မှ မြူရတ်ငြိမ်ကျသွားပြီး ဘာမှ ပြန်မပြောတော့ချေ။

ယင်းအဖြစ်အပျက်ပြီး မြူရတ်က ဆို့လ်တ်အား ရွှေကွပ်အရိုးလက်ကိုင်နှင့် ဓားတစ်လက် လက်ဆောင်ပေးခဲ့လေသည်။

ရာသီဥတုဆိုးလှသည့်အပြင် ရိက္ခာရှားပါးလှသောကြောင့် ပြင်သစ်တပ်များ စည်းကမ်းထိန်းသိမ်းရ အထူးခက်ခဲခဲ့လေသည်။ ရိက္ခာလှည်းများတွေ့လျှင် မည် သည့်တပ်အတွက်ဖြစ်စေ ပြတ်လပ်နေသောတပ်များက လက်ဦးအောင် ကြားဖြတ် လုယူကြ၏။

တစ်ကြိမ်က နေးတပ်မကြီးအတွက် ပေးပို့သည့် ပေါင်မုန့်၊ ဝိုင်အရက်များ နှင့် အောင်ပွဲခံနိုင်ခဲ့ပေသည်။ ယင်းတိုက်ပွဲများမှာ တိုက်ပွဲကြီးများ ပထမတန်းစား တိုက်ပွဲများ မဟုတ်စေကာမူ ရုရှများသည် ဩစတြီးယားများ၊ ပရပ်ရှားများထက် ခွဲနပဲကြီးသူများ လွယ်လွယ်နှင့် အရှုံးပေးသူများမဟုတ်ကြောင်း ပြင်သစ်တပ်များ တွေ့လာကြရပြီ။


၁၈၀၇ ခုနှစ် ဖေဖော်ဝါရီလ ၇ ရက်နေ့၌ ရုရှတပ်တော်ကို အိုင်လောရွာ အနီးတွင် ပိတ်မိအောင် နပိုလီယံက စစ်ကစားခဲ့လေသည်။

အိုင်လောမြေ အခြေအနေမှာ ကွင်းပြင်ကြီးဖြစ်၏။ တောင်ကုန်းမြေမြင့် မရှိ၊ ရေကန်အများအပြားရှိသော်လည်း ဆောင်းတွင်းကြီးဖြစ်၍ အားလုံးရေခဲနေ ကြပြီ။ တပ်များ ရေခဲပြင်ဖြတ်၍ မြင်းဒုန်းစိုင်းနိုင်နေပြီ။

ရုရှတပ်က လူ ၇၅၀၀၀ ရှိ၏။ ၈ ရက်နေ့နံနက်က နပိုလီယံတပ်များ အနက် ဩဂျရိုး၊ ဆို့လ်တ်၊ မြူရတ်နှင့် ကိုယ်ရံတော်တပ်များသာ အိုက်လောသို့ ရောက်သေးရာ လူ ၅၀၀၀၀ ရှိလေသည်။

---

၁။ Heilsberg



ဒုတိုးက ညာဘက်မှ ချီတက်လာပြီး နေးကို မြောက်ပိုင်းမှ ပြန်ခေါ်ယူရ၏။ ဘာနာဒုတ်ကို ရှေ့တန်းချီတက်လာရန် ခေါ်ယူသည့်အမိန့်များ ဘာနာဒုတ်တပ်သို့ မရောက်လာသဖြင့် သူ့တပ်မကြီးက နှစ်ရက်ခရီးအကွာတွင် ကျန်ခဲ့လေသည်။

ဒုတိုးညာဘက်မှ ပန်းတက်လာသည်ကို ရန်သူမရိပ်မိစေရန် နပိုလီယံက သြဂျရိုးတပ်အား ရှေ့သို့တိုး၍ ချီတက်စေ၏။

သြဂျရိုးက ပဝါဖြူကြီး ခေါင်းတွင်စည်းကာ ရှေ့တန်းမှ ဦးဆောင်တိုက်ခိုက်ခဲ့လေသည်။ အရှေ့ဘက်မှ ဆီးနှင်းမုန်တိုင်းကြီး တိုက်လာရာ ပြင်သစ်များမျက်နှာကို ဆီးနှင်းနှင့် ဆုပ်ပက်သကဲ့သို့ ဖြစ်နေ၏။

ထို့ကြောင့် သြဂျရိုးတပ်က ရှေ့ကို ကောင်းကောင်းမမြင်ရတော့ဘဲ တည့်တည့်မျက်နှာပြုလိုက်ရမည့်အစား ဘေးစောင်းဦးတည်တိုက်နေ၏။

သူတို့အနေအထားကို ကောင်းကောင်းမြင်နေရသော ရုရှအမြောက်တပ်က သြဂျရိုးတပ်စစ်နံကို အမြောက်များ စုပြုံပစ်ခတ်ရာ တပ်မကြီး အစိတ်စိတ်အမွှာမွှာ ပြိုကွဲခဲ့ရလေသည်။

မာရင်ဂိုးအပြီး နပိုလီယံတပ်များ ဤမျှတစ်ကြိမ်တစ်ခါမျှ အကျဉ်းအကျပ်မကျခဲ့ရောက်ဖူးပေ။ ပြင်သစ်တပ်များကို ကယ်ဆယ်ခဲ့သူမှာ မြူရတ်နှင့်သူ၏မြင်းတပ် ဖြစ်လေသည်။

ရန်သူခြေလျင် အမြောက်များကို ရင်ဆိုင်တိုက်ရန် မြူရတ်၏ အရန်မြင်းတပ်ခွဲ ၈၀ သည် ဆီးနှင်းထုကိုဖြတ်၍ ဒုန်းစိုင်းချီတက်လာကြလေပြီ။

မြူရတ်က ရှေ့ဆုံးမှဖြစ်၏။ ရွှေနားကွပ်စစ်သူကြီး ယူနီဖောင်းအပြည့်အစုံဝတ်ဆင်ထားပြီး ဦးထုပ်မှ ငှက်ကုလားအုပ်မွေးများက လေတွင်တလွင့်လွင့်လှုပ်ရှားလျက် မြူရတ်လက်ထဲတွင် ရွှေဘုတပ်အရာရှိကိုင် ကြိမ်လုံး ကိုင်ထားလိုက်သေး၏။

တပ်တော်မဟာတစ်ခုလုံး ချေမှုန်းခြင်းမခံရစေကာမူ အိုင်လော၌ ပြင်သစ်စစ်သည် ၁၅၀၀၀ ကျဆုံးခဲ့ရလေသည်။

ရန်သူကို ရင်ဆိုင်တိုက်နိုင်ရန် ချောင်ပိတ်စစ်ကစားနိုင်ပါလျက် အောင်ပွဲမရသည့် ပထမဆုံးတိုက်ပွဲတည်း။

တိုက်ပွဲအပြီး ညနေပိုင်းကျမှ ရောက်လာသော သံမဏိကဲ့သို့ စိတ်ဓာတ်ခိုင်မာသည့် စစ်သူကြီးနေးပင်လျှင် ကျဆုံးသေကျေနေကြသူများကြည့်ပြီး တုန်လှုပ်ခဲ့ရ၏။

ထိုညက ဆိုလ်တ်က ဆီးနှင်းထုကိုထိုးကို နပိုလီယံ၏ ဌာနချုပ်ထဲသို့သွားပြီး စစ်ကောရာဇ်ဘုရင် နပိုလီယံနှင့်အတူ ခွဲစိတ်ခန်းသို့ သွားကြည့်ကြ၏။

ကုန်ရုံတစ်ခု၌ ခွဲစိတ်ခန်းဖွင့်ပြီး သမားတော်ကြီး လယ်ရီ[1] လူနာများကို ခွဲစိတ်ဖြတ်တောက် ကုသပေးနေခြင်းဖြစ်၏။

ချမ်းအေးလွန်းသဖြင့် ဓားများ၊ ကတ်ကြေးများကိုပင် ခက်ခက်ခဲခဲကိုင်တွယ်၍ ခွဲစိတ်ဖြတ်နောက်နေကြရခြင်းဖြစ်၏။ ကုန်ရုံထောင့်နေရာများ ချောင်ကြိုချောင်ကြားအားလုံးတွင် ခြေပြတ်လက်ပြတ်များ တောင်လိုပုံနေလေသည်။

ခွဲစိတ်ခန်းမှာပင် စားပွဲတစ်လုံး ပြောင်အောင်သုတ်ပြီး မြေပုံများ ဖြန့်ခင်းကာ ဖယောင်းတိုင်မီးဖြင့် အရေးပေါ်စစ်ရေးအစည်းအဝေး ကျင်းပကြ၏။

နပိုလီယံ၊ ဆိုလ်တ်တို့အပြင် မြူရတ်နှင့် ဘာသီယာပါ ပါဝင်လာကြ၏။ လူနာများ မကြားအောင် တိုးတိုးတိတ်တိတ်လေသံဖြင့် ပြောကြဆိုကြရ၏။ နောက်တစ်နေ့အထိ တိုက်ပွဲနေရာမှာပင် စခန်းချရပ်နားထားရန် ဆုံးဖြတ်ခဲ့ကြလေသည်။

ဆိုလ်တ်က သူ့တပ်မကြီးကို ပြန်ခါနီးတွင် "နပိုလီယံ စစ်သူကြီးရေ ရုရှားတို့က တို့ကို တော်တော်အန္တရာယ်ပေးလိုက်တာပဲ"ဟု ပြောရာ ဆိုလ်တ်က–

"ကျွန်တော်တို့ကလဲ သူတို့ကို အန္တရာယ်ပေးလိုက်တာပါပဲ၊ ကျွန်တော်တို့ ကျည်ဆန်တွေကလဲ ဝါဂွမ်းပေါက်တွေမပေါက်ပါဘူး"ဟု ဆိုလ်တ်က ပြန်ပြောခဲ့၏။

စစ်သမိုင်းတစ်လျှောက်လုံး၌ ပထမဆုံးအကြိမ် အမြောက်က ခြေလျင်နှင့် မြင်းတပ်အပေါ် အနိုင်ယူလိုက်ခြင်းမှာ အိုင်လောတိုက်ပွဲတွင်ဖြစ်ပြီး ယင်းတိုက်ပွဲမှ အစပြု၍ နောင်တွင် အမြဲတစေ အမြောက်က စစ်မြေကို ကြီးစိုးခဲ့လေသည်။

တပ်တော်မဟာသည် စင်စစ် အိုင်လောစစ်မြေပြင်အနီးတွင် ရက်သတ္တတစ်ပတ်ခန့် နားနေခဲ့ပြီးမှ အရှေ့ပရပ်ရှားသို့ဝင်၍ ပြန်လည်ဖွဲ့စည်းခြင်း ပြုရလေသည်။

ဩဂျရိုး၏ တပ်မကြီးကို ဖျက်သိမ်းလိုက်ကာ အကြွင်းအကျန်စစ်သည်များကို အခြားတပ်မကြီးများသို့ ခွဲဝေပေးလိုက်ရ၏။ မူလတပ်မကြီး ၆ ခုအနက် ပထမဆုံးဖျက်သိမ်းလိုက်ရသော တပ်မကြီးတည်း။

မူလတပ်မကြီးတစ်ခု ဖျက်သိမ်းလိုက်ရ၍ ရဲဘော်များ စိတ်ဓာတ်ထိခိုက်နေကြစေကာမူ နပိုလီယံက စိတ်မပျက်။ သူ့တပ်တော်မဟာကို အင်အားဖြည့်တင်းရန် အနောက်ဘက်နှင့် တောင်ဘက်မှ လူများစုနေ၏။

မော်တီယာအား စထရော်ဆွန်း[2]သို့ စေလွှတ်ထား၍ ဆွီဒင်ကိုစောင့်ကြည့်နေစေ၏။ မာဆေးနားလည်း အီတလီမှ ရောက်လာပြီ။

---

၁။ Sugreon-General Larrey ၂။ Stralsund

လဖေးဗားအား လူ ၂၅၀၀၀ ပေးလိုက်၍ ဒန်းဇစ်မြို့တော်ကို သိမ်းပိုက်စေ၏။ ဒန်းဇစ်ကို အောက်ပါအကြောင်းများကြောင့် သိမ်းပိုက်ရခြင်း ဖြစ်လေသည်။

တပ်တော်မဟာ၏ ဆက်သွယ်ရေးလမ်းကြောင်းများမှာ ဂျာမနီမြောက်ပိုင်းအထိ ရောက်နေ၍ ဒါန်းဇစ်ဘက်မှ ယင်းဆက်သွယ်ရေးလမ်းကြောင်းများကို ဖြတ်တောက်ပစ်နိုင်၏။

ဒုတိယအကြောင်းကား ဒန်းဇစ်ကုန်လှောင်ရုံများတွင် ရိက္ခာ၊ ဝိုင်အရက်များ အပြည့်ရှိနေ၍ တပ်တော်မဟာအတွက် တန်ဖိုးဖြတ်မရချေ။

တတိယအကြောင်းမှာ ဒန်းဇစ်ကိုရလျှင် သူ့စစ်သူကြီးတစ်ဦးအား မြို့စားကြီး ခန့်နိုင်မည်မဟုတ်လော။ ကေရာဇ်ဘုရင် နပိုလီယံအပေါ် သစ္စာရှိသည့် မြို့စားကြီးတစ်ဦး ခန့်ထားနိုင်တော့မည်။

လဖေးဗားမှာလည်း ရှားရှားပါးပါး ကျန်နေသည့် ပြည်ထောင်စုဘက်တော်သားဖြစ်၏။ ထို့ကြောင့် လဖေးဗားအား ဒန်းဇစ်သိမ်းပိုက်ရန် နပိုလီယံက စေလွှတ်လေသည်။ ခက်သည်က လဖေးဗားက စစ်မြေပြင်၌ ဘာတစ်ခုမှ ထူးထူးချွန်ချွန် လုပ်ဆောင်ဖူးခြင်းမရှိ၊ သူ့နာမည်နှင့် ဘာအောင်ပွဲမှ မနိုင်စဖူး။

ထို့ကြောင့် သည်တစ်ခါ စစ်သားအိုကြီး လဖေးဗား ဒန်းဇစ်ကို အောင်နိုင်မှ ဖြစ်မည်။ ဒါမှ မြို့စားကြီး ခန့်အပ်လို့ရမည်။ သေချာအောင် လိန်းစ်နှင့် ဩဒီနော့တို့အား သူတို့တပ်များနှင့် စစ်ကူထည့်ပေးလိုက်၏။ သို့သော် လဖေးဗားအား ဘာအကြံဉာဏ်မှ မပေးရ။ သည်ပွဲက လဖေးဗားပွဲ ဖြစ်ရမည်။ ကျဉ်းထဲကျပ်ထဲ လဖေးဗားက အကူအညီတောင်းမှ ကူညီရန် နပိုလီယံက လိန်းစ်နှင့် ဩဒီနော့အား သေသေချာချာ မှာလိုက်၏။

လိန်းစ်နှင့် ဩဒီနော့က ဒန်းဇစ်သိမ်းပွဲ၌ ပွဲကြည့်သမား။

ဩဒီနော့က တစ်မျိုးထူးဆန်းသူဖြစ်၏။ အလွန်ဒဏ်ရာရတတ်သူ ဖြစ်လေသည်။ ယခုပွဲ၌ ပွဲကြည့်သမားအဖြစ်နှင့်ပင် ဩဒီနော့ ဒဏ်ရာရလိုက်သေး၏။ နပိုလီယံစစ်များအတွင်း ဩဒီနော့သည် ၃၄ ကြိမ်တိတိ ဒဏ်ရာရခဲ့သောဟူ၏။

၁၈၀၇ ခုနှစ် မတ်လ ၁၁ ရက်နေ့တွင် လဖေးဗားက ဒန်းဇစ်ကို ဝန်းရံထားပြီး မေလကုန်တွင် ဒန်းဇစ်ကို ရလိုက်ပါပြီ။

လဖေးဗား ဒန်းဇစ်မြို့စားကြီး ဖြစ်လာပါပြီ။

ပါရီရှိ လဖေးဗားဇနီးမောင်နှံအိမ်မှာ အတော်လေး ခမ်းနားလေသည်။ တစ်ခါက သူ့ငယ်ပေါင်းမိတ်ဆွေတစ်ဦးက အိမ်ကြီးကိုကြည့်ပြီး မနာလိုဖြစ်သွားပုံရ၏။ သူပြောသည့်စကားများတွင် အိမ်ကြီးခမ်းနားကြောင်း မကြာခဏပါနေရာ လဖေးဗားက သူ့မိတ်ဆွေကို အိမ်အောက်ခြံထဲခေါ်သွား၏။

"ကိုင်း... ကိုယ် ဒီအိမ်ကြီးမှာ စံစားနေတာ မောင်ရင်က မနာလိုဘူးပေါ့၊ မင်းကို ကိုက် ၃၀ အကွာက ငါ သေနတ်နဲ့ အချက် ၂၀ ပစ်မယ်။ တစ်ချက်မှ မမှန်ရင် ဒီအိမ်ရော အိမ်ထဲက ပစ္စည်းတွေပါ မင်းအပိုင်ယူတော့၊ လောင်းကြေးစားကြေး လုပ်ကြည့်ကြမယ်လေ"ဟု လဖေးဗားက သူ့မိတ်ဆွေအား စိန်ခေါ်လိုက်၏။

မိတ်ဆွေက အပစ်မခံရဲကြောင်း ဝန်ခံတော့မှ စစ်သားအိုကြီး လဖေးဗားက "ငါ့ကို ကိုက် ၃၀ မကွာသေးတဲ့နေရာတွေက အကြိမ်ပေါင်းများစွာ အပစ်ခံခဲ့ရပါတယ်ကွာ။ မသေလို့ ဒီစည်းစိမ်တွေ ခံစားနိုင်တာပါ"ဟု ပြောခဲ့လေသည်။ စစ်သားအိုကြီးကလဲ 'ဖ'အရှိသား...

ဒန်းဇစ်ကို သိမ်းပိုက်ပြီးနောက် ပြင်သစ်တပ်တော်မဟာ အတော်ရိကွာပြည့်စုံသွားလေပြီ။ ရဲဘော်များလည်း စိတ်ဓာတ်တက်ကြွလာကြပြီ။

စစ်သူကြီးနေး၏ တပ်မကြီး သူ့ဘာသာ အထီးတည်းဖြစ်နေစဉ် ရုရှားများက အလစ်ဝင်တိုက်ကြ၏။ နေးက သူ့တပ်ကို စနစ်တကျဆုတ်ခွာစေပြီး သူက နောက်ဆုံးမှနေ၍ ရန်သူကို ပြန်လည်ခုခံတိုက်ရင်း ဆုတ်ခွာခဲ့ရလေသည်။

ထိုတိုက်ပွဲတွင် နေးနောက်ချန်တပ်များနှင့် ရန်သူကို ခံတိုက်ပြီး မိမိတပ်ကို စနစ်တကျ ခွာစစ်ဆင်ပုံ နာမည်ရသွားပြီးနောက်တွင် ဤကဲ့သို့ တိုက်ပွဲများနေးဆင်နွှဲသည်ကို ထပ်မံတွေ့ကြရဦးမည် ဖြစ်ပါသည်။

အနည်းအကျဉ်း အောင်ပွဲရလာသော ရုရှများကလည်း စိတ်ဓာတ်တက်ကြွနေကြ၏။ အတင့်ရဲလာသော ရုရှတပ်တော်ကို ၁၈၀၇ ခုနှစ် ဇွန်လ ၁၄ ရက်နေ့၌ ဖရီလဲင်ဒေသတွင် နပိုလီယံက ဖျက်ဆီးချေမှုန်းနိုင်လိုက်လေသည်။

နေးက ညာတောင်ပံမှ အဓိကတပ်များကို ဦးဆောင်တိုက်ခဲ့လေသည်။


ယင်းတိုက်ပွဲနှင့်ပတ်သက်၍ ဘာသီယာက ပါရီသို့ ဤသို့ပြန်လည်စာရေးခဲ့လေသည်။

"စစ်သူကြီးနေးရဲ့သတ္တိကတော့ တကယ့်ကို ပြောင်မြောက်ပါပေတယ်။ ဒီ(ဖရီလဲင်း)တိုက်ပွဲ အောင်ပွဲရတာ အဓိက နေးကြောင့်လို့ ဆိုရမှာ ဖြစ်ပါတယ်"

ဖရီလဲင်း၏ နောက်ထူးခြားချက်မှာ ယင်းတိုက်ပွဲတွင် နပိုလီယံသည် ပထမဆုံးအကြိမ် အမြောက်များကို စုပြုံပစ်ခတ်တိုက်ခိုက်ခဲ့ခြင်းဖြစ်၏။

ယင်းတိုက်ပွဲနေ့က နပိုလီယံ ၃၈ နှစ်ပင်မပြည့်သေး။ ရုရှဗိုလ်ချုပ်ကြီး ဘယ်နစ်ဆင်က ၆၂ နှစ် ရှိလေပြီ။

ဖရီလဲင်းတိုက်ပွဲမစမီ ဘာနာဒုတ်တိုက်ပွဲငယ်တစ်ခုတွင် အနည်းငယ်ဒဏ်ရာရခဲ့သဖြင့် ဖရီလဲင်းတွင် ဘာနာဒုတ်တပ်မကြီးကို ဗိုလ်ချုပ်ကြီးဗစ်တာက ဦးဆောင်တိုက်ခိုက်ခဲ့၏။


England
Prussia
Gd Duché de Varsovie
Confédération of the Rhein
Austria
Ottoman Empire
Italy
Spain

ဗစ်တာမှာ ပြင်သစ်တော်လှန်ရေးမတိုင်မီက ဘင်တီးသမားဖြစ်၏။ ယင်းတပ်ရင်းတွင် ဒဗိုးက ဗိုလ်အဆင့်ဖြစ်၍ ဗစ်တာက အသူအပူဆုံး တပ်ကြပ်ကြီးတစ်ဦးအဖြစ် နာမည်ကြီး၏။

၁၇၉၄ ခုနှစ်တိုလုံ (TOULON) ကို ဝန်းရံတိုက်ခိုက်ကြစဉ်ကတည်းက ဗစ်တာ ပါဝင်ဆင်နွှဲခဲ့သဖြင့် ဗစ်တာသည် နပိုလီယံ၏ ရဲဘော်ရဲဘက်ဟောင်း တစ်ဦးပင် ဖြစ်လေသည်။

နပိုလီယံကောင်စစ်ချုပ် ဖြစ်လာသောအခါ ဗစ်တာသည် တပ်မမှူးဖြစ်လာပေပြီ။ ဟော်လန်စစ်ဆင်ရေးများတွင် ပါဝင်ခဲ့ဖူး၏။

ဖရီလင်းအပြီး နပိုလီယံက ဗစ်တာအား စစ်သူကြီးရာထူး တိုးမြှင့်ပေးခဲ့လေသည်။

၁၈၀၇ ခုနှစ် ဇူလိုင်လ ၉ ရက်နေ့၌ တလ်ဆစ်[၁]တွင် ရုရှားဧကရာဇ်ဘုရင် အက်လီဇင်ဒါးနှင့် ဧကရာဇ်ဘုရင် နပိုလီယံတို့ ငြိမ်းချမ်းရေးစာချုပ် ချုပ်ဆိုခဲ့ကြလေသည်။

တလ်ဆင်စာချုပ် ချုပ်ဆိုပြီး ဒဗိုး၏တပ်မကြီးက ပိုလန်နိုင်ငံ ဝါဆောမြို့တော်သို့ဝင်ရပြီး တပ်တော်မဟာ ကျန်တပ်မကြီးများက ဂျာမနီမြောက်ပိုင်းတွင် အပန်းဖြေ အနားယူခဲ့ကြလေသည်။

၁၈၀၈ ခုနှစ် စောစောပိုင်းတွင် မြို့စားကြီးရာထူး[၂]တီထွင်ခဲ့ပြီး မြို့စားကြီးများ ခန့်အပ်သည့် အမိန့်ထွက်လာသောအခါ စစ်သူကြီးများအနက် မကျေနပ်မှုများ အတင်းပြောမှုများ ပေါ်ပေါက်ခဲ့ပြန်လေပြီ။

ဆို့လ်တ်က ဒါမေရှာ[၃]မြို့စားကြီးဖြစ်လာ၍ ဘက်ဆီယာက အစ္စတြီယာ[၄] မြို့စားကြီး ဖြစ်လာ၏။ မာမွန့်က ရာဂူဆာ[၅]ကို ရလိုက်၏။

မွန်ဆေး၊ ဗစ်တာနှင့် မော်တီကာတို့လည်း နယ်ပယ်အသီးသီးတွင် မြို့စားကြီးများ ဖြစ်လာကြ၏။

ယင်းတို့မှာ ပထမအမျိုးအစား မြို့စားကြီးများဖြစ်၏။ နယ်ပယ်အချို့ကို ခွဲဝေ၍ မြို့စားခန့်အပ်ခဲ့ခြင်း ဖြစ်လေသည်။

ဒုတိယအမျိုးအစားမှာ ပိုအရေးကြီး၏။ တွေ့ကရာနယ်ပယ်ကို သတ်မှတ်၍ မြို့စားခန့်ခြင်းမဟုတ်ဘဲ တိုက်ပွဲကြီးများတွင် စွမ်းစွမ်းတမံ တိုက်ခိုက်ခဲ့သူများအား သူတို့တိုက်ခိုက်အောင်မြင်ခဲ့သည့်ပွဲကို အစွဲပြု၍ မြို့စားရာထူးခန့်အပ်ခြင်း ဖြစ်လေသည်။

---

၁။ Tilsit
၂။ Dukedom
၃။ Dalmatia
၄။ Istria
၅။ Ragusa

ဤနည်းဖြင့် မာဆေးနားက ရိဗိုလ်[၁] မြို့စားကြီးဖြစ်လာပြီး နေးအား အပ်ချင်ဂင်[၂] မြို့စားကြီး ခန့်အပ်ထားလိုက်၏။

ဒဗိုးက ဩစတဒ်မြို့စားကြီး၊ လိန်းစ်က မွန်တီဟီတဲလို၊ ကဲလာမဲင်းက ဗာလ်မီး၊ ဩဂျရိုးက ကက်စတီလီယွန်မြို့စားကြီး အသီးသီးဖြစ်လာကြလေသည်။

ဘာမြို့နယ်မှ မစားရသူများ (ထို့ကြောင့် မကျေမနပ်ဖြစ်နေသူများ)မှာ ဘာရွန်း၊ ရော်ဒန်၊ ပဲရစ်ဆွန်နှင့် စီရုရားတို့ ဖြစ်ကြ၏။

အပျော်ဆုံးမှာ တိုက်ပွဲအထိမ်းအမှတ်မြို့များကို စားရသောမြို့စားကြီးများ ဖြစ်၍ တွေ့ကရာနယ်ပယ် သတ်မှတ်မြို့စား ဖြစ်ရသူများကလည်း မကျေမနပ် အတင်းချကြကုန်၏။

တိုက်ပွဲအထိမ်းအမှတ် မြို့စားဖြစ်သူများတွင်လည်း ပွစိပွစိ ဖြစ်သေး၏။ ဆိုလ်က ဩစတာလစ်မြို့စားဘွဲ့ သူခံထိုက်သည်ဟု ယူဆ၍ ဗစ်တာက မာရင်ဂို မြို့ကို သူရထိုက်သည်ထင်၏။

အောင်ပွဲများအနက် မည်သူနှင့်မျှ ခွဲဝေ၍ နာမည်မခံနိုင်ဘဲ နပိုလီယံက မိမိသာ အသားယူလိုသော တိုက်ပွဲကြီးလေးခုရှိ၍ ယင်းတို့မှာ–

မာရင်ဂိုး

ဩစတာလစ်

ယေနာနှင့်

ဖရ်လဲင်းတို့ ဖြစ်ကြကုန်၏။

ယင်းတိုက်ပွဲလေးပွဲမှာ နပိုလီယံ၏ပွဲ။ ယင်းတို့ကို မည်သူနှင့်မျှ နာမည် မှုးတွဲမခံယူဟု နပိုလီယံက ဆုံးဖြတ်ခဲ့လေသည်။

---

၁။ Rivoli ၂။ Eichingin

# အခန်း (၁၁)

## စပိန်
## ပထမအောင်ပွဲများ

## SPAIN
## THE FIRST TRIUMPHS

ပြင်သစ်တပ်များ ဤမျှများပြားလှစွာ စပိန်သို့ ပို့ပေးနေ၍ စပိန်တိုင်းသူပြည်သူများရော ဘုရင့်ဆွေတော်မျိုးတော်များနှင့် အစိုးရကပါ အထူးအံ့ဩနေကြ၏။ ၁၈၀၈ ခုနှစ် ဖေဖော်ဝါရီလထဲတွင် ပြင်သစ်တို့ ကြံရွယ်ချက်ကို စပိန်တို့ သိရပါပြီ။ ပြင်သစ်စပိန်နယ်ခြား (စပိန်)ခံတပ်မှန်သမျှကို ပြင်သစ်တပ်များက ရုတ်ခြည်းသိမ်းပိုက်လိုက်ကြ၏။ စစ်တော့ မကြေညာသေး။ ၁၈၀၈ ခုနှစ် မတ်လ ၂၃ ရက်နေ့တွင် မဲဒရစ်မြို့တော်သို့ နပိုလီယံ၏ နာမည်အကျော်ကြားဆုံး စစ်သူကြီးတစ်ဦးဖြစ်သူ မြူရတ်ရောက်လာခဲ့ချေပြီ။ သူနှင့်အတူ ခြေလျင်စစ်သည် ၂၈၀၀၀၊ မြင်းတပ်အမြောက်အမြား ပါလာခဲ့၏။ အရန်မြင်းတပ်မှူးကြီး၊ ဘက်မြို့စားကြီး၊ ပြင်သစ်ရေတပ်ဗိုလ်ချုပ်ကြီး ဘွဲ့ထူးများ ခံထားသူ စစ်သူကြီးမြူရတ်၊ ကာရိုလိုင်း၏ ကြင်ယာတော်၊ နပိုလီယံ၏ ရွှေယောက်ဖ မြူရတ်သည် ဧကရာဇ်ဘုရင်၏ လက်ထောက်[1] အဖြစ် စပိန်နိုင်ငံသို့ ရောက်လာခြင်းဖြစ်လေသည်။ စစ်သူကြီး ဘက်ဆီယာဦးစီးသည့် နောက်ထပ် ပြင်သစ်တပ်မကြီးတစ်ခု စပိန်သို့ ထပ်ရောက်လာပြန်ပြီ။ စပိန်ဘုရင် ချာစ်နှင့် အိမ်ရှေ့စံ

---

၁။ Lieutenant of the Emperor ၂။ Bayonne

ဖာဒီနန်မင်းသားတို့အား နပိုလီယံက ပြင်သစ်ပိုင်နက် ဘယုန်း[၂]သို့ ဖိတ်ခေါ်လိုက်ကာ သူတို့ရောက်လာလာချင်း ဖမ်းဆီးလိုက်၍ စပိန်ထီးနန်းကို စွန့်လွှတ်ကြောင်း လက်မှတ်ထိုးခိုင်း၏။ ဘုရင်အိုကြီး ချားစ်က အလွယ်တကူ လက်မှတ်ရေးထိုးပေးလိုက်သော်လည်း ဖာဒီနန်က လက်မှတ်မထိုး။ စပိန်လူထုက လှုပ်လှုပ်ရွရွဖြစ်နေပြီ။ သူတို့ဘုရင်နှင့် အိမ်ရှေ့စံ ဘယ်ရောက်သွားသလဲ။ မဟာမိတ်ဆိုသူ ပြင်သစ်များက စပိန်နိုင်ငံမှ ဖြတ်၍ ပေါ်တူဂီသွားမည့်အကြောင်းပြ၍ ယခုအထိ စပိန်နိုင်ငံထဲ ဘာလုပ်နေကြသလဲ။ ၁၈၀၈ ခုနှစ် ဧပြီလကုန်လောက်တွင် ဘယုန်းမှ သတင်း မဲဒရစ်ရောက်လာ၍ မေလ ၂ ရက်နေ့တွင် စပိန်ပြည် မဲဒရစ်မြို့တော်မှ လူထုက ရရာလက်နက်စွဲကိုင်ကာ ပြင်သစ်များအား တော်လှန်တိုက်ခိုက်ကြလေသည်။

မြူရတ်က သူ့ကိုယ်သူ အထင်ကြီး၏။ သူပုန်သူကန်များကို မှုနေစရာမလို၊ သူ့တွင် သူပုန်နှိမ်နင်းသည့် အတွေ့အကြုံရှိပြီး မဟုတ်လော။ နပိုလီယံတော်လှန်ရေးသမ္မတဂိုဏ်းသားများ နှိမ်နင်းစဉ်က အမြောက်များကို ညကြီးသန်းခေါင် ယူဆောင်ပေးခဲ့သူမှာ မြူရတ်ပင်မဟုတ်လော။ ယခုလည်း မြူရတ်က စပိန်လူထုကို ခပ်ကြမ်းကြမ်းကိုင်လိုက်၏။ လေးနာရီအတွင်း မဲဒရစ်မြို့တော် ငြိမ်ကျသွားပြီး သူပုန် ၁၀၀ ကို လူထုရှေ့တွင် မြူရတ်က ပစ်သတ်ပြလိုက်၏။ ထို့နောက် ဘာမှမဖြစ်သလို ညစာစားပွဲကြီး ကျင်းပ၍ စားသောက်မူးယစ်နေလိုက်လေသည်။ သူပုန်ရန်အေးသွားပါပြီ....ဟု မြူရတ် ယူဆလိုက်၏။ စပိန်လူထုပုန်ကန်သည့်သတင်း ဘယုန်းသို့ရောက်လာ၏။ နပိုလီယံက ဒေါပွပြီး (သို့မဟုတ် ဒေါပွချင်ယောင်ဆောင်ပြီး) ဖာဒီနန်အား နန်းစွန့်လျှင်စွန့်၊ နန်းမစွန့်က သေဒဏ်ပေးမည်ဟု ရာဇသံထုတ်လိုက်၏။ နပိုလီယံက သူ့အစ်ကို ဂျိုးဆက်ဘိုနာပတ်အား စပိတ်ဘုရင် ခန့်အပ်လိုက်လေသည်။ မြူရတ်ကလည်း စပိန်ထီးနန်း မျှော်မှန်းနေသည်ကို နပိုလီယံသိရှိပြီး မကျေမနပ်ဖြစ်နေသော မြူရတ်အား နပိုလီယံက နေပေါ်လ် ထီးနန်း ပေးအပ်ခဲ့လေသည်။ မြူရတ်လည်း ဘုရင်ဖြစ်ပါပြီ။ ကာရိုလိုင်းက တောင်ညာစံပေါ့။ ဂျိုးဆက်ဘိုနာပတ်[၁] က ၁၈၀၈ ခုနှစ် ဩဂုတ်လ (၁)ရက်နေ့တွင် ပထမမြောက် ဂျာအိုခင်ဘုရင်အဖြစ် စပိန်ထီးနန်းကို သိမ်းပိုက် ဘိသိက်ခံယူခဲ့လေသည်။

၁၈၀၈ ခုနှစ် မေလ ၂၅ ရက်နေ့၌ စပိန်နိုင်ငံ အနောက်မြောက်ပိုင်းမှ အက္ခတူရီးယား[၂]နယ်က ပြင်သစ်နိုင်ငံကို စစ်ကြေညာလိုက်လေသည်။ စစ်မီးမှာ တောမီးပမာ ပျံ့နှံ့သွားပြီး မကြာမီ စပိန်တစ်နိုင်ငံလုံးက လူထုက ရရာလက်နက်

---

၁။ King Jaochim 1. ၂။ Austurias

ကိုင်စွဲပြီး နပိုလီယံတပ်များအား တော်လှန်တိုက်ခိုက်နေကြလေပြီ။ စပိန်နိုင်ငံတွင် ပြင်သစ်စစ်သူကြီးနှစ်ဦးရှိနေ၏။ မွန်ဆေနှင့် ဘက်ဆီယား... (မြူရတ်က နေပေါလီ ထီးနန်းစိုးစံရန် စပိန်မှ နေပေါလီသို့ ထွက်ခွာသွားပြီဖြစ်၏။) သူတို့ ပြင်သစ်တပ် ၁၁၀၀၀၀ မှာ လူသစ်များသာဖြစ်၏။ ဘာစစ်အတွေ့အကြုံမှမရှိ။ လေ့ကျင့်ရေးစခန်းများမှ စပိန်နိုင်ငံသို့ ရောက်လာကြသူများဖြစ်၏။ စပိန်ကမ်းလွန် ပင်လယ်ပြင်ကိုလည်း အင်္ဂလိပ်စစ်သင်္ဘောများက ကြီးစိုးနေ၏။ ယခုပင်လျှင် အင်္ဂလိပ်တပ်များ ဥရောပတိုက်ကြီးသို့ ရောက်လာတော့မည်ဟု သတင်းများဖြစ်နေပြီ။ စပိန်တပ်များမှာ ဘာမှမှုလောက်စရာမရှိ၊ အများစုမှာ ယခုမှ ရရာလက်နက်စွဲကိုင်တိုက်ခိုက်နေသည့် ပြောက်ကျားတပ်များသာ ဖြစ်သလော။ စင်စစ် ပြောက်ကျား GUERRILLA ဟူသည့်ဝေါဟာရမှာ စပိန်ဘာသာ GUERRA မှ ဆင်းသက်လာ၍ စစ်အငယ်စား PETTY WARFARE ဟု အဓိပ္ပာယ်ရလေသည်။ ယခုခေတ် အခေါ်အဝေါ် ပြောက်ကျားဖြစ်လေသည်။ ပြောက်ကျားများက လက်နက်လေ့ကျင့်ရေး မကောင်းသော်လည်း စိတ်ဓာတ်တွင် ရန်သူထက်သာ၏။ အရေးအကြီးဆုံးအချက်မှာ ပြင်သစ်များက ကျူးကျော်သူအဖြစ် ဝင်ရောက်လာကြသူများဖြစ်ပြီး စပိန်တို့က မိမိတို့မြေကို ခုခံကာကွယ်သူများဖြစ်ရာ စိတ်ဓာတ်ရေးရာတွင် စပိန်များကသာ အမြဲတမ်း အပေါ်စီးရနေ၏။ ထို့ပြင် ပြောက်ကျားများက အခြေအနေ ကျွမ်းကျင်နေ၏။ မိမိတို့ အမိနယ်မြေဖြစ်ခြင်းကြောင့် တောတောင်၊ တောင်ကြားလမ်းအားလုံးကို စပိန်ပြောက်ကျားများ ကျွမ်းကျင်ပြီး ဖြစ်နေလေသည်။ မြေအခြေအနေ ကျွမ်းကျင်သူများက တစ်ပန်းသာပြန်ရာ မကြာမီ ပြင်သစ်တပ်များ အရေးနိမ့်လာ၏။ ဆာရာဂိုဘာမှ ပြောက်ကျားများက ဝန်းရံတိုက်ခိုက်သည့် ပြင်သစ်တပ်များကို တွန်းလှန်ပစ်နိုင်ပြီး ဂီဇိုနာမြို့ခံတပ်က အိုင်ယာလန်တပ်ရင်းကြီးတစ်ခု အကူအညီနှင့် ရန်သူပြင်သစ်တပ်များအား ခုခံတွန်းလှန်နိုင်ခဲ့လေသည်။ ဘေလန် (BAYLEN)မြို့၌ ပြင်သစ်ဗိုလ်ချုပ်ကြီး ဒူဖွန့်က သူ့တပ်တော်ကို စပိန်ပြောက်ကျားများထံ လက်နက်ချအပ်ခဲ့ရလေသည်။

ဘေလန်အောင်ပွဲသတင်းက ချက်ချင်းပျံ့နှံ့သွားပြီး စပိန်တစ်နိုင်ငံလုံး စိတ်ဓာတ်တက်ကြွလာကြ၏။ ပြင်သစ် အမြဲတမ်းတပ်များကို မှုနေစရာမလို၊ အနိုင်မခံ အရှုံးမပေးစိတ်ဓာတ်ဖြင့် ကျူးကျော်သူများ တော်လှန်တိုက်ခိုက်ကြ၏။ ဘေလန်သတင်းက စပိန်မှာသာမက ဥရောပသို့ပါ ပျံ့နှံ့သွားလေသည်။ စပိန်ပြောက်ကျားများက ပြင်သစ်တပ်တော်ကို အနိုင်ရလိုက်ကြသတဲ့။ ဗိုလ်ချုပ်ကြီး ဒူဖွန့်ပြောက်ကျားများထံ လက်နက်ချလိုက်ရသတဲ့။ မကြာမီ ပြောက်ကျားများအတွက် အကောင်းဆုံးသတင်း ရောက်လာပါပြီ။ ၁၈၀၈ ခုနှစ် ဩဂုတ်လ (၁)ရက်နေ့တွင် ဗြိတိသျှနိုင်ငံခြားချီတပ် (BRITISH EXPEDITIONARY FORCE)

ပေါ်တူဂီနိုင်ငံ မွန်ဒီဂိုပင်လယ်ကွေ့တွင် ကမ်းတက်ခဲ့လေပြီ။ ဩဂုတ်လ ၂၁ ရက်နေ့ ဗီမီရို (VIMIERO)တွင် တိုက်ခိုက်သည့် တိုက်ပွဲတွင် ဗိုလ်ချုပ်ကြီးဂျူနော့၏ ပြင်သစ်တပ်များသည် အင်္ဂလိပ်တပ်များနှင့် ပထမဆုံးအကြိမ် ရင်ဆိုင်လိုက်ရပြီး ပြင်သစ်များ အရေးနိမ့်ခဲ့ရပြန်ပြီ။ စင်ထရာစစ်ရပ်စဲရေးစာချုပ်အရ (CONVENTION OF CINTRA)အရ ဗိုလ်ချုပ်ကြီးဂျူနော့၏ ပြင်သစ်တပ် ၂၅၀၀၀ ပေါ်တူဂီမှ ဆုတ်ခွာပေးရပြီး သင်္ဘောများနှင့် ပြင်သစ်အထိ ဆုတ်ခွာခဲ့ကြရလေသည်။ ပေါ်တူဂီမှ ပြင်သစ်များ ဆုတ်ခွာခဲ့ရပြီး စပိန်တွင်လည်း ပြောက်ကျားများက တစ်နိုင်ငံလုံး အုံကြွတိုက်ခိုက်နေကြ၍ အချို့နေရာများတွင် ပြင်သစ်တို့ ပြောက်ကျားများထံ အညံ့ခံနေကြရပြီ။ အစ်ကိုတော် ဂျိုးဆက်က သတ္တိကြောင်သူဖြစ်၏။ ပေါ်တူဂီသတင်းများ၊ စပိန်နိုင်ငံရှိ ပြောက်ကျားများ အရေးသာနေသည့် သတင်းများ ကြားသိရသည်နှင့် ဂျာအိုခင် ဘုရင်မင်းမြတ် သူ့မှူးမတ်များနှင့် မဲဒရစ်မြို့တော်ကို စွန့်ခွာ၍ အိုးကာစတီလ် (OLD CASTILE)သို့ ဆုတ်ခွာထွက်ပြေးလာခဲ့လေသည်။

ဥရောပတစ်ခုလုံး စိတ်ဓာတ်တက်ကြွလာကြ၏။ ပြင်သစ်တပ်တွေကို စပိန်ပြောက်ကျားတွေက အောင်ပွဲခံနေသတဲ့၊ ဘုရင်ဂျိုးဆက် မဲဒရစ်က ထွက်ပြေးပြီတဲ့၊ နပိုလီယံက ဘဒိုးမှ စပိန်စစ်အခြေအနေကို စောင့်ကြည့်နေ၏။ အင်္ဂလိပ်တပ်များ ကုန်းပိုင်းရောက်လာသည်ကို နပိုလီယံက သူ့အခွင့်အရေးဟု ယူဆလိုက်၏။ အင်္ဂလိပ်က ပင်လယ်ကို စိုးမိုးနေသည့်သူများ၊ အင်္ဂလိပ်စစ်သင်္ဘောများနှင့် ဝေးရာသို့ ရောက်လာသည့် အင်္ဂလိပ်တပ်များကို အလွယ်တကူ ချေမှုန်းနိုင်မည်ဟု နပိုလီယံက ယူဆလိုက်လေသည်။ ထို့ကြောင့် ပြင်သစ်တပ်မကြီးသုံးခု၊ မြင်းတပ်မ နှစ်ခုနှင့် ဘုရင့်ကိုယ်ရံတော်တပ်များကိုပါ ပြင်သစ်မှ စပိန်သို့ ခေါ်ယူလိုက်လေသည်။ စစ်သည် ၁၃၀၀၀၀ ပါဝင်သည့် ပြင်သစ်တပ်မတော်ကြီး ချီတက်လာပါပြီ။ ၁၈၀၈ ခုနှစ် ဩဂုတ်လ ၃၁ ရက်နေ့တွင် စပိန်-ပြင်သစ်နယ်ခြား အီရွန် (IRUN)မြို့သို့ စစ်သူကြီးနေး ရောက်လာခဲ့လေပြီ။ နပိုလီယံ စစ်သူကြီးများအနက် အတွေ့အကြုံအများဆုံး၊ အကျော်ကြားဆုံး စစ်သူကြီးနေး စပိန်သို့ ရောက်လာပါပြီ။ စပိန်ပြောက်ကျားများအတွက် စစ်ကူလည်း စပိန်သို့ ရောက်လာခဲ့၏။ ဒီလာရိုမန်နာဦးစီးသည့် စပိန် အမြဲတမ်းစစ်သည် ၉၀၀၀ သည် ဘာနာဒုတ်တပ်တွင် စစ်မှုထမ်းနေကြရာမှ စပိန်မှ သတင်းများရရှိပြီး အင်္ဂလိပ်စစ်သင်္ဘောများ အကူအညီနှင့် ဘာနာဒုတ်ကို စွန့်ခွာကာ အမိစပိန်နိုင်ငံသို့ ပြန်လည်ရောက်ရှိလာကြခြင်းဖြစ်၏။ ၁၈၀၈ ခုနှစ် ဩဂုတ်လ ၂၁ ရက်နေ့၌ အင်္ဂလိပ်ရေတပ် ဗိုလ်ချုပ်ကြီး ကိစ်၏ စစ်သင်္ဘောများနှင့် လာရိုမန်နာတပ်များ ထွက်ခွာလာကြရာ အောက်တိုဘာလ ၁၁ ရက်နေ့တွင် စပိန်နိုင်ငံမြောက်ပိုင်း ဆန်တန်ဒါမြို့၌

စပိန်အမြဲတမ်းတပ် ၉၀၀၀ ကမ်းတက်နိုင်ခဲ့ကြလေသည်။ စပိန်ပြောက်ကျား အတွက် တကယ့်အားဆေးတစ်ခွက် ဖြစ်၏။

စပိန်ကြောင်းရှိ ပြင်သစ်တပ်တော်၌ နပိုလီယံ၏ စစ်သူကြီးအများအပြား ပါလာ၏။ နောက်ဆုံးခန့်ထားသည့် စစ်သူကြီးဗစ်တာက အမှတ် ၁ တပ်မကြီး ကို အုပ်ချုပ်ရပြီး ဒုတိယတပ်မကြီးမှူးမှာ နာမည်ကြီးစစ်သူကြီး ဆို့လ်တ်ဖြစ် လေသည်။ ယခင် အမှတ် ၂ တပ်မကြီးမှူး ဘက်ဆီးယားက အရန်မြင်းတပ်ကို အုပ်ချုပ်ရ၏။ မွန်ဆေက အုပ်စုတပ်မကြီးကို ယာယီအုပ်ချုပ်ရပြီး လဖေးဗားက အမှတ် ၄ တပ်မကြီးမှူး၊ ကာတီယာက တပ်မကြီး ၅၊ နေးက တပ်မကြီး ၆ ဖြစ်ပြီး စိန်စီယာက စစ်သူကြီးရာထူး မရသေးသော်လည်း တပ်မကြီး ၇ မှူး ဖြစ်လာ၏။ ဂျူနော့က အမှတ် ၈ တပ်မကြီးမှူး ဖြစ်လေသည်။ ရှေ့ပိုင်း မုန့်တိုင်း တပ်မကြီးနှစ်ခုကို အုပ်ချုပ်သူမှာ စစ်သူကြီး လိန်းစ်ဖြစ်လေသည်။ လိန်းစ်လို သတ္တိမျိုးမှာ ရှာမှရှားဖြစ်၏။ စပိန်သို့အလာ ဗစ်တိုးရီးယားအနီးတွင် သူရော သူ့မြင်းပါ ချောက်ကြီးထဲကျသွားရာ လိန်းစ် အပြင်းအထန်ဒဏ်ရာရပြီး သေပြီဟု အများက ယူဆထားလိုက်ကြ၏။ လိန်းစ်ဒဏ်ရာမှာ ပြင်းထန်လွန်း၍ ဆရာဝန် ကြီးများ ကိုယ်တိုင် ကြပ်မတ်ကုသကြရ၏။ ချက်ချင်း သိုးတစ်ကောင်ကိုသတ် အရေဆုတ်ပြီး လိန်းစ်ဒဏ်ရာများကို သိုးရေနှင့် အစားထိုးကုသကြရာ နောက် နှစ်ပတ်ရှိသောအခါ စစ်သူကြီးလိန်းစ် သူ့တပ်မကြီးသူ ဦးစီးအုပ်ချုပ်နိုင်ပြီဖြစ်လေ သည်။ စပိန်ကြောင်းရှိ ပြင်သစ်တပ်တော် စပိန်နိုင်ငံထဲဝင်လာစဉ် ပါရီမြို့တော် ၌ နပိုလီယံက တိုက်ပွဲစီမံချက်ကို ရေးဆွဲခဲ့၏။ သူ့အခြားစီမံချက်များကဲ့သို့ ယခု စီမံချက်မှာလည်း ရိုးရိုးရှင်းရှင်းလေးနှင့် အဘက်ဘက်မှ ပြောင်မြောက်သည့် စီမံချက်တစ်ခုပင် ဖြစ်ပါသည်။ စပိန်တပ်များ မဆုတ်ခွာမီ စပိန်တပ်များအလယ် ကို ပြင်သစ်များက အင်အားစုစည်းတိုက်ခိုက်ပြီး ရန်သူ့အလယ်ပြိုကွဲသည်နှင့် ပြင်သစ်တိုက်ခိုက်ရေးတပ်များကို သုံးစုခွဲလိုက်၍ တစ်စုစီက စပိန်ဘယ်ညာ တောင်ပံများကို နောက်ကျောမှ ဝန်းရံတိုက်ခိုက်ချေမှုန်းပြီး နောက်တစ်စုက မဲဒရစ်မြို့တော်ကို အပြင်းချီတက်တိုက်ခိုက်သိမ်းပိုက်ရန် ဖြစ်လေသည်။ နပိုလီယံ တိုက်ပွဲ စီမံချက်သာ အောင်မြင်လိုက်ပါက စပိန်သမိုင်းတစ်မျိုး ဖြစ်သွားမည်။ အောင်လုနီးနီး ဖြစ်ခဲ့၏။ ပြင်သစ်တိုက်ခိုက်ရေးတပ်များက ရန်သူ့အလယ် စစ် မျက်နှာကို ဖြိုခွဲနိုင်ပြီး သုံးစုခွဲလိုက်ကာ တစ်စုက မဲဒရစ်ကို အပြင်း စ ချီတက် သိမ်းပိုက်နိုင်၏။ သို့သော် နောက်နှစ်စုက ရန်သူများ ဝန်းရံချေမှုန်းရာ၌ အပြတ် ချေမှုန်းနိုင်ခြင်းမရှိချေ။ စပိန်ဘယ်တောင်ပံ လွတ်မြောက်သွားခြင်းမှာ စိတ်ဝင်စား စရာဖြစ်၏။ စပိန်ဘယ်တောင်ပံတပ်များ အချိန်မတိုင်မီ လွတ်မြောက်မသွားစေရန် နပိုလီယံက စပိန်ဘယ်တောင်ပံနှင့် ရင်ဆိုင်မည့် ပြင်သစ်တပ်များကို လဖေးဗား


England
Prussia
Gd Duché
de Varsovie
Confédération
of the Rhein
Austria
Ottoman
Empire
Italy
Spain

"ကိုင်း... ကိုယ် ဒီအိမ်ကြီးမှာ စံစားနေတာ မောင်ရင်က မနာလိုဘူးပေါ့၊ မင်းကို ကိုက် ၃၀ အကွာက ငါ သေနတ်နဲ့ အချက် ၂၀ ပစ်မယ်။ တစ်ချက်မှ မမှန်ရင် ဒီအိမ်ရော အိမ်ထဲက ပစ္စည်းတွေပါ မင်းအပိုင်ယူတော့၊ လောင်းကြေး စားကြေး လုပ်ကြည့်ကြမယ်လေ"ဟု လဖေးဗားက သူ့မိတ်ဆွေအား စိန်ခေါ်လိုက်၏။

မိတ်ဆွေက အပစ်မခံရဲကြောင်း ဝန်ခံတော့မှ စစ်သားအိုကြီး လဖေးဗားက "ငါ့ကို ကိုက် ၃၀ မကွာသေးတဲ့နေရာတွေက အကြိမ်ပေါင်းများစွာ အပစ်ခံခဲ့ရပါတယ်ကွာ။ မသေလို့ ဒီစည်းစိမ်တွေ ခံစားနိုင်တာပါ"ဟု ပြောခဲ့လေသည်။ စစ်သားအိုကြီးကလဲ 'ဖ'အရှိသား...

ဒန်းဖစ်ကို သိမ်းပိုက်ပြီးနောက် ပြင်သစ်တပ်တော်မဟာ အတော်ရိုက္ခာ ပြည့်စုံသွားလေပြီ။ ရဲဘော်များလည်း စိတ်ဓာတ်တက်ကြွလာကြပြီ။

စစ်သူကြီးနေး၏ တပ်မကြီး သူ့ဘာသာ အထီးတည်းဖြစ်နေစဉ် ရုရှား များက အလစ်ဝင်တိုက်ကြ၏။ နေးက သူ့တပ်ကို စနစ်တကျဆုတ်ခွာစေပြီး သူက နောက်ဆုံးမှနေ၍ ရန်သူကို ပြန်လည်ခုခံတိုက်ရင်း ဆုတ်ခွာခဲ့ရလေသည်။

ထိုတိုက်ပွဲတွင် နေးနောက်ချန်တပ်များနှင့် ရန်သူကို ခံတိုက်ပြီး မိမိတပ်ကို စနစ်တကျ ခွာစစ်ဆင်ပုံ နာမည်ရသွားပြီးနောက်တွင် ဤကဲ့သို့ တိုက်ပွဲများ နေးဆင်နွှဲသည်ကို ထပ်မံတွေ့ကြရဦးမည် ဖြစ်ပါသည်။

အနည်းအကျဉ်း အောင်ပွဲရလာသော ရုရှများကလည်း စိတ်ဓာတ်တက်ကြွနေကြ၏။ အတင့်ရဲလာသော ရုရှတပ်တော်ကို ၁၈၀၇ ခုနှစ် ဇွန်လ ၁၄ ရက်နေ့၌ ဖရီလဲင်ဒေသတွင် နပိုလီယံက ဖျက်ဆီးချေမှုန်းနိုင်လိုက်လေသည်။

နေးက ညာတောင်ပံမှ အဓိကတပ်များကို ဦးဆောင်တိုက်ခဲ့လေသည်။

ယင်းတိုက်ပွဲနှင့်ပတ်သက်၍ ဘာသီယာက ပါရီသို့ ဤသို့ပြန်လည်စာရေးခဲ့လေသည်။

"စစ်သူကြီးနေးရဲ့သတ္တိကတော့ တကယ့်ကို ပြောင်မြောက်ပါပေတယ်။ ဒီ(ဖရီလဲင်း)တိုက်ပွဲ အောင်ပွဲရတာ အဓိက နေးကြောင့်လို့ ဆိုရမှာ ဖြစ်ပါတယ်"

ဖရီလဲင်း၏ နောက်ထူးခြားချက်မှာ ယင်းတိုက်ပွဲတွင် နပိုလီယံသည် ပထမဆုံးအကြိမ် အမြောက်များကို စုပြုံပစ်ခတ်တိုက်ခိုက်ခဲ့ခြင်းဖြစ်၏။

ယင်းတိုက်ပွဲနေ့က နပိုလီယံ ၃၈ နှစ်ပင်မပြည့်သေး။ ရုရှဗိုလ်ချုပ်ကြီး ဘယ်နစ်ဆင်က ၆၂ နှစ် ရှိလေပြီ။

ဖရီလဲင်းတိုက်ပွဲမစမီ ဘာနာဒုတ်တိုက်ပွဲငယ်တစ်ခုတွင် အနည်းငယ် ဒဏ်ရာရခဲ့သဖြင့် ဖရီလဲင်းတွင် ဘာနာဒုတ်တပ်မကြီးကို ဗိုလ်ချုပ်ကြီးဗစ်တာက ဦးဆောင်တိုက်ခိုက်ခဲ့၏။

ကြ၏။ ပြင်သစ်တပ်များကလည်း သူတို့စစ်သည်များ လုပ်ကြံခံရတိုင်း ကလဲ့စား ချေသည့်အနေနှင့် စပိန်အရပ်သူအရပ်သားများအား အစုလိုက် အပြုံလိုက် သတ် ဖြတ်တော့ရာ စပိန်တိုက်ပွဲမှာ မကြုံစဖူးအောင် ရက်စက်ကြမ်းကြုတ်လာတော့၏။ စစ်စည်းကမ်းဟူ၍ ပြင်သစ်တပ်များတွင် မရှိတော့ဘဲ စပိန်မြို့ရွာ အမြောက်အမြား မီးရှို့ဖျက်ဆီးခြင်းခံခဲ့ရ၏။ ကြမ်းကြုတ်ရက်စက်မှုများကြောင့် စပိန်လူထု ကြောက် လန့်အရှုံးပေးမည်တွက်ခဲ့သည်။ ပြင်သစ်တပ်များ အမှားကြီး မှားခဲ့လေပြီ၊ ပြင်သစ် တို့က ရက်စက်လေ စပိန်လူထုက ပို၍စိတ်ဓာတ်တက်ကြွ အုံကြွလာလေ တွေ့ ကြရ၏။ ထို့ကြောင့် ပြောက်ကျားများနှင့် ရင်ဆိုင်တိုက်ခိုက်ရသည့် အမြဲတမ်းတပ် များအတွက် ရက်စက်ကြမ်းကြုတ်မှုများသုံးလေ အရပ်သူအရပ်သားများကပါ ပြောက်ကျားများအား အားပေးဖေးမ၍ ပိုမိုအုံကြွလာလေဖြစ်သည်ဟူသော သင်ခန်း စာကြီးကို စပိန်ပြောက်ကျားစစ်က အထင်အရှား ပြသနိုင်ခဲ့လေသည်။ ကွဲကျန် ရစ်သည့် ရန်သူများအဖို့ ဆက်သားများ၊ နောက်ချန်တပ် အကြွင်းအကျန်များအား စပိန်ပြောက်ကျားများနှင့် ပြောက်ကျားစစ်သည်များအား ကူညီအားပေးနေကြသည့် အရပ်သူအရပ်သားများက ချောင်းမြောင်းသတ်ဖြတ်ခြင်း၊ နောက်ကျောမှ ဓားနှင့် ထိုးခြင်း၊ အဆိပ်ခတ်သတ်ခြင်းများ ပိုမိုများပြားလာခဲ့၏။ ပြင်သစ်တပ်များက ကလဲ့စားချေသည့်အနေနှင့် အရပ်သားများအား အစုလိုက် အပြုံလိုက် သတ်ဖြတ် လာရာ စပိန်ပြောက်ကျားစစ်မှာ ပိုမို ပြင်းထန်ရက်စက် ကြမ်းကြုတ်လာ၏။ မဲဒရစ်မြို့တော်ကို ပြန်လည်သိမ်းပိုက်နိုင်ခြင်းဖြင့် စပိန်တွင် တစ်မီးအေးသွားပြီဟု နပိုလီယံက ယူဆခဲ့၏။ နောက်တစ်ဆင့်အနေဖြင့် ပေါ်တူဂီမြို့တော် လစ္စဘွန်းကို သိမ်းပိုက်ပြီး အင်္ဂလိပ်တပ်များအား ချေမှုန်းနိုင်လျှင် စပိန်ကျွန်းဆွယ်စစ်ပွဲ ပြီးဆုံး သွားမည်ဟု နပိုလီယံက တွက်ထားလေသည်။ ယင်းစစ်ဆင်ရေး ဆက်လုပ်နိုင်ရန် ပြင်သစ်တပ်များအား ပေါ်တူဂီနိုင်ငံသို့ ချီတက်စေ၏။ စပိန် ပေါ်တူဂီနယ်ခြားသို့ ပြင်သစ်တပ်များ ရောက်လာသောအခါ မဲဒရစ်မြို့တော်သို့ သတင်းတစ်ရပ်ရောက် လာခဲ့လေသည်။ ဆာဂျွန်မိုးဦးစီးသည့် အင်္ဂလိပ် အကျီနီတပ်[၁] များသည် ပြင်သစ် စစ်သူကြီး ဆို့လ်တ်တပ်များအား လိုက်လံတိုက်ခိုက်နေရာ အိုးကာစတီလ်သို့ ရောက်နေကြပြီတဲ့-

နပိုလီယံအတွက် သတင်းကောင်းဖြစ်၏။ ဒီလို အင်္ဂလိပ်တွေ စုပြုံပြီး အခွင့်အရေးကို စောင့်နေကြတာ ကြာလှပြီ။ သည်တစ်ခါ မလွတ်တမ်း ချေမှုန်း နိုင်ရမည်။ နပိုလီယံသည် အလျင်မြန်ဆုံး စတင်လှုပ်ရှားတော့၏။ အင်္ဂလိပ်တပ် များရှိရာသို့ ဗဟိုအရန်တပ်များသာမက နယ်အရပ်ရပ်မှစုစည်း၍ ရသမျှ ပြင်သစ်

၁။ English Red Coats

တပ်များ ပို့ပေးခဲ့ရာ ရန်သူကို ချေမှုန်းရန် ပြင်သစ်တပ် ၈၀၀၀၀ အိုးကာစတိလ်ဒေသသို့ စေလွှတ်နိုင်ခဲ့၏။ စစ်သူကြီးနေး၏ မြင်းတပ်က ရှေ့ဆုံးမှ ချီတက်ပြီး ယင်းနောက်မှ ကိုယ်ရံတော်မြင်းတပ် လိုက်ရ၏။ နောက်ဆုံးမှ ခြေလျင်တပ်များ ဖြစ်လေသည်။ နပိုလီယံနှင့် သူ့စစ်ဦးစီးအဖွဲ့က စပိန်လမ်းများကို ပိုတွက်မိကြပြန်ပြီ။ နေးတပ်များက ဆီအာရာဥဒါရာမာသို့ ချောမောစွာ ရောက်ရှိကြသော်လည်း ဆီးနှင်းမုန်တိုင်းဒဏ်ကြောင့် ကိုယ်ရံတော် မြင်းတပ် ချီတက်မရအောင် ဖြစ်ရ၏။ တောင်ကြားလမ်းအားလုံး ပိတ်ဆို့ကုန်ပြီး ပြင်းထန်လှသော လေဒဏ်ကြောင့် မြင်းသည်တော် အများအပြား သူတို့မြင်းများနှင့်တကွ တောင်အောက် ချောက်ကမ္ဘားထဲ ကျကုန်ကြ၏။ ဆက်လက်မချီတက်နိုင်တော့သဖြင့် ကိုယ်ရံတော် မြင်းတပ် ထက်ဝက်နှင့် အမြောက်တပ်များအားလုံး ဆီအာရာတောင်စောင်းများတွင် ရပ်နားနေကြရလေသည်။ နပိုလီယံကိုယ်တိုင် ဆီးနှင်းများ ဝင်ရှင်းလင်းခြင်း၊ ခြေလျင်စစ်သည်များနှင့်အတူ ကုန်းကြောင်းလျှောက်၍ စစ်သည်များ စိတ်ဓာတ်တက်ကြွလာအောင် လုပ်ဆောင်ခဲ့သော်လည်း (အီတလီတိုက်ပွဲစဉ် ဘားနဒ်တောင်ကြားဖြတ်သန်းစဉ်က လုပ်ဆောင်ခဲ့သည့်နည်းများဖြစ်၏။) ယခုတစ်ကြိမ်တွင်မူ အကျိုးမထူးလှချေ။ ဤကဲ့သို့ နှောင့်နှေးမှုများကြောင့် အင်္ဂလိပ်တပ်များ လွတ်မြောက်သွားရပြန်ပြီ။ ဆာဂျွန်မိုးနှင့် သူ့အင်္ဂလိပ်စစ်သည်များ ပင်လယ်ဘက်သို့ ဆုတ်ခွာသွားကြပြီ။ နပိုလီယံကိုယ်တိုင်ဦးစီး၍ ဆက်လက်ချီတက်၍ မဖြစ်တော့။ ပါရီမှ သတင်းများရောက်လာပြန်ပြီ။ ရဲမင်းကြီး ဖောက်ချီ၊ တယ်လီရောင်းတို့ ခေါင်းချင်းရိုက်ကြပြန်ပြီ။ နေပေါလ်ဘုရင် မြူရတ်၊ နပိုလီယံနှမတော် ကာရိုလိုင်းတို့ပါ ကြံရာပါဖြစ်နေပြီကို သိရသော နပိုလီယံသည် တပ်များကို ဆိုလ်တ်အားလွှဲပေးပြီး နပိုလီယံ ပါရီသို့ တပ်ခေါက်ပြန်ခဲ့ရလေသည်။

## အခန်း (၁၂)

# အင်္ကျီပန်း အင်္ကျီလင်းနှင့် ဝါဂရမ် တိုက်ပွဲ

နပိုလီယံ စပိန်မှ အပြီးအပိုင်ဆုတ်ခွာလာခဲ့ခြင်းဖြစ်၏။ သည်နောက် စပိန်နိုင်ငံသို့ နပိုလီယံ လုံးဝပြန်မရောက်တော့ပါ။ ၁၈၀၉ ခုနှစ်ဆန်းတွင် နပိုလီယံ ပါရီသို့ ပြန်တပ်ခေါက်လာစဉ် ဆိုလ်တ်သည် ဆာဂျွန်မိုးတပ်များနောက်သို့ ထက်ကြပ်လိုက်လျက်ရှိ၏။ စစ်သူကြီးနေးက ကူညီပြီး မြင်းသည်တော်ဗိုလ်ချုပ်ကြီး ကိုလ်ဘတ်က ရှေ့ပြေးတပ်များအား ဦးဆောင်လိုက်စစ်ဆင်ခဲ့ခြင်းဖြစ်လေသည်။ လိုက်စစ်စတင်ပြီး မကြာမီပင် ရှေ့ပြေးတပ် မြင်းတပ်ဗိုလ်ချုပ်ကြီး ကိုလ်ဘတ် ရန်သူကျည်သင့်၍ ကျဆုံးခဲ့ရလေသည်။ ပြင်သစ်မြင်းသည်ကျော် လေးဦးအနက် ပထမဆုံးကျဆုံးရသော ဗိုလ်ချုပ်ကြီးဖြစ်လေသည်။ အင်္ဂလိပ်တပ်များ တရစပ် ဆုတ်ခွာသွားကြ၍ ပြင်သစ်တပ်များက ထက်ကြပ်လိုက်လာရာ ကိုရုနာ[၁] တွင် တိုက်ပွဲဖြစ်ပွားကြလေသည်။ အင်္ဂလိပ်တပ်များအား လုံးဝချေမှုန်းနိုင်ခြင်းမရှိသော်လည်း ပြင်သစ်တပ်များ အထူးစိတ်ဓာတ်တက်ကြွလျက်ရှိ၏။ ဥရောပတစ်ခွင်မှာပါ ပြင်သစ်တပ်များ သိက္ခာတက်လာကြလေသည်။ အင်္ဂလိပ်တပ်များ ပင်လယ်မှခွာပြီး ကုန်းပေါ်တက်လာကြရာ ပြင်သစ်တပ်များက အင်အားစုစည်းတိုက်ခိုက်ကြခြင်းကြောင့် တပ်လန်ဆုတ်ခွာရပြီး ပင်လယ်သို့ ပြန်လည်ဆုတ်ကြရသည့်သတင်း ဥရောပတစ်ခွင်တွင် ပျံ့နှံ့သွားခဲ့လေသည်။

---

၁။ Corunna

ဆို့လ်တ်သည် အိုပေါ်တို[၁] တွင် တပ်ချရပ်နားနေ၏။ လစ္စဘွန်းကို ချီတက်တိုက်ခိုက်ရန် ဖြစ်သော်လည်း ဆက်လက်ချီတက်ခြင်းမပြုဘဲ အိုပေါ်တိုတွင် ကြန့်ကြာနေစဉ် ဝက်လင်္ကလေ့မြို့စားကြီး၏ (အင်္ဂလိပ်)တပ်များက အိုပေါ်တိုကို အလစ်ဝင်တိုက်ကြရာ ဆို့လ်တ်နှင့် ပြင်သစ်တပ်များ ဂေါ်လီရှားအထိ ဆုတ်ပေးကြရလေသည်။ ဂေါ်လီရှားတွင် စစ်သူကြီးနေးတပ်များနှင့် ပူးပေါင်းနေကြရ၏။ နေးနှင့် ဆို့လ်တ်မှာလည်း ပြိုင်ဘက်များဖြစ်ကြရာ တစ်ဦးနှင့်တစ်ဦး အမြဲစောင်လျက် ရှိကြ၏။ ဂီနိုအာ(စပိန်)မြို့ကလည်း ကြံ့ကြံ့ခံ၍ "ပြင်သစ်များအား အံ့တုနေ၏။ ပြင်သစ်ဗိုလ်ချုပ်ကြီး စိန့်စီယာက လပေါင်းများစွာ ဝန်းရံတိုက်ခိုက်သော်လည်း ဂီနိုအာကို မရခဲ့ချေ။ မကြာမီ စိန့်စီယာနေရာကို ဩဂျရိုး တာဝန်လွှဲယူ၍ ဂီနိုအာမြို့ သိမ်းပိုက်နိုင်ရန် ကြိုးပမ်းပြန်၏။ သို့သော် ဩဂျရိုးမှာ ငယ်စဉ်က ဓားဘုရင် ဩဂျရိုးမဟုတ်တော့။"ဒူလာရောဂါ ဖိစီးနေသည့် လူလတ်ပိုင်းဖြစ်နေပြီ။ မိမိရရှိပြီး စည်းစိမ်နှင့် ဇိမ်ခံနေလိုပြီး ငယ်ငယ်ကကဲ့သို့ မိုက်ရူးရဲစွန့်စားလိုစိတ် နည်းနေသည့် အရွယ်ပိုင်းရောက်နေပြီ။ ထို့ကြောင့် ဂီနိုအာကို ဆက်လက် ဝန်းရံမြဲ ဝန်းရံထား၏။ ရှစ်လကြာမှ ဂီနိုအာမြို့ လက်နက်ချခဲ့လေသည်။

ဆရာဂိုဆာမြို့ကလည်း အလွယ်တကူ လက်နက်မချခဲ့ချေ။ ဆရာဂိုဆာကို တိုက်ခိုက်သူ မွန်ဆေကလည်း အလွန်နေးကွေးလေးလံသူဖြစ်၏။ တိုက်ပွဲစစဉ်က ဆရာဂိုဆာမှာ ခံတပ်မြို့မဟုတ်။ ကတုတ်၊ အရံအတားမရှိသဖြင့် ရှုပ်ရှုပ်ရှုံရှုံ တိုက်လျှင် ရနိုင်မည်ဖြစ်၏။ သို့သော် မွန်ဆေက မြေအခြေအနေ ကောင်းရာသို့ ဆုတ်ခွာ၍ စစ်ကူလာမည့် မော်တီယာကို စောင့်နေ၏။ ဆရာဂိုဆာခံစစ်ဆင်သူများ အချိန်ရသွားပြီး မြို့ခံစစ်အနေအထားများ အပူတပြင်း ပြုပြင်တော့၏။ ကတုတ်ကျင်းများ တူးခြင်း၊ မြို့အရံအတားများ ပြုပြင်လိုက်ရာ အတန်တောင့်တင်းသည့် ခံတပ်မြို့ ဖြစ်သွားလေပြီ။ သုံးပတ်မျှ ဆရာဂိုဆာမြို့သူ မြို့သားများက ပြင်သစ်ထိုးစစ်မှန်သမျှကို တွန်းလှန်တိုက်ခိုက်နိုင်ပြီး အချိန်ကြာလာလေ ပြင်သစ်များ စိတ်ဓာတ်ကျဆင်းလာလေ ဖြစ်ရ၏။ ခံစစ်ပြင်ဆင်ရန် ကတုတ်များ ပြုလုပ်ခြင်းများ ပြုလုပ်ထားသည့်အပြင် အိမ်များ၊ အဆောက်အအုံများကိုပါ ခိုင်ခံ့အောင်ပြုလုပ်၍ လမ်းတိုက်ပွဲများအတွက် ပြင်ဆင်ထားကြလေသည်။ ၁၈၀၉ ခုနှစ် ဇန်နဝါရီလ ၂၂ ရက်နေ့တွင် ဆရာဂိုဆာစစ်မျက်နှာသို့ စစ်သူကြီးလိန်းစ်ရောက်လာတော့မှ ပြင်သစ်စစ်တပ်များ စိတ်ဓာတ်ပြန်လည်တက်ကြွလာကြလေသည်။ လိန်းစ်သည် ချက်ချင်းအခြေအနေကို ရိပ်စားမိ၏။ သည်လိုခံစစ်မျိုးကို

၁။ Oporto

အတင်းဝင်တိုက်နေ၍ အသေအပျောက်များရှုံပဲရှိမည်။ မြို့သိမ်းအမြောက်ကြီးများ လိုသည်။ ခက်သည်က မြို့သိမ်းအမြောက်ကြီးများ စပိန်စစ်မျက်နှာသို့ ပါမလာ။ ထို့ကြောင့် ရနိုင်သမျှ မိုင်းများ၊ ဒိုင်းနမိုက်များ စုဆောင်းတော့၏။ တိုက်အိမ် တိုင်း၊ အဆောက်အအုံတိုင်းကို စံတပ်ငယ်တစ်ခုဟု သဘောထား၍ ဖောက်ခွဲ ဖျက်ဆီးပစ်ရမည်။ အဆောက်အအုံတိုင်းကို ဖျက်ဆီး၊ တက်သိမ်း၊ ပြန်လည် ဖွဲ့စည်း ဤကဲ့သို့ မြေတစ်လက်မတိုင်း သိမ်းသွားရန် လိန်းစ်က ဆုံးဖြတ်ခဲ့လေ သည်။

ထို့ပြင် လိန်းစ်မှာ ရှေ့တန်းမှ ခေါင်းဆောင်သည့် စစ်သူကြီးမျိုးဖြစ်၏။ နောက်ပိုင်း ရဲတိုက်ကြီးများတွင်နေ၍ အမိန့်ပေးနေသူမဟုတ်ဘဲ ရှေ့တန်းစစ်သည် များ အလယ်စားသောက်ဆိုင်တစ်ခုတွင် ရှေ့တန်းစစ်ဌာနချုပ်ဖွင့်လှစ်၍ ရဲဘော် များနှင့်အတူနေပြီး ရှေ့တန်းမှ ဦးဆောင်တိုက်ခိုက်ခဲ့လေသည်။ စပိန်များကလည်း သဲသဲမဲမဲ ခုခံတိုက်ခိုက်ကြ၏။ အဆောက်အအုံတစ်ခုချင်းသာမက အပေါ်ထပ်၊ အောက်ထပ်တိုင်းမှ နောက်မဆုတ်တမ်း ခုခံကြ၏။ အဆောက်အအုံတစ်ခုစီ၊ အပေါ်ထပ်အောက်ထပ်တစ်ခုစီ ဖောက်ခွဲဖျက်ဆီး တက်သိမ်းရခြင်းဖြစ်၍ အချိန် ကြာလှသော်လည်း ထိုးစစ်ဆင်သူများအတွက် ယခင်ကထက် ထိခိုက်ကျဆုံးမှု ပိုနည်းလာ၏။ ရက်သတ္တပတ်ကြာလာလေ လူသေကောင်၊ မြင်းသေကောင်အပုပ် နံ့များဖြင့် ဆရာဂိုဆာတစ်မြို့လုံးမှာ နံစော်နေတော့၏။ လိန်းစ်ကိုယ်တိုင် စစ်သူ ကြီးဝတ်စုံ အပြည့်အစုံ၊ ရာထူးတံဆိပ်၊ အဆောင်အယောင်အားလုံး ဆင်မြန်း တိုက်ခိုက်နေရာ လုံးဝ မအားမလပ်အောင် ရှိရ၏။ "တစ်နေ့တစ်နေ့ကို ရိုးရိုး တိုက်ပွဲ ၁၀ ပွဲ တိုက်လိုက်ချင်သေးတယ်။ ဒီလိုတစ်အိမ်ချင်း၊ အဆောက်အအုံ တစ်ခုချင်း ဖျက်ဆီးတိုက်နေရတာ ပင်ပန်းလှပြီ၊ ဒီစာကို ငါရေးနေတုန်း အိပ်မပျော် မသွားအောင် မနည်းမျက်စိဖြဲထားရတယ်"ဟု လိန်းစ်က ပါရီမှ သူ့မိတ်ဆွေတစ်ဦး ထံ စာပြန်ရေးခဲ့၏။ ဖေဖော်ဝါရီလထဲကျတော့မှ ဆရာဂိုဆာတစ်မြို့လုံးကို လိန်းစ် တပ်များ သိမ်းပိုက်နိုင်ခဲ့လေသည်။ တစ်မြို့လုံး အပုပ်နံ့တထောင်းထောင်းထနေ ၏။ သေဆုံးသူ ၅၄၀၀၀ အနက် လက်နက်ကိုင်စစ်သည်က ၂၀၀၀၀ သာပါပြီး ကျန်သူများမှာ ပြောက်ကျားအားပေး အရပ်သူအရပ်သားများ ဖြစ်လေသည်။ သေဆုံးသူများအနက် ၆၀၀၀ သာ ရန်သူလက်နက်ဖြင့် ကျဆုံးရခြင်းဖြစ်ပြီး ကျန်သူများမှာ ရောဂါဘယကြောင့် သေဆုံးရခြင်းဖြစ်လေသည်။ ရက်သတ္တပတ် များစွာကြာအောင် အသေကောင်များ မြှုပ်နှံသင်္ဂြိုဟ်ခြင်းမပြုကြရ၍ လပေါင်း အတော်ကြာတော့မှ အနံ့အသက်များပျောက်ပြီး ဆရာဂိုဆာမြို့ ပုံမှန်ပြန်ဖြစ်လာ လေသည်။

နပိုလီယံသည် စပိန်မှ ပါရီသို့ ၁၈၀၉ ခုနှစ် ဇန်နဝါရီလ စောစောပိုင်းတွင် ပြန်လည်ရောက်ရှိလာ၏။ သူသတင်းရထားသလို သူ့ကိုလုပ်ကြံရန် ကြံစည်နေသူများရှိသည်မှာ အမှန်ဖြစ်၏။ ထို့ပြင် ဥရောပအလယ်ပိုင်းတစ်ခုလုံးကလည်း ပြင်သစ်ကို တိုက်ခိုက်ရန် တာစူနေကြသည်ကို နပိုလီယံ တွေ့ရလေသည်။ ဩစတြီးယား စစ်ပြင်နေသည်ကို ဝါဆောမှ ဒဗိုးက သတင်းပို့နေသည်မှာ ကြာပြီ။ ၁၈၀၉ ခုနှစ် ဖေဖော်ဝါရီလထဲတွင် ဩစတြီးယားတို့ စစ်ပြင်မှု ပြီးစီးပြီဖြစ်၍ စစ်ကြေညာမနေတော့ဘဲ ဩစတြီးယားများသည် ဘာဗေးရီးယားနယ်ထဲသို့ ရောက်လာကြ၏။ အထီးကျန်ဖြစ်နေသော ပြင်သစ်တပ်စခန်းများအား ဩစတြီးယားတို့က သိမ်းပိုက်လိုက်ကြ၏။ ဒဗိုးက ဝါဆောမှ ဘာဗေးရီးယားသို့ ချက်ချင်းရောက်လာပြီး ကေရာ့ဇ်ဘုရင် နပိုလီယံရောက်မလာမီ လုပ်ရန်ရှိသည်တို့ကို အားလုံးလုပ်ထား၏။ အနီးအနား ရှိနိုင်သမျှ ပြင်သစ်တပ်များအား ဒနော့ဝပ်သ် (DONAUWORTH)တွင် အင်အားစုစည်းထား၍ နပိုလီယံရောက်မလာမီ ဩစတြီးယားမင်းသားကြီး ချာစ်ကို ဒဗိုးက ထိန်းထားနိုင်ခဲ့လေသည်။ သို့သော် ပြင်သစ်များ ကံဆိုးသည်မှာ စစ်မြေပြင်သို့ နပိုလီယံအရင်ရောက်မလာဘဲ စစ်ဦးစီးချုပ် ဘာသီယာက အရင်ရောက်လာ၏။ ဘာသီယာက ဒဗိုးထက် ဝါရင့်ဖြစ်သဖြင့် စစ်မြေပြင်မှ တပ်တော်ကို ဘာသီယာက ဒဗိုးထံမှ လွှဲယူရလေသည်၊ ဘာသီယာမှာ အလွန်ထူးချွန်သည့် စစ်ဦးစီးအရာရှိဖြစ်သော်လည်း နပိုလီယံ တိုက်နည်းခိုက်နည်း စစ်နည်းဗျူဟာ၊ စစ်မဟာဗျူဟာကို ရိပ်စားမိသူမဟုတ်ချေတကား။

စစ်မြေပြင်၌ မှားယွင်းနေသည့် လမ်းစဉ်တစ်ခုကို တက်တက်ကြွကြွ အကောင်အထည်ဖော်လိုက်သည်က တော်သေး၏။ ဟိုဟာလုပ်ရမလို၊ သည်ဟာလုပ်ရမလို ဝေခွဲမရ ဖြစ်နေလျှင် ခံရတော့မည် မုချဖြစ်၏။ စစ်မြေပြင်သို့ ဘာသီယာ ရောက်လာလာချင်း ထုတ်ပြန်သည့်အမိန့်မှာ ဒနော့ဝပ်သ်တွင် အင်အားစုစည်းနေခြင်းကို ပယ်ဖျက်လိုက်၍ ရက်တစ္စဘွန်[၁] တွင် ပြင်သစ်တပ်များ အင်အားစုစည်းရန် ဖြစ်လေသည်။ ဒဗိုးက ဒေါကန်ကာ အမျိုးမျိုးပြောသော်လည်းမရ။ နောက်လေးရက်ကြာမှ နပိုလီယံ စစ်မြေပြင်ရောက်လာသောအခါ ပြင်သစ်တပ်များ ဖရိုဖရဲဖြစ်နေ၍ နပိုလီယံ မနည်းပြန်လည်ပြုပြင်ရ၏။ အက်မူးလ်တိုက်ပွဲတွင် နပိုလီယံက မာဆေးနားထံ အမိန့်တစ်ရပ် ထုတ်ပြန်ပို့ပေးခဲ့၍ ယင်းအမိန့်သည် ကမ္ဘာကျော်သွားခဲ့သည်။ "အမြန်ဆုံးလုပ်၊ အမြန်ဆုံးလုပ်ဖို့ မင်းကို ငါ တိုက်တွန်းပါတယ်"[၂]

---

၁။ Ratis Bon
၂။ Activite, Activiti, Vitesse, Je Me Recommande A Vous.

မာဆေးနားကလည်း နပိုလီယံအလိုကျ လုပ်ဆောင်ပေးခဲ့၏။ အက်မူးလ်တိုက်ပွဲမှာ ၅ ရက်ကြာ၍ ၅ ရက်မြောက်နေ့တွင် ရက်တစ္စဘွန်းကို လိန်းစ် ဦးဆောင်သိမ်းပိုက်နိုင်ခဲ့လေသည်။ ရက်တစ္စဘွန်း သိမ်းပိုက်နိုင်ခြင်းမှာ လိန်းစ်၏ အပြောင်မြောက်ဆုံး အောင်မြင်မှုဖြစ်၏။ မြို့နံရံများမှာ မြင့်မားလှ၍ သေချာနိုင်ခံ့စွာ တည်ဆောက်ထားပြီး ရန်သူက စနစ်တကျ ခုခံကာကွယ်ထားကြခြင်း ဖြစ်လေသည်။ ထို့ပြင် နံရံကြီးများ ပြင်ပတွင် ရေအပြည့် ကျုံးတစ်တန်းရှိသေးသဖြင့် တော်ရုံတန်ရုံထိုးစစ်ကို မှုစရာမလိုဟု ခံစစ်ဆင်သူများက တွက်ထားကြလေသည်။ မြို့သိမ်းအမြောက်ကြီးများ စုဆောင်းခြင်း၊ ကျင်းများ ကတုတ်များတူးခြင်း၊ ရိက္ခာလူသစုဆောင်းနေလျှင် အချိန်များစွာကြာမည်။ ယင်းအချိန်အတွင်း ရန်သူတော်မင်းသားကြီးချာစ် သူ့တပ်တော်ကို ပြန်လည်ဖွဲ့စည်းချိန်ရသွားမည်။ မြေပြင်ကို သေချာစွာကင်းထောက်ရာ မြို့တံတိုင်းပြင်ပ ကျုံးနံဘေးတွင် အိမ်လေးတစ်ဆောင်ရှိသည်ကို လိန်းစ် တွေ့ရ၏။ အိမ်နှင့် မလှမ်းမကမ်းတွင် အဆောက်အအုံအချို့ရှိရာ အမြောက်များနှင့် မုန်တိုင်းတပ်အတွက် အရန်သင့်ဖြစ်နေ၏။ လိန်းစ်က အမြောက်တပ်နှင့် မုန်တိုင်းတပ်များကို ယင်းအဆောက်အအုံများသို့ ပို့ပေး၍ အိမ်ငယ်ကို ဖောက်ခွဲဖျက်ဆီးပစ်လိုက်ရာ အုတ်ကျိုးအုတ်ပဲ့များ ကျုံးထဲကျကုန်၍ လမ်းသဖွယ် ဖြစ်သွားလေသည်။ လိန်းစ်က ဗော်လံတီယာ မုန်တိုင်း တပ်အချို့ကို လှေကားများသယ်ဆောင် ရှေ့တက်စေရာ တံတိုင်းပေါ်မှ ခံစစ်ဆင်သူများက ပစ်ခတ်၍ အားလုံးကျဆုံးကြရ၏။ ဒုတိယအသုတ်လွှတ်ပြန်ရာ အားလုံးကျဆုံးကြရပြန်၏။ တတိယအကြိမ် ဗော်လံတီယာခေါ်ရာ မည်သူမျှ မထွက်တော့။ နာမည်ကြီးလှသည့် လိန်းစ်၏ ဂရက်နေဒီယာတပ်မှသူများ တုတ်တုတ်မျှ မလှုပ်တော့။ စစ်သူကြီး လိန်းစ်က မချိပြုံးပြုံးလိုက်၍ "ဟဲ...ဟဲ... ငါလဲ စစ်သူကြီးမဖြစ်ခင် ဂရက်နေဒီယာတပ်သားတစ်ယောက်ပါပဲကွ၊ သေတာဆန်းမှတ်လို့"ဟု ပြောလိုက်ကာ လှေကားတစ်ခုထမ်းပြီး တံတိုင်းဆီသို့ထွက်သွား၏။ ထုံးစံအတိုင်း လိန်းစ်မှာ ရာထူးတံဆိပ် အပြည့်အစုံ စစ်သူကြီးယူနီဖောင်းကြီးနှင့်ဖြစ်၏။ သူ့ဦးစီးအရာရှိများက နောက်လိုက်လာပြီး သူတို့ကူညီပါရစေပြောကြ၏။ သက်တော်စောင့်အရာရှိတစ်ဦးက လှေကားကို သူသယ်ပါရစေပြာ၏။ လိန်းစ်က ခေါင်းခါပြ၏။ ဦးစီးအရာရှိများ၊ သက်တော်စောင့်များက တစ်ဖက် လိန်းစ်ကတစ်ဖက် လှေကားကိုလုနေကြ၏။ ကျန်တပ်သားများ ကြည့်မနေနိုင်တော့။ ဂရက်နေဒီယာတပ်ရင်းကြီးတစ်ခုလုံး လှေကားများရရာ လုကာဆွဲကာ တံတိုင်းကြီးသို့ အပြေးသွားကြ၏။ လှေကားများ ထောင်တက်ကာတရစပ်တိုက်ခိုက်ကြ၏။ စစ်သူကြီးလိန်းစ်က ရှေ့ဆုံးက သူ့နောက်က ဦးစီးအရာရှိများ

သက်တော်စောင့်အရာရှိများ နောက်မှကပ်လျက် ဂရက်နေဒီယာတပ်သားများ၊ ရက်တစ္စဘွန်းမြို့ကို တစ်ပြိုင်တည်းလို ဝင်ရောက်နိုင်ခဲ့ကြလေသည်။ သည်လောက် သတ္တိပြောင်သည့် စစ်သူကြီးလိန်းစ်။

တစ်ခါက သူ့ရဲဘော်တစ်ဦး သတ္တိကြောင်ရပါမလား ဗိုလ်မှူးကြီးတစ်ဦးက ကြိမ်းမောင်းနေသည်ကို လိန်းစ်ကြားသွားပြီး "ဘယ်သူလဲကွ မကြောက်ဘူးဆိုတာ၊ လုံးဝမကြောက်ဘူးဆိုတာ ဝက်ရင်ဖြစ်ရမယ်။ အမှန်သတ္တိကြောင်တဲ့ လူညာရင် ဖြစ်ရမယ်ကွ"ဟု လိန်းစ်က ပြောဖူး၏။ အင်အားစုစည်းခြင်းနှင့်ပတ်သက်၍ ဒဗိုးက မှန်၍ ဘာသီယာမှားကြောင်း တိုက်ပွဲပြီးတော့ နပိုလီယံက ပြောပြ၏။ ဒဗိုးနှင့် ဘာသီယာလည်း တစ်ယောက်ကိုတစ်ယောက် ယခင်ကထက် ပိုမုန်းတီးသွားကြ၏။ ၁၈၀၉ ခုနှစ် မေလ ၁၃ ရက်နေ့တွင် နပိုလီယံ ဒုတိယအကြိမ် ဗီယာနာမြို့တော်တွင်းသို့ အောင်ပွဲခံ ဝင်ရောက်ခဲ့လေသည်။ ရန်သူမြို့တော်ကို သိမ်းပိုက်နိုင်ပြီဖြစ်သော်လည်း ရန်သူတပ်တော်သည် ဒနြူဗ်မြစ်တစ်ဖက်ကမ်းတွင် ရှိနေ၏။ ချာစ်မင်းသားကြီးသည် ဒနြူဗ်မြစ် မြောက်ဘက်ကမ်းတွင် ရှိနေ၍ သူ့တပ်ကို ချေမှုန်းနိုင်ရန် ပြင်သစ်တပ်များသည် မြစ်ကိုဖြတ်ကူးကာ မြစ်ကိုကျောပေး၍ တိုက်ရတော့မည်ဖြစ်၏။ မတိုက်ဘဲ ရှောင်ကြဉ်သင့်သည့် နည်းဗျူဟာအနေအထားတည်း။

သို့သော် မြေအနေအထားအရ ရန်သူက တစ်ပန်းသာနေပါလျက် စွန့်စားတိုက်ခိုက်ရန် နပိုလီယံက ဆုံးဖြတ်ခဲ့လေသည်။ (ထို့ကြောင့်ဖြစ်မည် နပိုလီယံက စိန့်ဟယ်လီနာကျွန်းတွင် သူမသေမီက သူသည် ကမ္ဘာ့ဗိုလ်ချုပ်ကြီးများအနက် အရဲရင့်ဆုံးသူဖြစ်ကြောင်း ပြောခဲ့ဖူး၏။) မေ ၂၁ ရက်နေ့တွင် ဘက်ဆီယာတပ်မကြီးက ဒနြူဗ်မြစ်ကို ဖြတ်ကူးကာ အက်စပန်းနှင့် အက်စလင်းရွာငယ်နှစ်ခုတွင် တပ်စွဲထားလိုက်၏။ တပ်မကြီးတစ်ခုတော့ မြစ်ဟိုဘက်ကမ်းရောက်သွားပြီ။ တပ်မကြီးတွင် စစ်သည် ၁၇၀၀၀ ပါဝင်၏။ ဘက်ဆီယာတပ်မကြီး အထီးတည်းရှိစဉ် ချာစ်မင်းသားကြီးက ဩစတြီးယားတပ်တော်နှင့် ချီတက်လာသော ဘက်ဆီယာတပ်မကြီးအား ဖိတိုက်တော့၏။ ဖိအတိုက်ခံရသော်လည်း ဘက်ဆီယာသည် ကြံ့ကြံ့ခံနေ၏။ နပိုလီယံ အင်ဂျင်နီယာတပ်များက ဗီယာနာဘက်ကမ်းမှ လိုဘောကျွန်းကြီးသို့ ပွန်တွန်းတံတားလေးခု ခင်းနေကြ၏။ လိုဘောမှ ဒနြူဗ်မြောက်ဘက်ကမ်းသို့ နောက်ထပ်ပွန်တွန်းတံတားလေးခု အပူတပြင်းဆောက်လုပ်နေကြလေသည်။ ဘယ်တောင်ပံတွင် မာဆေးနားက အက်စပန်းကို ကာကွယ်ထား၍ ညာတောင်ပံ၌ လိန်းစ်က အက်စလင်းကို ကာကွယ်ထားလေသည်။ လိန်းစ် တံတားများပေါ်မှ ဖြတ်ကျော်သွားသောအခါ မျက်နှာမကောင်းသည်ကို

သူနှင့် တိုက်ဖောက်တိုက်ဖက် ဦးစီးအရာရှိများက သတိထားမိကြ၏။ လိန်းစ်က သူ့တပ်မကြီးဆရာဝန်ကို ဤသို့ပြောသည်ကို ကြားရပြီး ဦးစီးအရာရှိများ စိတ်မကောင်းဖြစ်ကြရ၏။ "ဒေါက်တာကြီး¹ရေ ကျုပ်နောက်ကသာ လိုက်ခဲ့ပေတော့၊ နေးမနေနဲ့၊ ခင်ဗျားကို လိုလိမ့်မယ်ကို ကျွန်တော်ထင်နေတယ်၊ ဒါကျွန်တော့် နောက်ပိတ်ဆုံးတိုက်ပွဲ ဖြစ်လိမ့်မယ်" အက်စလင်းတွင် အခိုင်ခံ့ဆုံး အဆောက်အအုံမှာ ရွာလူထုအားလုံး အသုံးပြုသည့် သီးနှံသိုလှောင်ဂိုဒေါင်ကြီး ဖြစ်လေသည်။ ကျောက်သားဖြင့် ပြုလုပ်ထားသည့် သုံးထပ်အဆောက်အအုံကြီးဖြစ်၏။ လူ ၄၀၀ ကောင်းကောင်းဆန့်ပြီး မြေညီထပ်နံရံမှာ ထုံထဲလှ၍ သံလုံးအမြောက်ဆန် ခံနိုင်၏။

တိုက်ပွဲစောစောပိုင်းတွင် ဘက်ဆီယာအား လိန်းစ်လက်အောက်တွင် ထားခဲ့၍ လိန်းစ်က အုမြူးနေ၏။ မြူရတ်၊ ဘက်ဆီယာ ဆရာတပည့်မှာ လိန်းစ်နှင့် ပြိုင်ဘက်ရန်သူတော်များ မဟုတ်လော။ လိန်းစ်• ငွေသုံးသိန်း ပိုသုံးမိစဉ်က ဘက်ဆီယာက မြူရတ်ကို သွားသတင်းပို့ခဲ့ခြင်းဖြစ်၏။ မြူရတ်က နပိုလီယံကို တိုင်ကြားခဲ့၍ လိန်းစ် မျက်နှာပျက်ခဲ့ဖူး၏။ ယခု ကလဲ့စားချေရမည်။ "ထိရောက်စွာ တိုက်ရန်" ဘက်ဆီယာထံသို့ လိန်းစ်က အထပ်ထပ် ဆက်သားစေလွှတ် အမိန့်ပေးခဲ့၏။ ဘက်ဆီယာ တိုက်ခိုက်နေပုံမှာ ထိရောက်မှုမရှိဟု လိန်းစ်က ဆိုလို၏။ ညနေရောက်သောအခါ သူမသာကိုယ်မသာဖြစ်နေပြီး မြစ်မြောက်ဘက်ကမ်းတွင် ပြင်သစ်တပ်အချို့ ဩစတြီးယားများက ဝန်းရံထားကြ၏။ တိုက်ပွဲကမပြီးသေး ဘက်ဆီယာလည်း စိတ်မရှည်တော့။ သူနှင့် သူ့ဆရာမြူရတ်၏ ရန်သူက သူ့အား တပ်သားများရှေ့မှောက်၌ အကြိမ်ကြိမ် စော်ကားနေပြီဟု ဘက်ဆီယာ ယူဆလိုက်၏။ တစ်ယောက်ကစွပ်စွဲ တစ်ယောက်ကပြန်ပြော၊ တဖြည်းဖြည်း စကားအနိုင်လုရန် ဖြစ်ကြရာမှ ထသတ်ကြတော့မည်ကဲ့သို့ ဖြစ်လာ၏။ နှစ်ဦးစလုံး သူတို့ဓားရိုးပေါ် လက်တင်ထားကြပြီ။ နှစ်ဦးစလုံး ဂါစကွန်နယ်သားများ မဟုတ်လော။ မာဆေးနားက ဝင်ဖျန်ဖြေ၍မရ။ လိန်းစ်နှင့် ဘက်ဆီယာ ဓားချင်းယှဉ်ခုတ်တော့မည် ထလိုက်ကြသောအခါ မာဆေးနားက အသံမာမာဖြင့် "ဟေ့– ဒီမှာ ငါက ဝါရင့်စစ်သူကြီး။ ပြီးတော့ ဒါငါ့နယ်မြေ။ မင်းတို့နှစ်ယောက်စလုံး ဓားကို ဓားအိမ်က မထုတ်ကြရဘူး။ ဒါအမိန့်ပဲ၊ ငါ့ကေရာ်ဘုရင်ကိုယ်စား အမိန့်ပေးနေတယ်" မာဆေးနားက ထဟောက်လိုက်၏။ မာဆေးနား တကယ်ဒေါပွလာလျှင် သူ့မျက်လုံးများကို တော်ရုံလူ မော့မကြည့်ရဲတော့။ ဂါစကွန်နယ်သားနှစ်ဦး ငြိမ်ကျသွားပြီး သမိုင်းတွင် အရုပ်ဆိုး အမည်းကွက်တင်မည့် ရန်ပွဲတစ်ခု ပြီးငြိမ်းသွားခဲ့လေသည်။ ထိုညက ဩဒီနော့တပ်မ

---

၁။ Doctor Lanne Franque



ကြီးနှင့် ဘုရင့်သက်တော်စောင့်တပ်မတို့ မြစ်ကိုဖြတ်ကူးကြ၏။ နံနက် ၃ နာရီတွင် အပြင်းအထန်တိုက်ရပြီး ရွာနှစ်ရွာစလုံး (အက်စပန်းနှင့် အိုက်စလင်း)ကို ပြင်သစ်များ ပြန်လည်သိမ်းပိုက်နိုင်ကြ၏။

သို့သော် နံနက် ၉ နာရီခန့်တွင် ပွန်တွန်းတံတားများ မီးဟုန်းဟုန်းတောက်လောင်နေသည်ကို ပြင်သစ်တပ်များ တွေ့ရလေသည်။ ဩစတြီးယားတို့က မြစ်ညာမှ ဖောင်များလှေများ မီးရှို့မျှောချသဖြင့် ပွန်တွန်းတံတားများ မီးစွဲလောင်ရခြင်း ဖြစ်လေသည်။ ယခုအခြေအနေမှာ ပြင်သစ်တပ်ဖော် လုံးဝပျက်စီးချေမှုန်းခံရတော့မည်ကဲ့သို့ရှိနေ၏။ အကယ်၍သာ ပွန်တွန်းတံတားများ ပြင်ဆင်မပြီးခင် အက်စပန်းနှင့် အက်စလင်း ရန်သူလက် ကျရောက်သွားပါက နပိုလီယံတပ်တော် အဖတ်ဆယ်ရရန် လမ်းမမြင်တော့။ ပြင်သစ်ခြေလျင်တပ်များက ဇွဲကောင်းကောင်းတိုက်ခိုက်ပြီး အင်ဂျင်နီယာများက ကျည်ဆန်မိုးရွာနေသည့်ကြားက တံတားများကို ပြုပြင်ခဲ့ကြသောကြောင့်သာ ပြင်သစ်တပ်တော် ကိစ္စမချောခြင်း ဖြစ်လေသည်။ ဩစတြီးယားတပ်များကသာ အနိုင်မခံ အရှုံးမပေး ရှုပ်ရှုပ်ချုံချုံ တိုက်ခိုက်လျှင် ဝါတာလူးတိုက်ပွဲပင် လိုတော့မည်မဟုတ်ဟု စစ်သမိုင်းဆရာများက ရေးကြ၏။ နေ့လယ် ၁၁ နာရီ၌ အက်စပန်းကို ဩစတြီးယားတို့က ပြန်ရသော်လည်း အက်စလင်းခံစစ်ကို မည်သို့မျှ မထိုးဖောက်နိုင်ချေ။ ပြင်သစ်ကိုယ်ရံတော်တပ်က စစ်ကူအဖြစ် ရောက်လာသောအခါ ရွာနှစ်ရွာစလုံးမှ ဩစတြီးယားများ ပြန်လည်ဆုတ်ခွာသွားကြလေသည်။ ပွန်တွန်တံတားများ ပြင်ဆင်ပြီးသောအခါ မာဆေးနားက လိုဘောကျွန်းတွင် နောက်ချန်တပ်အဖြစ် ရန်သူကို ခုခံထားပြီး နပိုလီယံတပ်တော် ဒန့်ဖြူမြစ်တောင်ဘက်ကမ်းသို့ ပြန်လည်ဆုတ်ခွာလာကြလေသည်။

နပိုလီယံတပ်များ တိုက်တိုင်းအောင်မဟုတ်ကြောင်း ဇွဲနပဲဖြင့် ခုခံတိုက်ခိုက်လျှင် ပြင်သစ်များကို အောင်ပွဲခံနိုင်ကြောင်း၊ ပထမ ရုရှတို့က ပြသခဲ့ကြပြီး ယခု ဩစတြီးယားများကပါ သာဓကထူနိုင်ခဲ့ပြန်ပြီ။ ပြင်သစ်များကို ဩစတြီးယားတပ်များက အောင်မြင်စွာ ခုခံတွန်းလှန်လိုက်သည့် သတင်းများ ဥရောပတစ်ခွင်တွင် ပျံ့နှံ့သွားပြန်ပြီ။ နပိုလီယံနှင့် ပြင်သစ်တပ်များအပေါ် အရိပ်မည်းကြီး ကျရောက်နေလေပြီ။ အက္စပန်း အက္စလင်း တိုက်ပွဲတွင် နပိုလီယံ စစ်သူကြီးများအနက် အထင်ရှားဆုံး၊ သတ္တိအပြောင်မြောက်ဆုံးတစ်ဦးဖြစ်သူ စစ်သူကြီးလိန်းစ် ကျဆုံးခဲ့ရလေသည်။ လိန်းစ် ကြိုတင်နိမိတ်ဖတ်သလို ပြောဆိုခဲ့ခြင်းမှာ မှန်ကန်ခဲ့လေပြီ။ တိုက်ပွဲဒုတိယနေ့တွင် တပ်မမှူးတစ်ဦး ကျဆုံးသွားရာ တန်ပြန်ထိုးစစ်ကို လိန်းစ်ကိုယ်တိုင် ဦးဆောင်တိုက်ခိုက်ခဲ့၏။ တိုက်ပွဲ ဦးမဆောင်မီ လိန်းစ်က ဤသို့ ရယ်မောပြောဆိုခဲ့သေး၏။ "မာရင်ဂိုးက ပြန်ဆုတ်ရတော့ ဒီလို

ကျည်ဆန်တွေ မိုးသီးမိုးပေါက် ပစ်ခတ်နေတုန်းမှာပဲ ငါ ဦးဆောင် ခွာစစ်ဆင်ခဲ့တာပဲကွ" ဤသို့ပြောဆိုပြီး မကြာမီ လိန်းစ် ဒဏ်ရာရခဲ့လေသည်။ လိန်းစ်ငယ်စဉ်က ဗေဒင်ဆရာတစ်ဦးက သူ့ကံကြမ္မာကို ဤသို့ဟောပြောခဲ့ဖူး၏။ "လိန်းစ်သည် ထင်ရှားကျော်ကြားသည့် စစ်ခေါင်းဆောင်တစ်ဦး ဖြစ်လာပြီး ကြူရိန်းကဲ့သို့ပင် အမြောက်ကျည်သင့်၍ သေဆုံးလိမ့်မည်" ဗေဒင်ဆရာ သွေးထွက်အောင်မှန်သည် ဆိုရမည်။ ယခု လိန်းစ် သေလောက်သည့်ဒဏ်ရာရခြင်းမှာ သံလုံးအမြောက်ကျည် တည့်တည့်ကြီး မှန်ခဲ့သောကြောင့်ဖြစ်၏။ ရိုးရိုးကျည်များ သင့်စဉ်က သူ၏ ထူးဆန်းသော အရိုးတည်ဆောက်ပုံက သူ့အသက်ကို ကယ်ဆယ်ခဲ့သော်လည်း ယခု သံလုံးအမြောက်ဆန်ကိုမူ ဘာကမှ မကယ်နိုင်တော့ချေ။ ဒူးသွင်သွင်ကျိုးသွား၏။ လိန်းစ်အား တံတားဦးနေရာတစ်ခုသို့ သယ်သွားကြပြီး ခွဲစိတ်ဆရာဝန် ဗိုလ်ချုပ်ကြီးလယ်ရီက လိန်းစ်အား ချက်ချင်း ဒူးအထက်မှဖြတ်၍ ကုသ၏။ ဆေးရုံ၌ လေးရက်တက်ရောက်ကုသရစဉ် လိန်းစ်သည် ကြည်ကြည်လင်လင် ရွှင်ရွှင်ပျပျ နောက်ပြောင်နေခဲ့သေး၏။ သူ့ကိုယ်ရေးအရာရှိတစ်ဦးအား ဗီယာနာမှ ခြေတုလုပ်သူထံ စာရေးသားစေ၍ ခြေတုပြုလုပ်ရန် သူ့ခြေထောက်ကို လာ၍ အတိုင်းယူပါဟု စာတွင်ဖော်ပြထား၏။ သို့သော် ၅ ရက်မြောက်တွင် လိန်းစ် အဖျားဝင်ဖောက်လာပြီး သတိလစ်သွား၏။ သူ၏ နောက်ဆုံးတိုက်ပွဲ တိုက်နေ၏။ အော်ဟစ်အမိန့်များပေးနေပြီး ဆက်သားများအား ဟိုဟိုသည်သည် စေလွှတ် သတင်းများပို့နေသေး၏။ ဤသို့ စစ်သူကြီးလိန်းစ် ကယောင်ကတမ်းအော်ဟစ် 'တိုက်ပွဲတိုက်'နေသည်ကို နပိုလီယံ-နာရီဝက်မျှ လာကြည့်သွား၏။ နောက်တစ်နေ့ နံနက် ၆ နာရီခွဲတွင် နပိုလီယံ ဆေးရုံသို့ လာရောက်၍ ဆရာဝန်များကိုဖယ်ရှားပြီး အသက်ငင်နေသော ဂိုင်းလိန်းစ်အား လာကြည့်သွားသေး၏။ ဂတ်စ်ကိုလိုနီလက်တိုအားမှ အလုပ်သင် ဆေးဆိုးသမား လိန်းစ်၊ အီတလီ၊ အီဂျစ်၊ စိန့်ဂိုင်ဒီအောကာ၊ ဘရှမဲတင်း၊ စိန့်ဘားနဒ် ဖြတ်သန်းစဉ် မွန်တီဘဲလိုး မာရင်ဂိုးတိုက်ပွဲများတွင် သူနှင့်အတူ ရှပ်ရှပ်ခုံခုံ တိုက်ခိုက်ခဲ့သူ ဂိုင်းလိန်းစ် ဧကရာဇ်ဘုရင် နပိုလီယံ ရှေ့မှောက်မှာပင် အသက်ထွက်သွားခဲ့ပါပြီ။ နှစ်ရက်တိုက်ပွဲတွင် ပြင်သစ် ၂၀၀၀၀ ကျဆုံးခဲ့ရ၍ ဒဏ်ရာရသူများသည် တံတားများ ဖြတ်ကူးရာ၌ အကြီးအကျယ် ဝေဒနာ ခံစားကျဆုံးခဲ့ကြရသည်။

တပ်မကြီးသုံးခုသည် သူတို့တပ်မကြီးမှူးများ စရိုက်နှင့်အကြိုက်ကို ထင်ဟပ်နေ၏။ အလှအပကြိုက်သူ အတ္တကြီးမားသူ မာဆေးနားတပ်မကြီး၌ သူနာပြုတပ် လုံးဝမပါရှိခဲ့ချေ။ ရိုးသားပြီး အရည်အချင်းမပြည့်ဝသည့် ဩဒီနော့ တပ်မကြီးတွင် လူထက်ဝက်၊ စစ်ပစ္စည်းထက်ဝက်ဖြစ်သဖြင့် ဖြည်းဖြည်းလေးလေးသော

လှုပ်ရှားနိုင်၏။ စစ်စည်းကမ်းကြီးပြီး အမြော်အမြင်ကြီးသည့် ဒရိုးတပ်မကြီးတွင်ကား ရာနှုန်းပြည့် သူနာပြုများ၊ ရာနှုန်းပြည့်ဆရာဝန်များနှင့် ဖြစ်ပေသည်။ ဒဏ်ရာရသူ များပြားလွန်းရကား ဆရာဝန်ဗိုလ်ချုပ်ကြီး လယ်ရီ အမျိုးမျိုးကြံရဖန်ရ၏။ မြင်းတပ်ကြီး (HEAVY CAVALRY)မှ ကျဆုံးသူများ၏ သံချပ်အင်္ကျီများကို အရည်ကျိုစေကာ ပန်းကန်ပြားများ ပြုလုပ်၍ မြင်းသားစွပ်ပြုတ်ထည့်ပြီး လူနာများအား တိုက်ကျွေး၏။ နပိုလီယံက ဆရာဝန်ချုပ် လယ်ရီအား နယ်စားကြီး ခန့်အပ်ခဲ့လေသည်။ မေလကုန်နှင့် ဇွန်လတစ်လလုံး နပိုလီယံနှင့် သူ၏နာမည်ကြီးစစ်သူကြီး ၅ ဦး လိုဘောကျွန်းတွင် ဆက်လက်စခန်းချနေရ၏။ ရန်သူတော် ချားစ်မင်းသားကြီးက ဒန့်ဖြူတစ်ဖက်ကမ်းမှ ပြင်သစ်တပ်များအား မျက်ခြည်မပြတ် စောင့်ကြည့်နေ၏။ စပိန်မှ သတင်းများကလည်း လုံး၀ အားရဖွယ်မရှိ၊ လုပ်ကြံ သတ်ဖြတ်မှုများ၊ ချောင်းမြောင်းတိုက်ခိုက်မှုများ၊ ဆရာဘိုဆာ ဝန်းရံတိုက်ခိုက်ရန် ခက်ခဲပြီး ပြင်သစ်တပ်များ ရိက္ခာပြတ်လတ်နေပုံ စုံနံ့သာမြိုင်နေအောင် သတင်းဆိုးများ ကြားနေရ၏။ သည်သတင်းတွေ ဆက်ရောက်နေလို့မဖြစ်။ ထို့ကြောင့် လိုဘောကျွန်းပေါ်၌ စစ်ပုလိပ်ချုပ်တာဝန် ထမ်းဆောင်နေသည့် ဒရိုးက စပိန်မှစာအားလုံးကို ဆင်ဆာလုပ်၏။ အချို့ကို ဖျက်ဆီးပစ်၏။ ကျွန်းငယ်ပေါ်၌ ပိတ်မိသလိုဖြစ်နေ၍ မည်သူတွေ စိတ်ဓာတ်ကျနေစေကာမူ ဧကရာဇ်ဘုရင် နပိုလီယံကတော့ ဘယ်တော့မှ အလုပ်နဲ့လက် ပြတ်သည်မရှိ။ ပြင်သစ်ရေတပ်ကို အဘူကာပင်လယ်ကွေ့၌ နယ်ဆင်ဗြိတိသျှရေတပ်က ဖျက်ဆီးပစ်လိုက်စဉ်က ပြင်သစ်တပ်တော်မှ လူများမှာ စိတ်ဓာတ်ကျဆင်းနေသော်လည်း နပိုလီယံ တရစပ် အလုပ်လုပ်ခဲ့သလို ယခုလည်း ဇယ်ဆက်သလို နပိုလီယံ အလုပ်လုပ်သည်ကို တွေ့ကြရ၏။

အတွင်းရေးမှူးများက နပိုလီယံ နှုတ်မှချပေးသည်ကို ဆက်တိုက် ရေးချွတ်နေရသလို သူ့တပ်မမှူးကြီးများကိုလည်း တပ်တော် ပြန်လည်ဖွဲ့စည်းရေးအတွက် မနားတမ်း ခိုင်းစေခဲ့၏။ မြင်းသည်တော်များကို အရပ်မျက်နှာအနှံ့ စေလွှတ်၍ စစ်သားများ စုဆောင်းစေ၏။ ယူနီဖောင်း၀တ်ဖူးသူ၊ သေနတ်ကိုင်ဖူးသူ ပြင်သစ်အမျိုးသားမှန်သမျှ စစ်သားဖြစ်ရမည်။ မကြာမီ ဥရောပ နေရာအနှံ့အပြားမှ လိုဘောကျွန်းသို့ စစ်ကူများ တဖွဲဖွဲရောက်လာပါပြီ။ အရေးကြီးဆုံးကား အယ်လီရီယားမှမာမွန့် သူ့တပ်မကြီးနှင့် စစ်ကူရောက်လာခြင်းဖြစ်လေသည်။ သူ့အင်အားသူ စိတ်ချတော့မှ နပိုလီယံ ဒန့်ဖြူမြစ် ဖြတ်ကူးရန် စီစဉ်တော့၏။ တစ်ညနေတွင် တစ်ဖက်ကမ်းမှ ဩစတြီးယားတပ်များက ပြင်သစ်ဆာကျင်နှစ်ဦး အခြားဘက်ကမ်းတွင် ရေဆင်းချိုးသည်ကို တွေ့နေရ၏။ သို့သော် ရေချိုးတာ ဘာအန္တရာယ်မှ

မရှိ အေးအေးဆေးဆေး ချိုးပါစေ။ အကယ်၍သာ ယင်းတပ်ကြပ်ကြီးနှစ်ဦးမှာ မြစ်ကူးတံတားဆောက်လုပ်ရန် ကင်းထောက်နေရာ ရွေးချယ်နေသော နပိုလီယံနှင့် မာဆေးနားမှန်း သိရလျှင် ဩစတြီးယားတပ်များ ကျည်ဆန်မှန်သွားအောင် ပစ်တော့မည် ဖြစ်ပေ၏။ မြစ်ကူးတံတားကို အမြန်ဆုံးဆောက်လုပ်ပြီး ၁၈၀၉ ခုနှစ် ဇူလိုင်လ ၄ ရက်နေ့၌ မှန်တိုင်းကြီးကျနေစဉ် ပြင်သစ်တပ်များ ဒန်ဖြူဗ်မြစ်ကို တစ်ဖန် ဖြတ်ကူးကြပြန်လေသည်။ ၅ ရက်နေ့၌ မတ်ချ်ဖဲလွင်ပြင်[၁] တွင် ပြင်သစ်စစ်သည် ၁၆၅၀၀၀ စုမိကြပြီ။ ၁၂၇၈ ခုနှစ်က ရုဒေါ့ဖ်ဘုရင်ကြီး[၂]သည် ယင်းစစ်မြေပြင်မှာပင် အောင်ပွဲခံ၍ ဟက်ပ်စ်ဘက်နန်းဆက် ထူထောင်ခဲ့ခြင်းဖြစ်၏။ ဒဗိုးက ညာတောင်ပံ၊ မာဆေးနားက ဘယ်တောင်ပံတွင် ဖြစ်လေသည်။ သို့သော် ဝါဂရမ်[၃] တိုက်ပွဲ အဆုံးအဖြတ်ပေးသည့်နေရာမှာ ဘယ်ညာတောင်ပံများတွင် မဟုတ်ဘဲ ဧကရာဇ်ဘုရင် နပိုလီယံဦးစီးသည့် အလယ်စစ်မျက်နှာတွင် ဖြစ်တော့၏။ ယင်း(အလယ်) စစ်မျက်နှာ၌ သူနိုင်ငါနိုင် အပြိုင်ကြဲနေကြစဉ် ဘတစ်ပြန် ကျားတစ်ပြန်ဖြစ်နေကြစဉ် နပိုလီယံသည် သူပိုင်နိုင်သည့် အမြောက်များကို စနစ်တကျအသုံးပြု၍ အောင်ပွဲခံနိုင်ခဲ့လေသည်။

မိမိတို့ အောင်နိုင်တော့မည်ယူဆပြီး ရှေ့တန်းတက်လာသော ဩစတြီးယန်း၊ အလယ်စစ်မျက်နှာကို နပိုလီယံက အမြောက်အလက် ၁၀၀ ဖြင့် စုပြုံပစ်ခတ်ပြီး မက်ဒေါ်နယ်ဦးစီးသည့် ပြင်သစ်တပ် ၃၆၀၀၀ ကို နပိုလီယံကိုယ်တိုင် ဦးဆောင်တိုက်ခိုက် အောင်ပွဲခံခဲ့ခြင်းဖြစ်လေသည်။ လိန်းစ်နေရာ ဆက်ခံခဲ့သူ အော်ဒီနော့သည် ဝါဂရမ်ရွာထဲသို့ ဝင်ရောက်ခဲ့သည့် ပထမဆုံး ပြင်သစ်စစ်သည် ဖြစ်တော့၏။ ဝါဂရမ်တိုက်ပွဲ၌ ဘက်ဆီယာ ခေါင်းတွင် ဒဏ်ရာရခဲ့ပြီး မြင်းသည်တော် ဗိုလ်ချုပ် လဆာလ် ကျဆုံးခဲ့ရ၏။ အပေါ့စားမြင်းတပ် ဗိုလ်ချုပ် လဆာလ်သည် ဝါဂရမ်တိုက်ပွဲအပြီး ရန်သူဩစတြီးယား မင်းသားကြီးချာစ် ဆုတ်ခွာသွားတော့မှ အဝေးက ရန်သူပစ်ခတ်သည့် ကျည်သင့်ကျဆုံးခဲ့ရခြင်း ဖြစ်လေသည်။ သည်တိုက်ပွဲသည် သူ့နောက်ဆုံးတိုက်ပွဲ ဖြစ်မည်ဖြစ်ကြောင်း ဒန်ဖြူဗ်မြစ်ဖြတ်ကူးစဉ်က လဆာလ်က သူ့ရဲဘော်များအား ပြောကြားသွားခဲ့သေး၏။ ကျဆုံးချိန်၌ အသက် ၃၄ နှစ်သာရှိသေးပြီး လဆာလ်ဗိုလ်ချုပ်ကြီးရာထူးရသည်မှာ လေးနှစ်သာ ရှိပေသေးသည်။ ပြင်သစ်တပ်များ အသည်းစွဲမြင်းစစ်သည်ကျော် လေးဦးအနက် နှစ်ဦး(ကိုလ်ဘတ်နှင့် လဆာလ်) ကျဆုံးခဲ့ရပြီဖြစ်ပြီး စိန်ကရှိုက်နှင့် မွန်ဘရွတ်သာ ကျန်တော့၏။ ဝါဂရမ်အောင်ပွဲကို တကယ့်အောင်ပွဲဟု

---

၁။ March Feld

၂။ King Rudolf

၃။ Wagram

ခေါ်နိုင်မည်မဟုတ်။ ရန်သူတော်မင်းသားကြီး ချာစ် စနစ်တကျ ပြန်လည်ဆုတ်ခွာသွားနိုင်သောကြောင့်တည်း။ တိုက်ပွဲပြီးလျှင်ပြီးချင်း ဧကရာဇ် နပိုလီယံသည် မက်ဒေါ်နယ်ထံ မြင်းစီးသွားပြီး စစ်သူကြီးလက်ကိုင်တုတ် (BATON)ကို ပေးအပ်လိုက်ခြင်းဖြင့် မက်ဒေါ်နယ်အား စစ်သူကြီးရာထူး တိုးမြှင့်ပေးအပ်ခဲ့၏။ စစ်မြေပြင်တွင် ရရှိခဲ့သော စစ်သူကြီးရာထူးတည်း။ မက်ဒေါ်နယ် စစ်သူကြီးရာထူးမှာ ကန့်သတ်ချက်ရှိသည်ဆိုရမည်။ အခြားစစ်သူကြီးများကို ပြင်သစ်အင်ပိုင်ယာ၏ စစ်သူကြီးများ[၁]ဟု ခေါ်ဆိုသော်လည်း မက်ဒေါ်နယ့်ရာထူးမှာ ပြင်သစ်နိုင်ငံ၏ စစ်သူကြီး[၂]ဖြစ်၏။ မက်ဒေါ်နယ်၏ ဖခင်သည် ၁၇၄၅ ခုနှစ် စကော့တလန်ပုန်ကန်မှု (အင်္ဂလိပ်ဘုရင်အား ပြန်လည်ပုန်ကန်တိုက်ခိုက်မှု)၌ ပါဝင်ခဲ့ပြီး စကော့မင်းသားချားစ် အရေးနိမ့်သောအခါ ပြင်သစ်နိုင်ငံသို့ ပြေးလာခဲ့ပြီး ပြင်သစ်ဘုရင်အမှုတော်ကို ထမ်းဆောင်ခဲ့ခြင်းဖြစ်လေသည်။

(စစ်သူကြီးဖြစ်လာမည့်)သား အီတိုင်းမက်ဒေါ်နယ်[၃]ကို ၁၇၆၅ ခုနှစ်၌ ပြင်သစ်နိုင်ငံတွင် ဖွားမြင်ခဲ့၏။ ၁၇၉၂ ခုနှစ် ဗာမီလ်တိုက်ပွဲပြီးသောအခါ မက်ဒေါ်နယ် ဒုဗိုလ်မှူးကြီးဖြစ်လာ၍ နောက်တစ်နှစ် (၁၇၉၃)တွင် ဗိုလ်ချုပ်ကြီး ဖြစ်လာခဲ့လေပြီ။ ၁၇၉၈ ခုနှစ်က နေပေါလ်နှင့် ရောမမြို့တော်တို့တွင် အမှုထမ်းခဲ့၍ ထရက်ဘီယာတိုက်ပွဲတွင် ရုရှဗိုလ်ချုပ်ကြီး ဆူဘိုရော့ဗ်က မက်ဒေါ်နယ်တပ်တော်ကို အောင်နိုင်ခဲ့ပြီး မက်ဒေါ်နယ်သက်တမ်းတစ်လျှောက်လုံး စုဆောင်းခဲ့သည့် အနုပညာလက်ရာများ ရုရှတပ်များနောက်သို့ ပါသွားခဲ့ရ၏။ ၁၈၀၀ ပြည့်နှစ်တွင် စပလူဂင်တောင်ကြား[၄]ကို ဆောင်းတွင်းကြီးတွင် မက်ဒေါ်နယ်၏ တပ်မကြီး ကျော်ဖြတ်တိုက်ခိုက်သည့် တိုက်ပွဲမှာ နာမည်ကြီးလှပြီး နပိုလီယံ စိန့်ဘားနဒ်တောင်ကြား ဖြတ်ကျော်သည်နှင့် တူညီသည်ဟု အချို့စစ်သုတေသီများက တင်စားပြောဆိုကြ၏။ သူသည် ရိုးသားဖြောင့်မတ်သူမှန်သော်လည်း လိုအပ်ပါက သခင်တစ်ဦးမှ နောက်တစ်ဦးသို့ ပြောင်းလဲအမှုထမ်းဆောင်ရန် ဝန်လေးသူမဟုတ်ချေ။ တော်လှန်ရေးမတိုင်မီက ဘုရင်လိုလားသူဖြစ်ပြီး တော်လှန်ရေးပြီးသောအခါ စိတ်အားထက်သန်သည့် ပြည်ထောင်စုဘက်တော်သား ဖြစ်လာ၏။ နပိုလီယံ အာဏာသိမ်းပိုက်စဉ်က နပိုလီယံ အမှုတော်ထမ်းဆောင်ခဲ့ပြီး နောက်နှစ်နှစ်ကြာသောအခါ မက်ဒေါ်နယ်သည် ပြည်ထောင်စုဘက်တော်သား ဖြစ်လာပြန်၏။ မော်ရိုးနှင့် ကြံရာပါဖြစ်သည်ဟု အများကယုံကြည်ကြ၍ နပိုလီယံကို ဖြုတ်ချရန်ကြံစည်သူဟု စွပ်စွဲပြောဆိုခြင်းခံခဲ့ရ၏။ မော်ရိုးအား (အမေရိကန်သို့) ပြည်နှင်

---

၁။ Marshals of Empire
၂။ Marshal of France
၃။ Etienne Mecdonald
၄။ Splugen Pass

ဒဏ် ပေးလိုက်၍ ၅ နှစ်တာမျှ မက်ဒေါ်နယ်သည် စစ်တပ်မှ အနားယူခဲ့ရသေး၏။ ၁၈၀၉ ခုနှစ်တွင် မက်ဒေါ်နယ် ပြင်သစ်တပ်မတော်၌ ပြန်လည်အမှုတော်ထမ်းဆောင်ခွင့်ရခဲ့ပြီး ယခုစစ်သူကြီးတစ်ဦး ဖြစ်လာခဲ့ပေပြီ။

ဝါဂရမ်တိုက်ပွဲအပြီး နောက်နှစ်ပတ်ကြာသောအခါ မာမွန့်စစ်သူကြီးရာထူးတိုးမြှင့်ပေးခြင်း ခံခဲ့ရ၏။ မာမွန့်မှာ နပိုလီယံ၏ ငယ်ပေါင်းရဲဘော်တစ်ဦးဖြစ်လေသည်။ ၁၇၉၂ ခုနှစ်က မာမွန့်ဗိုလ်လောင်းဘဝတွင် (အမြောက်တပ်) စစ်ဗိုလ်ကလေး နပိုလီယံနှင့် စတင်သိကျွမ်းခဲ့ကြခြင်း ဖြစ်လေသည်။ ၁၇၉၄ ခုနှစ်၌ နပိုလီယံနှင့်အတူ တလွန်ဝန်းရံတိုက်ခိုက်ခြင်းတွင် မာမွန့်ပါဝင်ခဲ့ပြီး ၁၇၉၆ ခုနှစ် နပိုလီယံ အီတလီတပ်တော် ဗိုလ်ချုပ်ကြီး ဖြစ်လာသောအခါ မာမွန့်ပါ ယင်းတပ်တော်တွင် အမှုထမ်းခဲ့၏။ အာကိုလာတိုက်ပွဲ၌ နပိုလီယံအား မြောင်းထဲမှ ဆွဲထုတ်ခဲ့သူများအနက် မာမွန့်မှာ တစ်ဦးအပါအဝင်ဖြစ်ပြီး အီဂျစ်မှ ပြင်သစ်နိုင်ငံသို့ ပြန်လည်တပ်ခေါက်ရန် နပိုလီယံသည် မာမွန့်အား ပထမဆုံး ဖွင့်ဟတိုင်ပင်ခဲ့ခြင်းဖြစ်၏။ နပိုလီယံ အာဏာသိမ်းပွဲတွင် မာမွန့်က အမြောက်တပ်ကို အုပ်ချုပ်ခဲ့ရ၏။ စိန်ဘားနဒ်တောင်ကြား ဖြတ်ကျော်ခဲ့စဉ်က မာမွန့်အုပ်ချုပ်ကွပ်ကဲမှုဖြင့် အမြောက်များကို တောင်ကြားလမ်းမှ ခက်ခက်ခဲခဲယူဆောင်နိုင်ခဲ့ခြင်း ဖြစ်လေသည်။ မာရင်ဂိုတိုက်ပွဲ၌ မာမွန့်အမြောက် ၅ လက်ဖြင့် အောင်ပွဲခံနိုင်ခဲ့ပုံကို ဖော်ပြခဲ့ပြီး ဖြစ်ပါသည်။ မာရင်ဂိုအပြီး ပြင်သစ်တပ်မတော်တစ်ခုလုံး အမြောက်များ တစ်ပုံစံတည်းဖြစ်ရေး ပြန်လည်ဖွဲ့စည်းမှုကို နပိုလီယံက မာမွန့်အား တာဝန်ပေးခဲ့လေသည်။ ပြင်သစ်တပ်မတော် အမြောက်များ သူ့အမျိုးအစားနှင့် သူ ပုံစံတူဖြစ်လာပြီး စစ်ဆင်ရေးတွင် များစွာထိရောက်မှု ရှိလာသည်မှာ မာမွန့်ကျေးဇူးဖြစ်၏။ ဥရောပတွင် စပိန်နိုင်ငံမှအပ ကျန်နိုင်ငံများသည် ၆ ပေါင်ဒါအမြောက်များကို စစ်မြေပြင်အမြောက်အဖြစ် အသုံးပြုကြသဖြင့် မာမွန့်သည် ပြင်သစ်တပ်မတော် စစ်မြေပြင်ပစ်အမြောက်အဖြစ် ၆ ပေါင်ဒါအမြောက်များကို ရွေးချယ်ခဲ့၏။ ဤကဲ့သို့ ပြုလုပ်ခဲ့ခြင်းကြောင့် အကျိုးရှိခဲ့ပုံကို အောက်ပါသာဓကဖြင့် သိနိုင်ပါသည်။ ၁၈၀၀ ပြည့်နှစ်က မီလန်ကို ပြင်သစ်တပ်တော်က သိမ်းပိုက်ပြီး ရန်သူ့လက်နက်တိုက်များကို သိမ်းပိုက်နိုင်ခဲ့သော်လည်း ပြင်သစ်တပ်တော်က ရန်သူ့အမြောက် ၅ လက်ကိုသာ အသုံးပြုနိုင်ခဲ့၏။ ကျန်အမြောက်များမှာ အမျိုးအစားမတူသောကြောင့် သုံးမရခဲ့ချေ။ ၁၈၀၅ ခုနှစ် ၁၈၀၉ ခုနှစ်များ၌ (မာမွန့် ပြင်သစ်တပ်မတော်အမြောက်များ စနစ်တကျ ပြန်လည်ဖွဲ့စည်းပြီးသောအခါ) ရန်သူ့မြို့တော် ဗီယာနာကို သိမ်းပိုက်အပြီး ရန်သူ့လက်နက်တိုက်များမှ အမြောက်များကို ထုတ်ယူ၍ ပြင်သစ်တပ်တော်အား လက်နက်တပ်ဆင်

နိုင်ခဲ့လေသည်။ ၁၈၀၅ ခုနှစ် စစ်အပြီး မာမွန့်အား နပိုလီယံက ဒါမေရှားပြည်နယ်များအား အုပ်ချုပ်ကွပ်ကဲရန် တာဝန်ပေးအပ်ခဲ့၏။

မာမွန့် သူ၏အုပ်ချုပ်မှုစွမ်းရည်များ ပြသနိုင်ပေပြီ။ အဆောက်အအုံသစ်များဆောက်လုပ်ခြင်း လမ်းများဖောက်လုပ်ခြင်းများ စောက်ချပြုလုပ်ခဲ့၏။ "မာမွန့်မရောက်မီက ဒါမေရှားတွင် လမ်းတွေမရှိ။ မာမွန့်လဲ သူ့မြင်းပေါ်တက် အလုပ်လုပ်ပြီး သူလဲ သူ့မြင်းပေါ်ကဆင်းရော လမ်းတွေ ဥဒဟိုပေါက်ကုန်တော့တာပါပဲ"ဟု ဒါမေရှားတောသူတောင်သားများ ပြောစမှတ်ပြုကြ၏။ ဒါမေရှားတွင်ယခင်က လမ်းများမရှိခြင်းမှာ အကြောင်းရှိ၏။ သူတို့နယ်မြေကို ပင်လယ်မှရန်သူများကိုသာ ကာကွယ်နေကြရသဖြင့် လမ်းမရှိသော်လည်း ကမ်းရိုးတန်းကိုကာကွယ်ထားနိုင်၏။ ယခု မာမွန့်သည် ဒါမေရှားကို ကြည်းကြောင်းမှ ရန်သူများအားမှပါ ကာကွယ်ရမည်ဖြစ်ရာ လမ်းမရှိ၍မဖြစ်။ ထို့ကြောင့် မာမွန့် လမ်းများအပူတပြင်း ဖောက်လုပ်ခဲ့ခြင်းဖြစ်လေသည်။ စစ်ရေးနှင့်ပတ်သက်၍ မာမွန့်၏ပြုပြင်ပြောင်းလဲမှုများ တီထွင်မှုများမှာ များပြားလှ၏။ ဒါမေရှားမြို့ကြီးများတွင်ရိက္ခာ၊ လက်နက်ကျည်များ ဂိုဒေါင်များ ဖွင့်လှစ်ထားခဲ့၍ ဆက်သွယ်ရေးလမ်းကြောင်းကို အမှီမပြုဘဲ ချီတက်တိုက်ခိုက်နိုင်အောင် စီစဉ်ခဲ့၏။ ယခင်ကရေဝပ်သည့်နေရာများ၊ ဗွက်အိုင်များ၊ စိမ့်စမ်းများကို မြေဖို့ခြင်း၊ ရေကာတာများ ဆောက်လုပ်ခြင်း၊ ဆေးရုံများ ကျောင်းများ ဖွင့်လှစ်ခြင်းဖြင့် ဒါမေရှားဒေသဘယ်တုန်းကမှနှင့်မတူအောင် တိုးတက်ဖွံ့ဖြိုးလာခဲ့၏။ ရှေးမြို့တော်ကြီးဖြစ်သည့်ရာဂူဆာ[၁] အတွက်လည်း မာမွန့်က ဖွဲ့စည်းပုံ ရေးဆွဲပေးခဲ့သေး၏။ နပိုလီယံကစစ်သူကြီးမာမွန့်အား ရာဂူဆာ မြို့စားကြီး ခန့်အပ်ခဲ့၏။ ထို့ပြင် ဒါမေရှားဖွံ့ဖြိုးမှုလုပ်ငန်းများကို ဧကရာဇ်ဘုရင် နပိုလီယံက သဘောကျသွားပြီး မာမွန့်အားအီလီရီယားသို့ စေလွှတ်၍ အလားတူ ဖွံ့ဖြိုးမှုလုပ်ငန်းများ ပြုလုပ်စေ၏။ အီလီရီယား ဖွံ့ဖြိုးမှုလုပ်ငန်းများ ပြုလုပ်ရာ၌ တူရကီပါရှားများက ကြားဝင်ရှုပ်နေ၍ပါရှားများကို မာမွန့်က အပြတ် ရက်ရက်စက်စက် နှိမ်နင်းခဲ့ရာ နှောင်နှစ်ပေါင်းများစွာကြာသည်အထိ မာမွန့်ဆိုသည့်အမည်မှာ အီလီရီယားတွင် ကျော်စိမ့်ရသည့်အမည်ဖြစ်လာခဲ့သည်။ မိခင်များက သားငယ်သမီးငယ်များအား "မာမွန့်ကြီးလာလိမ့်မယ်"ဟု ပြောဆိုခြောက်လှန့်ခဲ့ကြသည်ဟူသတည်း။

လိန်းစ် ကျဆုံးပြီး အများမျှော်လင့်ထားကြသည့်အတိုင်း လိန်းစ်၏ အမည်ရင်း နီကိုလပ်စ်ချာစ် အော်ဒီနော့[၂]က လိန်းစ်နေရာကို ဆက်ခံခွင့်ရခဲ့လေသည်။ အော်ဒီနော့သည် ဘာလီဒဂ်နယ်မြေမှ အရက်ချက်သမားတစ်ဦး၏ သားဖြစ်၏။

---

၁။ Ragusa ၂။ Nicholas Charles Oudinot

ယင်းလုပ်ငန်းတွင် အော်ဒီနော့ နှစ်အနည်းငယ် ဝင်ရောက်လုပ်ကိုင်ခဲ့ဖူး၏။ ဝါဂရမ်တိုက်ပွဲဖြစ်ချိန်၌ အော်ဒီနော့သည် ၄၂ နှစ်ရှိပြီ။ အော်ဒီနော့သည် မာဆေးနား၊ ဘရွန်းတို့လက်အောက်တွင် နှစ်အတော်ကြာ စစ်ဦးစီးချုပ်တာဝန် ထမ်းဆောင်ဖူး၏။ သို့သော် သူသည် တပ်မှူးလုပ်ချင်သူတည်း။ စစ်ဦးစီးချုပ်ဘဝမှာပင် အထက်လူကြီးများမရှိလျှင် အော်ဒီနော့သည် ရှေ့တန်းထွက်ထွက်တိုက်နေ၍ သူ့စစ်ဦးစီးချုပ်လုပ်ငန်းများ လစ်ဟင်းခဲ့ရ၏။ သို့သော် အော်ဒီနော့သည် တပ်မှူးကောင်းတစ်ဦးမဟုတ်ချေ။ အထူးဖြင့် သူ့အမြောက်များနှကို ရန်သူသိမ်းပိုက်ရသွားမည်ကို အော်ဒီနော့သည် အလွန်စိုးရိမ်ပူပန်လွန်းနေ၍ သူ့အမြောက်များကို စစ်မြေပြင်နောက်ပိုင်း အဝေးကြီးတွင် နေရာချထား၍ အမြောက်များကို မည်သည့်တိုက်ပွဲတွင်မျှ ထိထိရောက်ရောက် အသုံးချလိုက်ရသည် မရှိချေ။ ထို့ကြောင့် အော်ဒီနော့ ရရှိလိုက်သည့်အောင်ပွဲဟူ၍ မည်မည်ရရမရှိချေ။ သတ္တိအရာတွင်မူ အော်ဒီနော့မှာ သူ့ဆရာ လိန်းစ်လိုပင် အလွန်ပြောင်မြောက်သူဖြစ်၏။ ဂရင်နီဒီယာများကို ဦးဆောင်တိုက်ခိုက်ရာ၌ သူ့ကိုယ်သူ ဘယ်တော့မှ မညှာခဲ့ချေ။ နပိုလီယံတိုက်ပွဲများအတွင်း အော်ဒီနော့သည် ၃၄ ကြိမ်တိုင်တိုင် ဒဏ်ရာရခံလေသည်။ ဖရီလန်တိုက်ပွဲ၌ ရုရှရန်သူများ ကျည်ဆန်တစ်ခုက အော်ဒီနော့ သွားနှစ်ချောင်းကို ထိမှန်၍ သွားများကျိုးသွားရာ အော်ဒီနော့က ရယ်မော၍ ဤသို့ပြောခဲ့သည်ဟူ၏။ "ရုရှတွေဟာ အလွန်ချာတူးလန်တဲ့ သွားဆရာဝန်တွေကွ၊ ငါ့သွားနှစ်ချောင်းနုတ်တာ အထာကိုမကျဘူး" ပျော်ပျော်နေတတ်သူဖြစ်၍ သူနှင့် သောက်ဖော်စားဖက် က,ဖော် က,ဖက် စစ်သူကြီး မော်တီယာနှင့် အဖွဲ့ကျ၏။ ၁၈၀၇ ခုနှစ်က ဝါဆောမြို့တော် ဒန်ဇစ်တွင် စခန်းချရပ်နားကြစဉ် ဆောင်းတွင်းကြီး အေးချမ်းလှ၍ အပြင်မထွက်နိုင်သောအခါ ညစာစားပွဲအပြီး အော်ဒီနော့နှင့် မော်တီယာတို့သည် သူတို့ပစ္စတိုများနှင့် ဖယောင်းတိုင်များကို ပစ်ခတ်လက်တည့်စမ်းကြသည်။ နောက်ပိုင်း ဖယောင်းတိုင်ပစ်ပွဲကြီးများတွင် သိက္ခာတစ်ခွဲသားနှင့်နေသော ဆို့လ်တ်၊ မျက်နှာထားတင်းတင်း ခပ်တည်တည်နေတတ်သော ဒဗိုးတို့ပါ အော်ဒီနော့နှင့် မော်တီယာတို့ ဆွဲဆောင်မှုကြောင့် ဖယောင်းတိုင်များကို ပစ္စတို လက်တည့်စမ်းပစ်ခတ်ခဲ့ကြသည်ဟု သိရ၏။ ဤကဲ့သို့ ပျော်ပျော်ရွှင်ရွှင်နေတတ်သူ အော်ဒီနော့နှင့် လူတည်လူမှန် ဒဗိုးတို့ မိတ်ဆွေရင်းချာဖြစ်သွားသည်မှာလည်း ထူးဆန်းသည်ဓါ်ရမည်။ ဆောင်းဦးပေါက်၌ ဧကရာဇ်ဘုရင် နပိုလီယံ စစ်ဘက် အမြင့်ဆုံးဘွဲ့ထူးသုံးခုကို သူ့စစ်သူကြီးများအား အောက်ပါအတိုင်း ခန့်ထားချီးမြှင့်ခဲ့လေသည်။ နူးချေတဲလ်မင်းသား ဘာသီယာအား ဝါဂရမ်မင်းသားကြီး အဖြစ်လည်းကောင်း၊ ရီဗိုလီမြို့စား မာဆေးနားအား အက္ခလင်မင်းသား

**ကြီး** အဖြစ်လည်းကောင်း၊ ဩစတဒ်မြို့စား ဒဗိုးအား **အက်မူးလ်မင်သားကြီး** အဖြစ်လည်းကောင်း ခန့်ထားခဲ့လေသည်။

နောက်ပိုင်းတွင် အော်ဒီနော့အား ရက်ဂီမြို့စားအဖြစ်လည်းကောင်း၊ မက်ဒေါ်နယ်အား တရန်တိုမြို့စားအဖြစ် လည်းကောင်း နပိုလီယံက ခန့်အပ်ခဲ့၏။ သို့သော် ယင်းတို့မှာ အောင်ပွဲရမြို့တော်များမဟုတ်၍ စစ်ဘက်ဘွဲ့ထူးများ မခေါ်ဆိုနိုင်ချေ။ ဝါဂရမ်တိုက်ပွဲအပြီး စစ်သူကြီးတစ်ဦး ဒုက္ခရောက်ခဲ့၏။ သူ့မှာန သူ့စိတ်ရင်းကြောင့် ဒုက္ခရောက်သည်ဆိုရမည်။ မွန်တီကော်ဗိုမင်းသား စစ်သူကြီး ဘာနာဒုတ်က ဝါဂရမ်တိုက်ပွဲအပြီး ဧကရာဇ်ဘုရင် ထုတ်ပြန်ခဲ့သည့်သတင်းအပြင် ဘာနာဒုတ်ကလည်း သီးခြားပြန်တမ်းတစ်စောင် ထုတ်ပြန်ခဲ့၏။ ယင်းပြန်တမ်း၌ ဝါဂရမ်အောင်ပွဲမှာ မိမိတို့တပ်မကြီး စွမ်းဆောင်မှုကြောင့် ရသည့်အောင်ပွဲဖြစ်လေဟန် အခြားမည်သည့်ပြင်သစ်တပ်မှ တိုက်ပွဲတွင် အရေးမပါလေဟန် ဘာနာဒုတ်က ရေးသားထား၏။

ဘရူမဲယား အာဏာသိမ်းပွဲ၌ ဘေးရှောင်နေခဲ့သူ၊ မော်ရိုးနှင့် ပူပေါင်း၍ နပိုလီယံအား မကောင်းကြံခဲ့သူ၊ ၁၈၀၆ ခုနှစ် ဩစတဒ်တိုက်ပွဲ၌ ဒဗိုးအား ချောက်ချခဲ့သူ၊ စပိန်တပ်မှူး ဒီလာရိုမန်နာအား သူ့စပိန်စစ်သည်များနှင့် စပိန်သို့ လွတ်မြောက်သွားအောင် မျက်စိမှိတ်နေခဲ့သူ ဘာနာဒုတ်က ယခု နပိုလီယံစီမံချက်၊ နပိုလီယံအမြောက်များ၊ အလယ်စစ်မျက်နှာမှ စစ်သည်များကြောင့် ရခဲ့သည့် အောင်ပွဲကို သူ့အောင်ပွဲဖြစ်လေဟန် စစ်ပြန်တမ်း ထုတ်သည်ကို ဧရာဇ်ဘုရင် နပိုလီယံ သည်းခံနိုင်စွမ်းမရှိတော့။ ပြန်တမ်းထုတ်ပြန်သည့် ညနေမှာပင် ဘာနာဒုတ်အား ဧကရာဇ်ဘုရင့်နန်းတော်သို့ ဆင့်ခေါ်လိုက်၍ နပိုလီယံကိုယ်တိုင် ဘာနာဒုတ်အား တပ်တော်မဟာမှ တရားဝင်ထုတ်ပစ်ခဲ့လေသည်။ သို့သော် ကံကြမ္မာမှာ ဆန်းကြယ်လှ၏။ ဘာနာဒုတ်ကံဇာတာ မီးစာကုန်ဆီခန်းမဟုတ်သေး၊ သူလည်း ပါရီပြန်ရောက်ရော အင်္ဂလိပ်များက ဝါခရင်[၁] ကျွန်းကို ကမ်းတက်ကြ၏။ သူတို့ရည်မှန်းချက်မှာ ထိုစဉ်က ပြင်သစ်ရေတပ် အခြေချစခန်း အင်တဝပ် ဖြစ်လေသည်။ အင်္ဂလိပ်တို့ အချိန်ရွေးချယ်ပုံမှာ မှန်ကန်လှ၏။ နပိုလီယံမှာ အင်တဝပ်မှ မိုင်ပေါင်းရာချီပြီးကွာသော ဒန်ြုဗ်မြစ်ဝှမ်းတွင်ရောက်နေ၏။ နပိုလီယံနှင့်အတူ ဒဗိုး၊ မာဆေးနား၊ ဘက်ဆီယာ၊ မက်ဒေါ်နယ်၊ အော်ဒီနော့၊ မာမွန့်တို့ ရှိနေပြီး ဆို့လ်တ်နှင့် နေးတို့ကလည်း စပိန်တွင် ရောက်နေချိန်ဖြစ်လေသည်။ လိန်းစ်ကလည်း တိုက်ပွဲတွင် ကျသွားပြီ။ ထိုအချိန်ကိုရွေး၍ အင်္ဂလိပ်တပ်များ ဝါခရင်ကျွန်းကို ကမ်းတက်ခဲ့ကြခြင်းဖြစ်သလေသည်။ ရဲချုပ် ဖောက်ချီ

---

၁။ Walcheran



ပျော်ပျော်နေတတ်သူ စစ်သူကြီး အော်ဒီနော့

က သူ့ဟာသူ တာဝန်ယူ၍ စစ်တပ်တစ်တပ်ဖွဲ့စည်းပြီး ဘာနာဒုတ်အား တပ်တော်မှူးခန့်၍ အင်တဝပ်ကို ကာကွယ်ရန် တာဝန်ပေးလိုက်၏။ ဝါဂရမ်တွင် ဘာတွေဖြစ်ခဲ့သည်ကို အသာအေးချိတ်ထားလိုက်လေသည်။ ဘာနာဒုတ်က စစ်တပ်အသစ်ကို အုပ်ချုပ်၍ အသာစောင့်ကြည့်နေ၏။ အင်္ဂလိပ်များအား စိတ်ဆိုးအောင်လုပ်၍ မဖြစ်သေး။ ရာဇပလ္လင် ဖင်ကပ်ပါလာသူဖြစ်သော်လည်း တစ်နေ့ ဘုရင်ဖြစ်ရန် အင်္ဂလိပ်များ အကူအညီလိုမည်ကို ဘာနာဒုတ်သိ၏။ ကံအားလျော်စွာ ဝါခရမ်ကျွန်း ရာသီဥတုဒဏ်ကြောင့် အင်္ဂလိပ်များ အဖျားအနာ အသေအပျောက်များ၍ အင်္ဂလန်သို့ တပ်ခေါက်ပြန်ကြရပြီး ဘာနာဒုတ်လည်း အသာ ပါရီသို့ပြန်လာခဲ့လေသည်။

ဝါဂရမ်တိုက်ပွဲအပြီး နပိုလီယံနှင့် သူ့စစ်သူကြီးခုနစ်ဦး (ဘာသီယာ၊ မာဆေးနား၊ ဒဗိုး၊ ဘက်ဆီယာ၊ မက်ဒေါ်နယ်၊ မာမွန့်နှင့် အော်ဒီနော)တို့သည် အပန်းဖြေအနားယူရန် ရှန်ဘရွန်းနန်းတော်သို့ ရောက်လာကြ၏။ အပန်းဖြေနေကြစဉ် အခြားစစ်မျက်နှာများမှ အခြားစစ်သူကြီးများ သတင်းစောင့် နားထောင်နေကြလေသည်။ မြူရတ်က နေပေါလ်စ်တွင် ပျော်ပါးစားသောက် မူးယစ်နေ၏။ စပိန်မှ သတင်းများကမကောင်း။ စပိန်သတင်းကို ဇကရာဇ်ဘုရင်နှင့် အခြားစစ်သူကြီးများအား နေ့လယ်စာ စားပွဲတွင် ဝါအနုဆုံးစစ်သူကြီး မာမွန့်က ဖတ်ကြားပြရ၏။ စပိန်၌ တာလေဗေရ[၁]တွင် ဂျော်ဒန်နှင့် ဗစ်တာတို့ ပူးပေါင်းတပ်များက အချိန်မတိုင်မီ ရန်သူများအား တိုက်ခိုက်လိုက်၍ ရန်သူအင်္ဂလိပ်တို့လွတ်မြောက်သွားရကြောင်း၊ အကယ်၍သာ ရက်အနည်းငယ်စောင့်ပြီးမှတိုက်လျှင်ရန်သူဆုတ်ခွာရာ လမ်းကြောင်းသို့ ဆိုလ်တ်တပ်များနှင့် နေးတပ်များ ရောက်လာပြီး ရန်သူကို အပြတ်ချေမှုန်းနိုင်မည်ဖြစ်ကြောင်း သတင်းများကို နပိုလီယံနှင့်သူ့စစ်သူကြီးများ ကြားသိကြရ၏။ နပိုလီယံက စပိန်မြေပုံများ ဖြန့်ချိုင်း၍ရန်သူနောက် မည်သို့လိုက်လံချေမှုန်းရမည် အမိန့်များရေးပေးပြီး မြင်းစီးဆက်သားများ ဗီယာနာမြို့တော် ရှန်ဘရွန်းနန်းတော်မှ စပိန်သို့ အပြင်းစေလွှတ်ခဲ့၏။ သို့သော် နပိုလီယံအမိန့်များမှာ အကောင်အထည်ဖော်မရသည့် အမိန့်များ ဖြစ်ချေ၏။ စပိန်လမ်းများမှာ ဂျာမနီ ဩစတြီးယား လမ်းများလိုမဟုတ်သည့်အပြင် စပိန်လူထုထံမှ ပြင်သစ်တပ်များ ဘာရန်သူသတင်းမှ ရရှိသည်မဟုတ်ချေ။ ထို့ပြင် နပိုလီယံ ဆက်သားများသည် စပိန်နိုင်ငံသို့ ၆ ပတ်ကြာမှ (ဗီယာနာမြို့တော်မှ) ရောက်ရှိလာကြခြင်း ဖြစ်၏။ စပိန်ကို တစ်ခုခုလုပ်မှ ဖြစ်တော့မည်။ နပိုလီယံကိုယ်တိုင် စပိန်သို့ သွားရောက်လိုသော်လည်း ဥရောပနိုင်ငံများက အရေးကြီး

၁။ Thlevera

နေ၏။ ထို့ပြင် ကေရာဇ်ဘုရင် နပိုလီယံ၏ မင်းဆက် သေချာအောင် လုပ်ရဦးမည်။ ဂျိုးဆက်ဖိင်းက ထီးညွန့်နန်းလျှာမွေးတော့မည် မဟုတ်သည်မှာ သေချာပြီ။ ထို့ကြောင့် နပိုလီယံ စပိန်သို့မသွားနိုင်သေး။

စပိန်မှ စစ်သူကြီးများကို ကြည့်ပါဦး **ဆိုလ်တ်**က မဟာဗျူဟာသမားတစ်ဦးဖြစ်ပြီ နည်းဗျူဟာတွင် ညံ့၏။ **နေး**သည် တပ်မကြီးတစ်ခုကို သူမတူအောင် ဦးဆောင်တိုက်နိုင်သော်လည်း သူသည် မဟာဗျူဟာ ဘာမှနားမလည်။ **ဗစ်တာ**နှင့် **မော်တီယာ**က ဘာမှသုံးမရ၊ **ဩဂျရိုး**က မှိုက်မဲပြီး **လိန်းစ်**က မရှိတော့။ စပိန်ပေါ်တူဂီစစ်မြေနှင့် အသင့်တော်ဆုံးမှာ **မာဆေးနား**သို့မဟုတ် **ဒဗိုး**ဖြစ်၏။ သူတို့နှစ်ယောက်အနက် တစ်ယောက်ယောက်ကို စပိန်သို့ စေလွှတ်ရမည်။ ဥရောပအခြားနိုင်ငံများမှာလည်း အရေးကြီးသေး၏။ မြောက်ဂျာမနီကို ထိန်းထားရမည်။ ဆွီဒင် ကြားနေရေးကလည်း သိပ်စိတ်ချရသည်မဟုတ်။ ရုရှကလည်း တစ်စခန်းထလာမှာ သေချာနေပြီ။ ပရပ်ရှားကလည်း သွေးတိုးစမ်းဦးမည် ဖြစ်ပြီး အင်္ဂလိပ်ရေတပ်ကလည်း ဘောလ်တစ်ပင်လယ်မှနေ၍ နပိုလီယံ၏ အင်္ဂလိပ်ကုန်စည်မသုံးရေး အမိန့်များကို သဲထဲရေသွန်လုပ်ပစ်နေ၏။ ဒဗိုးမှာ အဘက်ဘက်မှ အရည်အချင်းပြည့်စုံပြီး ရိုးသားဖြောင့်မတ်သူဖြစ်၏။ နပိုလီယံ အပေါ်လည်း သစ္စာရှိသူ ဖြစ်လေသည်။ ဒဗိုး နပိုလီယံအပေါ် သစ္စာရှိပုံမှာ အောက်ပါအဖြစ်အပျက်အရ ပေါ်လွင်လှ၏။ တစ်စုံတစ်ဦးက ဒဗိုးအား ပြင်သစ်နိုင်ငံခြားရေးဝန်ကြီး မရေး² နပိုလီယံအပေါ် မည်မျှသစ္စာရှိသည်ကို လာပြော၏။ ဒဗိုးက အောက်ပါအတိုင်း ပြန်ပြောလိုက်သည်ဟူ၏။ "အေး… မရေးလဲ သစ္စာရှိပါတယ်။ ဒါပေမဲ့ နပိုလီယံက ပါရီမြို့တော်ကြီးကို ဖျက်ဆီးပစ်လိုက်စမ်းလို့ မရေး နဲ့ ငါ့ကို အမိန့်ပေးရင် မရေးက သူ့မိသားစုကိုတော့ ပြောဦးမှာကွ။ ငါကတော့ လျှို့ဝှက်ချက်မပေါက်ကြားအောင် ဘယ်သူ့ကိုမှ အသိမပေးဘဲ ပါရီကို ဖျက်ဆီးပစ်လိုက်မှာပဲ"။ ဂျာမနီမြောက်ပိုင်းက ပိုအရေးကြီးသည်ဟု နပိုလီယံက တွက်ထား၏။ ဂျာမန်လူထုကို နိုင်အောင်ထိန်းထားရမည့်အပြင် အင်္ဂလိပ်ရေတပ်ကိုပါ ကာကွယ်ထားရန်လို၏။ ထို့ပြင် ဂျာမန်မြို့များမှာ ချမ်းသာကြွယ်ဝလှ၍ ပစ္စည်းပေါများလှရကား လုယက်ဖျက်ဆီးတတ်သူ မာဆေးနားနှင့်မဖြစ်။ ရိုးသားဖြောင့်မတ်သူ ဒဗိုးကို ဂျာမနီမြောက်ပိုင်းကို စေလွှတ်၍ မာဆေးနားအား ပေါ်တူဂီတပ်တော်မှူးအဖြစ် နပိုလီယံက ခန့်အပ်ခဲ့လေသည်။ ဂျော်ဒန်အား စပိန်မှ ပြန်ခေါ်ယူလိုက်၍ ဆိုလ်တ်က ဘုရင်ဂျိုးဆက်၏ စစ်ဘက်အကြံပေးပုဂ္ဂိုလ်ဖြစ်လာ၏။

---

၁။ Maret

## အခန်း (၁၃)

# တိုရေဗေဒရပ်စ်ခံစစ်ကြောင်း

## THE LINES OF TORRESVEDRAS

၁၈၁၀ ခုနှစ်တွင် စပိန်မှလွဲ၍ နပိုလီယံ၏ အင်ပိုင်ယာမှာ အေးဆေးငြိမ်သက်လျက်ရှိ၏။ နယူရှေတယ်လ်နှင့် ဝါဂရမ်မင်းသားကြီး၊ စစ်သူကြီးဘာသီယာအတွက် ဧကရာဇ်ဘုရင် နပိုလီယံပေးထားသည့် လက်ရှိတာဝန်မှာ အဆန်းဖြစ်၏။ ယခင်တိုက်ပွဲများမှာလို မြေပုံများချခင်း၍ ညဉ့်နက်သန်းခေါင် အလုပ်လုပ်စရာမလို။ လမ်းများ တံတားများ အခြေအနေကြည့်၍ တပ်မများ ချီတက်ရန်လမ်းကြောင်းများ ရွေးချယ်သတ်မှတ်ပေးရန်လည်းမလို။ ဘာသီယာသည် လွယ်အိတ်ကြီးများတွင် ငွေအမြောက်အမြားထည့်၍ ကောင်းပေ့ညွှန့်ပေ့ဆိုသည့် စိန်များရှာဝယ်ပြီး သူ့ဆရာကိုယ်စား ဟက်ပ်စ်ဘဂ်မင်းသမီး **မေရီလူဝီစီ** အား လက်ဆောင်များ ပေးရ၏။ အောင်သွယ်တော်များရှာပြီး မေရီမင်းသမီး နပိုလီယံကြင်ယာတော်ဖြစ်လာစေရန် အမျိုးမျိုး သွေးဆောင်ရ၏။ ပြင်သစ်နှင့် ဩစတြီးယား ရွှေလမ်းငွေလမ်း ဖောက်ရမည်။ ဩစတြီးယား ဘုရင့်သမီးတော်နှင့် နပိုလီယံစုံဖက်ပြီး မွေးဖွားသည့် ထီးညွှန့်နန်းလျာက နပိုလီယံအင်ပိုင်ယာကို ဆက်ခံရမည်။ နပိုလီယံနန်းဆက် ထူထောင်ရမည်။ သည်နေရာတွင်လည်း နပိုလီယံ လူရွေးမှန်သည်ကို တွေ့ရမည်။ ဘာသီယာမှာ အရုပ်ဆိုးအကျည်းတန်ဖြစ်၍ ဘာမှ စိတ်မချဖြစ်နေရန်မလို။ မြူရတ်က လက်ရဲဇက်ရဲ၊ ဘာနာဒုတ်ကလည်း လူချော။ ဒဗိုးကလည်း သည်တာဝန်မျိုးလုပ်တတ်သူမဟုတ်။ မာဆေးနားက မိန်းမမြင် ကြိုက်တတ်သူ

ဖြစ်၍ နပိုလီယံသော ဘာသောညာသော ဆရာစားချန်မည့်သူမဟုတ်။ ထို့ကြောင့် မင်းသားကြီး ဘာသီယာအား ပြင်သစ်နှင့် ဩစတြီးယား ရွှေလမ်းငွေလမ်းဖောက်ရန် နပိုလီယံက တာဝန်ပေးခဲ့ခြင်းဖြစ်၏။ ဘာသီယာ ဩစတြီးယားမြို့တော် ဗီယာနာ၌ နပိုလီယံအတွက် မေရီလူဝီစီအား အောင်သွယ်လုပ်နေစဉ် မာဆေးနား၊ ဆို့လ်တ်၊ နေးလ်၊ မော်တီယာ၊ ဘက်ဆီယာ၊ ဗစ်တာ၊ ဩဂျုရိုးနှင့် မက်ဒေါ်နယ်တို့သည် တစ်ချိန်မဟုတ်တစ်ချိန် စပိန်ပြောက်ကျားစစ်သည်များနှင့် နပန်းလုံးနေကြရ၏။ စပိန်ကို မုန်းလှပြီ။ စပိန်လူထုကို ချောက်ကြောလန်နေပြီ။ သို့သော် စပိန်စစ်မြေမှာပင် အချိန်ကုန်နေကြရ၏။ စပိန်စစ်သည်များနှင့် တစ်ချိန်လုံး တိုက်နေရသည့်အပြင် စစ်သူကြီးအချင်းချင်းလည်း အပေးအယူမတည့်ဘဲ မကြာခဏ စကားများရန်ဖြစ်ကြရ၏။ စစ်တကာတွင် စပိန်ပြောက်ကျားစစ်မှာ အရက်စက်ဆုံး၊ ညှာတာမှုအကင်းမဲ့ဆုံး၊ အသေအပျောက်အများဆုံး၊ အထိအခိုက်အများဆုံး စစ်ဖြစ်တော့၏။

ရက်စက်ကြမ်းကြုတ်မှု၊ မညှာမတာသတ်ဖြတ်မှု၊ အစုလိုက် အပြုံလိုက်သတ်ဖြတ်မှု၊ မီးလောင်တိုက်သွင်းမှုများတွင် အနှစ် ၃၀ စစ်သည်လည်းကောင်း ကရုဆိတ်ဘာသာရေးစစ်ပွဲများသည် လည်းကောင်း စပိန်ပြောက်ကျားစစ်ကို မမီချေ။ စပိန်စစ်တပ်များကို ပြင်သစ်များက အကြိမ်ကြိမ် စစ်မြေပြင်၌ နှိမ်နင်းခဲ့၏။ စပိန်မြို့ရွာများကို ပြင်သစ်တပ်များက အကြိမ်ပေါင်း မရေမတွက်နိုင်အောင် မီးရှို့ဖျက်ဆီးခဲ့၏။ သို့သော် စပိန်အမျိုးသားစိတ်ဓာတ်ကို ပြင်သစ်တို့ မချိုးနှိမ်နိုင်ချေတကား။ ၆ နှစ်တိုင်တိုင် စပိန်ပြောက်ကျားများ၊ လူထုများက ပြင်သစ်တပ်များကို အနိုင်မခံ အရှုံးမပေး ပြန်လှန်တွန်းလှန် တိုက်ခိုက်ခဲ့ကြလေသည်။ ပြင်သစ်တို့ မြို့ရွာများကို ဖျက်ဆီး၏။ စပိန်တို့က ပြင်သစ်တပ်သားများကို ချောင်းမြောင်းသတ်ဖြတ်၏။ ပြင်သစ်တို့က ပြောက်ကျားများအား ကြိုးပေးသတ်လျှင် ပြောက်ကျားတို့က ဖမ်းမိသော ပြင်သစ်စစ်သည်များအား အမျိုးမျိုးညှဉ်းဆဲသတ်ဖြတ်၏။စစ်ပညာကျွမ်းကျင်သူ ပြင်သစ်တို့အား ပြောက်ကျားတို့က ရက်စက်ကြမ်းကြုတ်မှုဖြင့် တုံ့ပြန်၏။ လူမျိုးအချင်းချင်း ချစ်ခင်ကြမည် ဖြစ်သော်လည်း ပြင်သစ်များကိုမူ မုန်းတီးရန်၊ စပိန်လူမျိုးတိုင်းတာဝန်မှာ ပြင်သစ်စစ်သားများအား သတ်ဖြတ်ရန် ဖြစ်သည်ကို စပိန်ကလေးများကအစ သင်ကြားပေးထားကြ၏။ ထို့ကြောင့် ကျူးကျော်သူများသည် စပိန်သို့ စစ်တပ်ငယ်ငယ်ပို့ပေးလျှင် စပိန်များက ကျူးကျော်သူများအား အနိုင်တိုက်ပြီး ပြင်သစ်တို့က စစ်တပ်ကြီးကြီးပို့ပေးပါက ကျူးကျော်သူတို့ ငတ်ပြတ်သေကြေကြရ၏ဟု ဆိုရိုးစကား ဖြစ်လာ၏။ ထို့ပြင် ရန်သူသတင်း ဘာဆိုဘာမှ စုံစမ်းထောက်လှမ်းမရခြင်းကြောင့် ပြင်သစ်

စစ်သူကြီးများသည် အမှောင်ထဲ စမ်းတဝါးဝါး တိုက်နေကြရသလို ဖြစ်နေ၏။ ပြင်သစ် တပ်စခန်းတစ်ခုနှင့်တစ်ခုအကြား စပိန်တောသူတောင်သား ပြောက်ကျားများက လုံးဝအဆက်အသွယ် ဖြတ်တောက်ထားလိုက်ကြ၏။ စစ်သည်တစ်ဦးတည်း ဆက်သားအဖြစ် စေလွှတ်လျှင် ခြေလျင်ဖြစ်စေ၊ မြင်းနှင့်ဖြစ်စေ သတင်းရောလူရော မြင်းပါ ဆုံးပြီမှတ်။ ထို့ကြောင့် သတင်းအတိုအစတစ်ခု ပို့ပေးရန်ပင်လျှင် ပြင်သစ်တို့ မြင်းစစ်သည် ၂၀၀ ခန့် သုံးနေရ၏။ မြင်းစာ လူစာ စားနပ်ရိက္ခာ ရှားပါးလှသည့် နေရာများ၌ ယင်းမှာ ကြီးလေးလှသည့် တာဝန်ဖြစ်နေတော့၏။ ပုံစံအားဖြင့် ပေါ်တူဂီရောက်နေသော စစ်သူကြီး မာဆေးနားသည် ပါရီမှသတင်းကို မပြောနှင့် မဲဒရစ်မှသတင်း လုံးဝမရသည်ပင် သုံးလကြာခဲ့ပြီ။

အင်ဒါလူဆီယာတွင် ဆိုလ်တ် ဘာလုပ်နေသည်ကို အက္ကဒရီမေဒူရတွင် ရောက်နေသော မော်တီယာ ဘာမှမသိရ။ ပေါ်တူဂီတွင် မာဆေးနား ဘာလုပ်နေသည်ကို ဆိုလ်တ်ရော မော်တီယာပါ ဘာမှမသိကြရချေ။ အိုလ်ကာစ်တီလ်တွင် ရောက်နေသော ဘက်ဆီယာသည်လည်း အပြင်လောကနှင့် လုံးဝ အဆက်အသွယ် ပြတ်နေလေသည်။ ဘာဆီလိုနာရောက် ဩဂျရိုးက မိုင် ၁၆၀ သာဝေးသည့် အရာဂုံတွင် ဆူချေဘာလုပ်နေသည်ကို လုံးဝမသိခဲ့ရချေ။ တပ်မကြီးမှူးစစ်ခုစီသည် ပင်လယ်ပြင်တွင် သွားနေသော သင်္ဘောကြီးများနှင့် တူနေ၏။ ဘယ်သွားနေသည် အခြားသင်္ဘောများက ဘာမှမသိရဘဲ ဘယ်ကဘယ်က သွားနေသည်မှာလည်း ခြေရာခံမရ ဖြစ်ရလေသည်။ ဧကရာဇ်ဘုရင် နပိုလီယံက ပါရီမှဖြစ်စေ၊ ဩစတြီးယားနိုင်ငံ ရှွန်ဘရွန်းနန်းတော်မှဖြစ်စေ၊ ခရီးသွားလာရင်း သူ့ဌာနချုပ် မြင်းလှည်းကြီးပေါ်မှဖြစ်စေ စပိန်ရောက် ပြင်သစ်တပ်မကြီးများသို့ အမိန့်များ၊ ညွှန်ကြားချက်များ၊ စစ်ရေးစီမံချက်များ အဆက်မပြတ်ပို့ပေးခဲ့၍ ယင်းတို့မှာ (နပိုလီယံလက်ရာများ ဖြစ်သည့်အလျောက်) အလွန်ရှင်းလင်းပြတ်သား၍ မဟာဗျူဟာအရလည်းကောင်း၊ နည်းဗျူဟာအရလည်းကောင်း အလွန်အဖိုးတန်သည့် စာတမ်းများဖြစ်ချေ၏။ သို့သော် ယင်းတို့တွင် အရေးကြီးသည့် ချွတ်ယွင်းချက်နှစ်ခု အမြဲပါဝင်နေ၏။ စပိန်လမ်းများသည် ကျယ်ပြန့်ညီညာသည့် ကတ္တရာလမ်းများဟု ယူဆထား၍ ယင်းအမိန့်များ ညွှန်ကြားချက်များ၊ စီမံချက်များသည် လိုက်လံလုပ်ဆောင်ရမည့်သူများအတွက် အမြဲတမ်း တစ်လနှစ်လ နောက်ကျနေလေ့ရှိ၏။

အင်္ဂလိပ် စစ်သေနာပတိချုပ် ဝယ်လင်တန်မြို့စားကြီးအဖို့ စပိန်၌ စစ်ဆင်ရသည်မှာ ငှက်ပျောသီး အခွံနွှာစားရသည်ထက် လွယ်ကူသေးသည်ဆိုရမည်။ သူ့တပ်များက အတွင်းစည်း[၁] ရနေပြီး တွေ့ကရာ မြင်ကရာ စပိန်လူထုက

အင်္ဂလိပ်များမဟာမိတ် ဖြစ်နေ၏။ ရိက္ခာကျည်ဆန်ကို လိုသလောက်ရနေပြီး နောက်ပိုင်း ပင်လယ်ပြင်ကိုလည်း အင်္ဂလိပ်စစ်သင်္ဘောများက စိုးမိုးထားသေး၏။ သို့စဉ်လျက် ဝယ်လင်တန်သည် လစ္စဘွန်းမှ ပိုင်ရဲနိစ်သို့ရောက်အောင် ၆ နှစ်တိတိ ကြာခဲ့လေသည်။ စပိန်ရောက် ပြင်သစ်စစ်သူကြီးများ ကြိုးစားပမ်းစား တိုက်ခိုက်ခဲ့သည့် သာဓကတည်း။ ဝယ်လင်တန်က စပိန်ရောက် ပြင်သစ်စစ်သူကြီးများအား အလွန်တန်ဖိုးထား၏။ သူတို့သည် "ဥရောပ၏ အကောင်းဆုံး ပထမတန်းစား စစ်သည်များနှင့် ရင်ဆိုင်နေကြရသည်ဖြစ်ကြောင်း" အူအင်္ဂလိပ်စစ်ဗိုလ်များအား မကြာခဏ ဝယ်လင်တန်က သတိပေးခဲ့၏။ ပြင်သစ်စစ်သူကြီးများကလည်း အင်္ဂလိပ်သေနာပတိ ဝယ်လင်တန်မြို့စားကြီးအား ပထမတန်းစား စစ်ဗိုလ်ချုပ်အဖြစ် အသိအမှတ်ပြု တိုက်ခိုက်ခဲ့ကြခြင်း ဖြစ်လေသည်။ စပိန်တွင် ရင်ဆိုင်ခဲ့ကြရပြီး နောင်နှစ်ပေါင်းများစွာကြာသောအခါ မာဆေးနားနှင့် ဝယ်လင်တန်တို့ ဆိုလ်တ်အိမ်တွင် တွေ့ဆုံခဲ့ကြရာ မာဆေးနားက ဤသို့ပြောခဲ့လေသည်။ "ခင်ဗျားကြောင့် ကျွန်တော့်ဆံပင်ရော အမွေးအမျှင်အားလုံး ဖြူကုန်တယ်ထင်ရတယ်"၊ "သူတို့အချင်းချင်း အရည်အချင်း တန်းတူဖြစ်ပါကြောင်း" ဝယ်လင်တန်က ပြန်ပြောခဲ့လေသည်။ ဝယ်လင်တန်မြို့စားကြီး တည်ဆောက်ခဲ့သည့် တိုရေးဗေးရပ်စ်ခံစစ်ကြောင်းမှာ အလွန်ခိုင်ခံ့လှ၍ နည်းဗျူဟာအရ အလွန်လည်း အကွက်အကွင်းကျလှ၏။ စစ်သူကြီးနေးက တိုရေးဗေဒရပ်စ် ခံစစ်ကြောင်းကို တစ်ချက်ကြည့်လိုက်ပြီး ထိုးစစ်မတိုက်ရန် ဆုံးဖြတ်ခဲ့သည်ဟူ၏။ အောက်တိုဘာလထဲ၌ မာဆေးနား၏ မြင်းတပ်ဗိုလ်ချုပ်ကြီး စိန်ကရှိုက်သည် တာဂပ်စ်မြစ်[၁] ကို ထောက်လှမ်းရန် ထွက်လာရာ အင်္ဂလိပ်စစ်သင်္ဘောက ပစ်ခတ်လိုက်သည့် အမြောက်ဆန်က ဗိုလ်ချုပ်ကြီးအား တည့်တည့်ထိမှန်ပြီး စိန်ကရှိုက် ကျဆုံးခဲ့ရ၏။ စိန်ကရှိုက်သည် လိုဘောကျွန်း၌ မာဆေးနား၏ စစ်ဦးစီးချုပ်ဖြစ်၍ နပိုလီယံကိုယ်တိုင်က စိန်ကရှိုက်အား စစ်သူကြီးရာထူး တိုးပေးရန် စီစဉ်နေဆဲတွင် မြင်းတပ်ဗိုလ်ချုပ်ကြီး ကျဆုံးခဲ့ရခြင်းဖြစ်သလည်း။

နာမည်ကြီး မြင်းတပ်ဗိုလ်ချုပ်ကြီး လေးဦးအနက် လာဆာလ် ကိုးဘတ်၊ စိန်ကရှိုက်တို့သုံးဦး ကျဆုံးခဲ့ရပြီဖြစ်ပြီး မွန်ဘရွန်းတစ်ဦးသာ ကျန်တော့၏။ နောက်ဆုံးတွင် ဖွဲနပဲကောင်းလှသည့် မာဆေးနားပင်လျှင် ပေါ်တူဂီတွင် မနေနိုင်တော့ဘဲ စပိန်နိုင်ငံထဲသို့ တပ်ခေါက်လာခဲ့ရ၏။ မာဆေးနား၏ ဖွဲနပဲကို ဝယ်လင်တန်ကိုယ်တိုင်က ချီးကျူးခဲ့ရ၏။ သူ့ခံစစ်ကြောင်းကို အနိုင်တိုက်နိုင်ရန် စစ်သည်တစ်သိန်းလိုမည်ဖြစ်ကြောင်း၊ လူတစ်သိန်းနှင့်တိုက်လျှင်မှ မိမိပေါ်တူဂီမှ ဆုတ်ခွာ

ရမည်ဖြစ်ကြောင်း ဝယ်လင်တန်က ပြောခဲ့ဖူး၏။ မာဆေးနား၏ တပ်တော်သည် မည်သည့်အခါကမျှ လူ ၆၅၀၀၀ ထက် မပိုခဲ့ချေ။ မာဆေးနားတပ်တော် ပေါ်တူဂီမှ ဆုတ်ခွာလာခဲ့ရာ တစ်လမ်းလုံး စပိန်ပြောက်ကျားများက လိုက်လံတိုက်ခိုက်ခဲ့၏။ နေးက နောက်ချန်တပ်အဖြစ် တိုက်ခိုက်ဆုတ်ခဲ့ရခြင်း ဖြစ်လေသည်။ ဖျားနာ၍လည်းကောင်း၊ ပြောက်ကျားများရန်ကြောင့်လည်းကောင်း၊ ရိက္ခာပြတ်၍လည်းကောင်း ပြင်သစ်စစ်သည် အမြောက်အမြား ကျဆုံးခဲ့ရလေသည်။ တိရစ္ဆာန်ရိက္ခာမရနိုင်တော့၍ မြည်းအကောင် ၅၀၀ ကို ပြင်သစ်တပ်များ ဖျက်ဆီးပစ်ရ၏။ မြည်းများကို သတ်ဖြတ်ရန် အရာရှိတစ်ဦးအား အမိန့်ပေးခဲ့ရာ အရာရှိက မသတ်ရက်ဘဲ စွန့်ပစ်ထားခဲ့၍ တိရစ္ဆာန်များ ငတ်ပြတ်သေဆုံးခဲ့ကြရ၏။

၁၈၁၈ ခုနှစ်၌ ပြင်သစ်စစ်သူကြီးတစ်ဦး မင်းသားကြီးဘွဲ့ ထပ်မံရရှိခဲ့လေသည်။ ဧကရာဇ်ဘုရင် နပိုလီယံက ချီးမြှင့်ခဲ့ခြင်းတော့မဟုတ်။ ရာထူးကျနေပြီး ပြင်သစ်တပ်တော်မဟာနှင့် ရေပန်းမစားတော့သည့် ဘာနာဒုတ်အား ဆွီဒင်က အိမ်ရှေ့မင်းသားကြီးရာထူး ပေးအပ်ခဲ့ခြင်း ဖြစ်လေသည်။ ဘာနာဒုတ်ကား ရာဇပလ္လင် ဖင်ကပ်လာသူတည်း။

## အခန်း (၁၄)

# ပြောက်ကျားစစ်

၁၈၁၁ ခုနှစ်မှာလည်း ပြင်သစ်စစ်သူကြီးများအတွက် စပိန်ပြောက်ကျားစစ်နှင့်ပင် အချိန်ကုန်ခဲ့ကြရ၏။ ၁၈၁၁ ခုနှစ်က ပြင်သစ်စစ်သူကြီးများအကြောင်း ရေးလျှင် စပိန်ပြောက်ကျားစစ်အကြောင်းပင် ရေးရမည်သာဖြစ်၏။ မြောက်ပိုင်းက တာလိုနီယားတပ်မှူးအဖြစ် ဩဂျရိုးကို မက်ဒေါနယ်နှင့် နပိုလီယံက လဲပေးလိုက်လေသည်။ ဩဂျရိုးက အတော်ကြမ်းကြမ်း ကိုင်သွားခဲ့၏။ ပြောက်ကျားများ၊ ပြောက်ကျားအားပေးသူများကို သစ်ပင်များတွင် (အများမြင်စေရန်) ကြိုးပေးသတ်၏။ သစ်ကိုင်းကြီးကြီးတိုင်းတွင် အလောင်းများ မြင်မကောင်းအောင် တွဲလွဲခိုနေကြသော်လည်း စပိန်မျိုးချစ်စိတ်မှာ ပို၍ပင် ခိုင်မာလာ၏။ မက်ဒေါနယ်က အနုနည်းသုံး၍ စပိန်လူထုကို စည်းရုံး၏။ သို့သော် မအောင်မြင်။ အကြမ်းနည်းရော အနုနည်းပါ အရာမထင်ဖြစ်နေ၏။ ထို့ကြောင့် ၁၈၁၁ ခုနှစ်ကုန်ခါနီးတွင် မက်ဒေါနယ်ကိုပါ နပိုလီယံက ပါရီသို့ ပြန်ခေါ်ယူခဲ့လေသည်။ စပိန်သည် နပိုလီယံစစ်သူကြီးများ၏ သင်္ချိုင်းပါ ဖြစ်ခဲ့ရ၏။ မာဆေးနားလက်အောက်တွင် အမှုထမ်းဆောင်နေသော နေးနှင့် မာဆေးနား ရန်ဖြစ်ကြပြီး နေးအမိန့်မနာခံမှုနှင့် တပ်ထဲမှ ထွက်လိုက်ရ၏။ ၁၈၁၁ ခုနှစ် မတ်လ ၂၂ ရက်နေ့တွင် အလ်ချင်ဂဲင်မြို့စားစစ်သူကြီး နေးအား သူတစ်လျှောက်လုံးအုပ်ချုပ်ခဲ့သည့် အမှတ် ၆ တပ်မကြီးက နှုတ်ဆက်ပွဲ ကျင်းပပေးခဲ့၏။ ၁၈၀၄ ခုနှစ် အမှတ် ၆ တပ်မကြီးက စတင်တည်ထောင်သည်မှစ၍ နေး ယင်းတပ်မကြီးကို အုပ်ချုပ်ခဲ့ခြင်း ဖြစ်လေ

သည်။ နာမည်ကြီးတိုက်ပွဲမှန်သမျှတွင် နေးကို အမှတ် ၆ တပ်မကြီးရှေ့ဆုံးတွင် တွေ့ခဲ့ကြရပြီး အုမ်း (ULM)၊ အလ်ချင်ဂဲင်၊ တိုင်ရီနှင့် ယေနာ၌ ရှေ့ဆုံးတန်းမှ ကိုလ်ဘတ်နှင့်အတူ ပရပ်ရှား ခြေလျင်တပ်ကို ရှုပ်ရှုပ်ချုံချုံ တိုက်ခိုက်ခဲ့ရုံမက ဖရီလန်တွင်ပါ နေးပင် အမှတ် ၆ တပ်မကြီးကို ဦးဆောင်တိုက်ခိုက်ခဲ့လေသည်။ သူ့ရဲဘော်များကို အမြဲဂရုတစိုက်ရှိ၍ သူတို့ သာရေးနာရေးကို ဖခင်သဖွယ် ပြုစုစောင့်ရှောက်ခဲ့သူဖြစ်ခြင်းကြောင့် နှုတ်ဆက်ပွဲ၌ ရဲဘော်ဟောင်းအားလုံးက မျက်ရည်လည်ရွဲဖြင့် စစ်သူကြီးနေးကို နှုတ်ဆက်ခဲ့ကြ၏။ သူ့အရာရှိအားလုံးကို အမည်တပ်ခေါ်နိုင်ပြီး အကြပ်အတော်များများအမည်များကိုပါ နေးက အလွတ်ရနေ၏၊ ယခု နေး တပ်မ ၆ ကို နှုတ်ဆက်ထွက်ခွာသွားရလေပြီ။ မာဆေးနားနှင့် ဝယ်လင်တန် ဖွန်တေဒီအိုနိုရို[၁] တွင် တစ်ချီတွေ့လိုက်ကြရသေး၏။ ဘက်ဆီယာ သာ ပိုမိုတက်တက်ကြွကြွရှိလျှင် ယင်းတိုက်ပွဲတွင် မာဆေးနား အောင်ပွဲခံနိုင်မည် ဖြစ်၏။ ယင်းတိုက်ပွဲနှင့်ပတ်သက်ပြီး ဝယ်လင်တန်ကိုယ်တိုင်က ဤသို့ပြန်ပြောင်း ပြောခဲ့ဖူး၏။ "ဘိုနေ[၂]သာပါရင် ဒီတစ်ချီ တို့တွေခံရမှာ သေချာတယ်ဟေ့" စစ်သူကြီး ဘက်ဆီယာက တက်တက်ကြွကြွ မရှိရုံမက မာဆေးနားနှင့် ပူးပေါင်း လုပ်ဆောင်လိုသူမဟုတ်ချေ။ အလ်မိုက်ဒါ[၃] တွင် ဘက်ဆီယာထံမှ မြင်းတပ်နှင့် အမြောက်အကူအညီ မာဆေးနားက တောင်းခံရာ မဖြစ်စလောက် ကူညီသည် ဆိုရုံမျှ ဘက်ဆီယာက ပို့ပေးခဲ့၏။ ထို့ကြောင့် ဝယ်လင်တန်နှင့် အင်္ဂလိပ်များ လွတ်မြောက်သွားကြပြန်ပြီ။ ဖွန်နေတိုက်ပွဲအပြီး မာဆေးနားပါ ပါရီသို့ ပြန်ခဲ့ရ၏။ ရုပ်အလွန်အိုစာသွားပြီး ယခင်က မာဆေးနား လုံးဝမဟုတ်တော့ပြီ။ ဖွန်တေဒီ အိုနိုရိုမှာ စစ်သူကြီးမာဆေးနား၏ နောက်ဆုံးတိုက်ပွဲ ဖြစ်တော့၏။ ဆို့လ်တ်၊ နေး၊ မာဆေးနားတို့နှင့် အင်္ဂလိပ်ကို အောင်ပွဲမခံနိုင်သောအခါ နပိုလီယံက စပိန်သို့ မာမွန့်ကို စေလွှတ်လိုက်၏။ ဒါမေရှား၊ အီလီယားတို့တွင် ဖွံ့ဖြိုးမှုလုပ်ငန်း များ တည်ဆောက်ရေးလုပ်ငန်းများနှင့် နာမည်ရခဲ့သူမာမွန့် စပိန်ရောက်လာပါပြီ။

စပိန်ရောက်ရောက်ချင်း မာမွန့်သည် စပိန်ရောက် ပြင်သစ်တပ်တော် ပြန်လည်ဖွဲ့စည်းရေးကို စောက်ချပြုလုပ်တော့၏။ ကပ်ဖဲ့လုပ်နေသော အရာရှိ ကြီးအားလုံးကို ပြင်သစ်နိုင်ငံပြန်ပို့ပြီး ဗိုလ်မှူးချုပ်များအား ရာထူးတိုးပေးကာ တပ်မကြီးများ အုပ်ချုပ်စေ၏။ မြင်းတပ်မှူးကြီး ဗိုလ်မှတ်ဆိတ်မွန်ဘရွန်း တစ်ဦး သာ လူဟောင်းအနေနှင့် စပိန်တွင် ကျန်တော့၏။ မွန်ဘရွန်းက မြင်းတပ်စစ်သည် များ အသည်းစွဲဖြစ်နေသည့်အပြင် သူ့ကို လူစားထိုး၍ မလွယ်ချေ။ ရဲဘော်များ

---

၁။ Fuentes D'onoro

၂။ Boney

၃။ Almeida

သက်သာ ချောင်ချိရေး သာရေးနာရေးကိုပါ မာမွန့်က အထူးဂရုစိုက်လုပ်ဆောင်ပေးရာ မာဆေးနားပြန်စက စိတ်ဓာတ်ကျနေသော ပေါ်တူဂီတပ်တော်သည် စိတ်ဓာတ် ပြန်လည်တက်ကြွလာ၍ စစ်စည်းကမ်းပါ ကောင်းမွန်လာ၏။ ဒါမေရှား၊ အီလီရီယားတို့တွင် လုပ်ဆောင်ခဲ့သည့်နည်းအတိုင်း မာမွန့်သည် လမ်းဖောက်၊ တံတားဆောက်၊ ခံတပ်ခံကတုတ်များ ပြင်ဆင်တည်ဆောက်ခြင်းနှင့် ဖွံ့ဖြိုးရေးလုပ်ငန်းများ တွင်တွင်ကျယ်ကျယ် လုပ်တော့၏။ သိပ္ပံပညာရှင်များ အကူအညီနှင့် ပြောင်းကြိတ်စက် တီထွင်လိုက်သဖြင့် ပေါ်တူဂီတပ်တော် ရိက္ခာအခြေအနေပါများစွာ တိုးတက်ကောင်းမွန်လာလေသည်။ စစ်တပ်မှ မရှိမဖြစ်၍ သိမ်းဆည်းရသော ပစ္စည်းမှန်သမျှကို လက်ငင်းငွေချေစနစ်ဖြင့် ငှားရမ်းသုံးစွဲစေရာ စပိန်တောသူတောင်သားများကပါ အထူးအံ့သြနေကြ၏။ ဘက်ဆီယာကိုပါ နပိုလီယံက ပါရီသို့ ပြန်ခေါ်ယူလိုက်သဖြင့် မာမွန့်လုပ်ငန်းများ ပိုမိုတွင်ကျယ်လာ၏။ မာမွန့်သည် သူ့ရန်သူကိုလည်း ကောင်းကောင်းနားလည်သူဖြစ်လေသည်။ ဝယ်လင်တန်၏ အင်္ဂလိပ်တပ်နှင့်ပတ်သက်၍ မာမွန့်က အောက်ပါအတိုင်း ရေးခဲ့၏။ 'ဥရောပမှာရှိတဲ့ တပ်တွေအားလုံးထဲမှာ အင်္ဂလိပ် ခြေလျင်တပ်ပစ်ခတ်မှုမှာ အထိရောက်ဆုံးပဲ၊ စစ်စည်းကမ်းကောင်းပြီး လက်နက်ပစ္စည်းပါ ပြည့်စုံတဲ့တပ်ဖြစ်ပါတယ်။ ဒါပေမဲ့ စစ်စည်းကမ်းလဲ လျော့ရဲရဲဖြစ်လာရော အင်္ဂလိပ်တပ်ဟာ သူ့အလိုလို ပြိုကွဲပျက်စီးသွားမှာ သေချာတယ်၊ ပြင်သစ်တပ်တော် လေးနှစ်ဒုက္ခခံခဲ့ရသလို အင်္ဂလိပ်တပ် နှစ်လသာခံလိုက်ရရင် ဒီတပ်ပြိုကွဲသွားမှာပဲ' အင်္ဂလိပ်များနှင့် ရင်ဆိုင်ရန် သူ့တပ်တော်ကို အပူတပြင်း ပြန်လည်ဖွဲ့စည်းနေစဉ် နပိုလီယံထံမှ အမင်္ဂလာအမိန့်ကြီး စပိန်သို့ ရောက်လာ၏။ မာမွန့်တပ်တော်မှ သုံးပုံတစ်ပုံခန့်ကို ဗာလင်စီယား[၁] သို့ စစ်ကူပို့ပေးရမည်။ ၁၈၁၁ ခုနှစ် ဇူလိုင်လ ၈ ရက်နေ့တွင် လူဝီဂေဘရီဆူချေ[၂] အား နပိုလီယံက စစ်သူကြီးရာထူး တိုးမြှင့်ပေးလိုက်၏။

စစ်သူကြီးရာထူးကို ရချိန်တွင် ဆူချေး ၄၁ နှစ်ရှိနေပြီ။ လိုင်ယွန်ပြည်နယ် ပိုးကုန်သည်တစ်ဦး၏ သားဖြစ်၏။ မာဆေးနား ဂီနီအာ ကာကွယ်ထားစဉ် ဆူချေးသည် ဗား (VAR) မြစ်ကြောင်း ခံစစ်ဆင်နွှဲရာ၌ နာမည်ရလာ၏။ သို့သော် တပ်မမှူးတစ်ဦးအဖြစ်သာ ထင်ရှားခဲ့သူဖြစ်၏။ ၁၈၀၉ ခုနှစ် ဆာရာဂိုဆာ ဝန်းရံတိုက်ခိုက်ရာတွင် ဆူချေးအား တပ်မကြီးမှူးရာထူး တိုးပေးလိုက်၏။ တပ်မကြီးကို သူ စတင်အုပ်ချုပ်ရစဉ်က တပ်မကြီးမှာ စစ်ပန်းနေပြီး စစ်သည် အမြောက်အမြား စိတ်ဓာတ်ကျဆင်းနေချိန်ဖြစ်လေသည်။ ၁၈၀၉ ခုနှစ် မေလ ၂၇ ရက်နေ့တွင် ဆာရာဂိုဆာ ဝန်းရံနေသည့် ဆူချေးတပ်မကြီးသည် စပိန်တပ်များနှင့်

---

၁။ Valencia ၂။ Louis Gabriel Suchet

ရင်ဆိုင်တိုက်ခိုက်ရပြီး စပိန်များက အောင်ပွဲခံသွားကြ၏။ သို့သော် ဆူရှေးမှာ အလွန်တက်ကြွသည့် ခေါင်းဆောင်ကောင်းတစ်ဦးဖြစ်၏။ တပ်မကြီး ပြန်လည်ဖွဲ့စည်းမှုကို အပူတပြင်းလုပ်ဆောင်ခဲ့ပြီး တစ်ချိန်တည်းတွင် အရားဂုံနယ်မြေအားလုံးတွင် ဆူပူသောင်းကျန်းနေသော ဓားပြ တောကြောင်များ အားလုံးကို နှိမ်နင်းပစ်ခဲ့၏။ ဆူရှေးသည် စစ်မြေပြင်တွင် တိုက်စိတ်ခိုက်စိတ် ပြင်းပြ၍ ဆုံးဖြတ်ချက်ခိုင်မာပြီး စစ်အေးချိန်တွင် မိမိအုပ်ချုပ်ရသည့် နယ်မြေကို အေးချမ်းသာယာအောင် ပြုပြင်ပြောင်းလဲမှုအမျိုးမျိုး ပြုလုပ်ခဲ့သူဖြစ်ရှေသည်။ သူ့တပ်မကြီးမှ စစ်သည်အားလုံးအပြင် အရပ်သူအရပ်သားများကပါ ချစ်ခင်ကြည်ညိုလေးစားရသူ ဖြစ်လေသည်။ နပိုလီယံတွင် ဆူရှေးလို ခေါင်းဆောင်နှစ်ဦးရှိလျှင် စပိန်ကိုအောင်နိုင်ပြီး ထိန်းထားနိုင်မည်ဟု ပြောကြ၏။ အရာဂုံနယ်မြေမှ ခေတ်မမီတော့သည့် အကောက်ခွန်၊ အမြတ်တော်ခွန် ဥပဒေများကို ပြင်ပစ်ပြီး လက်ဝါးကြီးအုပ်စီးပွားရေး စနစ်များ၊ ထိုများကို ပိတ်ပင်ပစ်၏။ လာဘ်စားမှုကို ပြင်းပြင်းထန်ထန် အရေးယူပြီး စစ်သားစစ်ဗိုလ်များအား အရပ်သားများထံမှ မတရားတောင်းယူထားသော လုယက်ထားသော ပစ္စည်းနှင့် ငွေများကို ပြန်ပေးစေ၏။ ယင်းမှာ စပိန်တွင် အထူးအဆန်းဖြစ်နေ၍ အရပ်သူအရပ်သားများက စစ်သူကြီး ဆူရှေးအား ပိုမိုလေးစားလာကြလေသည်။ ပျက်စီးနေသော ဆာရာဂိုဆာမြို့တော်ကို ဆူရှေးက အသစ်ပြန်လည်တည်ဆောက်ပေးပြီး ရေပန်းများ၊ ပန်းခြံများနှင့် မြို့သစ်တစ်ခု ဖန်တီးပေးခဲ့လေသည်။ ကျောင်းများ၊ အနုပညာသင်ကျောင်းများ တည်ထောင်ပေးသည့်အပြင် စပိန် ဂုဏ်သရေရှိပုဂ္ဂိုလ်များ၊ အများကြည်ညိုလေးစားသူများကိုပါ မြို့ပြအုပ်ချုပ်ရေးတွင် ပါဝင်ခွင့်ပြုခဲ့လေသည်။ ကျေးရွာလူထုက ဆူရှေး၏ မေတ္တာနှင့် လုပ်ဆောင်ချက်များကို တုံ့ပြန်လာ၏။ ပြင်သစ်တပ်များသို့ အမဲသားငါး ဟင်းသီးဟင်းရွက်များ လာရောက်ရောင်းချကြ၍ ပြောက်ကျားနှင့် တောကြောင်ရန်မှကာကွယ်ရန် စစ်တပ်မှ လက်နက်များတောင်းပြီး မိမိတို့ရွာများကို ရွာသားများကိုယ်တိုင် ကာကွယ်လာကြလေသည်။ ယင်းမှာ ပြင်သစ်တပ်များအတွက် မကြုံဖူးသည့် တိုးတက်အောင်မြင်မှုဖြစ်တော့၏။ ဒဏ်ရာရနေသော ပြင်သစ်စစ်သည်များ လူကွဲကျန်ရစ်သူများကိုပါ ရွာသားများက ဝှက်ထားပြီး ဆေးဝါးကုသပေးကြလေသည်။ ဆူရှေး အောင်မြင်မှုများကို နပိုလီယံကလည်း အသိအမှတ်ပြုရလေသည်။ ကတိုလိနီယားမှ မက်ဒေါ်နယ် တပ်တော်ထက်ဝက်မျှကို ဆူရှေးလက်အောက် လွှဲပြောင်းပေးသည့်အပြင် ဆူရှေးအား အယ်ဘူဖီရာ[၇] မြို့စား ခန့်ထားခဲ့လေသည်။

---

၇။ Albufera

၁၈၁၁ ခုနှစ်တွင် ဒဗိုးသည် အလ်ဘာ[1] မြို့စောင့်တပ်ကို အုပ်ချုပ်ရ၍ သူ့လူ ၅၀၀၀၀ ကို တရစပ် စစ်ပညာလေ့ကျင့်သင်ကြားပေးခဲ့၏။ သံမဏိစည်းကမ်း ချမှတ်ပေးပြီး အထူးခွင့်ပြုလက်မှတ်မပါဘဲ မည်သူမျှ အခြားမြို့ရွာများသို့ သွားရောက်လည်ပတ်ခွင့် မပြုခဲ့ချေ။ မကြာခဏ စစ်ခုံရုံးများဖွဲ့၍ စည်းကမ်းပျက်မှုများကို အရေးယူခဲ့ရာ အလ်ဘာမြို့စောင့်တပ်မှာ အလွန်စည်းကမ်းသေဝပ်သည့် တပ်တစ်တပ် ဖြစ်လာခဲ့လေသည်။ နပိုလီယံက ဒဗိုးအား ဂျာမနီမြောက်ပိုင်းတွင် စခန်းချထားစေခြင်းမှာ ပိုလန်ကို နယ်စားပယ်စား ခန့်ထားရန်ဖြစ်သည်ဟု အချို့က ယူဆကြသော်လည်း စင်စစ် အင်္ဂလိပ်များရန်ကို ကာကွယ်ရန်နှင့် ဒဗိုး၏ပြိုင်ဘက် ဆွီဒင်အိမ်ရှေ့စံ ဘာနာဒုတ်အား စောင့်ကြည့်ရန် နပိုလီယံက ဒဗိုးအား ဂျာမနီမြောက်ပိုင်းတွင် တာဝန်ပေးထားခြင်း ဖြစ်လေသည်။ ဘာနာဒုတ်ကလည်း ခြေရှုပ်သူဖြစ်၏။ အကယ်၍ ပြင်သစ်နှင့်ပူးပေါင်းပြီး ရုရှရန်ကို ကာကွယ်လျှင် ဖင်လန်ကိုပေးမည်ဟု နပိုလီယံက ဘာနာဒုတ်အား စကားကမ်းလှမ်းသော်လည်း ဘာနာဒုတ်က နော်ဝေးကို မျက်စိကျနေ၏။ ထို့ပြင် သူသည် နပိုလီယံ၏ အကောက်ခွန်အရာရှိအဖြစ် တာဝန်ထမ်းဆောင်နေခြင်း မဟုတ်ဟု ပြောဆိုနေလေပြီ။ (အင်္ဂလိပ်ကုန်စည်များ မဝင်စေရ၊ ယင်းတို့ ရောင်းဝယ်ဖောက်ကားခြင်း မပြုရဟု နပိုလီယံက အမိန့်ထုတ်ထားခြင်းကို ဆိုလို၏။) တောင်ပိုင်း၌ နေပေါ်လီနိုင်ငံ ဘုရင် ယာအိုခင်မြူရတ်ကလည်း နပိုလီယံအမိန့်များကို မည်သို့မျှမနာခံဘဲ ရမည့်အကွက် ချောင်းနေသူဖြစ်လေသည်။ အထူးသဖြင့် မြူရတ်သည် အင်္ဂလိပ်ကုန်စည်များကို နှစ်သက်၍ ယင်းတို့ ရောင်းဝယ်ပြီး ပစ္စည်းစုလိုသူ ဖြစ်လေသည်။

မာဆေးနား၊ နေးနှင့် ဘာရွန်းတို့မှာ နပိုလီယံနှင့် အဆင်မပြေဘဲ အနားယူနေကြရ၏။ ဩဂျရိုး၊ မက်ဒေါ်နယ်၊ ဘက်ဆီယာနှင့် ဂျော်ဒန်တို့လည်း စပိန်စစ်မြေပြင်တွင် အောင်မြင်မှုမရ၍ နပိုလီယံက ပြင်သစ်သို့ ပြန်အခေါက်ခံထားရသူများ ဖြစ်လေသည်။ ၁၈၁၁ ခုနှစ်အတွင်း စစ်သူကြီးအများစုမှာ မျက်နှာကောင်းမရကြချေ။

နပိုလီယံကမူ အကြံကြီးကြံလျက်ရှိ၏။ ၁၈၁၁ ခုနှစ် တစ်နှစ်လုံး သူ့တပ်တော်မဟာကို အသင့်ပြင်ထား၍ ရုရှနယ်စပ်တွင် ပြင်သစ်စစ်သည် ၆၀၀၀၀၀ စုစည်းထားရှိပြီး ဖြစ်လေသည်။

---

၁။ Elba

## အခန်း (၁၅)

# မော်စကို

## MOSCOW

၁၈၁၂ ခုနှစ် ဆောင်းကုန်တွင် အုတ်အနီများနှင့် တည်ဆောက်ထားသည့် ဒန်ဇစ်ရှေးမြို့တော်ကြီးတွင် ညစာစားပွဲတစ်ခု ကျင်းပလျက်ရှိ၏။ ညစာစားပွဲ တက်ရောက်ကြသူများမှာ ကေရာဇ်ဘုရင် နပိုလီယံ၊ ဘာသီယာ၊ မြူရတ်နှင့် နပိုလီယံ၏ အပါးတော်မြဲ ဗိုလ်မှူးကြီး ရက်ပ်[၁] တို့ ဖြစ်လေသည်။ နပိုလီယံ၏ စွန့်စားခန်းကြီး (အချို့က တကယ့် မိုက်မဲမှုကြီးဟုဆို၏) စ ပါတော့မည်။ သည်လုပ်ငန်းကြီးကို ဘယ်စစ်သူကြီးကမှ စိတ်ပါဝင်စားခြင်းမရှိ။ ဘာသီယာက သူစုပြီးပစ္စည်းများနှင့် သူချစ်သူ ဗစ်ကွန်တီအနီးတွင် အေးအေးနေလိုပြီ။ မြူရတ်က နေပေါလ်တွင် ဘုရင်လုပ်ပြီး ဧည်းစိမ်နှင့် နပ်နေလိုပြီ။ ယခု မြူရတ်က အရန်မြင်းတပ်ကြီးကို အုပ်ချုပ်နေရ၏။ "ကာဒမ်ကာဒန်ဇစ်ကို ဘယ်လောက်ဝေးလဲ ဟေ့၊ ဘယ်နှစ်မိုင်လဲ" စစ်သူကြီးနှစ်ဦးက မဖြေ။ ငြိမ်နေကြ၏။ ဗိုလ်မှူးကြီး ရက်ပ်ကလည်း ရှုရှစစ်ဆင်ရေးကို စိတ်ဝင်စားသူမဟုတ်။ ထို့ပြင် ရက်ပ်မှာ အလွန်ပြောင်ပြောင်ပြောတတ်သူ ဖြစ်၏။ နပိုလီယံမေးခွန်းကို စစ်သူကြီးနှစ်ဦးက မဖြေသောအခါ ရက်ပ်က အောက်ပါအတိုင်း အဖြေပေးလိုက်၏။ "ဒီနေ့ရာက ဒန်းဇစ်ကို သိပ်ကိုဝေးပါတယ်၊ ဘုရင်မင်းမြတ် ဝေးလွန်းပါတယ်"။ ၁၈၁၁ ခုနှစ် တစ်နှစ်လုံးနှင့် ၁၈၁၂ ခုနှစ် စောစောပိုင်းတွင် ပြင်သစ်စစ်လက်နက်ပစ္စည်း

---

၁။ Rapp

စုပုံပစ္စည်းများ၊ လက်နက်ဂိုဒေါင်များကို နပိုလီယံက တဖြည်းဖြည်း အရှေ့ဘက်သို့ တိုး၍ ဖွင့်လှစ်လာခဲ့ရာ ဂိုဒေါင်များ စုပုံပစ္စည်းများ ရုရှနယ်စပ်နှင့် အတော်နီးလာပြီ ဖြစ်လေသည်။ သူ့စစ်သက်တစ်လျှောက်လုံး အင်အားစုစည်းခြင်းကို ဟောပြောခဲ့သည့်၊ လက်တွေ့အကောင်အထည်ဖော်ခဲ့သည့် ကမ္ဘာ့ထိပ်တန်း စစ်ခေါင်းဆောင်ကြီး နပိုလီယံသည် ကဒစ်တွင် သူ့စစ်တောင်ပံတစ်ခုရှိနေစဉ် နောက်တောင်ပံတစ်ခုကို အရှေ့ဘက် ရုရှနယ်စပ်တွင် စုရုံးလျက်ရှိလေသည်။ မကြာမီ နပိုလီယံ၏တပ်တော်မဟာသည် နီမဲလ်မြစ်[၁] ကို ဖြတ်၍ ရုရှနိုင်ငံထဲသို့ ကျူးကျော်တိုက်ခိုက်တော့မည် ဖြစ်လေသည်။ တပ်တော်မဟာကို အောက်ပါအတိုင်း ဖွဲ့စည်းထား၏။ 'အလယ်စစ်မျက်နှာဘယ်ဘက်တွင် အော်ဒီနော့ တပ်မကြီးဖြစ်၏။ ခံစစ်ပြီးဝန်းရံတပ်အဖြစ် အသုံးပြုရန်ဖြစ်လေသည်။ အော်ဒီနော့ ဘယ်ဘက်(ဆုတ်လန်)တွင် မက်ဒေါ်နယ်၏ တပ်မကြီးဖြစ်လေသည်။ ယင်းတပ်မကြီးနှစ်ခုသည် မော်စကိုအထိ ဝင်လိုက်လာရန် မဟုတ်ချေ။ အလယ်(အဓိက) စစ်မျက်နှာ၌ မြူရတ်၊ ဘာသီယာနှင့် ဒဗိုးတို့ ပါဝင်၏။ ဒဗိုးက သူ့လူ ၇၀၀၀၀ နှင့် တမ်ဘက်မှ ချီတက်လာခဲ့ခြင်းဖြစ်လေသည်။ ဒဗိုးနှင့် ဘာသီယာ တွေ့လိုက်တိုင်း စကားများရန်ဖြစ်ရ၍ ဘာသီယာမှာ နပိုလီယံဌာနချုပ်တွင် နေရသူဖြစ်သည့်အလျောက် နပိုလီယံကပါ ဒဗိုးအပေါ်ဆက်ဆံပုံ အေးစက်စက် ဖြစ်လာလေသည်။ သို့သော် တပ်တော်မဟာတစ်ခုလုံးတွင် ဒဗိုး၏ တပ်မကြီးက ပစ္စည်းလက်နက် လူသူ အပြည့်စုံဆုံး၊ ဖွဲ့စည်းမှုစနစ်အကျနဆုံးဖြစ်၏။ ၁၅ ရက်စာရိက္ခာ အပြည့်အစုံပါပြီး ယာဉ်အမျိုးမျိုးလည်းပါဝင်၏။ ထို့ပြင် ကျွမ်းကျင်သူအမြောက်အမြားပါပါဝင်ဖွဲ့စည်းထား၏။ ပန်းရံပညာသည်များ၊ မုန့်ဖုတ်သမားများ၊ အပ်ချုပ်သည်များ၊ ဖိနပ်ချုပ်လုပ်သူများ၊ လက်နက်ပြင်များ၊ စက်ပြင်များ စုံလင်လှ၏။ စစ်သူကြီး နေးနှင့် ဗစ်တာလည်း အလယ်စစ်မျက်နှာတွင် ပါဝင်လာကြလေသည်။

တပ်တော်မဟာ စတင်ချီတက်စဉ်က ဗစ်တာက အရန်တပ်မကြီးကို အုပ်ချုပ်ရပြီး လိုအပ်ပါက စမိုးလင့်စ်[၂]အထိ ချီတက်လာရန် နပိုလီယံက အမိန့်ပေးထား၏။ ဘက်ဆီယာက ထုံးစံအတိုင်း ကိုယ်ရံတော်တပ်ကို အုပ်ချုပ်ရပြီး မော်တီယာက လူငယ်ကိုယ်ရံတော်တပ်[၃] ကို အုပ်ချုပ်ရလေသည်။ မော်တီယာမှာ အလွန်ပျော်ပျော်နေတတ်သူဖြစ်၏။ အမြဲတမ်း အော်ဟစ်ရယ်မောနေတတ်သူ မော်တီယာပင်လျှင် ရုရှစစ်ဆင်ရေး၌ မရွှင်ပျနိုင်ဘဲ စိတ်ဓာတ်ကျဆင်းရလေသည်။ မော်တီယာက နပိုလီယံအား ဤသို့ အစီရင်ခံခဲ့၏။ 'နီမင်က ဗီလီယာအထိ

---

၁။ Niemen River ၃။ Young Guard
၂။ Smolensk

ကျွန်တော်တွေ့ခဲ့တာတော့ အိုးပျက်အိမ်ပျက်၊ စွန့်ပစ်ထားတဲ့လှည်းတွေ ရထားတွေ သုံးမရတဲ့ပစ္စည်းတွေပဲ' 'တစ်ချိန်လုံးရွာနေတဲ့မိုးနဲ့ အေးလှတဲ့ရာသီဥတုကြောင့် မြင်းအကောင်တစ်သောင်း လဲသေရပြီ၊ သေမှာပေါ့ မြင်းစာကောင်းကောင်းလဲ မရဘဲ မမှည့်သေးတဲ့ ဂျုံတွေပဲ စားကြရတာကိုး' 'လမ်းတွေပေါ်မှာ မြင်းသေအနံ့က တကယ်ဆိုးတာပဲ၊ ဒါပေမဲ့ ဒါက တော်ပါသေးတယ်၊ လူတွေ ရိက္ခာပြတ်တာက ပိုဆိုးတာ။ ကျွန်တော့် လူငယ်ကိုယ်ရံတော်တပ်ဖွဲ့က လူအတော်များများတို့ ငတ်ပြတ်သေကုန်ကြပြီ' ဩဂျရိုးက ဂျာမနီတွင် ကျန်ခဲ့သောတပ်များကို အုပ်ချုပ်နေခဲ့ရ၏။ ဆိုလ်တ်က ဘုရင်ဖြစ်ရန် မျှော်မှန်းနေသေးပြီး ဘုရင်ဂျိုဆက် ပို့ပေးသမျှ အမိန့်များကို ဘယ်လိုမနာခံဘဲ နေရမည်ကို စိတ်ကူးအမျိုးမျိုး ထုတ်လျက်ရှိ၏။ မာမွန့်က ပေါ်တူဂီတွင် သူ့တပ်တော် ပြန်လည်ဖွဲ့စည်းအလုပ်ရှုပ်နေ၍ ဂျော်ဒန်က ဘုရင်ဂျိုးဆက်၏ စစ်ဘက်အကြံပေးအဖြစ် တာဝန်ထမ်းဆောင်နေရလေသည်။ စပိန်ရှေ့တန်းစစ်မျက်နှာရှိ ပြင်သစ်စစ်သူကြီးများ ဗိုလ်ချုပ်ကြီးများ စစ်ဆင်ရေးများကို ပေါင်းစပ်ညှိနှိုင်းပေးရန် ဖြစ်သော်လည်း စစ်မြေပြင်မှ စစ်သူကြီးများ တပ်မှူးကြီးများက သူ့ညွှန်ကြားချက်များကိုလည်း ဂရုစိုက်နေသည်မဟုတ်ချေ။ ဆွီဒင်အိမ်ရှေ့စံ ဘာနာဒုတ်က ရုရှားဘုရင်နှင့် တိတ်တဆိတ် ဆွေးစပ်ဆွေးနွေးနေ၏။ နှစ်ဦးက ဆွီဒင်နယ်စပ်ဖြစ်သော ပိုမရေနီးယားကို ဒဗိုးက ဝင်ရောက်တိုက်ခိုက်ခဲ့ခြင်းကြောင့် ဆွီဒင်က ပြင်သစ်ကို စိတ်နာနေစဉ် ဇာဘုရင်က ဆွီဒင်အိမ်ရှေ့စံအား ဖင်လန်မြို့တော် အလ်ဘို[1]သို့ ဖိတ်ကြားတွေ့ဆုံခဲ့ခြင်းဖြစ်လေသည်။ ဘာနာဒုတ်၊ အလ်ဘိုသို့လာရန် ဇာဘုရင်က ဖရီဂိတ်ရေတပ်သင်္ဘောများ ဆွီဒင်သို့ စေလွှတ်ပေးရန် ကတိပေးခဲ့သေး၏။ သို့သော် ဘာနာဒုတ်က ဂါစကွန်နယ်သားပီပီ စိတ်ထားတော့ အောက်မကျ။ ရုရှ ဖရီဂိတ်သင်္ဘောကို လက်မခံဘဲ မိမိဆွီဒင်သင်္ဘောဖြင့်ပင် အလ်ဘိုသို့ လာရောက်၍ ဇာဘုရင်နှင့် တွေ့ဆုံဆွေးနွေးခဲ့ခြင်း ဖြစ်ပေသည်။ ဤကိစ္စ၌ ဘာနာဒုတ်က ဤသို့ပြောခဲ့သေး၏။ "စစ်ပွဲနိုင်အောင် တိုက်နိုင်တဲ့သူဟာ သူ့ကိုယ်သူ ဘုရင်တွေနဲ့ တန်းတူရည်တူဖြစ်တယ်လို့ ယူဆပိုင်ခွင့်ရှိပါတယ်" အလ်ဘို၌ ရုရှ ဆွီဒင် မဟာမိတ် အခြေခံများကို ချမှတ်နိုင်ခဲ့ကြပြီ။ ယင်းမဟာမိတ်သည် ဇာဘုရင်ပီတာနှင့် ဘာနာဒုတ်တို့ ကွယ်လွန်ပြီး နှစ်ပေါင်းများစွာကြာသည်အထိ ခိုင်မြဲခဲ့လေသည်။

ဘာနာဒုတ်က ဖင်လန်ကို မတောင်းဆိုတော့ဘဲ ဇာဘုရင်က ဆွီဒင် နော်ဝေကို တိုက်ခိုက်သိမ်းယူရာတွင် ကူညီမည်ဖြစ်ကြောင်း ကတိပေးခဲ့လေသည်။

---

၁။ Albo

ထို့ပြင် ဘာနာဒုတ်သည်သာ ပြင်သစ်ကောရာဇ်ဘုရင် နပိုလီယံကို ဆက်ဆံရေးကို ပါ ဇာဘုရင်က ကူညီမည်ဖြစ်ကြောင်း ကတိပြုခဲ့လေသည်။ ဘာနာဒုတ်က ဒဆိုင်ဂိုအပေါ် သစ္စာရှိ၍သာ တော်တော့သည်။ ရုရှမင်းသမီး ကက်သရင်းကိုပါ ဇာဘုရင်က ဘာနာဒုတ်နှင့် လက်ဆက်ရန် သဘောတူနေ၏။ ဘာနာဒုတ်တို့ စန်းပွင့်ချိန် ရောက်နေပြီ။

ပြင်သစ်၊ ဆွစ်၊ ဩစတြီးယန်း၊ ပရပ်ရှား၊ ပိုလန်၊ အီလီပရီယန်၊ ရိုင်းလန်၊ အီတလီမြောက်ပိုင်း နယ်သားများ၊ ဆက်ဇုံ၊ ဘာဗေရီယန်း၊ ပေါ်တူဂီ၊ စပိန်တိုင်းသား ပေါင်းစုံပါဝင်သည့် လူခြောက်သိန်း တပ်တော်မဟာသည် နီမင်မြစ်ကို ဇွန်လ ၂၄ ရက်နေ့၌ ကျော်ဖြတ်၍ ရုရှနိုင်ငံတွင်း ကျူးကျော်ဝင်ရောက်ခဲ့လေပြီ။ အားလုံး တိတ်ဆိတ်နေ၏။ စကားကို တိုးတိုးသာပြောကြ၏။ သီချင်းဆိုခြင်း ကခြင်းခုန်ခြင်း လုံးဝမရှိ။ ရုရှများကလည်း နယ်စပ်တွင် ခုခံသည်ဆိုရုံ ခုခံ၍ ချက်ချင်းဆုတ်ပြေးကြ၏။ ပြင်သစ်တပ်တော်မဟာသည် ရုရှအရပ်သူ အရပ်သား တစ်ဦးတလေမျှ မတွေ့။ တိရစ္ဆာန် တစ်ကောင်တစ်မြီးမှ မတွေ့ရ။ နွေကာလ ဖြစ်၍ ပူပြင်းခြောက်သွေ့နေသော မြေပြင်ကိုသာ တပ်တော်မဟာ ဖြတ်သန်းချီတက်နေကြရ၏။ သို့သော် ရုရှနွေကာလမကြာလိုက်ပါ။ ချက်ချင်းဆိုသလို မိုးများ သည်းထန်စွာ ရွာချတော့၏။ ရန်သူက ရုရှနိုင်ငံအတွင်းပိုင်းသို့သာ တောက်လျှောက်ဆုတ်ပေးနေ၍ ပြင်သစ်တပ်တော်အရှေ့ဘက်သို့ အတော်ခရီးပေါက်လာပြီ။ ဇူလိုင်လ ၂၈ ရက်နေ့၌ ဗီတီပက်[၁] သို့ ရောက်လာကြပြီး နပိုလီယံက မိမိတို့ စမိုးလင်းစ်အထိ ဆက်လက်ချီတက်မည်ဖြစ်ကြောင်း ဗီတီပက်၌ ကြေညာခဲ့လေသည်။ ဘာသီယာ ကြိတ်၍ဆွေးပါပြီ။ အိဂျစ်ကို သူမုန်းတီးခဲ့သလို ယခုဘာသီယာ ရုရှကို မုန်းနေပြီ။ ဩဂုတ်လ ၁၈ ရက်နေ့တွင် နေး၏ တပ်များ စမိုးလင်းစ်ကို ဝင်နိုင်ပြီ။ စမိုးလင်းစ်မှာ နပိုလီယံ၏ ပန်းဆုံးတိုင် မဟုတ်သေး။ ဆောင်းတွင်း၌ စမိုးလင်းစ်တွင် နိုပြီး နွေဦး၌ မော်စကိုအရောက် ဆက်လက်ချီတက်ကြရမည်။ နပိုလီယံ၏ ကြီးမြင့်လိုစိတ် လောဘဇောက ဘာ အတားအဆီးကိုမျှ မှုမနေတော့။ ကျိုးကြောင်းဆင်ခြင်မှုအားလုံးကို လောဘဇော က အနိုင်ယူသွားခဲ့လေပြီ။ နေးက ရှေ့ပြေးအဖြစ်လည်းကောင်း၊ မြူရတ်၊ ၊ နေးတပ်များ တစ်ဖက်တစ်ချက်မှ တောင်ပံတပ်များအဖြစ်လည်းကောင်း ဆက်လက်ချီတက်ခဲ့ကြလေသည်။ စမိုးလင်းစ်မှ အရှေ့ဘက်သို့ ဆက်လက်ချီတက်ကြသောအခါ တိုက်ပွဲတစ်ပွဲ တိုက်ကြရပြီး ဒဗိုး၏ သေနိုင်ခဲသုံးဦးအနက် ဂူဒင်[၂] ကျဆုံးခဲ့ရ၏။ အော်ဒီနော့ အုပ်ချုပ်ရသည့် တပ်မကြီးမှာ ပြင်သစ်၊ ဆွစ်၊ ဘာ

---

၁။ Witepsk ၂။ Gudin

ဗေရီယန်းတို့ ရောရာပါသော တပ်မကြီးဖြစ်ပြီး ဘယ်တောင်ပံမှ ချီတက်လာခဲ့ခြင်းဖြစ်၏။ ယင်းဘယ်တောင်ပံတပ်မကြီးကို ဩဂုတ်လ ၁၇ ရက်နေ့၌ ရုရှဗိုလ်ချုပ်ကြီး ဝစ်ဂင်စတိန်း[၁] တပ်က ဝင်ရောက်တိုက်ခိုက်ခဲ့ရာ အော်ဒီနော့က ထုံးစံအတိုင်း သူ့အမြောက်များကို ရန်သူသိမ်းပိုက်မည်စိုး၍ နောက်အတော်ဝေးဝေးမှာ ချန်ထားခဲ့သောကြောင့် မိမိအမြောက်မမီသည့်နေရာတွင် ရန်သူတိုက်ခိုက်ခြင်းခံခဲ့ရခြင်း ဖြစ်လေသည်။ အော်ဒီနော့သည် စဉ်းစားဉာဏ်နည်းသော်လည်း သတ္တိတော့ကောင်း၏။ သူကိုယ်တိုင် ရှေ့တန်းတပ်များအား ဦးဆောင်တိုက်ခိုက်ရာ မကြာမီ တပ်မကြီးမှူး အော်ဒီနော့ ဆေးရုံတက်ရ၍ သူ့နေရာဆက်ခံသူမှာ ဗိုလ်ချုပ်ကြီး စိန့်စီယာ[၂]ဖြစ်သောကြောင့်တည်း။ စိန့်စီယာမှာ အလွန်ထူးဆန်းပြီး အလွန်သိနိုင်ခက်ခဲသည့် စစ်ခေါင်းဆောင်တည်း။ "ဒဆိုင်းက တိုက်ပွဲနိုင်အောင် တိုက်တတ်ပြီး စိန့်စီယာကတော့ တိုက်ပွဲ ဘယ်လိုမရှုံးအောင် လုပ်ရမယ်ဆိုတာ ကျွမ်းကျင်တယ်" ၁၇၉၈ ခုနှစ်တွင် စိန့်စီယာသည် ရောမမြို့တော်၌ ပြည်ထောင်စုတပ်တော် စစ်သေနာပတိအဖြစ် အမှုထမ်းဆောင်စဉ် ယင်းတပ်တော်မှ လာဘ်စားသူ ဗိုလ်ချုပ်ကြီးများနှင့် ပြဿနာဖြစ်ရ၏။ ကပွဲတစ်ခု၌ အမျိုးသမီးများ ဝတ်စားလာသော စိန်များအကြောင်း ပြောဆိုချီးကျူးနေကြရာ စိန့်စီယာက စိန်များကို အနီးကပ် လေ့လာကြည့်၏။ ပန်းချီပညာကျွမ်းကျင်သူ၊ ရောမမြို့တော်တွင် နှစ်ပေါင်းများစွာနေထိုင်ခဲ့သူ၊ မှတ်ဉာဏ်ကောင်းသူ စိန့်စီယာသည် အမျိုးသမီးများ ဝတ်ဆင်ထားသော စိန်များကို ချက်ချင်းမှတ်မိတော့၏။ ယင်းတို့မှာ ရောမမြို့တော် ဒေါ်ရီယာမိသားစုပိုင် နာမည်ကြီးစိန်များဖြစ်ပြီး ပြင်သစ်ဗိုလ်ချုပ်များက ဗိုလ်ကျလုယူထားခြင်းဖြစ်ကြောင်း စိန့်စီယာသိသွားရာ စိန်များကို မူလပိုင်ရှင်များထံ စိန့်စီယာက ပြန်ပေးစေ၏။ ဗိုလ်ချုပ်များက သေနာပတိအမိန့်ကို မလွန်ဆန်ဝံ့၍ စိန်များပိုင်ရှင်ထံ ပြန်ပေးလိုက်ရပြီး စိန့်စီယာအပေါ် များစွာမကျေမနပ်ဖြစ်နေ၏။ ယခုအဆင့်အထိ စိန့်စီယာ စစ်မှုထမ်းသက်မှာ အလွန်တောက်ပြောင်နေ၏။ သို့သော် တဖြည်းဖြည်း စိန့်စီယာသည် တစ်ကိုယ်ကောင်းဆန်ကြောင်း စစ်မြေပြင်၌ သစ္စာမရှိကြောင်း သတင်းဆိုးများ ကြားလာကြရ၏။ စစ်မြေပြင်တွင် စိန့်စီယာသည် တစ်ဦးတည်းသော စစ်ခေါင်းဆောင်ဖြစ်လျှင် ရန်သူကို အနိုင်တိုက်ရေးကို သေချာစွာ တွက်ချက်၍ အမှားမရှိရအောင် အထူးဂရုပြုစစ်ဆင်၍ သူသာ အနိုင်ရခဲ့သည်ချည်းဖြစ်၏။ သို့သော် အခြားစစ်ခေါင်းဆောင်များနှင့်ယှဉ်၍ စစ်ဆင်ရသည့်အခါမျိုး၌ စိန့်စီယာ၏ တစ်ကိုယ်ကောင်းအကျင့်များ ပေါ်လာတတ်၏။ ပုံစံအားဖြင့် ၁၇၉၉ ခုနှစ် နိုဗီတိုက်ပွဲ၌ ဗိုလ်ချုပ်ကြီး ဂျောဘတ်လက်အောက်၌

၁။ Wittgenstein ၂။ General Gouvion St Cyr

စိန့်စီယာက ညာတောင်ပံကို ဦးစီးရ၏။ စိန့်စီယာလက်အောက်သို့ ပြင်သစ်တပ်မ တစ်ခု ရောက်လာ၏။ တပ်မမှူးမှာ မိုက်ရှူးရဲတစ်ဦးဖြစ်လေသည်။ ဩစတြီးယား မြင်းတပ်မမှာ အထူးအင်အားကောင်း၏။ ယင်းတပ်မကို မိမိတိုက်ပါရစေဟု ပြင်သစ်တပ်မမှူးအသစ်က စိန့်စီယာထံ ခွင့်တောင်း၏။ "အေး...မင်းကြိုက်သလို လုပ်"ဟု စိန့်စီယာက ခွင့်ပြုပြီး တစ်ဖက်လှည့် မျက်နှာလွှဲနေလိုက်၏။ သူဦးစီးချုပ် အံ့ဩတုန်လှုပ်သွားပြီး "ဗိုလ်ချုပ်ရဲ့ပြင်သစ်တပ်မ ပြုတ်သွားမှာပေါ့၊ ရန်သူက အင်အားအများကြီး ပိုကောင်းတာပဲ"ဟုပြောရာ စိန့်စီယာက "အေး...မှန်တယ်၊ ဒါပေမဲ့ ဒီနေပေါလ်စ်တပ်တော်ကလာတဲ့ကောင်တွေကို ဒီလိုသင်ခန်းစာ ခပ်စပ်စပ် လေးပေးမှ တော်ရုံကျတာကွ"ဟု ပြန်ပြောခဲ့သည်ဟူ၏။ ၁၈၀၀ ခုနှစ်၌ စိန့်စီယာ သည် မဲဒရစ်မြို့တော်တွင် ပြင်သစ်သံအမတ်ကြီးအဖြစ် ရောက်နေပြီး လူဝီစီယာနာ ပြည်နယ်ကို အမေရိကန်သို့ ရောင်းချရေးအတွက် စေ့စပ်သူများတွင် စိန့်စီယာ ပါဝင်ခဲ့လေသည်။ မကြာမီ စစ်မြေပြင်သို့ စိန့်စီယာ ပြန်ရောက်လာခဲ့၏။ သည် တစ်ကြိမ် နေပေါလ်စ် တပ်တော်မှူးကြီးအဖြစ် ရောက်လာခြင်းဖြစ်လေသည်။

၁၈၀၃ ခုနှစ်၊ ၁၈၀၄ ခုနှစ်များ၌ စိန့်စီယာ မဟာအမှားကြီးသုံးခု ကျူးလွန်မိ၏။ **ပထမအမှား** မှာ နပိုလီယံ ပထမကောင်စစ်ဘဝက လုပ်ကြံမှု မှ လွတ်မြောက်လာရာ အခြားတပ်တော်မှူးများက ဤကဲ့သို့ သေဘေးမှ လွတ်မြောက်လာ၍ ဝမ်းမြောက်ချီးကျူးကြောင်း သဝဏ်လွှာများ ပို့ကြသော်လည်း စိန့်စီယာက နပိုလီယံထံ ဘာသဝဏ်လွှာမှ မပို့ခဲ့ချေ။ **ဒုတိယအမှား** မှာကား အခြားစစ်ဗိုလ်ချုပ်ကြီးများကဲ့သို့ နပိုလီယံကောင်စစ်ချုပ်ဘဝမှ ဧကရာဇ်ဘုရင် သရဖူဆောင်းသင့်ကြောင်း လျှောက်လွှာတင်သွင်းကြရာ၌ စိန့်စီယာ မပါဝင်ခဲ့ခြင်း ဖြစ်၏။ **တတိယအမှား**ကား နပိုလီယံ ဧကရာဇ်ဘုရင်အဖြစ် နန်းတက် ဘိသိက် ခံပွဲသို့ စိန့်စီယာ မတက်ရောက်ခဲ့ခြင်း ဖြစ်လေသည်။ အများနည်းတူ မိုးခါးရေ မသောက်သူတည်း။ မဟာမှားများတန်ဖိုး ပေးဆပ်ရပေတော့မည်။ ၁၈၀၅ ခုနှစ်၌ ကတာလိုနီယားသို့ စိန့်စီယာအား တပ်မှူးကြီးအဖြစ် စေလွှတ်ခဲ့၏။ အုပ်ချုပ်စစ် ဆင်ရ အလွန်ခက်ခဲသော နေရာတည်း။ စိန့်စီယာက သူ့စစ်ဘက်အရည်အချင်း များကို အစွမ်းကုန်အသုံးချ၍ စစ်ဆင်နေစဉ် သူ့တပ်ကို ဩဂျရိုးအား လွှဲပေးရန် နပိုလီယံက အမိန့်ပေးခဲ့လေသည်။ စိန့်စီယာက ဩဂျရိုး စစ်မြေပြင်ရောက်မလာ မီ သည်အတိုင်း တပ်ကိုထားခဲ့ပြီး ပါရီပြန်လာမိ၍ နပိုလီယံ၏ မျက်မာန်တော် အရှခံရပြန်၏။

စစ်သူကြီးစိန့်စီယာ၏ အထူးဆန်းဆုံးအကျင့်ကား ရန်သူကို တိုက်ပွဲတွင် နိုင်အောင်တိုက်ပြီး ရန်သူနောက်ကိုမလိုက်၊ မိမိဒဏ်ရာရသူများကို ဂရုတစိုက် လိုက်လံကြည့်ရှု မေးမြန်းခြင်းလည်းမပြုဘဲ သူတစ်ဦးတည်း ချောင်ကောင်းကောင်း

သို့မဟုတ် အခန်းအောင်း၍ အချိန်အကြာကြီး တယောထိုးနေခြင်း ဖြစ်တော့၏။ ရုရှစစ်မြေသို့ပင် စိန့်စီယာသည် သူ့တယောကို ယူလာခဲ့၏။ အော်ဒီနော့ ဆေးရုံတက်ရပြီး ရုရှတပ်များအား စိန့်စီယာဦးဆောင်တိုက်ခိုက်ရာ ပိုလောစ်က်[၁] တိုက်ပွဲ၌ ပြင်သစ်တပ်များက အောင်ပွဲကြီးခံနိုင်ခဲ့လေသည်။ စိန့်စီယာက နေရာကောင်းရှာ၍ တယောထိုးတော့၏။ ယင်းတိုက်ပွဲအပြီးတွင် နပိုလီယံက စိန့်စီယာအား စစ်သူကြီးရာထူး တိုးမြှင့်ပေးခဲ့ခြင်း ဖြစ်လေသည်။ သူ့အရာရှိများ စစ်သည်များကပါ စိန့်စီယာအား စက်ဆုတ်ကြ၏။ သို့သော် သူသည် ဥရောပတစ်ခွင်လုံး၌ ပြောင်မြောက်ဆုံး ခံစစ်ဆင်သူအဖြစ် အားလုံးက အသိအမှတ်ပြုကြရလေသည်။ သူ့ကို အများက ပြောင်လှောင်၍ "ဓီးကွက်[၂]"ဟု ခေါ်ကြ၏။

တပ်တော်မဟာ ဆက်လက်ချီတက်ပြန်၏။ စမိုလင်စ်တိုက်ပွဲအပြီး နေးတပ်မကြီး စစ်ပန်းနေပြီဖြစ်၍ ဒဗိုးတပ်မကြီးနှင့် လဲပေးရ၏။ အလွန်မှားယွင်းသည့် အစီအစဉ်ဟု ခေါ်ရမည်။ ဒဗိုးက နေပေါလီစ်ဘုရင်မြူရတ်ကို မုန်းတီးနေ၍ သူ့အမိန့်ကို မနာခံလို။ သည်တစ်ကြိမ် ဒဗိုးပညာပြပုံမှာ ထူး၏။ သူ့အစီရင်ခံစာ မှန်သမျှ စည်းကမ်းတကျ ဘုရင်မြူရတ်ထံပို့၏။ ဘယ်လောက်အရေးကြီးကြီး ဒဗိုးထံမှ မြူရတ်တို့ကမှတစ်ဆင့် ဘာသီယာ၊ နောက်ဆုံးမှ နပိုလီယံ တင်ပြကြရလေသည်။ စစ်သားမှန်လျှင် စစ်စည်းကမ်းနာခံရမည်။ စနစ်တကျ လုပ်ရကိုင်ရမည်။ ဒါစနစ်အကျဆုံးဖြစ်၏။ နည်းမှန်လမ်းမှန် ကျင့်သုံးခြင်းဖြစ်၏။ မြူရတ်ကလည်း အရန်မြင်းတပ် တပ်မှူးကြီးအနေနှင့် ရုရှကောဆက်များနောက်သို့ မြင်းတပ်ဦးစီး လိုက်တိုက်နေလေ့ရှိရာ ဒဗိုး၏ အစီရင်ခံစာများ ရက်ပေါင်းများစွာရှိမှ မြူရတ် ဖတ်ရ၍ နပိုလီယံထံရောက်သည့်အခါ အစီရင်ခံစာများ နောက်ကျလွန်းနေပြီ။ နပိုလီယံ ဒေါကန်ပြီ။ ထို့ကြောင့် သူ့အစီရင်ခံစာများ ဧကရာဇ်ဘုရင်ထံ(ယခင်ကကဲ့သို့) တိုက်ရိုက်ပို့ပေးရန် နပိုလီယံက ညွှန်ကြားခဲ့ပြီး သူ့ညွှန်ကြားချက်တွင် ဒဗိုးအကြိုက် စာတစ်ကြောင်းပါလာ၏။ မြူရတ်မှတ်ချက်များကို သူစိတ်မချကြောင်း နပိုလီယံက အမှတ်မဲ့ရေးထည့်မိ၏။ ဒဗိုးက ထိုအချက်ကို အခွင့်ကောင်းယူပြီး ဧကရာဇ်ဘုရင်ကိုယ်တိုင် စိတ်မချရသူ လက်အောက်၌ မိမိစစ်မှုမထမ်းနိုင်ကြောင်း ဒဗိုးက အကျပ်ကိုင်ကြေညာလိုက်ရာ နပိုလီယံဌာနချုပ် အလုပ်ရှုပ်ကုန်တော့၏။ မြူရတ်နှင့် ဒဗိုး နှစ်ဦးစလုံး တန်းတူရည်တူ ရှေ့တန်းတပ်မှူးကြီးများဖြစ်ကြောင်း နပိုလီယံက ပြန်ဖြေပေးရ၏။

တစ်ကြိမ်၌ မြူရတ်ဦးစီးသည့် မြင်းတပ်ရင်းကြီးတစ်ခု ရန်သူနှင့် အကြိတ်အနယ် တိုက်နေရစဉ် ဒဗိုး၏အမြောက်များက ရန်သူကို ပစ်ခတ်မပေး။ အသာပွဲ



ကြည့်နေကြ၏။ တိုက်ပွဲအပြီး မြူရတ်ရော ဒဗိုးပါ နပိုလီယံရှေ့တော်မှောက်ဝင်၍ တစ်ဦးကိုတစ်ဦး အပြစ်ပြောကြ၏။ တိုင်တမ်းကြ၏။ မြူရတ်သည် ပြင်သစ်စစ်သည်များအသက်ကို ဖက်ရှက်ပမာ ပြုမူနေကြောင်း၊ ဖြုန်းတီးပစ်နေကြောင်း၊ သူသည် ခြေလျင်ရော အမြောက်တပ်စစ်ဆင်ရေးပါ ဘာမှနားမလည်ကြောင်း ဒဗိုးက နပိုလီယံအား တိုင်ကြား၏။ ဒဗိုးက ဤသို့ဆက်လက်ပြောကြားခဲ့သေး၏။ "ပြီးတော့ နေပေါလ်စ်ဘုရင်ဟာ နေ့လားညလား ဘာမှ ရာသီဥတုကို ဂရုစိုက်မနေဘဲ ရန်သူအင်အားကိုလဲ မတွက်ဘူး၊ ရှေ့တန်းထွက်ပြီး အသံတွေပြာလာအောင် အော်ဟစ်အမိန့်တွေပေး၊ ရန်သူရှေ့မှာ အရူးလိုကနေတာလို ဖြစ်နေပါတယ် ဧကရာဇ်ဘုရင်မင်းမြတ်" "ဤကဲ့သို့ အပြုအမူများကြောင့် မြူရတ်တပ်များမှာ မလိုအပ်ဘဲ ညဥ့်နက်သန်းခေါင်အထိ လက်နက်စွဲကိုင်ထားကြရပြီး အမှောင်ထဲမှာ စခန်းချကြရ၊ ရိက္ခာရှာကြရ၊ ရေရှာကြရ၊ မြက်ခြောက်ရှာကြရနဲ့ နံနက်မိုးလင်းတော့ လက်နက် ပြန်ကိုင်ကြရပြန်ရော၊ မလိုအပ်ဘဲ ပင်ပန်းလှပါပြီး ဘုရင်မင်းမြတ်" "ပြီးတော့ ရှိသေးတယ်၊ သူ့မြင်းသည်တော် ၂၀၀၀၀ ဟာ ၁၀ မိနစ်လေးတောင် မြင်းပေါ်ကဆင်း၊ မြင်းကုန်းနှီးဖြုတ်ပြီး မနားနိုင်ကြပါဘူး။ မြင်းစာမရှာနိုင်ကြပါဘူး။ ဘာကြောင့်တုံးဆိုတော့ နေပေါလ်စ်ဘုရင်က အချိန်မရွေး ရောက်လာတတ်ပြီး ပေါက်ကရအမိန့်တွေ ပေးဦးမှာကိုး။ ဒီလိုသာစစ်တိုက်နေရင် အရှင်မင်းမြတ် မြင်းတပ်ဟာ မကြာခင်ပြိုကွဲကုန်တော့မှာ ဖြစ်ပါတယ် အရှင်မင်းမြတ်"

မြူရတ်ကလည်း ရန်သူကို အောင်ပွဲဆင်နိုင်ရန် ရန်သူတိုက်သလိုတိုက်မှ ဖြစ်နိုင်ကြောင်း၊ ဒဗိုးလို စစ်ရေးပြကွင်းမှာ စစ်ရေးပြသလိုလုပ်နေလို့ အောင်ပွဲခံနိုင်မည်မဟုတ်ကြောင်း နပိုလီယံအား တိုင်ကြားခဲ့လေသည်။ နပိုလီယံက ဘာမှမပြောဘဲ ရုရှသံလုံး အမြောက်ဆန်တစ်ခုကို ခြေဖြင့် ဘောလုံးကန်ရင်း နားထောင်နေ၏။ ထို့နောက် နှစ်ဦးစလုံးကို နှစ်သိမ့်ပြီး စစ်မြေပြင်သို့ ပြန်လွှတ်လိုက်လေသည်။ တည့်တည့်ရှုရှုနေကြရန် ဆုံးမစကားဆိုလိုက်၏။ ဗိယာစမာ အရှေ့ဘက်၌ ရုရှတို့က အလုံးအရင်းနှင့် ခုခံကြ၏။ သဘာဝချောက်ကမ်းပါးမှ ခံစစ် ဆင်နေကြခြင်းဖြစ်လေသည်။ ရုရှများအားတိုက်ရန် ဒဗိုး၏ တပ်မတစ်ခုကို မြူရတ်ကိုယ်တိုင် ဦးဆောင်ပြီး ရှေ့တက်သွားကြ၏။ ထိုအချိန်တွင် ဒဗိုးရှေ့သို့ မြင်းစီးရောက်လာကာ မြူရတ်အမိန့်ကို ဗိုလ်ချုပ်များက မနာခံရန် ဒဗိုးက အမိန့်ပေးတော့၏။ မြူရတ်နှင့် ဒဗိုး စကားများကြပြီး မြူရတ်က သူ့ဦးစီးချုပ်အား ဧကရာဇ်ဘုရင် နပိုလီယံထံ စေလွှတ်လိုက်လေသည်။ သူနှင့် ဒဗိုး ကြိုက်ရာ

လူကိုရွေးပါ။ ဒဗိုးဆိုလျှင် သူနှုတ်ထွက်မည်ဆိုလို၏။ မြူရတ်စကား နားဝင်သွား၍ နပိုလီယံက တစ်ချက်လွှတ်အမိန့်ပေးလိုက်၏။ ဒဗိုးသည် သူ့ထက် စစ်သက်ဝါရင့်သူ မြူရတ်အမိန့်ကို နာခံရမည်။ မြူရတ်သည် ဧကရာဇ်ဘုရင့် ယောက်ဖတော်ဖြစ်သည်ကို သတိမူရမည်ဟု ဧကရာဇ်ဘုရင် နပိုလီယံက အမိန့်ထုတ်၏။ ထိုညက မြူရတ်သည် သူ့တဲအတွင်းထိုင်၍ စစ်မြေပြင်တွင် ဒဗိုး သူ့ကိုစော်ကားလိုက်သည်ကို တမြည့်မြည့် တွေးနေ၏။ တွေးလေတွေးလေ သူ့ဂါစကွန်သွေးများဆူပွက်လာပြီး မြူရတ်သည် ဓားဆွဲကာ ဒဗိုးတဲသို့ ထွက်လာ၏။ သူ့ဦးစီးချုပ်က မြူရတ်ကို အတင်းဆွဲထား၍ ချိန်းပွဲတစ်ခု မဖြစ်ခဲ့ရချေ။

စစ်စည်းကမ်း တစ်စတစ်စ လျော့ရဲစပြုလာပြီး စစ်သူကြီးများကသာ စစ်စည်းကမ်း ချိုးဖောက်နေကြသည်မဟုတ်၊ ဘုရင့်သက်တော်စောင့် တပ်ဖွဲ့တွင်ပင်စည်းကမ်းလျော့ရဲဖြစ်လာပြီ။ ညတစ်ညတွင် ချောင်းတစ်ခုနံဘေးတွင် ဧကရာဇ်ဘုရင် စခန်းချနေ၏။ သက်တော်စောင့်တပ်ဖွဲ့တစ်ခုက ချောင်းဖြတ်ကူးသည့်တစ်ခုတည်းသော တံတားထိပ်တွင် ကင်းစောင့်နေ၏။ ညမှာ အလွန်အေးချမ်းလှ၍ ကင်းအဖွဲ့က သစ်သားတံတားမှ အသားများဖြုတ်ယူ၍ မီးဖိုမီးလှုံကြလေသည်။ နံနက်လင်းသောအခါ စစ်ဘုရင်နပိုလီယံနှင့် သူ့စစ်ဌာနချုပ် ချောင်းတစ်ဖက်သို့ကူးရန် တံတားအသစ်ထိုး၍ ကူးကြရလေသည်။ နပိုလီယံသည် စမိုလင့်စ်မှ ဩဂုတ်လ ၂၅ ရက်နေ့တွင် ထွက်ပြီး နှစ်ဖက်စစ်တပ်များ စက်တင်ဘာလ ၇ ရက်နေ့တွင် ဘိုရိုဒီနို[၁]၌ ရင်ဆိုင်တွေ့ကြလေသည်။ ထိုနေ့နံနက် ၆ နာရီတွင် ပြင်သစ်တပ်တော်မဟာတွင် လူ ၁၃၀၀၀၀ သာရှိ၏။ ထို့ကြောင့် တိုက်ပွဲကြီးကြီးကျယ်ကျယ် မတိုက်ရဘဲ မြို့စောင့်တာဝန်များ၊ ဘေးကာကင်းကာတာဝန်များ၊ ဖျားနာသေသူများ စုပေါင်းလိုက်လျှင် လူ ၄၇၀၀၀၀ ရှိမလာတော့ချေ။ ရုရှတို့က နေရာကောင်းရထားသည့်အပြင် ကတုတ်ကျင်းများတူး၍ စောင့်နေကြခြင်းဖြစ်၏။ သမိုင်းတွင် တောင်ကုန်းကြီး[၂]ဟု နာမည်ကြီးလာသည့် တောင်ကုန်း၊ အခြားပြုပြင်ထားသည့် မြေနေရာများ၊ သဘာဝမြေအနေအထားနှင့် ဆီမီနော့ဗ်စကွိုင်[၃]ရွာတို့ကိုကြည့်ပြီး ဒဗိုးခေါင်းခါပြ၏။ သို့သော် တိုက်ရတော့မည်။ ထို့ကြောင့် သူ့တပ်မကြီး (လူ ၃၅၀၀၀)ကို ရုရှဘယ်တောင်ပံနှင့် တစ်စောင်းဖြစ်အောင် (ညတွင်းချင်း) ဒဗိုးက နေရာချသားလိုက်၏။ နံနက် ၆ နာရီတွင် တိုက်ကြမည်။ သို့သော် ဧကရာဇ်ဘုရင် နပိုလီယံကိုယ်တိုင် စိတ်လေးနေ၏။ ဤတိုက်ပွဲသည် ဩစတာလစ် မဖြစ်နိုင်။ ဒုတိယ ဝါဂရမ်သာဖြစ်လိမ့်မည်။ အလယ်စစ်မျက်

---

၁။ Borodino ၃။ Semenovsicol
၂။ The Great Redoubt

နာက ဖိတိုက်ရသည့် တိုက်ပွဲမျိုး၊ တိုက်ပွဲမစမီနေ့က မိုးရွာအေးစိမ့်နေပြီး နပိုလီယံ အအေးမိ အသံဝင်သွား၏။ စစ်သူကြီးများ နပိုလီယံအမိန့်ရတော့ နေ အတော်မြင့်နေပြီ။ ကိုယ်ရံတော်တပ်သည် အမျိုးမျိုး ရွှေ့ပြောင်းစစ်ကစားပြီး သန်းခေါင်ကျော်မှ သူ့အတွက် သတ်မှတ်ထားသည့်နေရာသို့ ရောက်သွား၏။

တိုက်ပွဲနေ့ နံနက် ၃ နာရီတွင် နပိုလီယံ သူစီးနေကျ မြင်းကြီးပေါ် ရောက်နေပြီ။ နံနက် ၅ နာရီခွဲကျော်ကျော်တွင် နေမင်းဖလ်ဝါ ထွက်ပြူလာပြီ။ "ဒါ ဩစတာလစ်ကုန်းက နေပူပုံမျိုးကွ"ဟု နပိုလီယံ ပြောလိုက်၏။ သို့သော် အမြောက်ကျွမ်းကျင်သူ ပြောပုံမျိုးမဟုတ်၊ စွန့်စားသူ ကစားသမားပြောပုံမျိုးတည်း။ အကြောင်းမူကား ရုရှတပ်များအနေအထားက နေကျောပေး။ ပြင်သစ်တပ်များက နေကို မျက်နှာမူတိုက်ရတော့မည်။ အမြောက်သမားအဖို့ နေကျောပေးအနေအထားက အမြဲတစ်ပန်းသာနေ၏။ ဘိုရိုဒီနိုမှာ နပိုလီယံ တိုက်ပွဲများအနက် တတိယ မြောက် အရှေ့အနောက် မျက်နှာချင်းဆိုင် တိုက်ရသော တိုက်ပွဲဖြစ်၏။ (အိုင်လောနှင့် အက်မူလမ်မှာလည်း အရှေ့အနောက် တိုက်ရသော တိုက်ပွဲများ ဖြစ်စေကာမူ နေမထွက်သဖြင့် ရာသီဥတုအကျိုးသက်ရောက်မှု မရှိခဲ့ချေ။) ပထမဆုံး အရှေ့အနောက် မျက်နှာချင်းဆိုင်တိုက်ပွဲဖြစ်သော မရင်ဂိုးတိုက်ပွဲတွင် အမြောက်က အဓိကအခန်းမှ မပါဝင်ချေ။ ဩစတာလစ်၌ နေကျောပေးတပ်က အစပိုင်းတွင် အရေးသာခဲ့ပြီး ဘိုရိုဒီနိုတွင်လည်း အလားတူပင်ဖြစ်၏။ နေး၊ ဒဗိုး၊ မြူရတ်တို့က ဘိုရိုဒီနိုတွင် ဦးဆောင်တိုက်ခိုက်ခဲ့ကြခြင်း ဖြစ်၏။ နေးက မြင်းဖြူကြီးစီး၍တိုက်ရာ မကြာခဏရပ်လိုက် ဆေးငုံတံတွေးထွေးလိုက်လုပ်သည်ကို တွေ့မြင်နေရသည့် ပြင်သစ်တပ်များက စိတ်အားတက်ကြွနေကြ၏။

တစ်ချိန်တည်းတွင် မြင်းဖြူကြီးက ပစ်မှတ်ဖြစ်နေပြီး ရန်သူက မြင်းဖြူကြီးဘက် မဲတိုက်၏။ ဒဗိုးက ညာဘက်မှ တိုက်ရပြီး မြေအနေအထားက ဆိုးဝါးလွန်းသဖြင့် ဖြည်းဖြည်းသာ တက်နိုင်၏။ ဒဗိုးတပ်မကြီးတိုက်ရသည့်နေရာမှာ ချောင်းလက်တက်များ၊ ချုံနွယ်ပိတ်ပေါင်းများ များပြားလှ၍ အလွန်သတိထား ချီတက်ကြရ၏။ ယင်းကဲ့သို့ မြေအခြေအနေဆိုးရသည့်အထဲ တပ်မကြီးမှူးဒဗိုး ကျဆုံးသွားပြီ ကောလာဟလကြောင့် စောစောပိုင်းတွင် တပ်များ ဖရိုဖရဲ ဖြစ်ရသေး၏။ အမြောက်ကြီး ကျည်ဆန်တစ်ခုက ဒဗိုးနံဘေးတွင် ကျရောက်ပေါက်ကွဲရာ မီးခိုးများရှဲသွား၍ ကြည့်လိုက်ကြတော့ ဒဗိုးရော သူ့မြင်းပါ မရှိတော့ချေ။ ထို့ကြောင့် တပ်မကြီးမှူး ဒဗိုး ကျဆုံးပြီ သတင်းဖြစ်ပွားပြီး နာရီဝက်လောက်ရှိတော့မှ ဒဗိုး ဖုန်အလူးလူးဖြင့် ထလာ၏။ ဒဏ်ရာရပြီး အတော်တုန်လှုပ်ချောက်ချားသွားပုံရလေသည်။ မွန်းလွဲပိုင်းတွင် မြူရတ်ဦးဆောင်ပြီး မြင်းတပ်ဖြင့် တရ

ကြမ်း ဖွတ်တရှုတ်တိုက်နေသည့် စစ်သူကြီးသုံးဦးဒဏ်ကို ရုရှတို့ မခံနိုင်တော့ဘဲ တောင်ကုန်းကြီးနှင့် ကျေးရွာမှ ရုရှများ ဆုတ်ခွာပေးကြရလေသည်။ သည်အချိန်မှာ တကယ့်အဆုံးအဖြတ် ပေးရမည့်အချိန်ဖြစ်၏။ မှန်တိုင်းငယ်များကို စစ်သူကြီး သုံးဦး ဦးဆောင်တိုက်ခိုက်၍ အောင်ပွဲရလိုက်ပြီး လိုက်စစ်ဆင်ရမည်။ ထိုမှ အဆုံးအဖြတ်ပေးနိုင်သည့် အောင်ပွဲဖြစ်မည်။ သို့သော် လိုက်စစ်မရှိခဲ့။ စစ်သူ ကြီးသုံးဦးက နောက်တစ်မိုင်ခန့်တွင် ကျန်ခဲ့သည့် နပိုလီယံထံ ဆက်သားအလီလီ စေလွှတ်သတင်းပို့သော်လည်း စစ်ကူမလာ။ လိုက်စစ်မလုပ်နိုင်ခဲ့။ "ကိုယ်ရံတော် တပ် လွှတ်ပေးပါ" စစ်သူကြီးသုံးဦးစလုံးက တောင်းဆိုကြ၏။ ကိုယ်ရံတော် တပ်က လန်းလန်းဆန်းဆန်းရှိနေ၏။ သူတို့ ယခုအထိ တိုက်ပွဲတွင် မပါဝင်ရ သေး။ သို့သော် ယင်းမှာ နပိုလီယံ၏ တစ်ခုတည်းသော အရန်တပ်ဖြစ်တော့၏။ သည်တပ် စစ်ပန်းသွားလျှင် နပိုလီယံလက်ထဲ၌ ဘာအရန်မျှမရှိတော့။ ကိုယ်ရံ တော် တပ်မှူးကြီး ဘက်ဆီယာကလည်း နပိုလီယံအနားကပ်၍ သတိပေးနေ၏။ "အရှင်မင်းမြတ်ဟာ ပါရီနဲ့ မိုင် ၈၀၀ အကွာမှာ ရောက်နေပြီဖြစ်ပါတယ်" ထို့ကြောင့် ဘိုရိုဒီနိုတိုက်ပွဲအပြီးတွင် လိုက်စစ်မရှိဘဲ၊ ရုရှတို့ အခြေမပျက် ပြန်လည်ဆုတ်ခွာနိုင်ခဲ့ကြလေသည်။ နေးသည် နပိုလီယံအပေါ် ယခုအထိ သစ္စာ ရှိသူဖြစ်၏။ စကားလည်းနည်း၏။ သို့သော် ယခုအခြေအနေတွင် သည်းမခံ နိုင်တော့။ "သူ ဘာလုပ်နေတာလဲ၊ နောက်ပိုင်းမှာနေပြီး စစ်တိုက်တဲ့ ဗိုလ်ချုပ် တစ်ယောက်မဟုတ်တော့ဘူးဆိုရင်လဲ တို့ကို လွှဲပေးလိုက်ပါတော့လား။ တို့တွေ ရန်သူကို တရစပ်လိုက်တိုက်မှာပေါ့"ဟု တဖွဖွပြောနေ၏။

နှစ်ဖက်စလုံး စစ်ပန်းနေကြပြီး နေပေါလီစ်ဘုရင်မြူရတ်ကတော့ မမော နိုင် မပမ်းနိုင် စိတ်အားတက်ကြွဆဲ ည ၁၀ နာရီရှိပြီ။ တိုက်ပွဲဆက်တိုက် တိုက် လာသည်မှာ ၁၂ နာရီကျော် ကြာခဲ့ပြီ။ သူများတွေ မောပန်းနေပြီဖြစ်သော် လည်း မြူရတ်လက်တစ်ဖက်က မတ်စ်ကက်သေနတ်၊ နောက်တစ်ဖက်တွင် ငှက်တောင်ထိုးထားသည့် ဦးထုပ်ကိုင်ထားပြီး ကိုယ်ရံတော်မြင်းတပ်ကို နပိုလီယံ ထံမှ တောင်းခံနေ၏။ သူဦးစီးပြီး လိုက်စစ်ဆင်ပါမည်။ နပိုလီယံက မတုန်မလှုပ်။ ထိုနေ့က စစ်သည်ငါးသောင်းနှင့် မြင်းသုံးသောင်း စစ်မြေပြင်တွင် ကျဆုံးခဲ့ရ၏။ ပြင်သစ်ဗိုလ်ချုပ်အဆင့်ချည်း ၄၃ ဦး ကျဆုံးရပြီး စတုတ္ထမြင်းသည်ကျော် ဗိုလ်မှတ်ဆိတ် မွန်ဘရွန်း ဤတိုက်ပွဲတွင် ကျဆုံးခဲ့ရလေပြီ။ အခြားမြင်းသည် ကျော် သုံးဦးက သူ့အလျင်သွားနှင့်ကြပြီ။ ကိုလ်ဘတ်က စပိန်တွင် ခေါင်းကျည် သင့် ကျဆုံးခဲ့၍၊ စိန်ဘရွိုက်က တာဂပ်စ်မြစ်တွင် ရန်သူရေတပ်အမြောက် ကျည်မှန်ပြီး ကျခဲ့ရရာ လာဆလ်က ဝါဂရမ်တိုက်ပွဲပြီးခါနီးဆဲဆဲတွင်မှ ကျဆုံး

ခဲ့ရလေသည်။ ယခု မွန်ဘရွန်းအလှည့်။ နပိုလီယံ၏ သူရဲကောင်းများ တစ်ယောက်ပြီးတစ်ယောက် ကြယ်ကြွေသလို မြေကျခဲ့ရလေပြီ။ နပိုလီယံ ကံကြမ္မာအပေါ် အရိပ်မည်းကြီး ထိုးလာလေပြီ။ ဘိုရိုဒီနိုမှ မော်စကိုအထိ ညနေတိုင်းလို မြူရတ်အတွက် မြင်းတပ်တိုက်ပွဲများ ရှိခဲ့၏။ အကျိုးသက်ရောက်မှုတော့ သိပ်မရှိပါ။ သူ့လူများ မြင်းများမှာတော့ ပန်းလှပြီ။ တစ်ရက်တလေမှ အနားမရခဲ့ကြ။ သို့သော် မြူရတ်နာမည်မှာ ရုရှကောဆက် မြင်းတပ်အလယ်တွင် မွှေးလှနေပြီဖြစ်လေသည်။ ဘယ်တိုက်ပွဲမှာမဆို နေပေါလ်စ်ဘုရင်က ရှေ့ဆုံးက အမြောက်ကျည်ရော သေနတ်ကျည်ပါ ပြီးနေသည်ထင်ရ၏။ မော်စကိုသို့ မြင်းစီးဝင်လာကြရာ မြူရတ်ကို ရုရှများ ဝိုင်းကြည့်ကြ၏။ မြူရတ်ကလည်း မော်စကိုမြို့တော်ဝင်ပွဲအတွက် ထူးထူးခြားခြား ဝတ်စားလာ၏။ သူ့ကြူနစ်အကျီကော်လာကို ရွှေကွပ်ထားပြီး ရွှေခါးပတ်နှင့် ပန်ရနေ၏။ ပန်းနုရောင်ပျော့ပျော့ မြင်းစီးဘောင်းဘီနှင့် ဖိနပ်မှာ သားရေပြောင်အဝါရောင် ဖြစ်လေသည်။ ဦးထုပ်တွင် သူထိုးနေကျ ငှက်ကုလားအုပ်မွှေးလေးခုအပြည့် ဖျိုင်းတောင်များပါ ဝေနေအောင် ထိုးထားလိုက်သေး၏။ မြင်းခြေနင်းကွင်းကို ရွှေကွပ်ထားသည့်အပြင် မိုးပြာရောင် ကုန်းနှီးအနားများတွင်လည်း ရွှေကွပ်ထား၍ နေရောင်တွင် တဖိတ်ဖိတ်တောက်နေတော့၏။ စက်တင်ဘာ ၁၃ ရက်နေ့၌ တပ်တော်မဟာ အရှေ့ဘက်တောင်ပံက စာကလေးတောင်ကုန်း[၁] ပေါ် ရောက်လာပြီး သူတို့အောက်တွင် မော်စကိုမြို့တော်၏ ဘုရားရှိခိုးကျောင်း ၂၀၀၀ ကျော်မှ အပြာရောင် အစိမ်းရောင် ကြက်သွန်ဥ ထက်ခြမ်းခွဲပုံသဏ္ဌာန်ခုံး(ကုန်း)ကြီးများကို မြင်နေကြရပြီ။ ၁၄ ရက်နေ့တွင် မော်စကိုမြို့တော်တွင်း ပြင်သစ်တပ်တော်မဟာ ဝင်ရောက်ကြ၍ တစ်ချိန်တည်းမှာပင် လုယက်ခြင်း စလေပြီ။ ယင်းညနေမှာပင် မော်စကိုမြို့တော်တွင်း နှစ်နေရာသုံးနေရာမှစ၍ မီးများ စတင်လောင်ကျွမ်းပြီး နပိုလီယံကိုယ်တိုင် ၁၆ ရက်နေ့၌ မီးဘေးမှလွတ်ကင်းရန် မော်စကိုမြို့တော်ပြင်ပို့ ဆုတ်ခွာလာရ၏။ ယင်းည မော်စကိုတွင် လောင်ကျွမ်းနေသော မီးရှိန်များ ကြီးမားလှပြီး ၁၀ မိုင်အကွာတွင် ယင်းမီးရောင်နှင့် စာဖတ်နိုင်သောဟူ၏။ ၁၈ ရက်နေ့ ညနေကျတော့မှ မိုးရွာချပြီး မီးငြိမ်းသွားလေသည်။ နပိုလီယံ ကရင်မလင်နန်းတော်သို့ ပြန်ဝင်လာပြီး နေပေါလ်စ်ဘုရင် မြူရတ်ကတော့ မမောနိုင်မပမ်းနိုင် မော်စကိုဆင်ခြေဖုံးများတွင် ရန်သူကို လိုက်တိုက်ဆဲဖြစ်လေသည်။ အလ်ချိုင်ငမြို့စား စစ်သူကြီးနေးအား ဧကရာဇ်ဘုရင် နပိုလီယံက မော်စကို ဝါ[၂] (မော်စကို) မင်းသားရာထူး ချီးမြှင့်ခဲ့လေသည်။

၁။ Sparrow Hills ၂။ Moskowa

၁၈၁၂ ခုနှစ် နှစ်ဦးမှာပင် စပိန်စစ်မြေရှိ စစ်သူကြီးများအတွက် ကြမ္မာဆိုးဝင်ပြီဆိုရမည်။ အကြောင်းမူကား ဇန်နဝါရီလတွင် ရုရှစစ်မျက်နှာ၌ ပြင်သစ်စစ်သည်အများဆုံး ကျဆုံးခဲ့ရပြီး စစ်ကူ အလိုအပ်ဆုံးဖြစ်သောကြောင့်တည်း။ စပိန် ပေါ်တူဂီမှ ကိုယ်ရံတော်တပ်၊ ခြေလျင်တပ်၊ ပိုလန်တပ်များနှင့် အခြားတပ်များကိုပါ ရုရှစစ်မျက်နှာသို့ ပို့ပေးခဲ့၏။ စပိန်ဘုရင် ဂျိုးဆက်ပ် (နပိုလီယံအစ်ကို)အား နပိုလီယံက စပိန်ရှိတပ်တော်အားလုံး၏ စစ်သေနာပတိခန့်အပ်လိုက်၍ စစ်သူကြီး ဂျော်ဒန်ကို သူ့ဦးစီးချုပ်အဖြစ် ခန့်ထားလိုက်၏။ ဧကရာဇ်ဘုရင် နပိုလီယံ ရုရှစစ်မျက်နှာတွင် အချိန်ပြည့် လုံးပန်းနေရစဉ် စပိန်စစ်မျက်နှာကို ဂျိုးဆက်ပ်နှင့် ဂျော်ဒန်က ဥာဏ်စွမ်းရှိသမျှ ငြိမ်ဝပ်ပိပြားအောင် အုပ်ချုပ်လိုက်ကြပေတော့။ ယင်းအစီအစဉ်ကို ဆို့လ်တ်နှင့် မာမွန့်က လုံးဝမကျေနပ်။ ယခင်ကကဲ့သို့ သူတို့ဟာသူတို့ ထင်ရာစိုင်းနေကြလေသည်။ မာမွန့်က စပိန်ကိုလည်း စိတ်ကုန်နေပြီ။ ထို့ကြောင့် ဧကရာဇ်ဘုရင် နပိုလီယံထံ စာတင်လိုက်၏။ သူ ရုရှစစ်မျက်နှာတွင် စစ်မှုထမ်းပါရစေ။ မာမွန့်ကကောင်းသည် ဆိုရပေမည်။ သူ့ကို နပိုလီယံက ရုရှစစ်မျက်နှာသို့ ခေါ်ယူခဲ့ခြင်းမရှိချေ။ စပိန်စစ်မျက်နှာရှိ တပ်မှူးကြီးများက ပါရီနှင့် အဆက်အသွယ်အမြဲရှိနေအောင် ကြိုးစားကြ၏။ ညွှန်ကြားချက်အသစ်များ၊ စစ်ဆင်ရေးစီမံချက်အသစ်များ မျှော်လင့်၍တော့မဟုတ်။ ပါရီနှင့် တိုက်ရိုက်အဆက်အသွယ်ရနေလျှင် မဲဒရစ်မှ (ဘုရင်ဂျိုးဆက်ပ်နှင့်) သူ့စစ်ဦးစီးချုပ် စစ်သူကြီး ဂျော်ဒန်ထံမှ ကြီးကြပ်ကွပ်ကဲမှုကို ရှောင်လွှဲနိုင်မည်ဖြစ်သောကြောင့်တည်း။ ၁၈၁၂ ခုနှစ် မေလထဲ၌ စစ်ဦးစီးချုပ် ဂျော်ဒန်က စပိန်စစ်မြေတပ်မှူးကြီးများဖြစ်သည့် ဆို့လ်တ်၊ မာမွန့်နှင့် ဆူချေးတို့ထံ ပထမဆုံး မဟာဗျူဟာ ညွှန်ကြားချက်များ ပို့လိုက်၏။ ဘာမှဖြစ်မလာ။ သူ့ညွှန်ကြားချက်ကို မည်သူကမျှ အမှုမထား။ သုံးယောက်စလုံးက ညွှန်ကြားချက်ကို လျစ်လျူရှုထားလိုက်ကြ၏။ ဂျော်ဒန်က နောက်တစ်မျိုး စမ်းပြန်၏။ အင်ဒါလူဆီယာမှာ ဘာမဟာဗျူဟာတန်ဖိုးမှမရှိ၍ ယင်းဒေသမှ ပြင်သစ်တပ်များ ဆုတ်ခွာပေးရန် အကြံပြုလိုက်၏။ ဆို့လ်တ် ဒေါကန်တော့၏။ သူ့နယ်မြေကို ဘာကြောင့် ဦးစီးချုပ်အသစ်က ဝင်စွက်ရသနည်း။ အင်ဒါလူဆီယာတွင် မဟာဗျူဟာ တန်ဖိုးမရှိသည်က အရေးမကြီး၊ သည်နယ်မြေတွင် ပြဒါးထွက်၏။ ပြဒါးသည် ငွေမဟုတ်လော။ ပြဒါးသည် ရွှေမဟုတ်လော။ ထို့ကြောင့် အင်ဒါလူဆီယာ မည်မျှအရေးကြီးကြောင်း မိမိတို့ ယင်းနယ်မြေမှ ဆုတ်ခွာမပေးသင့်ကြောင်း ဆို့လ်တ်က နပိုလီယံထံ စာရေးတော့၏။ သည်နယ်မြေမှ ဆုတ်ခွာပေးရလျှင် ပြင်သစ်တပ်များ သိက္ခာကျရမည်ဖြစ်ကြောင်း၊ အနာဂတ်စစ်ဆင်ရေးများကိုပါ ဂယက်ရိုက်လာတော့မည် ဖြစ်ကြောင်း ဆို့လ်တ်က ဗာရာဏသီချဲ့၍ ဖော်ပြထား၏။

၁၈၁၂ ခုနှစ်၌ စပိန်စစ်မျက်နှာတွင် ပြင်သစ်စစ်သည် ၂၃၀၀၀၀ ရှိသော်လည်း ယင်းနှစ်ထဲမှာပင် ဝယ်လင်တန်က လက်ဦးမှု စတင်ရခဲ့လေသည်။ ဇူလိုင်လထဲတွင် ဖြစ်ပွားသော တိုက်ပွဲကြောင့် ဝယ်လင်တန်နှင့် အင်္ဂလိပ်တပ်များက အပေါ်စီးရသွားကြခြင်း ဖြစ်သေလည်း။ ဝယ်လင်တန်နှင့် မာမွန့်တို့သည် ဒေါ်ရို[၁]မြစ်ဝှမ်းတွင် တစ်ဖက်နှင့်တစ်ဖက် စောင်း၍ စစ်ကစားနေကြ၏။ ဇူလိုင်လကုန်လောက်တွင် ဆလာမန်ကာမြို့[၂]အနီးတွင် နှစ်ဖက်ရင်ဆိုင် တွေ့ကြရလေပြီ။ တစ်ဖက်စီတွင် လူ ၄၀၀၀၀ ခန့်စီ ပါဝင်၏။ စစ်ကစားကြရာ၌ တပ်တော်နှစ်ခုသည် သေနတ်တစ်ကမ်းအကွာတွင် မျဉ်းပြိုင်ချီတက်နေ၍ ကြည့်ရတစ်မျိုးဆန်းနေ၏။ တပ်မှူးကြီးနှစ်ဦးက စစ်တုရင်ကစားသူများပမာ တစ်ယောက်အမှားတစ်ယောက်က ချောင်းနေခြင်းဖြစ်လေသည်။ တစ်ချိန်တွင် မာမွန့် သူ့တပ်မကို အဖြန့်လွန်သွားရာ ဝယ်လင်တန်က တစ်ချက်တည်း ဝင်အုပ်တော့၏။ တိုက်ပွဲအစမှာပင် မာမွန့် အမြောက်ကျည်ထိ၍ ဒဏ်ရာရတော့၏။ နောက်နာရီဝက်တွင် ဝယ်လင်တန်က တိုက်ပွဲနိုင်လိုက်လေပြီ။ မာမွန့်၏ ပေါ်တူဂီတပ်တော်ကို ရက်ပေါင်းအတော်ကြာ ပြန်လည်ဖွဲ့စည်းယူရလေသည်။ ဗိုလ်ကြီး ဖေဗီယာ[၃]သည် မာမွန့်၏ ဆလာမင်ကာတိုက်ပွဲ အစီရင်ခံစာကို ယူဆောင်ပြီး ဩဂုတ်လ ၅ ရက်နေ့၌ နပိုလီယံဌာနချုပ်သို့ ထွက်လာခဲ့၏။ ၃၂ ရက်အကြာ စက်တင်ဘာလ ၆ ရက်နေ့ကျတော့မှ ဖေဗီယာဘိုရိုဒီနိုတွင် ရောက်နေသော ဧကရာဇ်ဘုရင်၏ ဌာနချုပ်သို့ ရောက်လာခဲ့လေသည်။ ဆလာမင်ကာတိုက်ပွဲ ဘုရင်ဂျိုးဆက်ပ်၊ ဂျော်ဒန်နှင့် ဆိုလ်တ်တို့ကို အခြေမှ ကိုင်လှုပ်လိုက်လေသည်။ ဝယ်လင်တန်တပ် ချီတက်လာသည်ကို ဘုရင်ဂျိုးဆက်ပ် လန့်ဖျပ်ပြီး ဆိုလ်တ်အား အင်ဒါလူဆီယာမှ ဆုတ်ခွာ၍ ဗလင်ဆီယာတွင် အင်အားစုစည်းထားရန် ညွှန်ကြားခဲ့လေသည်။ သည်တစ်ခါ ဆိုလ်တ်အထက်မှ ညွှန်ကြားချက်ကို လိုက်နာ၍ အင်ဒါလူဆီယာမှ ဆုတ်ခွာလာတော့၏။ ၁၈၁၂ ခုနှစ် ဩဂုတ်လ ၂၆ ရက်နေ့၌ ဆိုလ်တ် ဦးဆောင်သည့် ပြင်သစ်တပ်များသည် အင်ဒါလူဆီယာမြို့တော် ဆဲဗီးလ်[၄]မှ ထွက်ခွာလာခဲ့လေသည်။ ယင်းမြို့တော်မှ ဆိုလ်တ် နောက်ဆုံးအကြိမ်အဖြစ် ထွက်ခွာလာခြင်းဖြစ်သည်ကို ထိုစဉ်က မည်သူမျှ မသိကြချေ။ သူနှင့်အတူ လုယက်ထားသည့် ပစ္စည်းများကို ထည့်ထားသည့် မြင်းလှည်းကြီးပေါင်းများစွာ ပါလာလေသည်။ ဗာလင်ဆီယာရောက်သည်နှင့် ဆိုလ်တ်သည် ဂျိုဆက်၊ ဂျော်ဒန်တို့နှင့် တစ်ချိန်လုံး ရန်ဖြစ်နေသောကြောင့် ဂျိုဆက်ပ်က မော်စကိုရှိ ဧကရာဇ်ဘုရင် နပိုလီယံထံ

---

၁။ Douro
၂။ Salamanca
၃။ Fabvier

လျှို့ဝှက်ဆက်သား လွှတ်ယူရ၏။ ဆိုလ်တ်ကို ပါရီပြန်ခေါ်ရန် သို့မဟုတ် အခြား နေရာသို့ ပြောင်းရွှေ့ပေးရန် ဖြစ်လေသည်။ သို့မဟုတ် ဆိုလ်တ်ကို ရာထူးမှ ထုတ်ပယ်ပစ်ရန် ဂျိုးဆက်ပ်က အကြံပေးထား၏။ အရာရှိဆက်သားက မဲဒရစ်မှ မော်စကိုသို့ ၂၆ ရက်နှင့်ရောက်အောင် အပြင်းနှင်ခဲ့၏။ သို့သော် အချည်းနှီးတည်း။ နပိုလီယံက ဆိုလ်တ်ကို မည်သို့မျှ အရေးမယူခဲ့ချေ။

မော်စကိုတွင် ဆောင်းဦးပေါက်လာပါပြီ။ အောက်တိုဘာလဆိုလျှင်ပင် ညနေအစောကြီး နေဝင်ပြီး အတော့်ကို အေးလာပြီ။ လူရွှေ့ အဖျားအနာများလာ ကြောင်း၊ မြင်းများ သေကုန်ပြီဖြစ်ကြောင်း၊ မြူရတ်က တပ်စခန်းများမှ မော်စကို သို့ ပြန်သတင်းပို့၏။ တစ်ချိန်တည်းတွင် ရုရှတို့က စစ်ကူများ တရစပ်ရနေ၏။ ကောရာဇ်ဘုရင် နပိုလီယံ မျှော်လင့်နေသော ဇာဘုရင်ထံမှ စစ်ပြေငြိမ်းရေးကမ်း လှမ်းချက် တဖြည်းဖြည်း ပိုဝေးလာလေပြီ။ ဧစပ်ရေးသမားများကကော လာဦး မှာလား၊ အောက်တိုဘာလ ၁၈ ရက်နေ့၌ နပိုလီယံ ပြင်သစ်တပ်များ ပြန်လည် ဆုတ်ခွာရန် အမိန့်ထုတ်ရတော့၏။ အမိန့်မထုတ်၍မဖြစ်တော့။ ဆောင်းတွင်း ရောက်လာလျှင် အခြေအနေ သည်ထက်ဆိုးတော့မည်။ စစ်သည် ၁၀၈၀၀၀ နှင့် အမြောက် ၅၆၉ လက် ရုရှမှ စတင်ဆုတ်ခွာလာကြပါပြီ။ ပြင်သစ်တပ်နှင့်အတူ အရပ်သားအမြောက်အမြားနှင့် လှည်းအမျိုးမျိုးလည်း ပါသေး၏။ စတင်ဆုတ်ခွာ ကတည်းက ပြင်သစ်တပ်တော်မှာ စစ်စည်းကမ်းသေဝပ်သည့် တပ်တော်တစ်ခုနှင့် မတူဘဲ တစ်နေရာမှ တစ်နေရာ ရေကြည်မြက်နုရာ ရွှေ့ပြောင်းနေထိုင်သည့် နော်မက်လူမျိုးစုများနှင့် တူနေ၏။ ကရင်မလင်နန်းတော်နှင့် မော်စကိုမြို့တော်မှ အဆောက်အအုံများကို ဖောက်ခွဲဖျက်ဆီးပစ်ရန် မော်တီယာအား နပိုလီယံက တာဝန်ပေးခဲ့၏။ မော်တီယာက ယင်းအမိန့်ကို လျစ်လျူရှုခဲ့လေသည်။ သို့သော် ဗော့ဂါအရက်ပုလင်း ၂၀၀၀ ကိုတော့ မော်တီယာ ရိုက်ခွဲပစ်ရ၏။ ဤသို့ဖျက်ဆီး မပစ်ပါက ကိုယ်ရံတော်တပ် အရက်မူးပြီး မော်စကိုမှ ခေါ်၍ရတော့မည်မဟုတ် ချေ။ နပိုလီယံတပ်တော်မဟာ ရုရှမှ ပြန်လည်ဆုတ်ခွာလာရခြင်းကို ရေးသားခဲ့ ကြပြီဖြစ်၍ လူတိုင်းသိနေကြပြီး အထူးထပ်မံရေးရန်မလိုတော့ပါ။ စတင်ထွက်ခွာ လာစက စိတ်ဓာတ်သိပ်မကျသေးဘဲ ရုရှကော်ဆက်များအား ပြန်တိုက်နိုင်သေး၏။ ပထမဆုံး စိတ်ဓာတ်ကျဆင်းရသည်ကား ဘော်ရိုဒီနိုစစ်တလင်းကို ပြန်လည် ဖြတ်သန်းကြစဉ်က ဖြစ်လေသည်။ စစ်မြေပြင်၌ အလောင်း ၅၀၀၀၀ ပြန့် ကြဲလျက်။ အချို့က အဝတ်မပါ။ အချို့က အသားတစ်ပိုင်းတစ်စ ကျန်ပြီး ကျန်အစိတ်အပိုင်းများ ခွေးအ၊ လင်းတများ စားထား၍ အရိုးဖွေးဖွေး ဖြစ်နေပြီ။

---

၁။ Seville

ဖူးဖူးယောင် ပုပ်ပွနေသည့် အလောင်းများက ပြင်သစ်တပ်တော်မဟာ စိတ်ဓာတ်ကို ဆွဲကိုင်လှုပ်လိုက်လေပြီ။ တိုက်ပွဲအလီလီ တိုက်ခိုက်ခဲ့ကြသည့် ဝါအရင့်ဆုံး စစ်သည်များပင် တုန်လှုပ်ရ၏။ မည်သူမျှ ဘော်ရိုဒီနိုစစ်တလင်း၌ ရပ်နားခြင်းမရှိ။ ရှေ့သို့သာ ဆက်လက်ချီတက်ခဲ့ကြလေသည်။ ဒဗိုးက နောက်ချန် တပ်အဖြစ် နောက်ပိုင်းကို ထိန်းရ၏။ သံမဏိစည်းကမ်းလိုက်နာခဲ့သူ စည်းကမ်း ကြီးသူ ဒဗိုးလည်း စစ်စည်းကမ်းကိုင်မရတော့။ ဒဗိုးက တပ်များကို စနစ်တကျ ချီတက် ပုံစံတကျ တိုက်နည်းသာ တိုက်တတ်သူဖြစ်၏။ ပြောက်ကျားစစ်ကို ဘာမှနားမလည်။ ရုရှကော်ဆက်များက ပြောက်ကျားနည်းနှင့် နောက်ချန်တပ် များကို အလစ်ဝင်တိုက်လိုက်၊ ပြန်ဆုတ်ခွာလိုက် တစ်လမ်းလုံး မရပ်မနား တိုက်ခိုက်ခဲ့ကြ၏။ ပင်မတပ်တော်မဟာနှင့် ၃ ရက်အကွာခရီးမှ လိုက်လာရန် ဖြစ်သော်လည်း ဒဗိုးတပ် ၅ ရက်ခရီး နောက်ကျကျန်ခဲ့ပြီ။ ဆောင်းဦးမိုး မရပ် မနားရွာချတော့ရာ ချောင်းများမြစ်များ ရေလျှံပြီး ချီတက်နှုန်း အလွန်နှေးသွား၏။ အောက်တိုဘာလကုန်တွင် နှင်းများစကျလာပြီ။ နိုဝင်ဘာလ ၁ ရက်နေ့တွင် ပြင်သစ်စစ်သည်များ တွေ့ကရာမြင်ကရာ ဆီးနှင်းများဖြင့် ဖွေးဖွေးလှုပ်နေလေပြီ။ နိုဝင်ဘာ ၄ ရက်နေ့တွင် ရေကန်များ ရေခဲနေပြီး ပြင်သစ်တပ်များ ရေကန်များ ကိုဖြတ်၍ ချီတက်နိုင်၏။ ၅ ရက်နေ့တွင် မိုးကြီးရွာချရာ လမ်းများချော်ကုန်ပြီး မြင်းအများအပြား ချော်လဲခြေကျိုးကုန်၍ ပစ်သတ်ခဲ့ကြရ၏။ နိုဝင်ဘာလဆန်းမှာ ပင် ဒဗိုးထံမှ နောက်ချန်တပ်တာဝန်ကို နေးက လွှဲယူရ၏။ နိုဝင်ဘာလ ၅ ရက်မှာ ဆောင်းဦးကုန်၍ ဆောင်းတွင်းဝင်လာလေပြီ။ နိုဝင်ဘာလ ၆ ရက်မှာ တကယ့်ကို အေးလှ၍ တကယ်ကြေကွဲဖွယ် အလွမ်းဇာတ်ကြီး ယင်းနေ့ရက်မှ စတင်သည် ဆိုရမည်။ မော်စကိုသို့ ချီတက်ခဲ့သည့် ပြင်သစ်တပ်တော်မဟာကို တောင်ပိုင်းတပ်တော်ဟု ခေါ်ရမည်။ တပ်တော်တွင် ဂျာမန်၊ ဆွစ်၊ ပိုလန်နိုင်ငံသား အနည်းငယ်စီ ပါဝင်ကြသော်လည်း လူများစုမှာ ပြင်သစ်လူမျိုးတို့ဖြစ်၏။ နေပူရှိန်၊ အသောက်အစား အပျော်အပါး ကြိုက်နှစ်သက်သည့် စပျစ်ခြံများမှ ပြင်သစ်နိုင်ငံ သားတို့ ဖြစ်လေသည်။ မင်းသားယူဂျင်း[၁] အုပ်ချုပ်ရသည်မှာ အီတလီလူမျိုးတပ်မ ကြီးဖြစ်ပြီး ဘော်လ်တစ်ကမ်းခြေမြို့များတွင် အစောင့်အဖြစ် အသုံးပြုရသူများမှာ ပေါ်တူဂီတပ်ရင်းကြီးသုံးခု ဖြစ်ပေ၏။ ထို့ပြင် ဒီရိုမင်နှာနှင့်ပင် မသွားသည့် စပိန် စစ်သည်အချို့ ပါဝင်သေး၏။ ယင်းတို့အားလုံးမှာလည်း တောင်ပိုင်းသားများ ဖြစ်လေသည်။ ယခု ယင်းတောင်ပိုင်းသားတို့ နေပူရှိန်၊ ဝိုင်အရက်နှင့် တေးဆို ကခုန်နေတတ်သည့် တောင်ပိုင်းသားတို့ နိုဝင်ဘာလ ၆ ရက်တွင် ရေခဲနှင်းတော နှင့် တိုးပေပြီ။

---

၁။ Prince Eugene



တပ်တော်တစ်ခုလုံးကို ရုရှရာသီဥတုက နှိပ်စက်ခဲ့လေပြီ။ တပ်တော်တစ်ခုလုံးတော့မဟုတ်သေး။ စစ်သူကြီးနေး။ အရက်စည်ပိုင်းလုပ်သူ၏သား၊ ဆံပင်နီကြောင်ကြောင်နှင့်နေးသည် မတ်စ်ကက်သေနတ်ကိုင်စွဲပြီး မဆုတ်မနစ် တိုက်ခိုက်ခဲ့၏။ နောက်ပိုင်းလုံ့အောင်ထိန်းခဲ့၏။ မညည်းမညူ အနိုင်မခံ အရှုံးမပေး ဖွဲ့သတ္တိနှင့် တိုက်ခိုက်ခဲ့လေသည်။ စကားများများမပြော၊ သူ့အလုပ်သူကျေပွန်အောင် နောက်ချန်တပ်များကို ဦးစီးတိုက်ခိုက်ခဲ့လေသည်။ စတက်ပ်မြက်ခင်းပြင်မှ ကော်ဆက်များမှာ မြေအနေအထားကျွမ်းပြီးဖြစ်ပြီး ရေခဲထဲတွင် သွားလာနေကျဖြစ်၍ စပျစ်ခြံသမား ပြင်သစ်များထက် လျင်မြန်စွာ လှုပ်ရှားစစ်ကစားနိုင်ကြ၏။ ထို့ကြောင့် ရုရှတပ်များသည် ဆုတ်ခွာနေသော ပြင်သစ်တပ်များ၏ နံဘေးတစ်ဖက်ချက်မှလည်းကောင်း၊ နောက်မှလည်းကောင်း ပြင်သစ်တပ်ဦးရှေ့မှလည်းကောင်း မကြာခဏ ပေါ်ပေါက်လာ၍ တိုက်ကြတော့၏။ ရုရှတို့က အစတွင် ကွဲကျန်ခဲ့သူများ နောက်ချန်တပ်များ၊ တပ်ပြေးများကိုသာ သုတ်သင်တိုက်ခိုက်ကြပြီး နောက်ပိုင်းတွင် တပ်တော်မဟာ အဓိကတပ်များကိုပါ ဝိုင်းဝန်းတိုက်ခိုက်ကြ၏။ နိုဝင်ဘာလ ၉ ရက်မှ ၁၄ ရက်နေ့အထိ ရာသီဥတုမှာ အဆိုးကြီးမဟုတ်ဘဲ တပ်တော်မဟာ စစ်သည် ၅၀၀၀၀ သည် စမိုးလင့်စ်သို့ ရောက်လာကြ၏။ စမိုးလင့်စ်တွင် နားခိုရန် အရိပ်အာဝါသနှင့် အဆောက်အအုံများ၊ စားနပ်ရိက္ခာ ပေါပေါများများတွေ့ရမည်ဟု ပြင်သစ်တို့က မျှော်မှန်းထားကြ၏။ မျှော်မှန်းထားသလို ရိက္ခာများ၊ ဝိုင်အရက်များ၊ ဗော့ဂါအရက်များ တွေ့တော့လည်း အကြီးအကျယ် ပြဿနာပေါ်ရပြန်လေသည်။ ငတ်ပြတ်နေသောတပ်များအဖို့ မော်စကိုမှ စထွက်ကတည်းက ရိက္ခာအစိုအခြောက် ဝိုင်အရက်၊ ဗော့ဂါအရက် ပေါပေါများများ ပထမဆုံးအကြိမ် တွေ့ကြရခြင်းဖြစ်ရာ စည်းကမ်းကလနား လုံးဝမရှိတော့။ အချို့က မတရားစားသောက်ပြီး စားပိုးနှင့်သေဆုံးကုန်၏။ ရိက္ခာလုပွဲများ၊ သတ်ဖြတ်ခြင်းများ၊ ရိုက်ပွဲများ၊ ပစ်ခတ်ခြင်းများ မကြာခဏ ဖြစ်ရပြီး တပ်တော်မဟာတစ်ခုလုံးအနေနှင့်ပင် စည်းကမ်းထိခိုက်လာတော့သည်။ နိုဝင်ဘာလ ၁၇ ရက်နေ့တွင် ဧကရာဇ်ဘုရင် နပိုလီယံလက်အောက်တွင် စစ်သည် ၅၀၀၀၀ ရှိသေးသော်လည်း နောက်ချန်တပ် တပ်မှူးကြီးနေးနှင့် လုံးဝ အဆက်အသွယ်ပြတ်သွား၏။ နေးနှင့် သူ့နောက်ချန်တပ်များ လုံးဝပြန်တွေ့ရန် လမ်းမရှိတော့ဟု အများစုက ဆုံးဖြတ်ထားလိုက်ကြလေပြီ။ နပိုလီယံက အတတ်နိုင်ဆုံး အချိန်ဆွဲ၍ နေးတို့ကို စောင့်နေပြီး နောက်ဆုံး သူတို့လာရန် လမ်းမရှိတော့ဟု ယူဆကာ အချိန်မနှောင်းမီ အနောက်ဘက်သို့ ဆက်လက်ဆုတ်ခွာလာခဲ့လေသည်။ အော်ခြာ[၁] သို့ ဝင်ကြသည့်အခါ စတင်ဆုတ်ခွာစဉ်က

---

၁။ Orcha

ကိုယ်ရံတော်တပ် ၃၅၀၀၀ အနက် ၆၀၀၀ သာ ကျန်တော့၏။ ဒဗိုး၏တပ်မကြီးသည် လူ ၇၀၀၀၀ မှ ၄၀၀၀ သာ ကျန်လေတော့သည်။ နေးနှင့် တပ်တော်မဟာကြားတွင် ရန်သူအမြောက်အမြား ရောက်နေပြီး နေးမည်မျှကြိုးစားဖောက်ထွက်ရန် လုပ်ဆောင်ခဲ့သော်လည်း မအောင်မြင်ခဲ့ချေ။ ရုရှတို့က အနောက်ဘက်သို့ ထွက်ပေါက်မရှိအောင် ပိတ်ထားကြ၏။ နေးက စိတ်မပျက်။ ညအထိစောင့်နေ၏။ ညမှောင်လာသည်နှင့် သူ့လူများကို ဦးစီးကာ နောက်ကြောင်း (ရုရှဘက်) ပြန်လှည့်၏။ ခရီးအတန်ပေါက်တော့မှ (မှောင်ကြီးမည်းမည်းမှာပင်) မြောက်ဘက်သို့ချိုးကာ ဒနီပါမြစ်[၁]ဘက်သို့ ဦးတည်ချီတက်ခဲ့လေသည်။ ဒနီပါမြစ်ခဲနေလျှင် သူထွက်ပေါက်ရနိုင်သေးသည်။ အခက်အခဲတွေ ပင်လယ်ဝေနေသည့်ကြားက နေးသည် ဇနကဖွဲ့မျိုးဖြင့် ကြိုးပမ်းခဲ့သူတည်း။ ဒနီပါမြစ်ဘက် ချီတက်လာစဉ် ရုရှအမြောက်များက အချက်ပေးစုပြုပစ်ခတ်သံများ ကြားနေရ၏။ စစ်သူကြီးနေးနှင့် သူ့နောက်ချန်တပ်မကြီးကို ဖမ်းမိတော့မည်ဖြစ်၍ ဝမ်းသာအားရပစ်ဖောက်နေသည့် အမြောက်သံများတည်း။ နေးက ချက်ချင်းမီးများအဖိုခိုင်း၏။ ပြင်သစ်တပ်များ စခန်းချနေသည် ရန်သူအထင်ရောက်စေရန် ဖြစ်လေသည်။ မီးဖိုကြီးများ တရှိန်ရှိန်တောက်နေတော့မှ နေးနှင့်အဖွဲ့ ဒနီပါမြစ်ဘက်မှန်း၍ ချီတက်ကြပြန်၏။ မြစ်ကို ရောက်လာပါပြီ။ မြစ်က ခဲခါစသာရှိသေး၏။ လူတစ်ကိုယ်တော့ ခံနိုင်မည်၊ ရေခဲတုံးတစ်ခုမှတစ်ခု ခုန်ကူးရမည့်နေရာများရှိ၏။ တစ်ဦးချင်းအလွယ်တကူ ကူးနိုင်မည်ဖြစ်သောလည်း တပ်မကြီးတစ်ခုလုံးအတွက်တော့ (အမြောက်များ၊ ဝန်စည်စလယ်များ မပါသည့်တိုင်) တကယ့် စွန့်စားခန်းကြီးဖြစ်တော့၏။ သို့သော် လာမည့်ဘေး ပြေးတွေ့ရမည်။ ဒနီပါမြစ်ဖြတ်ကူးရန်မှာ သူတို့တပ်မကြီးအတွက် တစ်ခုတည်းသော ထွက်ပေါက်ဖြစ်၏။ စွန့်စားရမည်။ သေမြေကြီး ရှင်ရွှေထီးမဟုတ်လော။ နေးက သူ့လူများအား မြစ်မဖြတ်ကူးမီ သုံးနာရီအနားပေးလိုက်၏။ သုံးနာရီအတွင်း နောက်ကျကျန်သူတို့ သူတို့ကိုမီလာပြီး မြစ်လည်း ပိုခဲသွားမည်။ ခွပ်နေသည့်ကြက်များလည်း မောမည်။ ထွန်ရေးလည်း ပိုညက်မည်။ သူကိုယ်တိုင် ကလေးငယ်တစ်ဦးပမာ ခြုံထည်ကြီးခြုံ၍ ဒနီပါမြစ်နံဘေးဝယ် တစ်ဝအိပ်ပစ်လိုက်၏။ သန်းခေါင်ရောက်သည်နှင့် ခဲစပြုနေသော ဒနီပါမြစ်ကို နေး၏တပ်မကြီး တစ်ယောက်တန်း ကူးကြ၏။

အမြောက်များ၊ ဝန်လေးဝန်စည်စလယ်များတော့ အားလုံးထားပစ်ခဲ့ရ၏။ သို့သော် သူတို့လူအကုန်လိုလို ဒနီပါမြစ်ကို ဖြတ်ကူးနိုင်ပြီး တပ်တော်မဟာ အဓိကတပ်ကြီးနှင့် ပူးပေါင်းမိကြပြီ။ နေးနှင့် သူ့လူ ၉၀၀ တပ်တော်မဟာနှင့်

---

၁။ Dnieper



မော်စကိုသူရဲကောင်း စစ်သူကြီး နေး

ပူးပေါင်းပြီး နေး နောက်ချန်တပ်တာဝန်ကို ဆက်လက်ထမ်းဆောင်နိုင်ခဲ့လေသည်။ နောက်နှစ်ရက်အတွင်း သူ့နောက်ချန်တပ် လူ ၉၀၀ ကို ကော့ဆက် ၅၀၀၀ က သုံးဖက်သုံးတန်မှ ဝိုင်းတိုက်ကြ၏။ ဒုတိယညတွင် နေးတောထဲအိပ်ပျော်နေစဉ် ပလေတော့ဗ်¹ မြင်းစီးကော့ဆက်များက ဝိုင်းထားကြ၏။ နောက်ချန်တပ် ဖရိုဖရဲဖြစ်သွားပြီး လူများ လန့်ဖျပ်ပြီး ပြေးမိပြေးရာ ပြေးကြ၏။ နေးက မတ်စ်ကက်သေနတ်ကိုင်စွဲလိုက်ကာ ခရာသမားကို သူ့အနားခေါ်ပြီး တိုက်စစ်ခရာ မှုတ်ခိုင်း၏။ ရန်သူကို မျှော်လင့်ထားပြီး အချိန်ကျရောက်၍ တန်ပြန်ထိုးစစ်ဆင်နွှဲပုံမျိုး၊ နောက်ချန်တပ် ချက်ချင်း နေးနံဘေးရောက်လာပြီး ရန်သူကို ကမူးရှူးထိုးတိုက်ကြရာ ကော့ဆက်များ တပ်လန်ပြေးကြရလေသည်။ နေး အော်ခြာသို့ရောက်လာသည့်သတင်း ဧကရာဇ်ဘုရင် နပိုလီယံကြားသိရာ "ငါ ဘဏ္ဍာတိုက်က ဖရန့်ဒင်္ဂါးသန်း ၃၀၀ ထုတ်ပေးလိုက်မယ်ဟေ့၊ ငါ နေးကို အဆုံးအရှုံးမခံနိုင်ဘူးဟ"ဟု ကြုံးဝါးလိုက်သည်ဟုသတတ်။

တပ်တော်မဟာ ဘယ်ရီဆီနာ²မြစ် ဖြတ်ကူးခြင်းမှာ နပိုလီယံအလွမ်းဇာတ်အထွတ်အထိပ် ရောက်ချိန်တည်း။ ကမ္ဘာ့စစ်ခေါင်းဆောင်များအနက် နပိုလီယံလောက် ရာသီဥတု ထုထောင်းချက်ခံရသူ အလွန်ရှားပေလိမ့်မည်။ ယေနာတိုက်ပွဲ၌ နှင်းမှုန်မြူတိုက်က သူ့ကို ကူညီခဲ့သည်မှန်၏။ ၁၈၁၄ ခုနှစ်က နှင်းမုန်တိုင်းက သူ့ကို ကောင်းကျိုးပေးခဲ့သည် အမှန်ဖြစ်၏။ သို့သော် စိန်ဘားနဒ်ဖြတ်သန်းစဉ်က နှင့် အိုက်လောအတွင်း နှင်းမုန်တိုင်းများ၊ ၁၈၀၅ ခုနှစ်က ဒနြုဗ်မြစ်ဝှမ်းကို ဖြတ်သန်း၍ ဩစတာလစ်သို့ ချီတက်စဉ် သဲသဲမဲမဲ ရွာချလိုက်သည့်မိုးကြီး၊ ဒရက်စဒင်တွင် ရွာချလိုက်သည့် မိုးကြီးနှင့် နိဝင်ဘာလ ၆ ရက်သည်ဘက် ရုရှဆောင်းတွင်းဒဏ်တို့ကို နပိုလီယံ အလူးအလဲခံခဲ့ရလေသည်။ ယခု ဘယ်ရီဆီနာ ဖြတ်ကူးခါနီးတွင် ရာသီဥတုက နပိုလီယံကို နှိပ်စက်ပြန်ပြီ။ သည်တစ်ခါ အအေးဓာတ်မဟုတ်။ ဆောင်းတွင်းကြီးဖြစ်သော်လည်း အအေးပေါ့သွား၍ မြစ်က မခဲတော့။ သာမန် ရုရှဆောင်းတွင်းအအေးပုံမျိုးဆိုလျှင် ဘယ်ရီဆီနာမြစ်တစ်ပြင်လုံး ခဲနေရမည်။ နပိုလီယံ ကြိုက်သည့်နေရာက မြစ်ကိုဖြတ်ကူးနိုင်မည်။ ယခု သည်လိုမဟုတ်၊ ဖြစ်တောင့်ဖြစ်ခဲ အအေးပေါ့နေ၍ မြစ်ကြီးက တသွင်သွင်စီးဆင်းလျက်ရှိ၏။ ယခု နပိုလီယံ မြစ်ဖြတ်ကူးရန် တံတားထိုးရတော့မည်။ သူ့လူ ၄၀၀၀၀ အနက် အချို့က ရန်သူကို တိုက်တားတားပြီး အင်ဂျင်နီယာများ၊ ဆောက်လုပ်ရေးသမားများက တံတားချက်ချင်းထိုးရမည်။ ရန်သူ ၁၂၀၀၀၀ (တပ်တော်သုံးခု)က တပ်တော်မဟာကို သုံးဖက်သုံးတန်မှ ဝိုင်းတိုက်နေ၏။ ဖြေရှင်းမရနိုင်သည့်

---

၁။ Platov ၂။ Berisina

ပြဿနာမျိုး၊ ယင်းကို နပိုလီယံက အောင်မြင်စွာ ဖြေရှင်းကျော်ဖြတ်နိုင်ခဲ့၏။ တံတားမိုးမီ မြစ်အဖျားအနားအစပ်များက စတင်ရေခဲလာ၏။ တံတားထိုးသူများအတွက် များစွာ အကူအညီရသွားလေသည်။ နပိုလီယံက ပြောင်မြောက်စွာ စစ်ကစားပြ၍ ရန်သူရုရှတပ်များ တွေဝေကုန်၏။ အယောင်ယောင်အမှားမှား ဖြစ်ကုန်၏။ စစ်သူကြီး ဗစ်တာက သည်တစ်ခါ နောက်ချန်တပ်အဖြစ် ရန်သူကို ရှုပ်ရှုပ်ချွံချွံ တိုက်ပေး၏။ လူ ၈၀၀၀ နှင့် မြောက်ပိုင်းမှ ဆင်းလာသော အော်ဒီနော့က ရုရှတပ် ၅၀၀၀၀ ကို မရပ်မနား တိုက်ခိုက်ရာ ရုရှ ၅၀၀၀၀ အော်ဒီနော့ လူ ၈၀၀၀ ထိုးစစ်ကိုမခံနိုင်ဘဲ ကစဉ့်ကလျား ဆုတ်ခွာသွားကြရ၏။ ထို့ကြောင့် တံတားဆောက်ရန် အသက်ရှူပေါက်ချောင်သွားပြီး နှစ်ရက်အတွင်း တံတားအပြီး ထိုးကြ၏။ ၂၇ ရက်နေ့လယ်တွင် ဧကရာဇ်ဘုရင် နပိုလီယံနှင့် သူ့ကိုယ်ရံတော်တပ် ဘယ်ရီဆီနာမြစ်တံတားဖြင့် ဖြတ်ကူးနိုင်လေသည်။ သို့သော် ရန်သူကလည်း ချက်ချင်း ပြန်လည်စုစည်း၍ ၂၈ ရက်နေ့၌ မြစ်နှစ်ဖက်ကမ်းမှ တိုက်ကြပြန်၏။ နေးနှင့် အော်ဒီနော့က တစ်ဖက်ကမ်းမှ ဗစ်တာက အခြားတစ်ဖက်ကမ်းမှ ရန်သူများကို စွမ်းစွမ်းတမံ တိုက်ပေး၍ တပ်တော်မဟာအများစု ဘယ်ရီဆီနာမြစ်ကို ဖြတ်ကူးနိုင်ကြလေသည်။

သို့သော် ဒဏ်ရာရသူများ တိုက်ခိုက်ရေးတပ်မှ မဟုတ်သူများ နောက်ချန်တပ် နောက်ဆုံးပိုင်းမှသူများ မြစ်ကို မဖြတ်ကူးနိုင်တော့ချေ။ ဘယ်ရီဆီနာမြစ်ဖြတ်ကူးသည့် သုံးရက်အတွင်း တပ်တော်မဟာမှ လူ ၂၀၀၀၀ ကျဆုံးခဲ့ရလေသည်။ သို့သော် ဤကဲ့သို့ အခက်အခဲတွေ ပင်လယ်ဝေနေသည့်ကြားက ဘယ်ရီဆီနာမြစ်ကို အောင်မြင်စွာ ဖြတ်ကူးနိုင်ခြင်းကြောင့် နပိုလီယံ၏ စစ်ဖက်ဂုဏ်သိက္ခာ ဆတက်ထမ်းပိုးတိုး၍ ပြောင်မြောက်ခဲ့ရကြောင်း စစ်သမိုင်းဆရာများက မှတ်တမ်းတင်ခဲ့ကြပါသည်။ တံတားထိုးနေစဉ် ဆရာဝန်ချုပ်လယ်ရီက မြစ်နံဘေး သစ်တုံးကြီးတစ်ခုကို ခွဲစိတ်စားပွဲအဖြစ် သုံး၍ ခွဲစိတ်ကုသပေးခဲ့၏။ ရဲဘော်တစ်ဦးကို လက်ဖြတ်ကုသပေးပြီး ယင်းရဲဘော်က ဤသို့ပြောလိုက်၏။ "ဆရာဝန်ကြီးရဲ့ ကျွန်တော်တို့က ကာဆိုနေ[၁]နဲ့ အဝေးကြီးလိုသေးတယ်နော်"။ မှန်ပါသည်။ ရဲဘော်သာမဟုတ် တပ်တော်မဟာတစ်ခုလုံးက ကာဆိုနေနှင့် အဝေးကြီးလိုပါသေးသည်။ ဘယ်ရီဆီနာမြစ်ဖြတ်ကူးကြပြီးမှ အအေးပိုလာပြီး မြစ်ကြီးတစ်ခုလုံး ခဲသွားတော့၏။ နောက်ကျလွန်းနေပြီ။ ကံကြမ္မာက လှည့်စားလှချည့်တကား။ သည်မြစ်မခဲ၍ လူ ၂၀၀၀၀ အသက်ဖြင့် စတေးပြီး မြစ်ကူးတံတားတည်ဆောက်ပြီး မြစ်ကို ဖြတ်ကူးကြရပြီမဟုတ်လော။ တဖြည်းဖြည်း အေးသည်ထက် အေးလာပြီး

၁။ Carcassonne

တပ်တော်မဟာမှ ကျန်ရဲဘော်များကို ရုရှဆောင်းတွင်းက မညှာမတာ ဝါးမျိုနေလေပြီ။ စည်းကမ်း လုံးဝထိန်းမရတော့။ ကိုယ်ရံတော်တပ်နှင့် နောက်ချန်တပ်အချို့ကိုသာ စည်းကမ်းဖြင့် ထိန်းထားနိုင်လေသည်။ အရက်စည်ပိုင်းလုပ်သူ၏သား စစ်သူကြီးနေးကိုယ်တိုင် မတ်စ်ကက်ကိုင်၍ နောက်ချန်တပ်ဖြင့် ကောဆက်များကိုတိုက်ရင်း အမိကတပ်ကြီးနှင့် မျက်ခြည်မပြတ် စောင့်ရှောက်ရင်း လိုက်လာကြ၏။ လေးဆယ့်နှစ်ရက်တိတိ နေ့စဉ်ရက်ဆက် တိုက်ပွဲများတိုက်ရ၍ အချို့နေ့ရာများတွင် တစ်နေ့တည်း တိုက်ပွဲ နှစ်ပွဲသုံးပွဲ တိုက်ခဲ့ရ၏။ ပလာဇင်နစ်ဒီး[1]ကျေးရွာ၌ ယာယီဆေးခန်းတွင် ဒဏ်ရာရထားသော အော်ဒီနော့ လဲလျောင်းအနားယူနေစဉ် ရုရှခြေလျင်စစ်သည် ၁၅၀ ကောဆက် ၄၀၀ တို့က ဆေးခန်းကို အလစ်ဝိုင်းဝန်းတိုက်ကြ၏။

စစ်သူကြီးအော်ဒီနော့ အစောင့်များက ထွက်ပြေးကြပြီ။ အော်ဒီနော့က လူနာထမ်းစင်မှထကာ မပြေးနိုင်၍ကျန်နေသည့် ၁၇ ဦးနှင့် (ယာယီဆေးခန်း) သစ်သားတဲအိမ်ကို အလုံပိတ်ပြီး ရှိသမျှလက်နက်နှင့် ခုခံတိုက်ခိုက်ရာ ရုရှများအကျအဆုံးများစွာဖြင့် ပြန်လည်ဆုတ်ခွာသွားကြရ၏။ ဒဏ်ရရထားသော အော်ဒီနော့ ယင်းတိုက်ပွဲတွင် ထပ်မံဒဏ်ရာရခဲ့ပြန်ပြီ။ ဒဏ်ရာအများဆုံး ရဖူးသည့်စစ်သူကြီးတည်း။ ဘယ်ရီဆီနာ မြစ်ကူးခင်က သူ့ချည်း လွတ်မြောက်ပြန်ပြေးရန် ငြင်းဆန်နေသော စေကျာ့ဇ်ဘုရင် နပိုလီယံသည် မိမိတပ်အကြွင်းအကျန်တို့ မိမိ မည်သို့မျှ ကယ်တင်နိုင်မည်မဟုတ်ကြောင်း သိရှိလာ၏။ မိမိကံကြမ္မာတို့ ပြင်သစ်နိုင်ငံရှိ လူသစ်စခန်းများမှ ရဲဘော်များကသာလျှင် တစ်နည်းတစ်ဖုံပြန်ကောင်းလာအောင် ဖန်တီးပေးနိုင်ပေမည်။ ထို့ကြောင့် တပ်တော်မဟာကိုမြူရက်အား လွှဲပေးပြီး နပိုလီယံ ကိုယ်ရံတော်တပ်အနည်းငယ်နှင့် စွတ်ဖားများစီးကာ အမြန်ဆုတ်ခွာတော့၏။ ဒီဇင်ဘာ ၇ ရက်နေ့မှာ အအေးဆုံးနေ့ဖြစ်ပြီးကျန်နေသေးသည့် မြင်းအားလုံး သေဆုံးခဲ့ရ၏။ ထိုနေ့က ငှက်များပင် သစ်ကိုင်းဆက် နားနေရာက သွေးခဲ၍ အောက်သို့ပြုတ်ကျသေဆုံးကုန်သည်ကို တွေ့ကြုံရ၏။ နေးကတော့ တိုက်ဆဲဖြစ်၏။ သူ့လက်ထောက် ဗိုလ်ချုပ်ကြီးမေဆုံ[2]နှင့်အတူ နောက်က ထက်ကြပ်လိုက်သည့် ကော်ဆက်များအား မနားမနေပြန်တိုက်ခဲ့၏။ မိုလိုဒက်နီကျေးရွာ၌ စစ်သူကြီးဗစ်တာနှင့် ၄၀၀၀ ကို နေးတို့တွေ့ရ၏။ နေးလက်အောက်တွင် ထိုစဉ်က လူ ၆၀ သာ ကျန်တော့ပြီး ဗစ်တာကနောက်ချန်တပ်တာဝန်ကို ယူမည်ဟု နေးတို့က မျှော်မှန်းမိ၏။ သို့သော် ဗစ်တာ

---

၁။ Plaszczenitzy ၂။ General Maison

က နောက်ချန်တပ်တာဝန်ကို မယူဘဲ သူ့လူ ၄၀၀၀ နှင့် ထိုညမှာပင် အနောက်ဘက်သို့ ဆက်လက်ဆုတ်ခွာသွားခဲ့လေသည်။

နေးက ဗစ်တာနောက် မြင်းစီးလိုက်ကာ နောက်ချန်တပ်တာဝန်ယူရန် ပြော၏။ မရသောအခါ ဗစ်တာ လူအချို့ သူ့လက်အောက်လွှဲပေးရန် ပြောသေး၏။ ဗစ်တာက လုံးဝမကူညီ၍ နေးတစ်ဦးတည်း အမျိုးမျိုး ဆဲရေးတိုင်းထွာကျန်ရစ်လေသည်။ မြူရတ်လည်း စည်းပျက်ကမ်းပျက်တပ်ကြီးကို ထိန်းမထားနိုင်တော့။ နေးတစ်ဦးတည်းသာ သူ့နောက်ချန်တပ် လက်တစ်ဆုပ်စာကို ကြပ်ကြပ်မတ်မတ် ကွပ်ကဲတိုက်၍ ခွာလာခဲ့၏။ နီမဲင်မြစ်ကမ်းပေါ်မှ ကော်ဗိုနိုမြို့[၁]သို့ ရောက်လာပြီ။ သည်မြို့လွန်လျှင် အရှေ့ပရပ်ရှားသို့ ရောက်တော့မည်။ သို့သော် နီမဲင်မြစ်ကို ဖြတ်ဖို့ကျန်သေး၏။ ပလာတော့ဗ်၏ ကော့ဆက်များကလည်း ထက်ကြပ်ပါလာကြ၏။ နီမဲင်မဖြတ်ကူးခင် ကော်ဗိုနိုကို ကာကွယ်ထားရန်လို၏။ မြူရတ်လည်း ဘာမှမတတ်နိုင်တော့။ အရှေ့ပရပ်ရှားထဲ ဆုတ်ခွာရန်သာ အမိန့်ထုတ်နိုင်၏။ ထို့ကြောင့် ကော်ဗိုနိုကာကွယ်ရေးအတွက် နေးပင် တာဝန်ယူရပေလိမ့်မည်။ သူ့လူ ၆၀ တည်းနှင့်တော့ မြို့ကြီးတစ်မြို့ကို မည်သို့မျှ မကာကွယ်နိုင်မှာ သေချာ၏။ အရက်စည်ပိုင်းလုပ်သူ၏သား စစ်သူကြီးနေးပင် တတ်နိုင်မည်မဟုတ်။ ထို့ကြောင့် နေး လူရှာရ၏။ ယခုအထိ နောက်ချန်တပ်လေးတပ်သူ့လက်အောက်မှာပင် တိုက်ရင်းခိုက်ရင်း လုံးပါးပါး ပြိုကွဲခဲ့ကြရပြီဖြစ်ရာ နောက်ဆုံးအကြိမ်အနေနှင့် ပဉ္စမမြောက် နောက်ချန်တပ် ဖွဲ့စည်းပြီး တိုက်ရဦးမည်။ ကံအားလျော်စွာ အမြောက်တပ်ခွဲတစ်ခွဲနှင့် ဂျာမန်လူသစ် ၇၀၀ ကို နေး သွားတွေ့၏။ သူတို့ကို စည်းရုံးကာ ကော်ဗိုနိုကာကွယ်ရေးကို နေးဦးစီးလုပ်တော့၏။ မြူရတ်နှင့်အဖွဲ့က နီမဲင်ဖြတ်ကူးဆုတ်ခွာကြစဉ် ပလာတော့ဗ်က ကော်ဗိုနိုမြို့ကို ဗလ်နာ[၂]တံခါးမှ ဝင်တိုက်တော့၏။ ယင်းတိုက်ပွဲမှာ ရုရှတိုက်ပွဲစဉ်၏ နောက်ဆုံးတိုက်ပွဲတည်း။ နေးက သူ့လူ ၇၀၀ ခန့်နှင့် ဗလ်နာတံခါးသို့ သွားပြီးတိုက်၏။ ဂျာမန်လူသစ်များ ရုရှကော့ဆက်ထိုးစစ်ကို မခံနိုင်ဘဲ ထွက်ပြေးကြလေသည်။

နေးက တွေ့သမျှ (ထွက်ပြေးသူများ စွန့်ထားခဲ့သည့်) မတ်စ်ကက်သေနတ်များ တစ်လက်ပြီးတစ်လက် ကောက်ယူကာ ပစ်ခတ်တိုက်ခိုက်၏။ သူ့အနီးတွင် ရဲဘော်လေးဦးသာ ကျန်တော့၏။ မကြာမီ လူ ၃၀ နေးတို့နှင့်ပူးပေါင်းလာကာ အတူလက်တွဲတိုက်ကြ၏။ ဒုတိယအကြိမ် ရုရှများ တိုက်ကြရာ အင်အားမမျှဘဲ သူတို့ပါ ဖြတ်တောက်ခံရမည့် အန္တရာယ်ရှိလာ၍ နေးက ဆုတ်ခွာအမိန့်ပေးပြီး

၁။ Kovono on the Niemen ၂။ Vilna Gate

သူကိုယ်တိုင် ဦးဆောင်ဆုတ်ခွာတော့၏။ ၁၈၁၂ ခုနှစ် ဒီဇင်ဘာ ၁၄ ရက်နေ့ ည ၈ နာရီတွင် တပ်တော်မဟာ မူလစစ်သည် ၆၀၀၀၀၀ မှ နောက်ဆုံး ပြင်သစ်စစ်သည် နီမင်မြစ်ဖြတ်ကူး၍ ရုရှနိုင်ငံမှ အရှေ့ပရပ်ရှားနယ်ထဲရောက်ပါ ပြီ။ ယင်းနောက်ဆုံး ဆုတ်ခွာခဲ့သည့် စစ်သည်ကား စစ်သူကြီး မစ်ချယ်နေး၊ **အလ်ချင်ဂင်မြို့စားနှင့် မော်စကို ဝါ မင်းသားကြီးနေး ဖြစ်ပါသည်။ ကေရာဇ်** ဘုရင် တစ်ဦး၊ ဘုရင်နှစ်ပါး၊ မင်းသားတစ်ဦးနှင့် စစ်သူကြီး ၈ ဦး အပါအဝင် တပ်တော်မဟာ ၆၀၀၀၀၀ ကို ရုရှတို့က အောင်နိုင်လိုက်သော်လည်း အရက်စည် လုပ်သူ၏သား စစ်သူကြီးနေးကား နောက်ဆုံးအချိန်အထိ လေ့ခွက်ချည်းကျန် အလံမလှဲ တိုက်ခိုက်ခဲ့သူ ဖြစ်ပါသတည်း။

# အခန်း (၁၆)

## လိုက်ပဇစ်

**LEIPZIG**

နပိုလီယံနှင့်အတူ ကိုယ်ရံတော်တပ်သား ၁၀၀၀ လက်နက်စွဲကိုင်၍ ကောရာဇစ်ဘုရင်နှင့်အတူ ပြင်သစ်ပြည်ပြန်ရောက်လာလေသည်။ တပ်တော်မဟာ ၆၀၀၀၀၀ အနက် လူတစ်ထောင်သာ စည်းနှင့်ကမ်းနှင့် ကျန်တော့၏။ အမြောက်အမြား [illegible]ဝိုးခဲ့ကြရပြီး အချို့မှာ ငတ်ပြတ်သေကြရ၏။ အချို့ကို ရုရှများက ဖမ်းပြီး ဆိုက်ဘေးရီးယား ပို့လိုက်၏။ အချို့သည် တောကြောင်များဘဝသို့ ကူးပြောင်းကာ ဥရောပအလယ်ပိုင်းနိုင်ငံများတွင် တိုက်ခိုက်လုယက် စားသောက်နေကြတော့၏။ ပြင်သစ်နိုင်ငံသည် ၁၇၉၂ ခုနှစ်မှ စတင်၍ စစ်တိုက်လာခဲ့ပြီး ရုရှတိုက်ပွဲစဉ်မှာ အထိအနာဆုံး ဖြစ်တော့၏။ နှစ်ပေါင်း ၂၀ ဆက်တိုက် တိုက်ခိုက်လာရ၍ တစ်နိုင်ငံလုံး စစ်ပန်းနေပြီဖြစ်သော်လည်း နပိုလီယံ၏ လောဘမီးက တောက်လောင်နေဆဲဖြစ်၏။ ပြင်သစ်တပ်တော် ပျက်သုဉ်းခဲ့ရပြီဖြစ်ပြီး ပြင်သစ်၏ရန်သူများက တစ်နေ့တခြား ပိုမိုအင်အားကောင်းနေ၏။ ရုရှက အောင်ပွဲဆင်လိုက်နိုင်၍ စိတ်ဓာတ်တက်ကြွနေပြီး ပရပ်ရှားကလည်း မင်းဆိုးမင်းညစ် နပိုလီယံကို ပြန်တိုက်ရန် အသင့်ဖြစ်နေပြီ။ ဩစတြီးယားက နပိုလီယံဆန့်ကျင်ရေး မဟာမိတ်အဖွဲ့တွင် အမြဲပါဝင်ခဲ့ပြီး ဆွီဒင်ပါ မဟာမိတ်အဖွဲ့ဝင်ဖြစ်လာရန် အလားအလာကောင်းနေလေသည်။ အင်္ဂလိပ်ကလည်း ဥရောပ၌ နပိုလီယံဘိုနာပတ် မကျဆုံးမချင်း မဟာမိတ်အဖွဲ့၏ အုတ်မြစ်တစ်ချပ်အဖြစ်

ပါဝင်နေမည်မှာ သေချာလှပေသည်။ မိမိတို့ စုပေါင်းအင်အားက ပြင်သစ်ထက် အဆမတန် သာလွန်နေသော်လည်း အင်္ဂလိပ်နှင့် ပရပ်ရှားမှလွဲ၍ ကျန်အဖွဲ့ဝင်များ ငြိမ်ချက်သားကောင်းနေ၏။ ကေရာဇ်ဘုရင် နပိုလီယံအမည်နှင့် အရှိန်က အားလုံးကို ဟန့်တားထားဘိသကဲ့သို့ရှိနေ၏။ ဤကဲ့သို့ သူ့အရှိန်အဝါနှင့် ရန်သူများ ငြိမ်နေစဉ် နပိုလီယံက တပ်တော်တစ်ခုရအောင် လူသူစုလေ့ကျင့်ပေးနေပြီ။ ၁၈၁၂ ခုနှစ် ဒီဇင်ဘာလထဲတွင် ပြင်သစ်နိုင်ငံ အရှေ့ဘက်နယ်ခြားကိုကာကွယ်ရန် စစ်သူကြီးတစ်ဦးနှင့် ကိုယ်ရံတော်တပ် ၁၀၀၀ သာ ပြင်သစ်တွင် ကျန်တော့၏။ ၁၈၁၃ ခုနှစ် ဧပြီလတွင်ကား ပြင်သစ်တပ်တော်တွင် လူ ၂၂၆၀၀၀ ရှိနေပြီဖြစ်ပြီး ဗစ်ကြူလာ၊ အိုဒါ၊ အယ်လ်ဘာမြစ်ကြောင်းများမှ ခံတပ်များကိုလည်း အလွန်ခိုင်ခံ့အောင် ပြုပြင်၍ စောင့်ကြပ်ထားပြီး ဖြစ်လေသည်။

စစ်မြေပြင်သို့ အမြောက်အလက် ၅၀၀ ပို့ပေးနိုင်၍ ကေရာဇ်ဘုရင် နပိုလီယံကိုယ်တိုင် တပ်တော်ကို ဦးစီးမည်ဖြစ်လေသည်။ ထို့ပြင် စပိန်၌ ဝါရင့်စစ်သည်နှစ်သိန်းရှိသေး၏။ ရုရှတိုက်ပွဲစဉ်တွင် လူခြောက်သိန်း တပ်တော်မဟာ ပြိုကွဲပျက်စီးရပြီး နပိုလီယံ ဤမျှတိုတောင်းသည့်အချိန်အတွင်း နောက်ထပ်တပ်တော် စုစည်းနိုင်သည်ကို လူတိုင်း အံ့သြနေကြရ၏။ သို့သော် နောက်ထပ်ဖွဲ့စည်းသည့် တပ်တော်၌ အဓိကချွတ်ယွင်းချက် နှစ်ချက်ရှိနေလေသည်။ ပထမချွတ်ယွင်းချက်ကား မြင်းများ အလွန်နည်းနေခြင်းဖြစ်၏။ တပ်တော်တစ်ခုလုံးတွင် မြင်းစစ်သည် ၁၅၀၀၀ သာ ပါဝင်ပြီး (စစ်ဆင်ရမည့်) ဆက်ဇ်နီပြည်နယ်မှာ ကျယ်ဝန်းပြန့်ပြူးလှသည့် တကယ့်မြင်းစစ်သည်တို့ နယ်မြေဖြစ်လေသည်။ ဒုတိယချွတ်ယွင်းချက်က ပိုဆိုး၏။ ယင်းကြောင့် နပိုလီယံ ပြန်လည်နာလန်မထူနိုင်ဟု ယူဆရမည်ဖြစ်လေသည်။ ယင်းချွတ်ယွင်းချက်ကား စစ်သူကြီးများ ခြေကုန်လက်ပန်းကျနေခြင်း ဖြစ်တော့၏။ ရုရှစစ်မြေ၌ သူတို့ ခြေကုန်ဆုတ်ပြေးခဲ့ကြပြီး ဖြစ်ပါသည်။ ၁၈၁၃ ခုနှစ်က စစ်သူကြီးများ အကြိမ်ကြိမ် ရှုံးနိမ့်ရခြင်းမှာ သူတို့ စစ်ဦးစီးသည့် တပ်ကြီးများ မကိုင်ဖူးသောကြောင့် ဖြစ်သည်ဟု အချို့စစ်သမိုင်းဆရာများက ဆို၏။ သို့သော် အဓိကအကြောင်းမှာ သူတို့အားလုံး ခြေကုန်နေကြသောကြောင့် ဖြစ်ပေသည်။ ပုံစံအားဖြင့် နေး... သူသည် အနှစ် ၂၀ လုံးလုံး ဆက်တိုက် စစ်ဆင်ရေးများ ပြုလုပ်ခဲ့ရပြီး တကယ့်ဆောင်းတွင်းကြီးတွင် မော်စကိုမှ ကော်ဗိုနို မိုင် ၅၅၀ ကို မနားတမ်း ချီတက်တိုက်ခိုက်ခဲ့ပြီး ဖြစ်၏။ ယင်းနောက်ဆုံးတိုက်ပွဲများတွင် ခါတိုင်းစားသုံးနေကျ ရာရှင်၏ လေးချိုးတစ်ချိုးသာ စားသုံးရပြီး နေ့စဉ်ရက်ဆက် ဓားရှည် သို့မဟုတ် မတ်စ်ကက်သေနတ်ဆွဲကိုင် အနီးကပ်တိုက်ပွဲ ဆင်နွှဲခဲ့ရခြင်း ဖြစ်လေသည်။ ၁၈၁၃ ခုနှစ်၌ နေး ၄၃ နှစ်ရှိနေပြီ။ နပိုလီယံကိုယ်တိုင်လည်း ၄၃ နှစ်ရှိနေပြီဖြစ်ပြီး သြစတာ

လစ်၊ ဝါဂရမ်တိုက်ပွဲများက လျှမ်းလျှမ်းတောက် စစ်ခေါင်းဆောင်မဟုတ်တော့။ ၁၈၁၃ ခုနှစ်တွင် ယခင်နပိုလီယံ၏ အရိပ်အယောင်မျှသာ ရှိတော့လေသည်။

စစ်သူကြီးများသည် သူတို့ လုယက်ခိုးဝှက် စုဆောင်းထားသည့် ပစ္စည်းပစ္စယများနှင့် အေးအေးလူလူ နေလိုကြပြီဟု ယူဆလိုက်လျှင် အလွယ်တကူ ကောက်ချက်ချလိုက်ရာ ရောက်တော့မည်။ ဥပမာ ၁၈၁၃ ခုနှစ်က စစ်သူကြီးနေး ဘောက်ဇင်[၁]တိုက်ပွဲမတိုက်ဘဲ ရှောင်လွဲသွား၍ ရနိုင်ကောင်း၏။ သို့သော် နေးခမျာ ခြေထောက်တစ်ဖက်က ဒဏ်ရာကြောင့် စစ်ဖိနပ်ကြီးမစီးနိုင်ဘဲ ပိုးခြေအိတ်နှင့် ညှပ်ဖိနပ်စီးပြီး ဘောက်ဇင်တိုက်ပွဲဝင်ခဲ့ခြင်း ဖြစ်ပါသည်။ မာဆေးနားကတော့ တကယ်နားချင်နေသည်မှာ အမှန်ဖြစ်၏။ စပိန်သို့ နောက်တစ်ကြိမ်စေလွှတ်လိုက်ရာ ဘယုန်းအထိသာ မာဆေးနားသွားခဲ့၍ ကျန်းမာရေးအကြောင်းပြကာ အိမ်ပြန်လာခဲ့လေသည်။ ဩဂျရိုးလည်း တကယ်တိုက်ရေးခိုက်ရေး စိတ်မပါတော့သည်မှာ သေချာ၏။ တပ်မကြီးမှူး အမည်ခံထားသေးသော်လည်း သူ့တပ်မကြီးမှာ စက္ကူပေါ်မှာသာရှိ၏။ နောက်တန်းတွင် တစ်ချိန်လုံး ဩဂျရိုးအချိန်ကုန်ခဲ့ခြင်း ဖြစ်လေသည်။ သူတို့ခေတ်ကုန်ပြီ။ နပိုလီယံ ကြယ်ကြွေတော့မည်ကို အားလုံးက သိထားကြပုံရပါသည်။ မည်သူမျှ ငယ်စဉ်တုန်းကလို တက်တက်ကြွကြွမရှိတော့။ လဆာလ်၊ ကိုလ်ဘတ်၊ စိန်ကရှိုက်၊ မွန်ဘရွန်း မြင်းသည်ကျော် လေးဦးစလုံးမရှိတော့ပြီ။ အားလုံး တိုက်ပွဲတွင် ကျဆုံးခဲ့ကြရပြီ။ ပြင်သစ်နိုင်ငံမှ လူသစ်များမှာ အစတွင် တက်တက်ကြွကြွ ရှိကြပါ၏။ စစ်ဘုရင် နပိုလီယံနာမည်နှင့် အရှိန်အဝါကို အားကိုးထားကြ၏။ သို့သော် နောက်ပိုင်းတွင် အဖြစ်မှန်ကို သိလာကြပြီး သူတို့၏ ပွဲဦးထွက်တိုက်ပွဲ (ဘော်ဇင်)တွင် မိုးကြီးလေကြီးကျလာ၍ ရာသီဥတုကပါ သူတို့ကို ဖိစီးခဲ့ပြီ ဖြစ်လေသည်။ ဂျာမနီကလည်း ရှေးယခင်ကကဲ့သို့ စစ်ဆင်ရကောင်းသော နယ်မြေမဟုတ်တော့။ ဂျာမန်လူမျိုးများက နိုးကြားနေကြပြီ။ ကဗျာစာဆိုများက လူထုကို မျိုးချစ်စိတ် လှုံ့ဆော်ပေးနေပြီး စပိန်ပြောက်ကျားစစ်နည်းများကိုပါ ဂျာမန်များ တတ်မြောက်လာကြပြီ။

တိုက်ပွဲစဉ်အစက ဆက်ဇုံနီတပ်တော်[၂]တွင် ပါဝင်သည့် စစ်သူကြီးများမှာ နေး၊ ဗစ်တာ၊ မက်ဒေါ်နယ်၊ အော်ဒီနော့၊ မာမွန့်နှင့် စိန့်စီယာတို့ဖြစ်ပြီး အားလုံး တပ်မကြီးမှူးများ ဖြစ်ကြ၏။ ဘက်ဆီယာက ကိုယ်ရံတော်တပ်မှူးကြီးဖြစ်၍ မြူရတ်က မြင်းတပ်၊ ဘယ်သီယာက ထုံးစံအတိုင်း စစ်ဦးစီးချုပ်ဖြစ်လေသည်။ ဩဂျရိုးက ဖရန်ကိုနီးယားတွင် အရန်အဖြစ်နေရ၍ စက္ကူပေါ်တွင်

---

၁။ Bautzen ၂။ The Army of Saxony

တပ်မသုံးခု ရှိ၏။ မြူရတ်စစ်မြေသို့ ပြန်ရောက်လာသည်မှာ ဆန်းကြယ်သော ကံကြမ္မာ လှည့်ကွက်ကြောင့်ဖြစ်၏။ သူနှင့် ကြင်ယာတော် ကာရိုလိုင်းတို့သည် ဩစတြီးယား သံတမန် မက်တာနစ်[၁] နှင့် အပေးအယူလုပ်လာသည်မှာ အတော်ကြာပြီ။ ရုရှတိုက်ပွဲစဉ် မစမီကတည်းက ဖြစ်၏။ ထို့ကြောင့် မြူရတ် ရုရှဆီးနှင်းတောမှ ထိုးထွက်လာပြီး မက်တာနစ်နှင့် ပြန်လည်ဆက်သွယ်နေခဲ့လေသည်။ သို့သော် နပိုလီယံက မြူရတ်အား ဒရက်စဒင်သို့ အမြန်ခေါ်ယူလိုက်၍ ယောက်ဖတော် ဒေါပွနေမှန်းသိပြီး မြူရတ် ဒရက်စဒင်သို့ ထွက်လာခဲ့ရလေသည်။ ရောမမြို့မှအထွက် ကမ်ဝဂ်နာတွင် မက်တာနစ် စေလွှတ်လိုက်သော ဆက်သားနှင့် မြူရတ်တွေ့ပြီး မက်တာနစ်ထံမှ လျှို့ဝှက်ပေးစာများ ရပါ၏။ သို့သော် စာများမှာ ဝှက်စာသွင်းထား၍ ဖော်ယူရန် မြူရတ်နှင့် နေပေါလ်စ်သို့ ဝှက်စာများ ပို့ပေးရ၏။ ဝှက်စာတွင် မြူရတ်(နှင့် ကာရိုလိုင်း) မျှော်လင့်နေသောသတင်းများပါ ပါသည်။ မြူရတ် နပိုလီယံကို စွန့်ခွာလျှင် သူ့(မြူရတ်၏)ထီးနန်းကို ဩစတြီးယားဘုရင်က အသိအမှတ်ပြုပါမည်။ မြူရတ် နပိုလီယံကို သစ္စာဖောက်ရန်သွေးထိုးပေးသည့်စာတည်း။ ကံကြမ္မာဖန်လာပုံက ယင်းစာကို မြူရတ် မဖတ်ရတော့။ စာက နေပေါလ်စ်သို့ရောက်၊ မြူရတ်က နပိုလီယံ အမှုတော်ထမ်းရန် ဒရက်စဒင်သို့ ရောက်လာပါပြီ။ ကြမ္မာငင်လာပြီဆိုလျှင် မကောင်းသည့်သူများနှင့် ပေါင်းသင်းလာတတ်၏။ မကောင်းသည့် အကြံဉာဏ်ပေးသူများနှင့် တွေ့လာတတ်၏။ နပိုလီယံ ကြမ္မာဆိုးဝင်လာသည်နှင့် မိမိစိတ်ကူးယဉ်အိပ်မက်များ၊ မိမိ လေထဲတိုက်အိမ်ဆောက်မှုများကို လေပင့်ပေးမည့်သူများ၊ ချီးကျူးထောက်ခံမည့်သူများနှင့်သာ လေပေးဖြောင့်တော့၏။ သူပြောတာ ခေါင်းမညိတ်သူ နပိုလီယံ အနားမကပ်ရ။ မှန်ပါ့ဘုရားများသာ အခစားဝင်စေ။

ဘောက်ဇင်တိုက်ပွဲ၌ ဤကဲ့သို့ အဆင်းဘီးတပ်ပေးသူမှာ စစ်သူကြီး ဗစ်တာဖြစ်၏။ နပိုလီယံကို ပင့်ပေးနေပြီး မကောင်းသည့်အကြံဉာဏ်ပေးသူမှာ ဗစ်တာဖြစ်၏။ နပိုလီယံဆုံးဖြတ်ထားပြီး ကိစ္စမှန်သမျှကို ဗစ်တာက လှိုက်လှိုက်လှဲလှဲ ထောက်ခံပြီး နပိုလီယံလုပ်သမျှ မှန်သည်ဟု ဗစ်တာက ပြောခဲ့ကြောင်း နောက်ပိုင်းတွင် မာမွန့်က ပြန်ပြောခဲ့လေသည်။ နပိုလီယံတပ်ကော်အသစ်အတွက် စစ်ဖိနပ်များ လိုနေ၏။ ထို့ကြောင့် ဆွီဒင်အပိုင် ပိုမရေးနီးယား ဂိုဒေါင်များတွင် စစ်ဖိနပ်များ ရှိသည်ဆိုလျှင် ပိုမရေးနီးယားကို ချီတက်သိမ်းပိုက်ရန် ဟမ်ဘက်ရှိ ဒဗိုးအား နပိုလီယံက အမိန့်ပေးခဲ့လေသည်။ ဒဗိုးက ပိုမရေးနီးယားတွင် စစ်ဖိနပ်ရှိရှိ မရှိရှိ ဘာနာဒုတ် စိတ်ညစ်အောင် လုပ်ရမည်ဆိုလျှင် ဘာမဆိုလုပ်မည်။ ထို့ကြောင့် ဒဗိုးတပ်က အမြန်ချီတက်၍ ပိုမရေးနီးယားကို သိမ်းပိုက်လိုက်၏။

---

၁။ Metternich

စစ်သူကြီးများအား သေဘေးပို့မည့် နာမည်ပျက်စေမည့် ဘေးဆိုးအမျိုးမျိုး တိုးစေမည့် စစ်ဆင်ရေးကြီး စပါတော့မည်။ မေလဆန်းတစ်ရက် (၁၈၁၃ ခုနှစ်) က မြူရတ် စစ်မြေသို့ ရောက်မလာသေး၍ မြင်းတပ်ကို စစ်သူကြီးဘက်ဆီယာ အုပ်ချုပ်နေရ၏။ ထိုနေ့က ဘက်ဆီယာ အလိုလိုစိတ်လေးနေလေသည်။ သူ နံနက်စာ မစားသည်မှာ ကြာပြီ။ ငါ့နေ့ကတော့ နံနက်စာစား၏။ ထို့နောက် ဤကဲ့သို့ပြောခဲ့၍ သူဦးစီးအရာရှိများ အံ့သြနေကြ၏။ "အမြောက်ဆန်က ငါ့ကို တည့်တည့်ကြီး လာမှန်တယ်ဆိုရင် အစာမစား ငတ်ပြတ်နေတုန်းဆို ဘယ်ဟန် မှာတုံး။ စားထားဦးမှ..." နံနက်စာစားပြီး ဘက်ဆီယာလုပ်ပုံမှာ ပိုထူးဆန်းနေ၏။ သူ့ဇနီးဆီမှ စာအားလုံးကို မီးရှို့ဖျက်ဆီးပစ်လိုက်၏။ ထို့နောက် မြင်းစီး၍ ဆက်ဖုံနီနယ် လူဇင်အနီးမှ ရီပတ်ချ်ချိုင့်ဝှမ်း[၁]သို့ ထွက်လာခဲ့လေသည်။ ရန်သူ အမြောက်က အစမ်းပစ်ခတ်လိုက်ရာ စစ်သူကြီး ဘက်ဆီယာ၏ အကူရဲဘော်ကို တည့်တည့်ကြီး ထိမှန်တော့၏။ စစ်သူကြီးက အနည်းငယ် နောက်ပြန်ဆုတ်၍ သူ့လူများနှင့်အတူ အကူရဲဘော်ကို မြေမြှုပ်သင်္ဂြိုဟ်လိုက်၏။ "ရန်သူက ကိုယ်ရံ တော်တပ်ကရဲဘော် ကျဆုံးမှန်းသိသွားရင် ပြင်သစ်ကိုယ်ရံတော်တပ်ကို သူတို့တိုက် ထုတ်လိုက်တယ်လို့ ဝါကြွားတော့မှာပေါ့"ဟု စစ်သူကြီး ဘက်ဆီယာက ပြော၍ အကူရဲဘော်အလောင်းကို အစဖျောက်လိုက်ခြင်းဖြစ်လေသည်။ ဘက်ဆီယာပြော၍ မှ မပြီးသေးခင် ရန်သူက နောက်ထပ်အမြောက်တစ်ချက် ထပ်ပစ်လိုက်ရာ စစ်သူ ကြီး ဘက်ဆီယာကို အမြောက်ဆန်တည့်တည့်ကြီး မှန်ခဲ့လေသည်။ မကြာမီ ထိုနေရာသို့ စစ်သူကြီး နေး ရောက်လာသေး၏။ ကံအားလျော်စွာ ရန်သူအမြောက် က နောက်သို့ဆုတ်ခွာ နေရာပြောင်းသွားလေပြီ။ ဘယ်ဆီယာ ကျဆုံးရသည်မှာ သူ့အပြစ်မကင်းချေ။ (ရန်သူ) အမြောက်က ချိန်ထားပြီး နေရာမှ ဝေးဝေးသို့ မရွှေ့ပြောင်းမိခြင်းမှာ မဟာအမှားတော်ကြီးဖြစ်၏။ အမြောက်အကြောင်းသိသူ မည်သူမျှ (ရန်သူ) အမြောက်ဆန်ကျပြီးနေရာနှင့် နီးနီးတွင် ဆက်လက်မနေချေ။ ယခု ကိုယ်ရံတော်တပ်ကို တိုက်ပွဲစဉ်များစွာတွင် ဦးစီးကွပ်ကဲခဲ့သည့် စစ်သူ ကြီး ဘက်ဆီယာ ကျဆုံးခဲ့ရလေပြီ။ ဤသို့ နေးက ဘက်ဆီယာအလောင်းကို ကြည့်ပြီး ဤသို့ သံဝေဂယူလိုက်၏။ "ကံစီမံရာ ခံကြရတာပဲ၊ မင်းရဲ့ မွန်မြတ်လှ တဲ့လုပ်ရပ်ကို တို့ဂုဏ်ယူပါတယ်"[၂]။

ယင်းသို့ ပြောဆိုပြီး စစ်သူကြီးနေး ခေါင်းအောက်စိုက်ကာ ဖြည်းဖြည်း ထွက်ခွာသွားခဲ့လေပြီ။ မှန်တိုင်းတပ်ကို ဦးဆောင်တိုက်ခိုက်ရန် ဖြစ်ပေ၏။

---

၁။ Riappach defile, Near Lutzen, Saxony

၂။ C'EST NORTE SORT C'EST UNE BELLE MORT.

ဘက်ဆီယာ စစ်သက်တမ်းတစ်လျှောက်လုံးတွင် သူသည် မြူရတ်ကို စံအဖြစ်ထားရှိခဲ့၏။ မြူရတ်ကို အတုခိုးနည်းယူပြီး အစစ မြူရတ်ကို အားတားမှီခိုခဲ့သူဖြစ်လေသည်။ မြူရတ်နှင့် ဘက်ဆီယာ နှစ်ဦးစလုံးမှာ အကောင်းဆုံးမြင်းသည်ကျော်များ၊ မြင်းတပ်ခေါင်းဆောင်များဖြစ်ကြောင်း နပိုလီယံကိုယ်တိုင်က ပြောဖူး၏။ မြူရတ်မှာ အကောင်းဆုံးစံပြ ရှေ့ပြေးမြင်းတပ်ခေါင်းဆောင်ဖြစ်ပြီး ဘက်ဆီယာမှာ အကောင်းဆုံး အရန်မြင်းတပ်ခေါင်းဆောင်ဖြစ်သည်ဟု နပိုလီယံက သတ်မှတ်ထားလေသည်။ ကိုယ်ရံတော်တပ် တစ်တပ်လုံးက ဘက်ဆီယာကို အစ်ကိုကြီးသဖွယ် လေးလေးစားစား ဆက်ဆံကြပြီး ဘက်ဆီယာကိုယ်တိုင်ကလည်း ဤသို့ပြောလေ့ရှိ၏။ "ငါကိုယ်တိုင် ရဲဘော်ဘဝက တက်လာတဲ့အကောင်ပါ။ ဒါကို ငါဘယ်တော့မှမမေ့ဘူး" ဤကဲ့သို့ ရဲဘော်စိတ်ရှိပြီး ဘဝမမေ့သူဖြစ်၍လည်း ရဲဘော်များက စစ်သူကြီး ဘက်ဆီယာအား လေးလေးစားစား ချစ်ကြောက်ရိုသေနေကြခြင်း ဖြစ်ပေမည်။ စင်စစ် မာဆေးနားနှင့် လိန်းစ်ကလွဲ၍ အားလုံးက ဘက်ဆီယာအား ခင်မင်ကြပါသည်။

တိုက်ပွဲစဉ်အစက နပိုလီယံသည် အလွန်တက်တက်ကြွကြွ စိတ်အားထက်သန်နေပါသည်။ လူဇင်တိုက်ပွဲအောင်နိုင်လိုက်၍ အစကောင်းနေ၏။ သို့သော် လိုက်စစ်ဆင်ရန် သူ့တွင် မြင်းတပ်လုံလောက်အောင်မရှိ။ ထို့ကြောင့် လူဇင်အောင်ပွဲမှာ အနှစ်သာရမရှိသည့်အောင်ပွဲ၊ ဗလာအောင်ပွဲ ဆိုရမည်။ တိုက်ပွဲတွင် နပိုလီယံနံဘေးမှ မြင်းစီးလာသည့် နန်းတော်အရာရှိချုပ် ဒူရော့ ရန်သူကျည်သင့်၍ ကျဆုံးရပြန်ပြီ။ တပ်တော်အသစ်တွင် ထိပ်တန်းအရာရှိကြီးနှစ်ဦး စောစောစီးစီးကျဆုံးရပြီဖြစ်၍ စစ်သည်များ စိတ်ဓာတ်ကျဆင်းနေပြီ။ ဒူရော့မှာ တိုက်ခိုက်ရေးစစ်သည်တစ်ဦးမဟုတ်။ ဩဇင်္ဂနဲ့ နယ်မှ အုပ်ချုပ်ရေးရာ ကျွမ်းကျင်သည့် အရာရှိတစ်ဦးသာ ဖြစ်၏။ မာမွန့်နှင့်အတူ အမြောက်တပ် ဗိုလ်လောင်းအဖြစ် အတူနေဖူးပြီး အီတလီတပ်တော် ရောက်သွား၏။ အာကိုလာတိုက်ပွဲအပြီး ဒူရော့ နပိုလီယံ၏ ကိုယ်ရံတော်အရာရှိ ဖြစ်လာခဲ့လေသည်။ လူဇင်တိုက်ပွဲအပြီး နပိုလီယံက ဤသို့ပြောခဲ့၏။ "ငါ့သိန်းငှက်တွေက အောင်ပွဲတွေ ရဆဲပါပဲ၊ ဒါပေမဲ့ ငါ့ကြယ်က ကြွေတော့မယ်" ဒရက်စဒင် အောင်ပွဲရပြီးစတွင်လည်း နပိုလီယံက မာမွန့်အား ဤသို့ပြောခဲ့သေး၏။ "မာမွန့်၊ ငါ့ပွဲက မဟန်တော့ဘူးကွ၊ အလွဲလွဲ အချော်ချော်ဖြစ်နေပြီ" ဘောက်ဇင်တိုက်ပွဲတွင် ပြင်သစ်အမြောက်ကျည်ဆန်များ ချုတ်ယွင်းနေပါလျက် နပိုလီယံ အောင်ပွဲရလိုက်သေး၏။ (ပြင်သစ် အမြောက်ကျည်ဆန် သုံးပုံတစ်ပုံ မပေါက်ကွဲဟု သိကြရ၏။) ဤအောင်ပွဲမှာလည်း ဗလာအောင်ပွဲသာ



လိုက်ပစေ်တိုက်ပွဲများတွင် ကျဆုံးခဲ့သူ စစ်သူကြီး ဘက်ဆီယာ

ဖြစ်၏။ မြင်းတပ်မရှိရသည့်အပြင် တိုက်ပွဲအပြီး နပိုလီယံက အိပ်ရေးဝအောင် အိပ်လိုနေသဖြင့် စစ်သူကြီးများ စိတ်ပျက်ကြရ၏။ ယခင်က ရသည့်အချိန်ကလေးတွင် ကြက်အိပ်ကြက်နိုး မှေးလိုက်ရုံနှင့် နပိုလီယံ အိပ်ရေးဝသွားပြီး ဆက်တိုက် အကြာကြီး အလုပ်လုပ်နိုင်၏။ ယခု ထူးထူးဆန်းဆန်း တိုက်ပွဲအပြီး အိပ်ရေးဝအောင် ကေရာဇ်ဘုရင် နပိုလီယံ စက်တော်ခေါ်နေပြီ။ ဘောက်ဇင်တွင် အောင်နိုင်လိုက်ပြီး လိုက်စစ်ဆင်၍ ရန်သူကို ချေမှုန်းရမည့်အစား နပိုလီယံက ရန်သူနှင့် စစ်ပြေငြိမ်းရေးစာချုပ် လက်မှတ်ရေးထိုးလိုက်၏။ စစ်သူကြီး နေး နပိုလီယံ လုပ်ပုံကိုင်ပုံ မကျေမနပ်ဖြစ်ပြီး ထွက်စာတင်ခဲ့သေး၏။ စစ်ပြေငြိမ်းရေးဖြင့် အချိန်ဖင့်နွဲ့နေခြင်းသည် နပိုလီယံ ကိုယ့်သေတွင်းကိုယ်တူးမိခြင်း ဖြစ်တော့၏။ ဩစတြီးယားက ပြင်သစ်ရန်သူတော် မဟာမိတ်အဖွဲ့ဝင် ဖြစ်သွားပြီ။ ၁၈၁၃ ခုနှစ် ဆွီဒင်အပိုင် ပိုမရေးနီးယားခံတပ်မှ အမြောက်သံများ ထူးထူးဆန်းဆန်း ကြားနေရ၏။ တိုက်ပွဲဖြစ်၍ ပစ်ခတ်သံများမဟုတ် ညီ့သည်တော်ကို ကြိုဆိုသည့် ဂုဏ်ပြုတပ်ဖွဲ့က ပစ်ခတ်လိုက်သော အမြောက်သံများတည်း။ ညီ့သည်တော် နပိုလီယံက ပြည်နှင်ဒဏ်ပေး၍ အမေရိကန်သွားနေရသူ စစ်သူကြီးဟောင်း မော်ရီး။ ၁၈၁၃ ဆွီဒင်ရောက်လာ၍ ဆွီဒင်ဂုဏ်ပြုတပ်ဖွဲ့က ကြိုဆိုနေခြင်းဖြစ်၏။ ဂုဏ်ပြုတပ်ဖွဲ့ကို ဦးစီးပြီး ဂုဏ်ပြုအမြောက်များ ပစ်ခတ်ကြိုဆိုသူက (ယခင်က ပြင်သစ်စစ်သူကြီး) ယခု ဆွီဒင်အိမ်ရှေ့စံ မင်းသားကြီး ဘာနာဒုတ်တည်း။ ပြည်ထောင်စုဘက်တော်သားအဖြစ် မော်ရီးနှင့် ဘာနာဒုတ်မှာ ရင်းနှီးသောမိတ်ဆွေများဖြစ်ပြီး ယခု မော်ရီးက သာမန်အရပ်သား၊ ဘာနာဒုတ်က ဆွီဒင်အိမ်ရှေ့စံမင်းသားကြီး ဖြစ်နေပြီ။

ဘာနာဒုတ်ယူထားသောတပ်များ အနေအထားကို မော်ရီးက ချက်ချင်း ဝေဖန်လိုက်၏။ ဆက်ဇုံနီနှင့် စထရော်ဆွန်[၁] ကြား ဆက်သွယ်ရေးလမ်းကြောင်းမှာ ရှည်လွန်းသည်။ အထူးသဖြင့် သူပြိုင်ဘက် ဒဗိုးက ဘာနာဒုတ်၏ ဆက်သွယ်ရေးလမ်းကြောင်း နံဘေး ဟမ်ဘတ်ဂ်တွင်ရှိနေသည်ကို မော်ရီးက ဘာနာဒုတ်အား ထောက်ပြ၏။ ၁၃ နှစ်တာမျှ အရပ်သားအဖြစ် အမေရိကန်သို့ နယ်နှင်ခံထားရသော်လည်း မော်ရီးသည် မဟာဗျူဟာမျက်စိ ရှိသေး၏။ သူငယ်ချင်းနှစ်ဦး ဤသို့ ပြန်လည်တွေ့ဆုံကြပြီး ဆွီဒင်၏ ရန်သူများကို ခုခံတိုက်ခိုက်ရန် ဆိုက်လယ်ရှားသို့ ထွက်ခွာလာခဲ့ကြလေသည်။ မဟာမိတ်ဌာနချုပ် ရောက်သောအခါ မော်ရီးနှင့် ဘာနာဒုတ် နှစ်ဦးစလုံးက စိတ်တူသဘောတူပေးကြသည့် အကြံဉာဏ်ကြောင့် အခြားမဟာမိတ်အဖွဲ့ဝင်များ အံ့ဩနေကြရ၏။ မော်ရီးနှင့် ဘာနာ

၁။ Between Saxony and Stralsund

ဒုတ်အကြံဥာဏ်က "စစ်သူကြီးတစ်ဦး ဦးဆောင်သည့် (ပြင်သစ်)တပ်နှင့် တွေ့ပါက မည်သည့်နေရာမှာမဆို တိုက်ပါ။ နပိုလီယံကိုယ်တိုင်ဦးဆောင်သည့်တပ်နှင့် တွေ့လျှင်မူ မည်သည့်နေရာတွင်မဆို နောက်သို့သာ ဆုတ်ပေးပေတော့" ရုရှားများရော ဂျာမန်ဗိုလ်ချုပ်ကြီး ဘလူးချားကပါ မကျေနပ်ကြ။ "တို့တွေက နပိုလီယံကို မနိုင်နိုင်တော့ဘူးတဲ့လား၊ တို့မှာ နပိုလီယံကို အောင်နိုင်လောက်တဲ့အင်အား မရှိဘူးတဲ့လား" ရုရှားများကရော ဘလူးချားကပါ မေးကြ၏။ "မှန်တယ် ဒီအတိုင်းပဲ"ဟု ဘာနာဒုတ်ကရော မော်ရိုးကပါ ပြင်တူဖြေလိုက်ကြ၏။ စစ်သူကြီးဟောင်းနှစ်ဦးက သူတို့ဆရာအကြောင်း ကောင်းကောင်းသိသူများတည်း။ မက်ဒေါ်နယ်တပ်နှင့် ဘလူးချားတို့ ရင်ဆိုင်တွေ့ကြပြီ။ မက်ဒေါ်နယ်ယူထားသည့် နေရာက မကောင်း။ ကာဇ်ဘတ်ျမြစ်ကို နောက်ကျောပေးအနေအထား ဖြစ်နေ၏။

မိုးကြီး သည်းထန်စွာရွာသွန်းနေစဉ် သဲသဲမဲမဲတိုက်ကြပြီး မက်ဒေါ်နယ် အရေးနိမ့်ရလေသည်။ တိုက်ခိုက်နေကြစဉ် မြစ်ရေလျှံလာကာ မက်ဒေါ်နယ် အမြောက်အားလုံး ဆုံးရှုံးရပြီး စစ်သည် ၁၈၀၀၀ ပါ စစ်အကျဉ်းသားအဖြစ် အဖမ်းခံခဲ့ရလေသည်။ မြောက်ပိုင်းတွင်လည်း အော်ဒီနော့ အရေးနိမ့်၍ နောက်သို့ ဆုတ်ပေးနေရပြီး ဒရက်စဒင်တွင် စိန့်စီယာတပ်များကို ရန်သူက ဝိုင်းထားလေသည်။ သို့သော် စိန့်စီယာသည် စနစ်တကျ ခံစစ်ဆင်နွှဲ၍ စစ်ကူလာသည်အထိ ထိန်းထားနိုင်ခဲ့၏။ မဟာမိတ်များက လူအင်အားသာနေ၏။ ထို့ကြောင့် ဘာနာဒုတ်နှင့် မော်ရိုး အကြံဥာဏ်ကို မနာယူတော့ဘဲ ဒရက်စဒင်၌ နပိုလီယံဦးစီးသော တပ်များနှင့် တွေ့ဆုံတိုက်ခိုက်ကြလေသည်။ နပိုလီယံလက်အောက်တွင် လူ ၁၂၀၀၀၀ သာ ရှိ၍ ရန်သူဘက်က စစ်သည် ၁၆၀၀၀၀ ရှိလေသည်။ ဩဂုတ်လ ၂၇ ရက် တိုက်ပွဲတွင် မဟာမိတ်များ မရှုမလှရှုံးကြရ၏။ မြူရတ်က မြင်းတပ်ကို ဦးစီးတိုက်ခိုက်ရာ မဟာမိတ်ဗိုလ်ချုပ်ကြီးများက မှန်ပြောင်းဖြင့်ကြည့်ပြီး မြူရတ်ကို မှတ်မိသဖြင့် သူတို့မျက်စိသူတို့ မယုံနိုင်ဖြစ်နေကြ၏။ သူတို့သိထားသည်က မြူရတ်က နပိုလီယံကို သစ္စာဖောက်ပြီး မကြာမီ သူတို့နှင့် လာရောက်ပူးပေါင်းတော့မည်။ ယခု မြင်းတပ်ကို မြူရတ် ဦးဆောင်တိုက်နေ၏။ သူတို့ပို့လိုက်သည့် (မြူရတ် နပိုလီယံအပေါ် သစ္စာဖောက်လျှင် ဩစတြီးယားက မြူရတ်ထီးနန်းကို အသိအမှတ်ပြုမည်ဆိုသည့်) ကြေးနန်းသတင်း မြူရတ် မဖတ်ရသေးသည်ကို မဟာမိတ် ဗိုလ်ချုပ်ကြီးများ မသိကြသေးချေ။ မဟာမိတ်တို့ အပြတ်ရှုံးရပြီး လွန်ခဲ့သည့် ၁၇ နှစ်က နပိုလီယံ အမြဲတိုက်ပုံမျိုးနှင့်ဆိုလျှင် နောက်ကထက်

ကြပ်လိုက် စစ်ဆင်ရလျှင် ဤပွဲသည် တကယ့်အဆုံးအဖြတ်ပေးသည့် တိုက်ပွဲ ဖြစ်ရပေမည်။ သို့သော် တိုက်ပွဲ ဒုတိယနေ့ညတွင် နပိုလီယံ အလွန်မောပန်းနေပြီး နေထိုင်မကောင်း၍ လိုက်စစ်ဆင်ရမည့်အစား ဒရက်စဒင်သို့ ပြန်ဝင်၍ နပိုလီယံ အနားယူရလေသည်။ ထို့ကြောင့် မဟာမိတ်တပ်များ စနစ်တကျ ဆုတ်ခွာ၍ ပြန်လည်စုစည်းချိန် ရသွားခဲ့လေသည်။

၁၈၁၃ ခုနှစ် အောက်တိုဘာလ ၁၇ ရက်နေ့တွင် ပိုလန်ဘုရင် စတင်နစ္စလော့တ် တူတော်မင်းသား ဂျိုဆက်ပ်ပိုနီယာတိုးစကီး[၁] အား နပိုလီယံက စစ်သူကြီးရာထူး တိုးမြှင့်ခန့်အပ်ခဲ့လေသည်။ လိုက်ပဇစ်တိုက်ပွဲ မတိုင်မီကလေးတွင် ပြင်သစ်တပ်တော်နှင့် ပါလာသော ပိုလန်စစ်သည်များ စိတ်ဓာတ်တက်ကြွလာစေရန် ချီးမြှင့်လိုက်သည့် နိုင်ငံရေး (စစ်သူကြီး)ရာထူးဟု ဆိုရမည်။ ပိုနီယာတိုးစကီးမှာ ပိုလန်မျိုးချစ်တစ်ဦးဖြစ်၍ အခြား ပိုလန်မျိုးချစ်များနှင့်အတူ ၁၈၀၆ ခုနှစ်၌ နပိုလီယံ ဝါဆောသို့ရောက်လာသောအခါ နပိုလီယံအား ဝမ်းမြောက်ဝမ်းသာ ကြိုဆိုခဲ့သူတစ်ဦးဖြစ်၏။ သို့သော် ၁၈၀၇ ခုနှစ် တလ်ဆစ်၌ နပိုလီယံနှင့် ဇာဘုရင် အက်လီဇင်ဒါး မဟာမိတ်စာချုပ် ချုပ်ဆိုလိုက်သောအခါ ပိုလန်မျိုးချစ်များ စိတ်ပျက်အားငယ်သွားခဲ့ကြရလေသည်။ ရုရှအင်အားကောင်းလာလျှင် ပိုလန် မေးမှိန်ကွယ်ပျောက်သွားမည်။ ထို့ကြောင့် ပြင်သစ်နှင့် ရုရှ အိုးစားကွဲကြသောအခါ ပိုနီယာတိုးစကီးနှင့် ပိုလန်မျိုးချစ်များ လက်ပမ်းပေါက်ခတ်ကြလေသည်။ ၁၈၁၂ ခုနှစ် နပိုလီယံ၏ ပြင်သစ်တပ်တော် မဟာနိမင်မြစ်ကို ဖြတ်ကူး၍ ရုရှနိုင်ငံကို ကျူးကျော်တိုက်ခိုက်သောအခါ ပိုနီယာတိုးစကီးက တပ်တော်မဟာအတွက် ပိုလန်အမြောက်တမ်းစစ်သည် ၃၆၀၀၀ စုဆေးခဲ့၍ မြို့စောင့်တပ်များ တာဝန်ထမ်းဆောင်ရန် နောက်ထပ် ပိုလန်စစ်သည် ၆၅၀၀၀ စုဆောင်းပေးခဲ့လေသည်။ မော်စကိုမှ တပ်တော်မဟာ ပြန်ဆုတ်လာကြရသောအခါ ပိုနီယာတိုးစကီး ဒဏ်ရာရခဲ့သော်လည်း ၁၈၁၃ ခုနှစ်တွင် ဇကရာဇ်ဘုရင်အမှုတော်ကို ထမ်းဆောင်နိုင်ပြီ ဖြစ်လေသည်။

သုံးရက်တာမျှ ပြင်သစ်တပ်တော်ကြီးသည် လိုက်ပဇစ်မြို့တော်ကို လခြမ်းပုံသဏ္ဌာန် ဝန်းရံနေရာယူထား၏။ မိမိတပ်အင်အား နှစ်ဆမျှ များပြားသော မဟာမိတ်တပ်များနှင့် နပိုလီယံတပ်တော် ရင်ဆိုင်နေရခြင်း ဖြစ်လေသည်။ တဖြည်းဖြည်း မဟာမိတ်များက လူအားဖြင့် ဖိတိုက်ရာ မိမိတပ်တော်အား နောက်ဆုတ်ပေးရန် နပိုလီယံ အမိန့်ပေးရတော့၏။ ၁၈၁၃ ခုနှစ် အောက်တိုဘာလ ၁၈ ရက်နေ့၌ ဤကဲ့သို့ နောက်ဆုတ်အမိန့်ပေးပြီး နပိုလီယံ အိပ်ပျော်သွား

[၁] Joseph Poniatowski, nephew of king Stanislaus of Poland




**Europe of the Congress of Vienna**

ခဲ့လေသည်။ လိုက်ပဇစ်နောက်ဘက်မှ ပလိုက်ဆာနှင့် အယ်စတာမြစ်များ[၁] ကို မြဖတ်ကူးရန် ပွန်တွန်းတံတားများ ထိုးခြင်း(မထိုးခြင်း)နှင့် ပတ်သက်၍ စစ်သမိုင်းတွင် ဝိဝါဒ ကွဲနေ၏။ မည်သို့ဖြစ်စေ ပြင်သစ်တပ်များ လိုက်ပဇစ်မှ ဆုတ်ခွာလာကြသောအခါ ပွန်တွန်းတံတားများ မထိုးရသေးဘဲ ပလိုက်ဆာမြစ်ကိုဖြတ်ကူးရန် တံတားတစ်ခုသာရှိသည်ကို တွေ့ကြရလေသည်။ ပြင်သစ်တပ်သားအချို့ ပလိုက်ဆာမြစ်ကို တံတားမှ ဖြတ်ကူးပြီးသောအခါ မည်သူက အမိန့်ပေးသည် မသိ၊ တံတားကို ဖောက်ခွဲဖျက်ဆီးပစ်လိုက်ကြလေသည်။*တံတားတစ်ဖက်၌ ပြင်သစ်စစ်သည် ၂၀၀၀၀ ကျန်နေသေး၏။ ပြင်သစ်တပ်တော်တစ်ခု ပြိုကွဲရပြန်ပြီ။ တစ်နှစ်အတွင်း ပြိုကွဲပျက်စီးခဲ့ရသည့် နပိုလီယံ၏ ဒုတိယတပ်တော်တည်း။ လိုက်ပဇစ်တိုက်ပွဲတွင် ပါဝင်ခဲ့ကြသည့် စစ်သူကြီးများမှာ ဘာသီယာ၊ မြူရတ်၊ နေး၊ မော်တီယာ၊ မာမွန့်၊ အော်ဒီနော့၊ ဗစ်တာ၊ မက်ဒေါ်နယ်၊ ဩဂျရိုးနှင့် ပိုနီယာတိုးစကီးတို့ ဖြစ်ကြ၏။ မာမွန့်လက်တွင် ဒဏ်ရာရခဲ့၏။ ကံကောင်းထောက်မသဖြင့် အသက်မသေသော်လည်း သူ့ဦးထုပ်ကို ကျည်ဆန်ဖောက်သွား၍ သူစီးသည့်မြင်းလေးကောင်တိတိ ကျည်သင့်သေဆုံးခဲ့လေသည်။ မက်ဒေါ်နယ်က သူ့မြင်းနှင့် အယ်စတာမြစ်ကို ဖြတ်ကူးလွတ်မြောက်သွား၍ ရန်သူ့အဖမ်းမခံရခြင်း ဖြစ်လေသည်။ ဩဂျရိုးကတော့ အခြေအနေမလှသည်နှင့် အသာရှောင်ထွက်ခဲ့၍ လွတ်မြောက်လာသူဖြစ်၏။ တိုက်ပွဲအပြီး ပြန်လည်ဆုတ်ခွာလာကြပြီးသောအခါ နပိုလီယံ ထုတ်ပြန်ထားသော အမိန့်တစ်ခု မရှင်း၍ မက်ဒေါ်နယ်က ဩဂျရိုးအား အမိန့် ဘာဆိုလိုကြောင်း မေးမြန်း၏။ "သူရူးနေပြီ၊ သတ္တိလဲမရှိတော့ဘူး၊ ဘာမှလဲ မစဉ်းစားနိုင်တော့ဘူး။ သူ့အမိန့်ကို လိုက်လုပ်ရင် သေရင်သေမယ်၊ အဖမ်းခံရင်ခံရမယ်၊ လိုက်ပဇစ်ဆင်ခြေဖုံး နယ်ခွန်နယ်ဖျားက ဘာအသုံးကျလို့လဲ၊ မင်း ငါ့လို အစောကြီးက ထွက်ပြေးဖို့ကောင်းတာကွ"ဟု ဩဂျရိုးက ပြောခဲ့သောဟူ၏။ ပိုနီယာတိုးစကီး စစ်သူကြီးအဖြစ် ကြာကြာအမှုမထမ်းဆောင်လိုက်ရပါ။ မက်ဒေါ်နယ်နည်းတူ အယ်စတာမြစ်ကို မြင်းနှင့်ဖြတ်ကူးစဉ် စစ်သူကြီး ပိုနီယာတိုးစကီး ရေနစ်သေဆုံးခဲ့ရ၏။ မက်ဒေါ်နယ်နှင့်ပူးပေါင်း၍ လိုက်ပဇစ်ဆင်ခြေဖုံးများမှ ခံစစ်ဆင်ရင်း ဆုတ်ခွာသွားရန် နပိုလီယံက ပိုနီယာတိုးစကီးအား အမိန့်ပေးခဲ့လေသည်။ အယ်စတာမြစ်မဖြတ်ကူးမီ ပိုလန်စစ်သည် ၂၀၀၀ ခန့်အား ပိုနီယာတိုးစကီးက မိန့်ခွန်းပေးသွားသေး၏။ ဓားလွတ်ကြီး ဝင့်ကာ ဝင့်ကာနှင့် "ဒီမြေကို ကာကွယ်ရင်း ငါတို့ ဒီနေရာမှာပဲ ကျဆုံးချင်ကျဆုံးပစေတော့ အသက်နဲ့လဲပြီး အမှုတော်ထမ်းဆောင်ကြပေတော့"ဟု ပြောသွားခဲ့၏။

---

၁။ Pleisse and Elster

သူနေ့သူ သိနေပုံရလေသည်။ မိန့်ခွန်းပေးပြီး တတိယအကြိမ် တန်ပြန်ထိုးစစ်ကို စစ်သူကြီး ပိုနီယာတိုးစကီးပင် ဦးဆောင်တိုက်ခိုက်ခဲ့၍ လက်မောင်းတွင် ဒဏ်ရာ ရပြန်လေသည်။ ယင်းနေ့က ရရှိခဲ့သည့် တတိယမြောက်ဒဏ်ရာတည်း။ နောက်ဆုံး ရန်သူက အဆမတန်များပြားလာ၍ တန်ပြန်ထိုးစစ်များ အရာမရောက်သည်ကို သိရှိလာပြီး ပိုနီယာတိုးစကီးသည် သူ့မြင်းကြီးကိုစီးကာ ပလိုက်ဆာမြစ်ကို ဖြတ် ကူးတော့၏။ ဟိုဘက်ကမ်းရောက်ခါနီးတွင် လက်မောင်း၌ ဒဏ်ရာရပြန်၏။ တစ်နေ့တည်းတွင်ရသည့် စတုတ္ထဒဏ်ရာ၊ သို့သော် ပလိုက်ဆာမြစ်ကို အောင်မြင် စွာ ကူးဖြတ်နိုင်သေး၏။ သူ့မြင်းကြီးကတော့ ပလိုက်ဆာမှာပင် ရေနစ်သေဆုံးခဲ့ ရ၏။ စစ်သူကြီး ပိုနီယာတိုးစကီးသည် နောက်မြင်းတစ်ကောင်ရှာပြီး အယ်စတာ မြစ်ကို ကူးပြန်၏။ နောက်က ရန်သူကလည်း ထက်ကြပ်လိုက်လာ၏။ အယ်စတာ မြစ် ကမ်းပါးက အတန်ငယ် မတ်စောက်၏။ ပိုမိယာတိုးစကီး မြင်းကြီးစီးကာ အယ်စတာကို စတင်ဖြတ်ကူးပါပြီ။ သို့သော် မကြာလိုက်ပါ၊ လူရောမြင်းပါ ပင်ပန်းလွန်းနေပြီဖြစ်၍ အယ်စတာမြစ်ထဲမှာပင် စစ်သူကြီး ပိုနီယာတိုးစကီး ရေနစ်သေဆုံးခဲ့ရလေပြီ။ လိုက်ပဇစ်တိုက်ပွဲမှာ ယာအိုခင် မြူရတ်၏ နောက်ဆုံး မြင်းတပ်တိုက်ပွဲတည်း။ ပြင်သစ်၏ ရေတပ်ဗိုလ်ချုပ်ကြီး နေပေါလ်ဘုရင်မင်းမြတ်၊ ပြင်သစ်တပ်တော်၏ အရန်မြင်းတပ်မှူးကြီး မြူရတ်၊ မြင်းတပ်မှူးကြီးအဖြစ် ဦးဆောင်တိုက်ခိုက်ခဲ့သော လိုက်ပဇစ်တိုက်ပွဲမှာ မြူရတ်၏ နောက်ဆုံးမြင်းတပ် တိုက်ပွဲဖြစ်လေသည်။

မာမွန့်နှင့် လိုက်ပဇစ်တိုက်ပွဲတွင် အတူလက်တွဲတိုက်ခိုက်ခဲ့ကြပြီး မြူရတ် နှင့် မာမွန့် ပြန်လည်မတွေ့ရတော့။ ထို့ကြောင့် လိုက်ပဇစ်မှာ မြူရတ်နှင့် မာမွန့် တို့ နှုတ်ဆက်ပွဲလည်း ဖြစ်၏။ မဟာမိတ်များဘက်မှ ဝင်ရောက်တိုက်ခိုက်ခဲ့သော မော်ရိုးလည်း ဒရက်စဒင်တိုက်ပွဲတွင် ကျဆုံးခဲ့ရ၏။ မော်ရိုးအသုဘကို ဘာနာ ဒုတ်တစ်ဦးသာ လာရောက်နိုင်လေသည်။

စိန့်စီယာသ် ဒရက်စဒင်၌ လူ ၂၆၀၀၀ နှင့် ကျန်နေခဲ့၏။ မိမိတို့တွင် ရိက္ခာပြတ်လတ်နေသော်လည်း စိန့်စီယာသည် ဂျာမန်လူထုထံမှ ရိက္ခာများ၊ ပိုင်အရက်များ သိမ်းဆည်းခြင်း၊ လုယက်ခြင်း မလုပ်ခဲ့ချေ။ သူ့တပ်သားများကို လည်း သူထုထံမှ ပစ္စည်းများ၊ ရိက္ခာများ မယူရန် ကျပ်တည်းစွာတားမြစ်ခဲ့၏။ ဤကဲ့သို့ လူထုကို ငဲ့ညှာသောကြောင့် စိန့်စီယာနောက်ပိုင်းတွင် အကျိုးထူးခံစား ရပါလိမ့်မည်။ မြောက်ပိုင်းတွင် ဟမ်းဘက်၌ ဒဗိုးရှိသေး၏။ နပိုလီယံနှင့် သူ့လူ ၇၀၀၀၀ သည် လိုက်ပဇစ်မှ ဆုတ်ခွာလာပြီး ပင်ပန်းနေသော နပိုလီယံ၏တပ် တော်သည် စတင်ဆုတ်ခွာစဉ်က လူ ၇၀၁၀၀ အနက် ပြင်သစ်ပြန်ရောက်သော

အခါ လူ ၃၀၀၀၀ ပြန်မပါလာတော့ချေ။ လမ်းတွင် ကျဆုံး သေဆုံးခဲ့ကြရပြီ ဖြစ်ပေသည်။

စပိန်၌ ပြင်သစ်စစ်သည် ၂၀၀၀၀၀ ရှိသေး၏။ သည်အင်အားထက်ဝက်သာ လိုက်ပစစ်တိုက်ပွဲတွင် ပါဝင်ဆင်နွှဲလိုက်ရပါက နပိုလီယံ အောင်ပွဲခံနိုင်မည် မုချဖြစ်ပေသည်။ သို့သော် သည်လူနှစ်သိန်းသည်လည်း စပိန်၌ မအောင်မြင်နိုင်သည့် တိုက်ပွဲကို တိုက်နေရဆဲ ဖြစ်လေသည်။ ၁၈၁၃ ခုနှစ်က စပိန်ရောက် ပြင်သစ်တပ်များ မဟာဗျူဟာအနေအထားကိုကြည့်လျှင် နပိုလီယံ စပိန်နိုင်ငံနှင့် ပတ်သက်၍ သွက်ချာတောလည်အောင် မှားခဲ့သည်ကို တွေ့ရမည်။ စပိန်နိုင်ငံမှာပင် စစ်အကန့်[၁] ဒေသနှစ်ခုကွဲနေသည်ကို တွေ့ရမည်။ အရှေ့ဘက်စစ်အကန့်မှာ ကာတိုလီနီယာ ဗလာစီယင်[၂]ဒေသဖြစ်၍ တပ်မှူးကြီးမှာ ဆူချေးဖြစ်၏။ အရေးမပါသည့်စစ်မျက်နှာဖြစ်၏။ အနောက်မြောက် စစ်အကန့်မှာ အထူးအရေးကြီးလှပြီး ပါရီမှ မဲဒရစ်လမ်းမကြီး၊ ပိုင်ရဲနီးဒေသ၏ သော့ချက်၊ စပိန် ပြင်သစ်နှစ်နိုင်ငံအကြား ပုလင်းခေါင်းကျဉ်းနေရာများ ပါဝင်၏။ ပြင်သစ်က စပိန်ကို ကျူးကျော်တိုက်ခိုက်ရာတွင် ယင်းနေရာကို ဖြတ်သန်းသွားရ၍ စပိန်က ပြင်သစ်ကို ပြန်တိုက်လျှင်လည်း အလားတူပင် ယင်းဒေသကို ဖြတ်သန်းသွားရမည် ဖြစ်လေသည်။ ယင်းစစ်အကန့်ကို တိုက်ရိုက်အုပ်ချုပ်သူမှာ ဘုရင်ဂျိုးဆက်ပ်နှင့် သူ့စစ်ဘက်အကြံပေး စစ်သူကြီး ဂျော်ဒန်တို့ဖြစ်လေသည်။ ယင်းဒေသ အရေးပါပုံကို သိပြီး ဝယ်လင်တန်မြို့စားကြီး၏ အင်္ဂလိပ်တပ်ကလည်း ယင်းဒေသအချက်အချာနေရာများအရောက် တရွေ့ရွေ့ချဉ်းကပ်လာရောက်လျက် ရှိပေသည်။ ဂျိုးဆက်ပ်နှင့် ဂျော်ဒန် နှစ်ယောက်ပေါင်း၍ မဟာဗျူဟာအမှား တစ်ခုပြီးတစ်ခု ပြုလုပ်နေကြစဉ် ဆူချေးက မြို့သစ်များတည်ခြင်း၊ ကျောင်းကန်များဆောက်လုပ်ခြင်း၊ ရေပန်းများတည်ဆောက်ခြင်းများနှင့် အချိန်ကုန်နေရ၏။ အင်္ဂလိပ်တပ်များက ဖြည်းဖြည်းမှန်မှန် ရှေ့သို့ချီတက်လျက်ရှိရာ တဖြည်းဖြည်း အချက်အချာဒေသကို စိုးမိုးတော့မည်။ တပ်မှူးများက အင်္ဂလိပ်တပ်များအား ခံတိုက်ရန် ဘုရင်ဂျိုးဆက်ပ်အား အကြံပြုကြ၏။

၁၈၁၃ ခုနှစ် ဇွန်လ ၂၁ ရက်နေ့၌ ပြင်သစ်နှင့် အင်္ဂလိပ်တပ်များ ဗစ်တိုရီးယားဒေသ[၃]တွင် ရင်ဆိုင်မိကြပြီ။ ပြင်သစ် ၆၅၀၀၀ က ယူထားသည့်နေရာများမှာ ကပေါက်ချိကပေါက်ချာ နိုင်လှ၏။ အင်္ဂလိပ်တပ် ၈၀၀၀ က နည်းဗျူဟာအရ အချက်အချာနေရာမှန်သမျှကို သိမ်းပိုက်ထားပြီးဖြစ်လေသည်။ ယင်းအနေ

---

၁။ Theatre of War

၂။ Catolinian Valencian

၃။ Vittoria

အထားတွင် ဘုရင်ဂျိုးဆက်ပ်က အင်္ဂလိပ်တပ်အား ခံတိုက်ရန် ဆုံးဖြတ်လိုက်သည်ကို ဂျော်ဒန်သိသောအခါ စစ်သူကြီးဂျော်ဒန်က ဘာမှမပြောတော့ဘဲ အိပ်ရာထဲဝင်သွားသည်ဟူသတတ်။ ရှေ့ဘက်မျက်နှာတွင် ဟိုနားသည်နား အနည်းငယ်စီတိုက်ကြပြီး အင်္ဂလိပ်တပ် ဘယ်တောင်ပံသည် သူ့နောက်ကျောသို့ တရွေ့ရွေ့ချဉ်းကပ်လာသည်ကို ဘုရင်ဂျိုးဆက်ပ် တွေ့ရတော့၏။ ပြင်သစ်တပ်တော်တစ်ခုလုံး တောင်များကို ကျော်ဖြတ်ကာ ပင်ပေလူနာ[၁] အထိ ဆုတ်ပေးကြရ၍ (ရှိသည့်အမြောက် ၁၅၃ လက်အနက်) အမြောက် ၁၅၁ လက်ကို အင်္ဂလိပ်တပ်များက သိမ်းပိုက်လိုက်ကြ၏။ အမြောက် ၁၅၁ လက်သာမကသေး ငွေသား ပေါင်တစ်သန်းအပြင် ၆ နှစ်တာမျှ ပြင်သစ်တပ်များ စပိန်မြို့တော်အသီးသီးမှ လုယူသိမ်းပိုက်ထားသည့် အနုပညာပစ္စည်းများ အစုလိုက်အပြုံလိုက်ကို အင်္ဂလိပ်တပ်များက သိမ်းပိုက်လိုက်ကြလေသည်။ စစ်သူကြီး ဂျော်ဒန်က အိပ်ရာမှထကာ တိုက်ပွဲကို ခဏကြည့်လိုက်၍ "ကိုင်း... လူကြီးမင်းများ မင်းတို့တိုက်ချင်တဲ့တိုက်ပွဲ ကြိုက်သလိုဆက်တိုက်ကြပေတော့၊ တိုက်ပွဲကတော့ ရှုံးပွဲကြီးနဲ့တူပါရဲ့"ဟုပြောပြီး ပြန်အိပ်နေတော့သည်ဆို၏။ ဤကဲ့သို့အပြုအမူကြောင့် စစ်သူကြီးဂျော်ဒန်အား ဧကရာဇ်ဘုရင် နပိုလီယံက ရာထူးမှဖြုတ်ပစ်ပြီး ဂျော်ဒန်ခမျာ အောင်လင်းစ်နယ် မိမိပိုင်မြေသို့ သွားရောက်အနားယူနေရ၏။ သို့သော် အတွေ့အကြုံများသူ ပြင်သစ်တပ်မတော်တွင် အတော်နည်းသွားပြီ။ ထို့ကြောင့် မကြာမီပင် နပိုလီယံက ဂျော်ဒန်အား ပြန်လည်ခေါ်ယူ၍ စစ်သူကြီးရာထူးဖြင့်ပင် ရောင်အန် (ROUEN) စစ်နယ်မြေကို အုပ်ချုပ်ရန် တာဝန်ပေးပြန်လေသည်။ အုပ်ချုပ်ရေးအလုပ်ဖြစ်၏။ သည်အလုပ်မျိုးနှင့်ပဲ ဂျော်ဒန်နှင့်လိုက်ပါသည်။

တိုက်ရေးခိုက်ရေးနှင့်မရ။ ကုလားထိုင် စားပွဲနှင့်သာ တော်တော့သည်။ ဗစ်တိုရီးယားတိုက်ပွဲက ဥရောပတစ်ခွင်ကို အကြီးအကျယ် ဂယက်ရိုက်သွားလေသည်။ တစ်ချိန်တွင် လောလောဆယ်အားဖြင့် အကျိုးသက်ရောက်မှုနှစ်ရပ်ဖြစ်ပေါ်လာ၏။ ဆူချေးသည် ဗလင်စီယာတွင် ဆက်မနေနိုင်တော့ဘဲ ပြင်သစ်အထိ ပြန်ဆုတ်ခွာပေးရ၏။ ဆို့လ်တီက ဒရက်စဒင်မှ စပိန်သို့လာရောက်၍ စပိန်ရှိ ပြင်သစ်တပ်အားလုံးကို အုပ်ချုပ်ရလေသည်။ လိုအပ်ပါက ဘုရင်ဂျိုးဆက်ပ်ကိုပါ ဖမ်းဆီးရမည်။

ဆို့လ်တ်၏ ရာထူးမှာ စပိန်ရောက် ပြင်သစ်တပ်တော် စစ်သေနာပတိဖြစ်ပေ၏။ လွန်ခဲ့သော ၆ နှစ်က စပိန်တွင် ဤကဲ့သို့တပ်မှူးကြီးတစ်ဦးတည်းမခန့်အပ်ခဲ့ဖူးဘဲ သူတစ်လူ ငါတစ်မင်းသဘောမျိုး စခန်းသွားခဲ့ကြ၏။ ယခု

၁။ Panpeluna

ဆိုလ်တ်က တပ်အားလုံးကို အုပ်ချုပ်ရမည်။ ဆိုလ်တ်၏ ဘုရင်ရောဂါ ပြန်ထလာ၏။ မြူရတ် ဘုရင်ဖြစ်ပြီး သူဘာကြောင့် ဘုရင်မဖြစ်ရမှာလဲ။ သို့သော် အချိန်နောက်ကျလွန်းနေပြီ။ စပိန်ရောက် ပြင်သစ်တပ်တော်သည် အောင်ပွဲ တစ်မျိုးပြီး တစ်မျိုးခံ၍ အောင်ပွဲရစစ်သေနာပတိက စပိန်တစ်နိုင်ငံလုံးကို အုပ်ချုပ်ရသည့် ဘုရင်ဖြစ်လာရန် လမ်းမရှိတော့။ စပိန်ရောက်တပ်များသည် စစ်မြေပြင် နေရာတကာတွင် တစ်ရှုံးတည်းရှုံးနေ၍ စိတ်ဓာတ်ကျနေပြီ ဖြစ်လေသည်။ သူတို့ကို ပြန်လည်ဖွဲ့စည်း၍ တိုက်ရေးခိုက်ရေး တပ်တစ်တပ်ဖြစ်လာအောင် မနည်းလုပ်ရမည်။ မဟာမိတ်တပ်များက ဥရောပ နေရာတကာတွင် အောင်ပွဲဆင်နေ၍ စပိန်တပ်တော်သည် လိုအပ်ပါက ပြင်သစ်နိုင်ငံပြန်၍ အမိနိုင်ငံကို ကာကွယ်ရမည်။ ထို့ကြောင့် ဆိုလ်တ် ထီးနန်းအသစ်တစ်ခု မမှန်းနိုင်သေးပါ။ ဆိုလ်တ်ကံကောင်းသည် ဆိုရမည်။ ဝယ်လင်တန်မြို့စားကြီးကလည်း သူ့ထိုးစစ်များကို အလွန် ချိန်ချိန်ဆဆ လုပ်နေ၏။

ဗစ်တိုးရီးယားတိုက်ပွဲအပြီး အင်္ဂလိပ်များ လိုက်စစ်မှာ ဆက်တိုက် ထက်ကြပ်လိုက်တိုက်ပုံမျိုးမဟုတ်။ လိုက်စစ်မည်ကာမတ္တဖြစ်၏။ လိုက်စစ် မအောင်မြင်သောအခါ ဝယ်လင်တန်မြို့စားက ထုံးစံအတိုင်း သူ့လက်အောက်ငယ်သားများအား အပြစ်ပုံချ၏။ ဆိုလ်တ်က စပိန်တပ်တော်၏ သေနာပတိအဖြစ် အစွမ်းကုန်ကြိုးစားခဲ့သည်ကို တွေ့ရပါသည်။ သူရောက်ပြီး ၁၃ ရက်ရှိသောအခါ ပြင်သစ်တပ်တော်က ထိုးစစ်တစ်ရပ် ဆင်နွှဲနိုင်ခဲ့လေသည်။ သို့သော် ဝယ်လင်တန်က ဆိုလ်တ်အား ဤသို့အကဲဖြတ်သည်ကို တွေ့ရပါသည်။ "ဆိုလ်တ်ဟာ စစ်မြေပြင်အကြောင်း တကယ်နားမလည်ပါဘူး။ သူဟာ မာဆေးနားကို မမီပါဘူး" ပြင်သစ်ထိုးစစ်သည် မကြာမီ အရှိန်သေပြီး ဘာမှထိရောက်မှုမရှိခဲ့ချေ။ ၁၈၁၃ ခုနှစ် နွေနှင့် ဆောင်းဦးတစ်လျှောက်လုံး ဆိုလ်တ်သည် ခံစစ်များသာ ဆင်နွှဲခဲ့ရပြီး တဖြည်းဖြည်း နောက်ဆုတ်ပေးလာရရာ ပြင်သစ်နယ်ခြားအနီးရောက်လာသည်အထိ ဖြစ်ပေ၏။ ဆင်ဆီဘာစ်ရှန်[၁] ကို အင်္ဂလိပ်များက သုံးကြိမ်တိုက်မှ ရ၏။ မဟာမိတ်မြို့တော်တစ်ခုဖြစ်သော်လည်း အင်္ဂလိပ်တပ်များက ဆင်ဆီဘာစ်ရှန်မြို့တော်အား ရက်ရက်စက်စက် ဖျက်ဆီးပစ်ခဲ့၏။ စပိန်ရှိ ပြင်သစ်စစ်သူကြီးနှစ်ဦးသည် ယခင်က အမှုထမ်းသွားခဲ့ကြသော နောင်တော်စစ်သူကြီးများ အစဉ်အလာကို ကောင်းကောင်းထိန်းသိမ်းခဲ့ကြ၏။ ဆိုလ်တ်နှင့် ဆူချေးတို့ အချိန်ရတိုင်း တစ်ဦးနှင့်တစ်ဦး စောင်နေခဲ့ကြ၏။ ဆိုလ်တ်က စစ်သေနာပတိဖြစ်သော်လည်း ဆူချေးက သူ့ကိုမမှု။ ၁၈၁၃ ခုနှစ် အောက်တိုဘာလ ၇ ရက်နေ့တွင် မဟာမိတ်

---

၁။ San Sebastian

တပ်တော်က ဘီဒါဆိုအာ ခံစစ်ကြောင်း[၁] သို့ ရောက်လာခဲ့ချေပြီ။ ထိုနေ့မှာပင် ထိုးစစ်ဆင်ပြီး ညနေ၌ အင်္ဂလိပ်တပ်များ ပြင်သစ်မြေကို နင်းမိကြချေပြီ။ နောက် သုံးပတ်ရှိသောအခါ ပင်ပေလူနာကျပြီး ဆူချေးပါ ပြင်သစ်နိုင်ငံထဲအထိ ဆုတ်ပေး ရ၍ စပိန်စစ်ပွဲ နိဂုံးတံပြီ ဖြစ်လေသည်။ စပိန်စစ်သည် ၆ နှစ်တိတိ ကြာခဲ့၏။ ၁၈၀၇ ခုနှစ် အောက်တိုဘာလ ၁၈ ရက်နေ့တွင် ဂီရွန်ဒိတပ်မကြီး[၂] ကို ပြင်သစ် ဗိုလ်ချုပ်ကြီး ဂျူနော့ ဦးဆောင်၍ စပိန်နယ်ထဲ စတင်ဝင်ရောက်ခဲ့ခြင်း ဖြစ်လေ သည်။ ယခု ပြင်သစ်တပ်တော်ကို ဆိုလ်တ်ဦးဆောင်၍ ဘီဒါဆိုအာကိုဖြတ်ကာ ပြင်သစ်နိုင်ငံထဲ ပြန်ရောက်လာကြလေပြီ။ ဆိုလ်တ်လက်အောက်တွင် စစ်သည် ၅၀၀၀၀ ရှိပြီး ဆူချေးလက်အောက်၌ ၂၅၀၀၀ ရှိသေး၏။ စစ်သူကြီး ၂၆ ယောက် အနက် အနားယူသွားကြပြီဖြစ်သော ကဲလာမဲင်း၊ ပဲရစ်ရွန်နှင့် ဆီရူရီယာတို့ စပိန်၏ ခါးသည်းသောအတွေ့အကြုံကို မသိလိုက်ကြရ။ ထိုနည်းအတူ ဒဗိုး၊ ဘာနာဒုတ်၊ အော်ဒီနော့၊ ဘရွန်းနှင့် ကံဆိုးသူ ပိုနီယာတိုးစကီးတို့လည်း စပိန်တွင် အမှုတော်မထမ်းဆောင်လိုက်ကြရချေ။ ကျန်သူအားလုံး စပိန်ပြောက်ကျားများဒဏ် ကို လှလှကြီး ခံလိုက်ကြရလေသည်။

၁။ Bidassoa (ပြင်သစ် စပိန်နယ်ခြား) ၂။ Corps of The Gironde

## အခန်း (၁၇)

# ထွက်တော်မူ နန်းကစွာတယ်

## ABDICATION

ကိစ္စချောပြီဖြစ်ပြီး ပြန်လမ်းမရှိတော့သည်ကို အားလုံးသိနေကြပါပြီ။ သို့သော် နပိုလီယံကား လော့ခွက်ချည်းကျန် အလံမလှဲသူတည်း။ လိုက်ပဖစ်တိုက်ပွဲ အပြီး ဂျာမနီက အတိအလင်း ပုန်ကန်ခြားနားလေပြီ။ ဘုရင်က ဦးဆောင် စစ်ကြေညာတိုက်ခိုက်ခြင်းမဟုတ်။ ပါလီမန်တွင် မဲခွဲ၍ စစ်ကြေငြာခြင်းလည်း မဟုတ်။ လှည်းနေလှေအောင်း မြင်းဇောင်းမကျန် လူထုက အုံကြွပုန်ကန်တော်လှန် ကြခြင်းဖြစ်၏။ လူထုအုံကြွအောင် လှုံ့ဆော်ပေးခဲ့သူ ကဗျာဆရာကြီး ကော်နာ[၁] ကိုယ်တိုင် အသက်နှင့်စတေးကာ တိုက်ပွဲဝင်ရင်း ကျဆုံးသွားခဲ့ပြီဖြစ်၏။ သို့သော် သူ့ကဗျာများကား မသေ။ လူထုကို အမြဲသွေးထိုးလှုံ့ဆော်နေမည့် မျိုးချစ်ကဗျာ များတည်း။ ဘာဗေရီယားကပါ ပြင်သစ်ကို စွန့်ပစ်ကာ မဟာမိတ်များနှင့် ပူး ပေါင်းသွားပြီ။ ဟော်လန်လည်း ရန်သူဘက်ပါသွားပြီ။ နေပေါလ်ဘုရင် ယာအိုခင် မြူရတ်လည်း ဩစတြီးယားများနှင့် ပြန်လည်စေ့စပ်ဆွေးနွေးနေ၍ ယောက်ဖတော် နပိုလီယံကို သစ္စာဖောက်နေလေပြီ။ ဝယ်လင်တန်မြို့စားကြီးကလည်း တဖြည်း ဖြည်း အရှေ့သို့တိုး၍သာ တက်လာနေ၏။ ကမူးရှူးထိုး အရှိန်နှင့် အဟုန်နှင့် ချီတက်လာပုံမျိုးတော့မဟုတ်။ ဖြည်းဖြည်းနှင့် မှန်မှန် ချီတက်လာခဲ့ခြင်းဖြစ်လေ သည်။ ဆော်ဒိုးမြို့ကပါ ဘိုဘွန်းဘုရင်များကို ကြိုဆိုသည့်အနေနှင့် ဘိုဘွန်းအလံ

---

၁။ Korner

ဖြူကို ထူထားလိုက်လေပြီ။ ပြင်သစ်တစ်နိုင်ငံလုံးကလည်း စစ်ကို ငြီးငွေ့လှပါပြီ။ လင်သေ သားသေ၊ မောင်သေ၊ ဦးကြီးသေ၊ ဘကြီးသေ အမျိုးသမီးထုကြီးနှင့် မိဘမဲ့ကလေးအားလုံးက ငြိမ်းချမ်းရေးဘက်က ဖြစ်နေပြီ။ အနှစ် ၂၀ တိတိ တောက်လျှောက် စစ်တိုက်လာရပြီး နောက်ဆုံးတိုက်ပွဲစဉ်နှစ်ခုတွင် ဆက်တိုက် ဆိုသလို တပ်တော်နှစ်ခု ပြိုကွဲပျက်စီးခဲ့ရကာ တစ်နိုင်ငံလုံး စစ်ပန်းပြီး ခြေကုန် လက်ပန်းကျနေပြီ။ အားမတန်သော်လည်း နပိုလီယံကတော့ မာန်မလျှော့သေး။ ပြင်သစ်နိုင်ငံလည်း ဖြူခါဖြူခါကျနေပြီ။ ငွေမရှိ၊ စက်မှုလုပ်ငန်းမရှိ၊ ကုန်သွယ်မှု မရှိ၊ စစ်တပ်မရှိ၊ ရေတပ်မရှိ၊ မြင်းတွေမရှိ၊ ကျည်ဆန်မရှိ၊ နောက်ထပ်စစ်တပ် တစ်ခု ထူထောင်ရန် ဘာအခြေခံမှမရှိတော့။ ရန်သူတွေက ရိုင်းမြစ်ကို ဖြတ်ကူး လာကြပြီ။ ရုရှ၊ ပရပ်ရှား၊ ဘာဗေးရီးယား၊ ဆက်ဇုံနီ၊ သြစတြီးယား၊ ဆွီဒင်၊ အင်္ဂလန် ခုနစ်ပြည်ထောင်က ပြင်သစ်ကို ဝိုင်းထားကြပြီ။

အင်္ဂလိပ်တပ်များက ပိုင်ရဲနီးမြောက်ဘက် ရောက်လာကြပြီ။ နပိုလီယံက တော့မဖြစ်နိုင်ဆိုတာ သူ့အဘိဓာန်တွင်မပါ။ ဘယ်လိုဆက်တိုက်ရမည် အကြံ ထုတ်လျက်ရှိ၏။ သည်တစ်ခါတိုက်ပွဲကတော့ ခံစစ်ဖြစ်ရမည်။ သူ့ဘဝတွင် ပထမဆုံးအကြိမ် တိုက်ရသည့်ခံစစ်တည်း။ သူသည် ထိုးစစ်ဘုရင်ဖြစ်ကြောင်း နပိုလီယံသည် ကမ္ဘာကို အကြိမ်ကြိမ် သက်သေထူခဲ့ပြီးဖြစ်၏။ ၁၈၁၄ ခုနှစ်တွင် ကား သူ ခံစစ်တိုက်ရတော့မည်။ ရန်သူတပ်များ မိုဆယ်၊ မြူစ်[၁] မြစ်များကို ကျော်ဖြတ်၍ မန်းမြစ်[၂] ရောက်လာကြသောအခါ နပိုလီယံနှင့်အတူ စစ်သူကြီး ခုနစ်ဦးရှိ၏။ ဘာသီယာ၊ နေး၊ မော်တီယာ (ယင်းတို့မှာ မူလစစ်သူကြီး ၁၈ ဦး စာရင်းဝင်များဖြစ်၏) ထို့ပြင် နောက်ထပ်ခန့်ထားခဲ့သူများဖြစ်သည့် ဗစ်တာ၊ အော်ဒီနော့၊ မာမွန့်၊ မက်ဒေါ်နယ်တို့တည်း။ သြဂျရိုးက လူ ၂၅၀၀၀ နှင့်အတူ လိုင်ယွန်း[၃]တွင် ရောက်နေ၏။ ဘယုန်နှင့် တိုလူ့စ်ကြားတွင် ဆိုလ့်တ်က ဝယ်လင်တန်နှင့် ရင်ဆိုင်လျက်ရှိလေသည်။ ကာတာလန်နယ်ခြား[၄]တွင် စစ်သူ ကြီး ဆူရှေး ရှိလေသည်။ ဒဗိုးက ဟမ်ဘက်တွင် ရှိနေပြီး ဘာနာဒုတ်က ယခု ရန်သူဖြစ်နေပြီး မဟာမိတ်များနှင့်အတူ ပြင်သစ်နိုင်ငံကို တိုက်နေပြီ။ မြူရတ်က သစ္စာဖောက်စာရင်းဝင် ဖြစ်နေပြီ။ မွန်ဆေးနှင့် လဖေးဗားက ပါရီတွင်ရှိနေသည်။ ကျန်စစ်သူကြီးများမှာ သေကုန်ကြပြီ၊ ကျဆုံးကုန်ပြီ။ နပိုလီယံနှင့်အတူရှိနေသည့် ဝါရင့်စစ်သူကြီး ခုနစ်ဦးလည်း ဘာမှတတ်နိုင်သည်မဟုတ်ပါ။ ၁၈၁၄ ခုနှစ် တိုက်ပွဲစဉ်မှာ နပိုလီယံကိုယ်တိုင် ဦးဆောင်ပြီး အားလုံး သူ့အစွမ်းဆောင်ချက်

---

၁။ Moselle and Meuse
၂။ Marne
၃။ Lyons
၄။ Catalan Frontier

သာ ဖြစ်လေသည်။ သူလည်း ယခင်ကနှင့်မတူတော့ စထွက်ကတည်းက ခပ်ဖြည်းဖြည်းပင်။ ဇန်နဝါရီလနောက်ဆုံးအပတ်နှင့် ဖေဖော်ဝါရီလ ပထမပတ်တွင် နပိုလီယံသည် ဘော်ရီဒီနို၊ ဒရက်ဆင်ဒင်တိုက်ပွဲများမှာကဲ့သို့ လေးလံထိုင်းမှိုင်းနေ၏။ အဆုံးအဖြတ် မပေးနိုင်သလို တွေ့ရ၏။

ဖေဖော်ဝါရီလ ၁ ရက်နေ့တွင် နပိုလီယံ ဖြတ်ကတတ်ဆန်း စုဆောင်းထားသောတပ်တော်သည် လာရိုသီယာ[၁] တိုက်ပွဲတွင် အကြီးအကျယ်ရှုံးနိမ့်ခဲ့ရလေပြီ။ တိုက်ပွဲအပြီး ဆီးနင်းမုန့်တိုင်းကြီး ကျလာ၍သာ တော်တော့သည်။ ဆီးနင်းမုန်တိုင်းက နပိုလီယံကို သည်တစ်ခါ ကူညီလိုက်၏။ ဘလူးချား လိုက်စစ်မဆင်နိုင်၍ နပိုလီယံ သက်ဆိုးရှည်သွားပြန်၏။ ဆီးနင်းက နပိုလီယံကို ပထမဆုံးအကြိမ်နှင့် နောက်ဆုံးအကြိမ် ကူညီလိုက်ခြင်းဖြစ်လေသည်။ လာရိုသီယာအပြီး တစ်ပတ်အကြာတွင် လူတိုင်းသိနေပြီးဖြစ်သည်ကို နပိုလီယံ နားလည်သဘောပေါက်လာပုံရလေသည်။ ဘာမျှော်လင့်ချက်မှမရှိတော့သည်ကို နပိုလီယံ သိလာပါပြီ။ သို့သော် နပိုလီယံပါပဲ။ စိတ်ဓာတ်ကျလျှင် ခဏပေါ့။ ဖေဖော်ဝါရီလ ၈ ရက်မှ နပိုလီယံ အသက်ဝင်လှုပ်ရှားပုံမျိုး ကမ္ဘာက မမြင်ရသည်မှာ ကြာပြီ။ ၁၇၉၆ ခုနှစ်က အမြောက်တပ်ဗိုလ်ချုပ် အီတလီတပ်တော် ဦးဆောင်ခဲ့ပုံမျိုးမြင်ကြရပြန်ပြီ။ နပိုလီယံသည် ၁၆ ရက်တိုင်တိုင် မြင်းစီးဖိနပ်ရှည်ကြီးကို မချွတ်တော့။ သူ့တပ်တော်ကို တစ်နေရာမှတစ်နေရာ ရွှေ့ပြောင်းစစ်ကစား၍ ထိုးစစ်အမျိုးမျိုး တိုက်ပြ၏။ ဘလူးချား နောက်ဆုတ်ရပြီ။ ဘလူးချားဆုတ်သွားသည်နှင့် ဩစတြီးယားတပ်တော်ကို တရစပ်တိုက်ရာ ဗိုလ်ချုပ်ကြီး ရှဇင်ဘက်[၂] ဩစတြီးယား နယ်ခြားတိုင် ပြန်ဆုတ်ပေးရ၏။ ဩစတြီးယားများ ဆုတ်သွားသည့်အခါ နပိုလီယံ ရုရှတပ်မကြီးတစ်ခုကို ဖြတ်တောက်တိုက်ခိုက်ရာ ရုရှတပ်မကြီး လုံးဝချေမှုန်းခံရကာနီးနီး ဖြစ်သွားရ၏။ ယင်း ၂၆ ရက်အတွင်း နပိုလီယံ အောင်ပွဲတစ်ခုပြီးတစ်ခု ရခဲ့လေသည်၊ သူအလုပ်လုပ်ပုံ၊ စစ်တိုက်ပုံနည်းမှာ ကြောက်ခမန်းလိလိ ဖြစ်တော့၏။ သို့သော် သည်အရှိန်အဟုန်ကို မည်သူ ကြာရှည်ထိန်းထားနိုင်မည်နည်း။

သူ့လူ ၅၀၀၀၀ တွင် လူသစ်ကများ၏။ ကမ္ဘာပေါ်တွင် အထူးချွန်ဆုံး အရဲရင့်ဆုံး စစ်ဘုရင်ဖြစ်ပါလျက် သည်လူ ၅၀၀၀၀ မနုးနပ်လူ ၅၀၀၀၀ နှင့် ရန်သူ ၄၀၀၀၀၀ ကို မည်သို့ရင်ဆိုင်ပါမည်နည်း။ နပိုလီယံအတွက် ဖြစ်နိုင်သည့် အခွင့်အလမ်းတစ်ရပ်သာ ကျန်နေ၏။ ဩဂျရိုးက သူ့လူ ၂၅၀၀၀ နှင့် လျှိုင်းယွန်းမှ စစ်မြေရောက်လာပြီး ဩစတြီးယားတပ်တော်နှင့် ဩစတြီးယားနိုင်ငံကြား

---

၁။ Larothier ၂။ Schwartzenberg

ဆက်သွယ်ရေးလမ်းကြောင်းကို ဖြတ်တောက်ပစ်နိုင်ပါက ဩစတြီးယားဗိုလ်ချုပ်ကြီး ရှဗင်ဘက် ခြေမကိုင်မိ လက်မကိုင်မိဖြစ်ကာ လက်မြှောက်အရှုံးပေးရန် လမ်းများ၏။ ယခုပင် ရှဗင်ဘက် တွေဝေယိမ်းယိုင်နေလေပြီ။ ဩစတြီးယား စစ်ထဲမှ ထွက်သွားလျှင် ဇာဘုရင်ကော ခံနိုင်မည်လော။ ဘာနာဒုတ်ကော ဘာသားနှင့်ထုထားသနည်း။ ဘလူးချား နောက်ဆုံးတိုက်ပွဲတွင် လုလုကြီးခံသွားရ၍ နောက်ရက်အနည်းငယ် နာလန်ထူနိုင်မည်မဟုတ်သေး။ ထို့ကြောင့် နပိုလီယံ ကံကြမ္မာ၊ ပြင်သစ်နိုင်ငံကံကြမ္မာအားလုံးသည် ဩဂျရိုးနှင့် သူ့လူ ၂၅၀၀၀ ပေါ် တည်နေ၏။ ဖေဖော်ဝါရီလ ၁၃ ရက်နေ့က နပိုလီယံပေးသည့်အမိန့်ကို ကာစတီလီယွန်မြို့စား စစ်သူကြီး ဩဂျရိုးရပါသည်။ သို့သော် သူဘာမှမလှုပ်ရှား၊ ၁၆ ရက်နေ့တွင် နပိုလီယံက ဩဂျရိုးထံ ထပ်စာရေး၏။ နပိုလီယံ ဟန်အတိုင်း စာက ဤသို့ဆို၏။ "မင်းဟာ ကာစတီလီယွန်တုန်းက ဩဂျရိုး ဟုတ်သေးရဲ့လား"ဟု နပိုလီယံက ခနဲ့ထား၏။ သို့သော် ဓားဘုရင် ဩဂျရိုးက အခြေအနေမှန်ကို မြင်ပြီးဖြစ်ပါလိမ့်မည်။ "ကျွန်တော့်ကို ကာစတီလီယွန်တုန်းကလူတွေပေးပါ"ဟု ပြန်ပြောသည်ဟူ၏။ ဖေဖော်ဝါရီလ ၂၈ ရက်နေ့ကျတော့မှ ဩဂျရိုး စတင်လှုပ်ရှားပေသည်။ နောက်ကျလွန်းနေပြီ။ ဩဂျရိုးသည် ယခင် ဩဂျရိုး မဟုတ်တော့ပြီ။ သို့မဟုတ် သူပြောသလို သူ့လူများမှာ ကာစတီလီယွန်တုန်းက လူများမဟုတ်တော့။ စိတ်ချရသူများမဟုတ်တော့။ မတ်လ ၉ ရက်နေ့၌ စစ်သူကြီး နေးက ကိုယ်ရံတော်တပ်ကို ဦးဆောင်ကာ လာအွန်[၁] တွင် တိုက်၏။

မာမွန့်လည်း ယခင်က မာမွန့်မဟုတ်တော့။ ရန်သူအလစ်မိလိုက်ပြီး မာမွန့်အမြောက်အားလုံး ရန်သူရသွား၏။ အမြောက်တပ်မှလာသည့် ဗိုလ်ချုပ်တစ်ဦးအတွက် ခွင့်လွှတ်နိုင်စရာမရှိ။ "ကေရာဇ်ဘုရင် နပိုလီယံက သူ့ကို (မာမွန့်ကို) တစ်စစီ ဖြတ်တောက်ပစ်သင့်တယ်"ဟု ဘာသီယာက ဆို၏။ "ဒါပေမဲ့ နပိုလီယံက သူ့ကိုခင်လွန်းလို့ ဘာမှအရေးမယူခဲ့ပါဘူး၊ သူ့တပ်ကို သူအုပ်ချုပ်မြဲပါပဲ"ဟု ဘာသီယာက ညည်းတွားခဲ့လေသည်။ ချန်ပေါဘတ်[၂]တိုက်ပွဲတွင် အောင်ပွဲရလိုက်ပြီး နပိုလီယံက ဤသို့ကြွေးဝါးခဲ့သေး၏။ "ဒီပွဲမျိုး နောက်တစ်ပွဲသာ ရလိုက်ကွ၊ ငါဗစ်တြူလာ[၃]မြစ်ကို ရောက်ပြီဟေ့" ဤကြွေးဝါးချက်ကို ဘာသီယာကရော မာမွန့်ကပါ ဘာမှဝင်မပြောကြ။ ဘာသီယာရော မာမွန့်ကပါ သူတို့လူများအကြောင်းကို နပိုလီယံထက် သိနေကြ၏။ ချန်ပေါဘတ်တိုက်ပွဲတွင် ပြင်သစ်စစ်သည်တစ်ဦး သေနတ်တစ်ချက်မှမပစ်သည်ကို မာမွန့်က တွေ့သွားပြီး

---

၁။ Laon

၂။ Champaubert

၃။ Vistula

ဤသို့မေးလိုက်၏။ "မင်း ဘာလို့ ရန်သူကိုမပစ်တာလဲ" "ကျွန်တော် ဘယ်လို ကျည်ထိုးရမယ်သိရင် တခြားလူတွေလို ပစ်မှာပေါ့"ဟု လူသစ်က ဖြေသည်ဟူ၏။ နောက်တိုက်ပွဲတစ်ခုတွင် ကိုယ်ရံတော်တပ်အသစ်သည် ရက် ၂၀ လေ့ကျင့်ရေး ဆင်းပြီး တိုက်ပွဲဝင်ရခြင်းဖြစ်သဖြင့် ရန်သူနှင့်ရင်ဆိုင်ပြီး ၃ နာရီကြာမျှ ရန်သူ ပစ်ခတ်သည်ကို ငုံ့ခံကြရ၏။ မည်သို့ နေရာယူရမည်ကိုမသိ။ မည်သို့ လူစုခွဲ တပ်ဖြန့်ရမည်ကို မသိသောကြောင့်တည်း။ ကာစတီလီယွန်တုန်းကလူမျိုး ကျွန် တော့်ကိုပေးပါ၊ ဩဂျရိုးပြောခဲ့သည်မှာ သူ့အဆိုးမဟုတ်။ နောက်တိုက်ပွဲတစ်ခု၌ အမြောက်တပ်မှူးကြီးကိုယ်တိုင်က သူ့လူများကို ဘယ်လို အမြောက်ချိန်တွယ် ရမည်။ ဘယ်လိုကျည်ထိုးရမည် သင်ပေးနေသည်ကို နပိုလီယံကိုယ်တိုင် တွေ့မြင် သွားလေသည်။ သည်လူများနှင့် နပိုလီယံ သူ့နောက်ဆုံးတိုက်ပွဲများ တိုက်ခဲ့ရခြင်း ဖြစ်လေသည်။

နောက်ဆုံးနေ့များတွင် နပိုလီယံ အောင်ပွဲများ ရပါ၏။ သို့သော် အနှစ် သာရမရှိသည့် အောင်ပွဲများတည်း။ ဘလူးချား အမှန်ကို မြင်လာပြီ။ ယခု နပို လီယံရရှိသည့် အောင်ပွဲများမှာ ငြိမ်းခါနီး မီးထတောက်ခြင်းဖြစ်၏။ ဘာမှမှုနေ စရာမလို။ သည်အောင်ပွဲများက ဘာမှပြောလောက်အောင် အကျိုးသက်ရောက်မှု မရှိသည်ကို ဘလူးချား မြင်လာ၏။ ထို့ကြောင့် နပိုလီယံက မဟာမိတ်ဆက်သွယ် ရေးလမ်းကြောင်းများ ဖြတ်တောက်ရန် ခြိမ်းခြောက်သောအခါ ဘလူးချားက နပိုလီယံ စစ်ကစားမှုကို လျစ်လျူရှုလိုက်ပြီး ပါရီသို့ တိုက်ရိုက်ချီတက်လာခဲ့ လေသည်။ နပိုလီယံ ဘာမှမတတ်နိုင်တော့ဘဲ ပါရီကို ကာကွယ်ရန် ပြင်သစ်နိုင်ငံ သို့ တပ်ခေါက်ပြန်လာခဲ့ရတော့၏။ နပိုလီယံနှင့်အတူ စစ်သူကြီး ၆ ဦးသာ ပါလာ၏။ ဘာသီယာ၊ နေး၊ မော်တီကာ၊ မာမွန့်၊ အော်ဒီနော့နှင့် မက်ဒေါ်နယ် တို့ ဖြစ်သေလည်။ ဗစ်တာသည် အရည်အချင်းမပြည့်ဝ၍ နပိုလီယံက ရာထူးမှ ချထားပြီး မွန်ဆေသည် ပါရီမှထွက်လာပြီး နပိုလီယံနှင့် ပူးပေါင်းလိုက်သဖြင့် စစ်သူကြီး ၇ ဦး နပိုလီယံနှင့်အတူ ရှိနေလေသည်။ မွန်ဆေနှင့်အတူ ပါရီမှ ကိုယ်ရံတော်အဖွဲ့နှင့် ကျောင်းသားအချို့ပါသဖြင့် အမိနိုင်ငံကာကွယ်ရေးအတွက် တာဝန်ယူရမည့်သူများတည်း။ ဩဂျရိုးက နပိုလီယံအပေါ် ပြောင်သစ္စာဖောက်နေ ပြီ။ အီတလီတွင် မြူရတ်က ယူဂျင်းဦးဆောင်သည့် ပြင်သစ်တပ်များကို ပြန်တိုက် နေပြီ။ ဟမ်ဘက်တွင် ဒဗိုးသစ္စာရှိစွာ ခံစစ်ဆင်နွှဲရင်း စစ်ကူများရောက်လာမလား စောင့်စားဆဲဖြစ်၏။ သို့သော် ဘာစစ်ကူမျှ ပေါ်မလာ။ အားလုံးမျှော်လင့်ချက် ကုန်ဆုံးနေပြီကို နပိုလီယံနှင့်အတူရှိသည့် စစ်သူကြီးခုနစ်ဦးက သိကြပါသည်။ ဧပြီလ ၄ ရက်နေ့တွင် ဖောင်တိန်ဘလို၌ နပိုလီယံ ကိုယ်ရံတော်တပ် စစ်ဆေး သည်ကို စစ်သူကြီးခြောက်ဦးက နံဘေးမှ [illegible]၏။ ဒန်းဇစ်မြို့စား

စစ်သူကြီး လဖေးဗား နပိုလီယံနှင့် လာရောက်ပူးပေါင်းလေသည်။ ရုံးတွင်ထိုင် အလုပ်လုပ်နေသူ စစ်ဦးစီးချုပ် ဘာသီယာအပြင် စစ်မြေပြင်တွင် စစ်နိုင်သူ စစ်သူကြီး ခုနစ်ဦး နပိုလီယံနှင့်အတူ ရှိကြ၏။ (စစ်သူကြီး ၂၆ ဦးအနက် ၈ ဦး)။

ဤရှစ်ဦးသည် နပိုလီယံနှင့်အတူ လစ္စဘွန်း၊ မဲဒရစ်၊ ရောမမြို့တော်၊ မီလန်၊ တူရင်၊ ဘန်း၊ ဗဲနစ်၊ အင်တဝပ်၊ မြူနစ်၊ နေပေါလ်စ်၊ ဘာလင်၊ ဒရက်စလင်၊ ဝါဆော၊ ကိုင်ရို၊ ဂျေရုဆလင်၊ မော်စကိုမြို့တော်တံတိုင်းများအောက် တွင် တိုက်ပွဲအလီလီ ဝင်ခဲ့ကြသူများဖြစ်၏။ ယခု ပါရီမြို့ တံတိုင်းများအောက် တွင် ကိုယ့်အမိနိုင်ငံ ကာကွယ်ရင်း တိုက်ပွဲဝင်ကြရဦးမည်။ မည်သူက မည်သို့ ဤအကြောင်းအရာကို အစပြောလိုက်သည်တော့ မှတ်တမ်းများမရှိ၍ မသိရ။ သို့သော် နေးဖြစ်နိုင်၏။ နေးမှာ သည်လူထုထဲတွင် ပြောင်ကျကျ အပြောဆုံး၊ စိတ်ထဲရှိသည်ကို အပြောရဲဆုံးသူဖြစ်၏။ သူတို့ပြောကြသည့်အကြောင်းအရာကား နပိုလီယံထံ ကိုယ်စားလှယ်စေလွှတ်ရန် ဖြစ်လေသည်။ ဘိုရိုဒီနိုမှအစပြု၍ နေး ပြောပုံဆိုပုံမှာ ပိုကြမ်းလာ၏။ မခံချင်စိတ်တွေ ပိုများနေသည်ထင်ရ၏။ ယခု ခေတ်အခေါ်နှင့် ကျည်ကြောက်[၁]ကြီး ဖြစ်သွားသည် ပြောရမည်ထင်သည်။ စစ်သူကြီး ခုနစ်ဦးက နပိုလီယံထံ ကိုယ်စားလှယ်လွှတ်ရန် ပြောကြသောအခါ နေးက သူသွားပြောမည်ဟု တာဝန်ယူ၏။ မွန်ဆေနှင့် လဖေးဗားက သူတို့ပါ အဖော် အဖြစ် လိုက်ကြမည်ဖြစ်လေသည်။ ထိုနေ့က စစ်သူကြီးသုံးဦး နပိုလီယံအခန်း ဝင်လာသောအခါ နပိုလီယံနှင့်အတူ ဘာသီယာ ရှိနေလေသည်။ တိုက်ခိုက်မှု အားလုံး ရပ်တန့်သင့်ပြီဖြစ်ကြောင်း နပိုလီယံအုပ်ချုပ်မှုပါ ရပ်စဲသင့်ပြီဖြစ်ကြောင်း စစ်သူကြီးသုံးဦးက နပိုလီယံထံ တင်ပြကြ၏။ နပိုလီယံက တည်တည်ငြိမ်ငြိမ် နားထောင်နေပြီး သူ့ဘယ်လိုရန်သူများကို ပြန်တိုက်မည့်အကြောင်း၊ စစ်ကူစစ်သား သစ်များ ဖောင်တိန်ဘလိုသို့ နေ့စဉ်ရောက်လာနေကြောင်း၊ ပြင်သစ်အမျိုးသား တိုင်းက ကျူးကျော်ဝင်ရောက်လာသော ရန်သူများကို ပြန်တိုက်ကြမည်ဖြစ် ကြောင်း နပိုလီယံက စစ်သူကြီးများအား ရှင်းပြ၏။ စစ်သူကြီးများက ငြိမ် နားထောင်နေကြ၏။ ဘာသီယာကပင် နပိုလီယံကို မထောက်ခံတော့။

ထိုအချိန်တွင် အော်ဒီနော့နှင့် မက်ဒေါ်နယ်အခန်းတွင်း ဝင်လာကြလေ သည်။ သူတို့တပ်များ ရောက်လာသည်ကို နပိုလီယံထံ ဝင်ရောက်သတင်းပို့ ကြခြင်းဖြစ်လေသည်။ နပိုလီယံက နောက်ရောက်လာသူများကိုပါ မိမိတိုက်မည့် အစီအစဉ်များ ပြောပြပြန်၏။ အားလုံး ငြိမ်နားထောင်နေကြလေသည်။ မက်ဒေါ် နယ်က ဝင်ပြော၏။ "ကျွန်တော်တို့အားလုံး စစ်ကို ရပ်စဲပစ်လိုက်ကြဖို့ သဘော

၁။ Shell Shock

တူပြီးကြပြီ" နပိုလီယံက တတိယအကြိမ် တောင်းပန်ပြောဆိုသေး၏။ နေးက ကြားဝင်ဖြတ်ပြောလေသည်။ "တပ်မတော်က ချီတက်မှာမဟုတ်ဘူး" "တပ်မတော်က ငါ့အမိန့်ကို နာခံရမှာပေါ့" နပိုလီယံက အော်ပြော၏။ သည်တစ်ကြိမ်သာ နပိုလီယံ ဒေါသနှင့် အော်ပြောလိုက်ခြင်းဖြစ်လေသည်။ "တပ်မတော်က သူ့ဗိုလ်ချုပ်တွေအမိန့်ကို နာခံမှာပေါ့" နေးက ပြန်ပြော၏။ နောက်ထပ် မည်သူမှ ဘာမှထပ်မပြောတော့။ ထိုနေ့ညတွင် နပိုလီယံက နန်းစွန့်စာချုပ်[၁] ကို လက်မှတ်ရေးထိုးလေသည်။ သူ့သားတော်က သူ့အရိုက်အရာကို ဆက်ခံလိမ့်မည်။ စစ်သူကြီးများက သူ့အုပ်ချုပ်မှုကို အဆုံးသတ်လိုက်ပြီဖြစ်သော်လည်း သူ့နန်းဆက်ကို အဆုံးသတ်မခံနိုင်။ နေးနှင့် မက်ဒေါ်နယ်က နန်းစွန့်စာချုပ်ကိုယူပြီး ပါရီတစ်နေရာမှ ရုရှားဇာဘုရင် အက်လီဇင်ဒါး ဌာနချုပ်သို့ ထွက်လာကြ၏။ လမ်းတွင် မာမွန့် ဌာနချုပ်ဝင်၍ မာမွန့်ကိုပါ သူတို့နှင့်အတူ ခေါ်သွားခဲ့လေသည်။ ၁၈၁၄ ခုနှစ် ဧပြီလ ၅ ရက်နေ့ နံနက် ၁ နာရီတွင် ဇာဘုရင်က စစ်သူကြီးသုံးဦးအား လက်ခံတွေ့ဆုံခဲ့၏။ နေးက ဇာဘုရင်ထံ လျှောက်ထားအစီရင်ခံခဲ့လေသည်။ နပိုလီယံ အုပ်ချုပ်မှုရပ်စဲသော်လည်း သူ့နန်းဆက် ဆက်လက်ထားရှိပါရန် နေးက ပြော၏။

ရုရှားသြဂတု၊ ကော့ဆက်များနှင့် ဇာဘုရင်တပ်မတော်က ပြင်သစ်စစ်သည် ခြောက်သိန်းကို အနိုင်ယူခဲ့သော်လည်း စစ်သူကြီးနေးမှာ အနိုင်မခံ အရှုံးမပေး တိုက်ခိုက်ခဲ့သူဖြစ်ကြောင်း၊ ဇာဘုရင် အက်လီဇင်ဒါးက နေး တင်ပြချက်ကို လေးလေးစားစား နားထောင်နေ၏။ အက်လီဇင်ဒါးက ယခုတင်ပြချက်ကို မိမိထောက်ခံ၍ မဟာမိတ်များအား တင်ပြပေးမည်ဖြစ်ကြောင်း ပြောကြားလိုက်လေသည်။ စစ်သူကြီးသုံးဦးအား နံနက် ၉ နာရီတွင် ဇာဘုရင်က ထပ်မံချိန်းဆိုလိုက်၏။ ဇာဘုရင်ကိုယ်တိုင်က ထောက်ခံမည်ဆိုသဖြင့် မိမိတို့ အဆိုပြုချက် အောင်မြင်မည်ဟု စစ်သူကြီးများ အထင်ရောက်နေ၏။ သို့သော် မအောင်မြင်ခဲ့ချေ။ နပိုလီယံသားတော်အတွက်လည်း နေရာမပေးနိုင်။ အကြောင်းမှုကား စစ်သူကြီးသုံးဦး ဇာဘုရင်နှင့် တွေ့ဆုံချိန်နှင့် သူတို့အား ဇာဘုရင်က ချိန်းဆိုလိုက်သည့် ၉ နာရီအကြားတွင် မာမွန့်၏တပ်မကြီးက ရန်သူဘက် ပါသွားသောကြောင့်တည်း။ နပိုလီယံ၏ အမြောက်တပ် ဗိုလ်လောင်းဘဝက သူငယ်ချင်း၊ အီတလီ၊ အီဂျစ် တိုက်ပွဲစဉ်များတွင် ပါဝင်ခဲ့သူ၊ နပိုလီယံက ရာဂူဆာမြို့စားကြီးခန့်အပ်ချီးမြှင့်ခြင်းခံရသူက ယခုသစ္စာဖောက်လိုက်ပြီ။ သူအမိန့်ပေးသဖြင့် သူ့တပ်မကြီးက ရန်သူဘက် ပါသွားခြင်းဖြစ်၏။ သူတို့ လုံးဝအနိုင်ရပြီကို မဟာ

---

၁။ Act of Abdication

မိတ်များ သိသွားပြီ။ နန်းစွန့်စာချုပ်မှ နပိုလီယံ၏သားတော် ရောမမြို့တော်ဘုရင်[၁] က နပိုလီယံထီးနန်း ဆက်ခံရမည်ဆိုသည့် စာပိုဒ်ကို မဟာမိတ်များက ဖျက်ချလိုက်ကြ၏။ ၁၈၁၄ ခုနှစ် ဧပြီလ ၂၆ ရက်နေ့တွင် ပြင်သစ်နန်းကျဘုရင်၏ ညီ လူဝီစတန်နီ လတ်စ်ဇေဗီယာ[၂]က ပြင်သစ်နန်းဆက်အသစ် ထူထောင်ရန် ကာလိုင်းသို့ ကမ်းတက်ခဲ့လေသည်။ ဘုရင်အသစ်သည် အသက်ကြီးလှပြီး ဒူလာရောဂါသည်ဖြစ်၍ လူဝကြီးဖြစ်၏။ မာမွန့်မှာ နပိုလီယံ၏ ငယ်သူငယ်ချင်းဖြစ်၏။ ယခု သူက သစ္စာဖောက်လိုက်လေပြီ။

နပိုလီယံ အယ်ဘာ[၃]သို့ အသွား ဗေလင့်စ်အနီးတွင် ဘိုဘွန်ဘုရင်စစ်ဝတ်စုံ ဦးထုပ်ဖဲကြိုးအဖြူ[၄]နှင့် ပြင်သစ်စစ်သည်များ တွေ့လိုက်ရ၏။ ၂၅ နှစ်အတွင်း ပထမဆုံးအကြိမ် ပြန်တွေ့ရသော ဘိုဘွန်ဘုရင်စစ်သည်များတည်း။ ဘိုဘွန်ဘုရင် အထိမ်းအမှတ် ဦးထုပ်ဖဲကြိုးအဖြူနှင့် တပ်မှူးကြီးကား စစ်သူကြီး သြဂျရိုးဖြစ်ပေသည်။ နပိုလီယံက မြင်းလှည်းကြီးရပ်၊ အောက်သို့ဆင်းကာ သြဂျရိုးအား ဖက်လှဲတကင်း နှုတ်ဆက်၏။ သြဂျရိုးက ခပ်အေးအေးပင် ပြန်လည်အလေးပြု နှုတ်ဆက်ခဲ့လေသည်။ "မင်း... ငါ့ကို လုပ်ရက်တယ်ကွာ"ဟု နပိုလီယံက ပြော၏။ နာကျည်းနေသော်လည်း မလိုမုန်းထားသည့်အသံ မပါချေ။ သြဂျရိုးက ဤသို့ပြန်ပြောခဲ့၏။ "ဒါ ခင်ဗျားရဲ့ ဘယ်တော့မှ အလိုမပြည့်နိုင်တဲ့ လောဘမီးပဲ၊ ခင်ဗျားလောဘမီးကို အားလုံးပူဇော်ခဲ့ရတယ် မဟုတ်လား။ ပြင်သစ်နိုင်ငံ စည်ပင်ဝပြောရေး၊ ချမ်းမြေ့ပျော်ရွှင်ရေးပါ ခင်ဗျားလောဘမီးက လောင်ကျွမ်းပစ်လိုက်တယ်မဟုတ်လား။ ကျွန်တော်ဟာ ခင်ဗျားကိုရော ဘိုဘွန်ဘုရင်တွေကိုပါ ဂရုစိုက်နေတာမဟုတ်ပါဘူး။ ကျွန်တော်အလေးထားတာက ပြင်သစ်နိုင်ငံတော်ပါ" နပိုလီယံက ဘာမှထပ်မပြောတော့ဘဲ ဦးထုပ်လေးမြှောက်ပြကာ သူ့ရထားပေါ် ပြန်တက်သွားခဲ့လေသည်။ ဤကဲ့သို့ နပိုလီယံနှင့် မတွေ့လိုက်ရသေးမီ ရက်အနည်းငယ်ခန့်ကပင် သြဂျရိုးက သူ့စစ်သည်များအား ဤသို့ မိန့်ခွန်းပေးခဲ့သေး၏။ "သူက နန်းစွန့်သွားပြီဖြစ်တဲ့အတွက် တို့တွေ သူ့အပေါ် သစ္စာစောင့်သိနေစရာမလိုတော့ဘူး။ သူ့လောဘမီးကြောင့် လူတွေ သန်းချီသေကျေခဲ့ရပေမယ့် သူကတော့ စစ်သားကောင်းတစ်ယောက်လို ဘယ်လိုသေပွဲဝင်ရမယ်ဆိုတာ သိတဲ့ သူမဟုတ်ပါဘူး"

ပထမအကြိမ် ဘိုဘွန်များ ထီးနန်းပြန်အပ်သည့်ကာလ[၅]တွင် စစ်သူကြီးများသည် ငြိမ်းချမ်းရေးကို လိုလားနေကြပြီဖြစ်ပြီး ဘိုဘွန်များ ထီးနန်းပြန်ရခြင်း

---

၁။ King of Rome
၂။ Louis Stanilas Xavier
၃။ Elba
၄။ White Cockade
၅။ The First Restoration



သည် 'ငြိမ်းချမ်းရေးရခြင်းပင် ဖြစ်ပေ၏။ သူတို့ပို၍ အကြိုက်တွေ့သည်ကား ဘိုဘွန်များ သူတို့မှလရာထူးများ ဖြုတ်မပစ်ဘဲ သူတို့ပစ္စည်းများကို ပြန်လည်သိမ်းဆည်းခြင်းလည်းမရှိချေ။ သူတို့ရရှိထားသော ရဲတိုက်ကြီးများ၊ ခမ်းနားကြီးကျယ်သည့်အိမ်များ၊ ဘွဲ့ထူးဂုဏ်ထူးများကို ဘိုဘွန်ဘုရင်များက ပြန်လည်သိမ်းယူခြင်း၊ ဖြုတ်ပစ်ခြင်းများ မပြုလုပ်၍ အရက်စည်ပိုင်းလုပ်သူသား၊ အရက်ချက်သူသား၊ သစ်သီးဝလံရောင်းသူသား စစ်သူကြီးများသည် မင်းဝင်စိုးပေါက်ဖြစ်မြဲဖြစ်နေကြ၏။ ကောင်းစားမြဲ ကောင်းစားနေကြ၏။ လတ်စ်ဇမ်ဘောက်၊ မွန်မိုရင်စီ၊ ရှေတိုဘရိုင်းအင်[၁] စသည်တို့ကို စစ်သူကြီးများ ဝင်ထွက်သွားလာ၍ အစဉ်အလာ မှူးကြီးမတ်ကြီးများနှင့် ရောနှောဆက်ဆံနေနိုင်၍ နပိုလီယံပြုတ်သွားသော်လည်း သူတို့ကို ဘာမှထိခိုက်ခြင်းမရှိ၍ စစ်သူကြီးများ ပျော်တပြုံးပြုံးမော်မဆုံး ဖြစ်နေကြကုန်၏။ ဝါရင့်ဆုံး၊ အသက်အကြီးဆုံး စစ်သူကြီးဖြစ်သူ မွန်ဆေက ဘိုဘွန်ဘုရင် လူဝီအား ကာလိုက်[၂]သွား၍ ကြိုဆိုခဲ့၏။ မွန်ဆေမှာ ရဲအဖွဲ့၏ စစ်ဆေးရေးချုပ်လည်း ဖြစ်လေသည်။ နေး၊ သြဂျရိုးနှင့် မက်ဒေါနယ်တို့က စစ်ကောင်စီ[၃]အဖွဲ့ဝင်များ ဖြစ်လာကြလေသည်။ ဆို့လ်တ်က ယခု တကယ့်ဘုရင်ဘက်တော်သားဖြစ်နေပြီ။ ထို့ကြောင့် စစ်သူကြီး ဆို့လ်တ် ဘရစ်တင်နီတွင် တပ်မှူးကြီးအဖြစ် တာဝန်ထမ်းဆောင်ရသည်။ ၁၈၁၄ ခုနှစ် ကုန်ခါနီးတွင် စစ်သူကြီးဆို့လ်တ် စစ်ဝန်ကြီးဖြစ်လာ၏။ ဆို့လ်တ်မှာ တိုတောင်းသည့် အချိန်အတွင်း ဘိုဘွန်ဘုရင် နောက်လိုက်နောက်ပါများ လုပ်နည်းကိုင်နည်းများကိုလည်း ကျွမ်းကျင်လာသူဖြစ်၏။ ဆို့လ်တ် အချစ်တော် ကိုယ်ရံတော်ဗိုလ်ချုပ် ဘရွန်ဒီဗီလာရေ[၄]က ကွမ်တီဒီဘရက်[၅]တူမကို လက်ထပ်လိုက်၏။ ကွမ်တီမှာ လူဝီဘုရင်ညီတော်နှင့် အလွန်ရင်းနှီးသူတည်း။ ကွမ်တီက အလွန်ဗိုလ်ချုပ်လုပ်လိုသူဖြစ်၏။ ထို့ကြောင့် ကွမ်တီဗိုလ်ချုပ်ဖြစ်စေ၊ ဆို့လ်တ်လည်း စစ်ဝန်ကြီးဖြစ်လာသည်။ ရာဂူဆာမြို့စား မာမွန့်က ပြင်သစ်ဘာသာစကားကို ကြွယ်ဝစေသူဖြစ်၏။ ပြင်သစ်လို ရာဂူဆေ[၆]မှာ သစ္စာဖောက်သည်ဟု အဓိပ္ပာယ်ရသောကြောင့် ဖြစ်သည်။ မာမွန့်မှာ နပိုလီယံ၏ အရင်းနှီးဆုံး ငယ်သူငယ်ချင်း။ ယခု သူက အကြီးကျယ်ဆုံး သစ္စာဖောက်သူ ဖြစ်နေပြီ။ စစ်သူကြီး ဂျော်ဒန်ကလည်း ရောင်အန်ရှိ သူ့စစ်ဌာနချုပ်တွင် ဘိုဘွန်အလံလွှင့်ထားလေပြီ။ ပဲရစ်နှန်က ဘိုဘွန်ဘုရင် ဖွဲ့စည်း

---

၁။ Luxembourg, Montmorency Chateaubriand

၂။ Calais

၃။ Council of War

၄။ Ven Brun Dg Vellergt

၅။ Comtg Dg Bruges

၆။ Raguser

ပေးသည့် ကော်မရှင်သစ်တစ်ခုတွင် အဖွဲ့ဝင်ဖြစ်လာ၏။ ဘိုဘွန်ဘုရင်နှင့် ပြန်ဝင်လာသည့် အရာရှိများ၊ သူတို့ ဘာရာထူးနှင့်သင့်တော်သည် ဘာနစ်နာချက်များရှိခဲ့သည်ကို ယင်းကော်မရှင်က ဆုံးဖြတ်ထောက်ခံပေးရမည်။ မာဆေးနားက ရူအိလ်[၁]တွင်ရှိသော သူ့နေအိမ်တွင် နားနေ၏။ လူဝီယံဘိုနာပတ် (နပိုလီယံ၏ ညီငယ်)က မာဆေးနားထံ ဤစာရေးသားခဲ့လေသည်။ "ခင်မင်ပါသော မာဆေးနား ဒီမှာတစ်ခန်းရပ်ပြီ။ ဂုဏ်သိက္ခာတွေ အလွန်ရှက်ဖွယ်ကောင်းတဲ့ လုပ်ရပ်ကြောင့် ဆုံးရှုံးရတာ ဝမ်းနည်းစရာပဲ"[၂]

ဘာနာဒုတ် စမ်းထနေပြီ။ သူ ယခင်က ကြုံတွေ့ခဲ့သည့် ဒုက္ခများကို မေ့သွားပြီ။ ပါရီ၌ မာမွန့်နှင့် တွေ့ကြရာ၌ ဘာနာဒုတ်က ဤသို့ပြောခဲ့၏။ "ခင်ဗျားလို ကျုပ်တို့လို တိုက်ပွဲ ၁၀ ပွဲမှာ ဦးဆောင်တိုက်ခိုက်ခဲ့ဖူးသူဟာ ဘုရင်တွေနဲ့ တစ်တန်းတည်း နေထိုက်ပါတယ်" ဆွီဒင်တွင် သုံးနှစ်ကြာသွားပြီဖြစ်သော်လည်း ဘာနာဒုတ်သည် ဂါစကွန်လေ ပျောက်မသွားချေ။ ဘာသီယာက နောက်ဆုံးနေ့များတွင် ပါရီသို့သွားလည်ရန် နပိုလီယံထံ ခွင့်တောင်းထွက်ခွာသွား၏။ နပိုလီယံက ခွင့်ပေးလိုက်၍ "သူ ငါတို့ဆီပြန်လာမှာမဟုတ်ပါဘူး"ဟု ပြော၏။ နပိုလီယံပြောသလိုပင် ဘာသီယာ နပိုလီယံထံ ပြန်မလာတော့ချေ။ ဒဗိုးမှလွဲ၍ ကျန်စစ်သူကြီးအားလုံး ဘိုဘွန်ဘုရင်ထံမှ စိန့်လူဝီဘွဲ့ထူးတံဆိပ်[၃] လက်ခံရရှိကြ၏။ ဖောင်တိန်ဘလိုတွင် နပိုလီယံ နန်းစွန့်စာချုပ် လက်မှတ်ရေးထိုးပြီး တိုက်ခိုက်မှုအားလုံး ရပ်စဲသွားသောအခါ စစ်မြေပြင်တွင် စစ်သူကြီးသုံးဦးရှိနေသေး၏။ ဆူရှေးသည် အရာဂုံ[၄]တပ်တော်နှင့် လူဆစ်နန်[၅]တွင် ရောက်နေ၏။ စစ်မြေပြင်တွင် ၅ နှစ်ကြာခဲ့ပြီး ရန်သူ ၈၂၀၀၀ ဖမ်းမိခဲ့၍ အမြောက် ၁၄၁၅ လက် သိမ်းဆည်းရမိခဲ့လေသည်။ စစ်သူကြီး ဆို့လ်တ်က ထိုလုစ်[၆]တွင် ဝယ်လင်တန်နှင့် ရင်ဆိုင်နေရပြီး ဒဗိုးက ဟမ်ဘက်တွင် ရောက်နေလေသည်။ ၁၈၁၄ ခုနှစ် မေလအတွင်းက ဘာနာဒုတ်သည် ဆွီဒင်နိုင်ငံခြားချီတပ်တော်နှင့် ဟမ်ဘက်ကို ထိန်းထားရာမှ ယင်းမြို့တော်သည် တံခါးဖွင့်ထားသော မြို့တော်[၇] ဖြစ်သောကြောင့် ကာကွယ်ထားရန် မဖြစ်နိုင်ဟုဆိုကာ ဟမ်ဘက်မှ ဘာနာဒုတ်

---

၁။ Rueil

၂။ Montres cher Massena Vollg Donc Enfin Le Drame Termine! That de Clorie Perdue Par La Plus Lache Fin Bon Dofu! One De Souvenirs Quede Regrets. Rueil.

၃။ Grand Cross Of The Order Of St. Louis

၄။ Army Of Aragon

၅။ Lusignan

၆။ Toucouse

၇။ Open City

သူ့တပ်တော်နှင့် ဆုတ်ခွာလာခဲ့လေသည်။ ဒဗိုးက ချက်ချင်း ဟမ်ဘာဂ်ကို ဝင်သိမ်းလိုက်၍ ခံစစ်အနေအထားများကို ပိုမိုခိုင်ခံ့အောင် ပြုပြင်တော့၏။ ၁၈၁၃ ခုနှစ် လိုက်ပဇစ်တွင် နပိုလီယံ စစ်ရှုံးခဲ့ပြီး ဟမ်ဘာဂ်မှာ အထီးကျန်မြို့တော်ဘဝ ရောက်သွားခဲ့လေသည်။ မြို့ထဲတွင် ရောဂါဘယများ ဖြစ်ပွားနေပြီး အင်္ဂလိပ်စစ်သင်္ဘောများက အယ်ဘာမြစ်မှ ဟမ်ဘာဂ်မြို့တွင်းသို့ အမြောက်များနှင့် ပစ်ခတ်ကြ၏။ ခံစစ်ဆင်သူများထက် မြို့လူထုအရေအတွက်က သုံးဆများပြားနေပြီး လူထုတစ်ရပ်လုံးက ပြင်သစ်ဆန့်ကျင်သူများ ဖြစ်နေ၏။ ထို့ပြင် ရန်သူက ဟမ်ဘာဂ်ကို သုံးဖက်သုံးတန်မှ ဝန်းရံထားလေသည်။

ဒဗိုးအခြေအနေမှာ ဘယ်ဘက်ကကြည့်ကြည့် မျှော်လင့်ချက်မရှိတော့ချေ။ ဘယ်ကမှ စစ်ကူလာရန်လမ်းမရှိတော့။ သို့သော် ဒဗိုးလက်နက်မချခဲ့ချေ။ ၁၈၁၄ ခုနှစ် နပိုလီယံ နန်းစွန့်ပြီဖြစ်ကြောင်း မဟာမိတ်များက အက်မူးမင်းသားဒဗိုးထံ အကြောင်းကြားကြ၏။ "ဒဗိုး လက်နက်ချပါ"။ သို့သော် ဒဗိုးက လက်နက်မချ၊ ဧကရာဇ်ဘုရင်က အမိန့်ပေးစရာရှိရင် ငါ့ကို တိုက်ရိုက်ပေးမှာပေါ့ ရုရှစစ်ဗိုလ်တွေက တစ်ဆင့် အမိန့်စာပေးစရာမလိုဟု ဒဗိုးက အကြောင်းပြန်လိုက်လေသည်။ နောက်ဆုံးတွင် ဗိုလ်ချုပ်ကြီး ဂျရဒ်[၁] အား ဒဗိုးနေရာတွင် ခန့်ထားလိုက်ပြီဖြစ်ကြောင်း၊ ဂျရစ်နှင့် ရန်သူတို့ စစ်ပြေငြိမ်းရေးစာချုပ် လက်မှတ်ရေးထိုးပြီးဖြစ်ကြောင်း ပြင်သစ်စစ်ဝန်ကြီး ဒူမွန်က အမိန့်ထုတ်ယူရလေသည်။ ဒဗိုးနှင့် သူ့တပ်က သူတို့လက်နက်များ သူတို့ကိုင်ဆောင်၍ ဟမ်ဘာဂ်မှ ထွက်ခွာလာကြလေသည်။ သို့သော် ဒဗိုးသည် သူ့လူများကို ဦးဆောင်၍ ပြင်သစ်နိုင်ငံသို့ ချီတက်လာခွင့်မပြုချေ။ ဒဗိုး သူ့ဘာသာတစ်ဦးတည်း ပြင်သစ်နိုင်ငံသို့ ပြန်လာရမည်။ ပြင်သစ်ပြန်ရောက်သောအခါ ပါရီတွင် ဒဗိုးနေထိုင်ခွင့်မရှိ။ ပြစ်တင်ရှုတ်ချခြင်း ခံရ၍ အောက်ပါစွဲချက်များဖြင့် ဒဗိုး အမှုစစ်ဆေးခြင်းခံရမည်။

(၁) ဟမ်ဘာဂ်ဆိပ်ကမ်းကို သိမ်းပိုက်ထားခြင်း။

(၂) မြို့ကိုကာကွယ်နိုင်ရန် ဆင်ခြေဖုံးရပ်ကွက်များမှ အိမ်များကို ဖြိုဖျက်ပစ်ခြင်း။

(၃) အရပ်သားများအပေါ် ရက်ရက်စက်စက် လုပ်ဆောင်ခဲ့၍ ပြင်သစ်ဟူသည့်အမည် ဂုဏ်ရှိန်ကို ဖျက်ဆီးပစ်ခြင်း။

စင်စစ် အော်ဒီနော့မှလွဲ၍ ကျန်စစ်သူကြီးအားလုံးက ဒဗိုးကို မလိုလားကြချေ။ သို့သော် ဒဗိုးသည် ပြင်သစ်အင်ပိုင်ယာကို ဂုဏ်ရှိန်တက်အောင် လုပ်ဆောင်ခဲ့သူဟု စစ်သူကြီးအားလုံးက သဘောတူညီကြလေသည်။ ထို့ကြောင့်

---

[၁] Gen. Gerard

စစ်သူကြီးများက အော်ဒီနော့အား ပြင်သစ်ဘုရင်ထံစေလွှတ်၍ ဒဗိုးအား ရာထူး ပြန်လည်ခန့်ထားရန် အသနားခံစေလေသည်။ အော်ဒီနော့ အသနားခံ၍ မအောင် မြင်သောအခါ နေးက တာဝန်ယူ၍ လျှောက်ထားပြန်၏။ ပြင်သစ်ဘုရင် လူဝီက ဒဗိုးအား ရာထူးပြန်မပေးခဲ့ချေ။ ဘာနာဒုတ်သည် နပိုလီယံ နန်းစွန့်ပြီးမကြာမီ ပင် ဆွီဒင်နိုင်ငံသို့ ပြန်သွားခဲ့လေသည်။ ဇာဘုရင်က ဘာနာဒုတ်ကို နပိုလီယံကို ဆက်ခံရန် ထောက်ခံပါမည်ဟု ကတိပေးထားသော်လည်း တယ်လီရောင်း မှတ် ချက်ကြောင့် ဘာနာဒုတ် ပါရီတွင် ဆက်လက်မနေတော့ချေ။ တယ်လီရောင်းက ဤသို့ ပြောခဲ့သေး၏။ "နပိုလီယံကို ဆက်ခံဖို့ စစ်သားမလိုပါဘူး။ စစ်သားကို ခန့်ထားချင်တယ်ဆိုရင် တို့မှာ ကမ္ဘာမှာ အတော်ဆုံးစစ်သားရှိနေပြီပဲ" ဘာနာဒုတ် ပါရီတွင် မပျော်ပိုက်သည့် အခြားအကြောင်းများ ရှိပါသေးသည်။ စစ်သူကြီး လဖေးဗားက ဘာနာဒုတ်အား သစ္စာဖောက်ဟု ခေါ်ခဲ့ခြင်း၊ တစ်ခါတွင် ဘာနာ ဒုတ် မြင်းစီးလာစဉ် ပြင်သစ်စစ်သည်တစ်ဦးက သေနတ်နှင့် လှမ်းပစ်လိုက်၏။ မှန်တော့မမှန်။ အရာရှိအား ခေါ်ယူမေးမြန်းရာ ပြင်သစ်တပ်ပြေးတစ်ဦးကို အစောင့် က မြင်လို့ပစ်တာ သဘာဝကျပါတယ်ဟု အရာရှိက ဖြေလိုက်လေသည်။ ထို့ ကြောင့် ဘာနာဒုတ် ပါရီတွင် ကြာကြာမနေတော့ဘဲ ဆွီဒင်သို့ ပြန်လစ်လာခြင်း ဖြစ်လေသည်။ သည်တစ်ကြိမ် ဘာနာဒုတ် ပြင်သစ်နိုင်ငံမှ အပြီးအပိုင်ထွက်ခွာ လာခြင်းဖြစ်ပြီး သူ နောက်တစ်ကြိမ် ပြင်သစ်နိုင်ငံသို့ ပြန်ရောက်မလာတော့ချေ။ ဘာနာဒုတ် ဆွီဒင်နိုင်ငံ စတော့ဟုမ်းမြို့တော်သို့ ပြန်ရောက်ပြီး မကြာမီပင် သူ့ဆွီဒင်တပ်တော်နှင့် နော်ဝေးနိုင်ငံထဲဝင်လာ၍ ဆွီဒင် နော်ဝေး နှစ်နိုင်ငံကို ပူးပေါင်းပစ်လိုက်လေသည်။ နှစ်ဖက်စလုံးတွင် အကျအဆုံးမရှိခဲ့ချေ။ အခြား ဂါစကွန်နယ်သားတစ်ဦးဖြစ်သူ နေပေါလ်စ်ဘုရင် ယာအိုခင်မြူရတ်က ဘာနာဒုတ် လောက် ကံမကောင်းချေ။ မက်တာနစ်က ဇန်နဝါရီလ ၁၁ ရက်နေ့တွင် ဩစတြီးယား ဧကရာဇ်ဘုရင်ကိုယ်စား မြူရတ်နှင့် စစ်ပြေငြိမ်းရေးစာချုပ် ချုပ်ဆို ခဲ့သော်လည်း ဘိုဘွန်အုပ်စုက မြူရတ်၏ထီးနန်းကို အသိအမှတ်မပြုလိုကြချေ။ သူတို့ ဘိုဘွန်အဆက်အနွယ်တစ်ဦးကိုသာ နေပေါလ်စ်ဘုရင် ခန့်ထားလိုကြ၏။ သို့သော် ဩစတြီးယားဧကရာဇ်ဘုရင်နှင့် မက်တာနစ်ဩဇာကြောင့် မြူရတ် ဘုရင်ဖြစ်မြဲ ဖြစ်နေလေသည်။ မက်တာနစ်သည် ကာရိုလိုင်း (နပိုလီယံနှမ)နှင့် ဖောက်ပြားနေပြီး ကာရိုလိုင်းကြောင့် မြူရတ် ရာဇပလ္လင် မြဲနေသည်ဟုလည်း ပြောကြ၏။ မာဆေးနားအား ဘိုဘွန်ဘုရင်က မာဆေးဒီစတြိတ် တပ်မှူးကြီး အဖြစ် ခန့်ထားခဲ့လေသည်။

ဘိုဘွန်ဘုရင်များမှာ ဘာအရည်အချင်းမှမရှိဘဲ လူထု အခွန်အတုတ်များ နှင့် ပျော်ပါးစားသောက်နေကြရာ ချက်ချင်းပင် လူထုက အော့နှလုံးနာလာကြ

၏။ ဤမျှတိုတောင်းသည့်အချိန်အတွင်း လူထုအများဆုံး ရှုံ့ရာစက်ဆုပ်လာအောင် ဘိုဘွန်တို့က လုပ်ဆောင်နိုင်ခဲ့ကြလေသည်။ သူတို့လုပ်ပုံအချို့ကို သာကေပြပါမည်။ စူလဒဿမမြောက် လူဝီဘုရင် တည်ထောင်ဖွဲ့စည်းခဲ့သော နန်းတော်ကိုယ်ရံတော်တပ်ဖွဲ့[၁]ကို ဘိုဘွန်တို့က ပြန်လည်ဖွဲ့စည်းပေး၍ အရာရှိ ၆၀၀၀ ခန့်ထားလိုက်၏။ ရုပ်ချော ငယ်ရွယ်သူ မင်းဆွေမင်းမျိုး မှူးမတ်အမျိုးများကို နန်းတော် ကိုယ်ရံတော်တပ်ဖွဲ့[၂]အရာရှိများအဖြစ် ခန့်ထားခဲ့ကြခြင်း ဖြစ်လေသည်။ သူတို့တွင် ဘာစစ်အတွေ့အကြုံမှမရှိ။ ဆွေဂုဏ်မျိုးဂုဏ်နှင့် ရုပ်ချောခြင်း၊ ငယ်ရွယ်ခြင်းမှာ ဘိုဘွန်များအတွက် အရာရှိဖြစ်ရန် အဓိကအရည်အချင်းများတည်း။ ယင်းအရာရှိများ အဝတ်အစားဖြစ်သည့် ပိုးဖဲကတ္တီပါများအတွက် အသုံးစရိတ်မှာ နှစ်စဉ် ဖရန့်ဒင်္ဂါး သန်း ၂၀ ဖြစ်ပေ၏။ နပိုလီယံလက်ထက်က တိုက်ပွဲအတွေ့အကြုံ ဝါရင့်ပြီး ဒင်ဒင်မည် စစ်သားကောင်းများကိုသာ ရွေးချယ်ခန့်ထားခဲ့သည့် ကိုယ့်ရံတော်တပ်ကို ဘုရင့်ဂရက်နေဒီယာတပ်[၃]ဟု အမည်ပြောင်းပြီး ယင်းတပ်ကို ပါရီတွင် မထားတော့ဘဲ နယ်သို့ပြောင်းပစ်လိုက်၏။ ယင်းစစ်သည်ဟောင်းကြီးများအတွက် လစာကို အမြဲတမ်း ထက်ဝက်ခန့် အကြေမပေးဘဲ ကြွေးဖြင့်တေးထားရ၏။

ယခင်က သတ္တိပြောင်မြောက်သူများ အမှုထမ်းကောင်းများကိုသာ ချီးမြှင့်သည့် ဘွဲ့ထူးတံဆိပ်[၄]ကို ဘိုဘွန်တို့ လက်သင့်ရာ စားတော်ခေါ်၍ သူတို့နှင့်အကြောင်းအဆပါင်းသင့်သူ အရပ်သားများအား ချီးမြှင့်ပေးအပ်ခဲ့ကြ၏။ အင်ဂိုလမ်မြို့စားကြီး[၅]က ပါရီလာသောအခါ အင်္ဂလိပ်စစ်ဝတ်စုံ ဝတ်ဆင်၍ နပိုလီယံစစ်သူကြီးများ ဝါရင့်စစ်သည်များက အော့နလုံးနာလာကြ၏။ ဆို့လ်တ် စစ်ဝန်ကြီးဖြစ်လာသောအခါ သူနှင့် တိုက်ဖော်တိုက်ဖက် ရဲဘော်ကြီးများကို ပါရီတွင် မထားဘဲ နယ်ပို့ပစ်၍ ဘိုဘွန်ဘုရင်များ ကာကွယ်ရာတွင် ဒဏ်ရာရခဲ့သူများအား ပင်စင်ပေးနိုင်ရန် ဆို့လ်တ်က အမိန့်သစ်များ ထုတ်ပေး၏။ ဤကဲ့သို့ ပြည်သူအားလုံး တစ်အုံနွေးနွေး မကျေမနပ်ဖြစ်နေသောအခါ သွေ့ခြောက်နေသော ယမ်းပုံကြီးနှင့်တူပြီး မီးပွားလေးတစ်စ ကျလိုက်လျှင်ပင် အရှိန်အဟုန်ပြင်းစွာ ထပေါက်တော့မည် ဖြစ်လေသည်။ ယခုလည်း အလားတူ မီးပွားလေး တွေ့ရပါပြီ။ ငယ်သားများ ချစ်ခင်လေးစားသည့် မြင်းတပ်ဗိုလ်ချုပ် အိတ်ဆယ်မင်[၆]ဆိုသူက ပါရီမှ နယ်သို့ ပြောင်းရွှေ့ပစ်သည့် ဆို့လ်တ်အမိန့်ကို အာဏာဖီဆန်ပြီး

---

၁။ Household Corps Of Louis
၂။ Imperial Guard
၃။ Royal Grenadiers
၄။ Legion Of Honour
၅။ Duke Of Angouleme
၆။ Gen Excelmans

ပါရီမှ နယ်သို့မသွားဘဲ နေလိုက်၏။ ဆို့လ်တ်က အိတ်ဆယ်မဲင်အား ခုံရုံးတင် စစ်ဆေး၍ အိတ်ဆယ်မဲင်း နေ့ချင်းညချင်း လူကြိုက်များလှသည့် သူရဲကောင်း တစ်ဦး ဖြစ်လာခဲ့ချေသည်။ ၁၈၁၅ ခုနှစ် ဇန်နဝါရီလ ၂၅ ရက်နေ့တွင် စစ်ခုံရုံး အိတ်ဆဲယ်မဲင်အား အပြစ်မရှိဟုဆိုကာ တရားသေလွှတ်ပစ်လိုက်လေသည်။ ခုံရုံး ဆုံးဖြတ်ချက်ကို ပြင်သစ်တစ်နိုင်ငံလုံးက အုံးအုံးကျွက်ကျွက် ထောက်ခံကြ၏။ ဤကဲ့သို့ တစ်နိုင်ငံလုံး ဘိုဘွန်ဘုရင်များနှင့် သူတို့အပေါင်းပါတို့ကို ရွံမုန်းနေ ကြစဉ် ၁၈၁၅ ခုနှစ် မတ်လ ၁ ရက်နေ့တွင် နပိုလီယံသည် အယ်ဘာမှ လွတ်မြောက်လာကာ ကိန်းစ်[၁] တွင် ကမ်းတက်ခဲ့လေသည်။

## အခန်း (၁၈)

# သိန်းငှက်ကြီး နော်တာဒိန်းသို့ ရောက်လာလေပြီ

# THE EAGLE FLIES TO NOTRE DAME

ကိန်းစ်တွင် နပိုလီယံကမ်းတက်သည့် သတင်းကြားရသည့် စစ်သူကြီးများ အကြီးအကျယ် စိတ်ပျက်ကြရလေသည်။ မာမွန့်နှင့် ဆိုလ်တ်တို့မှာ ရာထူးအငန်းဆုံးသူများဖြစ်ရကား သူတို့နှစ်ဦးမှာ အတုန်လှုပ်ဆုံးဖြစ်တော့၏။ တစ်တိုင်းပြည်လုံး ဘိုဘွန်ဘုရင်များကို စိတ်ပျက်နေကြသည်ကို စစ်သူကြီးများလည်း သိပါသည်။ ဘိုဘွန်ဘုရင်များ မည်မျှအသုံးမကျ လူကြိုက်နည်းစေကာမူ ငြိမ်းချမ်းရေး ရရှိနေ၏။ နှစ်ပေါင်း ၂၀ ကျော် ဆက်တိုက် စစ်တိုက်လာရသည့် ပြင်သစ်နိုင်ငံအနေနှင့် အလိုအပ်ဆုံးအခြေအနေမှာ ငြိမ်းချမ်းရေးဖြစ်လေသည်။ အလားတူပင် စစ်သူကြီးများသည်လည်း အေးအေးလူလူ နေလိုကြပြီ။ ဤကိစ္စတွင် ခြွင်းချက်မရှိပါ။ စစ်သူကြီးအားလုံး စစ်ကို ငြီးငွေ့နေကြပြီ။ ဒိုးမှလွဲ၍ စစ်သူကြီးအားလုံး ဘိုဘွန်ဘုရင်ပေးသည့် ရာထူးများနှင့် အေးအေးလူလူ နပ်နေနိုင်ကြသည်မဟုတ်လော။ အားလုံးပင် (ဒိုးမှလွဲ၍) ရာထူးပြုတ်မည်ကို စိုးရိမ်နေကြ၏။ သို့သော် စစ်အကျိအစိမ်းနှင့် စစ်မှော်ဝိဇ္ဇာ (နပိုလီယံ)၏ တန်ခိုးအရှိန်အဝါကလည်း အကြီးသား။ သူစစ်တိုက်လျှင် အောင်ပွဲရဦးမည်မုချ။ သူအောင်ပွဲရစဥ် သူ့နံဘေးတွင် စစ်သူကြီးများ ရှိနေလိုကြ၏။ သူတို့ အောင်ပွဲတွင် မပါလိုက်ရမှာတော့ အစိုးသား။ ထို့ပြင် လူထုကပါ နပိုလီယံကို လိုလားထောက်ခံကြသော် ယင်းအခြေ

အနေတွင် နပိုလီယံကို ခံတိုက်မိသော ပြည်တွင်းစစ် ဖြစ်တော့မည်။ ပြည်တွင်းစစ်ကိုတော့ အဖြစ်မခံနိုင်။ ပြည်တွင်းစစ်ဖြစ်အောင်လုပ်သူသည် အကြီးကျယ်ဆုံး ပြစ်မှုကျူးလွန်သူပင် မဟုတ်လော။ ထို့ကြောင့် စစ်သူကြီးများ တွေဝေကုန်၏။ **နပိုလီယံကို ခံတိုက်ရမည်လော၊ သူနှင့်ပူးပေါင်းရမည်လော၊ ယတိပြတ်ဆုံးဖြတ်ရန် အလွန်ခက်ခဲသည့် ပြဿနာတည်း။** မာဆေးနား ပထမဆုံး ဆုံးဖြတ်ရလိမ့်မည်။ ကိန်းစ်မှာ သူအုပ်ချုပ်ရသည့် စစ်နယ်မြေ(ဒိစတြိတ်)တွင် ပါဝင်၏။ မာဆေးနားသည် မြန်မြန်ဆုံးဖြတ်တတ်သူဖြစ်၏။ တွေဝေနေ၍မဖြစ်။ ထို့ကြောင့် နပိုလီယံကို ခံတိုက်ရန် တပ်အချို့ ကိန်းစ်ဆီသို့စေလွှတ်လိုက်ပြီး မြို့စားကြီး အင်ဂိုလမ်ထံသို့ ကျည်ဆန်သေတ္တာအချို့ ပို့ပေးထားလိုက်၏။

ယခုအထိ မာဆေးနားလုပ်သည်မှာ ဘာမှဝေဖန်ရန်မလို။ လုပ်သင့် လုပ်ထိုက်သည်ကို လုပ်ဆောင်ခြင်းသာဖြစ်၏။ သို့သော် မကြာမီ နပိုလီယံ၏ဗိုလ်ချုပ်ဂရောက်ချိက မြို့စားကြီး အင်ဂိုလမ်ကို ဖမ်းမိပြီး ပြင်သစ်မှ ပြည်နှင်ဒဏ်ပေးလိုက်သည့်သတင်း မာဆေးနားကြားသိရလေပြီ။ မာဆေးနား ဘာဆက်လုပ်မည်နည်း။ နောက်တစ်ဆင့် မာဆေးနားလုပ်နိုင်သည်မှာ စစ်မှုမထမ်းမနေရ စစ်သည်များဆင့်ခေါ်လိုက်၍ အပျော်တမ်းတပ်ရင်းတစ်ရင်းကို လက်နက်ကျည်ဆန်ထုတ်ပေးပြီး နပိုလီယံအား တိုက်ခိုက်စေရန် ဖြစ်လေသည်။ သို့သော် အပျော်တမ်းတပ်ရင်းတစ်ရင်းသည် စစ်ဘုရင်နပိုလီယံကို ဘာများတတ်နိုင်မည်နည်း။ ယခုအထိ မိမိလုပ်ဆောင်သမျှမှာ နပိုလီယံကို မည်သို့မျှ မထိခိုက်နိုင်ဟု အသေအချာသိရှိပြီး မာဆေးနားသည် မာဆေးမြို့တော်တွင် ပြန်နေလိုက်၏။ နပိုလီယံ နော်တာဒိန်းသို့ ဆိုက်ရောက်လာပြီ။ မာဆေးနား တစ်ခုခုလုပ်ဖို့လိုပြီ။ သူ့သားကို လူဝီဘုရင်ထံစေလွှတ်ပြီး လူဝီဘုရင်နှင့် နားလည်မှုယူလိုက်၏။ မကြာမီ မာဆေးနား စစ်နယ်မြေတစ်ခုလုံး နပိုလီယံ၏ သုံးရောင်ခြယ်အလံများ တလူလူလွှင့်နေလေပြီ။ ထို့နောက် ဘုရင့်ဘက်တော်သား အရာရှိအားလုံးကို ရာထူးဖြုတ်ပစ်လိုက်၍ မာဆေးနား ပါရီသို့ ထွက်ခွာလာလေသည်။ သူ အသက်ကြီးပါပြီ။ ကျန်းမာရေးလည်းမကောင်း၍ စစ်မှုဆက်မထမ်းနိုင်တော့ကြောင့် လူဝီဘုရင်ထံ တင်ပြလိုက်လေသည်။ နောက်ဆုံးဖြတ်ရမည့်သူမှာ စစ်သူကြီး နေး၊ ဘုရင့်ဂရင်နေဒီယားတပ်မှူးကြီး နေး။ ဒီသတ္တဝါကို သံလှောင်အိမ်နှင့်ထည့်ပြီး ပါရီကို ယူဆောင်လာမည်ဟု ကြုံးဝါးကာ နေး နပိုလီယံနှင့် ရင်ဆိုင်ရန် တောင်ဘက်သို့ ထွက်ခွာလာခဲ့၏။ မက်ဒေါ်နယ်လည်း တစ်ခုခု လုပ်ရတော့မည်။ သူသည်လည်း ဘိုဘွန်ဘုရင်များဘက်မှ နပိုလီယံအား ခုခံတိုက်ခိုက်ရန် ဆုံးဖြတ်လိုက်ပြီး ပြင်သစ် ဒုတိယမြို့တော် လျိုင်ယွန်[၁] သို့ ထွက်ခွာလာခဲ့၏။

---

၁။ Lyons

လှိုင်ယွန်ခံစစ်များ ပြုပြင်ပြီး နပိုလီယံကို ခံတိုက်ရမည်။ သို့သော် တပ်သားများက ရှိသေး၏။ စစ်တိုက်တယ်ဆိုတာ တပ်သားများက တိုက်ရသည် မဟုတ်လော။ စစ်ဗိုလ်များ ဗိုလ်ချုပ်များချည်း စစ်တိုက်၍ရသည်မဟုတ်။ ထို့ကြောင့် စစ်သူကြီး မက်ဒေါ်နယ် သူ့စစ်သည်များကို မိန့်ခွန်းချွေရ၏။ သူ့မိန့်ခွန်းပေးအပြီး "ဘုရင် သက်တော်ရာကျော်ရှည်ပါစေ"ဟု တိုင်ပေးလိုက်သောအခါ မည်သူကမျှ လိုက်ဆိုခြင်းမရှိ။ အားလုံး ငြိမ်ချက်သားကောင်းနေကြ၏။ ဘုရင်တို့ဘုန်း မိုးသို့ချွန်းဆိုသည်မှာ နပိုလီယံလို ဘုရင်မျိုးအတွက် ဖြစ်မည်ထင်သည်။ သူ့သတင်းကြားလိုက်ရသည့် စစ်သည်များအတွက် မိုးချွန်းသလို ဖိမ့်ဖိမ့်တုန်သွားရမည်။ ဤကဲ့သို့ မက်ဒေါ်နယ် အခက်ကြုံနေစဉ် မြင်းစီးဆက်သားတစ်ဦး အမောတကော မက်ဒေါ်နယ်ထံ ရောက်လာ၏။ "နပိုလီယံ ရှေ့ပြေးတပ်တွေ ဂီလိုတီယာ[၁]ဆင်ခြေဖုံးကို ရောက်လာပြီ"တဲ့ "တို့တပ်တွေက ခံတိုက်ထုတ်လိုက်တယ်မဟုတ်လား" မက်ဒေါ်နယ်က မေးလိုက်၏။ "ဟင့်အင်း သူတို့တွေ အတူတူထိုင်ပြီး အရက်သောက်နေကြလေရဲ့" ဤသတင်းကို ကြားလိုက်ရသည့်အခါ ဘိုဘွန်ဘုရင်ခန့် မင်းညီမင်းသား စစ်ဗိုလ်လေးများသည် မျက်နှာဖြူဖပ်ဖြူရော် ဖြစ်ကုန်၏။ သူတို့စစ်ထဲဝင်သည်မှာ စစ်တိုက်ရန်မဟုတ်။ ယူနီဖောင်းလှလှဝတ်ဆင်ပြီး အရက်လေးတမြမြနှင့် ဇယ်များနှင့် တွဲခုတ်ရန်သာ စစ်ထဲဝင်လာခြင်းဖြစ်၏။ ထို့ကြောင့် မက်ဒေါ်နယ်နှင့် စစ်သည်များကို သည်အတိုင်းထားခဲ့ကာ စစ်ဗိုလ်လေးများ ပါရီသို့ တစ်ချိုးတည်း ပြန်လစ်လာခဲ့ကြ၏။ သူတို့ကို တပ်ပြေးအဖြစ် မည်သူကမျှ စစ်လားဆေးလား ခုံရုံးတင်လး ပြုလုပ်ခြင်းမရှိချေ။ မက်ဒေါ်နယ်က အနည်းငယ် အခြေအနေစောင့်ကြည့်ပြီး မဟန်သည်နှင့် သူလည်း နောက်ကြောင်းပြန်လစ်လာခဲ့၏။

ညဂျရိုးက မီးစင်ကြည့် ကတတ်သူဖြစ်၏။ မကြာသေးခင်ကလေးကမှ ဘိုဘွန်ဘုရင့်သစ္စာတော်ခံစစ်သူကြီး ညဂျရိုးသည် ယခု သူ့တပ်များအား ဤသို့ အမိန့်ကြေညာစာ ထုတ်ပြန်လိုက်လေသည်။ "ကေရာဇ်ဘုရင် နပိုလီယံ၏ အခွင့်အရေးများ ပိုင်ခွင့်များကို မည်သူကမှ ချိုးဖျက်မပစ်နိုင်။ ကျွန်ုပ်တို့အတွက် ယင်းပိုင်ခွင့်များသည် ထိပ်တန်းတင်ထားရမည့်အရာများတည်း။ ယင်းတို့သည် ကျွန်ုပ်တို့အတွက် ယခုအချိန်အခါတွင် တန်ဖိုးအရှိဆုံးအရာများတည်း" ဤကြေညာချက်ထုတ်ပြန်ပြီး ညဂျရိုးသည် နပိုလီယံနှင့် ဘာမျှမဖြစ်ခဲ့သလို သူ့တောနယ်က အိမ်ပြန်ကာ အပန်းဖြေနေလေသည်။ စိန့်စီယာက အော်လင်းတွင် ဘိုဘွန်ဘုရင်အလံတော် လွှင့်ထူထားသူဖြစ်၏။ သူလွှင့်တင်ထားသည့်အလံကို

[၁] Guillotiers

စစ်သည်များက ဆွဲချလိုက်ကာ နပိုလီယံ၏ သုံးရောင်ခြယ်အလံကို လွှင့်ထူလိုက်ကြလေသည်။ စိန့်စီယာ ဘယ်အချိန်က လစ်ပြေးလိုက်သည် မည်သူမျှမသိလိုက်ကြရ။ ကြက်ပျောက်ငှက်ပျောက် ပျောက်သွားလေပြီ။ ပါရီတွင် ငြိမ်ချက်သားကောင်းနေ၏။ ဘုရင့်ဆွေတော်မျိုးတော် မင်းသားငယ်များ လိုင်ယွန်မှ နပိုလီယံကို ခံတိုက်ကြမည်မဟုတ်လော။ သူတို့ကို စစ်သူကြီး မက်ဒေါ်နယ်ကိုယ်တိုင် ဦးဆောင်နေသည်မဟုတ်လော။ ထို့ပြင် စစ်သူကြီး နေးကိုယ်တိုင် နပိုလီယံကို ဖမ်းဆီးပြီး သံလှောင်အိမ်နှင့် ထည့်လာခဲ့မည်ဟု ကြုံးဝါးကာ စစ်ထွက်သွားပြီမဟုတ်လော။ ရဲဘော်များ ကျေနပ်သွားရန် သူတို့ရရန်ရှိသည့် လစာကြွေးများ ထုတ်ပေးတော့မည်ဖြစ်ကြောင်း ဘိုဘွန်များက အမိန့်ထုတ်ပေး၏။ စစ်ဝန်ကြီးဆိုလ်တ်အား ရာထူးမှ ချထားလိုက်ပြီး စစ်သူကြီးဆိုလ်တ်ကို ဘိုဘွန်များ မယုံတော့။ လိုင်ယွန်မှ သတင်းများ ပါရီသူပါရီသားတို့ ကြားရပါပြီ။ သည့်ထက်ဆိုးသည့်သတင်းများ ကြားရဦးမည်။ မော်စကိုမင်းသားကြီး နေးသည် လွန်လီဆော်နီးယား[၁] ရှိ ရွှေပန်းသီးစားသောက်ဆိုင်[၂]သို့ ရောက်လာ၏။ ထိုညက စစ်သူကြီး နေး အခန်းထဲသို့ ရုပ်ဖျက်ထားသော ဧည့်သည်နှစ်ဦး ဝင်လာကြ၏။

ဘုရင့်သက်တော်စောင့်တပ်ဖွဲ့မှ အရာရှိကြီးနှစ်ဦး ဖြစ်လေသည်။ နပိုလီယံပေးလိုက်သည့်စာကို စစ်သူကြီးနေးအား ပေးခြင်းဖြစ်၏။ စာမှာ အောက်ပါအတိုင်းဖြစ်လေသည်။ "ငါ့ကို ရှလွန်[၃]မှာ လာတွေ့ပါ။ မင်းကို ငါ မော်စကိုမှာတုန်းက ကြိုဆိုသလို ကြိုဆိုနေပါမည်" အောက်တွင် လက်မှတ်ထိုးသည့်နေရာ၌ အဲင် (N) တစ်လုံးတည်းသာ ရေးထား၏။ နေး တစ်ညလုံး အိပ်လို့မပျော်တော့။ ပြင်သစ်နိုင်ငံတော် သစ္စာတော်၊ လူဝီဘုရင့်သစ္စာတော်၊ ဧကရာဇ်ဘုရင် နပိုလီယံသစ္စာတော် ဘယ်သင်းက ပိုအရေးကြီးသနည်း။ ယင်းအဖြစ်အပျက်ကို နေးက နောက်ပိုင်းတွင် ဤသို့ပြန်ပြောခဲ့၏။ "ကျွန်တော် မုန်တိုင်းအလယ်မှာ ရောက်နေသလိုပါပဲ။ ဘာမှ သဲသဲကွဲကွဲ စဉ်းစားမရတော့ဘူး" ညတွင်းချင်း ကြေညာချက်တစ်စောင် ရေးသားပြီး နံနက်လင်းသောအခါ သူ့လူ ၃၀၀၀ ကို တန်းစီစေကာ သူရေးထားသော ကြေညာချက်ကို စစ်သူကြီးနေး ဖတ်ပြတော့၏။ သူ ပထမစာကြောင်းသာ ဖတ်လိုက်ရပါသည်။ လူ ၃၀၀၀ က ပွက်လောရိုက်အောင် ဝိုင်းပြီးကောင်းချီးပေးလိုက်သဖြင့် နောက်စာကြောင်းများ ဖတ်ကို မဖတ်လိုက်ရတော့ချေ။ နေးဖတ်လိုက်သည့် ပထမစာကြောင်းက ဤသို့ဖြစ်၏။ "ဘိုဘွန်ဘုရင်များ၏အခန်း ပြီးဆုံးလေပြီ။ နောင်လည်း ဘယ်တော့မှ သူတို့ပြန်လာတော့

၁။ Lons-le-Saulnier

၂။ Inn of the Golden Apple

၃။ Chalons

မည်မဟုတ်" ရဲဘော်များက ဟစ်ကြွေးလိုက်သည်။ "ကေရာဇ်ဘုရင် သက်တော်ရာကျော်ရှည်ပါစေ"ဟူသည့် ကြွေးကြော်သံသည် အထက်ဘဝဂ်တိုင်အောင် ပဲ့တင်ခတ်သွားလေသတည်း။ ထိုညက စစ်သူကြီး နေးက ညစာစားပွဲကျင်းပပေး၏။ သူကိုယ်တိုင်ကမူ အရိုးစုရုပ်ကြီးပမာ ငူငူကြီးထိုင်နေသည်ကို တွေ့ကြရ၏။ မတ်လ ၁၄ ရက်နေ့တွင် စစ်သူကြီး နေး နပိုလီယံနှင့် ပူးပေါင်းလိုက်လေသည်။

ပါရီ အကြီးအကျယ်တုန်လှုပ်ရပြီ။ ဘိုဘွန်ဘုရင်များအပေါ် ယုံကြည်စိတ်ချနေမှုများသည် ဘိုဘွန်စစ်ဗိုလ်စစ်သားများနည်းတူ နေလာနင်းပျောက်ကွယ်သွားကြလေပြီ။ မတ်လ ၁၆ ရက်နေ့၌ လူဝီဘုရင်က သူ့အထက်နှင့် အောက်လွှတ်တော် အမတ်များအား ဤသို့မေးခဲ့၏။ "ကိုယ့်တိုင်းပြည် ကိုယ့်လူမျိုး ကာကွယ်ရင်း သေရတာ ထက်မြက်တဲ့သေခြင်းမျိုး ရှိပါသေးသလား၊ အမတ်မင်းတို့" "ကျွန်တော်မျိုးတို့အားလုံး တိုင်းပြည်ကို အသက်စွန့်ကာကွယ်ကြပါမယ်"ဟု အမတ်များက အော်ဟစ်အဖြေပေးကြလေသည်။ မတ်လ ၁၉ ရက်နေ့တွင်ကား လူဝီဘုရင် ဆွေးတော်မျိုးတော်များ နန်းတော်စောင့်တပ်၊ ကိုယ်ရံတော်တပ်၊ အထက်၊ အောက်လွှတ်တော် အမတ်အားလုံး ပါရီမှ လွတ်ရာကျွတ်ရာသို့ ထွက်ပြေးကြလေသည်။ သူတို့နောက်က ထက်ကြပ်လိုက်သူကား (ဆိုင်ပ်ပ်အမိန့်ကို အာဏာဖီဆန်ပြီး ပါရမိမှမထွက်ဘဲနေခဲ့သူ) ဗိုလ်ချုပ် အိတ်ဆယ်မဲင်းဖြစ်ပေသည်။ ဘုရင်နှင့်အတူ မာမွန့်ပါသွား၏။ သူ့ငယ်သူငယ်ချင်းမျက်နှာကို မော်မကြည့်ဝံ့တော့သည့် မာမွန့်။ အလားတူပင် မော်စီယာ၊ မက်ဒေါ်နယ်နှင့် ဘာသီယာတို့လည်း လူဝီနောက်တော်ပါးက တစ်ဖဝါးမကွာ လိုက်ပါသွားကြလေသည်။ မက်ဒေါ်နယ်က သူရယ်ချင်မိလျှင် အော်ကြီးဟစ်ကျယ် ရယ်တတ်၏။ ယခုလည်း သူတို့အဖြစ်ကို တကယ့်ဟာသဟုယူဆပြီး အော်ဟစ်ရယ်မောနေ၍ လူဝီဘုရင်နှင့် ဆွေတော်မျိုးတော်များ အနေခက်ပုံကို မျက်မြင်တစ်ဦးက ရေးသားခဲ့လေသည်။ လိလ်[၁]တွင် လူဝီနှင့်အဖွဲ့ ခေတ္တရပ်နားကြ၍ စစ်သူကြီးများက စစ်ကောင်စီအစည်းအဝေးထိုင်ကြ၏။ ဘယ်ဂျီယံနယ်ခြားရောက်သောအခါ ခေတ္တရပ်နားကြပြန်၏။ မက်ဒေါ်နယ်နှင့် မော်တီယာက လူဝီဘုရင်အပေါ် သူတို့တာဝန်ကျေပြီဟု ဆုံးဖြတ်လိုက်ကြလေသည်။ ဘုရင်ကို လွတ်ရာကျွတ်ရာ ပို့ပေးပြီးပြီ။ ယခု သူတို့ ပြင်သစ်နိုင်ငံတာဝန် ထမ်းဆောင်ကြရဦးမည်။ ထို့ကြောင့် မက်ဒေါ်နယ်နှင့် မော်တီယာ ပါရီပြန်ပြီး မော်တီယာက နပိုလီယံအမှုတော် ထမ်းဆောင်၏။ ထို့ကြောင့် မော်တီယာက အင်ပိုင်ယာစစ်သူကြီး ပြန်ဖြစ်လာပြီး မက်ဒေါ်နယ်ကတော့ အေးချမ်းစွာ အနားယူလိုက်ပေပြီ။ ဘာသီယာက ဘုရင့်သက်တော်

---

၁။ Lilace



စောင့်တာဝန်ယူထားရ၍ ဂင့်[၁]အထိ လိုက်ပါခဲ့ရ၏။ ဂင့်မှ ဘင်ဘဂ်[၂]သို့သွားကာ သူ့မိသားစုခေါ်ပြီး ပြင်သစ်ပြည် ပြန်လာရန် စီစဉ်ထားလေသည်။ သို့သော် ဘာသီယာ ပါရီသို့ ပြန်ရောက်မလာတော့ချေ။ မာမွန့်က ဂင့်တွင် အနည်းငယ် ဆက်နေသေး၏။ ဂင့်တွင် အင်္ဂလိပ် မြင်းဆွဲအမြောက်တပ်ကို စစ်ဆေးခဲ့ပြီး ယင်းတပ်တွင် ဆလာမင်ကာတိုက်ပွဲ၌ သူ(မာမွန့်) ဒဏ်ရာရအောင် ပစ်ခတ်ခဲ့ သည့် အမြောက်တပ် တပ်ကြပ်ကို တွေ့ခဲ့ရသေး၏။ တပ်ကြပ်ကို အလွယ်တကူ ရှာဖွေတွေ့ရသည်မှာ မာမွန့်ဒဏ်ရာရစေသည့် အမြောက်ကျည်ဆန်မှာ ဆလာ မင်ကာတိုက်ပွဲကြီး မစတင်မီ ပြင်သစ်စစ်ဦးစီးအဖွဲ့ကို မှန်းပြီး အင်္ဂလိပ်အမြောက် တပ်က ပစ်ခတ်လိုက်သော တစ်ခုတည်းသော အမြောက်ကျည်ဆန်ဖြစ်၍ ဤကဲ့သို့ ပစ်ခတ်သူကို ရှာဖွေရလွယ်ကူခြင်းဖြစ်လေသည်။ မာမွန့်ကိုယ်တိုင်က အမြောက် ပါရဂူတစ်ဦးဖြစ်ရာ အင်္ဂလိပ်အမြောက်များ တည်ဆောက်ပုံကို အထူးသဘောကျ နေ၏။ တည်ဆောက်ပုံ ရှင်းလင်းလွယ်ကူလှသည်ဆို၏။ နောက်ပိုင်းတွင် အလား တူ အမြောက်ပုံစံမျိုးကို ပြင်သစ်အမြောက်တပ်များတွင် အသုံးပြုခဲ့ကြလေသည်။ ဂင့်မှ မာမွန့်သည် အိတ်စ်လာချေပဲလ်[၃]သို့ သွားရောက်အနားယူခဲ့လေသည်။ ဗစ်တာနှင့် ပဲရစ်နွမ်တို့နှစ်ဦးစလုံး ပြင်သစ်ဘုရင် လူဝီ အမှုတော်ဆက်လက်ထမ်း ဆောင်ခဲ့ကြလေသည်။ မတ်လ ၁၉ ရက်နေ့တွင် နပိုလီယံ ကျူလဲရီနန်းတော်သို့ ရောက်လာပါပြီ။ နောက်ဆုံးနှုတ်ဆက်ပွဲကြီး စတင်ပါတော့မည်။ အင်ပိုင်ယာ စစ်သူကြီး ၂၅ ဦးအနက် မာမွန့်၊ ဗစ်တာ၊ မက်ဒေါ်နယ်၊ ပဲရစ်နွန်၊ စိန့်စီယာ တို့က ဘိုဘွန်ဘုရင် လူဝီ သစ္စာတော်ကို စောင့်သိရိုသေမည်ဖြစ်ကြောင်း ကြေ ညာခဲ့ကြ၏။

ဩဂျရိုးနှင့် ဘာသီယာတို့က အနားယူခဲ့လေပြီ။ ဘာနာဒုတ်က ဆွီဒင် တွင် ရှိ၍ မြူရတ်က နေပေါလ်စ်တွင် ရှိလေသည်။ လိန်းစ်၊ ဘက်ဆီယာနှင့် ပိုနီယားတိုးစကီးတို့ တိုက်ပွဲတွင် ကျဆုံးခဲ့ကြရပြီ။ ဂျော်ဒန်က ဧကရာဇ်ဘုရင် နပိုလီယံထံ ပြန်အခစားဝင်၍ ဘီဆန်ကုံ[၄]ဘုရင်ခံအဖြစ် ခန့်အပ်ခြင်းခံခဲ့ရ၏။ မွန်ဆေး၊ စီရုရား၊ လဖေးဗားတို့က အိုမင်းမစွမ်းဖြစ်ကုန်ကြ၍ အမှုတော် ဆက် လက်မထမ်းဆောင်နိုင်တော့။ ဘရွန်းသည်လည်း အိုနေပြီ။ သို့သော် အတွေ့ အကြုံရှိပြီး အရာရှိကြီးများ ရှားပါးနေပြီဖြစ်၍ ဘရွန်းအား နပိုလီယံက ဗားတပ် တော်မှူး[၅]အဖြစ် ခန့်ထားခဲ့၏။ မာဆေးနားက သူမမာပါဟု အကြောင်းပြ၍

---

၁။ Ghent
၂။ Bamberg
၃။ Aix La Chapelle
၄။ Besancon
၅။ Army of the Var

အသာလျှိုနေ၏။ အော်ဒီနော့က လော်ရိန်းရှိ သူ့နေအိမ်တွင် အနားယူနေ၍ သူ ဘယ်ဘက်ကပါလာမည် မည်သူမျှ မသိကြရချေ။ ဆို့လ်တ်ကို ဘိုဘွန်ဘုရင်က ရာထူးမှဖြုတ်ပစ်ပြီးဖြစ်၍ ယခု စစ်သူကြီး ဆို့လ်တ် နပိုလီယံဘက်တော်သားဖြစ်လာပြန်ပြီ။ ဆူရှေးက နပိုလီယံဘက် အတိအလင်း ကြေညာဝင်ရောက်၍ တပ်မကြီးမှူး ဖြစ်လာ၏။ မတ်လ ၂၅ ရက်နေ့ နံနက် ၉ နာရီအချိန်တွင် ရထားတစ်စင်း ကျူလဲရီနန်းတော်သို့ဝင်လာသောအခါ ပရိလူထုကြီးက နန်းတော်ရှေ့မှနေ၍ တစ်ခဲနက် ချီးကျူးသြဘာပေးကြ၏။ ရထားစီးလာသူကား စစ်သူကြီးများအနက် ဘိုဘွန်ဘုရင်ကို လုံးဝအခစားမဝင်ခဲ့ဘဲ* ဘိုဘွန်ကျေးဇူးသစ္စာလုံးဝမခံခဲ့သူ စစ်သူကြီးဒဗိုးဖြစ်လေသည်။ ဤကဲ့သို့ ပြတ်ပြတ်သားသား ဘိုဘွန်ဘုရင်များကို မခစားခဲ့သူ စစ်သူကြီးဆို၍ သူတစ်ဦးတည်းသာ ရှိလေသည်။ နပိုလီယံက ဒဗိုးအား ဖက်လှဲတကင်းကြိုဆိုခဲ့၏။ ၁၈၁၂ ခုနှစ် ဒီဇင်ဘာလ ၅ ရက်နေ့က ရုရှနိုင်ငံ စမော်ဂေါနီရွာငယ်မှ နပိုလီယံ စွတ်ဖားရထားဖြင့် အနောက်ဘက်သို့ ပြန်လည်တပ်ခေါက်လာသည်မှ ယခု ပထမဆုံးအကြိမ် နပိုလီယံ စစ်သူကြီးဒဗိုးနှင့် ပြန်လည်တွေ့ဆုံရခြင်း ဖြစ်လေသည်။ နပိုလီယံက ဒဗိုးအား စစ်ဝန်ကြီးရာထူးယူရန် တိုက်တွန်း၏။ ဒဗိုးက မလုပ်ပါရစေနှင့် တောင်းပန်လေသည်။ နပိုလီယံက ဒဗိုးနားနားကပ်၍ တိုးတိုးဤသို့ပြော၏။

"ဒဗိုး နားထောင်စမ်း။ အခု ငါဟာ ဩစတြီးယား ဧကရာဇ်ဘုရင် သဘောတူညီချက်နဲ့ ပါရီကို ပြန်လာတာလို့ လူတွေက ထင်နေကြတယ်။ ဘုရင့်သမီးတော်နဲ့ ငါ့သားဟာ ငါနဲ့ပူးပေါင်းဖို့ ဩစတြီးယားက ပြင်သစ်ကို လာနေကြပြီလို့ လူတွေက ပြောနေကြတယ်။ ဒီသတင်းတွေအားလုံးမှားတယ်။ တစ်ခုမှမဟုတ်ဘူး။ အခု ငါတစ်ယောက်တည်းပဲ။ ဥရောပတစ်တိုက်လုံးကို ငါရင်ဆိုင်ရမှာ၊ မင်း ငါ့ကို ပစ်ထားတော့မှာလား" "ကျွန်တော် စစ်ဝန်ကြီးရာထူးကို လက်ခံပါပြီ"ဟု ဒဗိုးက မဆိုင်းမတွ ပြောလိုက်၏။ သို့သော် ဧကရာဇ်ဘုရင် နပိုလီယံ သူတစ်ဦးတည်းမဟုတ်ပါ။ သူတစ်ဦးတည်းဖြစ်ပါက ပိုကောင်းဦးမည်။ သူ့တွင် မဟာမိတ်တစ်ဦးတည်းရှိပြီး ယင်းမဟာမိတ်က နပိုလီယံကို ဆွဲချတော့မည် ဖြစ်လေသည်။ နပိုလီယံအတွက် မျှော်လင့်ချက်ရောင်ခြည်တန်းလေး ရှိသေးသည် ဆိုနိုင်၏။ ပြင်သစ်စစ်ပန်းနေပြီဖြစ်သလို ဥရောပလည်း စစ်ပန်းနေပြီ။ ထို့ကြောင့် နပိုလီယံသူ့ဘာသာ ပြင်သစ်နိုင်ငံတွင် အေးအေးဆေးဆေးနေပါက သူ့ထီးနန်းသူ အုပ်ချုပ်သွားရုံသာဖြစ်၏။ ယခု ယင်းမျှော်လင့်ချက်ရောင်ခြည်တန်းလေး နပိုလီယံ၏ တစ်ဦးတည်းသော မဟာမိတ်ကြောင့် ကွယ်ပျောက်သွားရလေပြီ။ နေပေါလီစ်ဘုရင် ယာအိုချင်မြူရတ်က မဟာမိတ်များကို စွန့်ပစ်ကာ နပိုလီယံနှင့် ပူးပေါင်းကြောင်း ကြေညာလိုက်သည်နှင့် ယင်းမျှော်လင့်ချက်ရောင်ခြည် ကွယ်ပျောက်ခဲ့

ရခြင်းဖြစ်တော့၏။ နပိုလီယံ ကိန်းစ်တွင် ကမ်းတက်ကြောင်းကြားသိရသည်နှင့် တစ်ပြိုင်နက် မြူရတ်သည် အခြား ဘာသတင်းမှစောင့်နားထောင်မနေတော့ဘဲ ပုပ်ရဟန်းမင်းကြီးပိုင် နယ်မြေများကို သိမ်းပိုက်လိုက်ပြီး ရောမမြို့တော်၊ ဖလော်ရင့်စ်နှင့် ဘိုလွန်နာကိုပါ သိမ်းပိုက်ပြီး ပိုးမြစ်သို့ မြူရတ်တပ်များ ရောက်နေလေပြီ။ သို့သော် မြူရတ်ဦးဆောင်သည့် တပ်များမှာ တပ်တော်မဟာ မြင်းတပ်ကြီးမဟုတ်ပါ။ နေပေါလီစ်တပ်များသာဖြစ်၏။ "သူတို့ကို အပြာ၊ အနီ၊ အစိမ်း ဝတ်ချင်တဲ့ယူနီဖောင်းဝတ်ပေး၊ နောက်ဆုံးတော့ ထွက်ပြေးကြမှာပဲ"ဟု သူတို့ နေပေါလီစ်ဘုရင်ကြီးက ပြောယူရသောသူများဖြစ်လေသည်။ မြူရတ်နှင့် ဩစတြီးယားတပ်တို့ ပိုးမြစ်ကြောင်းတွင် တွေ့ဆုံကြရာ မြူရတ်လူများ ထွက်ပြေးကြ၏။ ကမ္ဘာပေါ်တွင် အထင်ရှားဆုံးမြင်းတပ်ဗိုလ်ချုပ်ကြီး မြူရတ်ပါ မြစ်ကြောင်းမှ သင်္ဘောနှင့် လစ်ခဲ့ရ၏။ ထိုလုံတွင် မြူရတ်ရောက်လာသောအခါ သူ့အိတ်ကပ်ထဲတွင် ပိုက်ဆံတစ်ပြားမှမရှိချေ။ မြူရတ် မွေးခဲ့သောမီးကြောင့် နပိုလီယံ မဟာမိတ်များနှင့် တိုက်ရတော့မည်မှာ သေချာနေပြီ။ ထို့ကြောင့် စစ်ဝန်ကြီး ဒဗိုး စစ်တပ်တစ်ခု ထူထောင်ရမည်။ လူတွေစုဆောင်းရမည်။ လက်နက်တပ်ဆင် လေ့ကျင့်ပေးရမည်။ ဒဗိုးလုပ်ဆောင်ရသည့်လုပ်ငန်းမှာ လွယ်ကူသည်မဟုတ်ပါ။ လော်ရိန်းတွင်ရောက်နေသော အော်ဒီနော့က နပိုလီယံကို ဆန့်ကျင်မည်ဖြစ်ကြောင်း ပြောင်ကြေညာထား၏။ အော်ဒီနော့မှာ ဒဗိုး၏ မိတ်ဆွေရောင်းရင်းဖြစ်လေသည်။ ဒဗိုးက အလွန်ပြတ်သားသူဖြစ်၏။ အနှစ် ၂၀ ကျော် ပေါင်းသင်းလာသည့် သူငယ်ချင်း အော်ဒီနော့အား သူ့အိမ်တွင်သူ အေးအေးဆေးဆေး အနားယူနေစေရန် နိုင်ငံရေးတွင် ဝင်မစွက်ရန် စာရေးလိုက်ပြီး သူ့အလုပ်သူ ဆက်လုပ်တော့၏။ ဒဗိုးသည် ဘယ်တော့မှ လေ့နံကို နှစ်ဖက်မနင်း။

၁၈၁၅ ခုနှစ် ဧပြီလ ၁၇ ရက်နေ့တွင် ဧကရာဇ်ဘုရင် နပိုလီယံက နောက်ဆုံးစစ်သူကြီးရာထူးကို ဗိုလ်ချုပ် ဂရောက်ချီအား ချီးမြှင့်ခဲ့လေသည်။ အမတ်ကြီးတစ်ဦး၏သားဖြစ်သော်လည်း အီမန်နူအယ်မာကွစ်ဒီ ဂရောက်ချီ[၁]သည် တော်လှန်ရေးအယူအဆများ ရှိသူဖြစ်ပြီး ပြင်သစ်တော်လှန်ရေး ဖြစ်လာသောအခါ ဂရောက်ချီ ပြင်းထန်သည့် သမ္မတဘက်တော်သားတစ်ဦး ဖြစ်လာ၏။ အီတလီတွင် တာဝန်ထမ်းဆောင်ရပြီး ၁၇၉၉ ခုနှစ် နိုဗီတိုက်ပွဲတွင် ပဲရစ်ဒွန်နှင့်အတူ ဂရောက်ချီ နာမည်ရခဲ့လေသည်။ နာမည်ရခဲ့ပုံကို စောစောပိုင်းက ဖော်ပြခဲ့ပြီး ဖြစ်ပါသည်။ ပဲရစ်ဒွန်နှင့် ဂရောက်ချီ လက်နက်ချရန် စီစဉ်နေကြဆဲ ရန်သူရောက်လာကာ ပစ်ကြခတ်ကြ ရှုပ်ထွေးသွားရာ သူတို့လူများ ထွက်ပြေးကြသော်လည်း

---

၁။ Emmanuel Marquis De Grouchy

ဂရောက်ချီနှင့် ပဲရစ်နွန်က ရန်သူကို ချုံခိုတိုက်ကြသည်ဟု နာမည်ထွက်လာခြင်း ဖြစ်၏။ နောက်ပိုင်း တပ်တော်မဟာတွင် တာဝန်ထမ်းဆောင်၍ စပိန်နှင့် ရုရှစစ်ဆင်ရေးများတွင် မြင်းတပ်ကြီးကို ဂရောက်ချီ ဦးဆောင်ခဲ့ရ၏။ မော်စကိုမှ နပိုလီယံ ပြန်လည်ဆုတ်ခွာလာသောအခါ အရာရှိတစ်စုကို ဂရောက်ချီဦးဆောင်၍ နပိုလီယံ သက်တော်စောင့်တပ်အဖြစ် တာဝန်ထမ်းဆောင်ခဲ့၏။ ၁၇၉၂ ခုနှစ်နှင့် ၁၈၁၅ ခုနှစ်အကြား ဂရောက်ချီသည် ဘာတပ်ကိုမျှ ဦးဆောင်ခွင့် မရခဲ့ချေ။ ဂရောက်ချီသည် အယောင်ဆောင် ဟန်လုပ်ကြွားဝါတတ်သူဖြစ်၍ မိတ်ဆွေကောင်းကောင်းမရှိဘဲ ချဉ်ဖတ်ကြီးဖြစ်ခဲ့ရ၏။ မာမွန့်နှင့်အတူ စစ်ရေးပြုလုပ်ကြစဉ်က တစ်ည ညစာစားသောက်နေကြစဉ် စားပွဲပေါ်၌ အလွန်လှပသော ဓားရှည်တစ်လက် ဂရောက်ချီ တွေ့သွား၏။ ဓားရှည်မှာ မင်းသား ယူရူဆော[1] ပိုင် ဓားဖြစ်ပြီး ညတိုက်ပွဲတစ်ခုတွင် မာမွန့်တပ်မကြီးက သိမ်းဆည်းရမိသော ဓားဖြစ်လေသည်။ ဂရောက်ချီက ဓားရှည်ကို မျက်စိကျနေပြီး မာမွန့်ထံမှ မရမက တောင်းယူခဲ့၏။ နောက်မကြာမီ မာမွန့်သည် သတင်းစာ[2]တွင် သတင်းတစ်ပုဒ်ဖတ်ရ၍ ဒေါကန်တော့၏။ ဗိုလ်ချုပ်ကြီး ဂရောက်ချီက တိုက်ပွဲတစ်ခုတွင် သိမ်းဆည်းရမိသော မင်းသား ယူရူဆော၏ ဓားရှည်ကို ဧကရာဇ်ဘုရင်၏ ကြင်ယာတော် ဂျိုဆက်ဖိုင်းအား လက်ဆောင်ပေးအပ်ဆက်သသည့်သတင်း ဖြစ်လေသည်။ နပိုလီယံ အလ်ဘာမှ လွတ်မြောက်မလာမီ လေးရက်တွင် ဂရောက်ချီအား လူဝီဘုရင်က ဆုတံဆိပ်ချီးမြှင့်၍ ဂရောက်ချီက လူဝီဘုရင်သစ္စာတော်ကို စောင့်သိရိုသေမည်ဖြစ်ကြောင်း ထပ်လောင်းသစ္စာဆိုခဲ့သေး၏။ နပိုလီယံထံ ပြန်လည် တာဝန်ထမ်းဆောင်ပြီး လူဝီဘုရင်အိမ်တော်ပါဖြစ်သူ မြို့စားကြီး အင်ဂိုလမ်ကို ဖမ်းဆီးသူမှာလည်း ဂရောက်ချီပင် ဖြစ်လေသည်။

၁၈၁၅ ခုနှစ် ဇွန်လ ၁ ရက်နေ့တွင် စစ်သူကြီး ဘာသီယာ ကွယ်လွန်ခဲ့လေသည်။ နယူးချေပယ်နှင့် ဝါဂရမ်မင်းသားကြီး အက်လီဇင်ဒါး၊ ဘာသီယာ၊ နပိုလီယံ၏ စစ်ဦးစီးချုပ်၊ မြေပုံများနှင့် စစ်ဦးစီးတာဝန်များတွင် ပါရဂူစစ်သူကြီး ဘာသီယာ ကွယ်လွန်ခဲ့လေပြီ။ ဂင့်တွင် လူဝီဘုရင်၊ မာမွန့်တို့နှင့် ခွဲခွာပြီး ဘာသီယာသည် သူ့မိသားစုရှိရာ အင်ဘာဂ်သို့ လာခဲ့၏။ မူလက သူ့မိသားစုကို ခေါ်ပြီး ပါရီပြန်လာရန်ဖြစ်သော်လည်း ဘင်ဘာဂ်တွင် ဘာသီယာ စိတ်ဓာတ်အကြီးအကျယ်ကျနေပြီး ဘာမှလုပ်ချင်ကိုင်ချင်စိတ် မရှိတော့။ အသက်ကလည်း ကြီးပြီ။ မာလည်းမမာ။ ထို့ကြောင့် စစ်ကို စိတ်ကုန်ပါပြီဆိုကာ ဘာသီယာ သူ့မြေပုံများနှင့် သံလိုက်အိမ်မြှောင်တို့ကို လွှင့်ပစ်လိုက်၏။ စစ်ဆိုလျှင် ရေတောင်

---

၁။ Prince Yurusov ၂။ Moniteur



ပြည်ထောင်စုစစ်သည်ဟောင်းမှ နပိုလီယံ၏ စစ်သူကြီးဖြစ်လာခဲ့သူ
ဂရောက်ချီ

စစ်မသောက်ချင်တော့။ သို့သော် တစ်နေ့ ဘင်ဘက် သူ့အိမ်အပေါ်ထပ်တွင် ဘာသီယာရှိနေစဉ် အောက်လမ်းမကြီးမှ အသံဗလံများ ကြားလာရ၏။ စစ်ဖိနပ်သံများ၊ စစ်မြင်းလှည်းကြီး ကြိတ်သွားသံများ၊ စစ်မြင်းသံများ၊ အမြောက်ဆွဲလှည်းအသံများ၊ သူကြားနေကျ အသံဗလံများ ကြားနေရလေသည်။ ဘာသီယာ ပြတင်းပေါက်မှ ငုံ့ကြည့်လိုက်သောအခါ ဘင်ဘက်ကိုဖြတ်၍ ချီတက်လာသော စစ်တပ်မှာ ရုရှတပ်များဖြစ်၏။ ပြင်သစ်နိုင်ငံကို တိုက်ခိုက်ရန် ချီတက်သွားသော ရုရှတပ်များတည်း။ ယခုလောက်ဆိုလျှင် ဧကရာဇ်ဘုရင် နပိုလီယံ စစ်ထွက်နေလောက်ပြီ။ သူ့ရထားထဲတွင် စစ်မြေပုံများ ဖြန့်ခင်းထားပြီး နပိုလီယံ တွက်ချက်မြေပုံတိုက်ပွဲများ လုပ်နေတော့မည်။ သူ့ကိုကူညီရန် စစ်ဦးစီးချုပ် ဘယ်မှာလဲ။ နှစ်ပေါင်း ၂၀ ကျော် နပိုလီယံ၏ စစ်ဦးစီးချုပ်လုပ်ခဲ့သူ။ တပ်မှူးနှင့် စစ်ဦးစီးချုပ်မှာ လင်မယားသဖွယ်ဖြစ်၏။ တစ်ယောက်အကြောင်း တစ်ယောက်က သိရ၏။ နပိုလီယံနှင့် ဘာသီယာမှာ နှစ်ပေါင်း ၂၀ ကျော် တွဲလာသော တပ်မှူးနှင့် စစ်ဦးစီးချုပ် ဖြစ်လေသည်။ ယခု နပိုလီယံက စစ်မြေမှာ။ သူက ဘင်ဘက်မှာ ဘာလုပ်နေသလဲ။ ဘာသီယာရင်ထဲတွင် မီးဖိုကြီး တောက်လောင်နေ၏။ ဘလောင်ဆူနေ၏။ နောက်ဆုံး သူ့စိတ်သူ မထိန်းနိုင်ဘဲ ဝါဂရမ်မင်းသားကြီး စစ်သူကြီး ဘာသီယာ ပြတင်းပေါက်မှ အောက်သို့ခုန်ချပြီး ပွဲချင်းပြီးကွယ်လွန်အနိစ္စရောက်ခဲ့ရလေသည်။

ဇွန်လ ၁၂ ရက်နေ့တွင် ဧကရာဇ်ဘုရင် နပိုလီယံ စစ်ထွက်ခဲ့ပြန်၏။ သည်တစ်ခါ အရှေ့မြောက်ဘက်သို့ စစ်ထွက်ခဲ့ခြင်းဖြစ်၏။ နပိုလီယံတပ်တော်တွင် တပ်မကြီး ၅ ခုပါဝင်ပြီး တပ်မကြီးမှူးများမှာ ဒီအာလွန်၊ ရိုင်လီ၊ ဗင်ဒမ်း၊ ဂျရဒ်နှင့် လိုဘောမြို့စားကြီး ^ တို့ ဖြစ်၏။ စစ်သူကြီးတစ်ဦးမှ တပ်မကြီးကို မအုပ်ချုပ်ရပေ။ ဆူချေးမှာ အီတလီတပ်တော်မှူးဖြစ်၍ ဆို့လ်တ်က နပိုလီယံ၏ စစ်ဦးစီးချုပ်တာဝန် ထမ်းဆောင်ရ၏။ ဂရောက်ချီက အရန်မြင်းတပ် တပ်မှူးကြီး ဖြစ်လေသည်။ မော်တီယာက ပါရီမှ သူ့တပ်များနှင့် ထွက်လာခဲ့သော်လည်း ဘောမွန်တွင် အပြင်းဖျား၍ မော်တီကာ သူ့တပ်နှင့် ဆက်မလိုက်နိုင်တော့ချေ။ စစ်သူကြီး လူထွက်တစ်ဦး နပိုလီယံတပ်တော်နှင့် ပါလာ၏။ စစ်သူကြီး နေး ဖြစ်လေသည်။ သူ ယခု အရပ်သားဖြစ်နေပြီ။ နပိုလီယံက သံလျောင်အိမ်ကြိမ်းဝါးချက်ကြောင့် နေးကို ခွင့်မလွှတ်။ ထို့ကြောင့် နေး လက်သမားတစ်ဦး၏ မြင်းလှည်းဖြင့် ပါလာခဲ့ရ၏။ ဘောမွန်ရောက်သောအခါ လယ်သမားလှည်းကို စွန့်ပစ်လိုက်ကာ မော်တီယာထံမှ မြင်းနှစ်ကောင်ဝယ်ယူပြီး နေး မြင်းစီးလိုက်ပါ



ခဲ့၏။ သူ မြင်းစီးလာသည်ကို ရဲဘော်များတွေ့သောအခါ ရှိုးကျူးသြဘာပေး နှုတ်ဆက်ကြ၍ "အရေးကြီးလာပြီထင်တယ်ကွ၊ ခေါင်းနီကြီး[1] ရှေ့တန်းတက်သွား ပြီဟေ့"ဟု အော်ပြောကြ၍ နေး သဘောခွေ့နေ၏။ နပိုလီယံတပ်များ ရာလီရှိုင် လမ်းမကြီးမှ ချီတက်လာကြစဉ် ဝယ်လင်တန်မြို့စားကြီးက သူ့မိတ်ဆွေတစ်ဦး ထံ ဤသို့ စာရေးနေ၏။ 'ဘိုနာပတ် တပ်တော်နဲ့ ထွက်လာဦးမှာမဟုတ်ပါဘူး။ ဘာပြုလို့လဲဆိုတော့ တို့က ဒီနေရာမှာ သူ့ထက် အဆမတန်အင်အားသာနေလို့ပဲ' ဆင်ဘာမြစ်နံ့ဘေး စားသောက်ဆိုင်တစ်ခုရှေ့တွင် နပိုလီယံထိုင်၍ ဓမြပုံများလေ့လာ နေစဉ် အရပ်သားကြီးနေး နပိုလီယံရှေ့မှောက် ရောက်လာ၏။ နပိုလီယံ သူ့ကို မြင်လိုမြင်ညား နေးသည် ဦးစီးအရာရှိများနှင့် ရောနှောကာ စကားပြောဆိုနေ၏။ နပိုလီယံက နေးကို မြင်လိုက်ပြီး အမှတ် ၁ တပ်မကြီးနှင့် အမှတ် ၂ တပ်မ ကြီးကို စစ်သူကြီး နေးက အုပ်ချုပ်စေပြီး အပေါ်စားမြင်းတပ်ရင်းကြီးနှစ်ခု၊ အကြီးစား မြင်းတပ်ရင်းကြီးရှစ်ခုပါ နေးသို့ တွဲဖက်ပေးလိုက်သဖြင့် နေးသည် ရုတ်ခြည်း လူ ၅၀၀၀၀ အမြောက် ၇၂ လက်အုပ်ချုပ်ရသည့် စစ်သူကြီးနေး ဖြစ်လာပြန်ချေပြီ။

ဝါတာလူးတိုက်ပွဲစစ်မှာ အမှားများ၊ ရမ်းတုတ်များ ပြွန်းနေသည့် တိုက်ပွဲ စဉ်ဖြစ်၏။ နပိုလီယံ ဝါတာလူးတွင် စစ်ရှုံးရခြင်းမှာ သူ့စစ်သူကြီးသုံးဦး (နေး၊ ဆို့လ်တ်နှင့် ဂရောက်ချီ)တို့ကြောင့် ဖြစ်သည်။ ကွာထရေဘရာစ်[2] တွင် ဇွန်လ ၁၆ ရက်နေ့က တိုက်ခိုက်သည့် စစ်သူကြီးနေး၏ ထိုးစစ်မှာ စီမံချက် အလွန် ညံ့ဖျင်းပြီး အချိန်ရွေးချယ်ပုံလည်း အလွန်မှား၏။ သို့သော် သည်အမှားက တော်သေး၏။ ထိုနေ့က နေး ပြုလုပ်ခဲ့သည့် နောက်အမှားက နပိုလီယံအား အဖတ်ဆည်မရအောင် အရှုံးကြီးရှုံးစေတော့၏။ ယင်းနေး၏အမှားက နပိုလီယံ၏ အင်ပိုင်ယာကိုပါ ဖြိုခွဲဖျက်ဆီးပစ်လိုက်ပေသည်။ နေး ကျူးလွန်ခဲ့သည့် ပြင်မရ သော မဟာအမှားကြီးမှာ ဤသို့ဖြစ်လေသည်။ နပိုလီယံက ဘလူးချားအား လစ်ဂ်နေ[3] တွင် တရစပ် ဖိတိုက်နေစဉ် နေး၏ အရန်တပ်မကြီးက ဘလူးချား တောင်ပံကို ဝင်တိုက်ရန် နပိုလီယံက အမိန့်ပေး၏။ အရန်တပ်မကြီးကို ဒီအာလွန် ဦးဆောင်၍ လစ်ဂ်နေသို့ ချီတက်ခဲ့၏။ နေးက ဘိုရိုဒီနိုတိုက်ပွဲမှာကဲ့သို့ စိတ် ထိန်းမရအောင် ဒေါသကာ ဒီအာလွန်အား ကွာထရေဘရာစ်သို့ ပြန်ခေါ်လိုက်၏။ နေးက ဒီအာလွန်ကို ပြန်ခေါ်ရင်း နပိုလီယံကိုပါ ဆဲရေးတိုင်းထွာတော့၏။ ဒီအာလွန်က သူ့အထက်အရာရှိဖြစ်သူ နေးအမိန့်အတိုင်း လဂ်နေမရောက်မီ

---

၁။ **Le Rougeaud**

၂။ **Quapre Bras**

၃။ **Ligny**



တပ်ခေါက်ကာ ကွာထရေဘရာစ်သို့ ပြန်လည်ချီတက်ခဲ့လေသည်။ သို့သော် ဒီအာလွန်တပ်မကြီး ကွာထရေဘရာစ်သို့ ပြန်မရောက်မီ ကွာထရေဘရာစ်တိုက်ပွဲက ပြီးနှင့်လေပြီ။ ထို့ကြောင့် ဒီအာလွန်၏ လူ ၂၀၀၀၀ ပါသည့် တပ်မကြီးသည် ထိုနေ့က သေနတ်တစ်ချက်မှ မပစ်ဖောက်လိုက်ရချေ။ ဒီအာလွန် ဟိုဘက်သည်ဘက် ချီတက်နေစဉ် ပြင်သစ်တို့ အရှုံးကြီးရှုံးခဲ့ရလေပြီ။ အကယ်၍သာ ဖိအတိုက်ခံနေရသော ဘလူးချား၏ ညာတောင်ပံကို ဒီအာလွန်၏ လန်းဆန်းလတ်ဆတ်နေသည့် ၂၀၀၀၀ တပ်မကြီးက ဝင်တိုက်လိုက်လျှင် ဘလူးချား အဖတ်ဆည်မရအောင် ရှုံးတော့မှာ သေချာ၏။ ထို့ပြင် ဂရောက်ချီ၏ လူ ၃၃၀၀၀ ပါ နပိုလီယံလက်အောက် ရောက်လာမည်ဖြစ်ရာ ဝယ်လင်တန် အရှုံးကြီး ရှုံးရတော့မည်။ သို့မဟုတ် အချိန်မီ နောက်ဆုတ်ပေးရတော့မည်။ ယင်းအခွင့်အလမ်း မှန်သမျှကို စစ်သူကြီး မစ်ချယ်နေးက ဖျက်ဆီးပစ်လိုက်ပေပြီ။ အိတ်စ်လာချေပလ်တွင် အနားယူနေသော မာမွန့်သည် လစ်ဂ်နေမှ ဆုတ်ခွာလာသော ထောင်ပေါင်းများစွာသော ပရပ်ရှားစစ်သည်များကို တွေ့နေရ၏။ ပရပ်ရှားများမှာ လောလောဆယ် မာမွန့်၏ မဟာမိတ်ဖြစ်သော်လည်း သူတို့ကို အောင်နိုင်နေသူက တစ်ကြိမ်က သူ၏အချစ်ဆုံးသူငယ်ချင်း၊ သူ၏ကျေးဇူးရှင်၊ သူ့အား စစ်သူကြီးရာထူးဖြင့် ချီးမြှင့်ခဲ့သူ နပိုလီယံတည်း။ မာမွန့် မည်သို့ခံစားနေရမည်ကို သူသာအသိဆုံးဖြစ်ပေမည်။

ဝါတာလူးတွင် နပိုလီယံသည် ဩစတာလစ်၊ ဘိုရိုဒီနိုတိုက်ပွဲများတွင် သုံးခဲ့သည့်နည်းဗျူဟာကို ပြန်လည်အသုံးပြုခဲ့သည်ကို တွေ့ရပါသည်။ တိုက်ပွဲပုံစံအကြမ်းကို သွန်းလောင်းပေးပြီး အသေးစိတ်တိုက်ခိုက်ခြင်းကို နပိုလီယံသည် နေးနှင့် လွှဲထားလိုက်၏။ ယခင်တိုက်ပွဲများ (ဩစတာလစ်နှင့် ဘိုရိုဒီနို)တွင် စစ်သူကြီးများအား တိုက်ပွဲအသေးစိတ် လွှဲပေးပုံမျိုးတည်း။ ဖရိဒ်လန်နှင့် ဝါဂရမ်မှာကဲ့သို့ အရေးပေါ်တီထွင်မှုမျိုးမရှိ။ (အမြောက်များ စုပြုပစ်ခတ်ခြင်း၊ တိုက်ခိုက်ရေး မှန်တိုင်းတပ်များ ဖွဲ့စည်းပေးခြင်းမျိုး မရှိခဲ့ချေ။) ဝါတာလူးမှာ နေး၏ပွဲ။ သို့သော် နေးကား ၁၈၁၂ ခုနှစ်မှစ၍ မူလနေးမဟုတ်တော့ချေတကား။ ကျည်ကြောက်ကြီးသဖွယ် ပြုမူနေပြီး ယခင်ကကဲ့သို့ နည်းဗျူဟာ ပြောင်မြောက်မှုလုံးဝမရှိတော့ချေ။ သတ္တိပြောင်မြောက်ပုံမှာတော့ ယခင်ကအတိုင်းပင် ဖြစ်၏။ သို့သော် ခေါင်းအေးအေး မှန်မှန်ကန်ကန် ဆုံးဖြတ်မှု[၁] မရှိတော့ချေ။ ယင်းတို့မှာ တိုက်ပွဲတွင် အဓိကလိုအပ်ချက်များ ဖြစ်တော့၏။ သတ္တိထက် ခေါင်းအေးအေးနှင့် ဆုံးဖြတ်ချက်မှန်ကန်ဖို့က ပိုအရေးကြီး၏။ ပြင်သစ်မြင်းတပ်က ဝင်တိုက်ပြီး

---

၁။ Coolness and Judgement

နှစ်ဖက်ထွေးလုံးရစ်ပတ် တိုက်ခိုက်ကြစဉ် ပြင်သစ်တပ်မှူးကြီး နေးသည် သူ့ယူနီဖောင်းများ ယမ်းခိုးယမ်းငွေ့များနှင့် မည်းနေပြီး သူ့အကျႌပခုံးထောက်များ မရှိတော့။ ကျည်ဆန်နောက်ပါသွားပြီ။ သံခမောက်လည်း မရှိတော့။ သူ့ဓားပြားနှင့် အင်္ဂလိပ်အမြောက်တို့ကို ထပ်တလဲလဲရိုက်နေသည့် နေးကို အင်္ဂလိပ်အရာရှိတစ်ဦး မြင်ခဲ့ရ၏။ ဤကဲ့သို့ အခိပ္ပာယ်မဲ့သည့်အလုပ်မျိုး လုပ်နေမည့်အစား မှန်ပြောင်း၊ စက္ကူ ခဲတံတို့ကို စနစ်တကျ အသုံးချတတ်လျှင် ပိုမိုအကျိုးရှိပေမည်။ တပ်မှူးကြီးအတွက် မှန်ပြောင်းနှင့် တိုက်ပွဲအတက်အကျ အခြေအနေကို အကဲခတ်၍ လိုအပ်သလို အမိန့်များထုတ်ပြန်ပေးသွားဖို့သာ လိုပေမည်၊ ဆိုလ်တ်သည်လည်း စစ်ဦးချုပ်တာဝန်ကို နားလည်သူမဟုတ်ချေ။ ဂီနိုအာတွင် မာဆေးနား၏ စစ်ဦးစီးချုပ်အဖြစ် လွန်ခဲ့သည့် ၁၆ နှစ်က ဆိုလ်တ် အမှုထမ်းဆောင်ခဲ့ဖူး၏။ စပိန်၌ စစ်သူကြီးဆိုလ်တ် ဂျိုးဆက်ပ်ဘုရင်နှင့် တွဲဖက်လုပ်ဆောင်စဉ်က စစ်ဦးစီးချုပ်တာဝန်ထက် စစ်ဘက်အကြံပေးအဖြစ် တာဝန်ထမ်းဆောင်ခဲ့ရခြင်း ဖြစ်ပေသည်။ ထို့ကြောင့် ဝါတာလူးတိုက်ပွဲစဉ်တွင် ဆိုလ်တ်သည် စစ်ဦးစီးချုပ်တာဝန်ကို ဖိဖိစီးစီး မလုပ်ဆောင်နိုင်ခဲ့ချေ။ ဂရောက်ချီသည်လည်း ထိုပွဲတွင် သူ့တာဝန်သူ မထမ်းဆောင်နိုင်ခဲ့ချေ။ ထို့ကြောင့် ဝါတာလူးသည် စစ်သူကြီးသုံးဦး အသုံးမကျ၍ ဆုံးရှုံးရသောတိုက်ပွဲ ဖြစ်တော့၏။ ထိုညနေက မော်စကာဝါမင်းသားစစ်သူကြီးနေးကိုယ်တိုင် သူ၏နောက်ဆုံးတိုက်ပွဲကို ဦးဆောင်တိုက်ခိုက်ခဲ့လေသည်။ စိန်ကျိုင်းတောင်ကုန်းကို တက်ရောက်တိုက်ခိုက်သည့် ပထမဆုံးခြေလျင်တပ်များကို နေးကိုယ်တိုင် ရှေ့ဆုံးမှ ဦးဆောင်တိုက်ခိုက်ခဲ့ခြင်းဖြစ်၏။ ဗြိတိသျှလေးထောင့်ပုံစံစုစ်ဆင်ခြင်း[၁] ကို ပြင်သစ်မြင်းတပ်ကြီးနှင့် တိုက်ခိုက်ရာတွင်လည်း နေးပင်ဦးဆောင်ခဲ့ခြင်း ဖြစ်လေသည်။ ယခုနောက်ဆုံးအကြိမ်အဖြစ် နေးသည် ဓားရှည်ကို ဓားအိမ်မှထုတ်ကာ ဘုရင့်သက်တော်စောင့်တပ်ဖွဲ့ကို ဦးဆောင်၍ တောင်ကုန်းပေါ် တက်ခဲ့ပြန်လေပြီ။ ကိုယ်ရံတော်တပ်ဖွဲ့သည် စနစ်တကျပင် ပစ်ခတ်နေသည့် ဗြိတိသျှ မတ်စကက်သေနတ်များကို မကြုံဖူးခဲ့ဘဲ အကျအဆုံးများစွာဖြင့် နောက်လန်ကျခဲ့ကြရပြန်ပြီ။ အင်္ဂလိပ်များက တန်ပြန်ထိုးစစ် ဆင်နွှဲရာ ပြင်သစ်ကိုယ်ရံတော်တပ် နောက်လှည့်ပြေးကြရ၏။ ဒီအာလွန်လည်း ပြန်ဆုတ်ခွာလာ[?]င် လမ်းနံဘေး၌ စစ်သူကြီးနေးကို တွေ့ရ၏။ ထွက်ပြေးသော ပြင်သစ်တပ်များကို ဆဲဆိုနေသော စစ်သူကြီး နေး။ ထိုအချိန်တွင် ပြင်သစ်တပ်မဟာတစ်ခုက စနစ်တကျ ပုံစံမပျက်ဘဲ ပြန်ဆုတ်လာ၏။ နေးက ထိုပြင်သစ်တပ်မဟာရှေ့ သွားလိုက်၍ ချက်ချင်း တပ်ကို နောက်ပြန်အလှည့်ခိုင်းပြီး ဤသို့အော်ဟစ်ပြောခဲ့၏။

---

၁။ British Squares

"လာကြစမ်းကွ၊ ပြင်သစ်စစ်သူကြီးတစ်ယောက် ဘယ်လိုသေတယ်ဆိုတာ လာကြည့်လှည့်ကြစမ်း" နေးသည် ပြောပြောဆိုဆို တပ်မဟာကို ဦးဆောင်တိုက်ပြန်၏။ သူ့လက်ထဲက ဓားရှည်မှာ ကျိုးပဲ့နေပြီဖြစ်၍ ဓားကျိုးကြီးနှင့်ပင် အင်္ဂလိပ်လုံစွပ်များကို ရိုက်ခတ်တိုက်ခိုက်နေ၏။ ကျည်ဆန်များ တရှီးရှီးဖြတ်သွားနေသော်လည်း နေးကို မမှန်ချေ။ ထိုတပ်မဟာသည်လည်း ကြာကြာမခံနိုင်ဘဲ ပြန်ပြေးရပြန်၏။ နေးတစ်ယောက်တည်း ကျန်နေပြန်ပြီ။ တစ်နေရာတွင် လေးထောင့်ပုံသဏ္ဌာန် ပြင်သစ်သက်တော်စောင့်တပ် သုံးခုတွေ့၍ ယင်းတို့ကို နေးဦးဆောင်ပြီး တိုက်ပြန်၏။ သို့သော် စနစ်တကျ ပစ်ခတ်တိုက်ခိုက်သည့် အင်္ဂလိပ်တပ်များကို မခံနိုင်ဘဲ ပြင်သစ်များ နောက်သို့သာ လန်လာခဲ့ရ၏။ နေး ဦးဆောင်တိုက်ခိုက်စရာတပ် မကျန်တော့။ ထို့ကြောင့် နောက်ဆုံးတွင် သူတစ်ဦးတည်း ခေါင်းငိုက်စိုက်ချကာ မှောင်ထဲတွင် ဂနပ်[၁] အရပ်ဆီသို့ ဖြည်းဖြည်းချင်းလမ်းလျှောက်ပြန်လာခဲ့ရလေသည်။

ဂဲင့်ပြို့တော် စိန့်ကာဗွန်ဘုရားရှိခိုးကျောင်းကြီး[၂]တွင် အဋ္ဌဒသသမမြောက်လူဝီဘုရင်မင်းမြတ် အောင်ပွဲခံ ဆုတောင်းဝတ်ပြုခဲ့လေသည်။ ဘုရင့်အပါးတော်တွင် စစ်သူကြီးဗစ်တာ ရှိနေလေသည်။

---

၁။ Genappe    ၂။ St. Bavon Cathedral

## အခန်း (၁၉)

# လိုက်ကာချ ဇာတ်သိမ်းပြီ

## THE END OF THE STORY

မဟာမိတ်များအောင်ပွဲမှာ ပြီးပြည့်စုံသလောက်ရှိပေပြီ။ ဆက်လက်နှိမ်နင်းရန် ရန်သူတစ်ဦးတည်းသာ ကျန်တော့၏။ အက်မူးလ် မင်းသားကြီး စစ်သူကြီး ဒဗိုးသည် စစ်ရုံးတွင်ရှိနေ၏။ နပိုလီယံ၏ စစ်ဝန်ကြီး စစ်သူကြီး ဒဗိုးက နပိုလီယံ အလ်ဘာမှပြန်လာပြီး အာဏာရယူထားသည့် ရက်ပေါင်း ၁၀၀အတွင်း[၁] နိုင်ငံရေးအယူအဆ လွတ်ငြိမ်းချမ်းသာခွင့်ပေးရန် တောင်းဆိုနေ၏။ မဟာမိတ်များက ယင်းတောင်းဆိုချက်ကို ပယ်ချလိုက်ကြလေသည်။ နပိုလီယံ၏ နောက်လိုက်နောက်ပါ မည်သူမျှ ဘာအခွင့်အရေးမျှ တောင်းဆိုခွင့်မရှိဟုဆို၏။ ဒဗိုးကလည်း မလျှော့။ သူ့စားပွဲမှမထဘဲ သူ့တောင်းဆိုချက်ကိုသာ တောင်းနေ၏။ သူ့ရည်မှန်းချက် ကြံရွယ်ချက်များ သိရှိနိုင်ရန် စစ်သူကြီး မက်ဒေါ်နယ်အား ဒဗိုးထံ မဟာမိတ်များက စေလွှတ်လိုက်ကြ၏။ "ငါ့မှာ လူ ၁၅၀၀၀၀၊ မြင်း ၃၀၀၀၀ နဲ့ အမြောက် ၇၅၀ လက် ရှိတယ်။ ငါတောင်းဆိုတာမရရင် လွိုင်ယာ[၂] (မြစ်)ကို ဖြတ်ပြီး စစ်ဆက်တိုက်ရမှာပဲ"ဟု စစ်ဝန်ကြီး ဒဗိုးက အကြောင်းပြန်ကြားလိုက်၏။ ဒဗိုးပြောစကားကို အားလုံးက လေးစားရ၏။ ပြောသလိုလုပ်မည့်လူစားမျိုး။ ဒါကို မက်ဒေါ်နယ် အသိဆုံးဖြစ်၏။ မဟာမိတ် ဗိုလ်ချုပ်ကြီးများက ဒဗိုးတောင်းဆိုချက်ကို သဘောတူညီရကာ အထွေထွေလွတ်ငြိမ်းချမ်းသာခွင့်ကို

---

၁။ The Hundred Days.　　　　၂။ Loire

လက်မှတ်ရေးထိုးပေးလိုက်ကြပြီး ဒဗိုးလည်း သူ၏နောက်ဆုံးရာထူးဖြစ်သည့် စစ်ဝန်ကြီးရာထူးကို စွန့်လွှတ်လိုက်ပါပြီ။ အက်မူးလ်မင်းသားကြီး ဩစတဒ်မြို့စား စစ်သူကြီး ဒဗိုးမှာလည်း အနိုင်မခံ အရှုံးမပေး လေ့ခွက်ချည်းကျန် အလံမလှဲသူ တည်း။ ၁၈၁၅ ခုနှစ် ဩဂုတ်လ ၂ ရက်နေ့တွင် နောက်ထပ် စစ်သူကြီးတစ်ဦး ကွယ်လွန်ခဲ့ရ၏။ လူထုလက်ချက်ဖြင့် အသေဆိုးသေခဲ့ရခြင်းဖြစ်လေသည်။ အဗစ်နွန်တွင် မြင်းလှည်းစီးလာသော စစ်သူကြီးဘရွန်းအား လူထုက မြင်းလှည်းမှ ဆွဲချကာ သေသည်အထိ ဝိုင်း၍ရိုက်နှက်ကန်ကျောက်ကြ၍ အလောင်းကို ရုန်းမြစ်ထဲ ပစ်ချလိုက်ကြလေသည်။

ပြင်သစ်တစ်နိုင်ငံလုံး စိတ်ရိုင်းဝင်၍ ရက်ရက်စက်စက် သတ်ဖြတ်နေကြသည့် ကြောက်စရာခေတ်အခါသမယက[၁] ဒီလမ်ဘားမင်းသမီးလေး[၂]အား သတ်ဖြတ်ရာတွင် စစ်သူကြီးဘရွန်းပါဝင်သည်ယူဆပြီး လူထုက ဤကဲ့သို့ ဘရွန်းအား ရက်ရက်စက်စက် ကလဲ့စားချေ သတ်ဖြတ်လိုက်ကြခြင်း ဖြစ်တော့၏။ လိန်းစ်၊ ဘက်ဆီယာ၊ ပိုနီယာတိုးစကီး၊ ဘာသီယာ၊ ဘရွန်းတို့ ကွယ်လွန်ကြရှာပြီ။ မကြာမီ နောက်နှစ်ဦး ဘရွန်းလိုပင် အသေဆိုးသေကြရတော့မည်။ ၁၈၁၅ ခုနှစ် အောက်တိုဘာလ ၁၃ ရက်နေ့တွင် ယာအိုခင်မြူရတ်ဗီဇို (ကလာဘရီယာနယ်)[၃]တွင် ကမ်းတက်ခဲ့၏။ သူ ဘုရင်အဖြစ်နေခဲ့ဖူးသောနယ်မြေဖြစ်သဖြင့် လူထုကို ပြန်လည်စည်းရုံးကာ သူ့ထီးနန်းသူပြန်ရအောင် ကြိုးပမ်းရန် ပြန်လာခဲ့ခြင်းဖြစ်လေသည်။ ထိုနေ့မှာပင် အာဏာပိုင်များက မြူရတ်ကို ဖမ်းဆီးကာ ပစ်သတ်လိုက်ကြလေသည်။ အင်ဂိန်းမြို့စားကြီး[၄]ကို ကေရာဇ်ဘုရင်အစိုးရက ပစ်သတ်ခဲ့စဉ်က မြူရတ်သည် ပါရီဘုရင်ခံဖြစ်၍ ယခု ဘိုဘွန်တို့က မြူရတ်အား ကလဲ့စားချေ သေဒဏ်စီရင်ခဲ့ကြခြင်း ဖြစ်လေသည်။ လွန်ခဲ့သည့် ၁၂ နှစ်က မြို့စားကြီး အင်လိန်း သေဒဏ်စီရင်ခံခဲ့ရ၍ ယခု မြူရတ် ယင်းပြစ်မှုအတွက် အသက်ဖြင့် ပေးဆပ်လိုက်ရပြီ။ ကလာဘရီယာနယ် ဗီဇိုရွာငယ်လေးတွင် ကမ္ဘာတွင် အထင်ရှားဆုံး မြင်းတပ်ဗိုလ်ချုပ်စစ်သူကြီး မြူရတ် အသေဆိုးသေခဲ့ရခြင်း ဖြစ်၏။ မြူရတ်မှာ ဂါစကွန်နယ်သားပီပီ သတ္တိအလွန်ကောင်း၏။ သို့သော် ဝါကြွားပလွှားသူဖြစ်၍ သစ္စာမရှိသူတစ်ဦး ဖြစ်လေသည်။ မိန်းမက သူ့ကို ကြိုးကိုင်ထားပြီး သူ့ဘဝတစ်လျှောက်လုံးတွင်လည်း မိန်းမသစ္စာဖောက်ခြင်းခံခဲ့ရသူ ဖြစ်လေသည်။ သတ္တိတွင်မူ မြူရတ်သည် မည်သူ့ကိုမှ ဗိုလ်မထားဘဲ ကမ္ဘာပေါ်မှာပင် အထင်ရှားဆုံး စစ်သမိုင်းတွင် နာမည်အကြီးဆုံးမြင်းတပ်တိုက်ပွဲများကို ဦးဆောင်တိုက်ခိုက်ခဲ့သူ ဖြစ်လေသည်။

---

၁။ The Days of Terror
၂။ Princesse De Lamballe
၃။ Pizzo in Calabria
၄။ Duke of Enghien

နပိုလီယံ စစ်သူကြီးများအနက် သတ္တိအရာတွင် မြူရတ်နှင့် ယှဉ်ပြိုင်နိုင်သူများမှာ နေး၊ လိမ်းစ်နှင့် အော်ဒီနော့သာ ရှိလေသည်။ မြူရတ်သည် မြေအနေအထားကို အလွန်ကျွမ်းကျင်သူဖြစ်၍ တိုက်ပွဲစတင်ပြီး မည်သည့်အချိန်တွင် မြင်းတပ်နှင့် တရစပ် ဝင်ရောက်တိုက်ခိုက်ရမည်ကို ဆုံးဖြတ်တိုက်ခိုက်ရာ၌ မည်သူမျှ သူ့ကိုမမီချေ။ နပိုလီယံ၏ တပ်တော်မဟာတွင် မြင်းတပ်စစ်သည်ကျော်အများအပြား ရှိပါသည်။ သို့သော် မြူရတ်မှာ အကြီးကျယ်ဆုံး အရဲရင့်ဆုံး အအောင်မြင်ဆုံး မြင်းတပ်ဗိုလ်ချုပ်ဖြစ်၍ ပြင်သစ်နိုင်ငံ၌ ယခုအချိန်အထိ မြူရတ်အကြောင်း၊ သူ့မြင်းတပ်တိုက်ပွဲများအကြောင်း ပြောဆိုနေကြဆဲဖြစ်ပါသည်။ နောက်တစ်လှည့်မှာ နေးအလှည့်ဖြစ်၏။ ပထမအကြိမ် အာဏာပြန်ရစဉ်က ဘိုဘွန်များသည် (မိမိတို့ ထာဝရဆုံးရှုံးပြီးအရာကို ပြန်လည်လက်ခံရရှိသည့်အနေနှင့်) စိတ်ကောင်းစေတနာထားကာ ပြန်ခဲ့ကြခြင်းဖြစ်၏။ ဒုတိယအကြိမ် ထီးနန်းပြန်ရသည့်အခါတွင်ကား ဘိုဘွန်ဘုရင်နှင့် အပေါင်းပါတို့သည် အကျိတ်ကြီးအခဲကြီးနှင့် ပြန်လည်ရောက်ရှိလာကြခြင်း ဖြစ်လေသည်။ ဘယ်သူ့ကို ဘယ်လိုတွယ်လိုက်မည်၊ ဘယ်သူ့ကို ဘယ်လိုအရေးယူလိုက်မည် အတွေးများနှင့် ပြန်လည်ရောက်ရှိလာကြခြင်းဖြစ်လေသည်။ လူငယ်လူချောအရာရှိ ၆၀၀၀ နှင့် နန်းတော်စောင့်တပ်ဖွဲ့မှာလည်း ဥရောပတစ်ခွင်လုံးတွင် ပြက်လုံးကြီးဖြစ်နေပြီ။ စစ်ရေးပြတော့ကောင်းကောင်းလုပ်တတ်ပါ၏။ ယူနီဖောင်းလှလှကို စမတ်ကျကျ ဝတ်တတ်စားတတ်ပါ၏။ စစ်တော့မတိုက်တတ်။ ပြင်သစ်ထီးနန်းပြန်ရရန် တိုက်ကြရာ၌ ယင်းအရာရှိ ကိုယ်လူချော ၆၀၀၀ မပါ။ အင်္ဂလိပ်၊ ဒတ်ချ်၊ ပရပ်ရှား၊ ရုရှတို့ ပြန်တိုက်ပေးကြရသည်။ ယခင်က ကမ္ဘာတွင် နာမည်ရခဲ့သည့် ပြင်သစ်ထီးဆောင်းမင်းများအမည်ကို ယခုခေတ် ဘိုဘွန်များက ဖျက်နေသည်မဟုတ်လော။ ဤအချက်ကို ဘိုဘွန်ဘုရင်များကလည်း ကောင်းကောင်းသိကြ၏။ သူတို့ မဟာအရှက်တော်ကွဲရာ၌ နပိုလီယံကို လှောင်ချိုင့်ဖြင့်ထည့်ပြီး ဖမ်းလာပါမည်ဟု ဟိတ်တစ်လုံး ဟန်တစ်လုံးဖြင့် ကြွားလာခဲ့သူကို သူတို့မမေ့။ နပိုလီယံပြန်လာသောအခါ သံလှောင်ချိုင့်ဆရာ နပိုလီယံ အမှုတော်ကို ထမ်းဆောင်ရင်း သူတို့ကို (ဘိုဘွန်တို့ကို) ဘက်ပြန်ခဲ့သည်မဟုတ်လော။ ထို့ကြောင့် စစ်သူကြီးနေးကို ကောင်းကောင်းအပြစ်ပေးရမည်။

၁၈၁၅ ခုနှစ် ဩဂုတ်လ ၃ ရက်နေ့တွင် စစ်သူကြီးနေးကို ဖမ်းဆီးလိုက်ကြ၏။ ဒိုးထံမှ စစ်ဝန်ကြီးရာထူး ဆက်ခံသူမှာ စိန့်စီယာဖြစ်၏။ စစ်ဝန်ကြီးအသစ် စိန့်စီယာက ဩဂုတ်လ ၂၁ ရက်နေ့၌ စစ်သူကြီးနေးအား စစ်ခုံရုံးဖြင့် စစ်ဆေးရန် အမိန့်ထုတ်ပြန်ခဲ့လေသည်။ သည်အမှုကို စစ်သူကြီးအများဆုံး ပါဝင်

ပတ်သက်နေစေရမည်။ ထို့ကြောင့် မွန်ဆေးက ခုံရုံးဥက္ကဋ္ဌလုပ်၍ စစ်သူကြီး မာဆေးနား၊ ဩဂျရိုးနှင့် မော်တီယာတို့က ခုံရုံးအဖွဲ့ဝင်များအဖြစ် ပါဝင်စေရမည်။ မွန်ဆေးက သူသည် တာဝန်ကို မထမ်းဆောင်နိုင်ပါဟု ငြင်းဆန်လိုက်၏။ စိန့်စီယာက ယခင်ကအတိုင်း အမိန့်ထပ်မံထုတ်ပြန်၏။ မွန်ဆေးက ဘုရင်မင်းမြတ်ထံ အသနားခံစာရေး တင်သွင်းလိုက်လေသည်။ မွန်ဆေးမှာ စစ်မှုရေးရာတွင် ထူးချွန်သူမဟုတ်ကြောင်း ကျွန်ုပ်တို့ တွေ့ခဲ့ကြရပြီးဖြစ်၏။ သို့သော် သူသည် ဂုဏ်သရေရှိသူ အမှန်တရားကိုမြတ်နိုးသူ ဖြစ်၏။ မွန်ဆေး ဘုရင်မင်းမြတ်ထံ တင်သွင်းသည့် အသနားခံစာမှာ မွန်ဆေး၏စိတ်ဓာတ်ကို ပေါ်လွင်လာအောင် မီးမောင်းထိုးပြထားပြီး သူ၏စိတ္တသဏ္ဍာန်ကို ပေါ်လွင်စေသည်ဖြစ်သဖြင့် အောက်တွင် ဖော်ပြလိုက်ပါသည်။ "စစ်သူကြီးနေး၏ ကံကြမ္မာကို ကျွန်တော်မျိုး အဆုံးအဖြတ်ပေးရတော့မည်လော။ အရှင်မင်းမြတ်... ကျွန်တော်မျိုး မေးလိုပါသည်။ နေး စစ်မြေပြင်တွင် တိုက်ပွဲပေါင်းများစွာ တိုက်ခိုက်နေစဉ်တွင် ယခု သူ့အားစွပ်စွဲသူများ ဘယ်နေရာတွင် ရောက်နေကြပါသနည်း။ အနှစ် ၂၀ မျှ အန္တရာယ်ကြီးမား လှသည့်အချိန်တွင် သူတိုက်ခိုက်နေစဉ် ထိုသူများသည် သူ့ကို စွပ်စွဲခဲ့ကြပါသလော။ သို့မဟုတ် သူ့နောက်လိုက်များအဖြစ် လုပ်ဆောင်ခဲ့ကြပါသလော။ မော်စကို၏ အောင်နိုင်သူအား ရုရှနှင့် မဟာမိတ်များက ခွင့်မလွှတ်နိုင်ဆိုပါက ဘယ်ရီဆီနာ သူရဲကောင်းကို ပြင်သစ်က မေ့နေပြီလော။ ဘုရင်မင်းမြတ်ခင်ဗျား... ထိုစဉ်အခါ က ကျွန်တော်တို့တစ်တွေအားလုံး ဒုက္ခကြီးနှင့် ရင်ဆိုင်ကြရစဉ် ပြင်သစ် တပ်မတော် အကြွင်းအကျန်များကို ကယ်တင်ခဲ့သူမှာ နေးဖြစ်ပါသည်။ ယင်း သူများတွင် ကျွန်တော်မျိုး၏ဆွေမျိုးများ၊ မိတ်ဆွေများ၊ ရဲဘော်များ အများအပြား ပါဝင်ပါသည်။ ဤကဲ့သို့ ရဲဘော်အသက်ပေါင်းများစွာကို ကယ်တင်ခဲ့သူအား ကျွန်တော်မျိုး သေဒဏ်ချမှတ်ရတော့မည်လော။ မိခင်ပေါင်းများစွာ၏ သားများ၊ ဇနီးသည်ပေါင်းများစွာ၏ ခင်ပွန်းများ၊ ကလေးငယ်ပေါင်းများစွာ၏ ဖခင်များ၏ အသက်သခင်ကျေးဇူးရှင်ကို ကျွန်တော်မျိုးသေဒဏ်ပေးရတော့မည်လော။ ဤ စစ်သားအိုကြီးသည် မည်သည့်အမှုအခင်း မကောင်းကြံမှုနှင့်မျှ မပတ်သက်ခဲ့ဘဲ သူ့တာဝန်သူသာ ထမ်းဆောင်ခဲ့သူဖြစ်ခြင်းကြောင့် ခွင့်လွှတ်အသက်ချမ်းသာခွင့် ပေးသင့်ပါသည် အရှင်မြတ်... ကျွန်တော်မျိုး ယခုလုပ်ဆောင်ချက်သည် အရှင် မင်းမြတ်မှတစ်ပါး မည်သည့်ဘုရင်အတွက်မဆို အလွန်ဘေးအန္တရာယ်များသည့် လုပ်ရပ်ဖြစ်သည်ကို ကျွန်တော်မျိုးကြီး သိရှိပါသည်။ ဘုရင်မင်းမြတ်အနီးတွင် အခစားဝင်နေသူ မှူးကြီးမတ်ကြီးများက ကျွန်တော်မျိုးအပေါ် မျက်မှာန်တော်ရှ မည်ကိုလည်း ကျွန်တော်မျိုးကြီး သိထားပါ[illegible]

မျိုး အသက်ဆုံးရှုံးရသည့်တိုင် ဘုရင်မင်းမြတ်၏ ဘိုးတော်အမိန့်ရှိဖူးသလို ကျွန်တော်မျိုးအတွက် 'ဂုဏ်သိက္ခာမှတစ်ပါး အားလုံးဆုံးရှုံးရပြီ'ဟု ဖြေသိမ့်ရပါတော့မည် ရွေနန်းသခင် အရှင်မင်းမြတ်ဘုရား"

ဤကဲ့သို့ မြင့်မြတ်သည့်စိတ်ထားဖြင့် ရိုးရိုးသားသား တင်ပြခဲ့မိသောကြောင့် မွန်ဆေးအား ဖမ်းဆီးလိုက်ပြီး ခံတပ်ကြီးတစ်ခုတွင် ချုပ်နှောင်ထားလိုက်လေသည်။ စစ်ခုံရုံးဥက္ကဋ္ဌအဖြစ် ဂျော်ဒန်အား ခန့်ထားလိုက်ကြ၏။ မာဆေးနားကလည်း ခုံရုံးအဖွဲ့ဝင်အဖြစ် သူမလုပ်ဆောင်သင့်ကြောင်း၊ သူနှင့် နေး ပေါ်တူဂီတွင် မသင့်မတင့်ဖြစ်ဖူး၍ သူနှင့် (သမာသမတ် တိတိကျကျ ဆောင်ရွက်ရမည့်)ခုံရုံးအဖွဲ့ဝင်တာဝန်နှင့် မသင့်တော်ပါကြောင်း မာဆေးနားက လျှောက်လဲခဲ့သေး၏။ သို့သော် မာဆေးနားမှာ သဘောထားကြီးသူတစ်ဦးဖြစ်၍ နေးအမှုတွင် မျက်နှာမလိုက်ဘဲ ဆောင်ရွက်မည်ဟု မိမိတို့ယုံကြည်ကြောင်း ဆုံးဖြတ်၍ အာဏာပိုင်များက မာဆေးနားအား ခုံရုံးအဖွဲ့ဝင်အဖြစ် အတည်ပြုပေးလိုက်ကြ၏။ စစ်ခုံရုံးဖြင့် စစ်ဆေးခံရ၍ မိမိအတွက် မျှော်လင့်ချက်မရှိဟု ယူဆပြီး မိမိအမှုကို အထက်လွှတ်တော်ကသာ စစ်ဆေးပေးပါရန် နေးက လျှောက်ထားခဲ့လေသည်။ စစ်ခုံရုံးကပါ မိမိတို့ နေးအမှုကို စစ်ဆေးပိုင်ခွင့်မရှိပါဟု ဆုံးဖြတ်လိုက်ကြ၍ နေးအမှုကို အထက်လွှတ်တော်က စစ်ဆေးရလေသည်။ ၁၈၁၅ ခုနှစ် ဒီဇင်ဘာလ ၇ ရက်နေ့ သန်းခေါင်ကျော် နံနက် ၂ နာရီတွင် အထက်လွှတ်တော်က နေးအမှုကို မဲခွဲဆုံးဖြတ်ခဲ့၏။ ၁၃၇ ဦးက စစ်သူကြီးနေးအား သေဒဏ်ပေးပါရန် မဲပေး၍ ၁၇ ဦးက ပြည်နှင်ဒဏ်ပေးရန် မဲပေးခဲ့၏။ ၅ ဦးက မဲမပေးဘဲနေပြီး တစ်ဦးက အပြစ်မရှိဟု မဲပေး၏။ အပြစ်မရှိမဲပေးသူမှာ ဒီဘရောဂ်လီ[၁] ဖြစ်လေသည်။ သေဒဏ်မဲပေးသူ ၁၃၇ ဦးအနက် စစ်သူကြီး ၅ ဦးပါဝင်၍ ယင်းတို့မှာ ကဲလာမင်း၊ စီရရား၊ ပဲရစ်နွန်၊ ဗစ်တာနှင့် မာမွန့်တို့ဖြစ်၏။ နောက်တစ်နေ့နံနက်တွင် စစ်သူကြီးနေးအား လက်ဆင်ဘောက် ဥယျာဉ်ထဲတွင် ပစ်သတ်ခဲ့ကြလေသည်။ နေးအား သေဒဏ်ပေးသည့် သတင်းကိုကြားရပြီး ဆွီဒင်ဘုရင် ဘာနာဒုတ် အထူးစိတ်မကောင်းဖြစ်၍ နေး၏သားအား ဆွီဒင်တပ်မတော်တွင် အရာရှိအဖြစ် ခန့်အပ်မည်ဖြစ်ကြောင်း ဘာနဒုတ်က ဖိတ်ခေါ်ခဲ့သေး၏။ ဆိုလ်တ်မှာ ကံကြမ္မာဆိုးနှင့် ပွတ်ကာသီကာ လွတ်လာသူဖြစ်လေသည်။ ဝါတာလူးတိုက်ပွဲအပြီး ဆိုလ်တ်သည် မိမိ၏ဇာတိရပ်မြေ[၂]သို့ ပြန်ပြေးလာရ၏။ သို့သော် ၁၈၁၃–၁၄ ခုနှစ်က ပိုင်ရဲနီစ်မှ တိုလူစ်သို့ မိမိတို့ ဆုတ်ခွာခဲ့ရသည့် လမ်းကြောင်းကို မဖြတ်မိအောင် အထူးသတိထားရ၏။ ထိုဒေသက ကျေးရွာများမှာ နပိုလီယံတပ်နှင့် ဝယ်လင်တန်မြို့စား

ကြီးတပ်များ တိုက်ခိုက်ရာတွင် မြေစာပင်ဖြစ်သည့် မိမိတို့ဥယျာဉ်ခြံမြေများ၊ ကောက်ပဲသီးနှံများ ပျက်စီးဆုံးပါးရ၍ စစ်သား စစ်ဗိုလ်များကို စိတ်နာနေသူများ ဖြစ်၏။ ထိုဒေသကိုဖြတ်မိလျှင် ဆိုလ်တ် အသက်နှင့်ကိုယ် အိုးစားကွဲရတော့မည် မုချဖြစ်လေသည်။ ထို့ကြောင့် ဆိုလ်တ်သည် တောသူတောင်သားလို ရုပ်ဖျက်ပြီး ဆိုလ်တ်ဘက်[၁] သို့ ပြန်ခဲ့ရလေသည်။

ဘိုဘွန်နောက်လိုက်နောက်ပါများကပါ ဆိုလ်တ်အား လိုက်လံရှာဖွေနေကြောင်း ဆိုလ်တ်အား တွေ့ရှိပါက သေဒဏ်ပေးမှာ သေချာကြောင်း အင်္ဂလိပ်စစ်ဗိုလ်ချုပ်တစ်ဦး[၂]က ဆိုလ်တ်အား သတိပေးလိုက်၍ ဆိုလ်တ် အချိန်အတော်ကြာ ရုပ်ဖျက် ရှောင်တိမ်းနေခဲ့ရလေသည်။ ဒုတိယ အာဏာပြန်ရချိန်[၃]တွင် ထင်ရှားသည့်စစ်သူကြီးနှစ်ဦးမှာ မက်ဒေါနယ်နှင့် စိန့်စီယာတို့ ဖြစ်လေသည်။ နပိုလီယံ စစ်ရှုံးပြီးနောက် ဒိုးသည် ပြင်သစ်တပ်တော်ကို ဦးစီးချီတက်ခဲ့၍ လွိုင်ယာမြစ်ကိုဖြတ်ကာ တပ်တော်ကို မက်ဒေါနယ်အား လွှဲပေးလိုက်၏။ ထိုအချိန်က ပါရီမြို့တော်ဘုရင်ခံမှာ မာဆေးနားဖြစ်ပြီး မာဆေးနားက သူ့တာဝန်ကို စိန့်စီယာအား လွှဲပေးခဲ့လေသည်။ နောက်ပိုင်းတွင် စိန့်စီယာက စစ်ဝန်ကြီးဖြစ်လာ၍ ပြင်သစ်တပ်မတော် ဖျက်သိမ်းရန် အမိန့်ထုတ်ပြန်၍ ထိုစဉ်က စစ်သေနာပတိချုပ် မက်ဒေါနယ်က ထိုအမိန့်ကို အကောင်အထည်ဖော်ရလေသည်။ တပ်မတော် ဖျက်သိမ်းရာ၌ မက်ဒေါနယ်သည် အထူးလိမ္မာပါးနပ်စွာ လုပ်ဆောင်ခဲ့သည်ကို တွေ့ရပါသည်။ အဖမ်းအဆီးခံရမည့်သူများအား တစ်ဖက်လှည့်ဖြင့် သတိပေးခြင်း၊ ဖမ်းဆီးရန်သွားသူများ နှောင့်နှေးအောင် အမျိုးမျိုး အတားအဆီးများ ချထားခြင်း၊ အမှုစွဲဆိုမည့်ကိစ္စများတွင် အမှုမတင်ဖြစ်အောင် အမျိုးမျိုး လုပ်ဆောင်ခဲ့၍ ပြင်သစ်အရာရှိများ၊ အခြားအဆင့်များ များစွာသက်သာရာရခဲ့လေသည်။ ကြီးသည့်အမှုများ ငယ်သွား၍ ငယ်သည့်အမှုများ ပပျောက်သွားအောင် လုပ်ဆောင်ပေးမှုကြောင့် မက်ဒေါနယ်အား တပ်မတော်တစ်ခုလုံးက များစွာ ကျေးဇူးတင်ရှိကြလေသည်။

ဒိုးကလည်း ဘိုဘွန်များထံမှ ဘာရာထူးမှ ယူထားသူမဟုတ်ဘဲ ဘိုဘွန်ဘုရင်များနှင့် ဘာကျေးဇူးခံကျေးဇူးစားမှု မရှိသော လူလွတ်တစ်ဦးအနေဖြင့် စစ်ဝန်ကြီး စိန့်စီယာထံသို့ ဤသို့စာရေးသားခဲ့လေသည်။ 'ရက်ပေါင်း ၁၀၀ အတွင်းက ပြင်သစ်တပ်မတော်အရာရှိများသည် မိမိ(စစ်ဝန်ကြီး)အမိန့်များကို လိုက်နာလုပ်ဆောင်ကြခြင်းသာဖြစ်၍ သူတို့တွင် ဘာအပြစ်မှမရှိကြောင်း။ ထို့

၁။ Soultberg

၂။ Gen Robert Wilson

၃။ The second Restoration

ကြောင့် ဗိုလ်ချုပ် အိတ်ဆယ်မဲင်းအပါအဝင် အရာရှိကြီး ၈ ဦးအတွက် မိမိကိုသာ တရားစီရင်အပြစ်ပေးရန် ' ဒုပိုးက စာရေးခဲ့သေး၏။ အဆိုပါ ဗိုလ်ချုပ် ၈ ဦးမှာ သေဒဏ်စီရင်ခြင်းခံထားရသူများ ဖြစ်လေသည်။ ဒုပိုး၏ ဤကဲ့သို့တာဝန်ယူရဲသော စိတ္တသတ္တိကို မည်သူမျှ မချီးကျူးမနေနိုင်ပေ။ တကယ့်အာဇာနည်ယောက်ျားမြတ် ပေတည်း။ သို့သော် သူအဆိုပြုချက်ကို ဘိုဘွန်များက ပယ်ချလိုက်ကြလေသည်။

ရက်ပေါင်း ၁၀၀ အတွင်းက မည်သည့်အရာရှိကို မည်သို့အရေးယူရမည်ကို စုံစမ်းစစ်ဆေးရန် စစ်သူကြီးဗစ်တာအား တာဝန်ပေးထား၏။ ဗစ်တာက ဤတာဝန်ကို ဝမ်းပန်းတသာ ထမ်းဆောင်ခဲ့သည်ကို တွေ့ရ၏။ အထူးသဖြင့် သူ့ရဲဘော်ဟောင်းများ၊ ငယ်ပေါင်းကြီးဖော်များကို ဗစ်တာက မညှာမတာ အရေးယူခဲ့သည်ကို တွေ့ရ၏။ ၁၈၁၆ ခုနှစ် နှစ်ဆန်း(၁)ရက်နေ့တွင် ကိုယ်ရံတော်တပ် အသစ်စတင်ဖွဲ့စည်း၏။ မာမွန့်၊ ဗစ်တာ၊ အော်ဒီနော့၊ မက်ဒေါ်နယ်တို့က ၄ လစီ အလှည့်ကျ ကိုယ်ရံတော်တပ်ကို အုပ်ချုပ်ရလေသည်။ အော်ဒီနော့နှင့် မက်ဒေါ်နယ်သည် ဘိုဘွန်များနှင့် အလွန်ပြေလည်နေပြီး မကြာမီ နှစ်ဦးစလုံး ဘိုဘွန်တို့အချစ်တော်များ ဖြစ်လာကြ၏။ မက်ဒေါ်နယ်က ဗိုက်ချုပ်ကြီး ဒရော အွတ်ိ အမှုတွင် တရားခံဘက်မှ သိသိသာသာ ဖေးဖေးမမ ထွက်ဆိုသည့်တိုင် ဘိုဘွန်များက မက်ဒေါ်နယ်ကို လေးစားမှုမပျက်ခဲ့ချေ။ စိန့်စီယာသည် စစ်ဝန်ကြီးတာဝန် ထမ်းဆောင်နေရာမှ မည်သူမျှ မမျှော်လင့်ဘဲ ရာထူးမှ နုတ်ထွက်ပစ်လိုက်၏။ ပြင်သစ်နယ်မြေကို တိုင်းတစ်ပါးအား ပေးပစ်ရန်အဆိုပြုသည့် အစိုးရ၏ အမှုတော်ကို မထမ်းနိုင်ဟုဆိုကာ ရာထူးမှ စိန့်စီယာ နုတ်ထွက်ခဲ့ခြင်းဖြစ်လေသည်။ ၁၈၁၆ ခုနှစ် ဖွန်လထဲတွင် ဩဂျရိုး ကွယ်လွန်ခဲ့လေသည်။ သူ့နေအိမ်တွင်ပင် ကွယ်လွန်ခဲ့ခြင်းဖြစ်၏။ ဓားဘုရင် ဩဂျရိုးသည် တကယ့်ကျဉ်းထဲကျပ်ထဲတွင် မကြာခဏ ဘက်ပြောင်းခဲ့သူဖြစ်သည်။ မီးစင်ကြည့်၍ အကများသွားသဖြင့် နောက်ဆုံးနေ့များတွင် သူ့ကို မည်သူကမျှ မယုံကြည်တော့ချေ။ နောက်တစ်နှစ် မပြည့်မီ (၁၈၁၇ ခုနှစ် ဧပြီလ ၄ ရက်နေ့တွင်) စစ်သူကြီး မာဆေးနား ကွယ်လွန်ခဲ့လေသည်။ သူ့စစ်သက်တမ်းတစ်လျှောက်လုံး ငွေများလုယက်စုဆောင်းခြင်း၊ သိမ်းဆည်းထားမှုများကြောင့် စစ်သူကြီး မာဆေးနား သေသည့်အခါတွင် ဖရန့်ဒင်္ဂါး သန်း ၄၀ စုဆောင်းပြီးရှိသည်ကို တွေ့ကြရလေသည်။ မာဆေးနား မကွယ်လွန်မီ စစ်သူကြီးဆိုလ်တ်အိမ်၌ ဗြိတိသျှဗိုလ်ချုပ်ကြီး ဝယ်လင်တန်မြို့စားကြီးနှင့် မာဆေးနား တွေ့ဆုံသွားခဲ့ရ၏။ ပေါ်တူဂီတွင် တစ်ဦးနှင့်တစ်ဦး အလစ်မပေးဘဲ စစ်ဆင်ခဲ့ကြပုံများကို ကမ္ဘာ့ထိပ်သီး စစ်ခေါင်းဆောင်ကြီးနှစ်ဦး ပြန်

ပြောင်း စားမြုံ့ပြန်ခဲ့ကြသေး၏။ မာမွန့်မှာ အငြိမ်မနေနိုင်သူဖြစ်၏။ တစ်ခုခု တည်ဆောက်နေရမှ၊ ပုံစံဆွဲနေရမှ၊ ဖွဲ့စည်း စည်းရုံးနေရမှ နေတတ်သူဖြစ်၏။ ၁၈၀၆ ခုနှစ်က မာမွန့်သည် တောင်သူလယ်သမားအဖြစ် စိုက်ပျိုးမွေးမြူနည်းများ အမျိုးမျိုး စပ်းသပ်နေခဲ့လေသည်။ မွေးမြူရေးတွင် မာမွန့် တီထွင်မှုနှစ်ပြု လုပ်ခဲ့၏။ အိုးအိမ်တည်ဆောက်လုပ်ရာ၌ သုံးဆင့်အိမ်များ ဆောက်လုပ်ခြင်းနှင့် ဆောင်းတွင်းတွင် သိုးငယ်များအား ဝတ်ဆင်ခြုံပေးရန် သိုးဝတ်စုံများ ချုပ်လုပ်ပေးခြင်းဖြစ်လေသည်။ သို့သော် စိုက်ပျိုးမွေးမြူရေးက ငွေများများမရဘဲ အရှုံးပေါ်နေသဖြင့် စိုက်ပျိုးရေးဆက်မလုပ်ဘဲ သူကျွမ်းကျင်သည့် ဘိုနာပတ်ဝါဒ မည်သည့်နေရာတွင်မျှ ခေါင်းထောင်မထလာနိုင်အောင် နည်းအမျိုးမျိုးသုံး၍ နှိမ်နင်းခဲ့လေသည်။ ၁၈၁၈ ခုနှစ်တွင် ဘေရသမြောက် ဆွီဒင်ဘုရင် ချားစ် နတ်ရွာစံ၍ အိမ်ရှေ့စံ ဘာနာဒုတ် ဆွီဒင်ဘုရင် ဖြစ်လာခဲ့လေသည်။ ၁၈၁၈ ခုနှစ် မေလ ၁၁ ရက်နေ့တွင် တစ်ကြိမ်က အရာခံဗိုလ်ဖြစ်ခဲ့သူ ဘာနာဒုတ်အား အပ်ဆာလာဘုန်းတော်ကြီး[၁]က ဘိသိက်သွန်းပေး၍ ဘာနာဒုတ် ဆွီဒင်ဘုရင် ချားစ်၁၄ အဖြစ် ဆွီဒင်ထီးနန်း တက်ခဲ့လေသည်။

ပဲရစ်မွန်က ၁၈၁၈ ခုနှစ် ခရစ်စမတ်နေ့တွင် ကွယ်လွန်၍ နောက်တစ်နှစ် ခန့်အကြာတွင် စီရုရား ကွယ်လွန်ခဲ့၏။ ၁၈၁၉ ခုနှစ်တွင် ဘိုဘွန်တို့ ပေါ်လစီ ပြောင်းကြရ၏။ ပြင်သစ်စစ်ခေါင်းဆောင်များသည် ကမ္ဘာပေါ်မှာပင် ထူးချွန်သူများဖြစ်၍ ယင်းစစ်ခေါင်းဆောင်များအား ထာဝစဉ် ဖိနှိပ်ချုပ်ချယ်မထားသင့်ဟု ဘိုဘွန်များကိုယ်တိုင် မြင်လာကြ၏။ ထို့ကြောင့် ၁၈၁၉ ခုနှစ်တွင် အထွေထွေ လွတ်ငြိမ်းချမ်းသာခွင့်အမိန့် ထုတ်ပြန်ပေးရပြီး စစ်သူကြီးများ၊ ဗိုလ်ချုပ်ကြီးများသည် သူတို့ရရှိထားသော ရဲတိုက်ကြီးများ၊ စံအိမ်များ၊ မြေများ၊ ဂုဏ်ထူးဘွဲ့ထူးများ အားလုံး ပြန်လည်ရရှိခဲ့ကြလေသည်။ စိန့်စီယာက အတင်းအကျပ်တိုက်တွန်းသော ကြောင့် ဒါမေရှာမြို့စားကြီး ဆို့လ်တ်အား သူ့ရာထူး ဘွဲ့ထူးများ ပြန်လည်ပေးခဲ့ ရ၏။ စစ်ဗိုလ်တစ်ဦးက ဆို့လ်တ်နှင့် မိတ်ဆက်ပေးရန် အရာရှိတစ်ဦးအား "သူက ဝါတာလူးက ရဲဘော်ဟောင်းတစ်ဦးပါ"ဟု ပြောဆိုမိတ်ဆက်ရာ ဆို့လ်တ် က "ဝါတာလူးက ငါ့ရဲဘော်ကတော့ စစ်သူကြီးနေးပဲ တခြားရဲဘော်တော့ ငါမသိပါဘူး"ဟု ပြန်ပြောခဲ့၏။ စစ်သားအိုကြီး လဖေးဗားက သူ့ဇနီးသည် အဝတ်လျှော်သည်မကြီးနှင့် ကွမ်ဘောလ်တ်[၂]ရှိ သူ့နေအိမ်တွင် အနားယူခဲ့ပြီး စစ်သည်ဟောင်းများ၊ ရဲဘော်ဟောင်းများကို သူတို့တတ်အားသမျှ အကူအညီ အမျိုးမျိုးပေးခဲ့ကြလေသည်။ လဖေးဗားက သူမကွယ်လွန်မီ သူ့သချိုင်းသူ ရွေး

---

၁။ Arch Bishop of Upsala

သွား၏။ သူကွယ်လွန်လျှင် ပယ်လာချိုက်စ်[၁] ဒေသရှိ စစ်သူကြီးမာဆေးနား၊ ပဲရစ်ဇွန်၊ စီရုရားတို့နံဘေးတွင် မြှုပ်နှံသင်္ဂြိုဟ်ရန် လဖေးဗား က ကျန်ရစ်သူများအား ညွှန်ကြားခဲ့လေသည်။ ဗလ်မီမြို့စား ကဲလာမဲင်းက ၁၈၂၈ ခုနှစ် စက်တင်ဘာလ ၁၂ ရက်နေ့၌ ကွယ်လွန်၍ နောက်နှစ်ရက်အကြာတွင် လဖေးဗား ကွယ်လွန်ခဲ့လေသည်။ ဆူရျေးက ပါရီတွင်ပင် အေးအေးဆေးဆေး နေထိုင်သွား၍ မကြာခဏ သူ့နေအိမ်တွင် ဧည့်သည်များဖိတ်ကြား၍ တီးဝိုင်းဖြင့် ဖျော်ဖြေခဲ့၏။

၁၈၂၁ ခုနှစ် မေလ ၅ ရက်နေ့တွင် ကေရာဇ်ဘုရင် နပိုလီယံ နတ်ရွာစံခဲ့လေသည်။ သူကံမကုန်မီ ဤသို့ပြောကြားသွားသည်ဟု သိကြရ၏။ "ငါ သူ့ရဲ့ကောင်းကြီးတွေနဲ့ အယ်လီရှန်ကွင်း[၂]မှာ တွေ့ရတော့မယ်။ ကလဲဗား၊ ဒီဇိုင်း၊ ဘက်ဆီယာ၊ ဒူးရော့၊ နေး၊ မြူရတ်၊ မာဆေးနား၊ ဘာသီယာတို့နဲ့ ပြန်တွေ့ရတော့မယ်"ဟု နပိုလီယံက သူ၏သေတမ်းစာတွင် ဤသို့ရေးသွားခဲ့၏။ "မာမွန့်၊ ဩဂျရိုး၊ တေလီရောင်း၊ လဖေယက်တို့ သစ္စာဖောက်ကြလို့ ငါဆုံးရှုံးခဲ့ရခြင်းဖြစ်သည်"

၁၈၂၃ ခုနှစ် စပိန်နိုင်ငံတွင် ဆူဆူပူပူဖြစ်လာပြန်၏။ လစ်ဘရယ်ပါတီဝင်များ အာဏာရလာ၍ သူတို့ဖွဲ့စည်းပုံ အခြေခံဥပဒေအသစ်၊ သူတို့ဘုရင်စနစ် အပေါ်ထားရှိသည့် သဘောထားကို ဥရောပရှိ အခြားနိုင်ငံများက လန့်လာကြ၏။ သူတို့အယူအဆများ ဥရောပအခြားနိုင်ငံများသို့ ပြန့်ပွားမသွားမီ နှိမ်နင်းပစ်ရမည်ဟု ဘုရင်စနစ်ကို လိုလားသူများက ဆုံးဖြတ်လိုက်ကြ၏။ ဗစ်တာက စစ်ဝန်ကြီးဖြစ်၏။ သူ့လုပ်ပုံကိုင်ပုံ ဟန်မကျ၍ မာမွန့်အား အပြင်းအထန်ဝေဖန်အပြစ်တင်ခဲ့၏။ စပိန်သို့ ပြင်သစ်တပ်တော်တစ်ခု စေလွှတ်ရမည်ဖြစ်ရာ ခြေလျင်စစ်သည်တစ်ဦးမှာ ကျည်ဆန် ၈၀၀ ယူဆောင်ရမည်ဟု ဗစ်တာက အမိန့်ထုတ်၏။ ခြေလျင်တပ်အကြောင်း ဘာမှမသိဘဲ ထုတ်ပြန်ခဲ့သည့်အမိန့်ဖြစ်၏။ "ကျည်ဆန် ၆၀ သယ်နိုင်ရင် ကံကောင်းပေါ့ကွာ။ ၈၀၀ မပြောပါနဲ့ ၆၀ သယ်နိုင်ရင် ကံကောင်းတယ်အောက်မေ့ပါ။ ဒါလောက်တောင် သယ်နိုင်မယ် ငါတော့မထင်ဘူး"ဟု မာမွန့်က ပြောခဲ့၏။ စပိန်တပ်တော်မှူးအဖြစ် ဘုရင့်ဆွေတော်မျိုးတော်တစ်ဦးဖြစ်သူ အင်ဂိုလမ်မြို့စားကြီးအား တာဝန်ပေးခဲ့၏။ ဘုရင့်ဆွေတော်မျိုးတော်ဖြစ်၍ အော်ဒီနော့နှင့် မွန်ဆေးတို့အား စစ်ဘက်အကြံပေးအဖြစ် စပိန်တပ်တော်တွင် တာဝန်ပေးအပ်ခဲ့လေသည်။ ယခု စပိန်တွင် တိုက်ရသည့်စစ်မှာ ၁၈၀၈–၁၄ ခုနှစ်က စစ်နှင့် လုံးဝခြားနား၏။ လူထုအုံကြွမှုမရှိ၊ ချောင်းမြောင်းသတ်ဖြတ်ခြင်း၊ နှိပ်စက်ကလူပြုခြင်းများ မရှိပါ။

---

Elysian Fields

စပိန်လူထုက ၁၈၀၈–၁၄ ခုနှစ်က စပိန်ပြောက်ကျားစစ်ကို လုံးဝမေ့ပစ်လိုက်ပုံရ၏။ ယခု လူထုက ပြင်သစ်တပ်တော်ကို ကြိုဆိုကြ၏။ မကြာမီ ပြင်သစ်(စပိန်)တပ်တော်က မဲဒရစ်ကို သိမ်းပိုက်၍ ထရိုကာဒေရို[၁] တွင် အဆုံးအဖြတ်ပေးနိုင်သော တိုက်ပွဲတွင် ပြင်သစ်တို့က အောင်နိုင်လိုက်၍ စစ်ပြီးသွားပြီ။ သို့သော် ပြင်သစ်(စပိန်)တပ်တော်အမျိုးမျိုး နာမည်ပျက်လာ၍ စုံစမ်းရေးကော်မရှင်ဖွဲ့ စစ်ဆေးရာ ကော်မရှင်ဥက္ကဋ္ဌအဖြစ် မက်ဒေါနယ်က ဆောင်ရွက်ရ၏။ မက်ဒေါနယ်က မြို့စားကြီး အင်ဂိုလမ်အုပ်ချုပ်ပုံ အသုံးမကျပုံ အရာရှိများ လာဘ်စားကြပုံများကို မထောက်မညှာ အစီရင်ခံစာတွင် ဖော်ပြခဲ့၍ မြို့စားကြီးက မက်ဒေါနယ်အား လုံးဝခွင့်မလွှတ်တော့ချေ။ ၁၈၂၃ ခုနှစ်တွင် ဒဗိုးကွယ်လွန်၏။ လွတ်ငြိမ်းချမ်းသာခွင့်ရပြီးသည်မှ ဒဗိုးသည် တောနယ်ရှိ သူ့အိမ်တွင်သာ တစ်ဦးတည်းနေထိုင်ခဲ့၏။ ဒဗိုးသည် တစ်ကြိမ်တစ်ခါမှ ကြူလဲရီသို့ သွားရောက်၍ ဘိုဘွန်ထံ အခစားမဝင်ခဲ့ချေ။ ချစ်လုံးလုံး မုန်းလျားလျား လူစားမျိုးတည်း။ သူ့ကံကြမ္မာကိုက တစ်ဦးတည်း တစ်ယောက်တည်း လုပ်ကိုင်သွားရန် ဖန်တီးလာသည်ထင်ရ၏။ ဒဗိုးသေဆုံးသည့်အခါတွင်လည်း သူနေထိုင်စဉ်ကကဲ့သို့ပင် အထီးတည်းမဟုတ်ရုံမမယ်သာဖြစ်၏။ အလွန်ရင်းနှီးသည့် အရာရှိတစ်စုသာ အက်မူးလ်မင်းသားကြီး ဩစတာဒတ်မြို့စား စစ်သူကြီး ဒဗိုး[၂] အသုဘကို လိုက်ပို့ကြလေသည်။ ရုပ်ကလာပ်ကို ပယ်လာချိုက်စ်ရှိ မာဆေးနားနှင့် နေးတို့ သင်္ချိုင်းဂူနံဘေးတွင် သဂြိုဟ် မြှုပ်နှံလိုက်ကြလေသည်။ အလွန်တည်ကြည်ဖြောင့်မှန်၍ မှုနှင့်ပတ်သက်လာလျှင် တစ်ရွေးသားမျှ လျှော့မပေးသည့် စစ်သူကြီးဒဗိုး ဇာတ်သိမ်းခဲ့ပါပြီ။ ၁၈၂၆ ခုနှစ်တွင် ဆူချေး အနိစ္စရောက်ခဲ့၍ မာမွန့်က သူ့ဘဝ၏ နောက်ဆုံးအရေးကြီးသည့် တာဝန်ကို ထိုနှစ်ထဲတွင် စတင်ထမ်းဆောင်ရ၏။

ဇာဘုရင်နီကိုလတ်စ် ဘိသိက်ခံပွဲသို့ ပြင်သစ်ဘုရင်ကိုယ်စား တက်ရောက်ရန် မာမွန့်သည် သံအမတ်ကြီးရာထူးဖြင့် ပီတာစ်ဘက်သို့ စေလွှတ်ခြင်းခံခဲ့ရ၏။ သူ ပီတာစ်ဘက်သို့အသွား ဘိသိက်ပွဲမှပြန်လာသည့် ဝယ်လင်တန်မြို့စားကြီးနှင့် မာမွန့် လမ်းတွင်တွေ့ဆုံ၍ စကားပြောခဲ့ရသေး၏။ ဘိသိက်ပွဲတက်ရောက်ပြီး မာမွန့်သည် ဘိုရိုဒီနို စစ်တလင်းနေရာကို သွားရောက်ကြည့်ရှုခဲ့သေး၏။ မာမွန့်သည် ရုရှသို့ ပထမဆုံးအကြိမ် ရောက်ဖူးခြင်းဖြစ်၏။ ဘိုရိုဒီနို စစ်တလင်းသို့ သွားရောက် လေ့လာရာ၌ မြို့စား ဖိလစ်ဒီဆီဂူအာ ရေးသားခဲ့သော ဘိုရိုဒီနိုတိုက်ပွဲစာအုပ် စွဲကိုင်၍ လေ့လာခဲ့ခြင်းဖြစ်၏။ ယင်းစာအုပ်မှာ တိုက်ပွဲနှင့်ပတ်သက်၍

၁။ Trocadero

၂။ Marshal Prince of Eckmuhl

အလွန် တိတိကျကျ သရုပ်ဖော်အောင် ရေးသားထားသည့်စာအုပ် ဖြစ်လေသည်။ တောင်ကုန်းကြီး (GREAT REDOUBT)၊ ဆိမ်မိနိုစကွိုင်ကျေးရွာတို့ကို မာမွန့် တွေ့ခဲ့ရပြီး ယင်းစစ်မြေမှ စမိုးလင်းအထိ ပြင်သစ်တပ်တော်မဟာ ဆုတ်ခွာလာရာ လမ်းကြောင်းအတိုင်း မာမွန့် လိုက်လာခဲ့၏။ ဘိုရီဆော့ဗ် မြစ်ကူးတံတားနေရာ၊ အော်ဒီနော့နှင့် သူ့လူ ၈၀၀၀၀ က ရုရှ ၅၀၀၀၀ လန်သွားအောင် တိုက်ခိုက်ခဲ့သည့် နေရာများ၊ ဘယ်ရီဆီနာမြစ်တံတားကို ကူးဖြတ်သည့်နေရာများကိုပါ မာမွန့် လေ့လာခဲ့လေသည်။ ၁၈၂၆ ခုနှစ်ထဲမှာပင် ဆို့လ်တ်နှင့်တကွ စစ်သူကြီးအချို့ ပြန်လည် နာမည်ထင်ရှားလာသည်ကို တွေ့ရ၏။ ဩစတြီးယားအစိုးရက ဩစတြီးယားနယ်မြေ၊ အီတလီနယ်မြေတို့ အမည်များနှင့် မြို့စားရာထူး ခန့်အပ်ထားခြင်းများကို အသိအမှတ်မပြုနိုင်ကြောင်း ကြေညာလိုက်၏။ ကြေညာချက်ထုတ်ပြန်ပြီး ပါရီမြို့တော်တွင် ကျင်းပသည့် ဩစတြီးယားသံအမတ်ကြီး၏ ညှိခံပွဲသို့ စစ်သူကြီး ဆို့လ်တ်၊ မော်တီယာ၊ မာမွန့်၊ အော်ဒီနော့၊ ဖက်ဒေါ်နယ်တို့ တက်ရောက်လာကြ၏။ ခန်းမတွင် အော်ဟစ်ကြေညာသူက ဒါမေရှား၊ ထရက်ဗီဆို၊ ရာဂူဆာမြို့စားကြီး စသည်ဖြင့် ကြေညာရမည့်အစား စစ်သူကြီးဟူ၍သာ ကြေညာသွားသဖြင့် ပြင်သစ်စစ်သူကြီးများအား မထီလေးစား စော်ကားသလို ဖြစ်သွား၏။ ပြင်သစ်လူထုကပါ သူတို့စစ်သူကြီးများအား စော်ကားခြင်းသည် ပြင်သစ်တပ်မတော်ကို စော်ကားခြင်းဟုယူဆပြီး မခံမရပ်နိုင် ဖြစ်တော့၏။ နေ့ချင်းညချင်း စစ်သူကြီးများသည် သူရဲကောင်းများ ဖြစ်လာကြတော့၏။ ဗစ်တာဟူဂိုကလည်း အထက်ဖော်ပြပါ ညှိခံပွဲအပြီးတွင် သူ့စာအုပ်ကို ထုတ်ဝေလိုက်ရာ ပြင်သစ်လူထုက ဝမ်းမြောက်စွာ ကြိုဆိုဖတ်ရှုကြ၏။ နောက်တစ်ကြိမ် ဩစတြီးယားသံရုံး ညှိခံပွဲသို့ မည်သည့်ပြင်သစ်အမျိုးသားမှ မတက်ရောက်သဖြင့် ဩစတြီးယားအစိုးရက တစ်ပတ်ပြန်လျှော့ပေးရ၏။ သို့သော် ဩစတြီးယားအစိုးရရော စစ်သူကြီးဆို့လ်တ်ပါ မျက်နှာမပျက်ရအောင် စီစဉ်ပေးခဲ့ခြင်း ဖြစ်လေသည်။ စစ်သူကြီး ဆို့လ်တ်အား ဒါမေရှားမြို့စားကြီးအစား ဆို့လ်တ်–ဩစတာလစ်မြို့စားကြီးဟု ဩစတြီးယားအစိုးရက ဘွဲ့ထူးပေးအပ်ချီးမြှင့်လိုက်၏။ ဆို့လ်တ်သည် ယခင်က ဤကဲ့သို့ အမည်နှင့် ဩစတာလစ်တိုက်ပွဲကိုတွဲ၍ မှည့်ခေါ်သည့် ဘွဲ့ထူးကို အလွန်ပင်လိုချင်ခဲ့၏။ ယခု သူ ဩစတြီးယားအစိုးရက ပေးအပ်ချီးမြှင့်သည့် ဘွဲ့ထူးကို ဂရုမစိုက်တော့ပါ။ ဩစတာလစ်ဘွဲ့ထူး သူ့ကိုချီးမြှင့်နိုင်သူသည် လွန်ခဲ့သည့် ၆ နှစ်လောက်က နတ်ရွာစံ ကံတော်ကုန်ခဲ့ပြီမဟုတ်လော။

၁၈၃၀ ပြည့်နှစ်တွင် ဘိုဘွန်ဘုရင်များ ပြင်သစ်နိုင်ငံမှ နောက်တစ်ကြိမ် [illegible] န်ရေးတစ်ရပ် ဖြစ်ပွား၍ ပြေးခဲ့ရခြင်း

ဖြစ်၏။ ရာဂူဆာမြို့စားကြီး စစ်သူကြီးမာမွန့် အနားယူနေရာမှ ၁သသမချောက် ချားစ်[၁]ဘုရင်က ခေါ်ယူ၍ ပါရီဘုရင်ခံ ခန့်ထားခဲ့၏။ တော်လှန်ရေးတွင် မာမွန့် က ဘိုဘွန်ဘုရင်များအား သစ္စာရှိစွာဖြင့် ဆွစ်ကိုယ်ရံတော်တပ်ကို ဦးစီးကာ ကြူလဲရီနန်းတော်နှင့် လူဗာ[၂]တို့ကို ကာကွယ်ပါသေး၏။ သို့သော် လူထုနှင့် တော်လှန်ရေးသမားများက အင်အားများပြားလှသဖြင့် မာမွန့်ပါ ပြင်သစ်နိုင်ငံကို စွန့်ခွာထွက်ပြေးရလေသည်။ တော်လှန်ရေးဖြစ်ချိန်တွင် ဆိုလ်တ်သည် အလ်ဘီ[၃] ဒေသ မိမိနေအိမ်တွင် အနားယူနေချိန်ဖြစ်၏။ ဌာနအကြီးအကဲတစ်ဦးက ဆိုလ်တ် အား အကြံဉာဏ်တောင်းရာ "ငါ ဘာအကြံမှပေးစရာမရှိဘူးလို့ ပြောလိုက်စမ်း။ ဒီအချိန်ကစပြီး စစ်သူကြီးဆိုလ်တ်ဟာ ဓားထုတ်ပြီး ဓားအိမ်ကိုပါ လွှင့်ပစ်လိုက်ပြီ လို့ ပြောလိုက်စမ်း"ဟု ဆိုလ်တ်က ပြန်ပြောခဲ့လေသည်။ ဆိုလ်တ် ပါရီသို့ လာခဲ့ပြီး ယာယီအစိုးရက သူ့ကို ကြိုက်သလိုအသုံးပြုပါဟု အပ်နှံလိုက်၏။ မကြာမီ စစ်သူကြီးဆိုလ်တ် စစ်ဝန်ကြီး ဖြစ်လာခဲ့လေသည်။ စစ်ဝန်ကြီးအဖြစ်ဖြင့် ဆိုလ်တ်သည် ပြင်သစ်တပ်မတော် ပြန်လည်ဖွဲ့စည်းရေးအတွက် တစ်နေ့ ၁၈ နာရီ အလုပ်လုပ်ခဲ့လေသည်။မာမွန့်က ပြင်သစ်မှ ထွက်ပြေးခဲ့ပြီး လန်ဒန်တွင် ဝင်ရောက် ခိုလှုံနေ၏။ သူ လန်ဒန်မှာရှိစဉ် ဝယ်လင်တန်မြို့စားကြီး မာမွန့်ထံလာလည်ပြီး ဝူးဝစ်လက်နက်တိုက်[၄]ကို မာမွန့်အား လိုက်ပြ၏။ တရားဝင်လာရောက် စစ်ဆေး ကြည့်ရှုခြင်းမဟုတ်သော်လည်း ဗြိတိသျှတပ်များက စစ်သူကြီးမာမွန့်အား အခမ်း အနား စစ်ရေးပြဖြင့် ကြိုဆိုသဖြင့် မာမွန့် အံ့ဩဝမ်းမြောက်နေ၏။ ယင်းစစ်ရေးပြ၌ သူ ဒဏ်ရာရအောင် ပစ်ခတ်ခဲ့သည့် အမြောက်တပ်မှ တပ်ကြပ်ကို ကံအားလျော်စွာ ထပ်မံတွေ့ခဲ့ရလေသည်။ ယခု ယင်းတပ်ကြပ်မှာ လက်နက်စတို အဆောက် အအုံတစ်ခုကို တာဝန်ယူနေရပြီး ဝါတာလူးတိုက်ပွဲမှ ဒဏ်ရာကြောင့် လက် တစ်ဖက် ဖြတ်ထားရလေပြီ။ "အေး... ရဲဘော်ရေ တို့တွေမှာ ကိုယ့်အလှည့်နဲ့ ကိုယ်ပဲပေါ့"ဟု မာမွန့်က တပ်ကြပ်အား ပြောခဲ့လေသည်။ လန်ဒန်မှ မာမွန့် ဗီယာနာရောက်သွားရာ ယင်းမြို့တော်၌ ရိုက်ရှတက်မြို့စား[၅]ဆိုသူ လူငယ်တစ်ဦး ကို တွေ့ခဲ့ရ၏။ တစ်ကြိမ်က လူငယ်မှာ ရောမမြို့တော်ဘုရင်လေးဖြစ်၍ သူ (မာမွန့်)က သစ္စာမဖောက်ပါက ပြင်သစ်ဧကရာဇ်ဘုရင် ဖြစ်လာမည့် နပိုလီယံ ဘိုနာပတ်၏သားတော်တည်း။ ၁၈၃၀ ပြည့်နှစ်တွင် ဂူဗီယွန်စိန့်ဗီယာပိုက်ရေ ကွယ်လွန်ခဲ့လေသည်။

---

၁။ Charles X
၂။ Tuileries and the Louvre
၃။ Albi
၄။ Woolwich Arsenal
၅။ Duke of Reichstadt

မက်ဒေါ်နယ်က ၆၅ နှစ်ရှိပြီး ဒူလာရောဂါက မခံမရပ်နိုင်အောင် ကိုက်ခဲနာကျင်နေပြီ။ ထိုနှစ်မှာပင် ဘွဲ့ထူးဂုဏ်ထူးပေးရေးအဖွဲ့ ဥက္ကဋ္ဌ[1] ရာထူးမှ မက်ဒေါ်နယ် နုတ်ထွက်လိုက်၍ ယင်းဥက္ကဋ္ဌရာထူးကို မော်တီယာက လက်ခံခဲ့လေသည်။ ၁၈၃၂ ခုနှစ်၌ လူဝီဖိလစ်ဘုရင်က စစ်သူကြီးဆိုလ်တ်အား ပြင်သစ်ဝန်ကြီးချုပ်အဖြစ် ခန့်အပ်ခဲ့လေသည်။ ဆိုလ်တ် ၂ နှစ် ဝန်ကြီးချုပ်အဖြစ် တာဝန်ထမ်းဆောင်ခဲ့ပြီး မော်တီယာ ဝန်ကြီးချုပ် ဖြစ်လာလေသည်။ သို့သော် မော်တီယာမှ နိုင်ငံရေးနားမလည်ဘဲ မကြာမီ ဝန်ကြီးချုပ်ရာထူးမှ နုတ်ထွက်လိုက်ရလေသည်။ မာမွန့်သည် ဥရောပတစ်ခွင် ခြေသလုံးအိမ်တိုင်လုပ်၍ လှည့်လည်နေခဲ့၏။ စိတ်ချမ်းသာမှု မရခဲ့ချေ။ မာမွန့်သည် ဗီယာနာမှ အီတလီရောက်လာ၏။ လိုဒီသို့ရောက်လာ၍ မြစ်ကူးတံတားကို အချိန်အတော်ကြာ ရပ်ကြည့်ခဲ့၏။ ချောင်းကမ်းတစ်ဖက်တွင် ခပ်နိမ့်နိမ့်ကမ်းပါးများကို မြက်ပင်ချုံဖုတ်များ ဖုံးလွှမ်းနေပြီဖြစ်သော်လည်း ထိုနေရာကို မာမွန့် ချက်ချင်းမှတ်မိလိုက်၏။ လွန်ခဲ့သည့်နှစ်များက ယင်းကမ်းပါးများ အကွယ်တွင် သူ့တပ်ရင်းကို နေရာယူစေပြီး ဩစတြီးယားအမြောက်တပ်အား မာမွန့်တပ်က တိုက်ခိုက်ခဲ့ခြင်း ဖြစ်လေသည်။ ကတ်စတီလီယွန်တွင် ကုန်းမြင့်ချိုင့်ဝှမ်းနေရာများကို မာမွန့် စိတ်ရှည်လက်ရှည် လိုက်ရှာပြီး သူ့မြင်းဆွဲအမြောက်တပ် ယူထားသည့်နေရာကို ပြန်တွေ့ရလေသည်။ ယင်းနေရာမှ အမြောက်များပစ်ခတ်၍ ဩဂျရီးယိုးစစ်ကို မာမွန့်အမြောက် ပစ်ကူပေးခဲ့ခြင်းဖြစ်လေသည်။ အာကိုလာ၌ ဩစတြီးယားအမြောက်ကျည်ဆန်များ စုပြုံကျလာ၍ ပြင်သစ်ခြေလျင်တပ် နောက်ဆုတ်ခွာကြရစဉ် အမြောက်တပ်ဗိုလ်ချုပ် အီတလီတပ်တော်မှူး နပိုလီယံဘိုနာပတ်အား မြောင်းထဲမှ ဆွဲထုတ်ခဲ့ရသည့်နေရာကိုလည်း မာမွန့် သေချာစွာ မှတ်မိနေ၏။ ရှေးဖြစ်ဟောင်း အောက်မေ့ဖွယ်ရာများ ဆွတ်ပျံ့ဖွယ်ရာများတည်း။ ဂျော်ဒန်က (INVALIDES) ဘုရင်ခံအဖြစ် တာဝန်ထမ်းဆောင်နေစဉ် ၁၈၃၃ ခုနှစ်၌ ကွယ်လွန်ပြီးသူ့နေရာကို စစ်သူကြီးမွန်ဆေးက ဆက်ခံခဲ့၏။

၁၈၃၅ ခုနှစ်တွင် စစ်သူကြီးတစ်ဦး အသေဆိုးဖြင့် သေရပြန်၏။ နောက်ဆုံးအကြိမ် (အဋ္ဌမမြောက်) အသေဆိုးသေရသည့် စစ်သူကြီး ဖြစ်တော့၏။ သုံးဦးက စစ်မြေပြင်၌ ကျဆုံးရပြီး တစ်ဦးက ကိုယ့်ကိုယ်ကို သတ်သေကာ တစ်ဦးကို လူထုက ဝိုင်းစီရင်လိုက်ကြ၍ နှစ်ဦးက သေဒဏ်ကျခံသွားခဲ့ရ၏။ ၁၈၃၅ ခုနှစ် ဇူလိုင်လ ၂၈ ရက်နေ့တွင် အကြမ်းဖက်သမားတစ်ဦးက လူဝီ–ဖိလစ်ဘုရင်အား ဗုံးဖြင့်ပစ်ရာ လူဝီဖိလစ်ဘုရင် ဘာမှမဖြစ်ဘဲ သူ့အနီးအနားတွင်

---

[1] Chancellorship of the Legion of Honour

ခစားနေသော စစ်သူကြီးမော်တီယာ ဗုံးမှန်သေဆုံးခဲ့ရလေသည်။ ဆိုလ်တ်က ထိုအချိန်တွင် ဆိုလ်တ်ဘက်တွင် ရှိနေပြီး ဤသို့ပြောခဲ့လေသည်။ "မနှစ်ကဆိုရင် ဒါ ငါဖြစ်ရမှာပေါ့၊ ခု မော်တီယာ ဒဏ်ခံသွားရတာပေါ့၊ ငါ့အလှည့်လဲ ရောက်လာတော့မှာပါ၊ ခေါသံတွေ ငါကြားနေရပါပြီ" ဆိုလ်တ်သည် မော်တီယာကို ချစ်ခင်လေးစားသူဖြစ်၍ မော်တီယာမှာ လူတိုင်းလိုက လေးစားချစ်ခင်သူတစ်ဦး ဖြစ်လေသည်။ မူလစစ်သူကြီးများအနက် သုံးဦးသာ ကျန်ပါတော့သည်။ ဘာနာဒုတ်၊ ဆိုလ်တ်နှင့် မွန်ဆေးတို့တည်း။ စုဒ္ဒဿမမြောက် ချားစ်ဘုရင်[၁] သည် စတော့ဟုမ်းမြို့တော်၌ အေးချမ်းစွာ နန်းစံနေပြီ။ အခြေခံဥပဒေနှင့်အညီ အုပ်ချုပ်သည့် ဘုရင်တစ်ပါး ဖြစ်နေပေပြီ။ သူနှင့် အမိနိုင်ငံဖြစ်သော ပြင်သစ်နိုင်ငံသည်လည်း ရန်ငြိုးမရှိတော့ပါ။ ၁၈၃၃ ခုနှစ်တွင် ပါရီ၌ တည်ဆောက်နေသော အောင်မြင်ခြင်းအထိမ်းအမှတ် မုခ်ဦးတံခါးကြီး[၂] ပြီးဆုံးသောအခါ ဘာနာဒုတ်အတွက်လည်း နေရာပေးထားပါသည်။ ထို့ပြင် ဗာဆိုင်းတွင်ရှိသည့် စစ်သူကြီးများ ခန်းမကြီး[၃] တွင်လည်း ဘာနာဒုတ် ပုံကြီးချိတ်ပေးထားပါပြီ။ မော်တီယာ ကွယ်လွန်သည့်အခါ စတော့ဟုမ်းမြို့တော်မှ ပေးပို့သည့် ဝမ်းနည်းကြောင်း သဝဏ်လွှာမှာ စုဒ္ဒဿမမြောက် ချားစ်ဘုရင်အနေဖြင့် ပေးပို့ခြင်းမဟုတ်ဘဲ လုပ်ဖော်ကိုင်ဖက်ရဲဘော် စစ်သူကြီး ဘာနာဒုတ်အနေဖြင့် ပေးပို့ခဲ့ခြင်း ဖြစ်လေသည်။

၁၈၃၈ ခုနှစ် ဇွန်လ ၂၈ ရက်နေ့တွင် လန်ဒန်လမ်းမကြီးများ၌ ဗြိတိသျှနိုင်ငံသူ နိုင်ငံသားများသည် ဝတ်ကောင်းစားလှနှင့် ကျိတ်ကျိတ်တိုး စည်ကားနေ၏။ ဗြိတိသျှဘုရင်မကြီး ရာဇဘိသိက်ခံပွဲအတွက် တိုင်းသူပြည်သားများ ဝမ်းမြောက်ဝမ်းသာ နှုတ်ခွန်းဆက် ကြိုဆိုနေကြခြင်းဖြစ်လေသည်။ နိုင်ငံခြားတိုင်းပြည်တစ်ခုမှ ကိုယ်စားလှယ်တစ်ဦး လှည့်လည်လာတိုင်း လန်ဒန်လူအုပ်က ချီးကျူးသြဘာပေးကြ၏။ လူထု အုတ်တော်သောင်းတင်း အချီးကျူးအခံရဆုံးမှာကား ပြင်သစ်ဘုရင် လူဝီဖိလစ်၏ ကိုယ်စားတက်ရောက်လာသော ဒါမေရှားမြို့စား စစ်သူကြီး ဆိုလ်တ် ဖြစ်ပါသတည်း။ ဆိုလ်တ်မှာ ဆံပင်တွေ ဖွေးဖွေးဖြူနေပြီ။ သို့သော် ခံ့ညားလှ၏။ လူဝီဖိလစ်ဘုရင်က ဆိုလ်တ် ဗြိတိသျှဘုရင်မ ဘိသိက်ခံပွဲတွင် စီးနင်းရန် ရထားကို အထူးစီမံတည်ဆောက်ပေး၏။ ငွေရောင်နှင့် ကြယ်ပြာရောင် ရောစပ်ထုလုပ်ထားသော အီတလီလှေလောင်းပုံ မြင်းရထားကြီးဖြစ်လေသည်။ ဘီးများက ငွေရောင်ဖြစ်၍ မီးအိမ်များပေါ်တွင် မြို့စားအမှတ်တံဆိပ်

---

၁။ King Charles XI

၂။ Arc De Triomphe

၃။ Gallery of the Marshals



နပိုလီယံ၏ စစ်သူကြီးဘဝမှ ပြင်သစ်နိုင်ငံတော်၏ စစ်သူကြီးချုပ်အထိ
ဖြစ်လာခဲ့သူ ဆိုလ်တ်

ဦးရစ်များ တပ်ဆင်ထားပြီး ရထားနံဘေး မှန်ကူကွက်များပေါ်တွင် ကျောက်သံပတ္တမြားများ စီခြယ်ထားလေသည်။ ပိုင်ရဲနီးနှင့် ဝါတာလူးတိုက်ပွဲများတွင် ရန်သူတော်ဖြစ်ခဲ့သူ ဆိုလ်တ်ကလည်း စစ်သူကြီးယူနီဖောင်း အပြည့်အစုံနှင့် ခံညားထည်ဝါလှ၏။ စီတန်းလှည့်လည်ပွဲအပြီး ဒါမေရှားမြို့စားကြီး စစ်သူကြီးဆိုလ်တ်အား ဘုရင်မကြီးက လက်ခံတွေ့ဆုံခဲ့လေသည်။ ဘုရင်မကြီးနှင့် တွေ့ဆုံအပြီး အခန်းထဲမှ ထွက်လာရာ သူ့နောက်က ဝယ်လင်တန်မြို့စားကြီးက လိုက်လာပြီး ဆိုလ်တ်ပခုံးကို နောက်မှပုတ်လိုက်ကာ "အား... ခင်ဗျားကို ခုမှမိတော့တယ်"ဟု ရယ်မောပြောဆိုခဲ့လေသည်။

၁၈၄၀ ပြည့်နှစ် ဒီဇင်ဘာလ ၁၅ ရက်နေ့ အိုင်လောတိုက်ပွဲမှာကဲ့သို့ သို့မဟုတ် မော်စကိုမှ ပြန်လည်ဆုတ်ခွာလာစဉ်ကကဲ့သို့ ဆီးနှင်းမုန်တိုင်းများကျနေစဉ် ဧကရာဇ်ဘုရင် နပိုလီယံ၏ အရိုးပြာများ ပြင်သစ်နိုင်ငံသို့ ပြန်လည်ရောက်ရှိလာခဲ့လေသည်။ စစ်သူကြီး ၂၆ ဦးအနက် ဆိုလ်တ်၊ မွန်ဆေး၊ အော်ဒီနော့၊ ဂရောက်ချီ လေးဦးသာ ဧကရာဇ်ဘုရင် အရိုးပြာများကို ပြင်သစ်နိုင်ငံမှ ခရီးဦးကြို ပြုနိုင်ခဲ့လေသည်။ မက်ဒေါနယ်က ၁၈၄၀ ခုနှစ် စောစောပိုင်းမှာပင် ကွယ်လွန်ခဲ့ပြီး ဘာနာဒုတ်က ဆွီဒင်တွင် ရောက်ရှိနေ၏။ ဗစ်တာက ယင်းအခမ်းအနားသို့ မတက်ရောက်တော့ဘဲ မာမွန့်သည် ဥရောပနှင့် အရှေ့အလယ်ပိုင်းတစ်ခွင် ခရီးလှည့်လည်ဆဲဖြစ်၏။ ဆရာဝန်ချုပ် လယ်ရီက အသက် ၇၀ ရှိပြီ။ ဘုရင့်သက်တော်စောင့် ဗိုလ်ချုပ်ကြီး ယူနီဖောင်းဝတ်ဆင်ပြီး လယ်ရီသည် ကော်ဘီဗွိုင်း[၁]မှ ကုန်းကြောင်းလျှောက်၍ သူ့ဆရာ ဧကရာဇ်ဘုရင် အရိုးပြာများကို ဖူးမြော်လက်ခံယူခဲ့လေသည်။ ဗစ်တာက ၁၈၄၁ ခုနှစ်တွင် ကွယ်လွန်ပြီး မွန်ဆေးက နောက်တစ်နှစ်(၁၈၄၂ ခုနှစ်)တွင် ကွယ်လွန်၏။ အော်ဒီနော့က မွန်ဆေးနေရာဖြစ်သော ဘုရင်ခံရာထူးကို ဆက်ခံခဲ့၏။ အော်ဒီနော့သည် ဘွဲ့ထူးကော်မတီတွင်လည်း ဥက္ကဋ္ဌအဖြစ် တာဝန်ထမ်းဆောင်နေလေသည်။ ၁၈၄၄ ခုနှစ် မတ်လ ၈ ရက်နေ့တွင် ဆွီဒင်ဘုရင် စုဒ္ဓသမြောက်ချားစ်(ဘာနာဒုတ်) နတ်ရွာစံပြီး ဆွီဒင်တစ်နိုင်ငံလုံး ဝမ်းနည်းကြေကွဲခဲ့ကြရ၏။ အကြောင်းမှုကား ဘာနာဒုတ် ဆွီဒင်ဘုရင်ဖြစ်သည့်အချိန်မှစ၍ နှစ်ပေါင်း ၃၀ ခန့် အေးအေးလူလူ နေထိုင်ခဲ့ကြရ၍ မြောက်ပိုင်းနိုင်ငံများတွင် ငြိမ်းချမ်းရေးလွှမ်းခြုံခဲ့သောကြောင့်တည်း။

၁၈၄၆ ခုနှစ်တွင် အော်ဒီနော့ရော ဂရောက်ချီပါ ကွယ်လွန်ခဲ့လေသည်။ အော်ဒီနော့သည် နပိုလီယံစစ်ပွဲများ၌ ၃၄ ကြိမ်တိတိ ဒဏ်ရာရခဲ့သော်လည်း အသက် ၈၁ နှစ်အထိ နေသွားခဲ့ရ၏။ ၁၈၄၇ ခုနှစ် (အော်ဒီနော့နှင့် ဂရောက်ချီ

---

၁။ Courbevoie

ကွယ်လွန်သောနှစ်)တွင် ပြင်သစ်ဘုရင် လူဝီဖိလစ်က စစ်သူကြီးဆိုလ်တ်အား စစ်သူကြီးချုပ်[၁] ရာထူးဖြင့် ချီးမြှင့်ခဲ့လေသည်။ ပြင်သစ်သမိုင်းတစ်လျှောက်လုံးတွင် စစ်သူကြီးချုပ်လေးဦးသာ ရှိခဲ့ဖူးလေသည်။ စစ်သူကြီးချုပ် ကြူရိန်း၊ စစ်သူကြီးချုပ် ဗီလား၊ စစ်သူကြီးချုပ် ဆိတ်က်စ်[၂]နှင့် စစ်သူကြီးချုပ် ဆိုလ်တ်တို့ ဖြစ်သည်။ ဒါမေရှားမြို့စား စစ်သူကြီးချုပ် ဆိုလ်တ်မှာ ဒဏ္ဍာရီတစ်ပုဒ် ဖြစ်လာခဲ့ချေပြီ။

ဩစတာလစ်တိုက်ပွဲ၌ ပရက်ဇင်တောင်ကုန်းကို သိမ်းပိုက်ရန် မိနစ် ၂၀ ပဲ လိုပါသည်ဟု နပိုလီယံအား ဆိုလ်တ်က ပြောခဲ့သည်မှာ ၄၅ နှစ်တိုင်ရှိခဲ့ပေပြီ။ ဆိုလ်တ်က မာဆေးနားအား ဂီနိုအာ ထိန်းသိမ်းကာကွယ်ထားရန် ကူညီခဲ့ချိန်က ပုခက်တွင်းကလေးများ ယခု အသက် ၅၀ အရွယ်ရှိနေကြပြီ။ ယခု စစ်သူကြီးချုပ် ဆိုလ်တ်သည် ဆိုလ်တ်ဘဂ်၌သာ အနေများ၏။ သူချစ်မြတ်နိုးသော အနုပညာပစ္စည်းများအလယ်၌သာ အချိန်ကုန်ဆုံးစေ၏။ သူအနှစ်သက်ဆုံးပန်းချီကား နှစ်ချပ်ကို ကန့်လန့်ကာနှစ်ထပ် (ဆတ်ချဲသက္ကလပ်စနှင့် ပိုးအစိမ်းစ) ကာရံထားပြီး စစ်သူကြီးချုပ်ဆိုလ်တ်ကိုယ်တိုင် သို့မဟုတ် လုဗ်ဗားပြတိုက်မှူး ကြည့်လိုမှ ကန့်လန့်ကာဆွဲ၍ ပြသရ၏။ မြူရီလိုရေးဆွဲသည့် မေရီကိုယ်ဝန်ဆောင်ခန်း ပန်းချီကားကြီး[၃]နှင့် ရဖယ်[၄]ရေးဆွဲသည့် ဘုန်းတော်ကြီး အသက်နှစ်ချောင်း ပေး၍ ယူရသော ပန်းချီကားတို့ဖြစ်သည်။ ဘုန်းတော်ကြီးနှစ်ပါးကို စပိန်၌ သေဒဏ်ပေးထားရာ မျိုးချစ်များက ရဖယ်ပန်းချီကားကြီးနှင့် ဘုန်းတော်ကြီး အသက် လဲလှယ်ယူခဲ့ရခြင်းဖြစ်လေသည်။ ဆိုလ်တ်လည်း အထက်မှ ခေါ်သံကို ကြားနေရပါပြီ။ ထို့ကြောင့် သူ့ဇာတိကျေးရွာလေးဖြစ်သည့် အမန်လာဘာစတိုက်[၅] တွင် ဆိုလ်တ်က သင်္ချိုင်းဂူ တည်ဆောက်နေလေပြီ။ သူ့သင်္ချိုင်းဂူတည်း။ ၁၈၅၁ ခုနှစ် နိုဝင်ဘာလ ၂၆ ရက်နေ့ပ စစ်သူကြီးချုပ် ဆိုလ်တ် ကွယ်လွန်အနိစ္စရောက်ခဲ့လေသည်။ အသက် ၈၂ နှစ်တွင် ကွယ်လွန်ခဲ့ခြင်းဖြစ်၏။ သူ့ခေါင်းတလားပေါ်တွင် သူရဲကောင်းဘွဲ့တံဆိပ်များ ဖိတ်ဖိတ်တောက်နေ၏။ ဘွဲ့တံဆိပ်များအနက် ထင်ရှားပေါ်လွင်လှသည်မှာ ဆွီဒင်ဘုရင် ဘာနာဒုတ်ပေးအပ်သည့် သူရဲကောင်းတံဆိပ်နှင့် ဘုရင်ဂျိုးဆက်ပ် ပေးအပ်ခဲ့သည့် စပိန်ဘွဲ့တံဆိပ်တို့တည်း။ စစ်သူကြီးတစ်ဦးသာ ကျန်ပါတော့သည်။ နပိုလီယံ၏ အချစ်တော် ငယ်သူငယ်ချင်း ၁၈၀၄ ခုနှစ်က ဇေရာဖ်ဘုရင်ကို သစ္စာဖောက်ခဲ့သူ ရာဂူဆာမြို့စားကြီး စစ်သူ

---

၁။ Marshal-General

၂။ Turrene, Villars, Saxe

၃။ Comception of the Vergin by Murillo

၄။ Raphael

ကြီး မာမွန့် ဖြစ်လေသည်။ တစ်ဦးတည်း ပျော်ရွှင်ချမ်းမြေ့မှုမရနိုင်ဘဲ သူ့နိုင်ငံက ပေးထားသည့် ပြည်နှင်ဒဏ်ကြောင့် အမိနိုင်ငံကို ပြန်မလာဝံ့သူ မာမွန့်သည် ၁၈၅၂ ခုနှစ်၌ အီတလီနိုင်ငံ ဗဲနစ်မြို့တွင် ကွယ်လွန်ခဲ့လေသည်။ ဒီဂျုံးတွင် အမြောက်တပ် ဗိုလ်လောင်းဖြစ်ခဲ့သည့်မှ ၆၀ နှစ်ကြာခဲ့လေပြီ။ မြူရတ်၊ ဘာသီယာ တို့နှင့်အတူ စစ်သေနာပတိ ဗိုလ်ချုပ်နပိုလီယံ၏ အီတလီတပ်တော်တွင် စတင် အမှုထမ်းဆောင်သည်မှ ၅၆ နှစ်အကြာတွင် မာမွန့် ကွယ်လွန်ခဲ့ရခြင်း ဖြစ်ပါသတည်း။ ။

**သောင်းထိုက်**

၁၉၈၇ ခုနှစ်၊ ဇန်နဝါရီလ ၁၆ ရက်

သောကြာနေ့

၁၇ း ၀၅ နာရီ။